မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းသမိုင်း

အတိုင်း (၄)

တော်လှန်ရေးကောင်စီကာလ
စက်မှုလက်မှုလုပ်ငန်းသမိုင်း

(စာကြည့်တိုက်)
- ဝ၂၃
- ၁၉၄၂

အမှတ် (၁) စက်မှုဝန်ကြီးဌာန



မြန်မာ နိုင်ငံစက်မှုလက်မှုလုပ်ငန်းသမိုင်း

အပိုင်း (၄)

တော်လှန်ရေးကောင်စီကာလ
စက်မှုလက်မှုလုပ်ငန်းသမိုင်း



အမှတ် (၁) စက်မှုဝန်ကြီးဌာန
၁၉၉၁-ခုနှစ် မတ်လ

မာတိကာ

		စာမျက်နှာ
		၅
အမှာစာ		၇
နိဒါန်း		
အခန်း		
၁	၁၉၆၂ ခုနှစ် စက်မှုလက်မှုလုပ်ငန်းများ အခြေအနေ	
	စတလက စက်ရုံများ	၁၁
	အိမ်တွင်း အသေးစား စက်မှုလုပ်ငန်းများ	၃၃
၂	အစိုးရ စက်မှု မူဝါဒနှင့် စီမံကန်းများ	၅၆
	၁၂ သဘောထား ကြေညာချက်	၅၉
	ပုဂ္ဂလိက စက်မှုလုပ်ငန်းများ	၆၀
	ပြည်သူပိုင်ပြုလုပ်ခြင်း	၆၇
	လုပ်ငန်းများ လွှဲပြောင်းယူခြင်း	၈၅
	တိုးချဲ ဖွဲ့စည်းသော အဖွဲ့အစည်းများ	၈၇
	စက်မှုလက်မှုလုပ်ငန်းများ တိုးတက်မှု အခြေအနေ	၁၀၄
၃	စက်ရုံ စီမံကိန်းသစ်များ အကောင်အထည်ဖော်ခြင်း	၁၂၁
	ပြည်သူပိုင် စက်မှုလုပ်ငန်းသစ်များ	၁၂၁
	ဝတ်ကုန်ထုတ်လုပ်ရေး	၁၂၅
	ဘားကုန်ထုတ်လုပ်ရေး	၁၃၆
	သုံးကုန်ထုတ်လုပ်ရေး	၁၅၄
	စက်ပစ္စည်းထုတ်လုပ်ရေး	၂၁၆

မာတိကာ

		စာမျက်နှာ
၄	စက်မှုမပုံပိုးကဏ္ဍကြီးများ	၂၂၃
	လျပ်စစ်မောင်းအားပေးရေးအဖွဲ့	၂၂၃
	ဓာတ်သတ္တုရှာလွေ့ထုတ်လုပ်ရေး ကော်ပိုရေးရှင်း	၂၃၀
	လက်တွေ့ သုတေသနလုပ်ငန်း	၂၄၁
	မြန်မာ့ ရေနံလုပ်ငန်း ကော်ပိုရေးရှင်း	၂၄၉
	လျပ်စစ်နှင့် ဘိုင်လာစစ်ဆေးရေး	၂၅၈
သုံးသပ်ချက်		၂၆၇
နောက်ဆက်တွဲ		၂၇၃
	၁။ အမိန့်ကြော်ငြာစာအမှတ် ၁၁၅ နေ့စွဲ၊ ၁၆-၁၂-၆၈	၂၇၃
	၂။ အမိန့်ကြော်ငြာစာ အမှတ် ၁/၇၂ နေ့စွဲ၊ ၁-၁-၇၂	၂၉၁
ကျမ်းကိုးစာရင်း		၃၀၁



အမှာစာ

မြန်မာနိုင်ငံတော်၏ စက်မှုလက်မှု လုပ်ငန်းသမိုင်းကြောင်းမှာ မှတ်တမ်း [illegible] ရေးထိုးထားမှုများ မရှိခဲ့ခြင်းကြောင့် မှေးမှိန်ပိုးဝါးရှိနေခဲ့ပါသည်။ မြန်မာနိုင်ငံတော်တွင် စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ပေါ်မှု အစဉ်ကို မော်ကွန်းတင်ရေး လုပ်ငန်းစဉ်မှာလည်း ၁၉၇၆ ခုနှစ် ဩဂုတ်လမှသာ ဗိုလ်မှူးချုပ် တင့်ဆွေ(အငြိမ်းစား)၏ လမ်းညွှန်မှုဖြင့် စတင်နိုင်ခဲ့ပါသည်။ ၁၉၇၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် မြန်မာနိုင်ငံတော်၏ သမိုင်းသည်ပင်လျှင် တစ်ခန်းရပ်လျက် တစ်ခေတ်ပြောင်းကာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ပေါ်ပေါက်လာခဲ့ရပေသည်။ ထိုအချိန်မှစတင်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ အမှတ် (၁) နှင့် အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး တာဝန်ကို ထမ်းရွက်ရန် တာဝန်ပေးအပ်ခြင်း ခံရသူ ဒုတိယ ဗိုလ်ချုပ်ကြီး စိန်အောင်က မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းသမိုင်း ရေးသားပြုစုရေးကို ဦးဆောင်လမ်းညွှန်မှု ချမှတ်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံ၏ စက်မှုလက်မှုလုပ်ငန်းတိုးတက်ဖြစ်ပေါ်မှုအစဉ်သည် ရှေးမြန်မာမင်းများလက်ထက်ကပင် စတင်ခဲ့ပါသည်။ ထိုမှတစ်ဆင့် နိုင်ငံတော်၏ အခြေအနေ အကောင်းအဆိုး အကြောင်းအကျိုးပေါ်တွင် မူတည်လျက် ခေတ်ကာလ အမျိုးမျိုးကို ဖြတ်သန်းဖြစ်ပေါ်ခဲ့ပါသည်။ ဤသို့ဖြစ်ခြင်းကြောင့်လည်း အောက်ပါအတိုင်း အကန့်အပိုင်း ခွဲခြားရှုမြင် အပ်ပါသည်။

၁။ မြန်မာမင်းများလက်ထက် စက်မှုလက်မှု လုပ်ငန်းသမိုင်း
၂။ ကိုလိုနီခေတ် စက်မှုလက်မှု လုပ်ငန်းသမိုင်း
၃။ ပြန်လည်ထူထောင်ရေးခေတ် စက်မှုလက်မှု လုပ်ငန်းသမိုင်း
၄။ တော်လှန်ရေးကောင်စီကာလ စက်မှုလက်မှု လုပ်ငန်းသမိုင်း
၅။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် စက်မှုလက်မှုလုပ်ငန်းသမိုင်း
၆။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ တက်ထွေက်ပြီးနောက် စက်မှုလုပ်ငန်းများ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းသမိုင်း



အမှာစာ

မြန်မာနိုင်ငံစက်မှုလက်မှု လုပ်ငန်းသမိုင်းကို မူလက စတုတ္ထလေးနှစ်စီမံကိန်းကာလ ကုန်ဆုံးသည်အထိအပိုင်း(၅)ပိုင်းသာရေးသားရန်ရည်ရွယ်ခဲ့သော်လည်းနိုင်ငံတော်အတွင်း ၁၉၇၈ စုနှစ်က ဖြစ်ပေါ် လာခဲ့သည့် နိုင်ငံရေးပြောင်းလဲမှု အခြေအနေများကြောင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏ ပဉ္စမ လေးနှစ် စီမံကိန်းကာလ စက်မှုလုပ်ငန်းများနှင့် စပ်လျဉ်းသည့် အခြေအနေကိုပါ သမိုင်းကြောင်းတစ်ရပ် အနေဖြင့် မလွဲမသွေ ထပ်မံ ရေးသားရပေမည်။ သို့ပါ၍ ယင်းကာလ၏ စက်မှုလက်မှု အပိုင်းကဏ္ဍကို မြန်မာနိုင်ငံ စက်မှုလက်မှု လုပ်ငန်းသမိုင်း အပိုင်း (၆) အဖြစ်ဖြင့် ဆက်လက်ရေးသားရန် ရည်ရွယ်ပါသည်။

ထို့ပြင် နိုင်ငံဆော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က နိုင်ငံတော်၏အာဏာကို လွှဲပြောင်းတာဝန်ယူခဲ့ပြီး နောက်ပိုင်းတွင် အမှတ် (၁)နှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး စိန်အောင်၏ ထပ်မံညွှန်ကြားချက်အရ နိုင်ငံတော်၏ စီးပွားရေးစနစ် ပြောင်းလဲမှုများအပေါ် အခြေခံသည့် စက်မှုလက်မှုဆိုင်ရာ မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စက်မှုလက်မှု လုပ်ငန်းများ၏ အခြေအနေများကိုပါ ကဏ္ဍတစ်ရပ်အဖြစ် သီးခြားဆက်လက် ရေးသားပြုစုသွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏စက်မှုလက်မှု လုပ်ငန်းသမိုင်း ရေးသားပြုစုရာတွင်လိုအပ်သောအချက်အလက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အကူအညီဖြင့် လည်းကောင်း၊ အမျိုးသားမှတ်တမ်းများ၊ မော်ကွန်းတိုက်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ အမျိုးသားစာကြည့်တိုက်တို့၏ အကူအညီဖြင့်လည်းကောင်း စုဆောင်းရရှိပါသည်။

ထိုသို့ ဝိုင်းဝန်းကူညီမှုများဖြင့် ပြုစုရေးသားရာတွင် အကြံပေး ပုဂ္ဂိုလ်အဖြစ် သမိုင်းစဉ် အစမှအဆုံးတိုင်ကြီးကြပ်စီမံလျက် တည်းဖြတ်ပေးသော အငြိမ်းစားအကြီးတန်းသုတေသနမှူး ဒေါ်ကြန်အားလည်းကောင်း၊ စက်မှုလက်မှုသမိုင်း ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီကြသည့် ဝန်ကြီးဌာနများ၊ စာကြည့်တိုက်များ၊ တာဝန်ရှိ ပုဂ္ဂိုလ်များအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပါသည်။

နိဒါန်း

လူ့ဘဝ တစ်သက်တာတွင် စားဝတ်နေရေးသည် အကြီးဆုံးသော ပြဿနာဖြစ်ပေသည်။ ထို့ကြောင့် ဖွံ့ဖြိုးဆဲ နိုင်ငံများသာမက ခေတ်မီ တိုးတက်ဖွံ့ဖြိုးပြီးသော နိုင်ငံကြီးများသည်လည်း ပြည်သူတို့၏ စားဝတ်နေရေး ပြဿနာ အရပ်ရပ်ကို နေ့စဉ် ရင်ဆိုင်ဖြေရှင်းနေကြရသည်။ မြန်မာနိုင်ငံ အပါအဝင် ဖွံ့ဖြိုးဆဲ နိုင်ငံငယ်များတွင် ပြဿနာမှာ ပိုမိုထူထပ်ကြီးမားသည်။ အားသွန်ခွန်စိုက် ရုန်းကန်ကြိုးပမ်းကြရာ၌ အတိမ်းအစောင်း အချွတ်အလွဲ အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ကြရသည်။

မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အချာ အာဏာပိုင်ဘဝကို ရသည့်နေ့မှစ၍ နိုင်ငံတော်လွတ်လပ်မှုအခွန့်ရှည်ရေး၊ ခေတ်မီတိုးတက်၍ ပြည်သူတို့၏စားဝတ်နေရေးပြဿနာ အရပ်ရပ် ပြေလည်ရေးတို့အတွက် တတ်အားသရွေ့ ကြိုးပမ်းဆောင်ရွက်ခဲ့သည်၊ သို့သော် မျှော်မှန်းသော ပန်းတိုင်သို့ မရောက်ဘဲ မလိုလားအပ်သော နိုင်ငံရေး အန္တရာယ်၊ စီးပွားရေး လူမှုရေး အန္တရာယ်များနှင့်သာ ဝမ်းနည်းဖွယ်ရာ ကြုံတွေ့ရသည်။ ထိုအခြေအနေအရပ်ရပ်ကို အချိန်မီ ထိန်းသိမ်းရန် ဗိုလ်ချုပ်ကြီး နေဝင်း ဦးဆောင်သော တော်လှန်ရေးကောင်စီသည် ၁၉၆၂ ခု မတ်လ ၂ ရက်နေ့တွင် နိုင်ငံတော်၏အာဏာကို ဝင်ရောက်သိမ်းယူခဲ့သည်။ ဤတွင် နိုင်ငံတော်၏ သမိုင်းပေးတာဝန် အရပ်ရပ်သည် တော်လှန်ရေး ကောင်စီအစိုးရ၏ ပခုံးပေါ် သို့ ကျရောက်သွားလေသည်။

မြန်မာနိုင်ငံ စက်မှုလက်မှု လုပ်ငန်းသမိုင်း အပိုင်း (၄) သည် တော်လှန်ရေးကောင်စီ ကာလ စက်မှုလက်မှု လုပ်ငန်းများ၏ အကြောင်းဖြစ်သည်။ ၁၉၆၂ ခု မှ ၁၉၇၂ ခုအထိ ဆယ်နှစ်တာကာလအတွင်း နိုင်ငံတော် လွတ်လပ်ရေး အခွန့်ရှည်ရေး၊ ခေတ်မီတိုးတက်ရေး၊ ပြည်သူတို့ စားဝတ်နေရေး ပြေလည်ရေးတို့ကို ဦးလည်မသုန်အားကြိုးမာန်တက် ဆောင်ရွက်ချက်များမှ စက်မှုလက်မှုကဏ္ဍကို ထုတ်နုတ် ဖော်ပြထားခြင်း ဖြစ်သည်။ တော်လှန်ရေး ကောင်စီသည် ယင်း ၁၀ နှစ်တာ ကာလအတွင်း အချင်းချင် စီးပွားရေးစနစ်သို့ ဦးလည်နေသော

နိုင်ငံ၏ စီးပွားရေးစနစ်ကို ဆိုရှယ်လစ် စီးပွားရေးစနစ်ဘက်သို့ ဦးတည် တည်မြဲတည်ပေးခြင်းဖြင့် လုပ်သားပြည်သူတို့၏ စားဝတ်နေရေး ပြေလည်ရေးကို ကြိုးပမ်းသည်။ စီးပွားရေးမတိုင်ကို ထူထောင်ရာ၌လည်း လယ်ယာကို အခြေခံသော စက်မှုလက်မှု လုပ်ငန်းများဖြင့် စက်မှု စီးပွားရေးသို့ ချီတက်သည်။

ထိုသို့ ချီတက်ခဲ့ရာ၌ အရေးကြီးသော စီးပွားရေးလုပ်ငန်းများသည် ပြည်သူပိုင်ဖြစ်ရမည် ဟူသော မူဝါဒကိုချမှတ်၍ ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းကြီးများနှင့် ဘဏ်လုပ်ငန်းများကို ပြည်သူပိုင် ပြုလုပ်သည်။ သို့သော် ပုဂ္ဂလိက လုပ်ငန်းကို အပြီးတိုင် ရပ်ဆိုင်း ပိတ်ပင်လိုက်သည်ကား မဟုတ်ချေ။

ထို့ပြင် လုပ်သားပြည်သူတို့ စားဝတ်နေရေး ပြေလည်မှု၊ ပြည်ပသွင်းကုန်များကိုပြည်တွင်း၌အစားထိုး ထုတ်လုပ်နိုင်မှုတို့ကို ရှေးရှု၍ စားဝတ်နေရေး ဆိုင်ရာထုတ်လုပ်မှုအတွက် စက်ရုံစီမံကိန်းသစ်များရေးဆွဲကာ အကောင်အထည်ဖော်သည်။ စီးပွားရေးကဏ္ဍအသီးသီး၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်စိုက်ထူသည်။ အထူးသဖြင့် စက်မှုကဏ္ဍကို ဦးစားပေး၍ ဆောင်ရွက်သည်။ စီးပွားရေး တိုးတက်မှု တည်ငြိမ်မှုကို စက်မှုကဏ္ဍက ပံ့မိုစွမ်းဆောင်နိုင်သည်ဟု ခံယူသော ကြောင့်ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံ စက်မှုလက်မှု လုပ်ငန်းများသည် လယ်ယာထွက် ကုန်ကြမ်းပစ္စည်းများပေါ် တွင် မူတည်နေသဖြင့် လယ်ယာကဏ္ဍ ခေတ်မီ တိုးတက်ရေးကိုလည်း လျစ်လျူရှုခြင်းမရှိချေ။ တိုးတက်လာသောလူဦးရေအတွက် ပြည်တွင်းစားသုံးမှုဖူလုံစေရန်နှင့် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန် အဓိက စားသုံးသီးနှံများ အထွက်တိုးရေး အဆင့်အတန်း မြှင့်ရေးတို့ကို အထောက်အကူပြုမည့် လယ်ယာသုံးစက်များ၊ ရေစုပ်စက်များ၊ ဓာတ်မြေဩဇာ များ၊ပိုးသတ်ဆေးများ ထုတ်လုပ်ပေးခြင်းဖြင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်း ရန်လည်း ကြိုးပမ်း ဆောင်ရွက်သည်။

တော်လှန်ရေး ကောင်စီကာလအတွင်း စက်မှုလက်မှု လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးကို ကြိုးပမ်းရာ၌ အောင်မြင်သည် ရှိသကဲ့သို့ မအောင်မြင်မှုများလည်း ရှိသည်။ စက်မှုကုန်ထုတ် တိုးတက်သကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် ကျဆင်းသည့် နှစ်များလည်း ရှိခဲ့သည်။ အရေးကြီးသော စက်ရုံများ တိုးချဲ့ခြင်း၊ စက်ရုံသစ်များ တည်ဆောက်ခြင်းများတွင်လည်း ပြည်ပငွေကြေးနှင့် အတတ်ပညာရှင် ကျွမ်းကျင်သူများ အကူအညီကို အားထားရယူခဲ့ရသဖြင့် အဆင်မပြေမှု၊ နစ်နာမှုများလည်း ကြုံတွေ့ရသည်။

အခန်း ၁

၁၉၆၂ ခုနှစ် စက်မှုလက်မှု လုပ်ငန်းများ အခြေအနေ

စတလက စက်ရုံများ

တော်လှန်ရေးကောင်စီသည် သမိုင်းပေး တာဝန်အရ ၁၉၆၂ ခု မတ်လ ၂ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံ၏ အခြေအနေ အရပ်ရပ်ကို ထိန်းသိမ်းခဲ့ရသည်။ ထိုအချိန်က နိုင်ငံထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ လုပ်ဆောင်ချက်များသည် မျော်မှန်းသည့် ပန်းတိုင်သို့ မရောက်ဘဲ နှောင့်နှေးနေသည်။ အံချော်နေသည်။ အရှုံးနှင့် ရင်ဆိုင်နေသည်။ ထိုအားနည်းချက်များ၊ ပျော့ကွက် ဟာကွက်များကို စိစစ်၍ ပြုပြင်တည့်မတ်သွားရန် လုပ်ငန်းသည် တော်လှန်ရေးကောင်စီအစိုးရ၏ တာဝန်ကြီးတစ်ရပ် ဖြစ်လာသည်။

ယခင်ကဖော်ဆောင်ခဲ့သော ပြည်တော်သာစီမံကိန်းမအောင်မြင်ပုံကို ဗိုလ်ချုပ်ကြီး နေဝင်း၏ အိမ်စောင့်အစိုးရလက်ထက်တွင်ပြန်လည်စီစစ်ကြည့်သောအခါမျက်ဝါးထင်ထင် မြင်တွေ့ကြရသည်။ ထို့ကြောင့် ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ကျင်းပသော ရွေး ကောက်ပွဲအပြီးတွင် တက်လာသော ဝန်ကြီးချုပ် ဦးနု ခေါင်းဆောင်သည့် ပြည်ထောင်စု အစိုးရအဖွဲ့သည် ၁၉၆၁ ခု ဩဂုတ်လတွင် ဒုတိယလေးနှစ် စီမံကိန်း တစ်ရပ်ကို ချမှတ် ပြန်သည်။

ဒုတိယလေးနှစ် စီမံကိန်း၏ စီမံကိန်း ကာလသည် ၁၉၆၁-၆၂ ခုမှ ၁၉၆၄-၆၅ ခုနှစ် အထိဖြစ်၏။ စီမံကိန်းကာလ ပြီးဆုံးချိန် ၁၉၆၄-၆၅ ခုနှစ်တွင် အမျိုးသား ဝင်ငွေသည် ကျပ် ၆၂၈၄ သန်းမှ ကျပ် ၂၁၉၇၈၀ သန်းသို့ တိုးမြင့်လာရန် အဓိက ရည်မှန်းထားသည်။

၁။ ဒုတိယလေးနှစ်စီမံကိန်းကို အပိုင်း ၃ တွင် အသေးစိတ်ဖော်ပြပြီးဖြစ်သည်

စက်မှုလက်မှုကဏ္ဍမှ ပြည်တွင်း စားသုံးကုန် ပစ္စည်းများ တိုးတက် ထုတ်လုပ်ရန်၊ လယ်ယာ စိုက်ပျိုးရေးနှင့် စက်မှုလက်မှုကဏ္ဍများတွင် ပူးပြင် ပြောင်းလဲခြင်းဖြင့် နိုင်ငံစီးပွားရေး တိုးတက်မှုကို ရယူရန်၊ ဖွံ့ဖြိုးမှု နောက်ကျနေသေးသော ပြည်နယ်များ၊ ဒေသများတွင် ဖြစ်နိုင်သမျှ စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ရန်လည်း ချမှတ်ထားသည်။

ပြည်ထောင်စု အစိုးရသည် ဒုတိယလေးနှစ် စီမံကိန်းကို တစ်နှစ်မျှသာ အကောင်အထည် ဖော်နိုင်ခဲ့သည်။ စီမံကိန်း၏ ရည်မှန်းချက် ပန်းတိုင်သို့ ဆောက်ရွက်ရေးနှင့် စက်မှုလက်မှုကဏ္ဍတွင် တိုးချဲ့လုပ်ကိုင်ရန် စီစဉ်ချက်များနှင့် အကောင်အထည်ဖော်ရေးတို့သည် ၁၉၆၂ ခုနှစ်တွင် တက်လာသော တော်လှန်ရေးကောင်စီအစိုးရ၏ တာဝန်ဖြစ်လာလေသည်။

တော်လှန်ရေးကောင်စီ - အစိုးရ တက်လာချိန်က မြန်မာနိုင်ငံ၏ စက်မှုလက်မှုလုပ်ငန်း ကြီးငယ်များသည် ပြည်သူပိုင်အဖြစ်လည်းကောင်း၊ ပုဂ္ဂလိကပိုင်လုပ်ငန်းများ အဖြစ်လည်းကောင်း လည်ပတ်ထုတ်လုပ်လျက်ရှိကြသည်။ ပြည်သူပိုင် စက်မှုလက်မှုလုပ်ငန်းအများစုသည် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း (စတလက) လက်အောက်တွင်ရှိသည်။ ဂူနှင့်သွယ်မှုနှင့် စက်မှုလုပ်ငန်းပေါင်း ၃၇ ခုမှာ မြန်မာနိုင်ငံစီးပွားရေးတိုးတက်မှုကော်ပိုရေးရှင်း (ဘီအီးဒီစီ) လက်အောက်တွင်ရှိသည်။

ထိုစဉ်က ပြည်သူပိုင် စက်မှုလုပ်ငန်းများတို့ ကြီးကြပ်ကွပ်ကဲရသော စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း၏ အက်ဥပဒေကို ၁၉၆၂ ခု ဩဂုတ်လ ၁၃ ရက်နေ့တွင် ပြင်ဆင်၍ ဒါရိုက်တာ ဘုတ်အဖွဲ့ကို ပြင်ဆင် ဖွဲ့စည်းသည်။ ၁၉၆၂ ခုနှစ် စတလက အက်ဥပဒေအရ ဖွဲ့စည်းခဲ့သော ဒါရိုက်တာအဖွဲ့သစ်၏ ပထမအကြိမ် အစည်းအဝေးမှ စက်ရုံလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နိုင်ရန် စက်ရုံလုပ်ငန်း တစ်ခုချင်းအလိုက် အုပ်ချုပ်ရေး အဖွဲ့များ ဖွဲ့စည်းပေးသည်။ ယင်းအုပ်ချုပ်ရေးအဖွဲ့ အသီးသီးတွင် ကြီးကြပ်ရန် စတလက ဒါရိုက်တာ အဖွဲ့ဝင် တစ်ဦးဦးအား ရွေးချယ်ပြီး ကြီးကြပ်ရေးမှူးအဖြစ် ခန့်ထားသည်။ ပြည်နယ်နှင့် တိုင်းများရှိ စတလက စက်ရုံလုပ်ငန်းများအတွက် ကြီးကြပ်ရေးမှူးများကိုမူ နယ်ရှိ တပ်မတော်မှ တပ်မှူးများ၊ ပြည်နယ် ဦးစီးအဖွဲ့ဝင်များ၊ တိုင်းမင်းကြီးများမှ သင့်လျော်သလို ခန့်ချယ်ခန့်ထားသည်။ ၎င်းကြီးကြပ်ရေးမှူးများအား အစိုးရနှင့် စတလက ဒါရိုက်တာ အဖွဲ့၏ အထွေထွေ ပေါ်လစီ ချမှတ်ညွှန်ကြားနိုင်ရန်အတွက် စတလက ဒါရိုက်တာအဖွဲ့ဝင် ဖြစ်သည့် ကာကွယ်ရေး ဌာနမှ အမြဲတမ်းအတွင်းဝန်အား ကြီးကြပ်ရေးမှူးချုပ်အဖြစ် ခန့်ထားသည်။

ထိုသို့ တော်လှန်ရေးကောင်စီ လက်ထက် ဆယ်နှစ်တာကာလအတွင်း စက်မှုလုပ်ငန်းများ တိုးခဲ့ တည်ထောင်ပုံများ၊ ပြည်သူတို့၏ စားဝတ်နေရေး ပြေလည်မှုအတွက် ထုတ်လုပ်စွမ်း ဆောင်နိုင်မှုအခြေအနေများ၊ ရင်ဆိုင်ရသောအခက်အခဲများ၊ အားနည်းချက် အားသာချက် များကို လက်လှမ်းမီသမျှ မူရင်းအထောက်အထားများ၊ အစိုးရဌာနဆိုင်ရာ အစီရင်ခံစာများ၊ မှတ်တမ်း မှတ်ရုပ်များ၊ စာအုပ်စာတမ်းများကို ကိုးကား၍ ပြုစုတင်ပြပါသည်။

အခန်း ၁

၁၉၆၂ ခုနှစ် စက်မှုလွှက်မှ လုပ်ငန်းများ အခြေအနေ

စတလက စက်ရုံများ

တော်လှန်ရေးကောင်စီသည် သမိုင်းပေး တာဝန်အရ ၁၉၆၂ ခု မတ်လ ၂ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံ၏ အခြေအနေ အရပ်ရပ်ကို ထိန်းသိမ်းခဲ့ရသည်။ ထိုအချိန်က နိုင်ငံထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ လုပ်ဆောင်ချက်များသည် မျှော်မှန်းသည့် ပန်းတိုင်သို့ မရောက်ဘဲ နှောင့်နှေးနေသည်။ အံချော်နေသည်။ အရှုံးနှင့် ရင်ဆိုင်နေသည်။ ထိုအားနည်းချက်များ၊ ပျော့ကွက် ဟာကွက်များကို စိစစ်၍ ပြုပြင်တည့်မတ်သွားရန် လုပ်ငန်းသည် တော်လှန်ရေးကောင်စီအစိုးရ၏ တာဝန်ကြီးတစ်ရပ် ဖြစ်လာသည်။

ပြည်တော်သာ စီမံကိန်း မအောင်မြင်ပုံကို ဗိုလ်ချုပ်ကြီး နေဝင်း၏ အိမ်စောင့် အစိုးရ လက်ထက်တွင် မျက်ဝါးထင်ထင် မြင်တွေ့ကြသည်။ ထို့ကြောင့် ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ကျင်းပသော ရွေးကောက်ပွဲအပြီးတွင် တက်လာသော ဝန်ကြီးချုပ် ဦးနု ခေါင်းဆောင်သည့် ပြည်ထောင်စု အစိုးရအဖွဲ့သည် ၁၉၆၁ ခု ဩဂုတ်လတွင် ဒုတိယလေးနှစ် စီမံကိန်း[၁] တစ်ရပ်ကို ချမှတ်ပြန်သည်။

ဒုတိယလေးနှစ် စီမံကိန်း၏ စီမံကိန်း ကာလသည် ၁၉၆၁-၆၂ ခုမှ ၁၉၆၄-၆၅ ခုနှစ် အထိဖြစ်၏။ စီမံကိန်းကာလ ပြီးဆုံးချိန် ၁၉၆၄-၆၅ ခုနှစ်တွင် အမျိုးသား ဝင်ငွေသည် ကျပ် ၆၂၀၄ သန်းမှ ကျပ် ၂၁၉၇၀ သန်းသို့ တိုးမြင့်လာရန် အဓိက ရည်မှန်းထားသည်။

၁။ ဒုတိယလေးနှစ်စီမံကိန်းကို အပိုင်း ၃ တွင် အသေးစိတ်ဖော်ပြပြီးဖြစ်သည်

စက်မှုလက်မှုကဏ္ဍမှ ပြည်တွင်း စားသုံးကုန် ပစ္စည်းများ တိုးတက် ထုတ်လုပ်ရန်၊ လယ်ယာ စိုက်ပျိုးရေးနှင့် စက်မှုလက်မှုကဏ္ဍများတွင် ပြိုပြင် ပြောင်းလဲခြင်းဖြင့် နိုင်ငံစီးပွားရေး တိုးတက်မှုကို ရယူရန်၊ ဖွံ့ဖြိုးမှု နောက်ကျခဲ့သေးသော ပြည်နယ်များ၊ ဒေသများတွင် ဖြစ်နိုင်သမျှ စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ရန်လည်း ချမှတ်တားသည်။

ပြည်ထောင်စု အစိုးရသည် ဒုတိယလေးနှစ် စီမံကိန်းကို တစ်နှစ်မျှသာ အကောင်အထည် ဖော်နိုင်ခဲ့သည်။ စီမံကိန်း၏ ရည်မှန်းချက် ပန်းတိုင်သို့ ဆောက်ရွက်ရေးနှင့် စက်မှုလက်မှုကဏ္ဍတွင် ထိုးခွဲလုပ်ကိုင်ရန် စီစဉ်ချက်များနှင့် အကောင်အထည်ဖော်ရေးတို့သည် ၁၉၆၂ ခုနှစ်တွင် တက်လာသော တော်လှန်ရေးကောင်စီအစိုးရ၏ တာဝန်ဖြစ်လာလေသည်။

တော်လှန်ရေးကောင်စီ အစိုးရ တက်လာချိန်က မြန်မာနိုင်ငံ၏ စက်မှုလက်မှုလုပ်ငန်း ကြီးငယ်များသည် ပြည်သူပိုင်အဖြစ်လည်းကောင်း၊ ပုဂ္ဂလိကပိုင်လုပ်ငန်းများ အဖြစ်လည်းကောင်း လည်ပတ်ထုတ်လုပ်လျက်ရှိကြသည်။ ပြည်သူပိုင် စက်မှုလက်မှုလုပ်ငန်းအများစုသည် စက်မှုလက်မှ တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း (စတလက) လက်အောက်တွင်ရှိသည်။ ကုန်သယ်မှုနှင့် စက်မှုလုပ်ငန်းပေါင်း ၃၇ ခုမှာ မြန်မာနိုင်ငံစီးပွားရေးတိုးတက်မှုကော်ပိုရေးရှင်း (ဘီအိုးဒီစီ) လက်အောက်တွင်ရှိသည်။

ထိုစဉ်က ပြည်သူပိုင် စက်မှုလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရသော စက်မှုလက်မှ တိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း၏ အက်ဥပဒေကို ၁၉၆၂ ခု ဩဂုတ်လ ၁၃ ရက်နေ့တွင် ပြင်ဆင်၍ ဒါရိုက်တာ ဘုတ်အဖွဲ့ကို ပြင်ဆင် ဖွဲ့စည်းသည်။ ၁၉၆၂ ခုနှစ် စတလက အက်ဥပဒေအရ ဖွဲ့စည်းခဲ့သော ဒါရိုက်တာအဖွဲ့သစ်၏ ပထမအကြိမ် အစည်းအဝေးမှ စက်ရုံလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နိုင်ရန် စက်ရုံလုပ်ငန်း တစ်ခုချင်းအလိုက် အုပ်ချုပ်ရေး အဖွဲ့များ ဖွဲ့စည်းပေးသည်။ ယင်းအုပ်ချုပ်ရေးအဖွဲ့ အသီးသီးတွင် ကြီးကြပ်ရန် စတလက ဒါရိုက်တာ အဖွဲ့ဝင် တစ်ဦးဦးအား ရွေးချယ်ပြီး ကြီးကြပ်ရေးမှူးအဖြစ် ခန့်ထားသည်။ ပြည်နယ်နှင့် တိုင်းများရှိ စတလက စက်ရုံလုပ်ငန်းများအတွက် ကြီးကြပ်ရေးမှူးများကိုမူ နယ်ရှိ တပ်မတော်မှ တပ်မှူးများ၊ ပြည်နယ် ဦးစီးအဖွဲ့ဝင်များ၊ တိုင်းမင်းကြီးများမှ သင့်လျော်သလို ရွေးချယ်ခန့်ထားသည်။ ၎င်းကြီးကြပ်ရေးမှူးများအား အစိုးရနှင့် စတလက ဒါရိုက်တာအဖွဲ့၏ အထွေထွေ ပေါ်လစီ ချမှတ်ညွှန်ကြားနိုင်ရန်အတွက် စတလက ဒါရိုက်တာအဖွဲ့ဝင် ဖြစ်သည့် ကာကွယ်ရေး ဌာနမှ အမြဲတမ်းအတွင်းဝန်အား ကြီးကြပ်ရေးမှူးချုပ်အဖြစ် ခန့်ထားသည်။

စက်ရုံများအတွက် ကုန်ကြမ်းနှင့် စက်အရန်ပစ္စည်းများ ဝယ်ယူရေးအတွက် စတလက ရုံးချုပ်၌ ပစ္စည်းဝယ်ယူရေး ကော်မတီဖွဲ့၍ ဆောင်ရွက်သည်။ စက်ရုံများ ပြုပြင်ထိန်းသိမ်းရေး ဆိုင်ရာ မြို့ပြ အင်ဂျင်နီယာလုပ်ငန်းအတွက် စတလက ရုံးချုပ်တွင် အဆောက်အအုံကော်မတီ တစ်ခုဖွဲ့ထားသည်။ စက်ရုံ အုပ်ချုပ်ရေး အဖွဲ့များ၏ ငွေကြေးသုံးစွဲနိုင်ခွင့် အာဏာ၊ ရာထူးခန့်ထားနိုင်ခွင့်အာဏာများကို ပြန်လည်ရုပ်သိမ်းပြီး စက်ရုံလုပ်ငန်း အသီးသီးတွင် အမှုဆောင် အရာရှိချုပ်များ ခန့်ရန် ဗဟိုမှ ချုပ်ကိုင်သော စနစ်ကို ကျင့်သုံးသည်။ ဗဟိုမှ ချုပ်ကိုင်သည့် အတိုင်းအတာကို ၁၉၆၂ ခုနှစ် ဩဂုတ်လတွင် စတလက အက်ဥပဒေကို ပြင်ဆင်ပြီးသည့် နောက်ပိုင်းတွင် လျော့လိုက်သည်။

တော်လှန်ရေးအစိုးရတက်ပြီး နောက် ၂ နှစ်အတွင်း ပြည်သူပိုင် စက်မှုလက်မှုကဏ္ဍ အတွင်း လျင်မြန်သော တိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်။ စက်မှုလက်မှု တိုးချဲ့ လုပ်ကိုင်ရေး ကော်ပိုရေးရှင်း၏ လက်အောက်တွင် ၁၉၆၂ ခုနှစ် မတိုင်မီက ပြည်သူပိုင်စက်ရုံ ၁၃ ရုံသာ ရှိရာမှ ၁၉၆၃ ခုနှစ်အကုန်တွင် ပြည်သူပိုင် စက်ရုံ ၁၅ ရုံသို့ တိုးတက်လာသည်။ ပြည်သူပိုင်သိမ်းပြီးဖြစ်သော စီးကရက် စက်ရုံများကို သီးခြား အဖွဲ့တစ်ဖွဲ့က ယာယီအုပ်ချုပ် လျက်ရှိသော်လည်း အမှန်မှာ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းကပင် အပေါ်မှ ကြီးကြပ်ပေးခဲ့သည်။

၁၉၆၃ ခုနှစ်အတွင်း စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း လက်အောက်တွင် အောက်ပါ စက်ရုံ ၁၅ ရုံ ရှိသည်။

၁။ ချည်မျှင်နှင့် အထည်စက်များ (သမိုင်း)
၂။ ဂုန်နီစက်ရုံ (အုတ်ကျင်း)
၃။ ဗမာ့ပိုးချည်မျှင်လုပ်ငန်း (မေမြို့)
၄။ ဆေးဂမ်းပတ်တီးနှင့် အထည်စက် (သမိုင်း)
(ပြည်သူ့အထည်စက်ရုံ အမှတ်-၄)
၅။ ပျဉ်းမနားသကြားစက်
၆။ ဇေယျဝတီသကြားစက်
၇။ နမ္မတီးသကြားစက်

၈။ ဆားမှော်သကြားစက်

၉။ သံမဏိစက်ရုံ(ရွာမ)

၁၀။ ပြည်သူ့စက်ပစ္စည်းစက်ရုံ အမှတ်(၁)

၁၁။ ပြည်သူ့စက်ပစ္စည်းစက်ရုံ အမှတ်(၂)

၁၂။ ဘီလပ်မြေစက်ရုံ(သရက်)

၁၃။ ကျောက်ပြားစက်ရုံ(လွိုင်ကော်)

၁၄။ အုတ်နှင့် အုတ်ကြွပ်စက်ရုံ (ဒညင်းကုန်း)

၁၅။ မော်လမြိုင်ပန်းကန်စက်

အထက်ပါ စက်ရုံများအနက် ပြည်သူ့စက်ပစ္စည်း စက်ရုံအမှတ်(၂)သည် ယခင် ပြည်သူ့ပိုင်သိမ်းယူခဲ့သော ဗမာ့စက်မှု ထုတ်လုပ်ရေး လုပ်ငန်းဖြစ်သည်။ ထိုစက်ရုံများကို အုပ်ချုပ်ရေး ကော်မတီများဖွဲ့ပြီး သီးခြားလွတ်လပ်စွာ အုပ်ချုပ်လုပ်ကိုင်စေခဲ့သည်။

စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း ဒါရိုက်တာ ဘုတ်အဖွဲ့ဝင်များသည် စက်ရုံတစ်ရုံ သို့မဟုတ် နှစ်ရုံကို မျက်ခြည်မပြတ် ကြီးကြပ်ကွပ်ကဲနိုင်ရန် ကြီးကြပ်ရေးမှူးများအဖြစ် ဆောင်ရွက်ကြသည်။ စက်ရုံတိုင်းသည် ငွေရေးကြေးရေးကိစ္စများတွင် ကုန်သွယ်မှုသဘောအရ ဆောင်ရွက်ခွင့်ရှိသည်။ ငွေကြေး မလုံလောက်ပါက ထုတ်လုပ်ထားသောပစ္စည်းများကို ဘဏ်များတွင် ပေါင်နှံ၍ သုံးစွဲခွင့်ပြုထားသည်။ ကော်ပိုရေးရှင်း ရုံးချုပ်သည် မူဝါဒနှင့် သက်ဆိုင်သော ကိစ္စများတွင် ညှိနှိုင်းမှု ပြုလုပ်ပေးခြင်း၊ ဘတ်ဂျက်ရန်ပုံငွေများခန့်ခဲ့သုံးစွဲခြင်း၊ နှစ်စဉ် ကုန်ထုတ်လုပ်မှု အစီအစဉ်များ ရေးဆွဲသတ်မှတ်ခြင်း၊ စက်ရုံတိုးချဲ့ရေးမူများ ချမှတ်ပေးခြင်းကိုသာ ဆောင်ရွက်ပေးသည်။ ၁၉၈၅ ခုနှစ်မှစ၍ အဆိုပါ ဒါရိုက်တာအဖွဲ့အစား စက်မှုလက်မှုဝန်ကြီးဌာနတွင် ဖွဲ့စည်းလိုက်သော ဌာနအကြီးအကဲများ ပါဝင်သည့် စက်မှုလက်မှုအလုပ်အမှုဆောင် ကော်မတီက တာဝန်ယူ စီမံခန့်ခွဲသည်။ နောက်ပိုင်းတွင် စက်မှုလက်မှုဝန်ကြီးဌာန၏ ပြည်သူပိုင် စက်ရုံများကို စက်မှုလက်မှု တိုးချဲ့ လုပ်ကိုင်ရေးကော်ပိုရေးရှင်းက တိုက်ရိုက် စီမံခန့်ခွဲခြင်း မပြုဘဲ သက်ဆိုင်ရာ လုပ်ငန်းစု စီမံခန့်ခွဲရေး အဖွဲ့များက တိုက်ရိုက် စီမံခန့်ခွဲကြသည်။

တော်လှန်ရေးကောင်စီတက်စ အချိန်တွင် အထည်အလိပ် စက်ရုံကြီးတစ်ရုံသာရှိသည်။ ထိုစက်ရုံသည် ရန်ကုန်-အင်းစိန်လမ်းမကြီး၏ အရှေ့ဘက် လှိုင်မြို့နယ်တွင် တည်ရှိသည့် ချည်မျှင်နှင့် အထည်စက်များ (သမိုင်း) ဖြစ်၏။ ၁၉၅၁ ခုနှစ်တွင် စတင်လည်ပတ်ခဲ့သော အမှတ်(၁) စက်နှင့် ၁၉၅၇ ခုနှစ်တွင် စတင်လည်ပတ်ခဲ့သော အမှတ်(၂) စက်တို့ဖြစ်သည်။ အဆိုပါ စက်များအတွက် ရင်းနှီးမြှုပ်နှံခဲ့သော ငွေကြေး ပမာဏမှာ ၁၉၆၂-၆၃ ခုနှစ်ကုန်ထိ ငွေကျပ် ၃၆၁ သိန်းဖြစ်သည်။[1] ချည်မျှင် ၁/၁၀၊ ၁/၁၄ နှင့် ၁/၂၀ ချည်များ၊ ဇင်ပိတ်၊ ဖလန်နယ်၊ ပိတ်ခြောနှင့် ပေါ်ပလင်များ ထုတ်လုပ်သည်။ ၁၉၅၇ ခုနှစ် ဩဂုတ်လတွင် စတင်လည်ပတ်သော အဖြူချွတ်ဆေးဆိုး အခြေခံကိုင် စက်တစ်လုံးလည်းရှိသည်။ စက်များ၏ ကုန်ပစ္စည်း ထုတ်လုပ်မှု ပမာဏမှာ အောက်ပါအတိုင်း ဖြစ်သည်။

ခုနှစ်	ချည်မျှင်(ပေါင်ချိန်) သိန်းပေါင်း
၁၉၆၁-၆၂	၉၂.၂၃
၁၉၆၂-၆၃	၁၀၄.၅၃
၁၉၆၃-၆၄(ဇွန်လထိ)	၉၉.၀၆

ခုနှစ်	အထည်(ကိုက်) သိန်းပေါင်း
၁၉၆၁-၆၂	၅၂.၂၀
၁၉၆၂-၆၃	၉၀.၁၀
၁၉၆၃-၆၄	၇၀.၆၀

အဖြူချွတ်စက်သည် စက်ရုံ ၂ ရုံမှ ထုတ်လုပ်သော ပိတ်ညိုကို ဖြူအောင်ချွတ်ခြင်းနှင့် ဆေးဆိုးခြင်းလုပ်ငန်းများအပြင်၊ ပဂ္ဂလိက အထည်စက်ရုံများမှ ထုတ်လုပ်သော ပိတ်များကို အဖြူချွတ်ခြင်းနှင့် ဆေးဆိုးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်သည်။ သို့ရာတွင် နိုင်ငံပိုင် စက်ရုံများမှ ပိတ်ညိုများ ထုတ်လုပ်မှုများမှာ တိုးတက်လာသောကြောင့် ၁၉၆၃ ခုနှစ်မှစ၍ ပြင်ပမှအပ်သည့် လုပ်ငန်းများကို လက်ခံခြင်း မပြုတော့ပေ။[2]

၁။ မြန်မာ့စီးပွားရေး၊ ၁၉၆၃-၆၄၊ စာ ၄၀
၂။ မြန်မာ့စီးပွားရေး၊ ၁၉၆၃-၆၄၊ စာ ၄၀-၄၁

ထိုအချိန်က စက်ရုံကို တစ်နေ့လျှင် အဆိုင်း ၂ ဆိုင်းခဲ့၍ လည်ပတ်သည်။ ကာယ၊ ဥာဏလုပ်သားပေါင်း ၃၆၂၈ ဦးရှိသည်။ စက်ရုံကိုလည်း မူလက စီမံခန့်ခွဲရေး ကော်မတီဖြင့် အုပ်ချုပ်ခဲ့ရာမှ ပူးတွဲညှိနှိုင်းရေးအဖွဲ့ဖြင့် စီမံခန့်ခွဲ အုပ်ချုပ်သည်။

စက်ရုံ ၂ ရုံ၏ ထုတ်လုပ်မှု စွမ်းအားမှာ တော်လှန်ရေး ကောင်စီ အစိုးရ တက်လာသည်မှ စ၍တစ်စတစ်စ တိုးတက်လာသည်ကတစ်ကြောင်း၊တိုင်းပြည်၏လိုအပ်ချက်ကိုတစ်တပ်တစ်အား ပိုမိုပံ့ပိုးနိုင်ရန် ရည်မှန်း၍ လည်းကောင်း နောက်ထပ် စက်ရုံတစ်ရုံကို အမှတ်(၃) စက်ရုံအဖြစ် ၁၉၆၄ ခုနှစ်တွင် တည်ဆောက်ခဲ့ရာ ၁၉၆၇ ခုနှစ်တွင် ကုန်ထုတ်လုပ်မှုကို စတင်နိုင်ခဲ့သည်။ ၎င်းစက်ရုံအတွက် ပြည်တွင်းငွေ ကျပ် ၁.၉ သိန်းနှင့် နိုင်ငံခြားငွေ ကျပ် ၁၇.၁ သိန်းခန့် ရင်းနှီးမြှုပ်နှံခဲ့သည်။ ရက်ကန်းစင် ၄၀၀ ပါသော ပေါ်ယလင် ရက်လုပ်ရန် စက်ရုံဖြစ်သည်။ လုပ်သားအင်အား ၃၅၃ ဦး ထပ်မံခန့်ထားကာ ဆောင်ရွက်သည်။[၁]

ဖော်ပြပါ စက်များမှ ထုတ်လုပ်သော ချည်မျှင်နှင့် အထည်များကို အဖြူချွတ်ဆေးဆိုးရေး လုပ်ငန်း အလျင်မီနိုင်ရန် လက်ရှိ အဖြူချွတ် ဆေးဆိုးစက်ရုံကို တိုးချဲ့ရန် လိုအပ်လာသည်။ ထို့အတွက် အဖြူချွတ် အချောကိုင် တိုးချဲ့စက်ရုံကို ၁၉၆၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၆၈ ခုနှစ်တွင် ကုန်ထုတ်လုပ်မှုကို စတင်ခဲ့သည်။ အဆိုပါ စက်ရုံအတွက် ရင်းနှီးမြှုပ်နှံငွေ ပေါင်းမှာ ပြည်တွင်းငွေ ကျပ် ၀.၅၄ သိန်းနှင့် နိုင်ငံခြားငွေ ကျပ် ၁၀.၁၈ သိန်းခန့်ဖြစ်၏။ တိုးချဲ့စက်ရုံအတွက် လုပ်သား ၇၀ ဦး ထပ်မံ ခန့်ထားခဲ့သည်။[၂]

အဆိုပါစက်ရုံများသည် တော်လှန်ရေးကောင်စီက လက်ခံဆက်လက် အကောင်အထည် ဖော်ရသော ဒုတိယလေးနှစ် စီမံကိန်းကာလ (၁၉၆၂—၆၅) အတွင်း အောက်ပါအတိုင်း နှစ်စဉ် သိန်းငါးရာကျော်ဖိုး ကုန်ထုတ်လုပ်နိုင်ခဲ့ကြသည်။[၃]

နှစ်	ထုတ်လုပ်မှုတန်ဖိုး (ကျပ်သိန်းပေါင်း)
၁၉၆၂ - ၆၃	၅၅၅.၆၅
၁၉၆၃ - ၆၄	၅၆၆.၃၇
၁၉၆၄ - ၆၅	၅၂၉.၉၂

၁။ **စက်မှုဝန်ကြီးဌာနသမိုင်းအကျဉ်းချုပ်**၊ အတွဲ ၆၊ စာ ၁၆၉
၂။ **စက်မှုဝန်ကြီးဌာနသမိုင်းအကျဉ်းချုပ်**၊ အတွဲ ၆၊ စာ ၁၇၀
၃။ **စက်မှုဝန်ကြီးဌာနသမိုင်းအကျဉ်းချုပ်**၊ အတွဲ ၆၊ စာ ၂၂

ဤသို့ တောင်လှန်ရေးကောင်စီ အစိုးရ လက်ထက်တွင် နိုင်ငံပိုင် တစ်ခုတည်းသော ချည်မျှင်နှင့် အထည်စက်ရုံ (သမိုင်း)၏ ကုန်ထုတ်လုပ်မှု စွမ်းအားမှာ တစ်စထက်တစ်စ တိုးတက်ထုတ်လုပ်နိုင်သော်လည်း တိုင်းပြည်၏ လိုအပ်ချက်ကို ပြည့်မီရန်လိုအပ်နေသေးသဖြင့် မြင်းခြံ၊ စစ်ကိုင်း၊ ရမည်းသင်းနှင့် အင်းတိုင်တို့တွင်ပါ ချည်စက် ဒီမံကိန်း အသစ်များ အကောင်အထည်ဖော်ရန် ချည်မျှင်နှင့် အထည်စက်များ အုပ်ချုပ်မှု ကော်မတီ တစ်ရပ်ကို ဖွဲ့စည်းကာ စီမံဆောင်ရွက်ခဲ့သည်။

တောင်လှန်ရေးကောင်စီ တက်လာချိန်တွင် ဂုန်နီစက်ရုံ (အုတ်ကျင်း) သည်လည်း စတလင်လက်အောက်ရှိ စက်ရုံတစ်ရုံဖြစ်၏။ ၁၉၅၄ ခုနှစ်တွင် စတင်တည်ဆောက်၍ ၁၉၅၈ ခုနှစ်တွင် စတင် ကုန်ထုတ်နိုင်ခဲ့သည်။ ပြည်တော်သာ စီမံကိန်းဝင် အဓိက စက်ရုံတစ်ခုဖြစ်သဖြင့် တိုင်ချည်ရစ်တိုင် ၅၀၀၀၊ ဖောက်ချည်ရစ်တိုင် ၃၀၀၀၊ ရိုးရိုးရက်ကန်းစင် ၅၀၀ စင်၊ စက်ငိုင်းရက်ကန်းစင် ၁၂ စင်ဖြင့် စတင်လည်ပတ်ခဲ့သည်။

ဂုန်နီစက်ရုံ (အုတ်ကျင်း) စတင်တည်ဆောက်စဉ်က စက်ရုံ၏ ကုန်ထုတ် စွမ်းအားမှာ တစ်ရက်လျှင် နှစ်ဆိုင်းနှုန်းဖြင့် စက်စွမ်းအားပြည့် လည်ပတ်မည်ဆိုပါက တစ်နှစ်ထုတ်လုပ်နိုင်မည့် ပမာဏမှာ အောက်ပါအတိုင်းဖြစ်သည်။

ပစ္စည်းအမျိုးအမည်	အရေအတွက် (သန်းပေါင်း)
ဂုန်နီအိတ်	၂၂.၈၂ အိတ်
ဂုန်နီဖျင်ပါး	၁.၅၀ ကိုက်
ဂုန်နီကြိုး	၁.၅၅ ပေါင်

ဂုန်နီစက်ရုံအတွက် အဓိကကုန်ကြမ်းဖြင့်သည့် ဂုန်လျှော်မှာ ပြည်တွင်းမှပင်ထုတ်သည်။ သို့သော် ပြည်တွင်းထုတ် ဂုန်လျှော်မှာ အရည်အသွေး ကောင်းမွန်သည့် ဂုန်လျှော်များဖြစ်သည်။ ဂုန်နီအိတ်ရက်လုပ်ရန် လိုအပ်သော ဂုန်လျှော်မှာ အညှစ်ဖြစ်သဖြင့် ဂုန်နီစက်ရုံသည် ဂုန်နီအိတ်ရက်လုပ်ဆုဂ္ဂ မြင့်မားသော အတန်းအစားများကို သုံးနေရသည်။ စက်ရုံစီတ်မှာ အိန္ဒိယနိုင်ငံရှိ စက်ရုံများ၏ စရိတ်ထက် ၂၀ ရာခိုင်နှုန်း ပိုမိုမြင့်မားနေသည့်အတွက် ကုန်ထုတ်လုပ်မှု စရိတ်မှာ ကြီးမြင့်သည်။

စက်ရုံအတွက် အဓိကကုန်ကြမ်းဖြစ်သည့် ဂုန်လျှော်အပြင် လျှော်စပ်ဆီ၊ လျှော်စပ်ဆေးရည်၊ ကော်မှန့်တိုလည်း လိုအပ်သည်။ ကုန်ကြမ်း ဂုန်လျှော်တစ်တန်လျှင် လျှော်စပ်ဆီ ၁၄ ဂါလန်အထိလည်းကောင်း၊ လျှော်စပ်ဆေးရည် ၀.၅၂၅ ဂါလန်အထိ လည်းကောင်း၊ တိုင်ချည်တွင်ကော်မှုန့် ၁.၅ ရာခိုင်နှုန်းအထိလည်းကောင်း အသုံးပြုရသည်။လျှော်စပ်ဆီနှင့် ကော်မှုန့်တို့ကို နိုင်ငံခြားမှ ဝယ်ယူတင်သွင်းရသည်။[၁]

တော်လှန်ရေးကောင်စီ အစိုးရတက်စဖြစ်သော ၁၉၆၂-၆၃ ခုနှစ်တွင် ဂုန်နီအိတ် အထွက်နှုန်းမှာ ၂၃ သန်းကျော် ရှိခဲ့သဖြင့် စံချိန်သစ်တစ်ရပ် တင်နိုင်ခဲ့သည်။ ၁၉၆၁-၆၂ ခုနှစ်နှင့် နှိုင်းစာပါက ၈၀ ရာခိုင်နှုန်း ပိုမိုထွက်ရှိသည်ဟု ဆိုနိုင်သည်။ ဤသို့ဖြစ်လာခြင်းမှာ ဂုန်နီစက်ရုံတွင် ၁၉၆၂ ခုနှစ် မေလ ၇ ရက်နေ့မှစ၍ အဆိုင်း ၃ ဆိုင်း လည်ပတ်ခဲ့ခြင်း၊ အောင်မြင်ထိရောက်သော ထုတ်လုပ်မှုစနစ်များ ချထားနိုင်ခြင်းနှင့် စည်းကမ်း စနစ်ကျလှသော ဆိုရှယ်လစ်လုပ်သားများ၏ စွမ်းရည်ကြောင့်ဖြစ်သည်။ ၁၉၆၃-၆၄ ခုနှစ် ပထမနှစ်ဝက် ဂုန်နီ အထွက်မှာ ၁၉၆၂-၆၃ ခုနှစ်၏ တူညီသော ကာလပိုင်းအထွက်ထက် ၂၃ ရာခိုင်နှုန်း ပိုမိုလာကြောင်းကို အောက်ပါအတိုင်း တွေ့ရသည်။[၂]

ဂုန်နီအိတ်အထွက်စာရင်း

(အိတ်ထောင်ပေါင်း)

ခုနှစ်		ပထမနှစ်ဝက်	ဒုတိယနှစ်ဝက်	စုစုပေါင်း
၁၉၆၀-၆၁	....	၄၂၀၅	၄၀၅၁	၈၃၃၆
၁၉၆၁-၆၂	....	၅၁၇၀	၇၄၁၇	၁၂၅၈၇
၁၉၆၂-၆၃	....	၁၀၉၃၂	၁၂၁၇၆	၂၃၁၀၀
၁၉၆၃-၆၄	....	၁၃၅၀၆	၁၃၄၉၄*	၂၇၀၀၀*

အထည်အလိပ်လုပ်ငန်းကဏ္ဍအောက်တွင် တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်ခဲ့သော ပိုးချည်စက်ရုံ(မေမြို့)သည် ၁၉၅၉ ခုနှစ် မေလတွင် စတင်လက လက်အောက်သို့ ရောက်ရှိလာသော စက်ရုံဖြစ်သည်။ ထိုစက်ရုံတွင် ပိုးချည်ရစ်စက် ၁၀၄ စုံနှင့် ရစ်တိုင် ၂၀၀၀ ပါဝင်သည်။

၁။ မြန်မာ့ဂုန်လျှော်သမိုင်း၊ စာ ၉၂-၅

၂။ မြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊ စာ ၄၅

* ခန့်မှန်းခြေ

၁၉၆၂ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် စတလက ဒါရိုက်တာအဖွဲ့က ပိုးချည်လုပ်ငန်း တစ်ခုလုံးအတွက် ကြီးကြပ် ဆောင်ရွက်နိုင်ရန် **ဗမာ့ ပိုးလုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့**ကို မေမြို့တွင် ဗဟိုပြုကာ ဖွဲ့စည်းသည်။ အုပ်ချုပ်မှုနှင့် ဘဏ္ဍာရေး အာဏာများ သတ်မှတ် တိုးမြှင့်အပ်နှင်း ပေးသည်။ မေမြို့စက်ရုံကို ထိုအဖွဲ့က စီမံအုပ်ချုပ် လုပ်ကိုင်သည်။

အလားတူပင်၊ စတလက လက်အောက်တွင် အထည်အလိပ် လုပ်ငန်းဆိုင်ရာ ဆေးဂွမ်း ပတ်တီးနှင့် အထည်စက်(သမိုင်း)ရှိသည်။ ၎င်းစက်ရုံကို လက်ကား သမဝါယမ အဖွဲ့ချုပ်က ၁၉၅၆ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ မရမ်းကုန်းမြို့နယ် အမှတ် (၂) နယ်မြေ အမှတ် ၃၄/၄၇ ရန်ကုန် - အင်းစိန်လမ်းမကြီးပေါ်ရှိ သမိုင်းလမ်းဆုံတွင် တည်ရှိသည်။ ပတ်တီးရက်ရန် Hirano N Type ရက်ကန်းစင် ၁၀ စင်ကို ၁၉၆၇ ခုနှစ်တွင်လည်းကောင်း၊ ၁၉၆၈ ခုနှစ်တွင် ရက်ကန်းစင် ၁၆ စင်ကိုလည်းကောင်း ထပ်မံတပ်ဆင်ပြီး၍ စုစုပေါင်းရက်ကန်းစင် ၇၂ စင်ဖြင့် လည်ပတ်ခဲ့သည်။ နောက်ထပ် ရက်ကန်းစင်များကို ဆက်လက် တပ်ဆင်ခဲ့ရာ စုစုပေါင်း ရက်ကန်းစင် ၉၆ စင်ရှိသည်။ ထို့ပြင် ၁၉၆၂ ခုနှစ်တွင် ကြည့်မြင်တိုင် ဟံသာဝတီ ရပ်ရှိ ငါးစုပေါင်း ဆောင်းဝယ်ရေး သမဝါယမပိုင် အဆောက်အအုံကို ဝယ်စဉ်က ငါးပိုက်စက် ၂ လုံးနှင့် ချည်ရစ်စက်များပါခဲ့ရာ ၎င်းစက်များကို ဤစက်ရုံသို့ ပြောင်းရွှေ့ တပ်ဆင်လည်ပတ်ခဲ့သည်။

စက်ရုံအတွက် အရင်းအနှီးမြှုပ်နှံမှုပမာဏမှာ ကျပ် ၁.၉၇၃ သန်းဖြစ်၏။ ပိတ်ညိုကို ၁၉၅၈ ခုနှစ်၊ ဆေးဝတ်ကို ၁၉၆၀ ပြည့်နှစ်တွင် ထုတ်လုပ်၍ ပတ်ဘီးကို ၁၉၆၈ ခုနှစ်တွင်မှ စတင်ထုတ်လုပ်နိုင်ခဲ့သည်။ တော်လှန်ရေးကောင်စီ အစိုးရ တက်စ ကာလတွင် ဤစက်ရုံမှ ပိတ်ညိုနှင့် ဆေးဝတ်တို့သာ ထုတ်လုပ်နိုင်သည်။

တော်လှန်ရေးကောင်စီ အစိုးရသည် စက်ရုံကို ၁၉၆၄ ခုနှစ် မေလ ၁ ရက်နေ့တွင် ပြည်သူပိုင်သိမ်းယူခဲ့ပြီး ပြည်သူ့အထည်စက်ရုံ အမှတ် (၄) ဟူ၍ အမည်သတ်မှတ်ခဲ့သည်။ စက်ရုံ၏ ကုန်ထုတ်စွမ်းအားမှာ တစ်နှစ်ခွဲဆိုင်းစနစ်ဖြင့် တစ်နှစ်လျှင် ပျမ်းမျှ ရက်ပေါင်း ၁၄၀ ရက်လုပ်နိုင်ပါက ဆေးဂွမ်းပေါင်ချိန် ၀.၃၅ သန်း၊ ပတ်တီးကိုက် ၀.၈၀ သန်း၊ ဆေးဝတ်ကိုက် ၂.၃၀ သန်း၊ ငါးဖမ်းပိုက် ၀.၁၁ သန်း ထုတ်လုပ်နိုင်သည်။

တော်လှန်ရေးကောင်စီ တက်လာသော ၁၉၆၂ ခုနှစ်တွင် စတလက လက်အောက်ခံ စားသောက်ကုန်စက်ရုံများလည်းရှိသည်။၎င်းတို့တွင် သကြားစက် ၄ လုံးပါသည်။ သကြားစက်

လေးလုံးအနက် ပျဉ်းမနား သကြားစက်သည် ၁၉၅၅ ခုနှစ်တွင် စတလကမှ တည်ဆောက်ခဲ့သောစက်ရုံဖြစ်သည်။ စက်ပစ္စည်း၊ အဆောက်အအုံနှင့် စက်များတပ်ဆင်ခြင်းအတွက် ပေါင် စတာလင် ၆.၂၅ သိန်းခန့်နှင့် မြန်မာငွေကျပ် ၂၂.၇၂ သိန်း ကုန်ကျသည်။ ပျဉ်းမနားသကြားစက်လုပ်ငန်း တစ်ခုလုံးအတွက် ၁၉၆၄-၆၅ ခုနှစ်ကုန်အထိ ကုန်ကျငွေးနှီးငွေမှာ ကျပ် ၂၂၆.၅၄ သိန်း ဖြစ်သည်။[၁] ၁၉၅၇ ခုနှစ် မတ်လမှ စတင်လည်ပတ် ထုတ်လုပ်ခဲ့သော ဤစက်ရုံသည် တော်လှန်ရေးကောင်စီ အစိုးရ လက်ထက်ဘွင် သကြားထုတ်လုပ်မှု အရှိန်အဟုန် မြင့်မားတိုးတက်လာသည်။

စက်စတင်လည်ပတ်သည့် ၁၉၅၆-၅၇ ခုနှစ်တွင်မူ အစမ်းသဘောဖြင့် တစ်နေ့လျှင် ကြံတန်ချိန် ၂၀၀ ခန့်သာ ကြိတ်ဝါးခဲ့သည်။ ၁၉၅၇-၅၈ ခုနှစ်မှစ၍ ၁၉၆၄-၆၅ ခုနှစ်အထိ ဂ နှစ်တာ ကာလအတွင်း တစ်နှစ်လျှင် ပျမ်းမျှကြံတန်ချိန် ၁၇၅၀၇ ကြိတ်ဝါးခဲ့သည်။ အများဆုံး ကြိတ်ဝါးနိုင်သည့် ကြံတန်ချိန်မှာ ၂၆၃၆၇ တန်ဖြစ်၍ ၁၉၆၄-၆၅ ခုနှစ်တွင် ကြိတ်ဝါးခဲ့ခြင်းဖြစ်သည်။

သကြားအထွက်နှုန်းမှာ တစ်နှစ်လျှင် ပျမ်းမျှသကြားတန်ချိန် ၁၄၆၄၆ ဖြစ်၏။ သို့သော် တော်လှန်ရေးကောင်စီ တက်လာပြီးနောက် ၁၉၆၄-၆၅ ခုနှစ်ဘွင် သကြားတန်ချိန် ၂၃၀၀၃ အထိ ထွက်သည်။ ၁၉၅၇-၅၈ ခုနှစ်က ၁၀၄၁၆ တန် ထုတ်လုပ်နိုင်မှုနှင့် နှိုင်းစာလျှင် အထွက်နှုန်း နှစ်ဆခန့် တိုးတက်လာကြောင်း တွေ့ရသည်။[၂] ပျဉ်းမနား သကြားစက်၏ စက်လည်ရက်မှာ တစ်နှစ်လျှင် ပျမ်းမျှ ၁၄၅ ရက်ဖြစ်သည်။ ၁၉၆၄-၆၅ ခုနှစ်တွင် ကြိတ်ဝါးရက် အများဆုံး ၂၀၆ ရက်ရှိခဲ့သည်။ တော်လှန်ရေး အစိုးရမတက်မီက ၁၀၆ ရက်သာ ကြိတ်ဝါးနိုင်ခဲ့သည်။ ပျဉ်းမနားသကြားစက်တွင် ကာယ၊ ဥာဏ အလုပ်သမားပေါင်း ၁၆၀၉ ဦး ရှိ၏။ ဥာဏ်အလုပ်သမား ၂၅၄ ဦးနှင့် ကာယ အလုပ်သမား ၁၄၅၅ ဦးဖြစ်သည်။

မူလကပ္ပလိကပိုင်ဖြစ်သော ဇေယျဝတီ သကြားစက်သည် ၁၉၅၄ ခု နိဝင်ဘာလ ၁ ရက်နေ့တွင် ပြည်သူပိုင် စက်ရုံအဖြစ်ဖြင့် စတလက အုပ်ချုပ်မှုအောက်သို့ ရောက်လာသည်။

၁။ ဦးကျော်မြင့်၊ မြန်မာနိုင်ငံသကြားလုပ်ငန်း၊ စာ ၆၃-၆၄

၂။ ဦးကျော်မြင့်၊ မြန်မာနိုင်ငံသကြားလုပ်ငန်း၊ စာ ၆၄-၆၅

သကြားစက်တွင် တပ်ဆင်ထားသော စက်ပစ္စည်းများမှာ မူလစစ်မဖြစ်မီက ပစ္စည်းများဖြစ်ကာ အများအားဖြင့် ရေနွေးငွေ့ဖြင့် မောင်းသော စက်ကိရိယာများသာ ဖြစ်သည်။ ၁၉၅၄ ခုနှစ် ပြည်သူပိုင်သိမ်းခဲ့သည့် အချိန်မှစ၍ ခေတ်မီစက်ကိရိယာများဖြင့် တပ်ဆင်မွမ်းမံ ပြုပြင်ခဲ့ခြင်းကြောင့် လည်းကောင်း၊ စက်ရုံဝန်ထမ်းနှင့် လုပ်သားများအတွက် နေအိမ်သစ်များ ထပ်မံဆောက်လုပ်ပေးခဲ့ခြင်းကြောင့် လည်းကောင်း ၁၉၆၂-၆၃ ခုနှစ် အကုန်တွင် ရင်းနှီးမြှုပ်နှံငွေသည် ကျပ် ၄၁.၁၀ သိန်း ဖြစ်လာသည်။ ထို့ကြောင့် စုစုပေါင်း ရင်းနှီးမြှုပ်နှံငွေမှာ ၁၉၆၂-၆၃ ခုနှစ်အထိ ကျပ်ငွေ ၉၉.၇၆ သိန်းဖြစ်သည်။

မူလစက်ကြီးနှစ်လုံး၏ ကြံကြိတ်ဝါးနိုင်သည့် အင်အားသည် တစ်နေ့လျှင် ကြံတန်ချိန် ၂၅၀၀ ဖြစ်သော်လည်း စက်များ၏ သက်တမ်းမှာ နှစ် ၂၅-၃၀ အထိရှိနေပြီးဖြစ်၍တစ်နေ့လျှင် ကြံတန်ချိန် ၂၀၀၀ မျှသာ ကြိတ်ဝါးနိုင်သည်။ ၁၉၅၄-၅၅ ခုနှစ်မှ ၁၉၆၄-၆၅ ခုနှစ်အထိ ၁၁ နှစ်အတွင်း ကြံတစ်ရာသီလျှင် ကြိတ်ဝါးရက်မှာ ပျမ်းမျှအားဖြင့် ရက် ၁၄၀ သာရှိသည်။ ၁၉၆၄-၆၅ ခု ကြံတစ်ရာသီအတွင်းကမူ ကြိတ်ရက်အများဆုံး ၁၈၃ ရက်ရှိသည်။ တော်လှန်ရေးကောင်စီတက်စ ၁၉၆၂-၆၄ ခုနှစ်က ကြံကြိတ်ဝါးရက် ၁၈၁ ရက်သာရှိသည်။ သကြားအထွက်နှုန်းမှာ ဤ ၁၁ နှစ်ကာလအတွင်း ပျမ်းမျှ ၉.၅၇ ရာခိုင်နှုန်းရှိ၏။ တော်လှန်ရေးကောင်စီ တက်စကာလ ၁၉၆၂-၆၃ ခုနှစ်သည် သကြားအထွက်ဆုံးနှစ်ဖြစ်သည်။ တန်ချိန် ၂၄၆၆၉.၅ ထွက်၍ ရာခိုင်နှုန်းအားဖြင့် ၁၀.၀၃ ရာခိုင်နှုန်းရှိသည်။ ၁၉၆၃-၆၄ ခုနှစ်တွင် ၁၉၀၈၁.၁ တန်နှင့် ၁၉၆၄-၆၅ ခုနှစ်တွင် ၃၁၄၇၀.၈ တန် အသီးသီး ထွက်သည်။

စက်ရုံ၏ သကြားအပြင် တွဲဖက်ထုတ်ကုန်များမှာ ကြံဖတ်၊ ကြံချေးနှင့် တင်လဲရည်တို့ဖြစ်သည်။ ကြံဖတ်မှာ အလေးချိန် စုစုပေါင်း၏ ၂၇ ရာခိုင်နှုန်း၊ ကြံချေးမှာ ၇ ရာခိုင်နှုန်းနှင့် တင်လဲရည်မှာ အများဆုံး ၄ ရာခိုင်နှုန်း ထွက်သည်။ ကြံဖတ်ကို စက်၏ ဘွိုင်လာအိုးတွင် လောင်စာအဖြစ် လည်းကောင်း၊ ကြံချေးကို ဓာတ်မြေဩဇာအဖြစ် လည်းကောင်း အသုံးပြုသည်။ တင်လဲရည်ကိုမူ မြန်မာနိုင်ငံ ဆေးဝါးစက်ရုံ အရက်ချက် ဌာနခွဲသို့ ရောင်းချသည်။[၁]

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ နမ္မတီးမြို့တွင်ရှိသော နမ္မတီးသကြားစက်သည် ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီလတွင် စတလကမှ စတင် တည်ဆောက်သော စက်ရုံဖြစ်သည်။ သကြားထုတ်လုပ်မှုကို ၁၉၅၇ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် စတင်ခဲ့သည်။[၂]

၁။ ဦးကျော်မြင့်၊ **မြန်မာနိုင်ငံသကြားလုပ်ငန်း**၊ စာ ၄၈
၂။ ဦးကျော်မြင့်၊ **မြန်မာနိုင်ငံသကြားလုပ်ငန်း**။ စာ ၅၀
၃။ ဦးကျော်မြင့်၊ **မြန်မာနိုင်ငံသကြားလုပ်ငန်း**၊ စာ ၆၀-၆၂

နမ္မတီးသကြားစက်သည် တစ်နေ့လျှင် ကြံတန်ချိန် တစ်ထောင်ကြိတ်ဝါးနိုင်စွမ်းရှိသည်။ တစ်ရာသီလျှင် ရက်ပေါင်း ၁၅၀ စက်လည်ကြိတ်ဝါးရလျှင် တစ်နှစ်ပျမ်းမျှကြံတန်ချိန် ၁၅၀၀၀ ကြိတ်ဝါးနိုင်သည်။ လက်တွေ့ လုပ်ဆောင်ရာတွင် ၁၉၅၇-၅၈ ခုမှ ၁၉၆၄-၆၅ ခုနှစ်အထိ ရှစ်နှစ်ကာလအတွင်း တစ်နှစ်လျှင် ကြိတ်ဝါးရက် ပျမ်းမျှ ၁၄၃ ရက်သာ ရှိသည်။ တော်လှန်ရေးကောင်စီ မတက်မီ ၁၉၆၀-၆၁ ခုနှစ်က ၁၁၆ ရက်သာ စက်လည်ကြိတ်ဝါးနိုင်ခဲ့သည်။

ကြိတ်ဝါးသောကြံတန်ချိန်မှာ ထို ဂ နှစ်အတွင်း ကြံတစ်ရာသီလျှင် ပျမ်းမျှ ၁၁၈၅၀ တန် ကြိတ်ဝါးသည်။ ကြိတ်ဝါးရက် အနည်းဆုံးဖြစ်သော ၁၉၆၀-၆၁ ခုနှစ်က ကြံတန်ချိန် ၉၈၅၇၉ သာကြိတ်ဝါးပြီးစီးသည်။ တော်လှန်ရေးကောင်စီတက်စ ၁၉၆၂-၆၃ ခုနှစ်ကမူ ၁၄၇၅၇ တန်ကြိတ်ဝါးနိုင်ခဲ့သည်။ တစ်နှစ်သကြား ထုတ်လုပ်မှုမှာ ပျမ်းမျှတန်ချိန် ၁၀၁၀၇ ဖြစ်သည်။ အမျှားဆုံး ထုတ်လုပ်ခဲ့သော တန်ချိန်မှာ ၁၃၈၆၉ တန်ဖြစ်ပြီး ၁၉၆၂-၆၃ ခုနှစ် ကြံရာသီက ဖြစ်သည်။ အနည်းဆုံးမှာ ၈၃၂ တန်ဖြစ်ပြီးလျှင် ၁၉၅၇-၅၈ ခုနှစ် ကြံရာသီတွင် ဖြစ်သည်။[၁]

နမ္မတီးသကြားစက်တွင် ၁၉၆၄-၆၅ ခုနှစ်အတွင်းက အလုပ်သမားပေါင်း ၇၉၇ ဦးရှိသည်။ ဥာဏ အလုပ်သမား ၂၁၃ ဦးနှင့် ကာယ အလုပ်သမား ၆၁၄ ဦးဖြစ်သည်။

တဲ့ဖက် ထွက်ကုန်မျှားမှာ ကြံဖတ်၊ ကြံခြောက်နှင့် တင်လဲရည် တို့ဖြစ်သည်။ ကြံဖတ်မှာ ပျမ်းမျှအားဖြင့် ကြံအလေးချိန်၏ ၂၅ ရာခိုင်နှုန်း၊ ကြံခြောက်မှာ ၂.၇၅ ရာခိုင်နှုန်းနှင့် တင်လဲရည်မှာ ၄.၅ ရာခိုင်နှုန်းထွက်သည်။

စတလကအုပ်ချုပ်မှုအောက်ရှိ ဆားမှော်သကြားစက်သည် မြန်မာပြည် သကြားစက်မျှားတွင် ရှေးအကျဆုံး စက်တစ်ခုဖြစ်သည်။ ခေတ်အဆက်ဆက် လက်အမျိုးမျိုး ပြောင်းခဲ့ပြီးနောက် ၁၉၆၃ ခုနှစ် တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင်မှ စတလက လက်သို့ ရောက်လာသည်။

တော်လှန်ရေး ကောင်စီ အစိုးရတက်လာပြီးနောက် ၁၉၆၂ ခုနှစ် ဒီဇင်ဘာလတွင် ဆားမှော်သကြားစက်ကို ပြည်သူပိုင်အဖြစ် လွှဲပြောင်းယူရန် စက်မှုလက်မှုဌာန၏ ညွှန်ကြားချက်အရ ၁၉၆၃ ခု ဧပြီလ ၅ ရက်နေ့တွင် စတလကသည် အပြီးပိုင်လွှဲပြောင်းလက်ခံယူခဲ့သည်။ ထို့နောက် စတလကမှ တာဝန်ယူ၍ နိုင်ငံခြားမှ မှာယူဆားသော စက်ပစ္စည်းများကို ရွေးယူပြီး

၁။ ဦးကျော်မြင့်၊ **မြန်မာနိုင်ငံသကြားလုပ်ငန်း**၊ စာ ၇၈-၇၉

ဆားမှော် သကြားစက်ကြီးကို ပြင်ဆင်ကာ ၁၉၆၃ ခု ဇွန်လ ၁၅ ရက်နေ့တွင် စမ်းသပ်စက်လည်ခဲ့သည်။ စက်ရုံ၏ မတည်ငွေမှာ ၁၉၆၃-၆၅ ခုနှစ် ကုန်အထိ ကျပ်ငွေ ၂၄.၈၃ သိန်းဖြစ်၏။

စက်ရုံ၏ မူလကုန်ထုတ်စွမ်းအားမှာ တစ်နေ့လျှင် ကြံတန်ချိန် ၁၀၀၀ ကြိတ်ဝါးနိုင်သည်။ နှစ်ပေါင်းများစွာကြာမြင့်ပြီဖြစ်၍ စက်စွမ်းအားကျကာ တစ်နေ့လျှင်ကြံတန်ချိန် ၅၀၀ မှ ၇၀၀ အထိသာ ကြိတ်ဝါးနိုင်စွမ်းရှိသည်။ စက်ရုံတွင် ကာယ၊ ဥာဏ အလုပ်သမားပေါင်း ၃၀၈ ဦး ရှိ၏။ ကာယ အလုပ်သမား ၂၆၃ ဦးနှင့် ဥာဏအလုပ်သမား ၄၅ ဦး ဖြစ်သည်။

စတလကလက်ထက် သကြားထုတ်လုပ်နိုင်မှု ပမာဏမှာ ၁၉၆၂-၆၃ ခုနှစ်တွင် သကြား ၃၇ တန်၊ ၁၉၆၃-၆၄ ခုနှစ်တွင် သကြား ၅၀၃ တန်နှင့် ၁၉၆၄-၆၅ ခုနှစ်တွင် သကြား ၉၄၇ တန် တိုးတက်ထုတ်လုပ်နိုင်လာခဲ့သည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖြစ်သော သံမဏိစက်ရုံ (ရှာမ)သည် စီးပွားရေး ၂ နှစ် စီမံကိန်းကာလက စတင် အကောင်အထည်ဖော်ခဲ့သော စက်ရုံဖြစ်သည်။ ပြည်တော်သာ စီမံကိန်းကာလတွင် စတလကမှ ဆက်လက်တာဝန်ယူ အကောင်အထည် ဖော်ခဲ့ရာ ၁၉၅၇ ခုနှစ်တွင် ကုန်ထုတ်လုပ်မှုကို စတင်နိုင်ခဲ့သည်။

ထိုစက်ရုံအတွက် ရင်းနှီးမြှုပ်နှံခဲ့ရသော ငွေကြေးပမာဏမှာ ၁၉၆၃ ခုနှစ်ကုန်အထိ စုစုပေါင်း ငွေကျပ် ၄၂၇ သိန်းဖြစ်၏။ စက်ရုံမှ ထုတ်လုပ်သော ပစ္စည်းများမှာ သံတုံး၊သံပြားများ၊ သံပြားကြမ်းများ၊ လေးမြောင့်သံတုံး၊ သံချောင်းလုံး၊ ရိုးရိုးသံပြား၊ အိမ်ရိုက်သံနှင့် သွင်ဆူးကြိုးတို့ဖြစ်သည်။

သံမဏိစက်ရုံ စတင်လည်ပတ်သည့် ၁၉၅၇-၅၈ ခုနှစ်မှအစပြု၍ နှစ်စဉ် ထုတ်လုပ်မှုအရေအတွက်ကို တဖြည်းဖြည်းတိုးထုတ်နိုင်ခဲ့သော်လည်း ၁၉၆၀-၆၁ ခုနှစ်အထိ အနှေးဖြင့်သာ ဆောင်ရွက်ခဲ့ရသည်။ လုပ်ငန်းကျွမ်းကျင်လာမှုနှင့် အလုပ်သမားများ၏ လုပ်အား ပိုမိုစိုက်ထုတ်လုပ်ကိုင်နိုင်မှုများကြောင့်စက်ရုံသည် ၁၉၆၁-၆၂ ခုနှစ်တွင်အမြတ်များစတင်ရရှိလာသည်။ ထိုနှစ်တွင် အမြတ် စုစုပေါင်းငွေကျပ် ၉.၆၈ သိန်း ရရှိပြီး ၁၉၆၂-၆၃ ခုနှစ် တော်လှန်ရေးကောင်စီ လက်ထက်တွင် ထိုအမြတ်၏ နှစ်ဆမျှ ဖြစ်သော ငွေကျပ် ၁၇.၉၀ သိန်းအမြတ်ရခဲ့သည်။

၁။ မြန်မာ့နိုင်ငံသကြားလုပ်ငန်း၊ စာ ၉၃-၉၅

ကုန်ပစ္စည်း ထုတ်လုပ်မှုသည် တော်လှန်ရေးကောင်စီကာလတွင် သိသိသာသာ တိုးတက်လာသည်။ သို့သော် ၁၉၆၀ ပြည့်နှစ်နှင့် ၁၉၆၁-၆၂ ခုနှစ်များအတွင်း အိမ်ရှိက်သံ ထုတ်လုပ်နိုင်မှုမရှိချေ။ တော်လှန်ရေးကောင်စီက ဆက်လက် တာဝန်ယူရသော ပြည်ထောင်စု အစိုးရ၏ ဒုတိယလေးနှစ် စီမံကိန်းကာလအတွင်း ကုန်ထုတ်လုပ်မှု အခြေအနေကို အောက်ပါအတိုင်း တွေ့ရသည်။

နှစ်	သံလုံး၊သံခဲချောင်း	ရိုးရိုးသံပြား	အိမ်ရှိက်သံ	သံဆူးကြိုး(တန်ချိန်)
၁၉၆၁-၆၂	၈၄၄၅	၂၇၉၈	....	၄၁၂
၁၉၆၂-၆၃	၉၁၄၂	၄၈၇၀	၂၀	၆၄၀
၁၉၆၃-၆၄ (ဇွန်လကုန်ထိ)	၆၂၃၁	၆၃၁၁	၁၃၁၀	၅၅၀

သံမဏိစက်ရုံ၌ ၁၉၆၂-၆၃ ခုနှစ်တွင် ကာဃ၊ ဥဿလုပ်သား စုဝေပေါင်း ၁၂၅၀ ဦး ရှိသည်။ တော်လှန်ရေး ကောင်စီတက်လာပြီးနောက် စက်ရုံ၏လုပ်ငန်းရပ်များကို တိုးချဲ့ခဲ့သောကြောင့် ၁၉၆၄ ခုနှစ်တွင် ကာဃ၊ ဥဿ လုပ်သားဦးရေ ၁၄၀၇ ဦးထိ တိုးတက်လာသည်။

ပြည်သူ့စက်ပစ္စည်း စက်ရုံအမှတ်(၁) သည် ၁၉၅၄ ခုနှစ်တွင် စတလက လက်အောက်သို့ ရောက်လာသော စက်ရုံဖြစ်သည်။ မူလ ကချင်ပြည်နယ် အစိုးရပိုင် စက်ရုံအဖြစ် စတင် တည်ထောင်လာသော စက်ဖြစ်၏။ ဂျပန်စစ်လျော်ကြေးမှ ရရှိသောစက်ရုံအလုပ်ရုံသုံး စက်ကြီးများကို ပြုပြင်ခြင်းနှင့် ပြင်ပမှ အပ်နှံသော ပြုပြင်ရေး လုပ်ငန်းများကို လုပ်ကိုင်သည်။

စက်ရုံနေရာမှာ ကျဉ်းမြောင်းလှသောကြောင့် ၁၉၆၁ ခုနှစ်တွင် သမိုင်းချည်စက် နောက်ဘက်ရှိ ၁၃ ဧကရှိသည့် မြေနေရာသစ်သို့ ရွှေ့ပြောင်းသည်။ တော်လှန်ရေး ကောင်စီတက်လာချိန်တွင် ရေနံဆီမီးဖိုနှင့် သံမဏိဒရို ထုတ်လုပ်ရေး လုပ်ငန်းတို့ကို ဇောက်ချလုပ်ကိုင်သည်။ ၁၉၆၄ ခုနှစ်တွင် ပြည်သူ့စက်ပစ္စည်း စက်ရုံ အမှတ် (၁) ဟုပြောင်းလဲခေါ်ဝေါ်၍ စက်ဆန်းမှ မြန်မာပြည်လေ့(ချ်) ပလပ်စက်ရုံကို ပြည်သူ့စက်ပစ္စည်း စက်ရုံ အမှတ်(၁) အောက်သို့ ပူးပေါင်းလိုက်ပြီး စက်ပစ္စည်းများနှင့် အခြားသံထည် ပစ္စည်းမျိုးစုံကို ထုတ်လုပ်သည်။

၁။ **ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးစစ်တမ်း**၊ ၁၉၆၄၊ စာ ၅၀
၂။ **မြန်မာ့စီးပွားရေး**၊ စာ ၃၈

စက်ရုံ၏ ကုန်ထုတ်လုပ်မှု တန်ဖိုးမှာ နှစ်စဉ် ကျပ်သိန်း ၃၀ မှ ၄၀ အထိရှိသည်။ စက်ရုံမှ ထုတ်လုပ်ခဲ့သော ပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

ပစ္စည်း	အရေအတွက်	၁၉၆၁-၆၂	၁၉၆၂-၆၃	၁၉၆၃-၆၄ (ဇွန်လအထိ)
ဆေးဖျန်းကိရိယာ	ဦးရေ	၁၀	၁၁	....
ရေနံဆီမီးဖို	လုံးရေ	၁၇၀၃၃	၂၇၅၉၆	၂၂၀၄၉
သံမဏိဓို	လုံးရေ	၁၄၂၅	၁၈၇၉	၃၃၁
မီတာသေတ္တာ	လုံးရေ	၃၇၂၁	၅၀၆၃	၄၂၂၇
သံရေကျိုပစ္စည်း	တန်ချိန်	၁၁၁	၃၄၉	၁၇၅
စံပြသံဘောင်	အလျားပေ	၈၀၆၂	၇၄၅၅၂	၉၀၇၀၀
ကြေးနန်းပစ္စည်း	အရေအတွက်	....	၂၀၁၀၉	....
အထွေထွေ	အရေအတွက်	၃၉၆၃	၁၇၂၀၇	၃၃၂၀၀

ဟော်လှန်ရေးကောင်စီ တက်လာပြီးနောက် စတလက လက်အောက်သို့ လွှဲပြောင်းယူခဲ့သော အလားတူ စက်ရုံတစ်ရုံမှာ ယခင် ဗမာ့စက်မှုပစ္စည်း ထုတ်လုပ်ရေး ကုမ္ပဏီလိမိတက် အမည်ဖြင့် ဆန်စက်နှင့် ဆန်စက်အရန်ပစ္စည်းများ ထုတ်လုပ်ပေးသည့် စက်ရုံပင်ဖြစ်သည်။ ၎င်းစက်ရုံကို ၁၉၆၃ ခု ဩဂုတ်လ ၁၄ ရက်နေ့တွင် ပြည်သူပိုင်သိမ်း၍ စတလကလက်အောက်သို့ လွှဲပြောင်းပေးသည်။ စတလကလက်အောက်တွင် ပြည်သူ့ စက်ပစ္စည်း စက်ရုံအမှတ်(၂) အမည်ဖြင့် ကုန်ပစ္စည်းများ ဆက်လက်ထုတ်လုပ်သည်။

စက်ရုံသည် အမှတ် ၁၀၂ ရန်ကုန်-အင်းစိန်လမ်း၊ မရမ်းကုန်းမြို့နယ်တွင် တည်ရှိသည်။ မြေကေ အကျယ်အဝန်းမှာ ၄.၀၁၅ ကေဖြစ်သည်။ စတလက လက်အောက်သို့မရောက်မီက လုပ်သားအင်အား ၉၀ ခန့်ဖြင့် လည်ပတ်ခဲ့သော စက်ရုံဖြစ်သည်။

ပြည်သူပိုင်သိမ်းစဉ်က စက်ရုံ၏ရင်းနှီးမြှုပ်နှံငွေမှာ ကျပ် ၆.၇၈ သိန်း ဖြစ်သည်။ ပြည်သူပိုင်သိမ်းပြီးနောက် စတလက လက်အောက်တွင် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ခဲ့သည်။ ဆန်စက်နှင့် အရန်ပစ္စည်းများ၊ အထွေထွေ တည်ဆောက်မှု လုပ်ငန်းများ၊ မူလတိုင် မူလခေါင်းများ၊ သံရည်ကျိုပစ္စည်းများ၊ ခဲပိုက်နှင့် ကတ္တားပစ္စည်း အစိတ်အပိုင်းများ စသည်တို့ကို ထုတ်လုပ်သည်။

၁။ ပြည်ဆောင်စုမြန်မာနိုင်ငံ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊ စာ ၄၉

ပြည်သူပိုင် မသိမ်းမီ ကျပ် ၄.၅၀ သိန်းဖိုး ထုတ်လုပ်၍ ပြည်သူပိုင်သိမ်းပြီးနောက် ကျပ် ၁၃၀.၃၃ သိန်းဖိုးအထိ တိုးတက်ထုတ်လုပ်နိုင်သည်။

သုံးစွဲသော ကုန်ကြမ်းများမှာ သံချောင်းတုံး၊ နန်းဆွဲသံချောင်းများ၊ မူလီတိုင်၊ မူလီခေါင်း၊ သံပြား၊ မြောင်းသံ၊ ဝင်ရိုးဘံ၊ ဒိုင်းသံမ၊ ဂဟေဆော်သံချောင်းနှင့် သံစိမ်းစသည်တို့ဖြစ်သည်။[၁]

စတလင်၏ စီမံကွပ်ကဲမှုအောက်တွင် စားရေးဝတ်ရေးဆိုင်ရာ စက်ရုံများသာမက နေရေးဆိုင်ရာ ဆောက်လုပ်ရေးသုံးကုန်ပစ္စည်း စက်ရုံများလည်းရှိသည်။ ယင်းတို့အနက် ဆောက်လုပ်ရေးဆိုင်ရာ အဓိကဖြစ်သော ဘိလပ်မြေစက်ရုံကို ပြည်ထောင်စု အစိုးရ လက်ထက် ၁၉၅၄ ခုနှစ်ကပင် စတလင် လက်အောက်တွင် ထားရှိခဲ့သည်။ ထိုဘိလပ်မြေ စက်ရုံသည် ကိုလိုနီခေတ် ၁၉၃၇ ခုနှစ်ကပင် ရှိခဲ့သော သရက် ဘိလပ်မြေ စက်ရုံဖြစ်၏။ ၁၉၅၄ ခုနှစ်တွင် ပြည်ထောင်စု အစိုးရက ပြည်သူပိုင်သိမ်းယူကာ စတလင် ကြီးကြပ်မှု အောက်တွင်ထားခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က စက်ရုံ၏ ထုတ်လုပ်မှု စွမ်းအားမှာ တစ်နှစ်လျှင် ဘိလပ်မြေတန် ၂၀၀ ကျ ထုတ်လုပ်နိုင်သည်။

နိုင်ငံတော် ပြန်လည်ထူထောင်ရေးတွင် စက်ရုံ အလုပ်ရုံများ၊ ဆည်မြောင်းတာတမံများ၊ တံတားများ၊ လမ်းများ၊ ရုံး၊ ကျောင်း၊ လူနေအိမ်ခြေ အဆောက်အအုံများ တည်ဆောက်ရန် ဘိလပ်မြေလိုအပ်ချက် အထူးမြင့်မားပေသည်။ နိုင်ငံခြားငွေသုံးစွဲမှုကို ခြိုးခြံနိုင်ရန် ဘိလပ်မြေလိုအပ်ချက်ကို ပြည်တွင်းမှပင် တတ်အားသမျှဖြေရှင်းနိုင်ရန် စတလကသည် သရက်ဘိလပ်မြေစက်ရုံကို ပထမအကြိမ် တိုးချဲ့ဆောက်လုပ်သည်။ ၁၉၅၆ ခုနှစ်တွင် စတင်သော တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းသည် တော်လှန်ရေးကောင်စီအစိုးရ တက်စ မတ်လတွင် ပြီးစီး၍ ၁၉၆၂ ခု ဩဂုတ်လတွင် စက်စတင် စမ်းသပ် လည်ပတ်နိုင်ခဲ့သည်။ တိုးချဲ့စက်ရုံရှိ စက် ၂ လုံး၏ ထုတ်လုပ်မှုစွမ်းအားမှာ တစ်နှစ်လျှင် ဘိလပ်မြေ တန် ၄၀၀ ကျစီ ထုတ်လုပ်နိုင်သဖြင့် တစ်နှစ်လျှင် တန် ၈၀၀ ထုတ်လုပ်နိုင်သည်။

ဤသို့ တည်ဆောက်ခဲ့သော်လည်း ဘိလပ်မြေ ဝယ်လိုအားမှာ တစ်ရှိန်ထိုး တက်လာသည့် အတွက် တော်လှန်ရေး ကောင်စီတက်စတင် ဒုတိယအကြိမ် စက်သစ်တစ်လုံးထပ်မံ တိုးချဲ့ရန်

၁။ ဦးကျော်မောင်၊ ကိုယ်ရေးမိုင်တွဲ ၁၀

သရက်မြို့ ဘိလပ်မြေစက်များ ဒုတိယ တိုးချဲ့စိမ်ကိန်းကို ရေးဆွဲပြီးဆက်လက်ဆောင်ရွက်သည်။ ပထမအကြိမ် တိုးချဲ့စက်ရုံ ကုန်ထုတ်လုပ်မှုစတင်သော ၁၉၆၂ ခု အောက်တိုဘာလ ၁၁ ရက် နေ့တွင်ပင် ဒုတိယ တိုးချဲ့စက်ရုံအတွက် အပြည့်ပြည်ဆိုင်ရာ တင်ဒါများ ခေါ်ယူသည်။ ဂျပန်နိုင်ငံ Kawasaki Dockyard Ltd. မှတင်ဒါကို ခွေးချယ်၍ စက်ပစ္စည်းပေးသွင်းရေး စာချုပ်ကို စတလင်္ဂနှင့် Kawasaki Dockyard Ltd. တို့သည် ၁၉၆၄ ခု ဇွန်လ ၄ ရက် နေ့တွင် လက်မှတ်ရေးထိုးကြသည်။ ထို့ကြောင့် တော်လှန်ရေးအစိုးရ လက်ထက် စတလင်္ဂ ကြီးကြပ်မှုအောက်တွင်ဘိလပ်မြေ စက်ရုံခွဲ ၃ ရုံရှိသည်။ စက်ရုံတစ်ခုလုံးကိုတိလပ်မြေစက်များ (သရက်)ဟု ခေါ်တွင်သည်။

ကော်လှန်ရေးကောင်စီတက်စကာလနှင့် ပထမအကြိမ် တိုးချဲ့ဘိလပ်မြေ စက်ရုံကြီး ပြီးစီး၍ ကုန်စတင်ထုတ်လုပ်ချိန်မှာ တစ်ထပ်တည်းနီးပါးကျဆောက်သည်။ ထိုကာလအတွင်း ဘိလပ်မြေအထွက်နှုန်းမှာ အထူးတိုးတက်သည်။ ၁၉၆၁-၆၂ ခုနှစ်တွင် ဘိလပ်မြေ တန်ချိန် ၃၃၆၉၅ တန်ထွက်သည်။ ၁၉၆၂-၆၃ ခုနှစ်တွင် တန်ချိန် ၁၁၉၁၂၃ တန် ထုတ်လုပ်နိုင်ခဲ့သဖြင့် လွန်ခဲ့သည့် ၁၉၆၁-၆၂ ခုနှစ်ကထက်အထွက် နှစ်ဆခွဲ ပိုမိုလာသည်။ လျှပ်စစ်ခေတ်အားပေး စက်ချုတ်ယှင်းမှုကြောင့် ၁၉၆၃-၆၄ ခုနှစ် ပထမနှစ်ဝက်တွင် ၁၉၆၂-၆၃ ခုနှစ်၏ တူညီသော ကာလပိုင်းအောက် အနည်းငယ်အထွက်လျော့နည်းသွားသည်။ သို့ရာတွင် ၁၉၆၃-၆၄ ခုနှစ်တွင် စုစုပေါင်း တန်ချိန် ၁၂၃၀၀၀ တွက်မည်ဟု မျှော်မှန်းခဲ့သည်။

ဘိလပ်မြေစက်ရုံများ (သရက်)မှ ၁၉၆၁-၆၂ ခုနှစ်မှ ၁၉၆၃-၆၄ ခုနှစ်များအတွင်း ထုတ်လုပ်မှု ပမာဏမှာ အောက်ပါအတိုင်းဖြစ်သည်။

ဘိလပ်မြေအထွက်စာရင်း

ခုနှစ်		ပထမနှစ်ဝက် (တန်)	ဒုတိယနှစ်ဝက် (တန်)	စုစုပေါင်း (တန်)
၁၉၆၁-၆၂	....	၁၃၇၀၂	၁၉၉၉၃	၃၃၆၉၅
၁၉၆၂-၆၃	....	၅၇၃၂၀	၆၁၈၀၀	၁၁၉၁၂၀
၁၉၆၃-၆၄	....	၅၅၉၂၄	၆၇၀၇၆*	၁၂၃၀၀၀*

* ခန့်မှန်းခြေ

၁။ မြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊ စာ-၄၅

ပြည်သူ့ပိုင် သိမ်းယူလိုက်သော မူလသရက်ဘိလပ်မြေစက်ရုံခဲ့(၁)အတွက် လျော်ကြေးငွေကျပ် ၅၇၊၃၄ သိန်း ပေးရသည်။ ပထမအကြိမ် တိုးချဲ့စက်ရုံအတွက် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ကျပ် ၃၂၂ သိန်းဖြစ်၏။ ဒုတိယအကြိမ် တိုးချဲ့စက်ရုံတွင် စီမံကိန်း စီမံဆောင်ရွက်မှုအတွက် ကျပ် ၁၄ သိန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ကျပ် ၇၅ သိန်း၊ စက်ပစ္စည်းကိရိယာများအတွက် ကျပ် ၁၂၅ သိန်း၊ တပ်ဆင် စရိတ်အတွက် ကျပ် ၂၈ သိန်း၊ စက်စမ်းသပ်လည်ပတ်ရေးနှင့် ကုန်ထုတ်စမ်းသပ်မှုအတွက် ကျပ် ၃၆ သိန်းနှင့် အခြားငွေလုံးငွေရင်း အသုံးစရိတ်များအတွက် ကျပ် ၀•၃၈ သိန်းခန့် ကုန်ကျရင်းနှီးခဲ့သည်။

လွိုင်ကော် ကျောက်ပြား စက်ရုံသည် တော်လှန်ရေးကောင်စီအစိုးရ မတက်မီ ၁၉၅၉ ခုနှစ်ခန့်ကပင် ကယားပြည်နယ် ဦးစီးအဖွဲ့က စတင်စီမံ ဆောင်ရွက်ခဲ့သော စက်ရုံဖြစ်သည်။ နိုင်ငံခြား ပညာရှင်များ ကျွမ်းကျင်သူများ၏ အကူအညီဖြင့် လေ့လာစုံစမ်းမှု အရပ်ရပ်ကို ပြုလုပ်ပြီးနောက် ၁၉၆၁ ခုနှစ် နိုဝင်ဘာလတွင် ကျောက်လွှာစက်၊ ကျောက်ချောစက်များကို တပ်ဆင်ကာ ၁၉၆၂ ခု မတ်လ ၂၄ ရက်နေ့တွင် စက်ရုံဖွင့်လှစ်၍ ထုတ်လုပ်မှု စတင်ခဲ့သည်။

တော်လှန်ရေး ကောင်စီ အစိုးရလက်ထက် ၁၉၆၃ ခု ဖေဖော်ဝါရီလအတွင်း တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကြီးနှင့် အဖွဲ့ စက်ရုံသို့ ကြွရောက်စစ်ဆေးစဉ် ကျောက်ပြားထုတ်လုပ်မှုလုပ်ငန်းသည် ကမ္ဘာ့ ဈေးကွက်တွင် တွင်ကျယ်စွာ ကူးသန်းရောင်းဝယ်လျက် ရှိနေသဖြင့် လက်ရှိစက်ရုံကို တိုးချဲ့သင့်ကြောင်း၊ တိုးချဲ့ဆောင်ရွက်ရာတွင် ပြည်နယ်အတိုင်းအတာထက် နိုင်ငံအတိုင်းအတာဆိုလျှင် ပိုမိုအောင်မြင်မှု ရနိုင်မည် ဖြစ်ကြောင်း မိန့်ကြားကာ စက်ရုံကို စက်မှုလက်မှုဝန်ကြီးဌာနက အကောင်အထည်ဖော်ရန်ညွှန်ကြားသည်။ သို့အတွက် ၁၉၆၃-၆၄ ဘဏ္ဍာရေးနှစ်မှ အစပြု၍ စက်ရုံအုပ်ချုပ်မှု ကော်မတီကို ဖွဲ့စည်းပြီး စက်မှုလက်မှုဝန်ကြီးဌာနသည် ကယားပြည်နယ်အစိုးရထံမှ လွှဲပြောင်းလက်ခံယူခဲ့သည်။

ဤစက်ကို ကယားပြည်နယ် အစိုးရက စတင် အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်၍ ရင်းနှီးမြှုပ်နှံခဲ့သည့် ငွေကြေးပမာဏကို အတိအကျ မသိရှိနိုင်ခဲ့သော်လည်း စက်မှုလက်မှု တိုးချဲ့ လုပ်ကိုင်ရေး ကော်ပိုရေးရှင်းက လွှဲပြောင်း လက်ခံယူရာတွင် ပါလာသော စာရွက်

၁။ **စတလက စက်ရုံများအကြောင်း အကျဉ်းချုပ်နှင့် ကုန်ထုတ်လုပ်မှုစစ်တမ်း**။ စာ -၁၁

၂။ **ဘိလပ်မြေစက်ရုံ အမှတ်(၁)သရက်**၊ စာ ၃၀၊ ၃၄

စာတမ်းများ အရ ၁၉၆၁-၆၂ ခုနှစ်အထိ ရင်းနှီးမြှုပ်နှံသည့် ငွေကြေး ပမာဏသည် ကျပ် ၆.၀၄၇ သိန်းခန့် ဖြစ်ကြောင်း သိရသည်။[၁]

စက်ရုံ၏ ကုန်ထုတ်စွမ်းအားမှာ တစ်နှစ်လျှင် အခင်းကျောက်ပြား ၂၆၀၀၀ စတုရန်းပေ၊ စားပွဲပြား ၃၀၀ စတုရန်းပေ၊ပန်းအိုးပန်းခွက် ၂၄၁ ခု၊ ဆေးလိပ်ပြာခွက် ၅၄၀၀ ခုနှင့်ထောင့်စွန်းကျောက် ၄၈ တန်ထုတ်လုပ်နိုင်သည်။ စက်ရုံတွင် ၁၉၆၃-၆၄ ခုနှစ်အထိ ကာယ၊ ဥာဏလုပ်သားပေါင်း ၆၈ ဦးရှိသည်။

မြန်မာနိုင်ငံသည် ဒုတိယ ကမ္ဘာ့စစ်ဘေးစစ်ဒဏ်ကို မလွှမလှခံခဲ့ရသဖြင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနနှင့် ပြည်သူ့ အိမ်ရာများ ပျက်စီးခဲ့ရာ ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများအတွက် အုတ်အထူး လိုအပ်သည်။ ထို့ပြင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ဘုရားပုထိုး၊ ကျောင်းဇရပ်များစသည့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ တာတမံများ၊ တံတားများ၊ ယဉ်ကျေးမှုပြတိုက်များ၊ စာကြည့်တိုက်များ၊ ပညာရေးဆိုင်ရာ ကျောင်းများ၊ တက္ကသိုလ်များစသည်တို့ကို တည်ဆောက်ရန်လည်း အုတ်သည် အဓိက လိုအပ်ပေသည်။ ထို့ကြောင့် အုတ်သည်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အဖွဲ့အစည်းကြီး၏ လူနေမှုအဆင့်မြင့်ရေးတွင် အရေးပါသည့်ပစ္စည်းတစ်ခုဖြစ်နေ၍ အုတ်စက်သစ်များတည်ဆောက်ရန် တော်လှန်ရေးကောင်စီအစိုးရက စိုင်းပြင်းစီစဉ်သည်။

ပြည်ထောင်စု အစိုးရ လက်ထက်က အင်းစိန်မြို့နယ်၊ ဒညင်းကုန်းတွင် အုတ်နှင့်အုတ်ကြွပ်စက်တစ်ခု ရှိခဲ့သည်။ မြန်မာနိုင်ငံတော်အစိုးရ အုတ်နှင့် အုတ်ကြွပ်စက်ဟု ခေါ်တွင်ကာ ၁၉၅၇-၅၈ ခုနှစ်မှ စတင်ကုန်ထုတ်လုပ်သည်။ စက်ရုံကို ပြည်သူ့လုပ်ငန်းနှင့်အိမ်ရာဆောက်လုပ်ရေးဌာနမှ တည်ဆောက် အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်သည်။ တစ်နှစ်လျှင် အုတ်ချပ်ရေ သိန်း ၁၆၀ မှ ၁၈၀ ဝန်းကျင်ထိသာ ထုတ်လုပ်နိုင်ခဲ့သည်။[၂]

တော်လှန်ရေး ကောင်စီလက်ထက်တွင် စက်ရုံကို ၁၉၆၂ ခု စက်တင်ဘာလ ၄ ရက်နေ့တွင် ပြည်သူ့လုပ်ငန်းနှင့် အိမ်ရာ ဆောက်လုပ်ရေးဌာနမှ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေးကော်ပို ရေးရှင်းသို့ လွှဲပြောင်းပေးပြီး ထိုနှစ် စက်တင်ဘာလ ဂ ရက်နေ့မှစ၍ အုတ်နှင့်အုတ်ကြွပ်စက် (စတလက)ဟူ၍ ပြောင်းလဲ ခေါ်ဝေါ်သည်။ အုတ်နှင့် အုတ်ကြွပ်စက်ရုံ လုပ်ငန်းကို ကြီးကြပ်ရန် အုတ်စက်အုပ်ချုပ်မှုကော်မတီကို အဖွဲ့ဝင် ၅ ဦးဖြင့် ဖွဲ့စည်းကာ စီမံကွပ်ကဲသည်။

၁။ ကျောက်ပြားစက်ရုံသမိုင်း၊ စာ ၄-၆

၂။ အုတ်စက်ရုံအမှတ်(၁)၊ ဒညင်းကုန်း၊ စက်မှုလက်မှုလုပ်ငန်းသမိုင်း၊ စာ ၃၆-

စတလကအုပ်ချုပ်မှုအောက်တွင် ဒညင်းကုန်းစက်ရုံမှ အုတ်နှင့် အုတ်ကြွပ်များ ထုတ်လုပ်သည်။ သို့သော် ဖက်စပ်ကော်ပိုရေးရှင်းများသည် အိမ်အမိုး မီးခံဘိလပ်မြေ အမိုးပြားများကို နိုင်ငံခြားမှ တင်သွင်းခဲ့ရာ ပြည်တွင်း လိုအပ်ချက်ထက် တင်သွင်းမှုက ပိုမိုနေ၍ အုတ်ကြွပ်အသုံးပြုမှုမှာ တဖြည်းဖြည်း နည်းလာသည်။ ထို့ကြောင့် အုတ်ကြွပ်ထုတ်လုပ်မှုကို ရပ်ဆိုင်းပြီး အုတ်များကိုသာ အဆက်မပြတ် ထုတ်လုပ်သည်။ အဆိုပါ စက်ရုံမှ အုတ်ကြွပ်နှင့် အုတ်အပြင် အစိုးရဌာနများက မှာယူသော မြေပိုက်အမျိုးမျိုးကိုလည်း ထုတ်လုပ်ပေးသည်။ အုတ်နှင့်အုတ်ကြွပ်စက် (ဒညင်းကုန်း) တွင် ၁၉၆၄ ခုနှစ်ခန့်ကစ၍ မီးခံအုတ်များ ထုတ်လုပ်ရန် စီစဉ်သည်။ ရှေ့ဘို ကျောက်မြောင်းရှိ အုတ်နှင့်အုတ်ကြွပ်စက်မှ ဂျပန်ပြည်လုပ် Friction Press ကိုလည်းကောင်း၊ မော်လမြိုင် ပန်းကန်စက်တွင် အုတ်ကြွပ်လုပ်ငန်းအတွက် အသုံးပြုခဲ့သော Friction Press ကိုလည်းကောင်း ဖြုတ်ယူကာ ဒညင်းကုန်းစက်တွင် တပ်ဆင်၍ မီးခံအုတ်စက် တည်ဆောက်သည်။ မီးခံအုတ်ကို ၁၉၆၅ ခုနှစ် ဧပြီလတွင်မှ စတင်ထုတ်လုပ်နိုင်ခဲ့သည်။[၁]

အုတ်နှင့် အုတ်ကြွပ် ထုတ်လုပ်မှု ပမာဏသည် ၁၉၅၇-၅၈ ခုမှ တော်လှန်ရေးကောင်စီ အစိုးရတက်သည့် ကာလ ၁၉၆၂-၆၃ ခုအထိ အောက်ပါအတိုင်းဖြစ်သည်။[၂]

အုတ်နှင့် အုတ်ကြွပ်အထွက်စာရင်း

(ထောင်ပေါင်း)

ခုနှစ်		ပထမနှစ်ဝက်		ဒုဘိယနှစ်ဝက်		စုစုပေါင်း	
		အုတ်	အုတ်ကြွပ်	အုတ်	အုတ်ကြွပ်	အုတ်	အုတ်ကြွပ်
၁၉၅၇-၅၈	....	၂၈၇၁	၂၈၁	၃၃၀၂	၁၀၂၁	၆၁၇၃	၁၃၀၁
၁၉၅၈-၅၉	....	၄၉၆၄	၅၇၆	၅၈၆၆	၇၈	၁၀၈၃၀	၆၅၄
၁၉၆၁-၆၂	....	၆၃၉၈	၉၄၀	၅၈၄၀	၅၃၅	၁၂၂၃၈	၁၄၇၅
၁၉၆၂-၆၃	....	၈၅၅၁	၁၄၈	၇၄၅၀	၁၃၀	၁၆၀၀၁	၂၇၀
၁၉၆၃-၆၄	....	၇၃၂၉	၃၄၅	....	....	....	....

အထက်ပါဇယားကို သုံးသပ်ကြည့်ပါက ၁၉၆၂-၆၃ ခုနှစ် အုတ်အထွက်မှာ လွန်ခဲ့သော နှစ်ကထက် ၃၀ ရာခိုင်နှုန်း ပိုမိုလာပြီး၊ အုတ်ကြွပ်အထွက်မှာ ၈၁ ရာခိုင်နှုန်း လျော့နည်း

၁။ **ဆိုရှယ်လစ်ဝဝနှစ်တာခရီး၊** စာ ၄

၂။ **ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးစစ်တမ်း၊** ၁၉၆၄၊ စာ ၄၇

သွားသည်။ အဓိကအတွက်အားဖြင့်သော် ၁၉၆၁-၆၂ ခုနှစ်က အုတ်ထောင်ပေါင်း ၁၂၂၃၀၊ အုတ်ကြွပ်ထောင်ပေါင်း ၁၄၇၅ ထုတ်လုပ်သည်။ ၁၉၆၂-၆၃ ခုနှစ်တွင် အုတ်ထောင်ပေါင်း ၁၆၀၀၁၊ အုတ်ကြွပ်ထောင်ပေါင်း ၂၇၁ သာထုတ်သည်။ ယခုကဲ့သို့ ပိုမိုလာခြင်းမှာ စတလင်လက်အောက်တွင် အုတ်များကို စက်အားဖြင့်သာမက လက်အားဖြင့်လည်း စမ်းသပ် လုပ်စေခြင်းကြောင့်ဖြစ်သည်။ ထိုသို့အုတ်များကို တိုးတက်ပြီး ထုတ်လုပ်သဖြင့်လည်း အုတ်ကြွပ်ထုတ်လုပ်မှု လျော့နည်းသွားသည်။ တော်လှန်ရေးကောင်စီ တက်လာပြီးနောက် စတလင အုပ်ချုပ်မှုအောက်ရှိ ဒဉ်းကုန်း အုတ်စက်သည် အခြေအနေပို၍ ကောင်းလာသည်။ ထုတ်လုပ်မှု အလားအလာ တိုးတက်လာသည်။ ထို့ကြောင့် အုတ်စက်တွင် ရှုံးစေးကြိတ်စက်သစ် တစ်ခု တပ်ဆင်ရန် စီစဉ်သည်။ ထိုစက်သစ် တပ်ဆင်ပြီးပါက ၁၉၆၄-၆၅ ခု နှစ်ဦးပိုင်းတွင် အုတ် သုံးသန်း ပိုမိုထွက်မည်ဟု ခန့်မှန်းသည်။ စက်ရုံတွင် အုတ်ရိုးရိုးသာမက ကြမ်းခင်း အုတ်ချပ်၊ ခေါင်းပုအုတ်၊ ရှုံစေးပိုက် စသည်တို့ကိုလည်း စမ်းသပ်ထုတ်လုပ်သည်။[၁]

မော်လမြိုင် မပုန်ရပ်ရှိ ပန်းကန်စက်သည် ပြည်ထောင်စု အဆိုးရလက်ထက် ၁၉၅၅ ခုကပင် စတလကလက်အောက်ရှိ စက်ရုံတစ်ရုံဖြစ်သည်။ စက်ရုံကို မူလတည်ဆောက်ခဲ့စဉ်က စံပြစက်ရုံတစ်ရုံအဖြစ် တည်ဆောက်ပြီး စက်မှုလက်မှု ပညာပေးဌာနမှ ပန်းကန်ခွက်ယောက်ထုတ်လုပ်နည်းများကို အခမဲ့ သင်ကြားပေးရန်နှင့် ပညာသင်များအား ထောက်ပံ့ကြေးပေး၍ ကြွေထည်မြေထည် ပညာများဖြန့်ဖြူးရန် ရည်ရွယ်သည်။[၂] တစ်နည်းအားဖြင့်ဆိုသော် အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများကို မြေတောင်မြောက်ပေးရန်၊ ပြည်တွင်းထွက် သယံဇာတ ကုန်ကြမ်းများသုံး၍ ကုန်ချော ထုတ်လုပ်ရန်နှင့် နိုင်ငံခြားမှ မှာယူသည့် ကြွေထည်များကို တစ်စိတ်တစ်ဒေသအားဖြင့် အစားထိုးရန် ရည်ရွယ်ခဲ့သည်။ စက်ရုံအကျယ်အဝန်းမှာ စုစုပေါင်း ၁၂.၆၉ ဧကဖြစ်ပြီး စက်ရုံအတွက် ၆.၈ ဧကနှင့် ဝန်ထမ်းအတွက် ၅.၈၉ ဧကဖြစ်သည်။

သင်တန်းများကို ၁၉၅၅ ခုနှစ် ဇန်နဝါရီလတွင်ပင် ဖွင့်လှစ်ခဲ့ပြီး ထုတ်လုပ်မှုကို ပညာပေးနမူနာအဖြစ် စတင်ဆောင်ရွက်ခဲ့သည်။ တော်လှန်ရေးကောင်စီ အစိုးရ တက်လာပြီးနောက် စက်ရုံကို စတလက၏ အုပ်ချုပ်မှုအောက်တွင် ဆက်လက်ထားရှိသည်။ ဌာနဆိုင်ရာများက မှာသော ကြွေသီး၊ ဘီယာခွက်၊ တယ်လီဖုန်းကြွေသီးများကို နမူနာအဖြစ် ၁၉၆၅ ခုနှစ် ဩဂုတ်လ မတိုင်မီက စတင်ထုတ်လုပ်သည်။ နောက်ပိုင်းတွင် ပန်းကန်ခွက်ယောက်များ စတင်ထုတ်လုပ်သည်။[၃]

၁။ **မြန်မာနိုင်ငံ စီးပွားရေးစစ်တမ်း**၊ ၁၉၆၄၊ စာ ၄၇
၂။ **ပန်းကန်စက်ရုံ (မော်လမြိုင်)**၊ စာ ၂၃
၃။ **ပန်းကန်စက်ရုံ (မော်လမြိုင်)**၊ စာ၂၃

စံပြ ပန်းကန်စက်ရုံ အဆောင့်တွင် Periodic Kiln အမျိုးအစား မီးဖို ၂ ခုထား၍ မီးဖိုအကြီးသည် တစ်ကြိမ်လျှင် ကြွေသီးနှင့်ပန်းကန်ခွက်ယောက် ၆၀၀၀ မီးဖုတ်နိုင်သည်။ မီးဖိုအငယ်မှာ တစ်ကြိမ်လျှင် ကြွေသီးနှင့်ပန်းကန်ခွက်ယောက် ၃၀၀၀ မီးဖုတ်နိုင်စွမ်းရှိသည်။ တစ်နှစ်လျှင် ပစ္စည်းအရေအတွက်အားဖြင့် ၃ သိန်းမှ ၃.၆ သိန်းအထိ ထုတ်လုပ်နိုင်သည်။

ဤသို့ ထုတ်လုပ်မှုကို အစမ်းသဘောဆောင်ရွက်နိုင်သော်လည်း ကုန်ကျစရိတ်များ၊ များပြားသည့်အတွက် စီးပွားရေးတွက်ခြေ မကိုက်သဖြင့် စက်ရုံ ပိတ်ပစ်ရန်အထိ စီစဉ်ခဲ့သည်။ တော်လှန်ရေးကောင်စီအစိုးရတက်လာပြီးနောက် စက်မှုလက်မှုဌာနအတွင်းဝန်နှင့်စက်မှုလက်မှုညွှန်ကြားရေးဝန်တို့သည် မော်လမြိုင် ပန်းကန်စက် အခြေအနေကို လေ့လာစိစစ်ကြသည်။ ၁၉၆၂ ခု စက်တင်ဘာလ ၁၈ ရက်နေ့တွင် စက်မှုလက်မှု ဌာနက စက်ရုံကို မပိတ်စေဘဲ ပြန်လည်ဖွဲ့စည်းသည့် စနစ်နှင့် အစမ်းသဘောထားရှိရန်၊ ကုန်သွယ်မှုစနစ်အရ ဆောင်ရွက်ရန်နှင့်အပို ငွေလုံးငွေရင်း အလုံးစုံတို့ မကုန်စေဘဲ မီးဖိုအား တိုးချဲ့ပြင်ဆင်ရန် ထပ်မံလမ်းညွှန်ခဲ့သည်။ ပန်းကန်စက်ရုံ (မော်လမြိုင်) အတွက် အရပ်ရပ် မတည်ရင်းနှီးကုန်ကျငွေသည် ၁၉၆၂-၆၃ ခုနှစ်အထိ ကျပ် ၇.၂၄ သိန်းဖြစ်သည်။

အထက်ကပြဆိုခဲ့သည့်အတိုင်း စက်ရုံမှာ မူလတည်ထောင်စဉ်က စက်မှုလက်မှု ပညာပေးဌာန အနေဖြင့် တည်ဆောက်ခဲ့ရ၍ စီးပွားရေးကုန်ထုတ်လုပ်မှု တွင်ကျယ်စွာ မဆောင်ရွက်ခဲ့သော်လည်း အိမ်သုံးပန်းကန်၊ ပန်းကန်ပြား စသည်တို့နှင့် လျှပ်စစ်ဓာတ်အားပေးဌာနသုံး ကြွေသီးမျိုးကို အောက်ပါအတိုင်း ထုတ်လုပ်နိုင်ခဲ့သည်။

ခုနှစ်	မြေထည်ကြွေထည်		(ထောင်ပေါင်း) လျှပ်စစ်ကြွေသီး
၁၉၆၀-၆၁	.... ၂၂၅		၁၀၅
၁၉၆၁-၆၂	.... ၂၀၁		၁၀၇
၁၉၆၂-၆၃	.... ၁၄၁		၁၀၇
၁၉၆၃-၆၄	.... ၁၄၁	(၁၉၆၄ ခုဇွန်ထိ)	၁၀၈ (၁၉၆၄ ခုဇွန်ထိ)

စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းသည် ပြည်ထောင်စုအစိုးရလက်ထက်ဘဉ် ပြည်တော်သာ စီမံကိန်းချမှတ် ချက်အရ ဖွဲ့စည်းခဲ့သော အဖွဲ့အစည်းဖြစ်သည်။ ထိုစဉ်ကပင် စီမံကိန်းက လျာထား သတ်မှတ်သော ပြည်သူပိုင်စက်ရုံများကို စတင်တည်ဆောက် အကောင် အထည်ဖော်ကာ ကုန်ထုတ်လုပ်မှုကို ကြီးပမ်းလာရာ အောင်မြင်သည့် အခန်းကဏ္ဍရှိသကဲ့သို့ အားနည်းချက်များလည်းရှိသည်။ တော်လှန်ရေးကောင်စီ အစိုးရတက်လာပြီးနောက် ၁၉၆၂ ခုနှစ်တွင် ယခင်စတလက အက်ဥပဒေ (၁၉၅၂)ကို ပြုပြင်ပြဋ္ဌာန်းသည်။ ပြည်သူပိုင်စက်ရုံ များကို ၁၉၆၂ ခုနှစ် ပြုပြင်ပြဋ္ဌာန်းသော စတလက အက်ဥပဒေနှင့်အညီ ဆက်လက်ကိုင်တွယ် အုပ်ချုပ်ဆောင်ရွက်သည်။ နိုင်ငံ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် တိုးချဲ့သင့်သည့် စက်ရုံ များကို တိုးချဲ့၍ အသစ်တည်ဆောက်သင့်သည်တို့ကို တည်ဆောက်ကာ ကုန်ထုတ်စွမ်းအားကို တိုးမြှင့်ခဲ့သည်။ ပြည်နယ်အစိုးရ လက်အောက်ရှိ စက်ရုံအချို့ကို ပြောင်းလဲ လက်ခံတာဝန် ယူကာ ဆက်လက်လုပ်ကိုင်သည်လည်း ရှိသည်။ တော်လှန်ရေး အစိုးရ လက်ထက် စက်မှု မူဝါဒအရ ပြည်သူပိုင်သိမ်းယူလိုက်သော စက်ရုံတို့လည်း ၁၉၆၃ ခုနှစ်မှစ၍ စတလကလက် အောက်သို့ ရောက်လာကြသဖြင့် စတလက စက်ရုံ ဦးရေတိုးပွားမှုသာ များပြားလာသည်။ မူလက စတလက တည်ထောင်သော ပြည်သူ့ ဆေးဝါးစက်ရုံသည် ဘီအီးဒီစီကို ပြည်သူပိုင်သိမ်းသော အခါ စတလက လက်အောက်သို့ ပြန်ရောက်လာပြန်သည်။ တော်လှန်ရေးကောင်စီ ကာလ ပြည်သူပိုင် စက်ရုံများ၏ လုပ်ရည်လုပ်အားနှင့် ဝန်းဆောင် ထုတ်လုပ်နိုင်မှု တင်ရလုံးသည် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း၏ အခန်းကဏ္ဍပင် ဖြစ်သေသည်။

အိမ်တွင်းအသေးစားစက်မှုလုပ်ငန်းများ

မြန်မာနိုင်ငံ စက်မှုလက်မှု လုပ်ငန်းကြီးငယ်များ တည်ထောင်ရေးကို အစိုးရက တာဝန်ယူ လုပ်ဆောင်သကဲ့သို့ ပုဂ္ဂလိက လုပ်ငန်းရှင်များကလည်း တစ်ဘက်တစ်လမ်းမှ တည်ထောင် လုပ်ဆောင်ကြသည်။ ထို့ကြောင့် စက်မှုလက်မှု လုပ်ငန်းတွင် ပြည်သူပိုင်နှင့် ပုဂ္ဂလိကဟူ၍ အနေးကဏ္ဍ နှစ်ရပ်ရှိနေသည်။ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းကို ၁၉၅၂ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ကာ အစိုးရပိုင် စက်မှုလုပ်ငန်းများ၊ စက်ရုံများကိုဦးစီးလုပ်ဆောင် သည့် အခြိန်မှစ၍ ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများကို စက်မှုလက်မှ ညွှန်ကြားရေးဝန် ဌာနက ကြီးကြပ်၍ လိုအပ်သည်တို့ကို ကူညီဆောင်ရွက်သည်။ စတလက လက်အောက်ရှိ အစိုးရ စက်မှုလုပ်ငန်းများနှင့် စီတိုး၍ ကွဲပြားခြားနားစေရန် ပုဂ္ဂလိကလုပ်ငန်းများကို ရှေး အခေါ် အတိုင်း အိမ်တွင်း အသေးစား စက်မှုလက်မှု လုပ်ငန်းများ[၁]ဟု ဆက်လက်ခေါ်တွင်

၁။ Small Scale Industries; Cottage Industries

သော်လည်း အချို့ပဂ္ဂလိက စက်မှုလုပ်ငန်းများ၏ ပမာဏမှာ မသေးလှချေ။ ပဂ္ဂလိက စက်ရုံများသည် နိုင်ငံတွင်း လိုအပ်ချက်ကို တစ်ဝိတ်တစ်ဒေသ ဖြည့်ဆည်းပေးနိုင်ကြပေသည်။ စားဝတ်နေရေး အမျိုးအစားအလိုက် ပဂ္ဂလိက စက်ရုံ သို့မဟုတ် လုပ်ငန်း အရေအတွက်လည်း မနည်းချေ။

ဗဟိုစာရင်းအင်းနှင့် ဝီးပွားရေးဌာနက ကောက်ယူသော စာရင်းအရ တော်လှန်ရေးကောင်စီအဖိုးရတက်စ ၁၉၆၂-၆၃ ခုနှစ်အတွင်းက စက်မှုလက်မှု လုပ်ငန်းကြီးငယ်ပေါင်း ၃၀၀၀ ခန့်နှင့် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းကလေးပေါင်း ၄၀၀၀ ခန့်ရှိသည်။ စက်မှုလက်မှု ညွှန်ကြားရေးဝန်ထုံးတွင် မှတ်ပုံတင်သော ပဂ္ဂလိက စက်မှုလုပ်ငန်းရှင်ပေါင်း ၂၅၀၀ ခန့်သာရှိသည်။ မှတ်ပုံမတင်သော သို့မဟုတ် ဝက်မှုလက်မှု ညွှန်ကြားရေး ဝန်ထုံးနှင့် မဆက်သွယ်သော လုပ်ငန်းရှင် ဦးရေမှာ လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီ အသီးသီးတို့ ကောက်ယူသော စာရင်းအရ ၈၀၀၀ ခန့်ရှိလေသည်။[1]

ပဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများသည် အမျိုးအမည် အရေအတွက် မနည်းလှသဖြင့် စက်မှုလက်မှု ညွှန်ကြားရေးဝန် ဌာန၏ တာဝန်လည်း ထွေပြား ကြီးမားသည်။ စက်မှုလက်မှုညွှန်ကြားရေးဝန်ဌာနသည် ရက်ကန်းအမတော်ကြေးနှင့် ပဂ္ဂလိကပိုင် စက်မှုလက်မှု လုပ်ငန်းများအား စက်မှုလက်မှု ထောက်ပံ့ကြေးများ ထုတ်ချေးသည်။ အဝိုးရ ရက်ကန်း ကျောင်း ၃၁ ကျောင်းကို ခရိုင်မြို့ကြီးများတွင် ဖွင့်လှစ်ပြီး ရက်ကန်း အတတ်ပညာကို ပြန့်ပွားစေသည်။ ယွန်းထည်လုပ်ငန်း သင်တန်းကျောင်းကို ပုဂံမြို့တွင် ဖွင့်လှစ်သင်ကြားပေးသည်။ အမရပူရ ဆောင်းဒါး ရက်ကန်းကျောင်းတွင် အဆင့်မြင့်သော ရက်ကန်း အတတ်ပညာကို သင်ကြားပေးသည်။ ဤနည်းဖြင့် နိုင်ငံအတွင်း ဝတ်မှုလိုအပ်ချက်ကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးရန် ရည်သန်ဆောင်ရွက်သည်။

ထို့ပြင် စက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာနသည် ဆောင်းဒါး ရက်ကန်းကျောင်းနှင့် ခရိုင်ရက်ကန်းကျောင်းများကိုလည်းကောင်း၊ ယွန်းထည်အတတ်သင်ကျောင်းကိုလည်းကောင်း စီမံခန့်ခွဲ၍ စက်မှုလက်မှုနှင့် ရက်ကန်း အမတော်ကြေးငွေများ ပြန်လည်ကောက်ခံရေးကို

၁။ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊ စာ ၃၅

ဆောင်ရွက်သည်။ မန္တလေး၊ မုံရွာ၊ မော်လမြိုင်၊ ပုသိမ်ရုံးခွဲများကို စီမံခန့်ခွဲ၍ ဝန်ထမ်းရေးရာ အုပ်ချုပ်ရေးကိစ္စများကိုလည်း ဆောင်ရွက်သည်။ ထို့အပြင် ပြည်တွင်း စက်မှုလက်မှုထုတ်ကုန် ပစ္စည်းများကို လူသိများ၍ အားပေးလာစေရန်အတွက် ပြည်တွင်းပြပွဲများ ကျင်းပခြင်း၊ နိုင်ငံခြားကုန်စည်ပြပွဲများတွင် ပါဝင်ပြသနိုင်ရန် စီစဉ်ခြင်းတို့ကို လုပ်ဆောင်သည်။

စက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာနသည် ကုန်ထုတ်လုပ်မှုကို တိုက်ရိုက်လုပ်ကိုင် ဆောင်ရွက်ခြင်းမပြုချေ။ ပုဂ္ဂလိက စက်မှုလုပ်ငန်းများ လည်ပတ်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊ မလိုအပ်သော စက်မှုလက်မှု လုပ်ငန်းများ တည်ထောင်ခြင်းကို တားဆီးခြင်း စသည့် တာဝန်များကိုသာ ဆောင်ရွက်သည်။

တော်လှန်ရေးအစိုးရတက်ပြီးနောက် ၁၉၆၃ ခုနှစ်မှစ၍ စက်မှုလက်မှုညွှန်ကြားရေးဝန်ဌာနသည် လုပ်ငန်းသစ်များ တည်ထောင်ရန် အဆိုပြုချက်များကို စီးပွားရေးရှုထောင့်၊ စက်မှုလက်မှု အတတ်ပညာဆိုင်ရာ ရှုထောင့်တို့မှ စိစစ်ပြီး လက်ခံစဉ်းစားခြင်း မပြုတော့ချေ။ သို့သော် ကျွမ်းကျင်မှု အကူအညီပေးရေးနှင့်စပ်လျဉ်း၍ စက်မှုလက်မှု လုပ်ငန်းများအတွက် နိုင်ငံခြားမှ ပညာရှင်များ ခေါ်ယူရေး၊ နိုင်ငံခြားသို့ သွားရောက်၍ ပညာသည်းပူးရေး ကိစ္စများကို စိစစ်ဆောင်ရွက်ပေးသည်။ အတတ်ပညာဆိုင်ရာ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများကိုလည်း ကျင်းပခဲ့၍ ကမ္ဘာ့အလုပ်သမား အဖွဲ့ချုပ်မှ ပါရဂူများ၏ အကူအညီဖြင့် စီမံခန့်ခွဲရေးနှင့် ကုန်ထုတ်နှုန်း တိုးတက်ရေး သင်တန်းများကို ဖွင့်လှစ်ပေးသည်။

ထို့ပြင် ကုန်ထုတ်လုပ်မှုစရိတ်သက်သာစေရေးအတွက် ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းများမှ လက်ရှိစက်ကိရိယာများကို ခေတ်မီအောင် ပြုပြင်မွမ်းမံနိုင်ရန် လျှောက်ထားချက်များကို ဦးစားပေး၍ စက်မှုလက်မှု ထောက်ပံ့ကြေးငွေများ ခွင့်ပြုခြင်း၊ စက်ကိရိယာ ဝယ်ယူတင်သွင်းခွင့်ထောက်ခံပေးခြင်းတို့ကို ဆောင်ရွက်သည်။ တော်လှန်ရေးအစိုးရလက်ထက်တွင် ကုန်သွယ်ရေး ကော်ပိုရေးရှင်းမှဝယ်ယူသော ကုန်ပစ္စည်းများအတွက် ဈေးနှုန်းသတ်မှတ်နိုင်ရန် ထုတ်လုပ်မှုစရိတ်များကို ၁၉၆၄ ခုနှစ်မှစ၍ တွက်ချက်တင်ပြသည်။ ပုဂ္ဂလိကပိုင် အသေးစားနှင့် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ၏ တိုးတက်ဖွံ့ဖြိုးရေး၊ ကုန်ထုတ်စွမ်းအားကောင်းမွန်ရေးတို့သည် စက်မှုလက်မှုညွှန်ကြားရေးဝန်ဌာန၏ စွမ်းဆောင်နိုင်မှုပေါ်တွင် များစွာမူတည်နေပေသည်။

အထူးသဖြင့် စက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာနသည် စတလကပေါ် ပေါက်လာပြီး နောက် အသေးစား ပဂ္ဂလိက စက်မှုလုပ်ငန်းများ ဖြစ်သော အစားအသောက်၊ အဖျော်ယမကာနှင့် သက်ဆိုင်သည့်လုပ်ငန်းများ၊ ဆေးရွက်လုပ်ငန်း၊ အဝတ်အထည်ရက်လုပ်ငန်း၊ ဖိနပ်နှင့် အဝတ်အထည်လုပ်ငန်းများ၊ ပရိဘောဂလုပ်ငန်း၊ စက္ကူ၊ စက္ကူနှင့်သက်ဆိုင်သော လုပ်ငန်း၊ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့်အလားတူလုပ်ငန်း၊သားရေနှင့်သားရေထည်လုပ်ငန်းများ၊ ရော်ဘာနှင့်ရော်ဘာပစ္စည်းလုပ်ငန်းများ၊ဓာတုဗေဒ၊ ဓာတုဗေဒနှင့် သက်ဆိုင်သောပစ္စည်းများ၊ သတ္တုမဟုတ်သည့်လုပ်ငန်းများ၊စက်ကိရိယာနှင့်သယ်ယူပို့ဆောင်ရေး တန်ဆာပလာများမှအပ သတ္တုလုပ်ငန်းများနှင့် ပလတ်စတစ်လုပ်ငန်းများစသည့် လုပ်ငန်းကြီး ၁၃ မျိုးတို့အတွက် မှတ်ပုံတင်ထားသော ပဂ္ဂလိက လုပ်ငန်းရှင်များအတွက် ကုန်ကြမ်းရရှိရေး၊ ထုတ်ကုန်ပစ္စည်း ဈေးနှုန်းသတ်မှတ်ရေး စသည်တို့ကို ဇောက်ချ၍ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ပေးသည်။

စက်မှုလက်မှုညွှန်ကြားရေးဝန်ရုံး၌ ကုန်ကြမ်းအတွက် လိုင်စင်လျှောက်ထားပြီး မှတ်ပုံတင်ထားသည့် ပဂ္ဂလိကစက်ရုံများ၏ ၁၉၆၂-၆၃ ခုနှစ်နှင့် ၁၉၆၃-၆၄ ခုနှစ် တတိယသုံးလပတ် အထိထုတ်လုပ်နိုင်မှု အခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရသည်။ စင်စစ်အားဖြင့် ပဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းကြီးငယ်များဦးရေသည် တစ်နိုင်ငံလုံး အတိုင်းအတာနှင့်သော် များစွာ ကျယ်ပြန့်များပြားသည်။ မှတ်ပုံတင်ထားသည့် လုပ်ငန်းများ၏ ထုတ်လုပ်မှုဒွန်းရည်ကိုသာ ဖော်ပြခြင်းဖြစ်ပါသည်။[၁]

အစားအသောက်နှင့် အဖျော်ယမကာလုပ်ငန်းများဖြစ်သော ပဂ္ဂလိက ဘိလပ်ရည်စက်ရုံ ၃၅ ရုံ၏ ထုတ်လုပ်မှုမှာ တစ်နှစ်တစ်ဆိုင်းလျှင် ပုလင်းဒါဇင်ပေါင်း ၁၅၀၀ နှင့် ၅၀၀၀၀ အကြားတွင်ရှိသည်။ ၎င်းစက်ရုံများမှ ၁၉၆၂-၆၃ ခုနှစ်တွင် ဘိလပ်ရည်ပုလင်း ဒါဇင်ပေါင်း ၂၆၆၂၂၁၁ ထုတ်လုပ်ခဲ့သည်။ ရောင်းချသည့်တန်ဖိုးအားဖြင့် ကျပ် ၇၉.၀၉ သိန်းဖိုးရှိသည်။ ၁၉၆၃-၆၄ ခုနှစ် တတိယသုံးလပတ်အထိ ထုတ်လုပ်နိုင်မှုပမာဏမှာ ဘိလပ်ရည် ပုလင်း ဒါဇင်ပေါင်း ၁၀၅၄၀၉၆ ဖြစ်၏။[၂] ရန်ကုန်မြို့ရှိ ဒဂုံဘိလပ်ရည်စက်၊ ဒိုင်းမွန်း ဘိလပ်ရည်စက်၊ မြန်မာရေခဲနှင့် ဘိလပ်ရည်စက်၊ ရှားရေခဲနှင့် ဘိလပ်ရည်စက်၊ မင်္ဂလာဘိလပ်ရည်စက်နှင့် မန္တလေးရှိ တောင်ပံကားဘိလပ်ရည်စက်၊ ဒါးတန်းဘိလပ်ရည်စက်၊ ရေခဲတောင်ဘိလပ်ရည်စက်၊ မော်လမြိုင်ရှိ နယူးဘားမားဘိလပ်ရည်စက်တို့မှာ ထုတ်လုပ်စွမ်းအားကောင်းသော ထင်ရှားတွင်ကျယ်သော ဘိလပ်ရည်စက်များ ဖြစ်ကြသည်။

၁။ မြည်ထောင်စု မြန်မာနိုင်ငံစီးပွားရေး စစ်တမ်း၊ ၁၉၆၄၊ စာ ၅၂-၅၉
၂။ မြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊ စာ ၅၂

ဘီစကွတ်မုန့် ထုတ်လုပ်မှုလည်း မနည်းလှချေ။ အမျိုးသားဘီစကွတ်၊ ကြည်ကြည် ဘီစကွတ်၊ ဘားမားဘီစကွတ်၊ နယူးဘားမား၊ လီဂျင်း၊ ဇာဘီ၊ ထိပ်တန်း၊ အေဝမ်း ဘီစကွတ် စသော စက်ရုံကြီးများအပါအဝင် ဘီစကွတ်စက်ရုံပေါင်း ၂၂ ရုံရှိသည်။ ထိုစက်ရုံတို့မှ ၁၉၆၂-၆၃ ခုနှစ်တွင် ဘီစကွတ်တန်ချိန် ၄၇၃၀ ထုတ်လုပ်နိုင်သည်။ ၁၉၆၃-၆၄ ခုနှစ် တတိယ သုံးလပတ်အထိ ထုတ်လုပ်နိုင်မှုပမာဏမှာ ဘီစကွတ်တန်ချိန် ၂၉၁၉ ဖြစ်သည်။ စက်ရုံများ၏ ကုန်ထုတ်စွမ်းအားမှာ တစ်နေ့တစ်ဆိုင်းလျှင် တန်ချိန် ၀.၃ မှ ၁၀ အထိရှိ၏။ ဘီစကွတ် စက်ရုံများအပြင် ပေါင်မုန့်နှင့် မုန့်ဖုတ်လုပ်ငန်း စက်ခွံပေါင်း ၅၂ ရုံရှိသည်။ ၁၉၆၂-၆၃ ခုနှစ်က မုန့် ၄၆၀၀ တန် ထုတ်လုပ်ရောင်းချရာ တန်ဖိုးအားဖြင့် ကျပ် ၈၉.၆၃ သိန်းဖိုးရှိသည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလဘင် မုန့်တန်ချိန် ၃၁၆၆ တန် ထုတ်ချဲ့ရောင်းရငွေ တန်ဖိုးမှာကျပ် ၆၆.၃၁ သိန်းဖြစ်သည်။[1]

ကော်ဖီမှုန့်စက်ခွံပေါင်း ၂၁ ရုံရှိသည့်အနက် ဘိတီဘထုးသားမှာ အထင်အရှားဆုံးဖြစ်၏။ ထိုစက်ရုံများသည် ၁၉၆၂-၆၃ ခုနှစ်က ကော်ဖီတန်ချိန် ၉၉၆ တန်ထုတ်လုပ်သည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလဘင် ၆၅၃ တန်ထုတ်သည်။ ကော်ဖီစက်ရုံများ၏ ပမာဏမှာ တစ်ခုနှင့်တစ်ခု ကွာခြားသဖြင့် စွမ်းရည်လည်းကွာလှသည်။ အချို့စက်ငယ်များသည် တစ်နေ့ တစ်ဆိုင်းလျှင် ပေါင်ချိန် ၂၀ သာထုတ်နိုင်သည်။ အချို့စက်ကြီးများမှာမူ တစ်နေ့တစ်ဆိုင်းလျှင် ပေါင်ချိန် ၄၀၀၀ အထိထုတ်လုပ်စွမ်းအားရှိသည်။ ၁၉၆၂-၆၃ ခုနှစ်က ကော်ဖီစက်ရုံများမှ ထုတ်လုပ် ရောင်းချသောကော်ဖီမှာ ကျပ် ၈၉.၆၃ သိန်းဖိုးရှိလေသည်။

မှတ်ပုံတင်ထားသော ပဂ္ဂလိကစည်သွတ်အစားအစာစက်ရုံ ၅ ရုံသာရှိသည်။ ၁၉၆၂-၆၃ ခုနှစ်က ထိုစက်ရုံများမှ စည်သွတ်အစားအစာသေတ္တာပေါင်း ၁၀၉၇၇ ထုတ်လုပ်၍ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလဘင် သေတ္တာပေါင်း ၈၂၃၂ ထုတ်လုပ်သည်။ စက်ရုံများ၏ ကုန်ထုတ်စွမ်း အားမှာ တစ်နေ့တစ်ဆိုင်းလျှင် သေတ္တာပေါင်း ၁၂၀၀ မှ ၃၈၉၀ အထိ ထုတ်လုပ်နိုင်သည်။ ၁၉၆၂-၆၃ ခုနှစ်အတွင်းက စည်သွတ်အစားအစာထုတ်လုပ်ရောင်းချမှုသည်ကျပ် ၄.၈၈ သိန်းဖိုး ရှိသည်။ ထို့အတူ ပဂ္ဂလိကနို့ဆီလုပ်ငန်းစက်ရုံ ၈ ရုံမှ ၁၉၆၂-၆၃ ခုနှစ်က နို့ဆီသေတ္တာပေါင်း ၂၂၇၄၇ ထုတ်လုပ်သည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် သေတ္တာပေါင်း ၁၇၀၆၁ ထုတ်လုပ် သည်။ စက်ရုံများ၏ ကုန်ထုတ်စွမ်းအားမှာ တစ်နေ့တစ်ဆိုင်းလျှင် နို့ဆီသေတ္တာ ၂၀ နှင့်

၁။ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊ စာ ၅၂

၈၀ အကြားထုတ်လုပ်နိုင်သည်။ ပဂ္ဂလိကစက်ရုံများမှ နို့ဆီထုတ်လုပ်ရောင်းချငွေမှာ ၁၉၆၂-၆၃ ခုနှစ်က ကျပ် ၁၀.၉၂ သိန်းဖိုးရှိသည်။[၁]

အဖျော်ယမကာလုပ်ငန်းတွင် မှတ်ပုံတင်ထားသော ပဂ္ဂလိက စက်ရုံပေါင်း ၁၁ ရုံရှိသည်။ ဘီအီးဒီစီ လက်အောက်ရှိ မန္တလေး ဗျစ်စက်ရုံမှာ အကြီးဆုံးဖြစ်သည်။ ကမာရွတ် (ဒီ-၁) မြန်မာအရက်ချက်ရုံ၊ ဖီးနစ်အရက်ချက်စက်ရုံ မော်လမြိုင်တို့လည်း ထင်ရှားသည်။ ထိုအရက်ချက်စက်ရုံတို့မှ ၁၉၆၂-၆၃ ခုနှစ်တွင် ပုလင်းဒါဇင်ပေါင်း ၁၈၁၉၅ ထုတ်လုပ် ရောင်းချသော တန်ဖိုးသည် ကျပ် ၅.၁၇ သိန်းဖြစ်၏။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလအတွင်း ထုတ်လုပ်မှုမှာ ပုလင်းဒါဇင်ပေါင်း ၁၀၈၆၃ ဖြစ်သည်။ စက်ရုံများ၏ ကုန်ထုတ်စွမ်းအားသည် ပုလင်းဒါဇင်ပေါင်း ၁၀၀၀ နှင့် ၂၀၁၁ အကြားတွင်ရှိသည်။[၂]

စားသောက်ကုန် လုပ်ငန်းတွင် ခေါက်ဆွဲ (အစိုနှင့်အခြောက်) လုပ်ငန်းသည် တွင်ကျယ်သော လုပ်ငန်းတစ်ခုဖြစ်သည်။ ဆန်အဓိက စားသုံးသော နိုင်ငံတစ်ခု ဖြစ်သော်လည်း လူနေမှု အဆင့်အတန်း တိုးမြင့်လာသော မြို့နေလူတန်းစားတို့၏ ခေတ်မီ စားသောက်ကုန်များတွင် ခေါက်ဆွဲသည် ထိပ်တန်းနေရာမှ ပါဝင်လာသည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းပေးသော ခေါက်ဆွဲအစို၊ အခြောက်လုပ်ငန်း စက်ရုံပေါင်း ၎၎ ရုံရှိသည်။ အချို့ခေါက်ဆွဲစက်များသည် အိမ်တွင်းမိသားစုလုပ်ငန်းမျှသာဖြစ်သည်။ စံကား ခေါက်ဆွဲခြောက်စက်ရုံ၊ စိန်ဘိမာကရိုနီစက်ရုံ၊ မြန်မာ-တရုတ် ခေါက်ဆွဲလုပ်ငန်း၊ ပြည်ထောင်စု ခေါက်ဆွဲ မြူစွမ်စက်ရုံတို့မှာ ထင်ရှားသော ခေါက်ဆွဲစက်ရုံကြီးများဖြစ်သည်။ ၁၉၆၂-၆၃ ခုနှစ်အတွင်းက စက်ရုံများမှ ခေါက်ဆွဲတန်ချိန် ၄၄၅၄ ထုတ်လုပ်၍ ၁၉၆၃-၆၄ ခုနှစ် ပထမ ကိုးလတွင် ၃၂၂၆ တန် ထုတ်လုပ်သည်။ ခေါက်ဆွဲစက်ရုံတို့၏ ကုန်ပစ္စည်း ရောင်းရတန်ဖိုးငွေမှာ ၁၉၆၂-၆၃ ခုနှစ်က ကျပ် ၆၁.၃၈ သိန်းဖြစ်သည်။ စက်ရုံများ၏ ကုန်ထုတ်စွမ်းအားသည် တစ်နေ့လျှင် ၀.၅ တန်နှင့် ၆ တန်အကြားတွင်ရှိသည်။[၃]

စက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာနတွင် မှတ်ပုံတင်ထားသော ပဂ္ဂလိက သကြားလုံး လုပ်ငန်း စက်ရုံပေါင်း ၂၇ ရုံရှိသည်။ သကြားလုံး လုပ်ငန်းစက်ရုံဟူ၍ သီးခြား တည်ရှိခြင်း မဟုတ်ဘဲ အခြားစားသောက်ကုန် လုပ်ငန်း အထူးသဖြင့် မုန့်လုပ်ငန်းများနှင့် တွဲဖက်လုပ်ကိုင်

၁။ **စီးပွားရေးစစ်တမ်း**၊ ၁၉၆၄၊ စာ ၅၂-၃
၂။ **စီးပွားရေးစစ်တမ်း**၊ ၁၉၆၄၊ စာ ၅၃
၃။ **စီးပွားရေးစစ်တမ်း**၊ ၁၉၆၄၊ စာ ၅၃

ခြင်းကများသည်။ မုန့်ပဲသရေစာ လုပ်ငန်းဖြစ်သော်လည်း လုပ်ငန်းပမာဏနှင့် တွင်ကျယ်မှု မသေးလှချေ။ ၁၉၆၂-၆၃ ခုနှစ်က သကြားလုံးတန်ချိန် ၁၉၈၄ ထွက်ခဲ့သည်။ ရောင်းရ တန်ဖိုးအားဖြင့် ကျပ် ၅၃.၃၃ သိန်းဖိုးဖြစ်၏။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ၁၆၇၄ တန်ထုတ်လုပ်နိုင်၍ ရောင်းရငွေ ကျပ် ၃၇.၅၀ သိန်းရရှိခဲ့သည်။ စက်ရုံများ၏ ကုန်ထုတ်လုပ်မှု စွမ်းအားမှာ တစ်နေ့တစ်ဆိုင်းဖြင့် ပေါင်ချိန် ၂၀၀ နှင့် ၂၂၀၀ အကြားထုတ်လုပ်နိုင်သည်။ စက်ရုံအကြီးအသေး ပမာဏ ကွာခြားကြောင်း သိသာသည်။

ကြာဆံသည် အသုံးတွင်ကျယ်သော မြန်မာ့စားသုံးကုန် တစ်ခုဖြစ်သည်။ သမားရိုးကျ အဓိကစားကုန် မဟုတ်သော်လည်း ခေတ်သစ်မြန်မာ့ လူနေမှု အသိုက်အဝန်းသို့ တိုးဝင်လာသော စားကုန်ဖြစ်သည်။ ကြာဆံစက်ရုံပေါင်း ၄ ရုံရှိ၏။ ကြာဆံစက်ရုံဟု သီးခြားအမည်နာမဖြင့် မဟုတ်ဘဲ အများအားဖြင့် ခေါက်ဆွဲခြောက်၊ မြှုစွမ်လုပ်ငန်းများနှင့် တွဲဖက်နေသည်။ နယူးဘားမား ရောင်းဝယ်ရေး လီမိတက် (ကော်စက်) စိန်ဘိမာကရိန်လုပ်ငန်း၊ ပြည်ထောင်စု ခေါက်ဆွဲမြှုစွမ်လုပ်ငန်း စသည်တို့သည် ကြာဆံလည်း ထုတ်လုပ်သော စက်ရုံများဖြစ်သည်။ ထိုစက်ရုံများက ၁၉၆၂-၆၃ ခုနှစ်တွင် ကြာဆံ ၂၆၆ တန်ထုတ်လုပ်၍ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ၁၉၈ တန်ထုတ်လုပ်သည်။ ရောင်းရတန်ဖိုးအားဖြင့် ကျပ် ၅.၇၇ သိန်းနှင့် ကျပ် ၄.၃၃ သိန်း အသီးသီးဖြစ်၏။ စက်ရုံများ၏ ကုန်ထုတ်စွမ်းအားမှာ တစ်နေ့တစ်ဆိုင်းလျှင် တန်ချိန် ၀.၇၅ မှ ၂ တန်အကြားရှိသည်။

ကွမ်းဆေးလက်ဖက်သည် မြန်မာတို့အတွက် အစဉ်အလာကပင် အဓိကမဟုတ်သော်လည်း မရှိမဖြစ် နေ့စဉ်သုံး စားကုန်များဖြစ်ကြသည်။ ထို့ကြောင့် ဆေးရွက် ဆေးလိပ်လုပ်ငန်းသည် ခေတ်အဆက်ဆက်ကပင် တွင်ကျယ်လှသည်။ ၁၉၆၂-၆၃ ခုနှစ်က မှတ်ပုံတင်ထားသော ဆေးပြင်းလိပ် လုပ်ငန်း ၁၃ ခုရှိသည်။ ၁၉၆၂-၆၃ ခုနှစ်အတွင်းက ဆေးပြင်းလိပ်ထောင်ပေါင်း ၃၁၆၅၀ ထုတ်လုပ်သည်။ ရောင်းရငွေ တန်ဖိုးမှာ ကျပ် ၁၄.၄၂ သိန်း ဖြစ်သည်။ ဆေးပြင်းလိပ် လုပ်ငန်းနှင့် ဆေးပေါ့လိပ် လုပ်ငန်းသည် မြို့ကြီး၊ မြို့ငယ်တိုင်း လိုလိုတွင် ရှိသော လုပ်ငန်း ဖြစ်သည်။ သို့သော် မှတ်ပုံတင်ထားသော ဆေးပေါ့လိပ် လုပ်ငန်း ၃ ခုသာ ဘွေ့ရသည်။ ထိုလုပ်ငန်း ၃ ခုမှ ၁၉၆၂-၆၃ ခုနှစ်က ဆေးပေါ့လိပ် အရေအတွက် ထောင်ပေါင်း ၁၀၁၁၈၅၃ ထုတ်လုပ်၍ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ဆေးပေါ့လိပ် ထောင်ပေါင်း ၈၅၆၅၇ ထုတ်လုပ်

၁။ နယူးဘားမားရောင်းဝယ်ရေးလီမိတက် (ကော်စက်) အစီရင်ခံစာ

၂။ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊ စာ ၅၃

သည်။ ဆောင်းရာသီဖိုးမှာ ကျပ် ၂၀.၈၁ သိန်းနှင့် ကျပ် ၁၈.၆၁သိန်း အသီးသီး ဖြစ်ကြသည်။[၂] မှတ်ပုံတင်ထားခြင်း မရှိသော လုပ်ငန်းငယ်များ၏ ထုတ်လုပ်မှုနှင့် ကုန်တန်ဖိုးသည်လည်း တစ်နှိုင်းလုံး အတိုင်းအတာနှင့်သော် နည်းမည်မဟုတ်ချေ။ ဆေးရွက် ဆေးလိပ်လုပ်ငန်းတွင် လင်ကွန်း ဆေးတံသောက်ဆေး လုပ်ငန်းနှင့် အလားတူ လုပ်ငန်းများလည်း ရှိပေသည်။

အဝတ်အထည် ရက်လုပ်ခြင်းဆိုင်ရာ ပဂ္ဂလိက စက်ရုံများမှာ စောင်စက်၊ ရေယှဉ်ချည်ထည်စက်၊ ရေယှဉ်နိုင်လွန်စက်၊ စွပ်ကျယ်စက်၊ မျက်နှာသုတ်ပဝါစက်၊ သိုးမွေးထိုးစက်၊အဝတ်အထည် အမျိုးမျိုး ရက်လုပ်သောစက်၊ ပိုးထည်စက် စသည်ဖြင့် စက်အမျိုးမျိုးရှိသည်။ မှတ်ပုံတင်ထားသော စက်ရုံ အလုပ်ရုံ ဦးရေလည်း မနည်းလှချေ။ ထိုစက်များအနက် မှတ်ပုံတင်ထားသော စောင်စက် ၁၂ စက် ရှိသည်။စတား၊ ရွှေပျား၊ ဂွေပြည်တော်၊ ဆင်ပို့၊ ခေတ္တရာ၊ ဒေါ်သိန်း၊ စစ်သူကြီး၊ မာဃ၊ ဗန္ဓုလ၊ စိန်အောင် စောင်စက် တို့မှာ အထူးထင်ရှားသည်။ စောင်စက်များသည် ၁၉၆၂-၆၃ ခုနှစ်အတွင်းက စောင် ၅၀၀၁၂၂ ထည် ထုတ်လုပ်ရရှိ ၁၉၆၃-၆၄ ခုနှစ် ယာမကိုးလဘွင် စောင် ၄၉၃၇၀၆၅ ထည်ထုတ်လုပ်နိုင်သည်။ စက်ရုံများ၏ ကုန်ထုတ်စွမ်းအားသည် တစ်နေ့တစ်ဆိုင်းလျှင် စောင် ၃၃ ထည်မှ ၆၁၆ ထည် အတွင်းရှိသည်။ စက်ရုံအကြီးအသေး ပမာဏ မတူကြချေ။ ထုတ်လုပ်သော စောင်များ၏ ဆောင်းရာတန်ဖိုးသည် ကျပ် ၂၀၇.၇၂ သိန်းနှင့် ကျပ် ၅၂.၅၀ သိန်းဖြစ်သည်။[၃]

ခေတ်မီ တိုးတက်လာသော မြန်မာနိုင်ငံတွင်, ကမ္ဘာ့နိုင်ငံကြီးငယ်များနည်းတူ သဘာဝချည်ထည် ပိုးထည်များသာမက ဓာတုဗေဒ နည်းစနစ်များဖြင့် ထုတ်လုပ်သော ရေယှဉ်၊ နိုင်လွန် စသော အဝတ်အထည်များကို လိုလိုလားလား ပိုမိုဝတ်ဆင် သုံးစွဲလာကြသည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်း ပေးရန် နိုင်ငံခြားမှ မှာယူဘောင်သွင်း သက်သို့ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်လည်း ကြိုးပမ်းခဲ့သည်။ အစိုးရ၏ အားပေးကူညီမှုကို ရယူ၍ ပဂ္ဂလိက လုပ်ငန်းရှင်များသည် ရေယှဉ်စက်၊ နိုင်လွန်စက်များကို အပြိုင်အဆိုင် တည်ထောင်ကြသည်။ အစိုးရထံ မှတ်ပုံတင်၍ တည်ထောင်ထားသော ရေယှဉ်ချည်ထည် စက်ရုံပေါင်း ၃၃၀ ရှိသည်။ ထိုစက်ရုံများမှ ၁၉၆၂-၆၃ ခုနှစ်တွင်အထည်ကိုက်ပေါင်း ၁၈၃၇၅၀၀၀ကိုက်၊ ကျပ် ၂၇၅.၆၃သိန်းဖိုး

၁။ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊ စာ ၅၃

၂။ စက်မှုလက်မှုဌာန အမိန့်ကြော်ငြာစာအမှတ် ၁၁၅၊ နေ့စွဲ ၁၆-၁၂-၆၈

၃။ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊ စာ ၅၃-၅၄

ထုတ်လုပ်ခဲ့ပြီး ၁၉၆၃-၆၄ ခုနှစ် ပထမ ကိုးလအတွင်း အထည်ကိုက်ပေါင်း ၁၃၂၀၀၀၀ ကိုက် ကျပ် ၁၉၈.၄၅ သိန်းဖိုး ထုတ်လုပ်သည်။ စက်ရုံများ၏ ထုတ်လုပ်စွမ်းအားမှာ တစ်နေ့တစ်ဆိုင်း လျှင် ကိုက်ပေါင်း ၅၀ နှင့် ၁၂၀၀ အတွင်း ထုတ်လုပ်နိုင်သည်။[၁]

တော်လှန်ရေး ကောင်စီတက်စ ကာလတွင် မှတ်ပုံတင်ထားသော ပုဂ္ဂလိကပိုင် ရေယှဉ် နိုင်လွန် အထည်စက်ရုံ ၁၄ ရုံရှိသည်။ ၎င်းတို့အနက် ဘုရင်မနိုင်လွန်စက်၊ ဟံသာအေး၊ မြန်မာပြည် နိုင်လွန် အထည်စက်၊ ဗမာ့နိုင်လွန်ဇာနှင့် အထည်စက်၊ မြနိုင်လွန်အထည်စက်၊ မျိုးချစ် စွပ်ကျယ်နှင့် နိုင်လွန်စက်၊ နေရှင်နယ် ရေယှဉ်စက်၊ သင်းကြူကြူ နိုင်လွန်စက်၊ သမိုင်း ရေယှဉ်စက်၊ ချစ်စဖွယ် ရေယှဉ်စက်၊ ဒဂုံမိလ် နိုင်လွန်စက်တို့မှာ ထင်ရှားသည်။ ၁၉၆၂-၆၃ ခုနှစ်အတွင်းက ထိုရေယှဉ်စက် နိုင်လွန်စက်များမှ အထည်ကိုက်ပေါင်း ၆၄၁၃၃၆ ကိုက် ထုတ်လုပ်၍ ၁၉၆၃-၆၄ ခုနှစ် ပထမ ကိုးလတွင် ကိုက်ပေါင်း ၄၀၄၅၂၄၉ ကိုက် ထုတ်လုပ် ကာ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်း ပေးခဲ့သည်။ ရောင်းရငွေ တန်ဖိုးမှာ ကျပ် ၁၂၆.၂၈ သိန်းနှင့် ကျပ် ၈၀.၉၁ သိန်းအသီးသီးဖြစ်သည်။ စက်ရုံများ၏ ကုန်ထုတ်စွမ်းအားမှာ တစ်နေ့ တစ်ဆိုင်းလျှင် အထည်ကိုက်ပေါင်း ၃၆၀ မှ ၂၆၀၀ အတွင်း ထုတ်လုပ်နိုင်သည်။ အလားတူပင် ပိုးတုချည်တု ရက်လုပ်သော စက်ရုံ ၁၁ ရုံရှိသည်။ ရွှေနန်းတော် ချည်နှင့် ပိုးတုရက်သည် ထင်ရှား၏။ ၁၉၆၂-၆၃ ခုနှစ်တွင် ကိုက်ပေါင်း ၄၁၁၉၁၁၃ ကိုက် ထုတ်လုပ်၍ ၁၉၆၃-၆၄ ခုနှစ် ပထမ ကိုးလအတွင်း ၃၀၇၀၈၇၇ ကိုက် ထုတ်လုပ်သည်။[၂]

စွပ်ကျယ်လုပ်ငန်းသည်လည်း တွင်ကျယ်သော အရေးပါသော အထည်အလိပ်လုပ်ငန်း တစ်ခုဖြစ်သည်။ တော်လှန်ရေး ကောင်စီတက်စ ကာလက မှတ်ပုံတင်ထားသော ပုဂ္ဂလိက စွပ်ကျယ်စက်ကြီးငယ်ပေါင်း ၁၂၃ ရုံရှိသည်။ အာမတ်တရော့စွပ်ကျယ်စက်၊ ဗမာ့စွပ်ကျယ် ချည်မျင်နှင့် အထည်စက်၊ ဇော်ဘင်စိန်ကူမွဖ (ရွှေကျီးစွပ်ကျယ်လုပ်ငန်း)၊ မျိုးချစ်စွပ်ကျယ်နှင့် နိုင်လွန်စက်၊ ပိုဒါစွပ်ကျယ်စက်တို့မှာ ထင်ရှားသော စွပ်ကျယ်စက်ကြီးများ ဖြစ်ကြသည်။ အိမ်တွင်း မိသားစုလုပ်ငန်း ငယ်ကလေးများ၊ အခြား အထည်လုပ်ငန်းနှင့် တွဲဖက်လုပ်သော လုပ်ငန်းများ ဦးရေက ပိုများသည်။ စွပ်ကျယ်စက်ရုံကြီးငယ်တို့သည် ၁၉၆၂-၆၃ ခုနှစ်အတွင်း ကစွပ်ကျယ် အချည်အစား အမျိုးမျိုး ဒါဇင်ပေါင်း ၁၂၂၂၂၂ ထုတ်လုပ်သည်။ ၁၉၆၃-၆၄ ခု

၁။ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊ စာ ၅၃
၂။ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊ စာ ၅၄

ပထမ ကိုးလတွင် ဂျဖဉဂုဉ ဒါဇင် ထုတ်နိုင်သည်။ စုပ်ကျယ်များ ဆောင်းရတန်ဖိုးသည် ကျပ် ၂၄-၎၉ သိန်းနှင့် ကျပ် ၁၆၅-၂၀ သိန်း အသီးသီးဖြစ်သည်။ ထိုစက်ခွံကြီးငယ်များသည် တစ်နေ့တစ်ဆိုင်းလျှင် စုပ်ကျယ် ဒါဇင်ပေါင်း ၄၀ မှ ၂၀၀ အကြား ထုတ်နိုင်သည်။[၁]

အချို့ပုဂ္ဂလိက ချည်မျှင်စက်၊ အထည်စက်တို့သည် အပ်ချည်ကိုပါ ပူးတွဲထုတ်လုပ်ကြသည်။ မြန်မာညွှန့် အပ်ချည် ထုတ်လုပ်ရေး စက်ခွံသည် အပ်ချည်နှင့် ချည်ခင်အညှိများပါ ထုတ်လုပ်သည်။ များသောအားဖြင့် အပ်ချည်စက် အမည်ဖြင့် သီးခြားစက်ကြီးစက်ငယ် တည်ထားခြင်း မရှိခေါ့။ အပ်ချည်ထုတ်လုပ်သည်ဟု မှတ်ပုံတင်သော စက်ခွံ ၇ ခွံရှိသည်။ ထိုစက်များမှ ၁၉၆၂-၆၃ ခုနှစ်အတွင်းက အပ်ချည် ဂရွတ်ပေါင်း ဂ၃၀ဂဂ၀ ထုတ်လုပ်ခဲ့ပြီး ၁၉၆၃-၆၄ ခုနှစ် ပထမ ကိုးလတွင် အပ်ချည် ဂရွတ်ပေါင်း ၆၂၅၀၀ ထုတ်လုပ်သည်။

မျက်နှာသုတ်ပဝါသည် ပြည်သူတို့အတွက် နေ့စဉ်သုံး အဝတ်အထည် တစ်ခုဖြစ်သည်။ ရှေးယခင်အခါများက မျက်နှာသုတ်ပဝါကို မြို့သုံးပစ္စည်းဟု သတ်မှတ်နိုင်ရန် ရှိသော်လည်း လွတ်လပ်ရေး ရပြီးသော နောက်ပိုင်းတွင် တောရောမြို့ပါ အသုံးများလာသည်။ ထို့ကြောင့် မျက်နှာသုတ်ပဝါ ရက်လုပ်သော လုပ်ငန်းသည် ဧငဝင် ကောင်းသော လုပ်ငန်း တစ်ခု ဖြစ်လာသည်။ တော်လှန်ရေး ကောင်စီတက်စ ကာလက မှတ်ပုံတင်ထားသော မျက်နှာသုတ် ပဝါစက်ခွံ ၃၆ ခွံရှိသည်။ မျက်နှာသုတ် ပဝါစက် အမည်ဖြင့် သီးခြားတည်ရှိမှု နည်းသည်။ ရွှေနန်းတော် ချည်နှင့် ပိုးတုစက်တွင် မျက်နှာသုတ်ပဝါ ရက်ကန်းစင် ၁၁ စင်ရှိသကဲ့သို့ အခြား အထည်စက်များတွင်လည်း ပူးတွဲထုတ်လုပ်မှု များသည်။ ထိုစက်ခွံများမှ ၁၉၆၂-၆၃ ခုနှစ်တွင် ကျပ် ၆၀.၃၀ သိန်းဖိုး ရှိသော မျက်နှာသုတ် ပဝါ ဒါဇင်ပေါင်း ၂၇၄၄၅၅ ထုတ်လုပ်ခဲ့သည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် မျက်နှာသုတ် ပဝါ ၁၉၅၅၀ ဒါဇင် ထုတ်လုပ်ရ၍ ကျပ် ၄၃.၀၂ သိန်းဖိုးဆောင်းရသည်။ ထိုစက်ခွံများ၏ ကုန်ထုတ်စွမ်းအားမှာ တစ်နေ့ တစ်ဆိုင်းလျှင် ၉ ဒါဇင် နှင့် ၅၀ ဒါဇင်အကြား ထုတ်နိုင်သည်။[၂] နိုင်ငံလှည်းလေနှင့် စာလျှင် စက်ခွံ ၃၆ ခွံမှ ထုတ်လုပ်သော ပစ္စည်းသည် နည်းသေးသည်ဟု ဆိုရပေမည်။ လိုအပ်ချက် တစ်စိတ်တစ်ဒေသကိုသာဖြည့်ဆည်းနိုင်သည့် အခြေတွင်ရှိသည်။

အထည်လုပ်ငန်းတွင် ဇာထိုးလုပ်ငန်း စက်များလည်း အကျုံးဝင်သည်။ များသော အားဖြင့် အထည်စက်ခွံများသည် ဇာထိုးလုပ်ငန်းကိုပါ ပူးတွဲလုပ်ကိုင်သည်။ ရန်ကုန်အထည်

၁။ **စီးပွားရေးစစ်တမ်း** ၁၉၆၄၊ စာ ၅၃-၅၄

၂။ **စီးပွားရေးစစ်တမ်း**။ ၁၉၆၄၊ စာ ၅၄

စက်ရုံတွင် ဇာထိုးစက် ၁၅ လုံးရှိသည်။[၁] မှတ်ပုံတင်ထားသော ဇာထိုးလုပ်ငန်း စက်ရုံ ၁၇ ရုံမှ ၁၉၆၂-၆၃ ခုနှစ်အတွင်း ဇာကိုက်ပေါင်း ၂၀၄၅၈၇၃ ထုတ်လုပ်သည်။ ၁၉၆၃-၆၄ ခုနှစ် ပထမ ကိုးလတွင်မူ ၁၃၁၀၇၅၄ ကိုက် ထုတ်သည်။ အသေးဆုံး စက်ရုံသည် တစ်နေ့တစ်ဆိုင်းလျှင် ဇာကိုက် ၁၀၀ ခန့်ထုတ်လုပ်နိုင်၍ စွမ်းအား အကြီးဆုံးစက်ရုံသည် တစ်နေ့တစ်ဆိုင်းလျှင် ဇာ ကိုက်ပေါင်း ၁၂၄၀ ထိထုတ်နိုင်သည်။ ဇာရောင်းရတန်ဖိုးလည်း မနည်းလှချေ။ ၁၉၆၂-၆၃ ခုနှစ် က ကျပ် ၇၁-၆၁ သိန်းဝင်၍ ၁၉၆၃-၆၄ ခုနှစ် ပထမ ကိုးလတွင် ကျပ် ၄၅-၆၀ သိန်းဝင်ခဲ့သည်။[၂]

မှတ်ပုံတင်ထားသော သိုးမွေးထိုး စက်ရုံပေါင်း ၇၅ ရုံရှိသည်။ ၁၉၆၂-၆၃ ခုနှစ်အတွင်းက သိုးမွေးထည် ဒါဇင်ပေါင်း ၈၃၁၉၃ ထုတ်လုပ်၍ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် သိုးမွေး ထည် ၄၃၆၉၈ ဒါဇင်ထုတ်လုပ်သည်။ ရောင်းရတန်ဖိုးမှာ ကျပ် ၄၄-၉၃ သိန်းနှင့် ကျပ် ၂၃-၆၀ သိန်းဖြစ်၏။ သိုးမွေးစက်များ၏ ကုန်ထုတ်စွမ်းအားမှာ တစ်နေ့တစ်ဆိုင်းလျှင် သိုးမွေးထည် ၂၀ မှ ၂၈၀ အထိ ထုတ်နိုင်သည်။

တော်လှန်ရေး ကောင်စီတက်စက အဝတ်အထည် လုပ်ငန်းဆိုင်ရာတွင် မှတ်ပုံတင်ထား သောတိပ်ကြိုး၊ ပေကြိုးပြားနှင့် တံဆိပ်ရိုက် လုပ်ငန်းစက်ရုံပေါင်း ၁၇ ရုံလည်းရှိသည်။ ထိုစက် ရုံများမှ ၁၉၆၂-၆၃ ခုနှစ်အတွင်းက ပစ္စည်းကိုက်ပေါင်း ၂၄၀၄၃၈၉ ထုတ်၍ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကိုက်ပေါင်း ၁၇၁၃၁၂၇ ထုတ်လုပ်သည်။ စက်ရုံများ၏ ထုတ်လုပ်စွမ်းအားမှာ တစ်နေ့တစ်ဆိုင်းလျှင် ကိုက် ၂၅၀ နှင့် ၂၃၀၀ အကြားတွင် ရှိသည်။

လုံချည်၊ အင်္ကျီ၊ ချည်ခင်၊ အပ်ချည်၊ မျက်နှာသုတ်ပဝါ၊ စောင်၊ ဇာ စသဖြင့်လည်းကောင်း၊ ပိုးထည်ချည်ထည်၊ ပိုးတုချည်တု၊ နိုင်လွန်ရေယွန် စသဖြင့်လည်းကောင်း အဝတ်အထည်ဆိုင်ရာ ပစ္စည်းအမျိုးမျိုးထုတ်လုပ်သော ပုဂ္ဂလိက စက်ရုံများ လုပ်ငန်းကြီးငယ်များသည် ပြည်တော်သာ ခေတ်ကပင်စတင်တည်ထောင်လာကြသဖြင့် တော်လှန်ရေး ကောင်စီတက်လာသော ၁၉၆၂ ခုနှစ် ဝန်းကျင်တွင် အရှိန်အဟုန် ကောင်းစွာဖြင့် လည်ပတ် ထုတ်လုပ်လျက်ရှိကြသည်။ ဗစ်ထရီ အထည်စက်၊ စတားအထည်စက်၊ နေရှင်နယ် ဝီးဗင်း၊[၃] ညွှန့်အထည်စက်၊ အောမ်းအထည်စက်၊ ဝင်းမာအထည်နှင့် အထွေထွေစက်၊ ခေတ်ဆန်းစက်မှုလက်မှု၊ အိုလံပီယာစက်မှုလက်မှု၊ မြန်မာ

၁။ ရန်ကုန်အထည်စက်ရုံအစီရင်ခံစာ

၂။ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊ စာ ၅၄

။ National Weaving

ပြည် ချည်မျှင်နှင့်ရက်ကန်းစက်ရုံများ၊ စံပြစက်မှုလက်မှု၊ ဇာတိသွေး စက်မှုလက်မှု၊ ပိုလိုစက်မှုလက်မှု၊ သီရိရွှေဟင်္သာ ပိုးထည်စက်၊ ဂနိုပိုးထည်စက်၊ စိန်ရတနာ ပိုးထည်စက်၊ ရန်ကုန်အထည်စက်၊ မြန်မာညွှန့်ကုမ္ပဏီ၊ ကြံတိုင်းညွှန့်ကုမ္ပဏီ၊ ဦးကျင်အောင် ရက်ကန်း၊ မြန်မာ့စက်မှုလက်မှုပါတနာရှစ်စက်ရုံ၊ ဇာတိသွေး ဆေးဆိုးလုပ်ငန်း၊ ရွှေပြည်တန်အထည်စက်၊ အရွှေပိုင်းအထည်စက်၊ ဗမာ့ခေတ် အထည်စက်၊ ရွှေဂုံပိတ်ဖောက်ဇာစသည်ဖြင့် အထည်စက် အများရှိသည်။ နိုင်လွန်စက်၊ ရေယွန်စက်၊ စွပ်ကျယ်စက်၊ ဓောင်စက်အမည်များဖြင့် တည်ထောင်ထားသည်တို့လည်း ရှိကြသည်။ တော်လှန်ရေး ကောင်စီတက်စ ၁၉၆၂ ခု ဝန်းကျင်က အဝတ်အထည်လုပ်ငန်းတွင် ပဂ္ဂလိကစက်ရုံများ လုပ်ငန်းများက ဦးဆောင်နေကြောင်း၊ ရှေ့တန်းနေရာကို ယူထားကြောင်း သိသာသည်။

ပဂ္ဂလိက ဖိနပ်နှင့် အဝတ်အထည်လုပ်ငန်း ခေါင်းစဉ်အောက်တွင် ဇာဘော်လီလုပ်ငန်း၊ ရွက်ထည်လုပ်ငန်း၊ သက္ကလတ်ဦးထုပ်လုပ်ငန်း၊ ခြေညှပ်ဖိနပ်လုပ်ငန်း၊ ထီးလုပ်ငန်း၊ ထီးမိုး ထီးကိုင်းလုပ်ငန်းဟူ၍လုပ်ငန်းကြီး ၆ မျိုးပါဝင်ပါသည်။ ထိုလုပ်ငန်းများအနက် ဇာဘော်လီလုပ်ငန်းသည် သေးငယ်သည်ထင်ရသော်လည်း ဝင်ငွေကောင်း၍ တွင်ကျယ်သော လုပ်ငန်းတစ်ခုဖြစ်သည်။ မှတ်ပုံတင်ထားသော ဇာဘော်လီစက်ရုံ ၁၀၀ သာ ရှိသော်လည်း မြို့ရွာနယ်မြေတိုင်းတွင် လုပ်ငန်းအသေးစားများအနှံ့ အပြားရှိကြသည်။ မှတ်ပုံတင်ထားသော စက်ရုံ ၁၀၀ မှ ၁၉၆၂-၆၃ ခုနှစ်အတွင်းက ဇာဘော်လီပေါင်း ၃၅၄၅၀၀၀ ထည် ထုတ်လုပ်၍ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ဇာဘော်လီပေါင်း ၂၂၆၇၆၃ ထည် ထုတ်လုပ်သည်။ စက်ရုံများသည် တစ်နေ့တစ်ဆိုင်းလျှင် ဇာဘော်လီအထည် ၄၀ မှ ၇၂၀ အထိ ထုတ်လုပ်နိုင်သည်။ ရောင်းရငွေတန်ဖိုးမှာ ၁၉၆၂-၆၃ ခုနှစ်က ကျပ် ၅၃.၁၈ သိန်းဖိုးရှိ၍ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကျပ် ၃၇.၉၀ သိန်းဖိုးရှိသည်။[၁]

[ ]

မှတ်ပုံတင်ထားသော ပဂ္ဂလိက ရွက်ထည်လုပ်ငန်းစက်ရုံ ၅ ရုံရှိ၏။ ထိုစက်ရုံတို့မှ ၁၉၆၂-၆၃ ခုနှစ်အတွင်း ရွက်ထည်ကိုက်ပေါင်း ၅၇၆၁၅၁ ကိုက်ထုတ်၍ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကိုက်ပေါင်း ၅၄၀၀၀၀ ကိုက် ထုတ်လုပ်နိုင်ခဲ့သည်။ ထို့အတူ သက္ကလတ်ဦးထုပ် စက်ရုံကြီးငယ် ၂၂ ရုံသည် ၁၉၆၂-၆၃ ခုနှစ်တွင် ဦးထုပ်ဒါဇင်ပေါင်း ၄၀၁၅၁ ဒါဇင် ထုတ်လုပ်သည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ဦးထုပ် ၂၃၃၀၀ ဒါဇင်ထုတ်သည်။ ဦးထုပ်စက်ရုံတို့သည် တစ်နေ့ တစ်ဆိုင်းလျှင် ၆ ဒါဇင်မှ ၁၀ ဒါဇင်အထိထုတ်လုပ်နိုင်ကြသည်။

၁။ **စီးပွားရေးစစ်တမ်း** ၁၉၆၄၊ စာ ၅၅

ခြေညှပ်ဖိနပ်လုပ်ငန်းသည်လည်း အရေးကြီးသော လုပ်ငန်းတစ်ခုဖြစ်သည်။ သားရေဖိနပ်၊ ရော်ဘာဖိနပ်၊ ကတ္တီပါဖိနပ်ထုတ်လုပ်သော စက်ရုံပေါင်း ၇၀ ရှိသည်။ သားရေလုပ်ငန်း၊ ရော်ဘာလုပ်ငန်းများနှင့် ဆက်နွယ်သောလုပ်ငန်းဖြစ်သည်။ ဖိနပ်စက်ရုံများမှ ၁၉၆၂-၆၃ ခုနှစ် အတွင်း ဖိနပ် ကျပ် ၁၈၃.၉၁ သိန်းဖိုး ထုတ်လုပ်ရောင်းချသည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ရောင်းချနိုင်မှုပမာဏမှာ ကျပ် ၈၄.၁၀ သိန်းဖိုး ဖြစ်သည်။

ဦးထုပ်လုပ်ငန်း၊ ခြေညှပ်ဖိနပ်လုပ်ငန်းတို့နှင့် အလားတူ တွင်ကျယ်သော အရေးပါသော ပဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းတစ်ခုမှာ ထီးလုပ်ငန်းဖြစ်သည်။ မြန်မာ့ရာသီဥတုသည် တောရောမြို့ပါ ထီးအသုံးပြုရန်လိုသည်။ မှတ်ပုံတင်ထားသော ပဂ္ဂလိက ထီးလုပ်ငန်းစက်ရုံ ၄၉၁ ရုံရှိသည်။ ထိုစက်ရုံတို့သည် ၁၉၆၂-၆၃ ခုနှစ်တွင် ထီးဒါဇင်ပေါင်း ၁၅၇၂၄ ထုတ်၍ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင်ထီးဒါဇင်ပေါင်း ၆၆၃၈၁ ထုတ်လုပ်သည်။ထီးစက်ငယ်များသည် တစ်နေ့ တစ်ဆိုင်းလျှင် ထီး ၈ ဒါဇင်ထုတ်နိုင်၍ စက်ကြီးများသည် ဒါဇင် ၄၀၀ အထိ ထုတ်လုပ်နိုင်စွမ်းရှိသည်။ ရောင်းရတန်ဖိုးအားဖြင့် ၁၉၆၂-၆၃ ခုနှစ်က ကျပ် ၁၅၂.၈၇ သိန်းဖိုး၊ ၁၉၆၂-၆၃ ခုနှစ် ပထမကိုးလတွင် ကျပ် ၅၉.၀၄ သိန်းဖိုးရှိသည်။ အီးစီမဒါး ထီးစက်သည် ထင်ရှားသော စက်ကြီးတစ်ခုဖြစ်သည်။ ထီးလုပ်ငန်းနှင့်ဆက်နွယ်၍ ထီးရိုးနှင့် ထီးကိုင်းလုပ်ငန်းလည်း ပမာဏမသေးချေ။ ထီးရိုးနှင့် ထီးကိုင်းစက်ရုံပေါင်း ၅၂ ရုံရှိသည်။ ၁၉၆၂-၆၃ ခုနှစ် ထီးရိုးနှင့် ထီးကိုင်း ထုတ်လုပ်မှုမှာ ဒါဇင်ပေါင်း ၁၅၁၉၂၃ ဖြစ်၏။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ထီးရိုးနှင့် ထီးကိုင်း ၈၇၉၂ ဒါဇင် ထုတ်လုပ်သည်။ ထီးရိုး ထီးကိုင်းစက်ရုံများသည် တစ်နေ့တစ်ဆိုင်းလျှင် ၆၀ နှင့် ၄၀၀ အကြား ထုတ်လုပ်နိုင်ကြသည်။[၁]

အသေးစား စက်မှုလက်မှုလုပ်ငန်းများတွင် ပရိဘောဂလုပ်ငန်းစက်ရုံ ၁၉ ရုံရှိသည်။ စက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာနတွင် မှတ်ပုံတင်ထားသော ပဂ္ဂလိကလုပ်ငန်း စာရင်းမျှသာ ဖြစ်သည်။ စင်စစ်အားဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းတွင် ပရိဘောဂ လုပ်ငန်းငယ်များနေရာ တိုင်းတွင် ရှိကြပေသည်။ မှတ်ပုံတင်ထားသော စက်ရုံ ၁၉ ရုံတို့မှ ၁၉၆၂-၆၃ ခုနှစ်အတွင်း ပရိဘောဂ ကျပ် ၂၆.၃၉ သိန်းဖိုး၊ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကျပ် ၁၄.၇၄ သိန်းဖိုး ထုတ်လုပ်ရောင်းချနိုင်ခဲ့သည်။

၁။ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊ စာ ၅၅

စက္ကူ၊ စက္ကူနှင့်သက်ဆိုင်သော အသေးစား စက်မှုလုပ်ငန်းတွင် စက္ကူသေတ္တာလုပ်ငန်း၊ အိမ်သုံးစက္ကူလုပ်ငန်းတို့ ပါဝင်သည်။ ခေတ်မီ တိုးတက်လာသည်နှင့်အမျှ စက်ရုံအလုပ်ရုံတို့မှ ထုတ်လုပ်သော ပစ္စည်းအမျိုးမျိုးကို စနစ်ကျစွာ ထည့်သွင်း ထုပ်ပိုး သယ်ယူရောင်းချနိုင်ရန် စက္ကူသေတ္တာကြီးငယ်များ လိုလေသည်။ တော်လှန်ရေးကောင်စီတက်စ ၁၉၆၂ ခုနှစ်က စက္ကူသေတ္တာလုပ်သောပုဂ္ဂလိကစက်ရုံ ၃၄ ရုံရှိသည်။[၁] ဆိုစက်ရုံများမှ ၁၉၆၂-၆၃ ခုနှစ်အတွင်းက စက္ကူသေတ္တာကြီးငယ် ကျပ် ၆.၀၅ သိန်းဖိုး၊ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကျပ် ၂၁.၀၉ သိန်းဖိုး ထုတ်လုပ်ရောင်းချသည်။ အလားတူပင် အိမ်သုံးစက္ကူစက်ရုံ ၃ ရုံမှ ၁၉၆၂-၆၃ ခုနှစ်တွင် စက္ကူထုပ်ပေါင်း ၃၀၂၉၀၁ ထုပ်၊ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် စက္ကူထုပ်ပေါင်း ၁၄၉၀၂၄ ထုပ် ထုတ်လုပ်ခဲ့သည်။ ရောင်းရတန်ဖိုးမှာ ကျပ် ၂.၂၆ သိန်းနှင့် ကျပ် ၁.၀၁ သိန်းဖြစ်သည်။

ပုံနှိပ်ခြင်း ထုတ်ဝေခြင်းဆိုင်ရာ လုပ်ငန်းများဖြစ်သော စာအုပ်ချုပ်လုပ်ငန်း၊ ဘလောက်လုပ်ငန်း၊ အော့ဖ်ဆက် ပုံနှိပ်လုပ်ငန်း၊ ပုံနှိပ်တိုက်လုပ်ငန်း၊ မင်လုပ်ငန်းများသည် တော်လှန်ရေးကောင်စီတက်စက ပုဂ္ဂလိက လုပ်ငန်းရှင်များလက်ထဲတွင်ရှိသည်။ စာအုပ်ချုပ်စက်ရုံ ၁၇ ရုံတို့၏ ၁၉၆၂-၆၃ ခုနှစ် ဝင်ငွေသည် ကျပ် ၁၄.၇၀ သိန်းဖြစ်၏။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကျပ် ၇.၄၀ သိန်း အဝင်ရှိသည်။ ထို့အတူ ဘလောက်လုပ်ငန်းစက်ရုံ ၁၇ ရုံတို့သည် ၁၉၆၂-၆၃ ခုနှစ်အတွင်းက ကျပ် ၄.၄၆ သိန်းဖိုး၊ စတုရန်းလက်မပေါင်း ၉၉၁၉၂၀ ထုတ်လုပ်သည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင်မူ စတုရန်းလက်မပေါင်း ၄၉၅၉၆၀၊ တန်ဖိုးအားဖြင့် ကျပ် ၂.၂၃ သိန်းဖိုး ထုတ်လုပ်သည်။ အော့ဖ်ဆက် ပုံနှိပ်လုပ်ငန်း စက်ရုံ ၈ ရုံတို့မှ ၁၉၆၂-၆၃ ခုနှစ်တွင် ကျပ် ၁၄.၅၃ သိန်းဖိုး၊ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကျပ် ၄.၈၄ သိန်းဖိုး ထုတ်လုပ်သည်။ မှတ်ပုံတင်ထားသော ပုံနှိပ်တိုက်လုပ်ငန်း စက်ရုံပေါင်း ၉၈ ရုံတွင်လည်း ၁၉၆၂-၆၃ ခုနှစ်တွင် ကျပ် ၇၉.၉၆ သိန်းဖိုး၊ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကျပ် ၁၉.၉၆ သိန်းဖိုး လုပ်ငန်းရှိသည်။ မင်လုပ်ငန်းစက်ရုံ ၄ ရုံတို့မှ ၁၉၆၂-၆၃ ခုနှစ်တွင် ကျပ် ၄.၇၄ သိန်းဖိုး မင်ပေါင်ချိန် ၁၄၅၀၉၅ ထုတ်လုပ်၍ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကျပ် ၂ သိန်းဖိုး မင်ပေါင်ချိန် ၄၄၇၉၅ ပေါင် ထုတ်လုပ်သည်။[၂] စင်စစ်အားဖြင့် သုမင်္ဂလာ၊ ဒုမင်္ဂလာဖိတ်စာ၊ ကြော်ငြာ စာသည့် ပုံနှိပ်လုပ်ငန်းငယ်များကို လုပ်ကိုင်သော လက်လှည်းပုံနှိပ်စက်ငယ်များသည် မြို့ကြီးမြို့ငယ်တိုင်း လိုလိုမှာပင် ရှိကြသည်။ ပုဂ္ဂလိက ပုံနှိပ်လုပ်ငန်း ပမာဏမှာ မသေးလှခေ။

မြန်မာတို့တွင် ရှေးအစဉ်အလာက အသုံးပြုလာသော သမားရိုးကျ သားရေနှယ်နည်း၊ သားရေ ဆိုးနည်းများရှိသည်။ ခေတ်မီဓာတုဗေဒပစ္စည်းများကို အသုံးပြုသည့် နည်းမဟုတ်

၁။ **စီးပွားရေးစစ်တမ်း**၊ ၁၉၆၄၊ စာ ၅၅

၂။ **စီးပွားရေးစစ်တမ်း**၊ ၁၉၆၄၊ စာ ၅၅-၅၆

သဖြင့် တွင်ကျယ်ကောင်းမွန်ခြင်းမရှိချေ။ ကိုလိုနီခေတ် သက်တမ်းတစ်လျှောက်တွင် တိုင်းရင်းသားများသည် သားရေကို ပကတိအတိုင်း (hide) အဖြစ် ရောင်းချခြင်းများသည်။နောက်ပိုင်းတွင် မြန်မာတို့သည် ခေတ်မီဓာတုဗေဒ ပစ္စည်းများဖြင့် သားရေနယ်သော၊ ဆိုးသော အတတ်ပညာကို ရရှိလာကြသည်။ တော်လှန်ရေးကောင်စီ တက်စ ၁၉၆၂ ခုနှစ်က မှတ်ပုံတင်ထားသော ပုဂ္ဂလိက သားရေထည်လုပ်ငန်း စက်ရုံ ၃၁ ရုံရှိသည်။ ယူနိုက်တက် ကရုံးသားရေကုမ္ပဏီ၊ မြန်မာ ကရုံးသားရေကုမ္ပဏီ၊ စင်ဘန်ဘီ သားရေနယ်လုပ်ငန်း၊ အက်(စ်)မဒါး ရွှေသမင် ကရုံး သားရေနယ်စက်ရုံ၊ ဦးလှရှင် သရဖူတံဆိပ် သားရေလုပ်ငန်း၊ ပန်းခြံ သားရေနယ်လုပ်ငန်း၊ နေပြည်တော်ကရုံး မန္တလေး၊ ဗန္ဓုလ သားရေနယ်လုပ်ငန်း ပုသိမ် စသည်တို့မှာ ထင်ရှားသော သားရေ လုပ်ငန်း ကြီးများဖြစ်သည်။[၁] သားရေထည်လုပ်သော စက်ရုံ အလုပ်ရုံများလည်း ရှိသည်။ ဖိနပ်လုပ်ငန်းမှအပဖြစ်သော သားရေထည်လုပ်ငန်းစက်ရုံ ၃၁ ရုံမှ ၁၉၆၂-၆၃ ခုနှစ် အတွင်း ငွေကျပ် ၁၂.၄၀ သိန်းဖိုး ကုန်ပစ္စည်းရောင်းချသည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ရောင်းချသည့်တန်ဖိုးမှာ ကျပ် ၇.၀၁ သိန်းဖြစ်၏။ အလားတူပင် သားရေနယ်လုပ်ငန်းစက်ရုံ ၅၆ သည် ၁၉၆၂-၆၃ ခုနှစ်တွင် သားရေနယ်ပစ္စည်း အရေအတွက် ၄၁၂၃၈ နှင့် ပေါင်ချိန်ပေါင်း ၂၇၃၂၃၀ ထုတ်လုပ်သည်။ ၁၉၆၃-၆၄ ဒုနှစ် ပထမကိုးလတွင် သားရေနယ် ၃၆၁၇၇ နှင့် ပေါင်ချိန် ၁၉၀၀၇၃ ထုတ်လုပ်သည်။ တန်ဖိုးအားဖြင့်သော် ကျပ် ၃၀.၁၂ သိန်းနှင့် ကျပ် ၂၀.၅၉ သိန်းအသီးသီးရှိသည်။[၂]

အထွေထွေ စက်မှုလက်မှု လုပ်ငန်းများတွင် ရော်ဘာ လုပ်ငန်းဆိုင်ရာ ပုဂ္ဂလိက စက်ရုံ ၁၄ ရုံရှိသည်။ ယူနိုက်တက်ဘားမား ရော်ဘာအင်ဒတ်စတြီး၊ ဗမာ့ရော်ဘာလုပ်ငန်း၊ ပြည်ထောင်စု ရော်ဘာစက်၊ အဆွေတော် ရော်ဘာလုပ်ငန်း၊ မြို့မရော်ဘာ ထုတ်လုပ်ရေးကုမ္ပဏီ၊ နေရှင်နယ် ရော်ဘာ အလုပ်ရုံတို့မှာ ထင်ရှားသည်[၃] ရော်ဘာစက်ခွဲများသည် ၁၉၆၂-၆၃ ခုနှစ် အတွင်းက အရပ်ရပ် ရော်ဘာပစ္စည်း ကျပ် ၁၃၀.၃၆ သိန်းဖိုး ထုတ်လုပ်ရောင်းချကြသည်။ ၁၉၆၃-၆၄ ခု ပထမကိုးလအတွင်းတွင် ကျပ် ၉၉.၆၅ သိန်းဖိုး ရောင်းချနိုင်ခဲ့သည်။[၄]

ဓာတုဗေဒနှင့် သက်ဆိုင်သော စက်ရုံလုပ်ငန်းများအနက် မှတ်ပုံတင်ထားသော ပုဂ္ဂလိကအရောင်တင် ဆေးလုပ်ငန်း စက်ရုံပေါင်း ၉ ရုံရှိသည်။ ထိုစက်ရုံ ၉ ရုံ ၏ ထုတ်လုပ် စွမ်းအားမှာတစ်နေ့တစ်ဆိုင်းလျှင် ၆ ဂါလန်မှ ဂါလန် ၃၂၀ အထိ ထုတ်လုပ်နိုင်သည်။

၁။ စက်မှုလက်မှုဌာနအမိန့်ကြော်ငြာစာ အမှတ် ၁၁၅၊ နေ့စွဲ ၁၈-၁၂-၆၀

၂။ **စီးပွားရေးစစ်တမ်း**၊ ၁၉၆၄၊ စာ ၅၆

၃။ **စီးပွားရေးစစ်တမ်း**၊ ၁၉၆၄၊ စာ ၅၆

၁၉၆၂-၆၃ ခုနှစ်အတွင်းက အရောင်တင် ဆေးဂါလန်ပေါင်း ၆၄၃၂၃ ထုတ်လုပ်၍ ၁၉၆၃-၆၄ ခုနှစ် ပထမ ကိုးလတွင်အရောင်တင်ဆေး ၃၂၁၆၀ ဂါလန်ထုတ်လုပ်နိုင်ခဲ့သည်။ ရောင်းရတန်ဖိုး အားဖြင့် ကျပ် ၉.၆ သိန်းနှင့် ကျပ် ၄.၀၄ သိန်းဖိုးရှိသည်။ အလားတူပင် ပဂ္ဂလိက သဘော်ဆေး လုပ်ငန်းစက်ရုံ ၇ ရုံသည်တစ်နေ့တစ်ဆိုင်းလျှင် သဘော်ဆေးဂါလန် ၂၀၀ မှ ၆၀၀ အထိ ထုတ်လုပ်နိုင်စွမ်းရှိသည်။ ထိုစက်ရုံများမှ ၁၉၆၂-၆၃ ခုနှစ်အတွင်းက သဘော်ဆေးဂါလန်ပေါင်း ၁၅၂၀၇၃ နှင့်ပေါင်ချိန်ပေါင်း ၂၂၃၃၇၃ ထုတ်လုပ်၍ ၁၉၆၃-၆၄ ခုနှစ် ပထမ ကိုးလအတွင်း သဘော်ဆေး ဂါလန်ပေါင်း ၁၃၃၇၅၂ ထုတ်လုပ်သည်။ ရောင်းရတန်ဖိုးမှာ ကျပ် ၁၅၁.၉၁ သိန်းနှင့် ကျပ် ၁၂.၇၉ သိန်းအသီးသီး ဖြစ်သည်။[1] ယူနီဗာဆယ် သုတ်ဆေးနှင့် ခြိတ်ဆေးထုတ်လုပ်ရေး ကုမ္ပဏီလိမိတက်၊ ရတနာ သုတ်ဆေးကုမ္ပဏီတို့မှာ နာမည်ကြီး စက်ရုံကြီးများ ဖြစ်ကြသည်။[2]

ဓာတုဗေဒနှင့် ဓာတုဗေဒဆိုင်ရာ လုပ်ငန်းများကွင် အလှကုန်ပစ္စည်း ထုတ်လုပ်သော စက်ရုံများလည်း အကျူးဝင်သည်။ မှတ်ပုံတင်ထားသော ပဂ္ဂလိက စက်ရုံ ၅၅ ရုံရှိသည်။ ထိုစက်ရုံများမှ ၁၉၆၂-၆၃ ခုနှစ်တွင် အလှကုန် ပစ္စည်းအမျိုးမျိုး ဒါဇင်ပေါင်း ၁၇၀၀၄၄၀ ထုတ်လုပ်ရောင်းရာ၌ တန်ဖိုးငွေကျပ် ၈၅.၁၁ သိန်း အဝင်ရခဲ့သည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကျပ် ၂၄.၂၁ သိန်းဖိုး အလှကုန် ပစ္စည်းပေါင်း ၃၀၆၁၄၇ ဒါဇင် ထုတ်လုပ်နိုင်သည်။

ဖယောင်းတိုင် လုပ်ငန်းသည်လည်း ဓာတုဗေဒဆိုင်ရာတွင် ပါဝင်သည်။ မှတ်ပုံတင်ထားသော ပဂ္ဂလိက ဖယောင်းတိုင် စက်ရုံ ဂ ရုံရှိသည်။ ၁၉၆၂-၆၃ ခုနှစ်က ကျပ် ၂၀.၅၆ သိန်းဖိုး ဖယောင်းတိုင် သေတ္တာပေါင်း ၅၆၀၀၄ ထုတ်လုပ်သည်။ ၁၉၆၃-၆၄ ခုနှစ် ပထမ ကိုးလတွင် ကျပ် ၁၅.၄၂ သိန်းဖိုး ဖယောင်းတိုင် သေတ္တာပေါင်း ၄၂၀၀၀ ထုတ်လုပ်ခဲ့သည်။

ပဂ္ဂလိကလုပ်ငန်းများတွင် မီးအိုး၊ ပြောက်အိုး လုပ်ငန်းလည်း လုပ်အင် လုပ်အား ပမာဏ မသေးလှပေ။ စက်ရုံ ၁၃ ရုံရှိရာ ၁၉၆၂-၆၃ ခုနှစ် အတွင်းက ပစ္စည်းကျပ် ဂ သိန်းဖိုး ထုတ်လုပ်ရောင်းချသည်။ ၁၉၆၃-၆၄ ခုနှစ် ပထမ ကိုးလတွင် ကျပ် ၄ သိန်းဖိုး ထုတ်လုပ်ရောင်းချသည်။

တော်လှန်ရေးကောင်စီ တက်စကာလက မှတ်ပုံတင်ထားသော ပဂ္ဂလိကဆေးဝါးလုပ်ငန်းစက်ရုံ ၂၆ ရုံရှိသည်။ ထိုစက်ရုံများမှ ၁၉၆၂-၆၃ ခုနှစ်တွင် ဆေးဝါး ကျပ် ၆၀.၅၈ သိန်းဖိုး ထုတ်လုပ်ရောင်းချသည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကျပ် ၃၂.၁၄ သိန်းဖိုး ထုတ်လုပ် ရောင်းချနိုင်ခဲ့သည်။

၁။ **စီးပွားရေးစစ်တမ်း**၊ ၁၉၆၄၊ စာ ၅၆

၂။ စက်မှုဝန်ကြီးဌာန အမြဲနှိုင်းကြေးပြင်ဆင်ရေးမဟာဗျူဟာ ၁၉၅၂၊ ဒုတိယ ၁၆ - ၁၂ - ၆၈

မြန်မာနိုင်ငံတွင် မြို့ကြီးမြို့ငယ် အများ၌ လျှပ်စစ်မီးတပ်ဆင်ပြီး ရှိသော်လည်း ကျေးရွာနယ်မြေ အများတွင် မီးအိမ်သည် မရှိမဖြစ် လိုအပ်နေသေးသည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းပေးသောပုဂ္ဂလိက လက်ဆွဲမီးအိမ်၊ မီးစာလုပ်ငန်း အလုပ်ရုံ ၃ ရုံရှိသည်။ ထိုအလုပ်ရုံ စက်ရုံ ၃ ရုံ မှ ၁၉၆၂-၆၃ ခုနှစ်တွင် ကျပ် ၁.၇၅ သိန်းဖိုး မီးအိမ်ဒါဇင်ပေါင်း ၃၈၉၄၇ ထုတ်လုပ်သည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကျပ် ၃.၂၅ သိန်းဖိုး ပစ္စည်းဒါဇင်ပေါင်း ၇၂၁၉၂ တိုးမြှင့် ထုတ်လုပ်နိုင်ခဲ့သည်။

ပုဂ္ဂလိက မီးခြစ်စက်ရုံ ၄ ရုံ တို့၏ ၁၉၆၂-၆၃ ခုနှစ် ကုန်ထုတ်လုပ်နိုင်မှုမှာ မီးခြစ်ကာတွန်းပေါင်း ၂၉၈၅၁၆ ဖြစ်၏။ တန်ဖိုးအားဖြင့် ကျပ် ၁၂၃.၄၄ သိန်းဖြစ်သည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကျပ် ၉၃.၄၉သိန်းဖိုး၊ မီးခြစ်ကာတွန်းပေါင်း ၁၉၄၄၃၀ ထုတ်လုပ်သည်။ မီးခြစ်စက်ရုံတို့၏ ကုန်ထုတ်စွမ်းအားမှာ တစ်နေ့တစ်ဆိုင်းလျှင် မီးခြစ်ကာတွန်းပေါင်း ၃၆ မှ ၇၅၀အထိ ထုတ်နိုင်သည်။[၁] အဒမ်ဂျီဟာဂျီဒါဝတ်အင် ကုမ္ပဏီနှင့် မြန်မာပြည် မီးခြစ်ကုမ္ပဏီများမှာ ထိုစဉ်က နာမည်ကြီးသော မီးခြစ်စက်ကြီးများ ဖြစ်ကြသည်။

ဓာတ်ဆပ်ပြာလုပ်ငန်း စက်ရုံ ၆ ရုံရှိသည်။ ထိုစက်ရုံများသည် တော်လှန်ရေးကောင်စီတက်စ ၁၉၆၂-၆၃ ခုနှစ်အတွင်း က ကျပ် ၇.၂၂ သိန်းဖိုး ထုတ်လုပ်၍ ၁၉၆၃-၆၄ ခုနှစ်ပထမကိုးလတွင် ဓာတ်ဆပ်ပြာကျပ် ၅.၂၆ သိန်းဖိုး ထုတ်လုပ်သည်။ စက်ရုံတို့၏ ထုတ်လုပ်စွမ်းအားမှာ တစ်နှစ်လျှင် ဓာတ်ဆပ်ပြာ ၅၃၃ တန်ခန့် ထုတ်လုပ်နိုင်သည်။

ဆပ်ပြာသည် အရေးပါသော နေ့စဉ်သုံး ကုန်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆပ်ပြာလိုအပ်ချက်ကို နိုင်ငံခြားမှ တင်သွင်းနေရသည်။ ပြည်တွင်း စက်ရုံများက လုံလောက်အောင် ဖြည့်ဆည်းနိုင်ခြင်း မရှိချေ။ ပြည်ထောင်စုအစိုးရ လက်ထက် ပြည်တော်သာ စီမံကိန်းရေးဆွဲစဉ်က အစိုးရဆပ်ပြာစက်တစ်ခုတည်ထောင်ရန် ချမှတ်လျှာထားခဲ့သည်။ သို့သော်တော်လှန်ရေးကောင်စီတက်လာသည့် ၁၉၆၂ ခုနှစ် အထိ အကောင်အထည် မပေါ်ခဲ့သဖြင့် ပုဂ္ဂလိက ဆပ်ပြာစက်များကပင် တတ် နိုင်သမျှ ထုတ်လုပ်နေကြသည်။ တော်လှန်ရေး ကောင်စီတက်စ ကာလက မှတ်မှုတင်ထားသော ပုဂ္ဂလိက ဆပ်ပြာစက်ရုံကြီးငယ်ပေါင်း ၁၂၅ ရုံ ရှိသည်။ အီးစီမဒါး ဆပ်ပြာစက်၊ ရွှေဆီး ဆပ်ပြာစက်၊ ဘန်လီ၊ ခင်မြို့င်၊ ကျန်ဟင်း၊တိုင်ချွမ်း၊တိုင်လီ၊

၁။ စီးပွားဒရုစစ်ဘမ်း၊ ၁၉၆၄၊ စာ ၅၇

တင်ဟုန်း၊ ဘာမင်းနီး၊ ဟဲး၊ စိန်ဟွာ ဆပ်ပြာစက်များနှင့် မန္တလေးရှိ ထောနဘုံ ဆပ်ပြာစက်၊ ဘီဝိုင်စီ ဆပ်ပြာစက်၊ ဘီအိုင်စီ ဆပ်ပြာစက်များမှာ ထင်ရှားသည်။

ပဂ္ဂလိက ဆပ်ပြာစက်ရုံ ၁၂၅ ရုံမှ ၁၉၆၂-၆၃ ခုနှစ်အတွင်းက ဆပ်ပြာတန်ချိန်ပေါင်း ၃၅၅၀၀ တန် ထုတ်လုပ်ခဲ့သည်။ ရောင်းရေးတန်ဖိုးအားဖြင့် ကျပ် ၂၀၄.၀၉ သိန်းဖိုးရှိသည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကျပ် ၂၁၁.၆၆ သိန်းဖိုး ဆပ်ပြာတန်ချိန် ၂၆၀၀၀ တန်ထုတ်လုပ်သည်။ စက်ရုံတို့၏ ကုန်ထုတ်စွမ်းအားမှာ တင်နေတစ်ဆိုင်းလျှင် ဝ.၅ တန်မှ ၄ တန်အထိ ဖြစ်သည်။[၂]

ခေတ်မီတိုးတက်လာသော မြို့နေနယ်တန်းစားများအတွက် သုံးကိုက်ဆေးသည် အရေးပါလှသော နေ့စဉ်သုံး-ပစ္စည်းတစ်ခုဖြစ်သည်။ သို့သုံးကိုက်ဆေး ထုတ်လုပ်သော ပဂ္ဂလိကစက်ရုံ ၅ ရုံသည် ၁၉၆၂-၆၃ ခုနှစ်အတွင်းက ကျပ် ၇၀၀ သိန်းဖိုး သုံးထိုက်ဆေး ၉၀၀၁၉ ဒါဇင်ဖိုး ထုတ်လုပ်ရောင်းချသည်။ ၁၉၆၃-၆၄ ခုနှစ်ပထမကိုးလတွင်မူ ၄၅၆၂၅ ဒါဇင် ထုတ်လုပ်နိုင်သည်။[၃] ရောင်းရေးတန်ဖိုးမှာ ကျပ် ၃.၀၀ သိန်းဖြစ်၏။ သို့သုံးထိုက်ဆေးစက်ရုံတို့သည် စက်နေတစ်ဆိုင်းလျှင် ဒါဇင်ပေါင်း ၀၄ မှ ၁၂၀၀ အထိ ထုတ်လုပ်နိုင်စွမ်းရှိကြသည်။

ပဂ္ဂလိကစက္ကူပျော်နှင့် စက်ရုံဒေသမျိုးမျိုးတွင် ဖန်ကြယ်သီးထုပ်လုပ်ငန်း၊ ကြမ်းခင်းကျောက်ပြားလုပ်ငန်းနှင့် ဆေးသုံးကုန်ဖစ္စည်းလုပ်ငန်း စက်ရုံများလည်းပါဝင်သည်။ စက်ရုံအရေအတွက်အားဖြင့် နည်းသော်လည်း ထုတ်လုပ်မှုပမာဏမှာ နည်းသည်ဟုမဆိုသာချေ။ ဖန်ကြယ်သီး ထုတ်လုပ်သောစက်ရုံ ၃ ရုံမှတ်ပုံတင်စာရင်းသည်။ ဤစက်ရုံ ၃ ရုံတို့၏ ထုတ်လုပ်မှုမှာ ၁၉၆၂-၆၃ ခုနှစ်အတွင်းက ဖန်ကြယ်သီး ၂၂၉၁၆၆ ဂုံ ထုတ်လုပ်၍ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ၁၁၄၅၅၀ ဂုံ ထုတ်သည်။ ရောင်းရေးတန်ဖိုးအားဖြင့် ကျပ် ၂၀၅၅ သိန်းနှင့် ကျပ် ၉၃၀ သိန်းဖိုးရှိသည်။

ကြမ်းခင်းကျောက်ပြားစက်ရုံ ၃ ရုံတို့မှလည်း ၁၉၆၂-၆၃ ခုနှစ်တွင် ကျပ် ၁၀၇၆ သိန်းဖိုး ကျောက်ပြား ၂၂၀၃၀၆၉ ပေါင်ထုတ်၍ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကျပ် ၁.၁၂ သိန်းဖိုး ကျောက်ပြား ၁၅၂၂၉၆ ပေါင်ထုတ်လုပ်ခဲ့သည်။

၂။ စက်မှုလက်မှုလုပ်ငန်းများနှင့် အမြင့်-ကြွေးပြားများ ဌာနထုတ် စာရွက်စာတမ်း၊ နွေဦး ၁၃၂၆ ခုနှစ် စက်မှုလက်မှုနှင့် စက်ကြီးဌာန အင်ဂျင်နီယာသိပ္ပံဆိုင်ရာ ဂျာနယ်၊ ၁၃၂၆ ခုနှစ်၊ ၁၂၅ မျက်နှာ

၃။ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊ စာ ၅၇

၄။ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊ စာ ၅၇

သတ္တုလုပ်ငန်းတွင် စက်ကိရိယာနှင့် သယ်ယူပို့ဆောင်ရေး တန်ဆာပလာများမှအပ ဖြစ်သော ဒန်အိုး၊ ဒန်ခွက်၊ သွပ်ရေပုံး၊ ကြွေရည်သုတ်ပစ္စည်း၊ သံသေတ္တာ၊ ရေနံဆီမီးဖို စသော သတ္တုပစ္စည်းလုပ်ငန်းသည် အရေးမါသော လူသုံးကုန်ထုတ် လုပ်ငန်းများဖြစ်သည်။ ထိုလုပ်ငန်း များသည် ပုဂ္ဂလိကပိုင် များဖြစ်ကြ၏။ မှတ်ပုံတင်ကာ ထုတ်လုပ် ရောင်းချကြသော စက်ရုံအရေအတွက်မှာ မနည်းလှခေ။ အချို့လုပ်ငန်းများမှာ လုပ်ငန်းသေးများ သို့မဟုတ် ပစ္စည်းအသေးအဖွဲ့များ ထုတ်လုပ်သော စက်ရုံအလုပ်ရုံများဖြစ်သည်။ အချို့လည်း အိမ်တွင်း မိသားစု လုပ်ငန်းအဆင့်မျသာရှိသည်။ သို့သော် ထုတ်လုပ်မှုစွမ်းအားနှင့် ဝင်ငွေပမာဏမှာမူ မသေးလှခေ။ နိုင်ငံတွင်း လိုအပ်ချက်ကို တက်နိုင်သမျှ ဖြည့်ဆည်းကြသော ပုဂ္ဂလိကပိုင် လုပ်ငန်းများဖြစ်ကြသည်။

မှတ်ပုံတင်ထားသော ဒန်သတ္တု စက်ရုံပေါင်း ၁၀၅ ရုံရှိသည်။ ၁၉၆၂-၆၃ ခုနှစ်အတွင်း ကကျပ် ၉၀.၆၈ သိန်းဖိုး၊ ဒန်အိုးဒန်ခွက် သွပ်ပစ္စည်းပေါင်ချိန် ၄၂၀၁၅၆၀ ပေါင် ထုတ်လုပ်ကြ သည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကျပ် ၁၆.၈၃ သိန်းဖိုး ပစ္စည်း ၇၇၀၁၈၈ ပေါင်သာ ထုတ်နိုင်ခဲ့သည်။[၁] ခေတ္တရာ ဒန်သတ္တုနှင့် သံပစ္စည်းလုပ်ငန်း၊ ပြည်ထောင်စု ဒန်သတ္တု လုပ်ငန်း၊ ဗမာ့လက်ရာ ဒန်သတ္တုလုပ်ငန်း၊ ဦးကျော်ရိန်ကုမ္ပဏီ၊ ထင်ပေါ်ကုမ္ပဏီ၊ ဗမာ့စက်မှုလက်မှု လုပ်ငန်း၊ အေ့အိပ်ချ်အချားအင်ကုမ္ပဏီ၊ အီးအိုင်အချားတရားသား စသည်တို့မှာ ထင်ရှားသော ဒန်သတ္တုလုပ်ငန်း စက်ရုံများဖြစ်ကြသည်။[၂]

ကြွေရည်သုတ်စက်ရုံ ၆ ရုံမှလည်း ၁၉၆၂-၆၃ ခုနှစ်တွင် ကြွေရည်သုတ်ပစ္စည်း ကျပ် ၆၈.၀၉ သိန်းဖိုး ထုတ်လုပ်ရောင်းချသည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကျပ် ၂၉.၄၃ သိန်းဖိုး ရောင်းချနိုင်ခဲ့သည်။ ဘားမားအီနာမဲလ်အင် အလိုက်အင်ဒက်စတြီး၊ မြန်မာပြည် ကြွေရည်သုတ် ပစ္စည်း ထုတ်လုပ်ရေးကုမ္ပဏီ၊ ရွှေသိန်း ကြွေရည်သုတ် ပန်းကန်စက်တို့မှာ ဦးဆောင်ထုတ်လုပ် နေသော ကြွေရည်သုတ်လုပ်ငန်း စက်ရုံကြီးများဖြစ်ကြသည်။

မှတ်ပုံတင်ထားသော သွပ်ရေပုံးလုပ်ငန်းစက်ရုံ၊ ၂၇ ရုံတို့မှာလည်း ၁၉၆၂-၆၃ ခုနှစ်တွင် သွပ်ရေပုံးပေါင်း ၈၄၇၂၈ ဒါဇင် ထုတ်လုပ်သည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ရေပုံး ဒါဇင်ပေါင်း ၃၀၆၇၇ ထုတ်သည်။ တန်ဖိုးအားဖြင့် ကျပ် ၆.၃၈ သိန်းနှင့် ကျပ် ၀.၈၇ သိန်းဖိုး ရှိသည်။

၁။ စီးပွားရေးမှတ်တမ်း၊ ၁၉၆၄၊ စာ ၅၇

၂။ စက်မှုလက်မှုဌာန အမိန့်ကြော်ငြာစာအမှတ် ၁၁၅၊ နေ့စွဲ ၁၆-၁၂-၆၈

ခေတ်မီ အလုပ်ရုံစက်ရုံ၊ ကျောင်း၊ ရုံး၊ လူနေအိမ်ခြေ၊ တိုက်တာအဆောက်အအုံများတွင် ဘိလပ်သံတံခါး အသုံးပြုမှု တိုးတက်များပြားလာသည်နှင့်အမျှ သံတံခါး ထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတွင်ကျယ်လာသည်။ ထို့ကြောင့် စီးပွားရေးအမြင်ရှိသော ပုဂ္ဂိုလ်များက သံတံခါးလုပ်ငန်းများ တည်ထောင်ကြရာ တော်လှန်ရေးကောင်စီ တက်လာချိန်တွင် ပုဂ္ဂလိက ဘိလပ်သံတံခါးလုပ် စက်ရုံပေါင်း ၄၄ ရုံရှိလေသည်။ ထိုစက်ရုံ ၄၄ ရုံတို့သည် ၁၉၆၂-၆၃ ခုနှစ် အတွင်းက သံတံခါးကျပ် ၁၆.၅၉ သိန်းဖိုး တံခါးပေပေါင်း ၃၆၅၂၇၀ ထုတ်လုပ်ကြသည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကျပ် ၅.၅၃ သိန်းဖိုး ပေပေါင်း ၁၂၁၇၆ ထုတ်လုပ်ကြသည်။

မှတ်ပုံတင်ထားသော ဒေတ်ရည်စိမ် လုပ်ငန်းစက်ရုံပေါင်း ၉ ရုံတို့သည် ၁၉၆၂-၆၃ ခုနှစ်တွင် ကျပ် ၃.၂၇ သိန်းဖိုးရောင်းချနိုင်၍ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကျပ် ၂.၁၁ သိန်းဖိုး ထုတ်လုပ်ရောင်းချသည်။ ဖော့ဆို့ လုပ်ငန်းသည် အမြင်အားဖြင့် သေးဖွဲသကဲ့သို့ ရှိသော်လည်း မရှိမဖြစ် လိုအပ်သော အသုံးတွင်သော လုပ်ငန်းတစ်ခုဖြစ်သည်။ ပုလင်း၊ ဘူး စသည်တို့ဖြင့် ထုတ်လုပ်ရောင်းချသော ဆေးဝါးလုပ်ငန်းစားကုန်လုပ်ငန်းများနှင့် ဆက်နွယ်နေသော လုပ်ငန်းဖြစ်၏။ မှတ်ပုံတင်ထားသော ဖော့ဆို့ လုပ်ငန်းစက်ရုံ ၃ ရုံတို့သည် ၁၉၆၂-၆၃ ခုနှစ်က တန်ဖိုးကျပ် ၁.၃၀ သိန်းတန် ဖော့ဆို့ဂျွတ်ပေါင်း ၄၇၃၀၀ ထုတ်လုပ်ရောင်းချသည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင်မူ ကျပ် ၀.၇၈ သိန်းဖိုး ဖော့ဆို့ဂျွတ်ပေါင်း ၂၈၂၀၀ ထုတ်လုပ်ရောင်းချသည်။[၁]

ပုဂ္ဂလိကပိုင် အထွေထွေအင်ဂျင်နီယာ လုပ်ငန်းစက်ရုံ ၅ ရုံရှိသည်။ ၎င်းစက်ရုံတို့သည် ၁၉၆၂-၆၃ ခုနှစ်အတွင်းက ကျပ် ၅.၉၇ သိန်းဖိုး ထုတ်လုပ်၍ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကျပ် ၄.၄၈ သိန်းဖိုး ထုတ်လုပ်ခဲ့ကြသည်။ လုပ်ငန်းအနေဖြင့် အသေးအဖွဲပစ္စည်းထုတ်လုပ်ရေးဟု ထင်မြင်ရသော်လည်း သံကြိုးလုပ်ငန်း (ဆံညှပ်) စက်ရုံ ၄ ရုံတို့သည် ၁၉၆၂-၆၃ ခုနှစ်က ကျပ် ၁၁.၃၄ သိန်းဖိုး ထုတ်လုပ်ရောင်းချ၍ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကျပ် ၉.၀၇ သိန်းဖိုးထုတ်လုပ် ရောင်းချနိုင်ခဲ့သည်။

ပုဂ္ဂလိက ရေနံဆီ မီးဖိုလုပ်ငန်းသည် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း လုပ်ငန်းနှင့်စင်ပြိုင် ဖြစ်နေခဲ့သည်။

၁။ စီးပွားရေး စင်တာ၊ ၁၉၆၄၊ စာ ၅၈

ရေနံဆီ မီးဖိုးထုတ်လုပ်သော ပုဂ္ဂလိက စက်ရုံ ၃ ရုံရှိသည်။ တော်လှန်ရေးကောင်စီတက်စကာလ ၁၉၆၂-၆၃ ခုနှစ်တွင် မှတ်ပုံတင်ထားသော ပုဂ္ဂလိက စက်ရုံ ၃ ရုံမှ ကျပ် ၃.၀၁ သိန်းဖိုး ရေနံဆီ မီးဖိုပေါင်း ၂၀၁၂ ထုတ်လုပ်သည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကျပ် ၂.၀၂ သိန်းဖိုး ရေနံဆီ မီးဖိုပေါင်း ၁၉၀၉၆ ထုတ်လုပ်လျက် နိုင်ငံတော်၏ လိုအပ်ချက်ကို တစ်စိတ်တစ်ဒေသ ဖြည့်ဆည်းခဲ့သည်။

တော်လှန်ရေးကောင်စီတက်လာစ ၁၉၆၂ ခု ဒုန်းကျင်က မှတ်ပုံတင်ထားသော ပုဂ္ဂလိက သံဃေတ္တာလုပ် စက်ရုံပေါင်း ၅၁ ရုံရှိသည်။ ၁၉၆၂-၆၃ ခုနှစ်က ကျပ် ၂၀.၅၇ သိန်းဖိုးသံဃေတ္တာပေါင်း ၂၀၃၉၀၁ ထုတ်လုပ်ခဲ့သည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကျပ် ၁၂.၄၂ သိန်းဖိုး သံဃေတ္တာပေါင်း ၁၃၂၉၁၅ ထုတ်လုပ်သည်။ ထိုအတူ မီးခံဃေတ္တာ စက်ရုံ ၃ ရုံတို့သည် ၁၉၆၂-၆၃ ခုနှစ်အတွင်းက မီးခံဃေတ္တာပေါင်း ၁၀၀၉ လုံး ထုတ်လုပ်ခဲ့၍ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ဃေတ္တာပေါင်း ၇၅၀ ထုတ်လုပ်သည်။

အိမ် ကျောင်း တိုက်တာ အဆောက်အအုံများ ဆောက်လုပ်ရေးတွင် အရေးကြီးသော ပစ္စည်း တစ်ခုအဖြစ် ပါဝင်နေသော တံခါးမင်းတုပ် လုပ်ငန်းသည်လည်း တွင်ကျယ်သော စက်မှုလုပ်ငန်းတစ်ခုဖြစ်သည်။ တော်လှန်ရေး ကောင်စီတက်စကာလတွင် မှတ်ပုံတင်ထားသော စက်ရုံ ၁၂ ရုံရှိသည်။ ထိုစက်ရုံများမှ ၁၉၆၂-၆၃ ခုနှစ်တွင် ပစ္စည်းကျပ် ၁.၃၂ သိန်းဖိုးထုတ်လုပ်၍ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ပစ္စည်းကျပ် ၀.၈၇ သိန်းဖိုး ထုတ်လုပ်ရောင်းချသည်။ အလားတူပင် သံဖြူပြား ပုံနှိပ်လုပ်ငန်း စက်ရုံ ၃ ရုံရှိရာ ၁၉၆၂-၆၃ ခုနှစ်က သံဖြူချပ် ပေါင်း ၉၇၂၀၅ ထုတ်လုပ်သည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် သံဖြူချပ် ပေါင်း ၄၈၆၄၀ ထုတ်လုပ်ခဲ့သည်။ ရောင်းရတန်ဖိုးမှာ ကျပ် ၀.၅၈ သိန်းနှင့် ကျပ် ၀.၂၉ သိန်း အသီးသီးဖြစ်သည်။[၂]

မြန်မာနိုင်ငံတွင် တော်လှန်ရေးကောင်စီအဖိုးရတက်ခိုန် ၁၉၆၂ ခု ဝန်းကျင်က ပလတ်စတစ်ပစ္စည်း အမျိုးမျိုး အသုံးပြုမှုမှာ များစွာတွင်ကျယ်လျက် ရှိပေသည်။ ထို့ကြောင့် စီးပွားရေးအမြင်ရှိသော ပုဂ္ဂလိကလုပ်ငန်းရှင်များသည် စက်ရုံများတည်ထောင်ကာ ပလတ်စတစ်ပစ္စည်း အမျိုးမျိုး ထုတ်လုပ်ရောင်းချကြသည်။ ထိုစဉ်က ပလတ်စတစ် စက်ရုံ ၁၂ ရုံ မှတ်ပုံတင်ထားသည်။ ၎င်းတို့အနက် ညွှန့်မြင့် ပလတ်စတစ်၊ သန်းပလတ်စတစ်၊ အောင်ပလတ်

၁။ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊ စာ ၅၇
၂။ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊ စာ ၅၇

ခဘော်၊ မောင်ဝိန် ဘဆုံးသား၊ ဗန္ဓုလ ပလဘ်ဘတာ်၊ ပီအိုင်ဒီ ပလတ်ဘတာ်၊ ထွန်းဝန့်ငှ် နယ်းရွှေခြင်သေ့ ပလဘ်စတစ် ဂက်ရံများမှာ ထုတ်လုပ် ဝှမ်းအားကောင်းသော စက်ရုံများဖြစ်ကြသည်။

ပလတ်စတစ်စက်ရုံများသည် ၁၉၆၂-၆၃ ခုနှစ်က ပလဘ်ဘတစ်အိုဘ်ကျပ် ၂၂.၀၆ သိန်းဖြင့် ပေါင်ချိန် ၁၁၄,၀၆၉ ထုတ်လုပ်သည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကျပ် ၁၉.၅၂ သိန်းဖိုး ပလဘ်စတစ်အိုဘ်ပေါင်ချိန် ၉၇၂,၉၃၉ ထုတ်လုပ်ခဲ့သည်။ ထို့အပြင် ပလဘ်စတစ်နာရီမှန်ထုတ်လုပ်သောစက်ရုံ ၃ ရုံမှ ၁၉၆၂-၆၃ ခုနှစ်တွင် တန်ဖိုးကျပ် ၀.၂၀ သိန်းတန် ပလတ်ဘတစ်မှန်ဂရွတ်ပေါင်း ၆၄၄ ထုတ်လုပ်ရောင်းချသည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင်မူ ကျပ် ၀.၁၉ သိန်းဖိုးပစ္စည်းဂရွတ်ပေါင်း ၃၂၂ ထုတ်လုပ်ခဲ့သည်။ ပီဗီစီဝါယာကြိုး ထုတ်လုပ်သောစက်ရုံ ၆ ရုံတို့မှလည်း ၁၉၆၂-၆၃ ခုနှစ်တွင် ဝါယာကြိုးခွေ ၅၇၇,၄၅၅ ထုတ်လုပ်၍ ရောင်းရငွေကျပ် ၂၀.၆၂ သိန်းရှိခဲ့သည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင် ကျပ် ၉.၄၁ သိန်းဖိုး ဝါယာကြိုးခွေ ၂၅၈,၆ ထုတ်လုပ်သည်။ ထိုစက်ရုံ ၆ ရုံသည် ပျမ်းမျအားဖြင့် တစ်နေ့တစ်ဆိုင်းလျှင် ကြိုးခွေ ၄၀ မှ ၆၆ အထိ ထုတ်လုပ်နိုင်စွမ်းရှိကြသည်။ ပလတ်စတစ်လုပ်ငန်းတွင် ပလဘ်စတစ်ပုံသွင်းလုပ်ငန်းလည်းရှိသည်။ မှတ်ပုံတင်ထားသော ပလတ်စတစ်ပုံသွင်းစက်ရုံ ၃ ရုံရှိသည်။ ထိုစက်ရုံများမှ ၁၉၆၂-၆၃ ခုနှစ်တွင် ကျပ် ၁.၀၆ သိန်းဖိုး ပစ္စည်း အရေအတွက်ပေါင်း ၆၉၃,၀၄ ထုတ်လုပ်သည်။ ၁၉၆၃-၆၄ ခုနှစ် ပထမကိုးလတွင်ကျပ် ၀.၉၃ သိန်းဖိုး ပစ္စည်း ၃၄၆,၉၂ ထုတ်လုပ်သည်။

စီးကရက်လုပ်ငန်းသည် တွင်ကျယ်လှသော ပုဂ္ဂလိကလုပ်ငန်းတစ်ခုဖြစ်သည်။ ပုဂ္ဂလိက စက်ရုံ ၆ ရုံရှိသည်။ ဒဂုံစီးကရက်ကုမ္ပဏီ၊ နေရှင်နယ်စီးကရက်ကုမ္ပဏီ၊ ဟွီးစ်စီးကရက်ကုမ္ပဏီ၊ ရွှေနှင်းဆီ အင်တာပရိုက်လီမိတက်၊ ဘားမားတိုဘက်ကိုးကုမ္ပဏီ၊ လူထု စီးကရက်ကုမ္ပဏီဘို့ဖြစ်သည်။ ထိုစက်ရုံများအနက် လူထု၊ ဟွီးစ်၊ နေရှင်နယ်စီးကရက်စက်ရုံများ[1]၏ လုပ်အင်လုပ်အားနှင့် အရင်းအနှီးပမာဏမှာ မသေးလှချေ။ အလွန်ထင်ရှားခဲ့သော စက်ရုံများဖြစ်သည်။ ၁၉၆၀-၆၁ ခုနှောက်ပိုင်းတွင် စီးကရက်ထုတ်လုပ်ရောင်းချမှုကို ကုမ္ပဏီပိုင်ရှင်များက ထိန်းချုပ်လိုသဖြင့် ကုန်ထုတ်စွမ်းအား အနည်းငယ်ကျဆင်းသကဲ့သို့ရှိသည်။ ထိုနှစ်က စီးကရက်စတ်ရုံများ၏ ထုတ်လုပ်မှုသည် ၁၉၅၉-၆၀ ခုနှစ်အောက် ၇.၃၅ ရာခိုင်နှုန်းလျော့နည်းသည်။ တော်လှန်ရေးအစိုးရတက်လာပြီးနောက် ထုတ်လုပ်မှုဆက်လက်၍ အနည်းငယ်ကျဆင်းသည်။

၁။ စီးပွားရေးစစ်ဘ်၊ ၁၉၆၄၊ စာ ၅၃

၁၉၆၀-၆၁ ခုနှစ်တွင် စီးကရက် ၁၂၀၉ သန်း ထုတ်လုပ်သည်။ ၁၉၆၁-၆၂ ခုတွင် ၁၁၀၈ သန်း ထုတ်၍ ၁၉၆၃-၆၄ ခုနှစ် ယထာမနှစ်ဝက်တွင် ၅၄၄ သန်း၊ ဥတိယနှစ်ဝက်တွင် ၄၆၇ သန်း စုစုပေါင်း ၁၀၁၁ သန်းသာ ထုတ်လုပ်ကြသည်။[၁]

ပဂ္ဂလိကစက်ရုံများသည် တစ်ဦးတည်းပိုင်ရှိသကဲ့သို့ စုပေါင်းတည်ထောင် လုပ်ဆောင်သောစက်ရုံများလည်းရှိသည်။ အချို့မှာ တိုင်းရင်းသားများပိုင်ဖြစ်၍ များသောအားဖြင့် စက်ရုံကြီးများသည် တရုတ်ကုလား နိုင်ငံခြားသားပိုင်များဖြစ်ကြသည်။ အချို့ဈေးရုံ ညီမဟုတ် ကုမ္ပဏီအမည်က နိုင်ငံခြားသားပိုင်ဖြစ်ကြောင်း ဖော်ပြနေသည်။

မြန်မာနိုင်ငံသည် လယ်ယာဝိုက်ပျိုးရေးနိုင်ငံဖြစ်၍ ဆန်သည်ပြည်သူတို့၏ အဓိကစားကွန်ဖြစ်သည်။ ထို့ကြောင့်ခေတ်အဆက်ဆက်ကပင် ဆန်စပါးလုပ်ငန်းသည် အဓိကစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ စပါးမှဆန်ဖြစ်အောင် ကြိတ်ခွဲခြင်းအလုပ်ကို ရွေးသမားရိုးကျနည်းဖြင့်လည်းကောင်း၊ စက်ကြီး၊ စက်ငယ်များဖြင့်လည်းကောင်းလုပ်ဆောင်ကြသည်။ ဆန်စက်တည်ထောင်သည့်လုပ်ငန်းသည် နိုင်ငံခြားသားတရုတ်၊ ကုလားနှင့် တိုင်းရင်းသားဒေရှင် ကြေးရှင်များ၏ လက်တွင်ရှိသော ပဂ္ဂလိကလုပ်ငန်းဖြစ်သည်။ ၁၉၆၁-၆၂ ခုနှစ်က အစိုးရထံ မှတ်ပုံတင်ထားသော ပဂ္ဂလိကဆန်စက်ပေါင်း ၁၈၁၃ စက် ရှိသည်။

တော်လှန်ရေးကောင်စီ တက်လာပြီးနောက် ချမှတ်သော စီးပွားရေး မူဝါဒအရ ဆန်စပါး လုပ်ငန်းသည် နိုင်ငံတော်က အာဏာပေးအပ်သော နိုင်ငံတော် ကောက်ပဲသီးနှံဈေးဝယ်အရေး အဖွဲ့၏ လုပ်ငန်း ဖြစ်လာသည်။ ပဂ္ဂလိက ဆန်စက် ပိုင်ရှင် အချို့သည် ရွေးကောက်သို့ ခြယ်လှယ်နိုင်ခြင်း မရှိတော့ သဖြင့် ဆန်စက်များကို ပြုပြင်ခြင်း မရှိဘဲ အဖြစ်မျှသာ လုပ်ငန်း လုပ်ဆောင်ကြသည်။ အချို့က စက်များကို ပိတ်ထားသည်။ အချို့ကမူ အစိုးရ၏ စပါးကို နဝလီ ကြိတ်ခွဲကြသည်။

ဤသို့ဖြင့် တော်လှန်ရေး ကောင်စီကာလဘွင် ပဂ္ဂလိက ဆန်စက်များ အရည်အသွေး ကျဆင်းသည်။ နိုင်ငံတော် ကောက်ပဲသီးနှံရုံးနှင့် ဆက်သွယ်၍ အစိုးရစပါးကို ကြိတ်ခွဲသော ဆန်စက်ပေါင်း ၁၉၆၁-၆၂ ခုနှစ်က ၉၉၄ စက်ရှိသည်။ စက်များကို အရည်အသွေးအလိုက်

၁။ Economic Survey of Burma 1963, p, 40

၂။ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊ စာ ၄၈

အဆင့်အတန်း သတ်မှတ်ထားသည်။ အေ ၁ အဆင့် စက်ပေါင်း ၇၈ စက်သည် စက်ကြိတ်အား ၆၉ မှ ၇၀ တန်ရှိသော စက်များဖြစ်သည်။ ထိုစက်တို့၏ ၂၄ နာရီကြိတ်အားမှာ ၅၂၇၀ တန်ဖြစ်သည်။ အေ ၂ အဆင့် စက်ပေါင်း ၂၁၀ သည် စက်ကြိတ်အား ၅၀ တန်ခန့်ရှိ၍ ၂၄ နာရီကြိတ်အားသည် ၁၁၁၂၉ တန် ဖြစ်သည်။ ဘီ ၁ အဆင့် စက်ပေါင်း ၃၀၅ စက်ရှိသည်။ ထိုစက်များသည် ၄၀ တန်ခန့် ကြိတ်အားရှိ၍ စက်များ၏ ၂၄ နာရီကြိတ်အားသည် ၁၂၆၂၉ တန်ရှိသည်။ ဘီ ၂ အဆင့် သတ်မှတ်ထားသော ဆန်စက် ၂၆၈ လုံးသည် စက်ကြိတ်အား ၃၅ တန်ခန့်သာရှိသည်။ ထိုစက်များ၏ ၂၄ နာရီ စုပေါင်းကြိတ်အားသည် ၉၂၃၃ တန်ဖြစ်၍ စီ အဆင့်စက် ၁၃၃ စက်တို့၏ ၂၄ နာရီ စုပေါင်းကြိတ်အားမှာ ၃၉၂၅ တန်ကျသည်။ စက်စုစုပေါင်း ၉၉၄ လုံးသည် ၂၄ နာရီကြိတ်ဝါးသော် ဆန် ၄၂၁၈၆ တန်ကျအောင် ကြိတ်ခွဲနိုင်သည်။[၁]

ပုဂ္ဂလိက ဆန်စက်များသည် ၁၉၆၃ ခုနောက်ပိုင်းတွင် များသောအားဖြင့် အစိုးရစပါးကို နဝလီကြိတ်ခွဲကြသည်။ ထိုကြောင့် ၁၉၆၄-၆၅ မှ ၁၉၆၆-၆၇ ခုနှစ်များတွင် အစိုးရစပါးကို ကြိတ်သော ပုဂ္ဂလိက ဆန်စက်ပေါင်း ၁၃၀၀ ကျော်ရှိလာသည်။ ထိုစက်များ၏ ၈ နာရီ စက်ကြိတ် အင်အားသည် ဆန်တန် တစ်သောင်း ခြောက်ထောင်ကျော်မှ တန်တစ်သောင်း နှစ်ထောင်ကျော်အတွင်း ရှိသည်။ စက်စွမ်းအားများ ကျဆင်းလာသည်။ နောက်ပိုင်းတွင် အစိုးရက ပုဂ္ဂလိက ဆန်စက်များကို အသုံးပြုမှု လျှော့၍ နိုင်ငံပိုင်ဆန်စက်များ တည်ထောင်သည်။[၂]

မြန်မာနိုင်ငံ၏ အဓိက ဆီထွက်သီးနှံသည် နှမ်းနှင့် မြေပဲဖြစ်သည်။ နမ်းနှင့်မြေပဲကို သမားရိုးကျ ကြိတ်များ၊ ဆုံများဖြင့်လည်းကောင်း၊ စက်ဖြင့်လည်းကောင်း ကြိတ်ခွဲထုတ်လုပ်သည်။ ဆီစက်လုပ်ငန်း သည်လည်း အဓိကကျသော စီးပွားရေး လုပ်ငန်းတစ်ခုဖြစ်သည်။ ပြည်တွင်းစားသုံးဆီဖူလုံမှုမရှိသဖြင့် ပြည်ပမှတင်သွင်းရသည်။ ထိုကြောင့် ပြန်လည်ထူထောင်ရေးခေတ်က ဆန်၏ ဘေးထွက်ပစ္စည်းဖြစ်သော ဖွဲနုမှ စားသုံးဆီ ထုတ်လုပ်ရေးကို လက်တွေ့သုတေသနအဖွဲ့က စမ်းသပ်သည်။ ကုန်ကြမ်းဖြစ်သော ဖွဲနု အချိန်မီ ရနိုင်ရေးကို တွက်ဆ၍ တစ်နေ့ ၂၅ တန်ကျ ဖွဲနုဆီစက်ငယ် စမ်းသပ် တည်ဆောက်သည်။သို့သော် ဖွဲနုဆီစက်လုပ်ငန်းကို အစိုးရကအကောင် အထည်မဖော်နိုင်ခဲ့ချေ။ ပုဂ္ဂလိက လုပ်ငန်းရှင်များက ၁၉၅၂ ခုနှစ်က စ၍ ဖွဲနုဆီစက်များ တည်ထောင် ခဲ့ကြသည်။

၁။ **ဆန်စပါးထုတ်လုပ်ရောင်းချမှု၊** စာ ၂၅၆

၂။ **ဆန်စပါးထုတ်လုပ်ရောင်းချမှု၊** စာ ၂၆၄

တော်လှန်ရေး ကောင်စီတက်လာသော ၁၉၆၂ ခုနှစ်တွင် ပုဂ္ဂလိကပိုင် အထွေထွေ ဖွဲ့နှဲဆီစက်၊ ဗမာကောက်ပဲသီးနှံ ဖွဲ့နှဲဆီစက်၊ စိန်ကျော် ဖွဲ့နှဲဆီစက်၊ ရတနာ ဖွဲ့နှဲဆီစက်၊ စံချိန်ဖွဲ့နှဲဆီစက်များ ရှိသည်။ ၁၉၆၂-၆၃ ခုနှစ်တွင် စာင်လည်ပတ်သော ပုသိမ်ရှိ ဗန္ဓုလ ဖွဲ့နှဲဆီစက်ဖြင့် စုစုပေါင်း ၆ စက်ရှိသည်။ အချို့စက်များသည်ဆီကြမ်းသာထုတ်နိုင်သည်။ ထိုဆီကြမ်းကိုလည်း အသုံးချနိုင်ခြင်း မရှိချေ။ ဆီခဲထုတ်ရန်၊ ဆပ်ပြာချက်ရန် ကြိုးပမ်းမှုများရှိသည်။ အချို့က ဆပ်ပြာကြမ်းမှ ဘဲလေးတံဆိပ်နှင့် တယ်လီဖုန်း တံဆိပ် ဆပ်ပြာမှုန့်များ ပြုလုပ်ရောင်းချသည်။ ဆပ်ပြာတောင့်(Bar Soap)နှင့် ဆင်ခြေးတုံးဆပ်ပြာများလည်း ထုတ်လုပ်ရောင်းချကြသည်။

ဖွဲ့နှဲဆီစက်တွင် အဓိက ကုန်ကြမ်းသည် ဖွဲ့နှဲဖြစ်သည်။ ၁၉၆၃ ခုနှစ် နောက်ပိုင်းတွင် ဆန်လုပ်ငန်းကို အစိုးရက၊ မူအရ ချုပ်ကိုင်လိုက်သောအခါ ဖွဲ့နှဲဆီစက်များသည် ကုန်ကြမ်းရနေအခက်အခဲကြုံရသည်။ ထို့ကြောင့် ၁၉၆၃ ခုနှစ်နောက်ပိုင်းတွင် အချို့စက်များသည် နိုင်ငံတော် ကောက်ပဲသီးနှံရုံးနှင့် ဆက်သွယ်၍ နဝလီစနစ်ဖြင့် ဆက်လက် ထုတ်လုပ်သည်။ အချို့စက်များလည်း ပိတ်သွား၍ အချို့မှာ ကြီးကြပ်ရေး ကော်မတီများသို့ လွှဲအပ်လိုက်ကြသည်။ တော်လှန်ရေး ကောင်စီလက်ထက်တွင် အစိုးရကလည်း ပြည်သူပိုင် ဖွဲ့နှဲဆီစက်များကို စတင် တည်ထောင်လိုက်သဖြင့် ပုဂ္ဂလိက ဖွဲ့နှဲဆီစက်များ မွေးမြူကျဆင်းသွားသည်။[၁]

ပြည်ထောင်စု အစိုးရလက်ထက် ပြည်တော်သာ စီမံကိန်း ရေးဆွဲစဉ်ကပင် နိုင်ငံတော် အတွင်း စက်မှုလက်မှုလုပ်ငန်းများတည်ထောင်လုပ်ဆောင်ရာ၌ နိုင်ငံပိုင်လုပ်ငန်းများနှင့်အတူ ပုဂ္ဂလိက လုပ်ငန်းများ၊ စက်ရုံများကို မြေတောင်မြောက်ပေးရန် ရည်သန်ချမှတ်ခဲ့သည်။ ထိုချမှတ်ချက်အတိုင်း စက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာနသည် အသေးစား စက်မှုလုပ်ငန်းများကို ကြီးကြပ်၍ လိုအပ်သည်တို့ကို ကူညီပျိုးထောင်ပေးသည်။ ပုဂ္ဂလိက စက်မှုလုပ်ငန်းများသည် အစိုးရ၏အားပေးကူညီမှုကြောင့် အရှိန်အဟုန်ကောင်းစွာဖြင့် တိုးတက်ဖွံ့ဖြိုးကြီးထွားလာကြသည်။ စက်ရုံအမျိုးမျိုး တည်ထောင်ပေါ်ထွန်းလာသည်။ နိုင်ငံတွင်းလိုအပ်သောစားကုန်၊ ဝတ်ကုန်၊ သုံးကုန်များ ထုတ်လုပ်ရေး ဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများ၊ စက်ရုံများ တည်ထောင်ရေးတွင် တစ်တပ်တစ်အား ပါဝင်၍ တာဝန်ထမ်းဆောင်ကြသည်ဟု ဆိုနိုင်ဖွယ်ရှိသည်။ သို့သော် လက်တွေ့တွင် နိုင်ငံ၏ လိုအပ်ချက်ကို ဖြည့်ဆည်းသည်ထက် မိမိတို့၏ အကျိုးအမြတ်အတွက် ဦးစားပေးလွန်းသော ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ ဝိသမ

၁။ ဖွဲ့နှဲဆီစက်ဌာနနှင့် ဆောင်ရွက်နေသောလုပ်ငန်းများ၊ စာ ၂-၃
ကုန်သွယ်ရေးဝန်ကြီးဌာန ဖွဲ့နှဲဆီစက်ဌာနအစီရင်ခံစာ၊ စာ ၅-၈

လောဘကြောင့် မသမာမှုများ ပေါ်ပေါက်သည်။ ပြည်သူတို့အတွက် အကျိုးဖြစ်ထွန်းမှုမှာ ရှိသင့်သလောက်၊ ရသင့်သလောက် မရရှိချေ။ အစိုးရ၏ ကူညီအားပေးမှုကို အခွင့်ကောင်းယူကာ ကိုယ်ကျိုးအတွက် အမြတ်ထုတ်ကြသဖြင့် နိုင်ငံတော်ဘဏ္ဍာနှစ်နှာမှုများ ရှိလေသည်။ တော်လှန်ရေးကောင်စီ အစိုးရသည် သမိုင်းပေးတာဝန်အရ ထိုကိစ္စအရပ်ရပ်၊ ပြဿနာအရပ်ရပ်တို့ကို ၁၉၆၂ ခုနှစ်တွင်ပင် စတင်ဖြေရှင်း ခဲ့ရပေသည်။



ပုံ (၁) ချည်မျှင်နှင့်အထည်စက်ရုံ (သမိုင်း)



ပုံ (၂) ချည်မျှင်နှင့်အထည်စက်ရုံ (သမိုင်း) ၏
ကုန်ထုတ်လုပ်မှု ဆောင်ရွက်နေပုံ



ပုံ (၁) ဂုန်နီစက်ရုံ (အုတ်ကျင်း) ၏
ကုန်ထုတ်လုပ်မှု ဆောင်ရွက်နေပုံ



ပုံ (၂) သံမဏိစက်ရုံ (ရွာမ) ၏
ကုန်ထုတ်လုပ်မှု ဆောင်ရွက်နေပုံ

အခန်း ၂

အစိုးရ စက်မှုမူဝါဒနှင့် စီမံကိန်းများ

ဝါဒသဘောထားကြေညာချက်

နိုင်ငံတော် တော်လှန်ရေးကောင်စီ၏ မူဝါဒ သဘောထားကြေညာချက်ကို ၁၉၆၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်တွင် ပါရှိသည့် စက်မှုလက်မှုလုပ်ငန်းများအပေါ် ၌ ထားရှိသော မူဝါဒသဘောထားသည် ယခင်မူဝါဒများနှင့် မတူဘဲ ဆိုရှယ်လစ် စီးပွားရေးစနစ်သို့ ဦးတည်ပြောင်းလဲသွားလေသည်။

ကြေညာချက်တွင် "တိုင်းပြည်၏ အသက်သွေးကြောဖြစ်သော ကုန်ထုတ်အရင်းအနှီးများကို နိုင်ငံပိုင် ပြုလုပ်ရမည်သာဖြစ်သည်။ တိုင်းပြည်၏ အရင်းအနှီးများကို နိုင်ငံတော် ကသော်လည်းကောင်း၊ သမဝါယမနှင့် စုပေါင်းအဖွဲ့များကသော်လည်းကောင်း ပိုင်ဆိုင်ရမည်" ဟု ပါရှိပါသဖြင့် ပဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းရှင်များတို့သည် မိမိတို့ပိုင်ဆိုင်သော စက်မှုလက်မှု လုပ်ငန်းများကို မကြာမီ ပြည်သူပိုင် သို့မဟုတ် သမဝါယမပိုင် ပြုလုပ်တော့မည်ဟု စိုးရိမ်ကြောင့်ကြမှု ခံလာကြသည်။

တစ်ဖန် "မြန်မာနိုင်ငံ၏ ပင်မစီးပွားရေးလုပ်ငန်းကြီးဖြစ်သည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းရပ်များကို ခေတ်မီ တိုးတက်အောင် တစ်ဘက်မှ ဆောင်ရွက်ရင်း ကိုယ့်တိုင်းပြည်၏ အင်အားနှင့်လျော်ညီသော စက်မှုလက်မှု လုပ်ငန်းများကိုလည်း ထူထောင်သွားမည်။ ယင်းသို့ ထူထောင်ရာတွင် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားစုကို တိုးတက်စေသည့် တိုင်းရင်းသား

၁။ နိုင်ငံတော် တော်လှန်ရေးကောင်စီ၏ ဝါဒသဘောထား ကြေညာချက်မှ ကောက်နုတ်ချက်များ (နိဒါန်း)၊ စာမျက်နှာ ၂၊ အပိုဒ် ၁၁

ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများကိုလည်း နည်းလမ်းကျသော ကန့်သတ်ချက်ဖြင့် နိုင်ငံတော်အစိုးရက ခွင့်ပြုမည်ဖြစ်သည်”[၁] ဟုဆိုထားပြန်သဖြင့် တိုင်းရင်းသားများပိုင်ဆိုင်သည့် လုပ်ငန်းများ ဆက်လက် တည်ရှိနေဦးမည်ဟု ယူဆကြသည်။

ဆက်လက်၍ “ဆိုရှယ်လစ်စီးပွားရေးစနစ်သို့ ပြည့်ပြည့်ဝဝ ကူးပြောင်းရောက်ရှိလာသော အခါတွင်လည်း၊ အများ၏ကောင်းကျိုးကို မဖောက်မပြန် ဆောင်ရွက်သွားနိုင်မည့် တိုင်းရင်းသားလုပ်ငန်းရှင်များကို ဆိုရှယ်လစ်အစိုးရက ပစ်ပယ်မည်မဟုတ်သည့်ပြင် ထိုက်တန်သော နေရာများကိုပင် ပေးအပ်ကာ လက်တွဲ၍ ခေါ်ဆောင်သွားမည်သာဖြစ်သည်”[၂] ဟုကြေညာချက်တွင်ပါရှိသဖြင့် တိုင်းရင်းသား လုပ်ငန်းရှင်များအဖို့ မျှော်လင့်ချက်များ ရှိနေပြန်ပေသည်။ နိုင်ငံခြားသားနှင့် နိုင်ငံသားအဖြစ်ခံယူထားသည့် လုပ်ငန်းရှင်များအဖို့ ကျင်ကြေညာချက်အရ စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းမရှိတော့ဟု မှတ်ယူကြသည်။

ကျင်ကဲ့သို့ မူဝါဒသဘောထား ထုတ်ပြန်ကြေညာခဲ့ပြီးနောက် အပြောင်းအလဲများ ဖြစ်ပေါ်လာတော့မည်ဟု အများက ထင်မြင်ယူဆကြသည်။ သို့ရာတွင် မူဝါဒများကိုအကောင်အထည်ဖော်ရာ၌ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ကိုင်ရသဖြင့် စက်မှုလက်မှု လုပ်ငန်းနယ်ပယ်တွင် ၁၉၆၂ ခုနှစ်အတွင်းက အများမျှော်လင့်သကဲ့သို့ ထူးခြားသော ပြောင်းလဲမှုများ မြန်မြန်ဆန်ဆန် ဖြစ်ပေါ်မလာခဲ့ချေ။

ပဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများ

ပဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများကို ၁၉၆၂ ခုနှစ်အတွင်းတွင် ယခင်ကကဲ့သို့ပင် ဆက်လက်၍ လည်ပတ်လုပ်ကိုင်ကြသည်။ မိမိတို့ကိုင်ဆောင်ထားသည့် သွင်းကုန်လိုင်စင်များဖြင့် ကုန်ကြမ်းပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းနိုင်သည့် သွင်းကုန်လိုင်စင်များနှင့် လုပ်ငန်းသစ်များ တည်ထောင်ရန် လျှောက်လွှာများကိုလည်း တင်သွင်းလျှောက်ထားနိုင်ကြသည်။

ထို့အပြင် ပဂ္ဂလိကလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးအတွက် လေ့လာရန် ကုလသမဂ္ဂမှ ကျွမ်းကျင်သူများပါဝင်သည့် မစ်ရှင်အဖွဲ့တစ်ခုစေလွှတ်ရန် ၁၉၆၁ ခုနှစ်အဘုန်းက သဘောတူထားပြီးဖြစ်သော အစီအစဉ်ကိုပင် တော်လှန်ရေးအစိုးရက အပြောင်းအလဲ အနည်းငယ်နှင့်

၁။ နိုင်ငံတော် တော်လှန်ရေးကောင်စီ၏ ဝါဒသဘောထား ကြေညာချက်မှ ကောက်နုတ်ချက်များ (နိုဖါန်း)၊ စာမျက်နှာ ၃၊ အပိုဒ် ၁၅

၂။ နိုင်ငံတော် တော်လှန်ရေးကောင်စီ၏ ဝါဒသဘောထား ကြေညာချက်မှ ကောက်နုတ်ချက်များ (နိုဖါန်း)၊ စာမျက်နှာ ၃၊ အပိုဒ် ၁၅

လက်ခံခဲ့သည်။ အဖွဲ့ဝင် ဂ ဦးပါဝင်သော ထိုအဖွဲ့သည် ၁၉၆၂ ခုနှစ်အလယ်ပိုင်းတွင် မြန်မာနိုင်ငံသို့ရောက်ရှိလာကြသည်။ ပဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများကို လေ့လာကြသည်။

စက်မှုမစ်ရှင်အဖွဲ့သည် ပဂ္ဂလိက လုပ်ငန်းများအပြင် အထက်ချင်းတွင်းမြစ်နှင့် ရေတိမ်သောမြစ်ကြောင်းများတွင် သွားလာနိုင်သည့် သင်္ဘောများ တည်ဆောက်ရေးနှင့် စက်မှုလက်မှုသီးသန့်မြေနေရာများ တည်ဆောက်ရေး လုပ်ငန်းများကိုပါ လေ့လာကြလျက် အစီရင်ခံစာများ ရေးသားတင်ပြကြသည်။ မစ်ရှင်အဖွဲ့၏ နောက်ဆုံးအစီရင်ခံစာများကို ၁၉၆၃ ခုနှစ် ဇူလိုင်လအတွင်းတွင် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ စက်မှုလက်မှုဌာနသို့ တင်ပြသည်။ ထိုအဖွဲ့၏အစီရင်ခံစာပါ အချက်အလက်များကို စက်မှုလက်မှုဌာနက စဉ်းစားခဲ့သော်လည်း ထိုအချိန်က ပဂ္ဂလိက စက်မှုလုပ်ငန်းများကို မည်သို့ထိန်းချုပ် လုပ်ကိုင်စေမည်ကို တိကျစွာ မစဉ်းစားရသေးသဖြင့် မည်သို့မျှ အရေးယူ ဆောင်ရွက်မှုမရှိခဲ့ချေ။

ပဂ္ဂလိက လုပ်ငန်းရှင်များနှင့်ပတ်သက်သည့် ပြုပြင်ပြောင်းလဲချက်တစ်ရပ်မှာ ၁၉၆၂ ခုနှစ် မေလတွင် ပြည်တွင်းပြည်ပ ကုန်သွယ်ရေးလုပ်ငန်းများကို ပြည်သူပိုင်လုပ်ငန်းများအဖြစ် စုစည်းဆောင်ရွက်ရန် ပြင်ဆင်ခြင်းပင်ဖြစ်သည်။ ကုန်ကြမ်းနှင့် စက်အပိုပစ္စည်းများကို ယခင်က သွင်းကုန်လိုင်စင်များဖြင့် တင်သွင်းနိုင်သော်လည်း ပြောင်းလဲလိုက်သည့် အစီအစဉ်အရ၊ ပစ္စည်းများကို ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားသော ကော်မတီတစ်ရပ်၏ ခွင့်ပြုချက်ဖြင့်သာလျှင် ဆိပ်ကမ်းမှ ထုတ်ယူခွင့်ရလေသည်။

တော်လှန်ရေးကောင်စီ၏ ပုဂ္ဂိဒ သဘောထား ကြေညာချက်အရ တိုင်းရင်းသားများအား စက်မှုလက်မှုလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခွင့် ပေးထားဦးမည်ဖြစ်သောကြောင့် ၁၉၆၂ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ စက်မှုလက်မှုဌာနသည် စက်မှုလက်မှု မြှင့်တင်ရေးဘုတ်အဖွဲ့ ကို ဖွဲ့စည်းတည်ထောင်သည်။ ထိုဘုတ်အဖွဲ့ ဖွဲ့စည်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဆိုရှယ်လစ်စီးပွားရေးဘောင်အတွင်း ပဂ္ဂလိကစက်မှု

၁။ ကုလသမဂ္ဂစက်မှုလက်မှု လေ့လာရေးမစ်ရှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ စက်မှုလက်မှုဌာန၏ သင်ခန်းစာအကျဉ်းချုပ် (၁၉၆၃)၊ စာ ၂၅

၂။ Industrial Promotion Board

လက်မှုလုပ်ငန်းများ တိုးတက်လာစေရန်ဖြစ်သည်။ ယင်းရည်ရွယ်ချက်နှင့်အညီ စက်မှုလက်မှု မြှင့်တင်ရေးဘုတ်အဖွဲ့သည် စက်မှုလက်မှု သီးသန့် မြေနေရာများ သတ်မှတ်ရေး၊ စက်ရုံ တည်ဆောက်ရေးနှင့် ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းများတိုးတက်ရေးအတွက် လေ့လာရေးအဖွဲ့ငယ်များ ဖွဲ့စည်းဆောင်ရွက်သည်။ ၎င်းအပြင် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပို့ရေးရှင်းမှ ယခင်က ထုတ်ချေးခဲ့သော စက်မှုလက်မှု ငွေကြွေးကျန်များ ပြန်လည်ကောက်ခံရေးကို လွှဲပြောင်းရယူကာ ကြွေးကျန်များကို ဂရုတစိုက် ကောက်ခံသည်။

ဤသို့ ပုဂ္ဂလိကပိုင်လုပ်ငန်းများကို တစ်ဘက်မှအားပေးရန် စီစဉ်နေစဉ် နိုင်ငံခြားသားနှင့် တိုင်းရင်းသား အရင်းရှင်ကြီးများသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်တွင် လုပ်ပိုင်ခွင့်နယ်ပယ် ကျဉ်းမြောင်းမည်ဟု ယူဆ၍ မိမိတို့ပိုင်သော စက်ရုံ၊ အလုပ်ရုံများတွင် နောက်ထပ်ငွေပင် ငွေရင်းမသွင်းတော့ဘဲ ရသမျှပြန်လည်ထုတ်ယူသည်။ ထိုအခါ ပြင်ဆင်မှုမရှိသော စက်များ ယိုယွင်းလာသည်။ ကုန်ကြမ်းပစ္စည်းများပြန်မဖြည့်သည့်အတွက်တစ်စတစ်စကုန်ခန်းလာသည်။ တရားဥပဒေအရ၊ အလုပ်သမားများ ရထိုက်သည့် အခွင့်အရေးများ အပြည့်အဝ မပေးတော့ဘဲ အလုပ်သမားများအား ပေးရန် ကြွေးတင်လာသည်။ နောက်ဆုံး စက်ရုံအလုပ်ရုံ ပိတ်ရတော့သည်။ ယင်းသို့ပိတ်ရာတွင် တော်လှန်ရေးကောင်စီက စက်ပစ္စည်းနှင့် ကုန်ကြမ်းပစ္စည်းအတွက် သွင်းကုန်လိုင်စင် ထုတ်မပေး၍ သော်လည်းကောင်း၊ ဘဏ်မှ ငွေမချေး၍ သော်လည်းကောင်း၊ ထုတ်ကုန်ပစ္စည်းများ လွှတ်လပ်စွာ မရောင်းရ၍ သော်လည်းကောင်း စက်ရုံ အလုပ်ရုံ ပိတ်ရပါသည်ဟု ဆင်ခြေပေးကြသည်။[၁]

အချို့လုပ်ငန်းများ၌ ၁၉၆၂ ခုနှစ် နောက်ပိုင်းတွင် အလုပ်သမားများက မိမိတို့၏ ရထိုက်သော အခွင့်အရေးများကို တောင်းဆိုလာကြသဖြင့် အလုပ်သမားနှင့် အလုပ်ရှင် ပဋိပက္ခ ဖြစ်လာကြသည်။ အလုပ်သမားဝန်ကြီးဌာနက အလုပ်သမားများ၏ ရသင့်သော အခွင့်အရေးများကို ရရှိစေရန် ဆောင်ရွက်ပေးခဲ့သောကြောင့် အချို့လုပ်ငန်းရှင်များသည် အလုပ်သမားများအား နစ်နာကြေး အတော်အတန် ပေးခဲ့ကြရသည်။

စက်ရုံများပိတ်ရန် တောင်းဆိုမှုများ များပြားလာသဖြင့် ၁၉၆၂ ခုနှစ် ကုန်ခါနီးတွင် စက်မှုလက်မှု ငန်ကြီးဌာနတွင် ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများပိတ်ရန် လျှောက်ထားခြင်းများကို စိစစ်ရန် ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့သည်။ ထိုကော်မတီအောက်တွင် ဒေသဆိုင်ရာ အဖွဲ့ငယ်များဖွဲ့စည်း၍ လျှောက်လွှာတစ်ခုချင်းကို စိစစ်တင်ပြစေခဲ့သည်။

၁။ ၁၉၆၄-၆၅ ခုနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပတ်သက်၍ ပြည်သူသို့ အစီရင်ခံစာ၊ စာ ၃

စက်ရုံပိတ်ရန် လျှောက်ထားခြင်းအနက် အချို့မှာ အမှန်တကယ်ပင် အခက်အခဲများနှင့် ရင်ဆိုင်ရသောကြောင့်ဖြစ်သည်။ အချို့မှာ ဆိုရှယ်လစ် စီးပွားရေးစနစ်အတွင်း မလုပ်လိုသော ကြောင့်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ တိုင်းပြည်အတွက် အကျိုးမရှိတော့သဖြင့် ရပ်ဆိုင်းသင့် သောလုပ်ငန်းအချို့ကို အစိုးရက ပိတ်ခွင့်ပြုခဲ့သည်။ ထိုသို့ပိတ်ခွင့်ပြုသော စက်ရုံများတွင် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကပင် ဖွင့်လှစ်လုပ်ကိုင်ခဲ့သော တာမေ့ နှတ်ချောင်းရုပ်ရှိ နယူးဘားမား ကော်စက်နှင့် အလုံရုပ်ရှိ ဟာဂျီဒါတ် ဂျူစက်ကြီးတို့လည်း ပါဝင်သည်။

အမှန်တကယ် အရှုံးပေါ်၍ ပိတ်လိုက်ရသော မြန်မာအမျိုးသားပိုင် စက်ခွံမှာ ရန်ကုန်မြို့ ကြို့ကုန်းလမ်းမပေါ်ရှိ ဗမာ့စက်မှုပစ္စည်း ထုတ်လုပ်ရေးကုမ္ပဏီ ဖြစ်သည်။ ၎င်းကုမ္ပဏီမှာ ဆန်စက်ကလေးများ ထုတ်လုပ်သော ကုမ္ပဏီဖြစ်သည်။[၁] စက်ခွံကို ဒွေကြေးမပြေလည်သဖြင့် ၁၉၆၃ ခုနှစ်အတွင်းတွင် ပြည်သူပိုင်အဖြစ် သိမ်းယူလည်ပတ်ခဲ့သည်။ နောက်ပိုင်းတွင် ပြည်သူ့ စက်ပစ္စည်း စက်ခွံ အမှတ် ၂ ဖြစ်လာသည်။

ဆိုရှယ်လစ် စီးပွားရေးဘောင်အတွင်း ပုဂ္ဂလိကလုပ်ငန်းများ၏ အနေအထားကို တော်လှန်ရေးအစိုးရသည်ပြန်လှန်သုံးသပ်ပြီးနောက် ၁၉၆၃ ခုနှစ်ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့ တပ်မတော် ကပွဲရုံ၌ တောင်လှန်ရေး ကောင်စီဥက္ကဋ္ဌ ကမ္ဘာဒီမိန့်ခွန်းမြွက်ကြားခဲ့သည်။ ထိုမိန့်ခွန်းတွင် ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများ တိုးတက်ဖြစ်ပေါ်ရေးသည် ဆိုရှယ်လစ် စီးပွားရေးကို အကျိုးပြုသည်ထက် အပြဿဒြဖစ်ရန် အကြောင်းများသောကြောင့် ပုဂ္ဂလိက လုပ်ငန်းသစ်များ နောက်ထပ် ထူထောင်ခွင့်ပြုတော့မည် မဟုတ်ကြောင်း ပါရှိသည်။ လက်ရှိ လုပ်ငန်းများကိုမူ ဆက်လက်၍ လုပ်ကိုင်ခွင့်ပြုမည် ဖြစ်ကြောင်း၊ လိုအပ်သော ကုန်ကြမ်းနှင့် အခြား အကူအညီများ ပေးသွင်း မည်ဖြစ်ကြောင်း၊ အကယ်၍ တိုးချဲ့လုပ်ကိုင်လိုသူများ ရှိပါက အစိုးရသို့ မိမိ၏ အကြံဉာဏ်များပေး၍ အကျိုးရှိမည့် လုပ်ငန်းများဖြစ်လျှင် အစိုးရ အနေနှင့်ငင်းလုပ်ငန်းကို တည်ထောင်မည်ဖြစ်ကြောင်း၊ တိုထွင်ကြံဆသူအား ထိုက်သင့်သော နေရာပေး၍ ချီးမြှင့်မည်ဖြစ်ကြောင်းလည်း ထိုမိန့်ခွန်းတွင် ပါရှိသည်။[၂]

ပုဂ္ဂလိက လုပ်ငန်းသစ်များ တည်ထောင်ခွင့်ပြုတော့မည် မဟုတ်ဟု ကြေညာပြီးသည့် နောက် လက်ရှိ အသိအမှတ်ပြု မှတ်ပုံတင်ပြီးဖြစ်သော လုပ်ငန်းများသည် ပြည်တွင်း ပြည်ပ

၁။ ၁၉၆၃-၆၄ ခုနှစ် ရသုံးခန့်မှန်းခြေ ဌေစာရင်းနှင့် ပတ်သက်၍ ပြည်သူ့သို့ အစီရင်ခံစာ၊ စာ ၂၅

၂။ ၁၉၆၄-၆၅ ခုနှစ် ရသုံးခန့်မှန်းခြေ ဌေစာရင်းနှင့် ပတ်သက်၍ ပြည်သူ့သို့ အစီရင်ခံစာ၊ စာ ၅၂-၅၃

ကုန်ကြမ်းများကို ဆက်လက် ရရှိနေကြသည်။ ထို့ကြောင့် ၎င်းတို့ အနေနှင့် အထူးအခွင့်အရေး ရသကဲ့သို့ ဖြစ်ကြပေသည်။

တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏ မူဝါဒနှင့် မိန့်ခွန်းမြွက်ကြားသည့် ၁၉၆၃ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့နောက်ပိုင်းတွင် တည်ထောင်သော ပုဂ္ဂလိက လုပ်ငန်းများကို အသိအမှတ် မပြုဘော့သဖြင့် အချို့ လုပ်ငန်းရှင်များသည် အစိုးရထံမှ ကုန်ကြမ်းပစ္စည်းများ ရရှိရန်၊ ၎င်းနေမတိုင်မီက တည်ထောင်လုပ်ကိုင်ခဲ့ကြောင်း အထောက်အထားပြ၍ မှတ်ပုံတင်ခွင့် လျောက်ထားကြပြန်သည်။ ကုန်ကြမ်းပစ္စည်း ရရှိရန် အခက်အခဲရှိသဖြင့် အစိုးရထံမှ ဝယ်ယူခွင့် ရရှိသူများကလည်း ကုန်ကြမ်းများကို မှော်ခို ရောင်းချကြသည်။ သကြားလုံး၊ ချိုချဉ် လုပ်ငန်း၊ လက်ဖက်ကန်းလုပ်ငန်း၊ ရော်ဘာလုပ်ငန်း စသည်တို့တွင် မှတ်ပုံတင် စာအုပ်ရရှိရေး အတွက် နည်းအမျိုးမျိုးဖြင့် ကြိုးစားလာကြသည်။ ပုဂ္ဂလိက လုပ်ငန်းသစ်များကို ပိတ်ပင် ခဲ့သော်လည်း မှတ်ပုံမတင်ဘဲ ဖြစ်သည့်နည်းနှင့် လုပ်ငန်းများကို အများအပြား တိုးချဲ့လုပ်ကိုင် ခဲ့ကြသည်။[၁]

တော်လှန်ရေး အစိုးရတက်ပြီးနောက် ၁၉၆၂-၆၃ ခုနှစ်အတွင်း ပုဂ္ဂလိကပိုင် စက်မှုလုပ်ငန်း များ၏ ထွက်ကုန်တန်ဖိုး စုစုပေါင်းသည် ၁၉ ဂကုဋေသို့ ရောက်ရှိခဲ့၍ ယခင်နှစ်ကထက် ၆ ကုဋေ ကျော်မျှ တိုးတက် ခဲ့သည်။[၂]

ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများမှ ထုတ်လုပ်သော ဒန်အိုးဒန်ခွက်များ၊ စွပ်ကျယ်၊ လုံချည်စသည့် အထည်အလိပ်များ၊ သော့နှင့်သော့ခလောက်များ၊ ဆပ်ပြာ၊ ဆပ်ပြာမှုန့် စသည့် သုံးကုန်ပစ္စည်းများ၏ ကုန်ထုတ်စရိတ်များကို စက်မှုလက်မှု ကြီးကြပ် ညှိနှိုင်းရေး ရုံးမှ ဦးဆောင်လျက် ကူးသန်းရောင်းဝယ်ရေး စာရင်းစစ်ဌာနမှ ကျွမ်းကျင်သူများ၏ အကူအညီ ဖြင့်တွက်ချက်ခဲ့သည်။ ရရှိသော ပစ္စည်းတစ်ခုချင်းအလိုက် ကုန်ထုတ်စရိတ်များကို ဆိုရှယ်လစ် စီးပွားရေး တည်ဆောက်မှု ကော်မတီသို့ တင်ပြ အတည်ပြုချက် ရယူသည်။ သတ်မှတ်ထား သောစျေးနှုန်းများအတိုင်း အချို့ ပစ္စည်းများကို ပြည်သူ့ ပစ္စည်း ကော်ပိုရေးရှင်းများက ပုဂ္ဂလိက လုပ်ငန်းရှင်များထံမှ ဝယ်ယူပြီး ပြည်သူလူထုသို့ ဖြန့်ဖြူးရောင်းချခဲ့သည်။

၁။ ဒေါက်တာ ကျော်ထင် မှတ်စု၊ စာ ၄

၂။ ၁၉၆၄-၆၅ ခုနှစ် တော်လှန်ရေး အစိုးရ၏ ရသုံးပုန်းခြေဝေစာရင်းနှင့်ပတ်သက်၍ ပြည်သူသို့ အစီရင်ခံစာ စာ ၂ အပိုဒ် ၅

ပဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများနှင့် သက်ဆိုင်သော ထူးခြားသည့် အစိုးရ၏ ဆောင်ရွက်ချက် တစ်ရပ်မှာ ၁၉၆၃ ခုနှစ် အောက်တိုဘာလ ၁၊ ရက်နေ့မှစ၍ ပဂ္ဂလိကလုပ်ငန်း ရှင်များအား သွင်းကုန်လိုင်စင် မပေးတော့ဘဲ ရပ်စဲ ခဲ့ခြင်းပင် ဖြစ်သည်။ ထိုသို့ရပ်စဲခဲ့ခြင်း ကြောင့် ပဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းရှင်များတို့သည် မိမိတို့၏ လုပ်ငန်းများအတွက်လိုအပ် သောကုန်ကြမ်းပစ္စည်းများနှင့် စက်ကိရိယာ ပစ္စည်းများကို အစိုးရ၏ ပြည်သူ့ပစ္စည်းကော်ပို ရေးရှင်းများထံမှသာ ဝယ်ယူရသည်။ ဤသို့ ပြုလုပ်လိုက်ခြင်းကြောင့် ပဂ္ဂလိက လုပ်ငန်း ရှင်များသည် မိမိတို့ ကြိုက်နှစ်သက်ရာ ပစ္စည်းကို မှာယူပြီး အချိုကို ပြင်ပရေးကွက်သို့ရောင်းချ ခြင်း၊ နိုင်ငံခြား ကုမ္ပဏီများနှင့် တိုက်ရိုက် ဆက်သွယ်ပြီး နိုင်ငံခြားငွေ လိမ်ထုတ်ခြင်းများကို မပြုလုပ်နိုင်တော့ချေ။ တစ်နည်းအားဖြင့် ပဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများကို ယခင် ကထက် ပိုမိုထိရောက်စွာ ချုပ်ကိုင်ခဲ့သည်။

ပဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများကို စနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်ရန် ပဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများ မည်မျရှိသည်ကို သိရှိရန်လိုအပ်သည်။ ထို့ကြောင့် ၁၉၆၃ ခုနှစ် အတွင်းတွင် ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ၏ အကူအညီဖြင့် ပဂ္ဂလိကလုပ်ငန်းများ၏ စာရင်းကို စက်မှုလက်မှုညွှန်ကြားရေးဌာနခဲ့မှ ရနိုင်သမျှ ကောက်ယူသည်။ ထိုသို့ကောက်ယူရ ရှိခဲ့သော စာရင်းအကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်။[၁]

၁၉၆၃ - ၆၄ ခုနှစ် ပဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းများစာရင်း

စဉ်	တိုင်း/ပြည်နယ်	လုပ်ငန်းဦးရေ	ရင်းနှီးငွေ ကျပ်သန်း	အလုပ်သမား ဦးရေ
၁။	ရန်ကုန်တိုင်း	၄၇၇၄	၂၉၃.၀	၅၇၃၃၉
၂။	ဧရာဝတီတိုင်း	၉၅၃	၅၇.၀	၁၀၆၀၇
၃။	ပဲခူးတိုင်း	၁၀၂၇	၆၅.၀	၂၂၀၇၉
၄။	ရခိုင်တိုင်း	၂၈၉	၇.၅	၁၀၆၉
၅။	ရှမ်းပြည်နယ်	၆၇၅	၂.၁	၁၇၅၀
၆။	ကယားပြည်နယ်	၆၅	၀.၉	၃၄၂

၁။ ဒေါက်တာ ကျော်ထင် မှတ်စု၊ စာ ၇

စဉ်	တိုင်း/ပြည်နယ်	လုပ်ငန်းဦးရေ	ရင်းနှီးငွေကျပ်သန်း	အလုပ်သမားဦးရေ
၇။	တနင်္သာရီတိုင်း	၁၇၀၆	၂၈.၀	၁၁၃၉၈
၈။	ကော်သူးလေပြည်နယ်	၂၂၇	၆.၁	၁၂၄၅
၉။	မန္တလေးတိုင်း	၆၁၅၀	၈၆.၀	၃၀၆၈၂
၁၀။	စစ်ကိုင်းတိုင်း	၄၉၄၄	၂၉.၀	၁၈၃၃၀
၁၁။	မကွေးတိုင်း	၁၂၆၂	၃၁.၀	၇၂၈၉
၁၂။	ကချင်ပြည်နယ်	၁၅၂	၃.၄	၆၆၂
၁၃။	ချင်းဝိသေသတိုင်း	....	....	....
	စုစုပေါင်း	၂၃၀၂၄	၆၀၈.၀	၁၆၃၅၉၂

အထက်ဖော်ပြပါ နယ်မြေဒေသအလိုက် စာရင်းကို လုပ်ငန်းအမျိုးအစားအလိုက် ခွဲခြားသော် လုပ်ငန်းအရေအတွက်မှာ အောက်ပါအတိုင်းဖြစ်သည်။

လုပ်ငန်းအမျိုးအစား		လုပ်ငန်းဦးရေ
အထည်အလိပ်လုပ်ငန်း	....	၉၈၅၉
စားကုန်သောက်ကုန်လုပ်ငန်း	....	၄၂၉၀
သတ္တုပစ္စည်းလုပ်ငန်း	....	၁၁၀၃
စက်မှုပစ္စည်းလုပ်ငန်း	....	၅၂၈
ဓာတုဗေဒပစ္စည်းလုပ်ငန်း	....	၁၁၄၇
ကြွေထည်မြေထည်လုပ်ငန်း....	....	၂၀၄
မှန်မံမံပြင်ဆင်ရေးလုပ်ငန်း	....	၁၂၃၀
အထွေထွေလုပ်ငန်း	....	၄၆၆၃
စုစုပေါင်း		၂၃၀၂၄

စာရင်းဇယားများ စုဆောင်းရာတွင်သက်ဆိုင်ရာ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီသို့ လုပ်ငန်းရှင်များက ကိုယ်တိုင် လာရောက် စာရင်းပေးသွင်းကြရသည်။ များပြား လှသော အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းကလေးများသည် လာရောက်စာရင်းသွင်းခြင်းမရှိကြ ချေ။ အထက်တွင်ပြဆိုထားသည့် ကြွေထည်မြေထည်လုပ်ငန်းကို နမူနာထားကြည့်ပါက လက် တွေ့တွင် ပုသိမ်၊ မော်လမြိုင်၊ တံတေး၊ ကျောက်မြောင်း၊ ရွှေဂူ အစရှိသည်တို့၌ အများ အပြားရှိကြသော အိုးလုပ်ငန်းများပင်လျှင် ၂၀၀ ကျော်မက ရှိမည်ဟု ခန့်မှန်းရသည်။ ယခုဖော်ပြသောစာရင်းမှာ လာရောက်စာရင်းပေးသမျှသာ ဖြစ်သည်။

ပဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများမှာ မန္တလေး၊ စစ်ကိုင်းနှင့် ရန်ကုန်တိုင်းများတွင် အများဆုံးဖြစ်ကြောင်း တွေ့ရသည်။ ဦးရေအားဖြင့် တတိယနေရာတွင်ရှိသော်လည်း ရန်ကုန် တိုင်းရှိ စက်မှုလက်မှုလုပ်ငန်းများသည် အလုပ်သမား အများဆုံးဖြစ်ပြီးလျှင် ရင်းနှီးငွေအားဖြင့် လည်း အများဆုံးဖြစ်သည်။ တစ်နည်းအားဖြင့် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုလက်မှုလုပ်ငန်း များမှာ အရွယ်အစားအားဖြင့် ကြီးမားသည်ဟု ဆိုရပေမည်။

အမျိုးအစားအားဖြင့်ကြည့်လျှင် အထည်အလိပ်ဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းသည် အများဆုံးဖြစ်၏။ ဤတွင်လည်း အထက်ဥပမာအတိုင်းပင် ရခိုင်၊ ထားဝယ်၊ မုဒုံ၊ ရွှေတောင်၊ ဝမ်းတွင်း၊ သဲတော၊ အမရပူရ၊ အင်းလေး စသည့်အရပ်များ၌ရှိကြသော လက်ရက်ကန်း စင်ပေါင်း တစ်သိန်းကျော်မှာ စာရင်းတွင် အကုန်အစင်ပါဝင်မှုမရှိကြောင်း သိသာသည်။ ဒုတိယအများဆုံးမှာ စားကုန်သောက်ကုန် လုပ်ငန်းများဖြစ်သည်။ ဤစာရင်း၌လည်း သစ်သီး ယိုစုံ လုပ်ငန်းများ၊ သရက်သီး မရန်းသီးသနပ်လုပ်ငန်း၊ မုန့်မျိုးစုံလုပ်ငန်း၊ ချိုချဉ်လုပ်ငန်း စသည့် အိမ်တွင်းစားကုန်လုပ်ငန်းငယ်ကလေးများ အများအပြား ကျန်ရှိနေသေးကြောင်း ထင်ရှားသည်။

ပြည်သူပိုင်ပြုလုပ်ခြင်း

တော်လှန်ရေးကောင်စီသည် ဆိုရှယ်လစ်လူ့ဘောင် ထူထောင်ရာဘွင် လူလူချင်း ခေါင်းပုံ ဖြတ်မှု ပပျောက်ရေးအတွက် ကုန်ထုတ် အရင်းအနှီးများကို ဖြစ်နိုင်သရွေ့ ပြည်သူပိုင် ပြုလုပ် ရမည်ဟု ချမှတ်သည်။ ထို့ကြောင့် အရင်းရှင်မြေရှင် စီးပွားရေးစနစ်ကို ဖျက်သိမ်း၍ဆိုရှယ်လစ် စီးပွားရေးစနစ်ကို တဖြည်းဖြည်းအစားထိုးတည်ဆောက်ရန် နိုင်ငံ၏အရေးကြီးသော ကုန်ထုတ် အရင်းအနှီးများကို ပြည်သူပိုင်ပြုလုပ်ပြီး ဆိုရှယ်လစ် စီးပွားရေးစနစ်၏ ပထမမဏ္ဍိုင်ဖြစ်သော ပြည်သူပိုင်ကဏ္ဍကို ကျယ်ပြန့်လာစေရန် ကြိုးပမ်းသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ စီးပွားရေး၌

အရေးကြီးသော ကုန်ထုတ်လုပ်ငန်းကြီးများ၊ ဘဏ်လုပ်ငန်းကြီးများ၊ ပြည်ပ ကုန်သွယ်ရေး လုပ်ငန်းများ၊ ပြည်တွင်း ကုန်သွယ်ရေးလုပ်ငန်းများနှင့် နိုင်ငံခြားသားပိုင် စီးပွားဓရေးလုပ်ငန်း များကို အဆင့်ဆင့် ပြည်သူပိုင်ပြုလုပ်ခဲ့သည်။ ထို့မှဝါဒအရ တော်လှန်ရေးကောင်စီသည် ၁၉၆၃ ခုနှစ်အတွင်း အောက်ဖော်ပြပါ လုပ်ငန်းများကို ပြည်သူပိုင်ပြုလုပ်သည်။

၁။ ၁၉၆၃ ခု ဇန်နဝါရီလ ၁ ရက်နေ့တွင် ဘီအိုစီ (၁၉၅၄) လီမိတက်နှင့် အင်ဒိုဘားမား ရေနံကုမ္ပဏီများ

၂။ ၁၉၆၃ ခု ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား ပုဂ္ဂလိကပိုင် ဘဏ်လုပ်ငန်းများနှင့် နိုင်ငံခြားသားပိုင် ဘဏ်လုပ်ငန်းများ

၃။ ၁၉၆၃ ခု ဇွန်လ ၁၄ ရက်နေ့တွင် အင်ဂလိဘားမား သတ္တုတွင်းကုမ္ပဏီ

၄။ ၁၉၆၃ ခု ဩဂုတ်လ ၁၆ ရက်နေ့တွင် မြန်မာပုလဲငုပ်ခြင်းနှင့် မွေးမြူရေး ဆင်ဒီကိတ် ပုလဲလုပ်ငန်းများ

၅။ ၁၉၆၃ ခု စက်တင်ဘာလ ၁၇ ရက်နေ့တွင် မြန်မာနိုင်ငံ စီးပွားတိုးတက်မှု ကော်ပိုရေးရှင်း (ဘီအီးဒီစီ)[၁] နှင့် ယင်းလက်အောက်ရှိ ကုမ္ပဏီများ၊ အဖွဲ့ အစည်းများနှင့် လုပ်ငန်းများ

၆။ ၁၉၆၃ ခု စက်တင်ဘာလ ၂၇ ရက်နေ့တွင် စစ်ဘက် ကုန်စည်ဖြန့်ချိရေးဌာန၊ (ဒီအက်စ်အိုင်)[၂] နှင့် လက်အောက်ခံကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းများ

၇။ ၁၉၆၃ ခု အောက်တိုဘာလ ၂၀ ရက်နေ့တွင် စီးကရက်လုပ်ငန်းကုမ္ပဏီများ

ဘီအိုစီကို ၁၉၅၄ ခုနှစ်အထိ ဗြိတိသျှ အရင်းရှင်ကြီးများက ပိုင်ဆိုင်ပြီး ရေနံနှင့်ပတ်သက် သည့်လုပ်ငန်းများကို လက်ဝါးကြီးအုပ်၍ လုပ်ကိုင်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ဘီအိုစီနှင့် နိုင်ငံအစိုးရတို့ ဖက်စပ်လုပ်ငန်းကိုလုပ်ကိုင်၍ ဘီအိုစီ (၁၉၅၄) လီမိတက်အမည်ဖြင့် ရေနံ ထုတ်ခြင်း၊ ရေနံပို့ခြင်း၊ ရေနံချက်ခြင်းကို လုပ်ကိုင်ခဲ့ကြသည်။ ရေနံဆီ၊ ဒေတ်ဆီ၊ စက်ဆီ တင်သွင်းခြင်း၊ ရောင်းချခြင်းကိုမူ ဘီအိုစီကပင် ဆက်လက်လုပ်ကိုင်သည်။ ၁၉၆၃ ခု ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ တော်လှန်ရေးကောင်စီသည် ဘီအိုစီ (၁၉၅၄) လီမိတက်ကို ပြည်သူပိုင် သိမ်းလိုက်သည်။

၁။ B.E.D.C Burma Economic Develop ment Corporation

၂။ D.S.I Defence Services Institute

ဆက်လက်၍ တော်လှန်ရေးကောင်စီသည် နိုင်ငံခြားသားပိုင် ဘဏ်များနှင့် တိုင်းရင်းသားပိုင် ဘဏ်များကို ၁၉၆၃ ခု ဖေဖော်ဝါရီလ ၂၃ ရက်နေ့ မွန်းလွဲပိုင်းမှအစပြု၍ ပြည်သူပိုင် ပြုလုပ်ခဲ့သည်။[၁]

ဤသို့ဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း လုပ်ကိုင်နေသော အောက်ဖော်ပြပါ ဘဏ် ၃၁ ဘဏ်သည် ပြည်သူပိုင်ဖြစ်လာသည်။

ရန်ကုန်ရှိ နိုင်ငံခြားဘဏ်	....	၁၄
နယ်မြို့များတွင် ဖွင့်လှစ်ထားသော နိုင်ငံခြားဘဏ်ခွဲ		၂
တိုင်းရင်းသား တစ်သီးပုဂ္ဂလိကဘဏ်	....	၁၀
တိုင်းရင်းသား တစ်သီးပုဂ္ဂလိကဘဏ်များ၏ ဘဏ်ခွဲ		၅
စုစုပေါင်း	....	၃၁

ထိုသို့ ဘဏ်များကို နိုင်ငံပိုင်ပြုလုပ်သဖြင့် ဘဏ်များရှိ ငွေများသည် တော်လှန်ရေးအစိုးရလက်ဝယ်သို့ ရောက်ရှိလာသည်။ တော်လှန်ရေးအစိုးရသည် ထိုငွေများကို တိုင်းပြည်တစ်ရပ်လုံး၏ စီးပွားရေး တိုးတက်မြင့်မားလာရေးအတွက် အသုံးပြုနိုင်ခဲ့သည်။ ရှေးယင်းက နိုင်ငံခြားသား အရင်းရှင်ကြီးများသည် ဘဏ်ရှိငွေများကို ချေးယူ၍ လိုင်စင်စျေးကစား ကြသည်။ တော်လှန်ရေးအစိုးရကမူ တောင်သူလယ်သမားများ ကောက်ပဲသီးနှံ ပိုမိုရိုက်ပျိုးနိုင်စေရန်အတွက် ကျပ် ၇၀ ကုဋေအထိ ထုတ်ချေးခဲ့သည်။ သို့ရာဘွင် ဘဏ်များကို ပြည်သူပိုင် ပြုလုပ်ခြင်းကြောင့်ပုဂ္ဂလိက လုပ်ငန်းရှင်များသည်ယခင်ကကဲ့သို့စက်ရုံလည်ပတ်ရန်နှင့်ကုန်ကြမ်း ပစ္စည်းများ ဝယ်ယူရန် ဘဏ်မှငွေချေးရ မရနိုင်တော့ချေ။ ထို့အပြင် ဘဏ်၌ မိမိတို့အပ်နှံထားသော ငွေများကိုလည်း အတန်ကြာစွာ ထုတ်ယူသုံးစွဲခွင့်မရကြပေ။ ထို့ကြောင့် ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများတွင် ငွေကြေးအခက်အခဲများ ပေါ် ပေါက်ခဲ့သည်။ ဤအချက်သည် ပုဂ္ဂလိက လုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုကို ထိခိုက်ခဲ့သည်။ သို့အတွက် ၁၉၆၃-၆၄ ခုနှစ်တွင် ပုဂ္ဂလိကပိုင် လုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုသည် ကျပ် ၁၇၅ ကုဋေခန့်သို့ ကျဆင်းခဲ့သည်။

၁။ ၁၉၆၄-၆၅ ခုနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့်ပတ်သက်၍ ပြည်သူ့သို့အစီရင်ခံစာ၊ စာ ၁

၂။ ၁၉၆၄-၆၅ ခုနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပတ်သက်၍ ပြည်သူ့သို့အစီရင်ခံစာ၊ စာ ၂

တော်လှန်ရေးကောင်စီ အစိုးရ တက်လာချိန် ၁၉၆၂ ခုနှစ်တွင် စက်မှုလက်မှု လုပ်ငန်း ကြီးငယ်အချို့သည် မြန်မာနိုင်ငံ စီးပွားတိုးတက်မှု ကော်ပိုရေးရှင်း (ဘီအိုးဒီစီ)၏ လက်အောက်တွင် ရှိသည်။ မူလက စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း (စတလက) လက်အောက်တွင်ရှိသော စက်မှုလက်မှုလုပ်ငန်းနှင့် စက်ရုံအချို့ကို ဘီအိုးဒီစီက လက်ပြောင်း ယူ၍ ဆက်လက်သည်ပတ်နေသော စက်ရုံများလည်းပါသည်။ ဘီအိုးဒီစီ စက်ရုံများ၊ စက်မှု လုပ်ငန်းများသည် အစိုးရပိုင် သန့်သန့်မဟုတ်ကြသော်လည်း ပုဂ္ဂလိက လုပ်ငန်းများဟုလည်း ဆိုနိုင်ရန်ခက်သည်။ ၁၉၆၂ ခုနှစ်အထိ လုပ်ငန်းများ တိုးတက်တွင်ကျယ်လည်ပတ်လျက် ရှိသည်။ အချို့လုပ်ငန်းများ၊ စီမံကိန်းများမှာ အကောင်အထည်ဖော်ရန် စာရင်းအားယူနေချိန် အဆင့်တွင် ရှိကြသေးသည်။ တော်လှန်ရေးအစိုးရ၏ စီးပွားရေးမူဝါဒ ပြောင်းလဲမှုနှင့် စက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ မူဝါဒ ပြောင်းလဲချမှတ်မှုကြောင့် ၁၉၆၃ ခု စက်တင်ဘာလ ၁၇ရက်နေ့တွင် အောက်ပါ ဘီအိုးဒီခံစက်ရုံများ အလုပ်ရုံများ စီမံကိန်းများကို တော်လှန်ရေး အစိုးရက ပြည်သူပိုင်သိမ်းလိုက်သည်။

၁။ မန္တလေးမြို့ ဘီယာနှင့် အရက်ချက်စက်ရုံ
၂။ မြန်မာ့ သင်္ကြံဆေးစက်ရုံ
၃။ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ
၄။ ဘားမားရှူး လိမိတက် ဖိနပ်စက်ရုံ
၅။ မန္တလေးမြို့ စည်သွတ်စက်ရုံ
၆။ မင်္ဂလာဒုံ အထည်ချုပ်စက်ရုံ
၇။ ပြည်သူ့ လျှပ်စစ်ပစ္စည်း ပြင်ဆင်ရေးလုပ်ငန်းများဖြစ်သော ရေဒီယိုအလုပ်ရုံ၊ ဘားမား အေရှတစ်ကုမ္ပဏီ၊ ကွန်တီနင်တယ်ထရေးဒင်
၈။ မိတ္ထီလာ ချည်မျှင်နှင့် အထည်စက်ရုံစီမံကိန်း
၉။ ဂလက်ဒို နို့မှုန့်စက်ရုံ
၁၀။ ဘီအက်ထရစ် နို့ချက်စက်ရုံစီမံကိန်း
၁၁။ ဗမာ့ ငါးလုပ်ငန်းလိမိတက်မှ စည်သွတ်လုပ်ငန်း စက်ရုံစီမံကိန်း
၁၂။ လော့ချိုပလပ် (မြန်မာပြည်) လိမိတက်လုပ်ငန်း

ပြည်သူပိုင်သိမ်းယူလိုက်သည့်ဘီအိုးဒီစီ စက်ရုံအလုပ်ရုံများအနက် မြန်မာ့သင်္ကြံဆေး စက်ရုံသည် မူလက စတလက စက်ရုံလုပ်ငန်း စီမံကိန်းအဖြစ် ၁၉၅၉ ခုတွင်သာကေတဌ်း တည်ထောင်ခဲ့သော စက်ရုံဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်တွင် စစ်ဘက် ကုန်စည်ဖြန့်ဖြူးရေးဌာန

ချုပ်ကလဲ့ပြောင်းလက်ခံယူ၍ နိုင်ငံခြားကုမ္ပဏီများနှင့်ပူးတွဲဖက်စပ်လုပ်ငန်းအဖြစ်ဆက်လက်အကောင်အထည်ဖော်ခဲ့သည်။ ထို့နောက် ၁၉၆၁ ခုနှစ်တွင်မှ ဘီအိုင်ဒီစီလက်သို့ ရောက်ရှိ၍ တော်လှန်ရေးကောင်စီ အစိုးရတက်လာပြီးနောက် နိုင်ငံခြားကုမ္ပဏီများနှင့် ပူးတွဲ ဖက်စပ်လုပ်ကိုင်ရေးကို ဖျက်သိမ်းလိုက်သည်။ ထိုကြောင့် လုပ်ငန်းမတည်ငြိမ်သဖြင့် ၁၉၆၂-၆၃ ခုနှစ်အတွင်းက သုတ်ဆေးအမျိုးမျိုး ၆၈ တန်သာ ထုတ်လုပ်နိုင်ခဲ့သည်။[1] ၁၉၆၃ ခုနှစ် ပြည်သူ့ပိုင်သိမ်းချိန်တွင် တိုင်းရင်းသား အတတ်ပညာရှင်များဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိသည်။ ကာယဉာဏ လုပ်သားပေါင်း ၁၆၀ ရှိသည့်အနက် လခစားဝန်ထမ်း ၅၀ သာပါဝင်သည်။ ကျန်လုပ်သားများမှာ နေ့စားများဖြစ်ကြသည်။ စက်များ၏ထုတ်လုပ်မှုစွမ်းအားသည် တစ်နှစ်လျှင် သဘော်ဆေး၊ သုတ်ဆေး၊ မှုတ်ဆေး ဂါလန်ပေါင်း သုံးသိန်းကျော် ထုတ်နိုင်စွမ်းရှိသည်။ ၁၉၆၃-၆၄ ခုနှစ်အတွင်းကသဘော်ဆေး ဂါလန်ပေါင်း ၁.၀၁ သိန်း၊ တန်ဖိုးအားဖြင့် ကျပ် ၂၁.၂၆ သိန်းဖိုး ထုတ်လုပ်ခဲ့သည်။[2]

အလားတူပင် မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံသည် ဘီအိုင်ဒီစီ လက်သို့ ၁၉၆၁ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့တွင်မှ ရောက်ရှိလာသော စက်ရုံဖြစ်သည်။ တို့သို့ရောက်ရှိလာပြီးနောက် ဗိုလ်မှူးကြီး ဘီအိုဘာဘာ (ရေ)ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အုပ်ချုပ်ရေး အဖွဲ့ကကြီးကြပ်အုပ်ချုပ် လုပ်ကိုင်သည်။ ထိုအုပ်ချုပ်ရေး အဖွဲ့တွင် ဥက္ကဋ္ဌ ဗိုလ်မှူးကြီး စည်သူဘာဘာနှင့်အတူ ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး ခင်ညို၊ ဒေါက်တာချွေဇံ၊ ဒေါက်တာခင်မောင်ဝင်း၊ ဒေါက်တာအာရ်လွင်နှင့် ဦးဦးကျော်ဇံ တို့က အဖွဲ့ဝင် ဒါရိုက်တာ လူကြီးများအဖြစ် ပါကြသည်။[3] ဘီအိုင်ဒီစီ လက်အောက်သို့ ရောက်ရှိသွားသော်လည်း မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်း (ဘီပီအိုင်) အမည်ဖြင့်ပင် လုပ်ငန်းဌာန အသီးသီးက ထုတ်လုပ်မြဲ ပစ္စည်းများကို ဆက်လက်ထုတ်လုပ်သည်။ အဓိကအားဖြင့် ဆေးပြား၊ ထိုးဆေး၊ လိမ်းဆေး၊ ဆေးရည်၊ ဆေးမှုန့်၊ ပိုးသတ်ဆေး၊ ကပ်ဆော်ဂါ ကာကွယ် ကုသဆေး၊ အရက်ပြန်ဘို့ကို ထုတ်လုပ်သည်။

ဘီအိုင်ဒီစီလက်အောက်ဘင် ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းမှာ အရှိန်အဟုန်ကောင်းစွာဖြင့် ဆက်လက် တိုးတက်ခဲ့သည်။ စက်ကိရိယာ အဆောက်အအုံနှင့် အခြား လိုအပ်သောကိစ္စ

၁။ စီးပွားရေးစစ်တမ်း၊ စာ ၅၁

၂။ ဗမာ့သဘော်ဆေးစက်ရုံ (သာကေတမြို့) စက်ရုံသပိုင်းအကျဉ်းချုပ်၊ ၁၉၆၇၊ စာ ၁၇

၃။ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံသမိုင်း၊ စာ ၄၁

ရပ်များတွင် ရင်းနှီးမြှုပ်နှံမှုပြုသည်။ ၁၉၆၁-၆၂ ခုနှစ်တွင် စက်ကိရိယာအတွက် ကျပ်သန်းပေါင်း ၀.၁၉၈၊ အခြားကိစ္စရပ်များအတွက် ကျပ် ၀.၁၁၆ သန်း၊ စုစုပေါင်းကျပ် ၀.၃၁၄သန်း ရင်းနှီးမြှုပ်နှံ၍ ၁၉၆၂-၆၃ ခုတွင် စက်ကိရိယာအတွက် ကျပ် ၀.၅၅၁သန်း၊ အဆောက်အအုံအတွက် ကျပ် ၃၅.၂၁၀ သန်း၊ အခြား ကိစ္စရပ်များအတွက် ကျပ် ၀.၄၅၀ သန်း၊ စုစုပေါင်း ကျပ် ၃၆.၂၁၀ သန်း ထပ်မံရင်းနှီးမြှုပ်နှံသည်။[၁]

ဘီပီအိုင် ဆေးပြားဌာနသည် ၁၉၆၁-၆၂ ခုနှစ်တွင် ဆေးပြား ကီလိုဂရမ်ပေါင်း ၃၄၅.၈ သန်းထုတ်လုပ်သဖြင့် ယခင်နှစ်ကထက် ၄၁.၃ ရာခိုင်နှုန်း တိုးတက်ကြောင်း တွေ့ရသည်။ ၁၉၆၂-၆၃ ခုနှစ်တွင်လည်း ဆေးပြား ကီလိုဂရမ်ပေါင်း ၄၂၆.၈ သန်း ထုတ်နိုင်သဖြင့် ၂၃.၄ ရာခိုင်နှုန်း တိုးတက်မှုရှိသည်။ဆေးပြားအရေအတွက် အားဖြင့်သော် ၁၉၆၁-၆၂ခုနှစ်က ၃၁၅.၆ သန်း၊ ၁၉၆၂-၆၃ ခုနှစ်က ၄၂၆.၀ သန်းဖြစ်၏။[၂] ထို့အတူ ထိုးဆေးဌာနမှ ၁၉၆၁-၆၂ ခုနှစ်တွင် ပဋိဇီဝထိုးဆေး (Antibiotics) ဖန်ဘူးပေါင်း ၂၇.၁၀ သိန်း၊ ၁၉၆၂-၆၃ ခုနှစ်တွင် ၅၇.၄၀ သိန်း ထုတ်လုပ်သည်။ တိုးတက်နှုန်းမှာ ၇၇ ရာခိုင်နှုန်းနှင့် ၇၅.၅ ရာနှုန်းအသီးသီးဖြစ်သည်။ ထိုးဆေးရည်ဖန်ပြွန် အရေအတွက်မှာ ၁၉၆၁-၆၂ ခုနှစ်တွင် ၁၇၇.၅ သိန်းနှင့် ၁၉၆၂-၆၃ ခုတွင် ၁၄၀.၁၃ သိန်းထုတ်လုပ်သည်။[၃] ထိုးဆေး ထုတ်လုပ်မှုကို လီဘာအားဖြင့် ဖော်ပြရသော် ၁၉၆၁-၆၂ ခုနှစ်တွင် ၁၉.၇၉ သန်း ထုတ်လုပ်၍ ၁၉၆၂-၆၃ ခုနှစ်တွင် ၂၁.၁၇ သန်း ထုတ်လုပ်ခဲ့သည်။[၄]

ဖယောင်းချက်နှင့် ဆေးရည် ထုတ်လုပ်မှုဘဂလည်း ဘီအီးပီစီ အုပ်ချုပ်မှု အောက် ၁၉၆၁-၆၂ ခုနှစ်အတွင်းက (ကီလို+လီတာ) ပေါင်း ၂၃၄၆၉၅ ရှိသဖြင့် ယခင်နှစ်ကထက် ၄၃.၈ ရာခိုင်နှုန်း တိုးတက်မှုရှိသည်။ ထို့အတူ ၁၉၆၂-၆၃ ခုနှစ်တွင် ၄၂၁၀၁၀ ထုတ်လုပ်နိုင်ရာ တိုးတက်မှုသည် ၇၀.၉ ရာနှုန်းမျှလေသည်။ ဆေးဆီနှင့် တင်ချေထုတ်လုပ်မှုလည်းဘိုးတက်သည်။ ၁၉၆၁-၆၂ ခုနှစ်တွင် (ကီလို+လီတာ)၇၄၆၁၇ ထုတ်လုပ်ရာ ၀.၇ ရာခိုင်နှုန်းတိုးတက်မှုရှိသည်။ ၁၉၆၂-၆၃ ခုနှစ်တွင်မူ၂၄၀၀၀၀ထုတ်လုပ်နိုင်သဖြင့် တိုးတက်မှုသည် ၂၂၁.၆ ရာနှုန်းရှိလေသည်။ ပိုးသတ်ဆေး ထုတ်လုပ်မှုလည်း အလားတူပင်ဖြစ်၏။ ၁၉၆၁-၆၂ ခုနှစ်က (ကီလို+လီတာ)

၁။ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံသမိုင်း၊ စာ ၅၀
၂။ ပြည်သူ့ဘီပီအိုင်၊ စာ ၃၆၊ ၄၀
၃။ ပြည်သူ့ဘီပီအိုင်၊ စာ ၄၂၊ ၄၃
၄။ ပြည်သူ့ဘီပီအိုင်၊ စာ ၃၆

၁၈၇၆ဖြင့် ထုတ်လုပ်သည်။ တိုးဘက်နှုန်းမှာ ၅.၄ ရာခိုင်နှုန်းဖြစ်၏။ တော်လှန်ရေးကောင်စီ အစိုးရလက်ထက် ၁၉၆၂-၆၃ ခုနှစ်တွင် ၅၂၀၀၁ ထုတ်လုပ်နိုင်သဖြင့် တိုးတက်နှုန်းမှာ ၁၇၇ ရာနှုန်းရှိသည်။ ဆေးဆီဆေးရည်ဌာန တစ်ခုလုံး အနေဖြင့်သော် ထုတ်လုပ်မှုသည် ၁၉၆၁-၆၂ ခုနှစ်က ဆေးရည် ၃၀၃၃၅ လီတာ၊ လိမ်းဆေးနှင့် ဆေးမှုန့် ၄၅၃၆၇၆ ကီလို၊ ၁၉၆၂-၆၃ ခုနှစ်တွင် ဆေးရည် ၄၄၆၂၇ လီတာ၊ လိမ်းဆေးနှင့် ဆေးမှုန့် ၉၇၈၅၅၆ ကီလို အသီးသီး ရှိခဲ့သည်။[၁]

ဘီပီအိုင်သည် ပြည်သူလူထုအတွက် ကာကွယ်ရေး ဆေးနှင့်ကုသရေးဆေး ဖော်စပ်မှု ကိုလည်းအလေးထား၍ လုပ်ဆောင်သည်။ ၁၉၆၁-၆၂ ခုနှစ်က ဆေးဖော်စပ်မှုဦးရေ ၅၀၁၉၂၂၇ ရှိ၍ ၁၉၆၂-၆၃ ခုနှစ်တွင် ၉၀၄၀၈၄၀ ရှိသည်။ ထိုနှစ်များအတွင်းက ကာကွယ်ဆေးနှင့် ကုသရေး ဆေးဝါးချဲ့ထွင်မှုမှာ ၄၈၃၇၈၂၄ နှင့် ၇၈၇၃၄၂၃ အသီးသီးရှိသည်။ ကာကွယ်ဆေး များမှာ မေးခိုင်ဆေးဂ၊ ဆုံဆို့နာရောဂါနှင့် မြွေဆိပ်ဖြေဆေးအမျိုးမျိုးတို့ ဖြစ်ကြသည်။[၂]

အရက်ပြန်သည်အရေးကြီးအသုံးဝင်သော ဆေးပစ္စည်းတွင် အကျုံးဝင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းအရက်ပြန်ဌာနသည် ၁၉၆၁-၆၂ ခုနှစ်က အရက်ပြန် ၅၃၁၆၆၆ ထုတ်လုပ်၍ ၁၉၆၂-၆၃ ခုနှစ်တွင် ၅၆၉၈၁၀ ထုတ်လုပ်သည်။ ထိုနှစ်နှစ်အတွင်းက အရက်ဖြူ ထုတ်လုပ်မှုမှာ ၃၁၅၃၀၇ နှင့် ၅၁၀၄၅၅ အသီးသီးရှိခဲ့သည်။[၃] ထို့အပြင် မြန်မာနိုင်ငံဆေးဝါး လုပ်ငန်းမှ တော်လှန်ရေးကောင်စီအစိုးရလက်ထက် ဘီအီးဒီစီအုပ်ချုပ်မှုအောက်တွင်၁၉၆၂-၆၃ ခုနှစ်က အိမ်သုံးပစ္စည်းနှင့် အလှကုန် ၁၁၅၅၈၅ ကီလိုနှင့် အချိုမှုန့် ၃၂၇၄၅၀ ကီလို ထုတ်လုပ်သည်။[၄]

ဘီအီးဒီစီလက်အောက် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း၏ ကုန်ထုတ်လုပ်မှုကို တန်ဖိုးအား ဖြင့်ဖော်ပြရလျှင် ၁၉၆၁-၆၂ ခုနှစ်ကကျပ် ၃၁.၂၀ သန်းဖိုး၊ ၁၉၆၂-၆၃ ခုနှစ်တွင်ကျပ် ၄၅.၄၀ သန်းဖိုးထုတ်လုပ်လျက် ပြည်သူတို့၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးခဲ့သည်။[၅]

၁။ ပြည်သူ့ဘီပီအိုင်၊ စာ ၃၇၊ ၄၁
၂။ ပြည်သူ့ဘီပီအိုင်၊စာ ၄၄၊ ၄၅-၆
၃။ ပြည်သူ့ဘီပီအိုင်၊ စာ ၄၇
၄။ စီးပွားရေးစစ်တမ်း၊ ၁၉၆၄ စာ ၅၁
၅။ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံသမိုင်း၊ စာ ၁၆၂

ဘီအိုးဒီစီ၏ ဘာမားရှူးလီမိတက်ဖိနပ်စက်ရုံသည် မူလက စစ်ဘက်ကုန်စည်ဖြန့်ချိရေး ဌာနနှင့်ဟောင်ကောင်မြို့မှ ပိုးရှင်းရှူးကုမ္ပဏီလီမိတက်တို့ ပူးတွဲတည်ထောင်သော လုပ်ငန်း ဖြစ်သည်။ ၁၉၆၂ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ဘီအိုးဒီစီလက်သို့ ရောက်ရှိသည်။ ပြည်သူပိုင်သိမ်းပိုက်ခြင်းက ဘာမားရှူးလီမိတက် ဖိနပ်စက်ရုံသည် ဘီအိုးဒီစီလက်အောက်တွင် သက်တမ်းတစ်နှစ်သာ ရှိသေးသည်။ ထိုစက်ရုံတွင် တပ်မတော်သုံး စစ်ဖိနပ်များကို အခြေခံ၍ အစိုးရဌာနသုံးနှင့် လုပ်သားပြည်သူသုံးဖိနပ်များ၊ အိတ်များ၊ မြင်းကုန်းခြီးများထုတ်လုပ် သည်။ ဘာမားရှူးလီမိတက်မှ ၁၉၆၂-၆၃ ခုနှစ်တွင် စစ်သုံးဘွတ်ဖိနပ်အရန် ၇၀၇၇၊ အရပ်သားသုံး ဖိနပ်အရန် ၉၉၉၃ နှင့်အခြား ဖိနပ်များအရန် ၁၆၂၀၇ ထုတ်လုပ်နိုင်ခဲ့သည်။[၂]

ပြည်သူပိုင်သိမ်းလိုက်သော ဘီအိုးဒီစီပိုင် မင်္ဂလာဒုံအထည်ချုပ်စက်ရုံကို စစ်လက်နက် ပစ္စည်းတပ်ဖွဲ့က ၁၉၅၇ ခုနှစ်တွင်တည်ထောင်ခဲ့သည်။ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပနှင့် သာကေတတို့တွင် စက်ရုံခွဲများရှိသည်။ ထိုစက်ရုံများသည် ၁၉၆၂ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ဘီအိုးဒီစီလက်သို့ရောက်ရှိ တစ်နှစ်ကျော်ကြာ ၁၉၆၃ ခုနှစ် စက်တင်ဘာလတွင် ပြည်သူပိုင် သိမ်းခံရခြင်းဖြစ်သည်။[၃] အထည်ချုပ်လုပ်ငန်းမှ ၁၉၆၂-၆၃ ခုနှစ်တွင်ကျပ် ၁၆၄၂၀၀၀ ဖိုး ထုတ်လုပ်နိုင်ခဲ့သည်။[၄]

ပြည်သူ့လျှပ်စက်ပစ္စည်းပြင်ဆင်ရေးလုပ်ငန်းစက်ရုံသည် ဘီအိုးဒီစီလက်အောက်ရှိ

၁။ ရန်ကုန်ရေဒီယိုလုပ်ငန်း
၂။ ဘာမားအေရှတစ်ကုမ္ပဏီ
၃။ ကွန်တီနင်တယ်ကရောင်းဟောက် (စ)လီမိတက်
၄။ အက်စ်အိုပင်ဟီးမားကုမ္ပဏီလီမိတက်

တို့ကို ၁၉၆၃ ခုနှစ်တွင် ပြည်သူပိုင်သိမ်းလိုက်ပြီးနောက် ပူးပေါင်းဖွဲ့စည်းလိုက်သော စက်ရုံ ဖြစ်သည်။[၅] မူလက ပဂ္ဂလိကလုပ်ငန်းများ ကုမ္ပဏီများဖြစ်သည်။ ထိုလုပ်ငန်းများကို ဘီအိုး ဒီစီကသိမ်းသွင်းချုပ်ကိုင်လည်ပတ်လာခဲ့ခြင်းဖြစ်သည်။ မူလကုမ္ပဏီများတွင် ကယ်ရီယာဌာန၊

၁။ စက်မှုဝန်ကြီးဌာန၊ သမိုင်းအကျဉ်းချုပ်၊ အတွဲ ၄ စာ ၂၆၁-၆၃
၂။ စီးပွားရေးစစ်တမ်း၊ ၁၉၆၄ စာ ၅၁
၃။ အထည်အလိပ်လုပ်ငန်းသမိုင်း၊ စာ ၁၀၇
၄။ စီးပွားရေးစစ်တမ်း၊ စာ ၅၁
၅။ သတ္တုပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်းစက်မှုလုပ်ငန်းသမိုင်း၊ စာ ၂၉

အလ်အမ်အဲရ်ဆင်ဌာန၊ ဓာတ်လှေကားပြင်ဆင်ရေးဌာန၊ ရုံးသုံးပစ္စည်းပြင်ဆင်ရေးဌာန စသည်တို့လည်း ပါဝင်သည်။ မူလစက်ရုံအလုပ်ရုံများ တည်နေရာသည် အမှတ် ၂၄၀/၆ အသက်ပုဇွန်တောင်လမ်း စက်ဆန်းနှင့် အမှတ် ၄၈၆ ကုန်သည်လမ်းတို့တွင်ရှိသည်။ ဘီအီးဒီစီဇယားဝင်ကုမ္ပဏီများအဖြစ် ၁၉၆၃ ခုနှစ်တွင် ပြည်သူပိုင်သိမ်းစဉ်က ရင်းနှီးမြှုပ်နှံငွေကျပ် သိန်းပေါင်း ၁၃-၆၅ ရှိခဲ့သည်။[၁]

ဘီအီးဒီစီ၏ စီမံကိန်းတစ်ခုဖြစ်သော မိတ္တီလာချည်မျှင်နှင့် အထည်စက်ရုံလုပ်ငန်းကို ပြည်သူပိုင်သိမ်းချိန်က စီမံကိန်းအဆင့်မျှသာ ရှိသေးသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့၏ချစ်ကြည်ရေးနှင့် ကျွမ်းကျင်မှုပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်အရ အကောင်အထည်ဖော်ရန် ၁၉၆၂ ခုနှစ်အကုန်တွင်မှပညာရှင်များကွင်းဆင်းလေ့လာ၍ မြေနေရာရွေးချယ်ပြီးခဲ့သော စီမံကိန်းဖြစ်သည်။ သဘောတူစာချုပ်အရ ရစ်တိုင်လေးသောင်းနှင့် ရက်ကန်းစင် လေးရာဟု မူလသတ်မှတ်ချက်ရှိသော်လည်း ထပ်မံညှိနှိုင်းချက်၊ စက်မှုအစီအစဉ်ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးရည်မှန်းချက်တို့အရ ရက်ကန်းစင်ကို ၆၀၀ အထိတည်ထောင်ရန်တိုးမြှင့် သတ်မှတ်သည်။ စီမံကိန်းကို ပြည်သူပိုင်သိမ်းပြီးနောက်မှပုံစံ (Design) အဆင့်ဆင့်ရေးဆွဲခြင်း၊ဆောက်လုပ်ခြင်းတို့ကို စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းက ဆက်လက် တာဝန်ယူလုပ်ဆောင်သည်။[၂]

ဘီအီးဒီစီ၏ အလုပ်ရုံတစ်ရုံဖြစ်သော လော့ချ်ပလပ် (မြန်မာပြည်) လီမိတက်သည် ရန်ကုန်မြို့ ပုဇွန်တောင် စက်ဆန်းရပ်ကွက်တွင် တည်ရှိသည်။ လော့ချ်ပလပ်အမည်ကိုသုံးစွဲသဖြင့် စက်ရုံထွက်ပလပ်များ စံချိန်မီကြောင်းကို အဂ်လန်ပြည် လော့ချ်ပလပ်ကုမ္ပဏီကတာဝန်ယူသည်။ အသုံးပြုသောစက်များ၊ စက်ပစ္စည်းများ၊ အရန်ပစ္စည်းများကို အဂ်လန်နိုင်ငံစမစ်ကုမ္ပဏီမှ မှာယူဘင်သွင်းခဲ့သည်။ ၁၉၆၂-၆၃ ခုနှစ်အတွင်းက ထိုစက်ရုံမှ ပလပ်အလုံးပေါင်း ၁၀၆၆၁၄ ထုတ်လုပ်ခဲ့သည်။[၃] ၁၉၆၃ ခုနှစ်တွင် ပြည်သူပိုင်သိမ်းလိုက်ပြီးနောက် ၁၉၆၄ ခုနှစ်

၁။ ဦးကျော်မောင် (M I C) ကိုယ်ရေးဖိုင်တွဲ (၁၀)
၂။ **အထည်အလိပ်လုပ်ငန်းသမိုင်း**၊ စာ ၁၀၅
၃။ **စီးပွားရေးစစ်တမ်း**၊ ၁၉၆၄၊ စာ ၅၁

ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် စက်ခွံကို ပြည်သူ့စက်ပစ္စည်းစက်ခွံ အမှတ် (၁) အောက်သို့ သွတ်သွင်းပူးပေါင်းလိုက်သည်။[၁]

မန္တလေးမြို့ရှိ ဗျစ်နှင့်အရက်ချက်လုပ်ငန်းသည် ဘီအီးဒီစီ၏ တွင်ကျယ်လှသော လုပ်ငန်းကြီးတစ်ခုဖြစ်သည်။ထိုစက်ခွံမှ ဘီယာ၊ အရက်၊ ချက်အရက်၊ အရက်ပြန်များ ထုတ်လုပ်သည်။ ပြည်သူပိုင်မသိမ်းမီ ၁၉၆၂-၆၃ ခုနှစ်အတွင်း ဘီယာဂါလန်ပေါင်း ၄၆၅၉၀၆၊ အရက် ၁၀၃၆၁၆ ဂါလန်၊ချက်အရက် ၃၀၀၃၅၃ ဂါလန်နှင့် အရက်ပြန် ၃၆၅၀၆ ဂါလန်ထုတ်လုပ်ရောင်းချခဲ့သည်။ ထိုစက်ခွံရှိ အရက်စိမ်ကိန်းမှာလည်း ၁၉၆၂-၆၃ ခုနှစ်အတွင်းက အရက်မျိုးစုံ ဂါလန်ပေါင်း ၆၄၁၀၄၂ နှင့် ချက်အရက် ၅၂၇၃၄၀ ဂါလန်ထုတ်လုပ်သည်။ ထိုအပြင် ရေမွှေး ၂၅၂၀ လီတာနှင့် ဦးရေ ၆၅၁၇၅၅ ကွပ် ထုတ်လုပ်ခဲ့သည်။[၂]

ဘီအီးဒီစီလက်အောက်တွင် စည်သွတ်ဘူးလုပ်ငန်း နှစ်ခုရှိသည်ဟုဆိုနိုင်သည်။မန္တလေးမြို့တွင် စည်သွတ်စက်ခွံရှိ၍ဗမာ့ငါးလုပ်ငန်း လိမ်တက်မှ စည်သွတ်လုပ်ငန်းစက်ခွံ စိမ်ကိန်းလည်း ရှိသည်။ ဘီအီးဒီစီ၏ ဗမာ့စည်သွတ်လုပ်ငန်းသည် စည်သွတ်ဘူးမျိုးစုံထုတ်လုပ်ရာ ပြည်သူပိုင်မသိမ်းမီ ၁၉၆၂-၆၃ ခုနှစ်အတွင်းကဘူးအရွယ်အစားအမျိုးမျိုး ၃၀၂၄၅၂၀ ထုတ်လုပ်ခဲ့သည်။[၃]

ဂလက်ဆီ နို့မှုန့်စက်ခွံသည် ကလေးနို့မှုန့် ထုတ်လုပ်ရောင်းချသော စက်ခွံဖြစ်သည်။ ရန်ကုန်မြို့ ကုန်သည်လမ်း ယခင် အေစကော့ကုမ္ပဏီ အဆောက်အအုံတွင် တည်ထောင်ထားသောစက်ခွံဖြစ်သည်။ ထိုအဆောက်အအုံတွင် ဘီအက်ထရစ် နို့ချက်စက်ခွံ စိမ်ကိန်းလည်း ရှိသည်။ ဘီအက်ထရစ် နို့ဆီလုပ်ငန်းမှာ စိမ်ကိန်းအဆင့်မျှသာရှိသေး၍ ထုတ်လုပ်မှု ပြောပလောက်အောင် မရှိသေးချေ။ ဂလက်ဆီ နို့မှုန့်လုပ်ငန်းမှာ အတန်သင့် အောင်မြင်နေသော လုပ်ငန်းဟု ဆိုနိုင်သည်။ ပြည်သူပိုင်မသိမ်းမီ၊ ၁၉၆၂-၆၃ ခုနှစ်အတွင်းက ကျပ် ၁၅၁၅၀၀၀ ဖိုး ထုတ်လုပ်နိုင်သည်။[၄]

ပြည်သူပိုင် သိမ်းလိုက်သော အထက်ဖော်ပြပါ ဘီအီးဒီစီ စက်ခွံအများစုသည် မူလက စက်မှုလက်မှု တိုးခဲ့ချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း၏ စက်ခွံများဖြစ်ကြသည်။ ဘီအီးဒီစီလက်သို့

၁။ **စက်မှုဝန်ကြီးဌာန၊သမိုင်းအကျဉ်းချုပ်**၊ အခွဲ ၃၊စာ ၆၅-၆၉
၂။ **စီးပွားရေးစစ်တမ်း**၊ ၁၉၆၄၊ စာ ၅၁
၃။ **စီးပွားရေးစစ်တမ်း**။ ၁၉၆၄၊ စာ ၅၁
၄။ **စီးပွားရေးစစ်တမ်း**။ ၁၉၆၄၊ စာ ၅၁

လွှဲပြောင်းရှိ တစ်နှစ်ကျော် နှစ်နှစ်ခန့်အကြာတွင် ပြည်သူပိုင် သိမ်းလိုက်သောအခါ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းကပင် ပြန်လည်တာဝန်ယူကာ ဆက်လက်အကောင်အထည်ဖော် လုပ်ဆောင်ခဲ့လေသည်။

ဘီအီးဒီစီ၏စက်မှုလက်မှု လုပ်ငန်းအသီးသီးကို လွှဲပြောင်းယူရေး၊လုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားနိုင်ရေး စသည်တို့အတွက် ၁၉၆၃ ခုနှစ် လုပ်ငန်းများ ပြည်သူပိုင်ပြုလုပ်ခြင်း ဥပဒေပုဒ်မ ၄ နှင့် ၈ တို့အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော မြန်မာနိုင်ငံ စီးပွားတိုးတက်မှု ကော်ပိုရေးရှင်း (ဘီအီးဒီစီ) ပြည်သူပိုင်ပြုလုပ်ရေး ကော်မတီကို ဖွဲ့စည်းသည်။[၁]

၁။ ဗိုလ်မှူးကြီး သန်းစိန်၊ ဒုဥက္ကဋ္ဌ၊ ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှု ဥက္ကဋ္ဌ ကော်မတီ၊
၂။ ဗိုလ်မှူးကြီး တင်စိုး၊ အတွင်းဝန်၊ လယ်ယာ စိုက်ပျိုးရေးနှင့် အဖွဲ့ဝင် သစ်တောရေးဌာန၊
၃။ ဗိုလ်မှူးကြီး ဗိုလ်ဝင်း၊ အတွင်းဝန်၊ ထောက်ပံ့ရေးနှင့် သမဝါယမ အဖွဲ့ဝင် ဌာန၊
၄။ ဒုဗိုလ်မှူးကြီး မောင်မောင်ခ၊ တွဲဘက်အတွင်းဝန်၊ စက်မှုလက်မှု အဖွဲ့ဝင် ဌာန၊
၅။ ဦးသာကျော်၊ တွဲဖက်အတွင်းဝန်၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်း အဖွဲ့ဝင် ပန်းဆက်သွယ်ရေးဌာန၊
၆။ ဒုဗိုလ်မှူးကြီး လှဘုန်း၊ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း လုံခြုံရေးနှင့် အုပ်ချုပ် အဖွဲ့ဝင် မှုကော်မတီ၊
၇။ ဒုဗိုလ်မှူးကြီး စိန်လွင်၊ တွဲဖက်အတွင်းဝန်၊ ပြည်ထဲရေးဌာန၊ အဖွဲ့ဝင်
၈။ ဒုဗိုလ်မှူးကြီး ထွန်းတင်၊ တွဲဖက်အတွင်းဝန်၊ အလုပ်သမားဌာန၊ အဖွဲ့ဝင်
၉။ ဗိုလ်မှူး ကြီးမြင့်၊ အထူးအရာရှိ၊ တော်လှန်ရေးအစိုးရအဖွဲ့ ဥက္ကဋ္ဌရုံး၊ အဖွဲ့ဝင်
၁၀။ ဗိုလ်မှူးသိန်းငွေ၊ အထူးအရာရှိ၊ ကုန်သွယ်မှုတိုးတက်ရေးဌာန .... အဖွဲ့ဝင်
၁၁။ ဗိုလ်မှူးအောင်ဝင်း၊ အတွင်းဝန်၊ တရားရေးဌာန .... အဖွဲ့ဝင်
၁၂။ ဦးချစ်မောင်၊ဒုတိယအတွင်းဝန်၊ဘဏ္ဍာရေးနှင့်အခွန်တော်ဌာန အတွင်းရေးမှူး

၁။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ တော်လှန်ရေး အစိုးရအဖွဲ့ ဥက္ကဋ္ဌ၏ ၂၉-၁၀-၆၃ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၈၊ အပိုင်း ၂

တော်လှန်ရေးကောင်စီသည် ၁၉၆၃ ခုနှစ် အောက်ဘိုဘာလ ၂၉ ရက်နေ့တွင် ၁၉၆၃ ခုနှစ် လုပ်ငန်းများ ပြည်သူပိုင်ပြုလုပ်ခြင်းဥပဒေကို ပြဋ္ဌာန်းသည်။ထိုဥပဒေအရ ၁၉၆၃ ခု အောက်ဘိုဘာလ ၂၀ ရက်နေ့တွင် အောက်ပါစီးကရက်ကုမ္ပဏီများသည် ပြည်သူပိုင်ဖြစ်လာသည်။

၁။ ဒဂုံ စီးကရက်ကုမ္ပဏီ လီမိတက်၏ စီးကရက်လုပ်ငန်း
၂။ နေရှင်နယ် စီးကရက်ကုမ္ပဏီ လီမိတက်၏ စီးကရက်လုပ်ငန်း
၃။ ဟွီး စီးကရက်ကုမ္ပဏီ လီမိတက်၏ စီးကရက်လုပ်ငန်း
၄။ လူထုဟွီး နေရှင်နယ် စီးကရက်ဖြန့်ချိရေး ကိုယ်စားလှယ်လုပ်ငန်း
၅။ ရွှေနှင်းဆီ အင်တာပရိုက်စ် လီမိတက် စီးကရက်လုပ်ငန်း
၆။ ဘားမား တိုဘက်ကိုးကုမ္ပဏီ လီမိတက်၏ စီးကရက်လုပ်ငန်း
၇။ လူထု စီးကရက်ကုမ္ပဏီ လီမိတက်၏ စီးကရက်လုပ်ငန်း

စီးကရက်လုပ်ငန်းများကို ပြည်သူပိုင် ပြုလုပ်ရသည့်အကြောင်းမှာ စီးကရက်ကုမ္ပဏီများသည် အစိုးရထံမှ နှစ်ပေါင်းများစွာက အမည်အမျိုးမျိုးဖြင့် ချေးယူထားသော ကြွေးများကိုလည်းကောင်း၊ မပေးချေဘဲ ကျန်ရှိနေသည့် အခွန်ကြွေးများကိုလည်းကောင်း ပြန်လည်ပေးဆပ်ရန် အခြေအနေ မရှိတော့သောကြောင့် ဖြစ်သည်။ ပြည်သူပိုင် သိမ်းသည့်နေ့အထိ စီးကရက်ကုမ္ပဏီများထံမှ အစိုးရက ရရန်ရှိသောကြွေးမှာ စုစုပေါင်းကျပ် ၃.၂ ကုဋ္ဌေခန့် ဖြစ်သည်။[3]

ပြည်သူပိုင် သိမ်းယူခဲ့သည့် စီးကရက်စက်ရုံများ၏ ကုန်ထုတ်လုပ်မှုကို အရှိန်အဟုန် မပျက်ဆက်လက် စီမံကွပ်ကဲသွားနိုင်ရေးအတွက် လိုအပ်သည့် လမ်းညွှန်ချက်များ ချမှတ်ပေးသွားနိုင်ရန် ၁၉၆၃ ခုနှစ် ပြည်သူပိုင်ပြုလုပ်ခြင်း ဥပဒေပုဒ်မ ၄ နှင့် ၈ တို့အရ အပ်နှင်းထားသော အာဏာများကို သုံးစွဲလျက် တော်လှန်ရေးအစိုးရသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သောစီးကရက်လုပ်ငန်း ပြည်သူပိုင်ပြုလုပ်ရေးကော်မတီကို ၁၉၆၃ ခုနှစ် အောက်ဘိုဘာလ ၂၀ ရက်နေ့တွင် ဖွဲ့စည်းသည်။[1]

၁။ ဗိုလ်မှူးကြီး သန်းစိန်၊ ဒုဥက္ကဋ္ဌ၊ ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှု ဥက္ကဋ္ဌ
ကော်မတီ

၁။ ၁၉၆၄-၆၅ ခု ရသုံးမှန်းခြေငွေစာရင်းနှင့်ပတ်သက်၍ ပြည်သူသို့အစိရင်ခံစာ၊ စာ ၉
၂။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊တော်လှန်ရေးအစိုးရအဖွဲ့ ဥက္ကဋ္ဌရုံး၏ ၂၀-၁၀-၆၃ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၈၊ အပိုင်း ၂

၂။ ဒုဗိုလ်မှူးကြီး မောင်မောင်ခ၊ တွဲဘက်အတွင်းဝန်၊ စက်မှုလက်မှုဌာန ဒုဥက္ကဋ္ဌ

၃။ နိုင်ငံရှေ့နေချုပ် .... အဖွဲ့ဝင်

၄။ နိုင်ငံစာရင်းစစ်ချုပ် .... အဖွဲ့ဝင်

၅။ ဒုဗိုလ်မှူးကြီး လှဘုန်း၊ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီ အဖွဲ့ဝင်

၆။ ဒုဗိုလ်မှူးကြီး စိန်လွင်၊ တွဲဖက်အတွင်းဝန်၊ ပြည်ထဲရေးဌာန အဖွဲ့ဝင်

၇။ ဒုဗိုလ်မှူးကြီး ရဲခေါင်၊ အမှုဆောင်ဒါရိုက်တာ၊ မြေယာကျေးလက်ကြီးပွားတိုးတက်ရေး ကော်ပိုရေးရှင်း အဖွဲ့ဝင်

၈။ ဒုဗိုလ်မှူးကြီး ထွန်းတင်၊ တွဲဖက်အတွင်းဝန်၊ အလုပ်သမားဌာန အဖွဲ့ဝင်

၉။ လင်းခေး ဦးထွန်းမြင့်၊ အမှုဆောင်အရာရှိချုပ်၊ မြေ-ကျေး-ရှင်း အဖွဲ့ဝင်

၁၀။ ဗိုလ်မှူး အုန်းမောင်၊ အထူးအရာရှိ၊ အမြတ်ခွန်ဌာနခွဲ .... အဖွဲ့ဝင်

၁၁။ ဦးတင်ထွန်း၊ အထွေထွေမန်နေဂျာ၊ နိုင်ငံတော် ကူးသန်းရောင်း ဝယ်ရေးဘဏ် အဖွဲ့ဝင်

၁၂။ ဦးချစ်မောင်၊ ဒုတိယအတွင်းဝန်၊ ဘဏ္ဍာရေးနှင့် အခွန်တော် အတွင်းရေးမှူးဌာန

စီးကရက်လုပ်ငန်းများ ပြည်သူပိုင် ပြုလုပ်ရေး ကော်မတီကို ဖွဲ့စည်း ပေးခဲ့ပြီးနောက် ၎င်းကော်မတီကစီးကရက် ထုတ်လုပ်ရေးနှင့် ဖြန့်ချိရေး ရောင်းချရေး လုပ်ငန်းများကို နေ့စဉ်ကြီးကြပ် အုပ်ချုပ်သွားရန်အတွက် အဖွဲ့ဝင် ၁၀ ဦးပါဝင်သော အလုပ်အမှုဆောင် ကော်မတီကို လည်းကောင်း၊ ဖော်ပြပါ စီးကရက်ကုမ္ပဏီများ၏ စီးကရက်လုပ်ငန်းတို့ကို လွှဲပြောင်းယူ၍ တာဝန်ခံ အုပ်ချုပ်သွားရန် ပြည်သူ့စီးကရက်လုပ်ငန်း ကော်မတီ အမှတ် ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ တို့ကို ကော်မတီဝင် ၅ ဦးကျစီဖြင့်လည်းကောင်း ၁၉၆၃ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင်ပင် ထပ်မံဖွဲ့စည်းပေးသည်။

၁။ စီးကရက်လုပ်ငန်း ပြည်သူပိုင်ပြုလုပ်ရေးကော်မတီ၏ ၂၀-၁၀-၆၃ နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၂၈၊ အပိုင်း ၂၊ စာပိုဒ် ၂

ထိုသို့ ဆောင်ရွက်ပြီးသည့်နောက်တွင် စီးကရက်လုပ်ငန်းကို ပြည်သူပိုင် ပြုလုပ်ရေးကော်မတီသည် ၁၉၆၃ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ဖွဲ့စည်းခဲ့သော်ပြည်သူ့စီးကရက်လုပ်ငန်းကော်မတီ အမှတ် ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ တို့ကို ၁၉၆၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင်ဖျက်သိမ်းခြင်းအစား အဖွဲ့ဝင် ၁၂ ဦးပါဝင်သော ပြည်သူ့စီးကရက်လုပ်ငန်းအုပ်ချုပ်မှုကော်မတီကိုခန့်အပ်သည်။

အထက်ဖော်ပြပါအတိုင်း ဘီအိုစီ (၁၉၅၄) လိမ်မိတက်လုပ်ငန်း၊ ဘဏ်များ၊ စီးကရက်လုပ်ငန်း၊ စက်ရုံများကို စဉ်ဆက်မပြတ် ဆိုရှယ်လစ် စီးပွားရေး အဆောက်အအုံကို တည်ဆောက်နိုင်ရန် ပြည်သူပိုင် သိမ်းယူခဲ့ပြီးနောက် တော်လှန်ရေးကောင်စီသည် ၁၉၆၄ ခု မတ်လ ၁၃ ရက်နေ့တွင် ၁၉၆၄ ခု ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှကာကွယ်သည့် ဥပဒေကို ပြဋ္ဌာန်းပြန်သည်။ ထိုသို့ပြဋ္ဌာန်းပြီးနောက် ပဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများ၊ ကုမ္ပဏီများ လုပ်ငန်းများကို ၁၉၆၄ ခုနှစ်မှ ၁၉၇၂ ခုနှစ်အတွင်း ပြည်သူပိုင် ပြုလုပ်ခဲ့သည်။ ၎င်းတို့မှာ

၁။ ၁၉၆၄ ခု ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ကျောက်မဲတောင်နှင့် ရာဝသတ္ထုတွင်းများ

၂။ ၁၉၆၄ ခု မတ်လ ၁၉ ရက်နေ့တွင် ရန်ကုန်နယ်နိမိတ်အတွင်းရှိ လက်ကားဆိုင်များ၊ ပဲ့ရုံများ၊ ဆိုင်ကြီးများ၊ ကုန်တိုက်များ၊ ဂိုဒေါင်များ၊ သမဝါယမအသင်းဆိုင်များ၊ အထွေထွေစတိုးဆိုင်ကြီးများ

၃။ ၁၉၆၄ ခု ဧပြီလ ၉ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ လက်ကားဆိုင်များ၊ ပဲ့ရုံများ၊ ဆိုင်ကြီးများ၊ ကုန်တိုက်များ၊ ဂိုဒေါင်များ၊ သမဝါယမအသင်းဆိုင်များ၊ အထွေထွေ စတိုးဆိုင်ကြီးများ

၄။ ၁၉၆၄ ခု ဧပြီလ ၁၁ ရက်နေ့တွင် သေဒ္ဓချက်ကျသော ကုန်ထုတ်လုပ်ငန်းကြီးများ

၅။ ၁၉၆၄ ခုမှ ၁၉၆၉ ခုအတွင်း သတင်းစာတိုက် ၅ တိုက်

၆။ ၁၉၆၅ ခု ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဘားမားကော်ပိုရေးရှင်း (၁၉၅၁) လိမ်မိတက်

၇။ ၁၉၆၅ ခု ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ဘားမား ယူနိုက်ဘား လိမ်မိတက် လုပ်ငန်းများ

၁။ စီးကရက်လုပ်ငန်း ပြည်သူပိုင် ပြုလုပ်ရေးကော်မတီ၏ ၁၁-၁-၆၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁

၈။ ၁၉၆၅ ခု ဧပြီလ ၁ ရက်နေ့တွင် တွင်းရိုး တွင်းစားများပိုင်ဆိုင်သည့် ရေနံတွင်း လုပ်ငန်းများ
၉။ ၁၉၆၅ ခုတွင် ကိုယ်ပိုင်ကျောင်းပေါင်း ၈၁၄ ကျောင်း
၁၀။ ၁၉၆၅ ခုနှစ်တွင် ပုံနှိပ်တိုက် ၁၇ တိုက်
၁၁။ ၁၉၆၅ ခုနှစ်မှ ၁၉၆၉ ခုနှစ်အတွင်း ဆေးရုံ ၉ ရုံ
၁၂။ ၁၉၆၈ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ခရိုင် ၁၂ ခုတွင်ရှိသော စက်ရုံ ၄၃ နှင့် ယင်းတို့နှင့် ဆက်စပ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများ
၁၃။ ၁၉၆၈ ခုနှစ်တွင် ရပ်ရွာရုံ ၁၈၂ ရုံ
၁၄။ ၁၉၆၉ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ရန်ကုန်၊ မော်လမြိုင်၊ ပုသိမ်နှင့် ရခိုင်တိုင်းအတွင်းရှိသည့် သဘော်ကုမ္ပဏီ ၂၄ ခု
၁၅။ ၁၉၆၉ ခု မတ်လ ၁၃ ရက်နေ့တွင် ကျောက်မျက်ရတနာလုပ်ငန်းများ
၁၆။ ၁၉၆၉ ခု ဇွန်လ ၁ ရက်နေ့တွင် ဘော်ဆိုင်း သတ္တုတွင်းများ
၁၇။ ၁၉၆၉ ခု ဇူလိုင်လ ၂၄ ရက်နေ့တွင် ကျောက်စိမ်းလုပ်ငန်းများ
၁၈။ ၁၉၇၁ ခု စက်တင်ဘာလ ၁ ရက်နေ့တွင် ထားဝယ်မြို့နယ်ရှိ ဟာမြင်းကြီး သတ္တုတွင်းနှင့် ရေဖြူမြို့နယ်ရှိ ကံဘောက် သတ္တုတွင်းများ
၁၉။ ၁၉၇၂ ခု ဇန်နဝါရီလ ၁ ရက်နေ့တွင် စက်ခွံအလုပ်ရုံ ၆၉ ရုံ တို့ဖြစ်ကြသည်။[၁]

အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း ဘဏ်များကို ပြည်သူပိုင် ပြုလုပ်လိုက်သည့်အခါ တွင် ပုဂ္ဂလိကပိုင် လုပ်ငန်းအချို့သည် ငွေကြေးပြဿနာများ ပေါ်ပေါက်ခဲ့သည်။ ဘဏ်မှ ချေးထားသော ငွေများကို ပြန်လည် မပေးဆပ်နိုင်သည့် အခြေအနေရောက်ခြင်း၊ အမြတ် အစွန်းနည်းသည့် လုပ်ငန်းများကို မိမိတို့သဘောဆန္ဒအရ ပိတ်ပစ်ခြင်း၊ လုပ်သားများ လျော့ချပစ်ခြင်း၊ အလုပ်မှထုတ်ပစ်ခြင်း၊ ကုန်ကြမ်းများကို မှောင်ခိုရောင်းချခြင်း၊ အလုပ် သမား ရုပိုင်ခွင့်များ မပေးခြင်း၊ အစိုးရ၏ အခွန်ငွေများကို မှန်ကန်စွာ မပေးဆောင်ခြင်း စသည့် လုပ်ဆောင်ချက်တို့ဖြင့် ဆိုရှယ်လစ် စီးပွားရေးစနစ်ကို ထိပါးကြသည်။ တော်လှန်ရေး ကောင်စီ၏ စီးပွားရေး မူဝါဒကို ဆန့်ကျင်ကြသည်။

ပြည်သူပိုင် ပြုလုပ်ခဲ့သော စက်ရုံဦးရေမှာ ၁၉၆၃ ခုနှစ်တွင် စက်ရုံ ၈ ရုံ၊ ၁၉၆၄ ခုနှစ်တွင် ၃ ရုံ၊ ၁၉၆၅ ခုနှစ်တွင် ၅ ရုံ၊ ၁၉၆၈ ခုနှစ်တွင် ၁၆၈ ရုံနှင့် ပူးတွဲပါလာသော စက်ခွံ ၃၉ ခွံ၊

၁။ တော်လှန်ရေးကောင်စီ၏လုပ်ဆောင်ချက်သမိုင်းအကျဉ်းချုပ်၊ စာ ၄၁-၄၁

၁၉၇၂ ခုနှစ်တွင် စက်ရုံ ၆၉ ရုံနှင့် ပူးတွဲပါလာသော စက်ရုံ ၂ ရုံ၊ စုစုပေါင်းစက်ရုံ ၂၅၃ ရုံနှင့် ပူးတွဲပါလာသော စက်ရုံ ၄၁ ရုံတို့ ဖြစ်ကြသည်။

အထက်တွင် ပြဆိုထားသည့်အတိုင်း တော်လှန်ရေးအစိုးရက ပြည်သူပိုင် သိမ်းယူခဲ့သည့် စက်ရုံများတွင် အထည်အလိပ်ဆိုင်ရာ စက်ရုံ၊ စားသောက်ကုန်ဆိုင်ရာ စက်ရုံ၊ ဓာတုဗေဒလုပ်ငန်းဆိုင်ရာ စက်ရုံနှင့် စက်မှုပစ္စည်းဆိုင်ရာ စက်ရုံ စသည့် စက်ရုံအမျိုးမျိုးပါဝင်သည်။ ၎င်းတို့ကို နှစ်အလိုက် အမျိုးအစားအလိုက် အောက်ပါအတိုင်း ခွဲခြားနိုင်သည်။

နှစ်အလိုက်နှင့် အမျိုးအစားအလိုက် ဖော်ပြရလျှင် ၁၉၆၃ ခုနှစ်တွင် စားသောက်ကုန်လုပ်ငန်းဆိုင်ရာ စက်ရုံ ၇ ရုံနှင့် စက်မှုပစ္စည်း လုပ်ငန်းဆိုင်ရာ စက်ရုံ ၁ ရုံ ပါဝင်သည်။ ယင်းတို့မှာ ဒဂုံစီးကရက်ကုမ္ပဏီ လိမိတက်၏ စီးကရက်လုပ်ငန်း၊ နေရှင်နယ် စီးကရက်ကုမ္ပဏီ လိမိတက်၏လုပ်ငန်း၊ ဟိုးစ်စီးကရက်ကုမ္ပဏီ လိမိတက်၏လုပ်ငန်း၊ လူထု ဟိုးစ် နေရှင်နယ် စီးကရက်ဖြန့်ချိရေး ကိုယ်စားလှယ်၏ စီးကရက်လုပ်ငန်း၊ ရွှေနှင်းဆီ အင်တာပရိုက်စ် လိမိတက်နှင့် ဘားမားတိုဘက်ကိုးကုမ္ပဏီ၏ စီးကရက်လုပ်ငန်း၊ လူထုစီးကရက်ကုမ္ပဏီ လိမိတက်၏ စီးကရက်လုပ်ငန်း၊ ဆားမော် သကြားစက်နှင့် ပြည်သူ့စက်ပစ္စည်းစက်ရုံ အမှတ် ၂ တို့ဖြစ်သည်။

ဆက်လက်၍ ၁၉၆၄ ခုနှစ်တွင် အထည်အလိပ် လုပ်ငန်းဆိုင်ရာ စက်ရုံများဖြစ်သည့် ပြည်သူ့ဆေးဆိုးနှင့် ပန်းပုံချိုက်စက်ရုံ (ကံဘဲ)၊ ပြည်သူ့ချည်မျှင်နှင့် အထည်စက် (ဝမ်းတွင်း) နှင့် ပြည်သူ့အထည်စက်ရုံ အမှတ် (၄) တို့ကို ပြည်သူပိုင်သိမ်းခဲ့သည်။

တစ်ဖန် ၁၉၆၅ ခုနှစ်တွင် တတိယအကြိမ်အဖြစ် အထည်အလိပ်လုပ်ငန်း စက်ရုံများဖြစ်သော ပြည်သူ့ဓာတုဗေဒနှင့် ဆေးဆိုးပန်းပုံချိုက် လုပ်ငန်းစက်ရုံ၊ ပြည်သူ့ချည်မျှင်နှင့် အထည်စက်ရုံ အမှတ် (၅)၊ စားသောက်ကုန်လုပ်ငန်း စက်ရုံဖြစ်သည့် ပြည်သူ့ဘီလပ်ရည် စက်ရုံနှင့် ဓာတုဗေဒ လုပ်ငန်းဆိုင်ရာ စက်ရုံဖြစ်သည့် ပြည်သူ့ဆပ်ပြာစက်ရုံနှင့် အလှကုန်ပစ္စည်း လုပ်ငန်းစက်ရုံ စသည်တို့ကို ပြည်သူပိုင် သိမ်းယူခဲ့ပြန်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ စက်မှုလက်မှုဌာန၏ အမိန့်ကြော်ငြာစာ အမှတ် ၁၁၅ ဖြင့် ၁၉၆၅ ခုနှစ်တွင် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေတစ်ရပ် ထပ်မံပြဋ္ဌာန်းသည်။ ၎င်းဥပဒေ အခန်း ၂

ပုဒ်မ ၃၊ ပုဒ်မခွဲ (စ) အရ၊ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို အသုံးပြု၍ တော်လှန်ရေး အစိုးရသည် ၁၉၆၈ ခု ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် စတုတ္ထအကြိမ်အဖြစ် စက်ရုံပေါင်း ၁၆၈ ရုံကို ပြည်သူပိုင် သိမ်းယူလိုက်သည်။ ပြည်သူပိုင် သိမ်းယူသော စက်ရုံ ၁၆၈ ရုံတို့မှာ အထည်အလိပ် လုပ်ငန်းဆိုင်ရာ စက်ရုံ ၆၀၊ စားသောက်ကုန် လုပ်ငန်းဆိုင်ရာ စက်ရုံ ၂၈ ရုံ၊ ဓာတုဗေဒလုပ်ငန်း ဆိုင်ရာ စက်ရုံ ၂၃ ရုံ၊ သတ္တုပစ္စည်း လုပ်ငန်းဆိုင်ရာ စက်ခွဲ ၁၆ ရုံ၊ စက်မှုပစ္စည်း လုပ်ငန်းဆိုင်ရာ စက်ရုံ ၉ ရုံ၊ ကြွေထည်မြေထည်လုပ်ငန်းနှင့် သဘော်ဘက္ခင်း လုပ်ငန်းဆိုင်ရာစက်ရုံ ၂ ရုံနှင့် အထွေထွေ စက်မှုလက်မှု လုပ်ငန်းဆိုင်ရာ စက်ခွဲ ၃၀ စသည်တို့ ဖြစ်ကြသည်။[၁]

တစ်ဖန် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ အစိုးရ စက်မှုလက်မှု ဝန်ကြီးဌာန၏ ၁၉၇၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၇၂ အရ ၁၉၇၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ စက်ရုံ ၆၉ ရုံကို ပြည်သူပိုင်သိမ်းယူသည်။ ပြည်သူပိုင် သိမ်းယူသည့် စက်ရုံများအနက် အထည်အလိပ် လုပ်ငန်းဆိုင်ရာ စက်ရုံ ၇ ရုံ၊ စားသောက်ကုန် လုပ်ငန်းဆိုင်ရာ စက်ခွဲ ၄၅ ရုံ၊ ဓာတုဗေဒ လုပ်ငန်းဆိုင်ရာ စက်ရုံ ၈ ရုံ၊ သတ္တုပစ္စည်း လုပ်ငန်း ဆိုင်ရာ စက်ရုံ ၃ ရုံ၊ စက်မှုပစ္စည်း လုပ်ငန်းဆိုင်ရာ စက်ခွဲ ၁ ရုံ နှင့်အထွေထွေ စက်မှုလက်မှု လုပ်ငန်းဆိုင်ရာ စက်ရုံ ၅ ရုံ၊ စုစုပေါင်း စက်ခွဲ ၆၉ ရုံတို့ကို နောက်ဆုံးအကြိမ်အဖြစ် ပြည်သူပိုင် သိမ်းယူခဲ့သည်။[၂]

ဆိုရှယ်လစ်စီးပွားရေး စနစ်အရ စက်မှုလက်မှု လုပ်ငန်းများကို ပြည်သူပိုင် လုပ်လိုက်သော အခါ စက်မှုထုထောင်ရေးအတွက် ပို့ပိုးမှု လုပ်ငန်းများဖြစ်သည့် သတ္တု၊ ရေနံ၊ လျှပ်စစ် စသည်တို့ကို အစိုးရက ချုပ်ကိုင်ရန် လိုအပ်လာသည်။ ထို့ကြောင့် ပြည်ထောင်စု မြန်မာ နိုင်ငံ တော်လှန်ရေးအစိုးရ သတ္တုတွင်းဌာနသည် မြန်မာ့ရေနံကုမ္ပဏီနှင့် ရေနံဓာတ်နှင့် ဓာတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်းအောက်ရှိ ကလေးဝ ကျောက်မီးသွေး စီမံကိန်း၊ ရတနာပုံ သတ္တုတွင်း စီမံကိန်း၊ အင်္ဂလိပ်ဘာမားတင်းကုမ္ပဏီ (၁၉၅၆) လိမိတက်နှင့် မော်ခါ သတ္တုတွင်း စီမံကိန်းများဆိုင်ရာ ကန်ထရိုက် လုပ်ငန်းများအားလုံးကို လုပ်ကိုင်နေဆဲ အလုပ်သမားများနှင့်ပင် အစိုးရက တိုက်ရိုက်ဆောင်ရွက်သွားရန် ချမှတ်သည်။ ထို့ကြောင့် ၎င်းလုပ်ငန်းများကို ကန်ထရိုက်တာများအား မပေးတော့ဘဲ အမြန်ဆုံးရပ်ဆိုင်းပစ်ရန် ၁၉၆၄ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့စွဲပါစာဖြင့် သက်ဆိုင်ရာများသို့ အကြောင်းကြားသည်။

၁။ အသေးစိတ်စာရင်းကို နောက်ဆက်တွဲ(၁)၌
၂။ အသေးစိတ်စာရင်းကို နောက်ဆက်တွဲ(၂)၌

ထို့ပြင် သတ္တုတွင်းလုပ်ငန်းများကို ပြည်သူပိုင် လုပ်ငန်းအဖြစ် ဆောင်ရွက်တော့မည်ဖြစ်သဖြင့် ၁၉၆၄ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့မှအစပြု၍ ပုဂ္ဂလိကပိုင် သတ္တုတွင်းများအဖြစ် တူးဖော် လုပ်ကိုင်နိုင်ရန်အတွက် သတ္တုတွင်းလိုင်စင်နှင့် ဂရန်များကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထုတ်ပေးမည်မဟုတ်တော့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

တစ်ဆက်တည်းမှာပင် သတ္တုရှာဖွေမှု လျှောက်ပိုင်ခွင့် လက်မှတ်များကိုလည်း အသစ်လဲလှယ်ခြင်း၊ အသစ်ထုတ်ခြင်း မပြုလုပ်တော့ရန် ၁၉၆၄ ခု ဇန်နဝါရီလ ၂၀ ရက် နေ့စွဲဖြင့် ညွှန်ကြားလွှာများကို သတ္တုတွင်းဌာနမှ ထုတ်ပြန်ခဲ့သည်။

တစ်ဖန် ဘားမားကော်ပိုရေးရှင်း (၁၉၅၁) လီမိတက်၏ နမ္မတူနှင့် ဘော်တွင်းမှ ထုတ် လုပ် သော သတ္တု ပစ္စည်း Mineral Products နှင့် သက် ဆိုင် သော ပြည်တွင်းပြည်ပ ရောင်းဝယ်ဖြန့်ဖြူးခြင်း ကိစ္စရပ်အားလုံးကို ရေနံ ဓာတ်နှင့် ဓာတ်သတ္တုရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်းက လွှဲပြောင်းလက်ခံယူရန် သတ္တုတွင်းဌာနမှ ၁၉၆၄ ခု ဖေဖော်ဝါရီလ ၁၄ ရက်နေ့စွဲပါစာဖြင့် ညွှန်ကြားသည်။ ၎င်းညွှန်ကြားလွှာ ထုတ်ပြန်ပြီးသည့်နောက် သတ္တုတွင်းဌာနမှ ၁၉၆၄ ခု ဖေဖော်ဝါရီလ ၂၀ ရက်နေ့စွဲပါစာဖြင့် ဘားမားကော်ပိုရေးရှင်း (၁၉၅၁) လီမိတက်၏ သတ္တုတွင်းထွက်ပစ္စည်းများ ပြည်တွင်းပြည်ပ ရောင်းချရေး လုပ်ငန်းကို ရေနံဓာတ်နှင့် ဓာတ်သတ္တုပစ္စည်းရှာဖွေထုတ်လုပ်ရေးကော်ပိုရေးရှင်းမှပင် ၁၉၆၃-၆၄ ခု ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည်အထိ ဆောင်ရွက်ပြီး ၁၉၆၄-၆၅ခု ဘဏ္ဍာရေးနှစ်သို့ ရောက်ရှိသည့်အခါ ပြည်သူ့ပစ္စည်း ကော်ပိုရေးရှင်းသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန် ညွှန်ကြားခဲ့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရလက်ထက်က ပြည်ထောင်စု အစိုးရနှင့် လန်ဒန်မြို့ရှိ အင်္ဂလိုဘားမားတင်းကုမ္ပဏီ (၁၉၅၆) လီမိတက်သို့ ဖက်စပ်ပြုလုပ်၍ အင်္ဂလိုဘားမားတင်းကုမ္ပဏီကို တည်ထောင်ခဲ့သည်။ ယင်းဖက်စပ်လုပ်ငန်းတွင် လန်ဒန်မြို့ အင်္ဂလိုဘားမားတင်းကုမ္ပဏီ လီမိတက်မှ တစ်ရှယ်ယာလျှင် တစ်ကျပ်တန် ရှယ်ယာပေါင်း ၁၁၀၀၀၀၀ (တန်ဖိုးငွေ ကျပ် ၁၁ သိန်း) ပါဝင်ခဲ့သည်။ လန်ဒန်မြို့ အင်္ဂလိုဘားမားတင်းကုမ္ပဏီ လီမိတက်ပိုင် အစုရှယ်ယာများကို တော်လှန်ရေးအစိုးရကအပြီးအပိုင် ဝယ်ယူရန်ကိစ္စကို ရန်ကုန်မြို့တွင်ရောက်ရှိနေသော လန်ဒန်မှ ကုမ္ပဏီဒါရိုက်တာ တစ်ဦးဖြစ်သူ Mr. H.S. Orrock နှင့် ကာကွယ်ရေးဌာန အတွင်းဝန် ဦးမောင်မောင် ဦးဆောင်သော တော်လှန်ရေး အစိုးရ

ကိုယ်စားလှယ်အဖွဲ့တို့ အကျေအလည် တွေ့ဆုံဆွေးနွေးကြသည်။ထို့နောက် လန်ဒန်မြို့ အင်္ဂလိပ်ဘားမားတင်းကုမ္ပဏီ လိမိတက်ပိုင် အစုရှယ်ယာများကို ကျပ်ခုနစ်သိန်းနှင့် ဝယ်ယူရန် သဘော တူကြ၍ အရောင်းစာချုပ်ကို တော်လှန်ရေးအစိုးရ သဘာပတိဦးဌာန ကိုယ်စားလှယ်နှင့်လန်ဒန်မြို့ အင်္ဂလိပ်ဘားမားတင်းကုမ္ပဏီ လိမိတက်ကိုယ်စားလှယ် **Mr.H.S.Orrock** တို့သည်၁၉၆၃ ခု ဇွန်လ ၁၄ ရက်နေ့တွင် လက်မှတ်ခရေးထိုးကြသည်။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း ပြည်သူပိုင်လုပ်ငန်းများ တစ်စတစ်စ တိုးတက်များပြားလာသည်နှင့်အမျှ၊ ပဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများသည် ကုန်ထုတ်လုပ်မှု ကျဆင်းသွားသည်။ ၁၉၆၃ ခု လုပ်ငန်းများပြည်သူပိုင်ပြုလုပ်ခြင်းဥပဒေအရ၊ ၁၉၆၄ ခု မတ်လ ၁၉ ရက်နေ့တွင် ပဂ္ဂလိက ကုန်စည်ကူးသန်း ဆောင်းဝယ်ရေးလုပ်ငန်းများကို ပြည်သူပိုင် ပြုလုပ်ခဲ့ရာတွင် သမဝါယမဆိုင်များလည်း ပါဝင်သည်။ ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များသည် မိမိတို့၏ စက်ရုံထုတ်ကုန် ပစ္စည်းများကို ဆောင်းဝယ် ဖြန့်ဖြူးရန် မြို့တွင်း၌ ဆိုင်များ ဖွင့်လှစ်ထားရာ ထိုဆိုင်များသည် ပြည်သူပိုင် ပြုလုပ်ခြင်းခံရ၍ ထိုဆိုင်များ၌ တင်ထားသော စက်ရုံထုတ်ကုန် ပစ္စည်းအမြောက်အမြား ပြည်သူပိုင်သိမ်းခံကြရသည်။ အချို့ လုပ်ငန်းငယ်ကလေးများမှာ ဆိုင်နှင့် ကုန်ထုတ်လုပ်ရေး လုပ်ငန်းတဲ့ဖက်ထားသဖြင့် ကုန်ထုတ်လုပ်ငန်းများပါ ရောနှော၍ ပြည်သူပိုင်ထဲသို့ ပါသွားကြသည်။ ရန်ကုန်မြို့ ဒီဇူဇာ ဆေးဝါးနှင့် အလှကုန်လုပ်ငန်းသည် ဤနည်းဖြင့် ဆေးဆိုင်ကို ပြည်သူပိုင် သိမ်းရာမှ လုပ်ငန်းတစ်ခုလုံး ပြည်သူပိုင်သိမ်းခံခဲ့ရသည်။ အလားတူပင် ရွှေတောင်၊ မြင်းခြံ၊ ရေနံချောင်း စသည့်မြို့များတွင် တည်ထောင်ထားသော စက်ရက်ကန်း အလုပ်ရုံများကို မှားယွင်းပြီး ပြည်သူပိုင်သိမ်းခဲ့ရာ နောက်ပိုင်းတွင် ပြည်သူပိုင်အဖြစ်မှ စွန့်လွှတ်၍ လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီများ၏ ကွပ်ကဲမှုအောက်တွင် ထားရှိခဲ့သည်။ ဒီဇူဇာ ဆေးဝါးနှင့် အလှကုန်လုပ်ငန်းကိုမူ ကုန်သွယ်ရေးဝန်ကြီးဌာနမှ စက်မှုလက်မှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သည်။[၁]

လုပ်ငန်းများ လွှဲပြောင်းယူခြင်း

စက်မှုလက်မှုဝန်ကြီးဌာနကို ၁၉၆၂ ခု မတ်လ ၂ ရက်နေ့နောက်ပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ စက်မှုလက်မှု ဌာနဟူ၍ ဖွဲ့စည်းခဲ့သည်။ ဤသို့ပြောင်းလဲဖွဲ့စည်းပြီးနောက်၊ ယခင်စက်မှုလက်မှု ဝန်ကြီးဌာန လက်အောက်တွင် ရှိခဲ့သော ပြည်ထောင်စု

၁။ ဒေါက်တာကျော်ထင်မှတ်စု၊ စာ ၁၅

မြန်မာနိုင်ငံ လက်တွေ့သုတေသနအဖွဲ့ကို အမျိုးသား စီမံကိန်း ဝန်ကြီးဌာနသို့လည်းကောင်း၊ ခရီးလှည့်လည် သွားလာမှု ပြန့်ပွားရေး အဖွဲ့ကို ကုန်သွယ်ရေး ဝန်ကြီးဌာနသို့လည်းကောင်း အသီးသီး လွှဲပြောင်းပေးခဲ့သည်။ အလားတူပင် စက်မှုလက်မှုဌာနသည် အောက်တွင် ဖော်ပြပါ စက်ရုံလုပ်ငန်း ၁၄ ရုံနှင့် စီမံကိန်း ၃ ခုကို ပြည်နယ်ဦးစီးအဖွဲ့ များမှလည်းကောင်း၊ ၁၉၆၃ ခုနှစ် တွင် ပြည်သူပိုင်သိမ်းလိုက်သော မြန်မာနိုင်ငံ စီးပွားရေး တိုးတက်မှု ကော်ပိုရေးရှင်းမှလည်း ကောင်း၊ စစ်ဘက် ကုန်စည်ဖြန့်ချိရေး ဌာနမှလည်းကောင်း၊ ပြည်သူ့ အိမ်ရာ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှလည်းကောင်း လက်ခံ လွှဲပြောင်း ယူခဲ့သည်။

စဉ်	စက်ရုံအမည်	စက်ရုံလုပ်ငန်း အရေအတွက်	လွှဲပြောင်းပေးသော အဖွဲ့အစည်း
၁။	ဗန်းမော်သကြားစက်	၁	ကချင်ပြည်နယ်ဦးစီးအဖွဲ့
၂။	လွိုင်ကော်ကျောက်ပြားစက်ရုံ	၁	ကယားပြည်နယ်ဦးစီးအဖွဲ့
၃။	ဘားအံရေခဲစက်	၁	ကော်သူးလေပြည်နယ်ဦးစီးအဖွဲ့
၄။	ဗျစ်ရည်နှင့်အရက်ချက်စက်ရုံ (မန္တလေး)	၁	မြန်မာနိုင်ငံစီးပွားတိုးတက်မှု ကော်ပိုရေးရှင်း
၅။	ပြည်သူ့စည်သွတ်စက်ရုံ(မန္တလေး)	၁	မြန်မာနိုင်ငံစီးပွားတိုးတက်မှု ကော်ပိုရေးရှင်း
၆။	ဗမာ့သင်္ဘောဆေးစက်ရုံ (သာကေတ)	၁	မြန်မာနိုင်ငံစီးပွားတိုးတက်မှု ကော်ပိုရေးရှင်း
၇။	မြန်မာနိုင်ငံဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းစက်ရုံ(ကြို့ကုန်း)	၁	မြန်မာနိုင်ငံစီးပွားတိုးတက်မှု ကော်ပိုရေးရှင်း
၈။	ပြည်သူ့ဖိနပ်စက်ရုံ(အင်းတိုင်)	၁	မြန်မာနိုင်ငံစီးပွားတိုးတက်မှု ကော်ပိုရေးရှင်း
၉။	ပြည်သူ့အထည်လုပ်ငန်းစက်ရုံ (မင်္ဂလာဒုံ)	၁	မြန်မာနိုင်ငံစီးပွားတိုးတက်မှု ကော်ပိုရေးရှင်း
၁၀။	လေ့ချိပလပ်စက်ရုံ	၁	မြန်မာနိုင်ငံစီးပွားတိုးတက်မှု ကော်ပိုရေးရှင်း
၁၁။	ရေဒီယိုအလုပ်ရုံ	၁	မြန်မာနိုင်ငံစီးပွားတိုးတက်မှု ကော်ပိုရေးရှင်း

စဉ်	စက်ရုံအမည်	စက်ရုံလုပ်ငန်း အရေအတွက်	လွှဲပြောင်းပေးသော အဖွဲ့အစည်း
၁၂။	အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး လီမိတက်မှ စက်မှုလုပ်ငန်း	၁	မြန်မာနိုင်ငံစီးပွားတိုးတက်မှု ကော်ပိုရေးရှင်း
၁၃။	ဂလက်ဇိုနို့မှန် ထုတ်လုပ်သည့်စက်ရုံ	၁	မြန်မာနိုင်ငံစီးပွားတိုးတက်မှု ကော်ပိုရေးရှင်း
၁၄။	အုတ်နှင့် အုတ်ကြွပ်စက်ရုံ	၁	ပြည်သူ့လုပ်ငန်းနှင့်အိမ်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန
၁၅။	ချည်မျှင်နှင့် အထည်စက်ရုံစီမံကိန်း	၁	မြန်မာနိုင်ငံစီးပွားတိုးတက်မှု ကော်ပိုရေးရှင်း
၁၆။	ဗမာ့ငါးလုပ်ငန်းလီမိတက်မှ စည်သွတ် လုပ်ငန်းစက်ရုံစီမံကိန်း	၁	မြန်မာနိုင်ငံစီးပွားတိုးတက်မှု ကော်ပိုရေးရှင်း
၁၇။	ဘီအက်ထရစ်နို့မှန့်စက်ရုံစီမံကိန်း	၁	စစ်ဘက်ကုန်စည်ဖြန့်ချိရေးဌာန

အထက်ဖော်ပြပါ စက်ရုံများ စီမံကိန်းများအနက် ရေဒီယို အလုပ်ရုံမှာ ပြည်သူ့လျှပ်စစ်ပစ္စည်း ပြင်ဆင်ရေး လုပ်ငန်း အောက်သို့ ရောက်ရှိ၍၊ လော့ချိပလပ် (မြန်မာပြည်) လီမိတက် လုပ်ငန်းကို နောက်ပိုင်းတွင် ပြည်သူ့ စက်ပစ္စည်း စက်ရုံအမှတ်(၁)နှင့် ပူးပေါင်းလိုက်သည်။ ၎င်းပြင် ဗန်းမော် သကြားစက်၊ ဂလက်ဇိ နို့မှန့် ထုတ်စက်ရုံ စီမံကိန်းနှင့် ဘီအက်ထရစ်နို့မှန့် စက်ရုံစီမံကိန်းတို့ကို စီးပွားရေးအရ တွက်ခြေမကိုက်နိုင်ဟု ယူဆ၍ ဖျက်သိမ်းခဲ့သည်။ ဗမာ့ငါးလုပ်ငန်း လီမိတက်မှ စည်သွတ်လုပ်ငန်း စက်ရုံ စီမံကိန်းကို နောင်တွင် ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်း ကော်ပိုရေးရှင်းသို့ လွှဲပြောင်းပေးလိုက်သည်။

တိုးချဲ့ ဖွဲ့စည်းသော အဖွဲ့အစည်းများ

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ စက်မှုလက်မှုဌာနသည် တာဝန်ယူရသော စက်မှုလက်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်စေရေးအတွက် ကြီးကြပ် စီမံဆောင်ရွက်ရန် အဖွဲ့အစည်းများကို တိုးချဲ့ဖွဲ့စည်းပေးခဲ့သည်။ ၎င်းတို့မှာ

၁။ စက်မှုလက်မှုမြှင့်တင်ရေးဘုတ်အဖွဲ့
၂။ စီးကရက်လုပ်ငန်း ပြည်သူပိုင် ပြုလုပ်ရေး ကော်မတီနှင့် လုပ်ငန်းကော်မတီများ

၃။ ပြည်သူပိုင်လုပ်ငန်းများ ကြီးကြပ်ကွပ်ကဲအုပ်ချုပ်မှု အဖွဲ့များနှင့် ကော်မတီများ
၄။ ကုန်ထုတ်လုပ်မှု ကြီးကြပ်ညှိနှိုင်းရေးကော်မတီ
၅။ လုပ်ငန်းစု စီမံခန့်ခွဲရေး အဖွဲ့များ
၆။ စက်မှုလက်မှု အလုပ် အမှုဆောင် ကော်မတီ
၇။ ပြည်နယ်/တိုင်း/မြို့ နယ် စက် မှု လက် မှု ကြီး ကြပ် ညှိ နှိုင်း ရေး အ ဖွဲ့ များ နှင့် ကော်မတီများ
၈။ ပဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းများကို စီမံဆောင်ရွက်သော ကြီးကြပ်ညှိနှိုင်းရေး ကော်မတီ
၉။ စက်မှုလက်မှုစီမံကိန်းကော်မတီ

တို့ဖြစ်ကြသည်။ ကော်မတီများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို အဘိအကျသတ်မှတ်ထားသည်။

စက်မှုလက်မှု မြှင့်တင်ရေး ဘုတ်အဖွဲ့ကို မြန်မာနိုင်ငံတွင် စက်မှုလက်မှု တိုးတက်ဖွံ့ဖြိုးရေးကို ထိထောက်စွာ ဆောင်ရွက်နိုင်စေရန် ဖွဲ့စည်းခြင်းဖြစ်သည်။ စက်မှုလက်မှဌာန၏ ၁၉၆၂ ခု ဧပြီလ ၃ ရက်နေ့စံပါ အမိန့်ကြော်ငြာစာအမှတ် ၃၆ အရ နိုင်ငံတော်၊ ဘော်လုန်ရေးအစိုးရ အဖွဲ့ဝင် စက်မှုလက်မှဌာနက ခန့်ထားသည့် ဥက္ကဋ္ဌ တစ်ဦးနှင့် အဖွဲ့ဝင် ၁၀ ဦးပါဝင်သော ထိုဘုတ်အဖွဲ့ကို ၁၉၆၂ ခု ဇူလိုင်လ ၂၆ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့သည်။ အဖွဲ့ဝင်များမှာ

၁။ စက်မှုလက်မှဌာနမှ ကိုယ်စားလှယ်ဘစ်ဦး
၂။ ကုန်သွယ်မှု တိုးတက်ရေးဌာနမှ ကိုယ်စားလှယ်ဘစ်ဦး
၃။ အမျိုးသား စီမံကိန်းဌာနမှ ကိုယ်စားလှယ်ဘစ်ဦး
၄။ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းမှ ကိုယ်စားလှယ်ဘစ်ဦး
၅။ စက်မှုလက်မှု ညွှန်ကြားရေးဝန်
၆။ မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းမှ ကိုယ်စားလှယ်ဘစ်ဦး
၇။ မြန်မာနိုင်ငံ စီးပွားတိုးတက်မှု ကော်ပိုရေးရှင်းမှ ကိုယ်စားလှယ်ဘစ်ဦး
၈။ ဗဟိုစာရင်းအင်းနှင့် စီးပွားရေးဌာနမှ ကိုယ်စားလှယ်ဘစ်ဦး
၉။ နိုင်ငံတော် တော်လှန်ရေး အစိုးရ အဖွဲ့ဝင် စက်မှုလက်မှဌာနက ခန့်ထားသည့် အခြားပုဂ္ဂိုလ် ၂ ဦးတို့ဖြစ်ကြသည်။

အဆိုပါအဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ ပဂ္ဂလိက စက်မှုလက်မှလုပ်ငန်းများ တိုးတက်လာရေးပင်ဖြစ်သည်။ ထိုသို့ တိုးတက်ရန်မှာ စက်မှုလက်မှ လုပ်ငန်းများ တည်ထောင်ရန်

ဒေသအလိုက် စူးစမ်းရှာဖွေခြင်း၊ ထုတ်ကုန်ပစ္စည်းရောင်းချရန် စျေးကွက်စုံစမ်းခြင်း၊ လုပ်ငန်းဆိုင်ရာ အကြံပေးခြင်း၊ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ပညာများ သင်ကြားပေးခြင်း၊ စီးပွားရေးလေ့လာ သည့်ဌာနနှင့် အဘတ်ပညာဌာနများ ဖွင့်လှစ်ခြင်း၊ စက်ကိရိယာများကို အငှားဝယ်ယူရေးစနစ်ဖြင့် ထုတ်ပေးခြင်း၊ စက်မှုလက်မှု ထုတ်ကုန်ပစ္စည်းများ ပြည်ပသို့ပို့၍ ရောင်းချရေး အတွက် ကူညီခြင်းဘို့ကို ဆောင်ရွက်ရန်ဖြစ်သည်။

သို့သော်လည်း ၁၉၆၃ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့၌ မြို့ကြားသော ဘော်လုန်ရေးကောင်စီဥက္ကဋ္ဌကြီး၏ မိန့်ခွန်းနှင့် တော်လှန်ရေးအစိုးရ၏ စက်မှုလက်မှု မူဝါဒအရ ပုဂ္ဂလိကပိုင် စက်မှုလုပ်ငန်းများ တိုးတက်မှုအတွက် ကူညီအားပေးရေးလုပ်ငန်းကို ဆက်လက် မလုပ်ဆောင်နိုင်တော့ပေ။ ယခင်ပုဂ္ဂလိကလုပ်ငန်းများသို့ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းက ထုတ်ချေးခဲ့သော ကြွေးကျန်များ ရရှိရေးကိုသာ အဓိကထား၍ စီမံဆောင်ရွက်ခဲ့သည်။

ကုန်ထုတ်လုပ်မှု ကြီးကြပ်ညှိနှိုင်းရေး ကော်မဘီနှင့် လုပ်ငန်းစု စီမံခန့်ခွဲရေး အဖွဲ့များ ဖွဲ့စည်းသော အခါတွင် ထိုဘုတ်အဖွဲ့က လိုအပ်သလို စိစစ်ဆောင်ရွက် ပေးခဲ့သည်။ ထို့ပြင် ပုဂ္ဂလိကပိုင်စက်ခွံများ ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းမှုနှင့် ပုဂ္ဂလိကပိုင် စက်ခွံများ ပြည်သူပိုင် ပြုလုပ်ရေး လုပ်ငန်းများတွင် စက်မှုလက်မှုဌာန၏ ကြီးကြပ်ရေး အစီအစဉ်များ တန်ဖိုးဖြတ်ရေးအစီအစဉ်များတွင် ထိုဘုတ်အဖွဲ့က လိုအပ်သလို ပါဝင်ဆောင်ရွက်ပေးသည်။

ပြည်သူပိုင် ပြုလုပ်ခဲ့သော စီးကရက်ကုမ္ပဏီများ၏ စီးကရက် စက်ခွံလုပ်ငန်းတို့ကို လွှဲပြောင်းယူ၍ နေ့စဉ် ကြီးကြပ်အုပ်ချုပ်သွားရန်အတွက် အဖွဲ့ဝင် ၁၀ ဦးပါဝင်သော အလုပ်အမှုဆောင် ကော်မတီနှင့် ဖော်ပြပါ လုပ်ငန်းအသီးသီးတို့ကို ထပ်ဆင့်၍ စီမံခန့်ခွဲရန်အတွက် ကော်မတီဝင် ၅ ဦးကျစီဖြင့် ပြည်သူ့စီးကရက် လုပ်ငန်းကော်မတီအမှတ် ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ တို့ကို စီးကရက် လုပ်ငန်း ပြည်သူပိုင် ပြုလုပ်ရေးကော်မတီက ၁၉၆၃ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့သည်။ ၎င်းပြင် မန္တလေးမြို့ စီးကရက် ဖြန့်ဖြူးရေး လုပ်ငန်းအတွက် ကော်မတီအမှတ် ၇ ကို ဖွဲ့စည်းပေးသည်။

စီးကရက် ထုတ်လုပ် ဖြန့်ဖြူးရေး တိုးတက် ကောင်းမွန်လာစေရန် ပြည်သူပိုင်သိမ်းထားသော စီးကရက်စက်ခွံများကို ပြည်သူ့ စီးကရက် စက်ခွံ အမှတ် ၁ နှင့် အမှတ် ၂ ဟူ၍ပေါင်းစပ်

၁။ စီးကရက်လုပ်ငန်း ပြည်သူပိုင်ပြုလုပ်ရေး ကော်မတီ၏ ၂၀-၁၀-၆၃ နေ့စွဲပါ အမိန့် ကြော်ငြာစာ အမှတ် ၁၂၈

ဖွဲ့စည်းခဲ့သည်။ ထိုသို့ ဆောင်ရွက်ပြီးနောက် စီးကရက် လုပ်ငန်း ပြည်သူပိုင်ပြုလုပ်ရေး ကော်မတီသည် ၁၉၆၄ ခု ဇန်နဝါရီလ ၁၁ ရက်နေ့စွဲဖြင့် ယခင်ခန့်အပ်ခဲ့သည့် ပြည်သူ့စီးကရက် လုပ်ငန်း ကော်မတီ အမှတ် ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇ တို့ကို ဖျက်သိမ်းရ၍ ၎င်းတို့အစား အဖွဲ့ဝင် ၁၂ဦး ပါဝင်သော ပြည်သူ့ စီးကရက်လုပ်ငန်း အုပ်ချုပ်မှု ကော်မတီကို ပြန်လည် ဖွဲ့စည်းလိုက်သည်။ ထို့နောက် ၎င်းကော်မတီနှင့်တကွ စီးကရက် စက်ရုံ ၂ ခုံကို စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းလက်အောက်သို့ လွှဲပြောင်းပေးလိုက်သည်။

လုပ်ငန်းစု စီမံခန့်ခွဲရေး အဖွဲ့များ ဖွဲ့စည်းပြီးနောက်တွင်မူ ပြည်သူ့စီးကရက် စက်ရုံလုပ်ငန်းမှာ စားကုန်သောက်ကုန် လုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့၏ ကြီးကြပ်မှုအောက်သို့ ရောက်ရှိသွားသည်။

ပြည်သူပိုင် ပြုလုပ်လိုက်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲ စီမံဆောင်ရွက်နိုင်ရန် အထူးအရေးကြီးပေသည်။ ထို့ကြောင့် စက်မှုလက်မှုဌာနသည် ထိုကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ကွပ်ကဲအုပ်ချုပ်မှု အဖွဲ့များ ဖွဲ့ပြန်သည်။ ထိုသို့ ဖွဲ့စည်းလိုက်သော ကွပ်ကဲမှု အဖွဲ့ ၇ ဖွဲ့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ အထည်အလိပ် လုပ်ငန်းများ ကွပ်ကဲ အုပ်ချုပ်မှုအဖွဲ့
၂။ စားကုန်သောက်ကုန် လုပ်ငန်းများ ကွပ်ကဲအုပ်ချုပ်မှုအဖွဲ့
၃။ ဓာတုဗေဒ လုပ်ငန်းများ ကွပ်ကဲ အုပ်ချုပ်မှုအဖွဲ့
၄။ သတ္တုပစ္စည်း လုပ်ငန်းများ ကွပ်ကဲ အုပ်ချုပ်မှုအဖွဲ့
၅။ စက်မှုပစ္စည်း လုပ်ငန်းများ ကွပ်ကဲ အုပ်ချုပ်မှုအဖွဲ့
၆။ ကြွေထည်မြေထည် လုပ်ငန်းများ ကွပ်ကဲ အုပ်ချုပ်မှုအဖွဲ့
၇။ အထွေထွေ စက်မှုလက်မှု လုပ်ငန်းများ ကွပ်ကဲ အုပ်ချုပ်မှုအဖွဲ့

အဆိုပါ အဖွဲ့များသည် အဓိကအားဖြင့် ပြည်သူပိုင် ပြုလုပ်သော လုပ်ငန်းများကို ပြည်သူပိုင် ပြုလုပ်လိုက်သည့်နေ့ရက်မှ စ၍ လွှဲပြောင်းယူရခြင်း၊ လုပ်ငန်းများနှင့် သက်ဆိုင်သည့် ရပိုင်ခွင့်များကို လွှဲပြောင်းယူခြင်း၊ လုပ်ငန်းများကို အစိုးရ၏ ညွှန်ကြားချက်အတိုင်း ဆက်လက်

၁။ အမိန့်ကြော်ငြာစာအမှတ် ၁၊ နေ့စွဲ ၁၁-၁-၆၄
၂။ အမိန့်ကြော်ငြာစာအမှတ် ၁၁၆၊ နေ့စွဲ ၁၆-၁၂-၆၈

လုပ်ကိုင်ရခြင်း၊ လုပ်ငန်းများတွင် လုပ်ကိုင်နေသော အလုပ်သမားများကို အစိုးရ၏ညွှန်ကြား ချက်အတိုင်း ဆက်လက် လုပ်ကိုင်စေရခြင်း၊ စာရင်းအင်းများ၊ ပစ္စည်းများနှင့် ငွေများကို အစိုးရပြဋ္ဌာန်းသည့်အတိုင်း စီမံခန့်ခွဲရခြင်း၊ လိုအပ်သည့် အဖွဲ့ငယ်များကို ဖွဲ့စည်း၍ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ချမှတ်ပေးခြင်း စသည်တို့ကို တာဝန်ယူဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းစုအလိုက် ကွပ်ကဲအုပ်ချုပ်မှုအဖွဲ့ လက်အောက်ရှိ ပြည်သူပိုင် ပြုလုပ်ပြီး သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများကို စီမံခန့်ခွဲရန် စက်ရုံလုပ်ငန်း စီမံခန့်ခွဲမှု ကော်မတီ အသီးသီးကို ထပ်ဆင့် ဖွဲ့စည်းခဲ့သည်။

ပြည်သူပိုင်လုပ်ငန်းများ ဗဟိုကြီးကြပ် ကွပ်ကဲရေးအဖွဲ့သည် ပြည်သူပိုင် ပြုလုပ်လိုက်သည့် လုပ်ငန်းများကို စနစ်တကျ လည်ပတ်နိုင်ရေးအတွက် ဖွဲ့စည်းသော အဖွဲ့ဖြစ်သည်။ ထိုအဖွဲ့ကို စက်မှုလက်မှု ဝန်ကြီးဌာန၏ ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၂၄ ရက်စွဲပါ စာအမှတ် ၆၆ စစ(၁) ၆၉ ဖြင့် ဖွဲ့စည်းသည်။ ဗဟိုဦးစီးစနစ်ဖြင့် စုစည်းကြီးကြပ် ကွပ်ကဲနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ထိုအဖွဲ့၏ အောက်တွင် ပြည်သူပိုင်ပြုလုပ်ပြီးသော စက်ရုံလုပ်ငန်းတစ်ခုချင်းအလိုက် လုပ်ငန်း စီမံခန့်ခွဲရေးကော်မတီများကို ဖွဲ့စည်းထားသည်။ စီမံခန့်ခွဲရေး ကော်မတီများသည် သက်ဆိုင် ရာ လုပ်ငန်းနှင့်စပ်လျဉ်းသည့် ကိစ္စများကို ဗဟို ကြီးကြပ် ကွပ်ကဲရေးအဖွဲ့သို့ မတင်ပြမီ သက်ဆိုင်ရာ စက်မှုလက်မှု လုပ်ငန်းများ ကွပ်ကဲ အုပ်ချုပ်မှု အဖွဲ့သို့ တင်ပြရသည်။

ပြည်သူပိုင်ပြုလုပ်လိုက်သော စက်ရုံအမျိုးမျိုး၊ လုပ်ငန်းအမျိုးမျိုးကို နိုင်ငံတော် အစိုးရက တည်ထောင်သော စက်ရုံများနည်းတူ စနစ်တကျ စီမံခန့်ခွဲနိုင်ရန် ပူးပေါင်းသင့်သော လုပ်ငန်း များကို ပူးပေါင်းသည်။ ဖျက်သိမ်းသင့်သော လုပ်ငန်းများကို ဖျက်သိမ်းသည်။ ယာယီ ဖွဲ့စည်းပုံများ ရေးဆွဲ၍ ကနဦးလစာများ သတ်မှတ်သည်။ ထို့ပြင် ပူးတွဲညှိနှိုင်းရေး ကော်မတီ (Joint Consultative Committee) များ ဖွဲ့စည်းသည်။ ထိုလုပ်ငန်းများကို ဗဟို ကြီးကြပ်ကွပ်ကဲရေးအဖွဲ့မှ စီစဉ်ဆောင်ရွက်သည်။ ပူးတွဲညှိနှိုင်းရေး ကော်မတီများ ဖွဲ့စည်းပြီးသည့်နောက်တွင် ယခင်ဖွဲ့စည်းခဲ့သော စက်ရုံလုပ်ငန်း စီမံခန့်ခွဲမှု ကော်မတီများကို ဖျက်သိမ်းလိုက်၍ ပူးတွဲညှိနှိုင်းရေး ကော်မတီများဖြင့် အစားထိုး ဆောင်ရွက်သည်။

တစ်ဖန် စက်မှုလက်မှုဌာနတွင် ပြည်တွင်းကုန်ထုတ်လုပ်ငန်း ကြီးကြပ်ညှိနှိုင်းရေး ကော်မတီ အမည်ဖြင့် အထူး ကော်မတီတစ်ရပ်ကို ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင်

ဖွဲ့စည်းခဲ့သည်။ ၎င်းကုန်ထုတ်လုပ်ငန်း ကြီးကြပ်ညှိနှိုင်းရေး ကော်မတီ၏ အမည်ကို စက်မှုလက်မှု ကုန်ထုတ်လုပ်ရေး ကော်မတီဟု ၁၉၆၇ ခု ဧပြီဝင်ဘာလ ၁၅ ရက်နေ့တွင် လည်းကောင်း၊ ကုန်ထုတ်လုပ်မှု ညှိနှိုင်းရေး ကော်မတီဟူ၍ ၁၉၆၉ ခု ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် လည်းကောင်း အမည်ပြောင်းလဲ ခေါ်ဝေါ်၍ ဖွဲ့စည်းခဲ့ပြီး တာဝန်နှင့် လုပ်ရှားမှုများကို တိုးချဲ့ပေးခဲ့သည်။

ပြုပြင်ဖွဲ့စည်းခဲ့သော ကုန်ထုတ်လုပ်မှု ညှိနှိုင်းရေး ကော်မတီ၏ တာဝန်များမှာ အဓိကအားဖြင့် ပြည်သူလူထုအတွက် လိုအပ်သော လူသုံးကုန် ပစ္စည်းများ အလုံအလောက်ရရှိရေး၊ ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ အရည်အသွေး ကောင်းမွန်ရေးနှင့် လုပ်သားများ လုပ်ငန်းခွင် သာယာရေးတို့အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းဌာနအားလုံးနှင့် ညှိနှိုင်း ဆောင်ရွက်ပေးရေးတို့ ဖြစ်သည်။

စက်မှုလက်မှုဌာနအောက်ရှိ စက်မှုလုပ်ငန်းများသည် ၁၉၇၁ ခုနှစ် ကုန်သည်အထိ ကုန်ထုတ်လုပ်မှု ကြီးကြပ်ညှိနှိုင်းရေး ကော်မတီ၏ ကွပ်ကဲမှုအောက်တွင်ရှိခဲ့သည်။ ထို့နောက် ထုတ်လုပ်သည့် ကုန်ပစ္စည်း အမျိုးအစားနှင့် လုပ်ငန်းသဘာဝ တူညီသော စက်ရုံအလုပ်ရုံများကို ပိုမိုစနစ်ကျ၍ လွယ်ကူစွာ ချုပ်ကိုင်နိုင်ရန် ၁၉၇၂ ခု ဇန်နဝါရီလ ၁ ရက် နေ့တွင် လုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့ ၁၀ ဖွဲ့ကို ဖွဲ့စည်းခဲ့ပြန်သည်။

၁။ အထည်အလိပ်လုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့
၂။ စားကုန်သောက်ကုန်လုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့
၃။ ဓာတုဗေဒလုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့
၄။ သတ္တုပစ္စည်းလုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့
၅။ ကြွေထည်မြေထည်လုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့
၆။ စက်မှုနှင့် မှန်းမံပြင်ဆင်ရေးလုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့
၇။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့
၈။ အထွေထွေ စက်မှုလက်မှုလုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့
၉။ စက္ကူနှင့် စက္ကူပစ္စည်းများလုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့
၁၀။ အကြီးစား စက်မှုလုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့

၁။ အမိန့်ကြော်ငြာစာအမှတ် ၂/၇၂၊ နေ့စွဲ ၁-၁-၇၂

လုပ်ငန်းစုအဖွဲ့ အသီးသီးသည် ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ ကုန်ထုတ်လုပ်စရိတ်သက်သာရေး၊ ကုန်ကြမ်းရရှိရေး၊ ကုန်ပစ္စည်း အရည်အသွေး စီစစ်ရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် ဝန်ထမ်းရေးရာ၊ ဘဏ္ဍာရေးရာ၊ စီမံခန့်ခွဲမှုရေးရာ စသည့်ကိစ္စရပ်များကို ကြီးကြပ်ညှိနှိုင်းပေးရန် တာဝန်ယူကြရသည်။ ထိုသို့တာဝန်ယူ ဆောင်ရွက်နိုင်ရန်အတွက် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း၊ စက်မှုလက်မှု မြှင့်တင်ရေးဘုတ်အဖွဲ့၊ စက်မှုလက်မှု ညွှန်ကြားရေးဌာနတို့မှ ဝန်ထမ်းအင်အားများကို ခွဲဝေပေးသည်။ ထိုဝန်ထမ်း အင်အားများက ၎င်းအဖွဲ့ အသီးသီးတွင် ပါဝင် ပူးပေါင်းကူညီဆောင်ရွက်ကြသည်။

ထိုသို့ဖွဲ့စည်းလိုက်သော လုပ်ငန်းစု စီမံခန့်ခွဲရေး အဖွဲ့တစ်ခုဖြစ်သော အထည်အလိပ် လုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့တွင် ဝါဂွမ်း၊ ချည်မျှင်စက်လုပ်ငန်း၊ ချည်ထည်ရက်လုပ်ငန်း၊ အထည်ဆေးဆိုးပန်းရိုက်လုပ်ငန်း၊ အပ်ချည်ကြိုးလုပ်ငန်း၊ မျက်နှာသုတ်ပဝါလုပ်ငန်း၊ လွယ်အိတ်လုပ်ငန်း၊ စွပ်ကျယ်လုပ်ငန်း၊ နိုင်လွန်ဇာလုပ်ငန်း၊ စောင်လုပ်ငန်း၊ ပိုးထည်ရက်လုပ်ငန်း၊ ဂုန်နီအိတ် လုပ်ငန်း စသည့်အထည်လုပ်ငန်း ၃၈ မျိုးပါသည်။

စားကုန်သောက်ကုန် လုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့တွင် သကြားစက်လုပ်ငန်း၊ မုန့်လုပ်ငန်း၊ စည်သွတ်ဘူးလုပ်ငန်း၊ စီးကရက်နှင့် ဆေးလိပ်လုပ်ငန်း၊ အရက်နှင့် ဘီယာလုပ်ငန်း၊ ဘိလပ်ရည် အစရှိသည့် အဖျော်ယမကာလုပ်ငန်း စသည့်လုပ်ငန်းပေါင်း ၂၇ မျိုးပါသည်။

ဓာတုဗေဒလုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့တွင် ဆပ်ပြာလုပ်ငန်း၊ ဆေးဝါးလုပ်ငန်း၊ အလှကုန် လုပ်ငန်း၊ အိမ်သုတ်ဆေးလုပ်ငန်း၊ ပိုးသတ်ဆေးလုပ်ငန်း၊ ပလတ်စတစ်လုပ်ငန်း စသည်ဖြင့် လုပ်ငန်းပေါင်း ၂၄ မျိုးပါသည်။

ထွီအတူသတ္တုပစ္စည်း လုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့အောက်တွင် သံနှင့်သံမဏိလုပ်ငန်း၊ အိမ်မိုးသွပ်ပြားလုပ်ငန်း၊ ဒန်အိုးဒန်ခွက်၊ ကြေးအိုး ကြေးခွက် လုပ်ငန်း၊ ကြွေရည်သုတ်လုပ်ငန်း၊ သံတံခါးလုပ်ငန်း၊ သံဆူးကြိုးလုပ်ငန်း အစရှိသည့် လုပ်ငန်း ၂၀ မျိုးပါဝင်သည်။

ကြွေထည်ပြေသည်လုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့အောက်တွင် အုတ်နှင့်အုတ်ကြွပ်လုပ်ငန်း၊ ဘိလပ်မြေလုပ်ငန်း၊ ကျောက်ပြားလုပ်ငန်း၊ ကြွေထည်မြေထည် ပန်းကန်လုပ်ငန်း၊ ကြွေထည် မြေထည်ဖန်ထည်ပစ္စည်းလုပ်ငန်း စသည့်လုပ်ငန်း ၁၄ မျိုးပါဝင်သည်။

စက်မှုနှင့် မှမ်းမံပြင်ဆင်ရေး လုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့တွင် စက်ပစ္စည်း ထုတ်လုပ်သော စက်မှုလုပ်ငန်းများ၊ စက်ပစ္စည်း အစိတ်အပိုင်းလုပ်သော လုပ်ငန်းများ၊ ရေနံဆီဖိုလုပ်ငန်း၊ လယ်ယာသုံး ကိရိယာပစ္စည်းလုပ်ငန်း၊ သံဒယ်အိုးလုပ်ငန်း၊ ရေစုပ်စက်လုပ်ငန်း၊ ရေဒီယို တပ်ဆင်ရေးလုပ်ငန်း၊ရေခဲသေတ္တာ၊ လေအေးစက် တပ်ဆင် ပြင်ဆင်သောလုပ်ငန်း၊ မော်တော်ကား စက်ပြင်သည့်လုပ်ငန်း၊ အိမ်သုံး လျှပ်စစ်ပစ္စည်းများ ပြင်ဆင်တပ်ဆင်သည့် လုပ်ငန်းများ စသည့်လုပ်ငန်းပေါင်း ၃၀ ပါဝင်သည်။

အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့တွင် ပုန်းပိုလုပ်ငန်း၊ ဖယောင်းတိုင် လုပ်ငန်း၊ အိမ်ထောင် ပရိဘောဂလုပ်ငန်း၊ တူရိယာလုပ်ငန်း၊ ကြိမ်ထည်ပစ္စည်းလုပ်ငန်း၊ ယွန်းထည်လုပ်ငန်း၊ ပုဆိန်ထိုးလုပ်ငန်း၊ ဦးထုပ်၊ ခေါင်းပေါင်းလုပ်ငန်း၊ ကလေးကစားစရာ အရုပ်လုပ်ငန်း စသည့်လုပ်ငန်းကြီးငယ် ၅၁ မျိုး ပါဝင်သည်။

အထွေထွေ စက်မှုလက်မှုလုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့တွင် သားရေထည်လုပ်ငန်းများ၊ ဖိနပ်လုပ်ငန်း၊ ဓာတ်ပြားလုပ်ငန်း၊ ထီးလုပ်ငန်း၊ ဖောင်တိန်လုပ်ငန်း စသည့်လုပ်ငန်းပေါင်း ၁၆ မျိုး ပါဝင်သည်။

စက္ကူနှင့် စက္ကူပစ္စည်း လုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့တွင် စက္ကူစက်များ စက္ကူစက်နှင့် ဆက်စပ်လျက်ရှိသော အလားတူ စက်မှုလုပ်ငန်းများ ပါဝင်သည်။

အကြီးစား စက်မှုလုပ်ငန်းစု စီမံခန့်ခွဲရေးအဖွဲ့အောက်တွင် ရေစုပ်စက်၊ စပါးခွံ့ချတ်စက်၊ လယ်ထွန်စက်၊ ပေါက်ပြားစသည့် လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်ရေး၊ စက်ဘီးနှင့် မော်တော်ယာဉ်များ ထုတ်လုပ်ရေး၊ ဒီဇယ်အင်ဂျင်များနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ရေး၊ သစ်ထုတ်လုပ်ရေး ကိရိယာများ၊ စက်ရုံအလုပ်ရုံသုံးစက်များ၊ အိမ်သုံးသံထည်ပစ္စည်းများ၊ ရေဖိုမုဒာတ်ပြား၊ ဓာတ်ခဲစသည်တို့ ထုတ်လုပ်သောလုပ်ငန်းများ ပါဝင်သည်။

ထိုသို့ စက်မှုလက်မှု ဌာနအောက်ရှိစက်ရုံ၊ အလုပ်ရုံများကို ကုန်ထုတ်လုပ်မှု ကြီးကြပ်ညှိနှိုင်းရေး ကော်မတီနှင့် လုပ်ငန်းစု စီမံခန့်ခွဲရေး အဖွဲ့များဖြင့် စီမံဆောင်ရွက်လာကြရာ စီမံခန့်ခွဲရေးတွင် အရှိန်ရလာသည်နှင့်အမျှ လုပ်ငန်း တိုးတက်အောင်မြင်မှုများ ရှိလာသည်။ ထို့ကြောင့် စက်မှုလက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံအလုပ်ရုံ လုပ်ငန်းများကို တာဝန်

ယူခဲ့သော စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း (စတလက) သည် မိမိလက် အောက်ရှိ စက်ရုံဘလုပ်ခဲ့များ၏ ကုန်ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများ၊ ဗီမံရေးရာ လုပ်ငန်းများ၊ ဒွေးရေးကြေးရေးဆိုင်ရာ လုပ်ငန်းများနှင့် အထွေထွေ စီမံခန့်ခွဲမှု လုပ်ငန်းတို့ကို ၁၉၆၆-၆၇ ခုနှစ်မှ အုပ်ချုပ်ရေးစနစ်သစ် စတင်အကောင်အထည်ဖော်သော ၁၉၇၂ ခုနှစ် မတ်လ ၁၅ ရက်နေ့အထိ ကာလအတွင်း တဖြည်းဖြည်း လုပ်ငန်းစု စီမံခန့်ခွဲရေး အဖွဲ့များသို့ လွှဲအပ်ခဲ့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအဖိုးရ စက်မှုလက်မှုဌာနသည် မိမိတာဝန်ယူ ရသော စက်မှုလက်မှု လုပ်ငန်းများ တိုးတက်ရှင်သန်အောင်ပြင်ရေးကို ရှေးရှု၍ တိုးချဲ့ ဖွဲ့စည်း လိုက်သော အဖွဲ့ ၃ ခုတွင် အပါအဝင်ဖြစ်သော စက်မှုလက်မှ အလုပ်အမှုဆောင် ကော်မတီကို ၁၉၆၇ ခု အောက်တိုဘာလ ၂၂ ရက်နေ့တွင် စတင်အကောင်အထည်ဖော်သည်။ ယင်း ကော်မတီသည် စက်မှုလက်မှု ဌာနအောက်ရှိ ဌာန၊ ဌာနခွဲ၊ ဘုတ်အဖွဲ့များ၊ ကော်ပိုရေးရှင်း များနှင့် ကော်မတီများ၏ ဒွေလုံးဝင်ရင်း အသုံးစရိတ်များ ကျခံသုံးစွဲရေး၊ ထုတ်လုံးခန့်ထားရေး၊ တိုးမြှင့်ရေး၊ ပြောင်းလွှဲရေး၊ အရေးယူ အပြစ်ပေးရေးစသည့် ဝန်ထမ်းမှုဆိုင်ရာ ကိစ္စရပ်များနှင့် အခြားမူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထိုကော်မတီတွင် စက်မှုလက်မှုဌာနအတွင်းဝန်က သဘာပတိအဖြစ် ဆောင်ရွက်၍ စက်မှုလက်မှ ဌာနအောက်ရှိ လုပ်ငန်းစု စီမံခန့်ခွဲရေး အဖွဲ့များ ဘုတ်အဖွဲ့နှင့် ကော်ပိုရေးရှင်းများမှ အကြီးအကဲများက အဖွဲဝင်အဖြစ် ပါဝင်ဆောင်ရွက်ကြသည်။ ၁၉၆၆ ခု ဩဂုတ်လ ၁၅ ရက်နေ့တွင် အဆိုပါ ကော်မတီကို အဖွဲဝင်ပေါင်း ၁၇ ဦးဖြင့် ပြန်လည်တိုးချဲ့ ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံတွင် ဒေသအနှံ့အပြားရှိ ပဂ္ဂလိကပိုင် အသေးစား စက်မှုလက်မှုလုပ်ငန်း အများအပြားရှိနေသည်။ ထိုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ စုစည်း ကြီးကြပ် ဆောင်ရွက်ပေးရန်မှာ အထူးလိုအပ်ချက်တစ်ရပ် ဖြစ်လေသည်။ သို့မှသာ တိုင်းနှင့် ပြည်နယ်များရှိ စက်မှုလက်မှ လုပ်ငန်းများလည်း နိုင်ငံတော်မှချမှတ်တားသော စက်မှုလက်မှ တိုးတက်ရေး မူဝါဒနှင့် ကိုက်ညီပေမည်။ စက်မှုကုန်ထုတ်လုပ်ငန်း တိုးတက်အောင်မြင်၍ ရည်မှန်းသော ဆိုရှယ်လစ် စီးပွားရေး ပန်းတိုင်သို့ သာတူညီမှု ရောက်နိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့် စက်မှုလက်မှုဌာနသည် ၁၉၆၅ ခုနှစ်တွင် တိုင်းစက်မှုလက်မှ ကြီးကြပ်ညှိနှိုင်းရေး အဖွဲ့များ၊ မြို့နယ်စက်မှုလက်မှ ရုံးခွဲများကို သက်ဆိုင်ရာဒေသ လိုအပ်ချက်နှင့် အုပ်ချုပ်မှုကော်မတီ များနှင့်ညှိနှိုင်း၍ ဖွဲ့စည်းတည်ထောင်သည်။

ထိုသို့တည်ထောင်ရာ၌ မြန်မာနိုင်ငံကို အလယ်ပိုင်း၊ အနောက်တောင်၊ အနောက်မြောက် စသည်ဖြင့် တိုင်းကြီး ၆ တိုင်းခွဲလျက် ကြီးကြပ်ညှိနှိုင်းရေးအဖွဲ့ ၆ ဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့သည်။

၁။ အလယ်ပိုင်းတိုင်း စက်မှုလက်မှု ကြီးကြပ်ညှိနှိုင်းရေးအဖွဲ့
၂။ အနောက်တောင်တိုင်း စက်မှုလက်မှု ကြီးကြပ်ညှိနှိုင်းရေးအဖွဲ့
၃။ အနောက်မြောက်တိုင်းစက်မှုလက်မှု ကြီးကြပ်ညှိနှိုင်းရေးအဖွဲ့
၄။ အရှေ့တောင်တိုင်း စက်မှုလက်မှု ကြီးကြပ်ညှိနှိုင်းရေးအဖွဲ့
၅။ အရှေ့ပိုင်းတိုင်း စက်မှုလက်မှု ကြီးကြပ်ညှိနှိုင်းရေးအဖွဲ့
၆။ ရန်ကုန်တိုင်း စက်မှုလက်မှု ကြီးကြပ်ညှိနှိုင်းရေးအဖွဲ့

တိုင်း စက်မှုလက်မှု ကြီးကြပ်ညှိနှိုင်းရေး အဖွဲ့များအောက်တွင် ပဂ္ဂလိကပိုင် စက်မှုလက်မှုလုပ်ငန်းများ အများအပြားရှိသော မြို့နယ်များ၌ မြို့နယ်စက်မှုလက်မှု ကော်မတီများ ဖွဲ့စည်း၍ မြို့နယ်စက်မှုလက်မှုရုံးများ ဖွင့်လှစ်သည်။

တိုင်းစက်မှုလက်မှု ကြီးကြပ်ညှိနှိုင်းရေးအဖွဲ့များနှင့် မြို့နယ်စက်မှုလက်မှု ကော်မတီများသည် မိမိတို့ တိုင်းနှင့် မြို့နယ်များအတွင်းရှိ စက်မှုလက်မှုလုပ်ငန်းများကို မှတ်ပုံတင်စေခြင်း၊ လိုအပ်သော ကုန်ကြမ်းများရရှိရန် ဆောင်ရွက်ပေးခြင်း၊ ကုန်ချောများ ရောင်းချရန် စီစဉ်ပေးခြင်းနှင့် အလုပ်သမား ပြဿနာများကို ဖြေရှင်းညှိနှိုင်းပေးခြင်းတို့အတွက် ကြီးကြပ်ညွှန်ကြားပေးကြရသည်။ အထူးသဖြင့် ပဂ္ဂလိကပိုင် စက်မှုလက်မှု လုပ်ငန်းအသိုးသိမ်းဘို့၏ ကုန်ထုတ်လုပ်မှု လုပ်ငန်းရပ်များကို ကြီးကြပ်ညွှန်ကြား ညှိနှိုင်းပေးကြသည်။

တိုင်းစက်မှုလက်မှု ကြီးကြပ်ညှိနှိုင်းရေးအဖွဲ့၏ စာဝန်များမှာ ပဂ္ဂလိက လုပ်ငန်းများနှင့် စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်း၊ ကုန်ကြမ်းနှင့် စက်အပိုပစ္စည်းများ လိုအပ်ချက်များကို စိစစ်ခြင်း၊ ကုန်ထုတ်လုပ်မှု ကြီးကြပ်ခြင်း စသည်တို့ဖြစ်ကြသည်။

အဆိုပါ ကြီးကြပ်ညှိနှိုင်းရေး အဖွဲ့များနှင့် မြို့နယ် စက်မှုလက်မှု ကော်မတီများ၏ လုပ်ငန်းများတွင် လုပ်ကိုင်သော ဝန်ထမ်းများ၏ လစာနှင့် စရိတ်များကို စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းနှင့် စက်မှုလက်မှု ညွှန်ကြားရေးဝန် ဌာနခွဲတို့မှ ကျခံသုံးစွဲသည်။

၁။ စက်မှုဝန်ကြီးဌာနသမိုင်း၊ အကျဉ်းချုပ်၊ အတွဲ ၇၊ စာ ၁၂-၂၉

ပြည်သူပိုင် မဟုတ်သော အသေးစား ပုဂ္ဂလိက စက်မှုလုပ်ငန်းအချို့တွင် ငွေရေးကြေးရေး ပြဿနာများ၊ ကုန်ချောရောင်းချရေး ပြဿနာများ၊ အလုပ်သမားပြဿနာများစသည်တို့နှင့် ရင်ဆိုင်ကြရသောကြောင့် ကုန်ထုတ်လုပ်မှု ကျဆင်းခဲ့သည်။ ဤသို့ကျဆင်းခဲ့သဖြင့် စက်မှုလက်မှုဌာနသည် ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများကို စီမံဆောင်ရွက်သော ကြီးကြပ်ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းပေးသည်။ ထိုကော်မတီများက ကုန်ထုတ်လုပ်မှု ကျဆင်းခဲ့သော စက်ရုံများ၌ ကုန်ထုတ်လုပ်မှု ချောမောပြေပြစ်စေရန် ညှိနှိုင်းဆောင်ရွက်ပေးသည်။ ၎င်း စက်ရုံများကို ကြီးကြပ်ညှိနှိုင်းရေးဝင် စက်ရုံများဟုခေါ်သည်။ ကြီးကြပ်ညှိနှိုင်းရေးဝင် စက်ရုံ အချို့မှာ ပုံစံအားဖြင့် ဦးပုဘီစက္ကတ်စက်ရုံ၊ ပဒေသာ ဘီစက္ကတ်စက်ရုံ၊ ရွှေဟင်္သာ ပိုးထည်စက်၊ ရွှေပြည်တန် အထည်စက်၊ ဦးကျော်ရှိန် ဒန်သတ္တူစက်ရုံ၊ ဘုံဘေဘားမားထရေးဒင်းကုမ္ပဏီ၊ မီးခံ အိလပ်မြေပြားစက်ရုံ၊ အီးစီမဒါး ဆပ်ပြာစက်ရုံ၊ ကြက်ဆင်ဖဲထီးလုပ်ငန်းစက်ရုံ စသည်တို့ ဖြစ်သည်။

ကြီးကြပ်ညှိနှိုင်းရေးဝင် စက်ရုံများအတွက် ကြီးကြပ်ညှိနှိုင်းရေး ကော်မတီများ ဖွဲ့စည်း သည်ဆိုရာ၌ သက်ဆိုင်ရာ နယ်မြေလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ၊ လုပ်ငန်းပိုင်ရှင်၊ အလုပ်သမားကိုယ်စားလှယ်နှင့် စက်မှုလက်မှုဌာနမှ ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်ခြင်းသာ ဖြစ်သည်။ ကြီးကြပ်ညှိနှိုင်းရေး ကော်မတီများသည် လုပ်ငန်း၏ ကုန်ထုတ်လုပ်မှုကို အဓိက ထား၍ဆောင်ရွက်ကြသည်။ ကုန်ထုတ်လုပ်မှုနှင့် စပ်လျဉ်းသည့် ကုန်ကြမ်းလုံလောက်စွာရရှိရေး၊ ကုန်ချောများ ဖြန့်ဖြူးရေး၊ စက်ပစ္စည်းကိရိယာများ ရရှိရေး၊ အလုပ်သမားပြဿနာများ ဖြေရှင်းပေးရေး အစရှိသည်တို့ကို စီမံဆောင်ရွက်ပေးကြသည်။ ကြီးကြပ်ညှိနှိုင်းရေးဝင် စက်ရုံ အလုပ်ရုံများသည် ပုဂ္ဂလိကပိုင် လုပ်ငန်းများသာဖြစ်သည်။ သို့သော် ကြီးကြပ်ညှိနှိုင်းရေး ကော်မတီများက ပြည်သူပိုင် လုပ်ငန်းများကဲ့သို့ပင် တိုက်ရိုက်ကြီးကြပ်ချုပ်ကိုင်ထားသည်။ ကုန်ထုတ်လုပ်မှုနှင့် စပ်လျဉ်းသည့် ပြဿနာရပ်များကိုလည်း လုပ်ငန်းစု စီမံခန့်ခွဲရေး အဖွဲ့များမှ ခန့်ထားသော ကြီးကြပ်ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လုပ်ငန်းစု စီမံ ခန့်ခွဲရေး အဖွဲ့များသို့ တင်ပြညှိနှိုင်းပြီး ဖြေရှင်းပေးကြသည်။ လိုအပ်သည့်အခါများတွင် ထိုင်းနှင့်မြို့နယ် စက်မှုလက်မှု ကြီးကြပ်ရေးအဖွဲ့များနှင့် ကော်မတီများက ကူညီဆောင်ရွက် ပေးကြသည်။

ကြီးကြပ်ညှိနှိုင်းရေး ကော်မတီဝင် စက်ရုံများသည် ကုန်ကြမ်းကို ကုန်သွယ်ရေး ကော်ပို ရေးရှင်းမှ ဦးစားပေး ဝယ်ယူခွင့်ရကြသည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကို အဆက်မပြတ်

ဆောင်ရွက်နိုင်သည်။ ၎င်းပြင် ကုန်သွယ်ရေး ကော်ပိုရေးရှင်းသို့ ထုတ်ကုန်များ ရောင်းချသည့် အခါတွင်လည်း ကျသင့်သောငွေကို မြန်မြန်ရရှိကြသည်။ ထို့ကြောင့် ကြီးကြပ်ညှိနှိုင်းရေး ကော်မတီဝင် စက်ရုံများသည် ယခင်ပဂ္ဂလိက လုပ်ငန်းအဖြစ်တွင် ရှိးခဲ့သော်လည်း နောက်ပိုင်း တွင် မြတ်လာကြသည်။

ပိုင်ရှင်များသည် ကြီးကြပ်ညှိနှိုင်းရေး ကော်မတီတွင် ကိုယ်စားလှယ်အဖြစ် ပါဝင် နိုင်သည့်ပြင် စက်ရုံတွင် ပြန်လည်အလုပ်လုပ်လိုပါက မန်နေဂျာ သို့မဟုတ် အရာရှိအဆင့်ရကြ သည်။ ပိုင်ရှင်သည် စက်ရုံပိုင်ရှင်အဖြစ် ဆက်လက်တည်ရှိနေသော်လည်း စက်ရုံ၏ ကိစ္စအဝဝကို ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိပေ။ သို့အတွက် ပိုင်ရှင်များသည် စက်ရုံမှ ပေးဆပ်ရန်ရှိသော ကြွေးမြီများကို ပေးဆပ်ရန် ငြင်းဆိုကြသည်။ ကြီးကြပ်ညှိနှိုင်းရေး ကော်မတီကလည်း တာဝန် မခံချေ။ အစိုးရအား ပေးရန်ရှိသော ကြွေးမြီများကိုမူ ကြီးကြပ်ညှိနှိုင်းရေး ကော်မတီများက ပေးဆပ်ခဲ့သဖြင့် ယခင်တင်ရှိခဲ့သော ဘဏ်ကြွေးများ၊ လျှပ်စစ်မီတာခ ကြွေးကျန်များ၊ အမြတ်ခွန်ကြွေးများ၊ အငှားဝယ်ယူရေး စနစ်အရ စက်များ ဝယ်ခဲ့သည့်အတွက် အစိုးရသို့ ပေးရန်ရှိသော ကြွေးများကို ကြီးကြပ်ညှိနှိုင်းရေး ကော်မတီများလက်ထက်တွင် ပြေလည်စွာ ပေးဆပ်နိုင်ကြသည်။

တော်လှန်ရေးကောင်စီ အစိုးရလက်ထက် ၁၉၆၈ ခုနှစ်မှ ၁၉၇၂ ခုအတွင်း စက်ရုံ လုပ်ငန်းများ ပြည်သူပိုင် ပြုလုပ်ရာ၌ ကြီးကြပ်ညှိနှိုင်းရေး ကော်မတီဝင် စက်ရုံများ အများ အပြား ပါဝင်သည်။ ပြည်သူပိုင် ပြုလုပ်ရာ၌ မပါဝင်ဘဲ ကျန်နေသော ကြီးကြပ်ညှိနှိုင်းရေး ကော်မတီဝင် စက်ရုံများကို ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီက ကြီးကြပ်ညှိနှိုင်းရေး ကော်မတီများ ပြန်လည်ဖွဲ့စည်းလျက် ကုန်ထုတ်လုပ်မှုလုပ်ငန်းကို ဆောင်ရွက်သည်။

ပဂ္ဂလိက စက်ရုံများနှင့် ကြီးကြပ်ညှိနှိုင်းရေး ကော်မတီဝင် စက်ရုံများသည် မှတ်ပုံတင် ကြရသည်။ ကုန်ကြမ်းရယူရန် ကုန်ချောရောင်းရန် စက်ပစ္စည်းများရရန် မှတ်ပုံတင်ကြရ ခြင်းဖြစ်သည်။ သို့သော် အချို့စက်ရုံ အလုပ်ရုံများ မှတ်ပုံမတင်ကြချေ။

မှတ်ပုံတင်သော ပဂ္ဂလိကပိုင် စက်ရုံလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်း၊ လုပ်သားအင်အားနှင့် စက်ပစ္စည်း အသုံးပြုခြင်း စသည်တို့အပေါ် အခြေခံ၍ အဆင့် (က)၊ (ခ) နှင့် (ဂ) ဟူ၍ ခွဲခြားသတ်မှတ်ထားသည်။ (က) အဆင့်၏ ရင်းနှီးငွေသည် ကျပ် ၂ သိန်း

နှင့်အထက် ဖြစ်သည်။ အလုပ်သမားဦးရေမှာလည်း ၁၀၀ နှင့်အထက်ဖြစ်ပြီး စက်ပစ္စည်း အသုံးပြု၍ နှစ်စဉ်ကုန်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၅ သိန်းနှင့်အထက်ဖြစ်သည်။ (ခ) အဆင့် စက်ရုံများ၏ ရင်းနှီးငွေမှာ ကျပ် ၁ သောင်းမှ ၂ သိန်းအထိဖြစ်ပြီး အလုပ်သမား ၁၀ ယောက်မှ ၁၀၀ ယောက်အထိဖြစ်သည်။ စက်ပစ္စည်း အသုံးပြု၍ နှစ်စဉ်ကုန်ထုတ် လုပ်မှုတန်ဖိုး ကျပ် ၁ သိန်းမှ ၅ သိန်းထိ ဖြစ်သည်။ (ဂ) အဆင့် ရင်းနှီးငွေသည် ကျပ် ၁ သောင်းဖြစ်ပြီး အလုပ်သမားဦးရေမှာ ၁၀ ယောက်အောက်ရှိသည်။ စက် ပစ္စည်းများကို အများ အားဖြင့် အသုံးမပြုချေ။ နှစ်စဉ် ကုန်ထုတ်လုပ်မှု တန်ဖိုးမှာ ကျပ် ၁ သိန်းအောက် ဖြစ်သည်။

ပုဂ္ဂလိက လုပ်ငန်းများကိုယ်စားလှယ်ပြောင်းနိုင်သည်။ မှတ်ပုံတင် လွှဲပြောင်းနိုင်သည်။ ထိုကိစ္စရပ်များတွင် ပိုင်ဆိုင်သူ၏ ဇနီး၊ သားသမီးတို့အား ကိုယ်စားလှယ်အဖြစ် တရားဝင် ဥပဒေ အရ လွှဲပြောင်းပေးနိုင်သည်။ သို့မဟုတ် မူလအစု ရှယ်ယာဝင်အား လွှဲပြောင်းပေးနိုင်သည်။ သို့မဟုတ် တရားရုံးမှ ဒီကရီချမှတ်သူအား လွှဲပြောင်းပေးနိုင်သည်။ အချက်ဘစ်ခုခုနှင့်ညီညွတ် ပါက ခွင့်ပြုရန် အတွက် စက်မှုလက်မှု ဌာနသို့ တင်ပြရသည်။

ပုဂ္ဂလိကလုပ်ငန်းများအား ကြီးကြပ်မှု ပြုရသော အတိုင်းအတာနှင့် စက်ရုံအသီးသီးတွင် ကုန်ထုတ်လုပ်မှု စနစ်တို့ ကွဲပြားခြားနားမှု ရှိနေသော အခြေအနေတို့ကြောင့် ကြီးကြပ် ညှိနှိုင်းရေးဝင် ပုဂ္ဂလိကပိုင် လုပ်ငန်းများကို ကုန်ကြမ်းပေး ကုန်ချောယူ ပုဂ္ဂလိက လုပ်ငန်း များ၊ ကုန်ကြမ်းရောင်း၊ ကုန်ချောဝယ် ပုဂ္ဂလိကပိုင် လုပ်ငန်းများ၊ ကုန်ကြမ်းရောင်း၍ ကုန် ချောများ လွှတ်လပ်စွာ ရောင်းချခွင့် ပြုထားသည့် ပုဂ္ဂလိကပိုင် လုပ်ငန်းများဟူ၍ ခွဲခြား သတ်မှတ်ပေးသည်။

ကုန်ကြမ်းပေး ကုန်ချောယူ လုပ်ငန်းများတွင် အထည်ရက်လုပ်ငန်းသည် အဓိကဖြစ်၏။ ထိုလုပ်ငန်းများသည် မြို့နယ်ကုန်သွယ်ရေး ကော်ပိုရေးခွင်းရုံးများမှ ထုတ်ပေးသည့် ချည်ခင် ဖြင့် အထည်ရက်လုပ်ပြီး ကုန်သွယ်ရေးသို့ ပြန်လည်ပေးသွင်းသော လုပ်ငန်းများ ဖြစ်ကြသည်။ ရက်လုပ်ခများကို သက်ဆိုင်ရာ လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီများနှင့် ညှိနှိုင်းသတ်မှတ်ပြီး ကုန်သွယ်ရေး ကော်ပိုရေးရှင်းမှ ထုတ်ပေးသည်။ ဤဝနစ်၏ ချိုယွင်းချက်မှာ ကုန်ကြမ်းများကို ရောင်းချခြင်း မဟုတ်သောကြောင့် တန်ဖိုး တဖြည်းဖြည်း မြင့်လာသော ချည်မျှင်ကုန်ကြမ်း များကို မှောင်ခိုသို့ ရောင်းစားခြင်း၊ အထည်အလိပ် စံချိန်စံညွှန်းများ လျော့၍ ရက်လုပ်

ပေးသွင်းကြခြင်းဟူ ဖြစ်ပေါ်လာသည်။ ဆိုးဆေး၊ ဓာတ်ဆေးဖိုး အနည်းငယ်သာ စိုက်ထုတ် ကုန်ကျရသဖြင့် ဤစနစ်ကို အများက နှစ်ခြိုက်ကြသော်လည်း မသမာမှုများ အလွန်များလှသည်။

ကုန်ကြမ်းရောင်း ကုန်ချောဝယ်သည့် စနစ်ကို အစျေးအရေးကြီးသော လူသုံးကုန်ပစ္စည်း များထုတ်လုပ်ရေးအဘွဲ့က သုံးစွဲသည်။ လုပ်ငန်းရှင်များသည် ပလာစတာစ်အိတ်များ၊ ထီး၊ လက် နှိပ်ဓာတ်မီး၊ ဓာတ်ခဲ၊ မော်တော်ကား ဘက်ထရီအိုး၊ ပရိဘောဂ၊ ပေါ်လစ်၊ ဆပ်ပြာစသည်တို့ အတွက် ကုန်ကြမ်းများကိုသက်ဆိုင်ရာ ကုန်သွယ်ရေးကော်ပိုရေးရှင်းများမှ ငယ်သူပြီး ကုန်ချော များကို သာမှာသော နှုန်းထားဖြင့် ပြန်လည် ပေးသွင်းကြသည်။ ကုန်သွယ်ရေး ကော်ပို ရေးရှင်းများက တစ်ဇန်ကုန်ချောများကို ပြည်သူလူထုသို့ ပြန်လည် ဖြန့်ဖြူး ရောင်းချပေးသည်။

သေးငယ်သော အိမ်ဘွင်း စက်မှုလက်မှု လုပ်ငန်းများဖြစ်သည့် သကြားလုံးလုပ်ငန်း၊ မုန့်ဖုတ်လုပ်ငန်း၊ လက်မှုပညာလုပ်ငန်း စသည်ဘို့မှာမူ ကုန်ကြမ်းပစ္စည်းများကို ကုန်သွယ်ရေး ကော်ပိုရေးရှင်းများမှ ဝယ်ယူ၍ ကုန်ချောပစ္စည်းများကို လွှဲလယ်စွာ ရောင်းချနိုင်ကြသည်။

ကုန်ကြမ်းရောင်း ကုန်ချောဝယ် လုပ်ငန်းများ၊ လုပ်ပိုင်ခွင့် ရသူများသည် ကုန်ချော အဆက်မပြတ် ရရှိသော်လည်း ကုန်ချောအဘွဲ့က အဝိုးရ၏ သာမှာသော ဝယ်ဈေးနှုန်း နိမ့်လွန်းသဖြင့် အရှုံးနှင့်ရင်ဆိုင်ကြရသည်။ ထီးနှင့် ဆပ်ပြာလုပ်ငန်းများမှာ အဝိုးရကဝယ်ယူ သောဈေးနှုန်းမြင့်သဖြင့် တွက်ခြေကိုက်သည်။ ကုန်ကြမ်းဝယ်ခွင့် ရ၍ ကုန်ချော လွှဲလယ် စွာရောင်းနိုင်သော လုပ်ငန်းငယ်လေးများမှာမူ လွန်စွာ စီးပွားဖြစ်ကြသည်။

စက်မှုလက်မှု စီမံကိန်း ကော်မဘီသည် စက်မှုလက်မှု ဝန်ကြီးဌာနမှ တာဝန်ယူ တည် ဆောက်သည့် စီမံကိန်းသစ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကော်ပိုရေးရှင်းများမှ တင်ဒါ ခေါ်ယူခြင်း၊ တင်ဒါစိစစ်ခြင်း၊ စာချုပ်ချုပ်ဆိုခြင်း၊ စီမံကိန်းသုံးသပ်ချက်များကို စိစစ်ခြင်း စသည်တို့ကို ဆောင်ရွက်သည်။ ထိုသို့ စိစစ်သုံးသပ်ပြီးနောက် စက်မှုလက်မှ ဝန်ကြီးဌာနသို့ တင်ပြ အတည်ပြုချက် ရယူသည်။ ထိုနည်းဘုပင် လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်းမှ တည် ဆောက်သည့် စီမံကိန်းသစ်များကိုလည်း အဆက်ပါအတိုင်း ဆောင်ရွက်ကြသည်။

ဒွေလုံးဒွေရင်း အသုံးစရိတ်နှင့် ပတ်သက်သည့် ကိစ္စရပ်များနှင့် စက်မှုရေးရာကိစ္စရပ်များ ကို စက်မှုလက်မှဝန်ကြီးဌာန၏ ဌာနခွဲ၊ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်းများက တင်ပြလာသည့်အခါ ဤကော်မတီက ညှိနှိုင်း ဆွေးနွေး စိစစ်ခြင်းပြုသည်။

စက်မှုလက်မှုလုပ်ငန်းများ တိုးတက်မှုအခြေအနေ

တော်လှန်ရေးကောင်စီအစိုးရ တက်လာသည့် ၁၉၆၂ ခုနှစ်နောက်ပိုင်းတွင် ဆိုရှယ်လစ်စီးပွားရေးနှင့် လိုက်လျောညီထွေသော စက်မှုလက်မှုဆိုင်ရာ မူဝါဒကို ချမှတ်သဖြင့် မြန်မာနိုင်ငံ၏ စက်မှုလက်မှုလုပ်ငန်းများသည် ရှေးနှင့်မတူတဲ တစ်ခန်းတစ်ကဏ္ဍဆန်းသစ်လာခဲ့သည်။ ဆိုရှယ်လစ်စီးပွားရေးမူအရ စက်ရုံအလုပ်ရုံများ၊ ဘဏ်များ၊ လက်ကားဆိုင်ကြီးများစသည်တို့ကို ပြည်သူပိုင်သိမ်းယူသည်မှစ၍ နိုင်ငံတော်အတွင်းတွင် အစိုးရပိုင် သို့မဟုတ် ပြည်သူပိုင် စက်မှုလက်မှုလုပ်ငန်းများ၊ ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းများနှင့် နောက်ပိုင်းတွင် အစိုးရကြီးကြပ်စက်မှုလက်မှုလုပ်ငန်းများဟူ၍ သုံးမျိုးသုံးစားကွဲပြားစွာ တည်ရှိလာသည်။ မြန်မာနိုင်ငံ၏ စက်မှုလက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ ဖြိုးရေးကို ထိုသုံးမျိုးသော လုပ်ငန်းများက အနည်းနည်းအဖုံဖုံ တာဝန်ယူဆောင်ရွက်ကြသည်။

ထိုသို့ တာဝန်ယူဆောင်ရွက်ကြရာ စက်မှုလက်မှုလုပ်ငန်းအသီးသီးမှ ကုန်ပစ္စည်းအထွက်နှုန်းသည် ၁၉၆၂ ခုနှစ်မတိုင်မီကထက် တိုးတက်လာသည်ကို တွေ့ရသည်။ အတိအကျအားဖြင့် ဖော်ပြရသော် ၁၉၆၂-၆၃ ခုနှစ်အတွင်းက နိုင်ငံပိုင်စက်မှုလက်မှုလုပ်ငန်းများမှ ကုန်ပစ္စည်းအမျိုးမျိုး ကျပ် ၁၇.၇ ကုဋ္ဌေကျော်ဖိုးထွက်သည်။ ယခင်နှစ်ကထက် ၅.၅ ကုဋ္ဌေကျော်ဖိုး ပိုမို ထုတ်လုပ်ခဲ့သည်။ ထို့အတူ ပုဂ္ဂလိကပိုင် စက်ရုံအလုပ်ရုံများမှ ၁၉၆၂-၆၃ ခုနှစ်အတွင်းတွင် ကုန်ပစ္စည်း ကျပ် ၁၉၇.၈၈ ကုဋ္ဌေကျော်ဖိုး ထုတ်လုပ်သဖြင့် ယခင်နှစ်ကထက် ၆.၃ ကုဋ္ဌေကျော်ဖိုး ပိုမိုထွက်ရှိခဲ့သည်။[၁]

မြန်မာနိုင်ငံတွင် ဆန်စက်နှင့် သစ်စက်သည် အရေအတွက်အားဖြင့် အများဆုံးဖြစ်၏။ ထိုစက်များမှ ကုန်ထွက်ငွေတန်ဖိုးကို တွက်ချက်ရာ၌ အခြားစက်ကြီး စက်ငယ်များနှင့်မတူချေ။ ဆန်စက်နှင့် သစ်စက်များတွင် ကြိတ်ဝါးသောကုန်ကြမ်းဖြစ်သည့် စပါးနှင့်သစ်လုံးများတန်ဖိုးကို နုတ်၍ စက်ခကိုသာတွက်မြဲဖြစ်သည်။ ထိုသို့ တွက်ယူလိုက်လျှင် ၁၉၆၂-၆၃ ခုနှစ်အတွင်းက ဆန်စက်များမှ စက်ခကျပ်ငွေ ၂၁.၁၀ ကုဋ္ဌေရရှိ၍ သစ်စက်များမှ စက်ခကျပ်ငွေ ၇.၀၀ ကုဋ္ဌေရခဲ့သည်။[၂]

၁။ ၁၉၆၃-၆၄ ခု ရသုံးမှန်းခြေးပြည်သူသို့အစီရင်ခံစာ၊ စာ ၁၁
၂။ ၁၉၆၃-၆၄ ခု ရသုံးမှန်းခြေးပြည်သူသို့အစီရင်ခံစာ၊ စာ ၁၂

စက်မှုလက်မှုလုပ်ငန်းများထူထောင်ရာတွင် ရေနံ၊ သတ္တုနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးတို့သည် အရေးပါသောကဏ္ဍမှ ပါဝင်ကြသည်။ စက်မှုလက်မှုထူထောင်ရေးကို ပံ့ပိုးပေးသောလုပ်ငန်းများဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် ၁၉၆၂-၆၃ ခုနှစ်က ရေနံကျပ် ၁၂.၈၉ ကုဋ္ဌေဖိုးထွက်၍ သတ္တုအမျိုးမျိုးကျပ်ငွေ ၂.၉၈ ကုဋ္ဌေဖိုးထွက်သည်။ စက်မှုလက်မှုလုပ်ငန်းကြီးငယ်များသို့ ၁၉၆၁-၆၂ ခုနှစ် လျှပ်စစ်ဓာတ်အား ၇.၈၄ ကီလိုဝပ်နာရီပေါင်း ရောင်းချ၍ ၁၉၆၂-၆၃ ခုနှစ် အတွင်း ၉ လအတွက် ၆၂.၇၇ ကီလိုဝပ်နာရီပေါင်းရောင်းချနိုင်သည်။အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းငယ်များအတွက် ၁၉၆၂-၆၃ ခုနှစ် ၉ လအတွင်း ၄၇.၅၆ ကီလိုဝပ်နာရီပေါင်းရောင်းချသည်။ ထိုနှစ်က စက်မှုလက်မှုလုပ်ငန်းကြီးငယ်များအတွက် လျှပ်စစ်ဓာတ်အား ရောင်းချမှု တိုးတက်သည်မှန်သော်လည်း မီးထွန်းရန်ရောင်းချရသော လျှပ်စစ်ဓာတ်အား တိုးတက်နှုန်းလောက်မများသေးချေ။[၁]

နိုင်ငံတော်အစိုးရ၏ ဆိုရှယ်လစ်စီးပွားရေးမူဝါဒအရ ပြည်သူပိုင် စက်မှုလုပ်ငန်းများ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာသည်။ ၁၉၆၃-၆၄ ခုနှစ်တွင် သကြား၊ ချည်မျှင်၊ ဂုန်နီ၊ ဓာတ်သတ္တုပစ္စည်း၊ ဘိလပ်မြေ၊ အုတ်၊ အုပ်ကြွပ်၊ သံချောင်း၊ သံပြား၊ စက်ပစ္စည်းစသည် တို့ကိုထုတ်လုပ်သော ပြည်သူပိုင်စက်မှုလုပ်ငန်း ၁၃ မျိုးရှိသည်။ ထိုပြည်သူပိုင်စက်မှုလုပ်ငန်းများမှ ထုတ်လုပ်သော ကုန်ပစ္စည်းတန်ဖိုးသည် ကျပ်ငွေ ၂၅၄၂.၉၃ သိန်းဖြစ်၏။ ၁၉၆၂-၆၃ ခုနှစ်အတွင်းကကျပ် ၂၅၆၉.၀၅ သိန်းဖိုး ထုတ်နိုင်သည်နှင့် နိုင်းယှဉ်လျှင် ၉၉ ရာခိုင်နှုန်းဖိုး ခန့်သာ ထုတ်လုပ်နိုင်ကြောင်းတွေ့ရသည်။ ပုဂ္ဂလိကပိုင် စက်မှုလက်မှုလုပ်ငန်းပေါင်းစုံမှလည်း ၁၉၆၃-၆၄ ခုနှစ်အတွင်းက ကျပ်ငွေ ၁၇၄၈၆.၀၁ သိန်းဖိုးသာ ထုတ်နိုင်သည်။ ယခင်နှစ်က ၂၀၂၁၉.၆၆ သိန်းဖိုးထုတ်လုပ်သည်နှင့်စာလျှင် ၈၆.၄ ရာခိုင်နှုန်းဖိုးသာ ထုတ်လုပ်နိုင်သည်။ ထိုသို့ဖြစ်ရသည်မှာ ဆိုရှယ်လစ်စီးပွားရေးစနစ်ထူထောင်ရာ၌ ပြည်သူပိုင်လုပ်ငန်းများသာလျှင် အခြေခံဖြစ်၍ ပုဂ္ဂလိကလုပ်ငန်းများသည် ဆိုရှယ်လစ်စီးပွားရေးဘောင်အတွင်း မဝင်ဆံ့ကြသောကြောင့် ဖြစ်လေသည်။[၂]

စက်မှုလက်မှုလုပ်ငန်းများကို နိုင်ငံတော်အစိုးရက တိုးတက်ကြိုးပမ်း လုပ်ဆောင်သည် ဆိုသော်လည်း နိုင်ငံတွင်း လိုအပ်ချက်အတိုင်းအတာပြည့်မီအောင် ကုန်ပစ္စည်းထုတ်လုပ်နိုင်ခွမ်

၁။ ၁၉၆၃-၆၄ ရသုံးမှန်းခြေ၊ ပြည်သူသို့အစီရင်ခံစာ၊ စာ ၁၂-၁၄

၂။ ၁၉၆၄-၆၅ ရသုံးမှန်းခြေ၊ ပြည်သူသို့အစီရင်ခံစာ၊ စာ ၅၅

မရှိသေးချေ။ထိုကြောင့် စက်ထွက်ပစ္စည်းအမျိုးမျိုးကို နိုင်ငံခြားမှ မှာယူတင်သွင်းရလေသည်။ ၁၉၆၄-၆၅ ခုနှစ်အတွင်းက စက္ကူ၊ သားရေနှင့် ရော်ဘာပစ္စည်း၊ ဓာတ်သတ္တု၊ ဆေးဝါး၊ ဘီလပ်မြေ၊ စက်ကိရိယာအမျိုးမျိုး၊ လျှပ်စစ်ပစ္စည်းအစရှိသော စက်ထွက်ပစ္စည်း ၁၃ မျိုးကို ဝယ်ယူရရာ ထိုသို့ဝယ်ယူရသောပစ္စည်း ၁၃ မျိုး၏ ဆိပ်ကမ်းရောက်တန်ဖိုးသည် ကျပ်ငွေထောင်ပေါင်း ၁၃၀၉၅၉၄ သို့မဟုတ် ၁၃၀၉၄ ကုဋေကျော်ဖိုးရှိသည်။ ယင်းတို့အနက်စား၁ သုံး ကုန်ပစ္စည်းများ ၇၉ ကုဋေ ဖိုးပါ၍ စက်မှုပစ္စည်းနှင့် ကုန်ကြမ်း ၅၇ ကုဋေဖိုး ပါသည်။

ထိုသို့ နိုင်ငံခြားကို မှီခိုနေရခြင်းမှ ထဖြည်းဖြည်း ကင်းဝေးစေရန် နိုင်ငံခြားငွေယိုပေါက်ကို တတ်နိုင်သမျှ ပိတ်ဆို့နိုင်စေရန်၊ နိုင်ငံတော်အစိုးရသည် စက်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံငွေများကို အချိုးကျ အလိုက်သင့် တိုးမြှင့်ခဲ့သည်။ ၁၉၆၄-၆၅ ခုနှစ်အတွင်းက စက်မှုလက်မှုကဏ္ဍတွင် ပေါက်ဈေးတန်ဖိုးဖြင့် ၁၂.၅၄ ကုဋေ ရင်းနှီးမြှုပ်နှံသဖြင့် တစ်နိုင်ငံလုံးအတွက် ရင်းနှီးမြှုပ်နှံငွေ စုစုပေါင်း၏ ၁၂.၇၁ ရာခိုင်နှုန်း ရှိလေသည်။ စက်မှု ပုံပိုးကဏ္ဍတစ်ရပ်ဖြစ်သော သတ္တုတွင်းလုပ်ငန်းများတွင် ၄.၆၅ ကုဋေမြှုပ်နှံသည်။ တစ်နိုင်ငံလုံး အတိုင်းအတာ၏ ၄.၇၁ ရာခိုင်နှုန်း ရှိသည်။ ထို့အတူ လျှပ်စစ် ဓာတ်အားထုတ်လုပ်ရေးကဏ္ဍတွင် ၄.၅၂ ကုဋေ မြှုပ်နှံသည်။ နိုင်ငံ အတိုင်းအတာ၏ ၄.၅၈ ရာနှုန်း ရှိလေသည်။

စက်မှုလက်မှုကဏ္ဍတွင် ထိုသို့ ရင်းနှီးမြှုပ်နှံခြင်း စက်ရုံအလုပ်ရုံများ တိုးချဲ့ခြင်း၊ အသစ်ဆောက်လုပ်ခြင်းများကြောင့် ၁၉၆၄-၆၅ ခုနှစ်တွင် စက်မှုလက်မှု ကုန်ထုတ်လုပ်မှု တိုးတက်လာသည်။ စားသောက်မှု ဆိုင်ရာ လုပ်ငန်းများတွင် ပြည်သူပိုင် စက်ရုံ အလုပ်ရုံများမှ ကျပ်ငွေ သိန်းပေါင်း ၂၀၁၇ ဖိုး ထုတ်လုပ်၍ ပုဂ္ဂလိက လုပ်ငန်းများမှ ကျပ်ငွေ သိန်းပေါင်း ၅၀၉၇ ဖိုး ထုတ်လုပ်ရာ စုစုပေါင်း ကျပ်သိန်းပေါင်း ၂၅၂၇ ဖိုး ထုတ်လုပ်နိုင်သည်။ ဝတ်ဆင်မှုဆိုင်ရာ လုပ်ငန်းများတွင် ပြည်သူပိုင်ကဏ္ဍမှ ကျပ်ငွေ သိန်းပေါင်း ၁၀၁ ဖိုး ထုတ်၍ ပုဂ္ဂလိက လုပ်ငန်းများမှ ကျပ်သိန်းပေါင်း ၅၅၀၁ ဖိုးထုတ်သည်။ စုစုပေါင်းကျပ်ငွေ သိန်းပေါင်း ၅၆၀၂ ဖိုးရှိသည်။ ထို့အတူ နေထိုင်မှုဆိုင်ရာ လုပ်ငန်းများတွင် ပြည်သူပိုင် စက်ရုံ အလုပ်ရုံများမှ ကျပ် ငွေ ၂၇၇၀ သိန်းဖိုးထုတ်၍ ပုဂ္ဂလိက လုပ်ငန်းများမှ ကျပ်ငွေ ၂၃၁၀ သိန်းဖိုး ထုတ်ရာ စုစုပေါင်း ကျပ်ငွေ ၅၀၈၀ သိန်းဖိုးထွက်သည်။ စက်မှုလက်မှု သုံးပစ္စည်းများ ထုတ်လုပ်ရေးတွင်လည်း ပြည်သူပိုင်

၁။ ၁၉၆၄-၆၅ ရသုံးမှန်းခြေ၊ ပြည်သူတို့ အစိုရင်ခံစာ၊ စာ ၂၁
၂။ ၁၉၆၄-၆၅ ရသုံးမှန်းခြေ၊ ပြည်သူသို့အစိုရင်ခံစာ၊ စာ၂၃

စက်ရုံ၊ အလုပ်ရုံများမှ ကျပ်ငွေ ၂၀၆၉ သိန်းပိုးထုတ်သည်။ ပဂ္ဂလိက လုပ်ငန်းများမှ ကျပ်ငွေ ၁၆၄၆ သိန်းပိုးထုတ်ရာ စုစုပေါင်း ကျပ်ငွေ ၄၅၁၅ သိန်းပိုးရရှိလေသည်။

စက်မှုလက်မှု ကုန်ထုတ်လုပ်မှု တိုးတက်လာသော်လည်း စက်မှုလက်မှုကဏ္ဍတွင် ကုန်ထုတ်လုပ်ရာ၌ အခက်အခဲများနှင့် ရင်ဆိုင်ကြရသည်။ အရေးကြီးသော စက်မှုကုန်ကြမ်းများ၊ စက်ပစ္စည်းများ ဖြန့်ဝေရာတွင် အဆင်မပြေမှုများပေါ် ပေါက်သည်။ ထို့ပြင် စက်မှုကုန်ကြမ်းနှင့် စက်ပစ္စည်းများကို လုံလောက်အောင် မရခြင်း၊ စုံညီအောင် မရခြင်း၊ အချိန်မီ မရခြင်း စသော အခက်အခဲများ ရှိနေလေသည်။[၂]

စက်မှုကဏ္ဍတွင် အခက်အခဲများ ကြားမှပင် ကုန်ဆုတ်လုပ်မှု တိုးတက်သကဲ့သို့ စက်မှုပုံပိုးကဏ္ဍ ဖြစ်သော လျှပ်စစ် ဓာတ်အားဆုတ်လုပ်ရေးတွင် ရှေးကထက် စွမ်းအားပိုလာသည်။ ၁၉၆၄-၆၅ ခုနှစ်အတွင်းက မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားပေးစက် အမျိုးမျိုး ၄၉၅ လုံး ရှိသည်။ ထိုစက် အမျိုးမျိုးမှ ထိုနှစ်အတွင်း လျှပ်စစ်ဓာတ်အား ၁၂၈.၉၅ မဂ္ဂဝပ် ထုတ်ပေးနိုင်ခဲ့သည်။ထိုသို့ လျှပ်စစ်ဓာတ်အား ထုတ်ပေးခဲ့ရာတွင် ရေအားဖြင့်လည်သော စက်ကြီး ၅ လုံးက ၈၄.၄၅ မဂ္ဂဝပ် ထုတ်နိုင်ရှိ ရေနွေးငွေ့အားဖြင့် လည်သော စက် ၅လုံးက ၂.၇၅ မဂ္ဂဝပ် ထုတ်ပေးသည်။ အများစုဖြစ်သော ဒီဇယ်ဂက် ၄၅ လုံးက ၄၁.၇၅ မဂ္ဂဝပ် ထုတ်ပေးနိုင်ခဲ့သည်။[၃]

နိုင်ငံတော် အုပ်ချုပ်ရသည် စက်မှုလက်မှု တိုးတက်ရေးကို ရှေးရှု၍ စက်မှုလက်မှု ကဏ္ဍနှင့် တက္ကသိုလ်ကဏ္ဍနှင့် ဆက်နွယ်နေသော စက်မှု ပုံပိုးကဏ္ဍများတွင်ပါ နှစ်စဉ် ရင်းနှီးမြှုပ်နှံငွေများကို တတ်နိုင်သမျှ ပိုမို တိုးမြှင့်ခဲ့သည်။ ၁၉၆၅-၆၆ ခုနှစ်အတွင်းက စက်မှုလက်မှုကဏ္ဍတွင် ကျပ်သိန်းပေါင်း ၁၅၅၅ မြှုပ်နှံသည်။ စက်မှု ပုံပိုးကဏ္ဍများ ဖြစ်သော သတ္တုတူးလုပ်ငန်းတွင် ကျပ်သိန်းပေါင်း ၅၂၂ နှင့်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးတွင် ကျပ်သိန်းပေါင်း ၁၀၄ ရင်းနှီးမြှုပ်နှံသည်။အလားတူပင်သယ်ယူဆောင်ရွေးလုပ်ငန်းများတွင်ကျပ်သိန်းပေါင်း ၁၄၆၈ ရင်းနှီးမြှုပ်နှံကာ လုပ်ငန်းများ တွင်ကျယ်အောင်မြင်ရေးကို အဓိကထားခဲ့သည်။[၄] ဤရင်းနှီးမြှုပ်နှံမှုသည် ပြည်သူပိုင်လုပ်ငန်း များအတွက်သာဖြစ်သည်။

၁။ ၁၉၆၅ - ၆၆ ရသုံးပုန်းခြေ၊ ပြည်သူ့သိုက်စီရင်ခံစာ၊ စာ ၃၄
၂။ ၁၉၆၅ - ၆၆ ရသုံးပုန်းခြေ၊ ပြည်သူ့သိုက်စီရင်ခံစာ၊ စာ ၃၄
၃။ ၁၉၆၅ - ၆၆ ရသုံးပုန်းခြေ၊ ပြည်သူ့သိုက်စီရင်ခံစာ၊ စာ ၃၆
၄။ ၁၉၆၆ - ၆၇ ရသုံးပုန်းခြေ၊ ပြည်သူ့သိုက်စီရင်ခံစာ၊ စာ ၇၁

စက်မှုလက်မှု လုပ်ငန်းများ တိုးချဲ့ တည်ထောင်သည်နှင့်အမျှ စက်ရုံ၊ အလုပ်ရုံနှင့်သိုလှောင်ရုံများ ဆောက်လုပ်ရေးသည်လည်း အရေးကြီးသော လိုအပ်ချက် တစ်ရပ် ဖြစ်လာသည်။ ထိုကြောင့် ၁၉၆၅-၆၆ ခုနှစ်အတွင်းက ပြည်သူပိုင် စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံများ ကျပ်ငွေ ထောင်ပေါင်း ၅၀၀၀၆ အကုန်အကျခံ၍ ဆောက်လုပ်သည်။ ထို့ပြင် ဓာတ်အားပေးရန် ရေကာတာကြီးများနှင့် ဓာတ်ကြိုးသွယ်ခြင်းစသည့် လုပ်ငန်းများ ဆောက်လုပ်ရန် ကျပ်ငွေထောင်ပေါင်း ၃၉၆၉၃ အကုန်အကျခံသည်။ သတ္တုတွင်းနှင့် ပတ်သက်သည့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက်မူ ကျပ်ငွေ ထောင်ပေါင်း ၃၉၀၉ ကုန်ကျခဲ့သည်။[1]

ထိုသို့ အဘက်ဘက်မှ ပြုစုပျိုးထောင်ကြိုးပမ်းခြင်းကြောင့် မြန်မာနိုင်ငံ စက်မှုလက်မှု လုပ်ငန်းများ၏ ကုန်ပစ္စည်း ထုတ်လုပ်နိုင်စွမ်းမှာ တည်တံ့လျက် ရှိသည်ဟု ဆိုရပေမည်။ ကုန်ပစ္စည်း ထုတ်လုပ်နှုန်းသည် တစ်နှစ်ထက်တစ်နှစ် များစွာကွာခြားတိုးတက်ခြင်း မရှိသေးသော်လည်း များစွာ လျော့ကျသွားခြင်း မရှိချေ။ စက်မှုလက်မှု လုပ်ငန်းကြီးငယ်များသည် ပြည်သူပိုင်၊ အစိုးရ ကြီးကြပ်၊ ပုဂ္ဂလိက သီးသန့်ဟူ၍ သုံးမျိုးသုံးစား ကွဲပြားလာသည်။ အစိုးရ ကြီးကြပ် ကုပ်ကဲမှု အောက်ရှိ ပုဂ္ဂလိက စက်ရုံ၊ အလုပ်ရုံများကို ကုန်ကြမ်းပေးကုန်ချောယူ စနစ်စသည်တို့ဖြင့် ထိန်းချုပ် လုပ်ကိုင်ဆုတွင် အဆင်ပြေချောမောမှုများရှိသကဲ့သို့ မပြေလည်သည်များလည်း ရှိသည်။ ဆိုရှယ်လစ် စီးပွားရေးတွင် အံမဝင်သော ပုဂ္ဂလိက လုပ်ငန်းရှင် ကြီးငယ်များ၏ ထိုးနှက်မှုများလည်း ရှိနေသည်။

အခက်အခဲ အမျိုးမျိုးကြားမှပင် ၁၉၆၅-၆၆ ခုနှစ်အတွင်းက စားသောက်ကုန်ဆိုင်ရာ စက်မှု လုပ်ငန်းပေါင်းစုံမှ ကျပ်ငွေသိန်းပေါင်း ၂၅၁၇ ဖိုး ထုတ်လုပ်နိုင်ခဲ့သည်။ ယင်းတွင် ပြည်သူပိုင် စက်ရုံ၊ အလုပ်ရုံများမှ ကျပ်သိန်းပေါင်း ၁၇၅၁၀ ဖိုး ထွက်၍ ပုဂ္ဂလိကလုပ်ငန်းများမှ ကျပ်သိန်းပေါင်း ၇၆၆၅ ဖိုးထုတ်လုပ်သည်။ ဝတ်ဆင်မှုဆိုင်ရာ စက်မှုလက်မှု လုပ်ငန်းပေါင်းစုံမှ ကျပ်သိန်းပေါင်း ၅၃၉၇ ဖိုး ထုတ်လုပ်ရာတွင် ပြည်သူပိုင်လုပ်ငန်းများမှ သိန်းပေါင်း ၁၃၀၁ ဖိုး၊ ပုဂ္ဂလိက စက်ရုံ၊ အလုပ်ရုံများမှ သိန်းပေါင်း ၄၀၀၆ ဖိုး ပါဝင်သည်။ ၁၉၆၅-၆၆ ခုနှစ်အထိ ဝတ်ဆင်ရေးလုပ်ငန်းဆိုင်ရာတွင် ပုဂ္ဂလိက စက်မှုလုပ်ငန်းများက ဦးဆောင်လျက် ရှိနေသေးကြောင်း တွေ့ရသည်။ နေထိုင်မှုနှင့် သက်ဆိုင်သည့် စက်မှုလက်မှု လုပ်ငန်းပေါင်းစုံမှ ကျပ်သိန်းပေါင်း ၅၉၃၇ ဖိုး ထုတ်လုပ်သည်။ ပြည်သူပိုင် လုပ်ငန်းများမှ သိန်းပေါင်း ၃၁၅၀ ဖိုး၊ ပုဂ္ဂလိက လုပ်ငန်းများမှ သိန်းပေါင်း ၂၇၀၀ ဖိုး ပါဝင်သည်။ အခြားအထွေထွေ စက်မှုလက်မှုလုပ်ငန်းများ

၁။ ၁၉၆၆ - ၆၇ ရသုံးမှန်းခြေ၊ ပြည်သူ့သို့အစီရင်ခံစာ၊ စာ ၂၇

အထွေထွေစက်မှုလက်မှုလုပ်ငန်းစုပေါင်း ဂဋဂ တွင် ကျပ်ငွေသိန်းပေါင်း ၆၉၇ မြှုပ်နှံထားသည်။ ဖော်ပြပါ စက်မှုလက်မှု လုပ်ငန်းများသည် တစ်နှစ်ဝင်ငွေကျပ် ၄၂၀၀ ထက်ပိုမိုသော စက်ရုံများဖြစ်ကြသည်။[၁]

နိုင်ငံတော် စက်မှုလက်မှု လုပ်ငန်းများဘွင် ရင်းနှီးမြှုပ်နှံမှုငွေများဘိုးမြှင့် မြှုပ်နှံသက်ဆိုင် တစ်ဘက်မှလည်း စက်ရုံအလုပ်ရုံသစ်များ တိုးချဲ့ဘည်ဆောက်ခြင်းဖြင့် နိုင်ငံတွင်း လိုအပ် ချက်များကို ဖြည့်ဆည်းရန် စီစဉ်ချက်များရှိသည်။ ၁၉၆၇ ခုနှစ်က ပြည်သူပိုင် စက်ရုံ အလုပ်ရုံ ဆောက်လုပ်ပြီး စုစုပေါင်း ၁၈၀၂ ရှိ၍ ဆောက်လုပ်ဆဲ ၉၉ ရုံရှိသည်။ ယင်းတို့ကို လုပ်ငန်း အမျိုးအစားအလိုက် ခွဲလိုက်လျှင် စားသောက်မှုဆိုင်ရာ ပြည်သူပိုင် စက်ရုံအလုပ်ရုံ ဆောက်လုပ်ပြီး ၆၂ ရုံနှင့် ဆောက်လုပ်ဆဲ ၁၈ ရုံ၊ ပေါင်းစက်ရုံ ၈၀ ပါသည်။ ဝတ်ဆင်မှုဆိုင်ရာတွင် ဆောက်ပြီး စက်ရုံ ၁၀၊ ဆောက်ဆဲ ၁ ရုံ၊ ပေါင်း ၁၁ ရုံရှိသည်။ နေထိုင်မှုဆိုင်ရာ ပြည်သူပိုင်စက်ရုံများတွင် ဆောက်လုပ်ပြီး လည်ပတ်နေသော စက်ရုံ ၂၃ နှင့် ဆောက်လုပ်ဆဲ ၁၄ ရုံ၊ ပေါင်း ၃၇ ရုံရှိသည်။ လူသုံးပစ္စည်း လုပ်ငန်းဆိုင်ရာ စက်ရုံများမှာ ဆောက်ပြီး ၂ ရုံ၊ ဆောက်ဆဲ ၁ ရုံ၊ ပေါင်း ၃ ရုံ၊ အိမ်သုံးပစ္စည်းလုပ်ငန်းဆိုင်ရာတွင် ဆောက်ပြီး စက်ရုံ ၁၀ နှင့် တည်ဆောက်ဆဲ ၁ ရုံ၊ရှိသည်။ စက်မှုလက်မှုသုံးကိရိယာထုတ်လုပ်သော လုပ်ငန်းတွင်မူ အသစ် တည်ဆောက်မှု မရှိသေးဘဲ ထုတ်လုပ် လည်ပတ်နေသော စက်ရုံ ၄ ရုံသာရှိသည်။ ထို့အတူ လျှပ်စစ်ခာတ်အားပေး စက်ရုံပေါင်း ၅၁၆ ရှိသည်။ အထွေထွေ အလုပ်ရုံများမှာလည်း ဆောက်လုပ်ပြီး ၈၂ ရုံနှင့် ဆောက်လုပ်ဆဲ ၁၁ ရုံရှိသည်။ ကုန်ကြမ်းထုတ်လုပ်သော စက်ရုံ များတွင် ဆေးပေါင်းရုံများပါ ထည့်သွင်းရေတွက်လျှင် ဆောက်ပြီး ၂၇၉ နှင့် ဆောက်ဆဲ ၅၁ ရုံရှိရာ စုစုပေါင်း ၃၃၀ ရှိသည်။ စိုက်ပျိုးရေးနိုင်ငံ တစ်ခုဖြစ်သော မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး သုံးကိရိယာများ ထုတ်လုပ်သော စက်ရုံများ ရှိရန်လည်း အထူးလိုအပ်သည်။ ၁၉၆၇ ခုနှစ်က ဆောက်ပြီး ၂ ရုံနှင့် ဆောက်ဆဲ ၂ ရုံသာရှိသည်။ သယ်ယူပို့ဆောင်ရေးယာဉ်များ ထုတ်လုပ်သော စက်ရုံမှာ လည်ပတ်ထုတ်လုပ်ဆဲသော စက်ရုံ ၄ ရုံ၊ စာပေအနုပညာဆိုင်ရာတွင် ၇ ရုံ နှင့် ဓာတ်သတ္တုပစ္စည်း ထုတ်လုပ်သော စက်ရုံ ၁၁ ရုံရှိသည်။ ထိုလုပ်ငန်းသုံးရပ်အတွက် ထိုစဉ်က ဆောက်လုပ်ဆဲ စက်ရုံများ မရှိသေးချေ။[၂]

ပြည်သူပိုင် စက်ရုံ အလုပ်ရုံဟူ၍ ၁၉၆၂ ခုနှစ်က စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပို ရေးရှင်း (စတားလက) လက်အောက်တွင် ၁၆ ရုံသာရှိသည်။ မြန်မာနိုင်ငံ စီးပွား တိုးတက်မှု

၁။ ၁၉၆၆ - ၆၇ ခု ရသုံးမန်းခြေ၊ ပြည်သူ့သိုအစီရင်ခံစာ၊ စာ ၂၄
၂။ ၁၉၆၇ - ၆၈ ခု ရသုံးမှန်းခြေ၊ ပြည်သူ့သိုအစီရင်ခံစာ၊ စာ ၃၇

ကော်ပိုရေးရှင်း (ဘီအီးဒီစီ)က တာဝန်ယူ လုပ်ဆောင်နေသော စက်ရုံ အလုပ်ရုံ ၁၀ ရုံခန့်ကိုပါ ထည့်သွင်းလျှင်ပင် ဦးရေ ၃၀ မပြည့်သေးချေ။ နိုင်ငံတော်၏ စီးပွားရေး မူဝါဒအရ စက်ရုံ အလုပ်ရုံ ကြီးငယ်များကို တစ်ဆင့်တစ်ဆင့် ပြည်သူပိုင်သိမ်းခြင်း၊ အဓိကလိုအပ်သော စက်ရုံ အလုပ်ရုံများ အသစ်ဘည်ဆောက်ခြင်းတို့ဖြင့် ပြည်သူပိုင် စက်ရုံအလုပ်ရုံများ တစ်နှစ်ထက် တစ်နှစ် များလာသည်။ ၁၉၆၈-၆၉ ခုနှစ်အတွင်းတွင် ပြည်သူပိုင်သိမ်းယူခြင်းနှင့် ဆောက်လုပ်ဆဲ စက်ရုံများ ပြီးစီးလာခြင်းတို့ကြောင့် ကုန်ထုတ်လုပ် လည်ပတ်နေသော ပြည်သူပိုင် စက်ရုံ၊ အလုပ်ရုံပေါင်းသည် ၁၂၄၈ ထိတိုးတက်လာသည်။ ၎င်းတို့မှာ စားသောက်ရေးဆိုင်ရာ ၁၁၅၊ ဝတ်ဆင်ရေးဆိုင်ရာ ၇၅၊ နေထိုင်ရေးဆိုင်ရာ ၈၉၊ လူသုံးကုန်ဆိုင်ရာ ၂၃၊ အိမ်သုံးကုန်ဆိုင်ရာ ၁၄၊ ကုန်ကြမ်း ထုတ်လုပ်ရေးဆိုင်ရာ ၃၉၉၊ ဓာတ်သတ္တုထုတ်လုပ်ရေး ၃၂၊ စိုက်ပျိုးရေး ကိရိယာ ထုတ်လုပ်ရေး ၂၊ စက်မှုလက်မှုသုံး ကိရိယာ ထုတ်လုပ်ရေး ၄၊ သယ်ယူပို့ဆောင်ရေး ယာဉ် ထုတ်လုပ်ရေးဆိုင်ရာ ၅၊ အထွေထွေစက်မှုအလုပ်ရုံ ၃၊ လျှပ်စစ်ဓာတ်အားပေးရုံ ၃၀၇၊ အလုပ်ရုံနှင့်သင်္ဘောကျင်း ၁၆၃၊ စာပေ အနုပညာဆိုင်ရာ ၂၇ တို့ဖြစ်ကြသည်။ ထိုနှစ်အတွင်းက စားသောက်ရေးဆိုင်ရာ စက်ရုံ ၆ ရုံ၊ ဝတ်ဆင်ရေးဆိုင်ရာ ၆ ရုံ၊ နေထိုင်ရေးဆိုင်ရာ ၅ ရုံ၊ ကုန်ကြမ်း ထုတ်လုပ်ရေးဆိုင်ရာ ၈ ရုံ၊ စိုက်ပျိုးရေးကိရိယာလုပ်ငန်း ၃ ရုံ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၇ ရုံ၊ အလုပ်ရုံနှင့်သင်္ဘောကျင်း ၁၉ တို့ကို ဆောက်လုပ်ဆဲဖြစ်သည်။[၁]

ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်း အချို့ကို အစိုးရက ကြီးကြပ်ကွပ်ကဲလုပ်ကိုင်သဖြင့် ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းတွင် အစိုးရ ကြီးကြပ်စက်ရုံနှင့် ပုဂ္ဂလိက သီးသန့်ဟူ၍ နှစ်မျိုးရှိလာသည်။ ၁၉၆၇ ခုနှစ်အတွင်းက စားသောက်ကုန်ဆိုင်ရာ ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းပေါင်း ၁၄၁၁ ရှိရာတွင် ပုဂ္ဂလိကသီးသန့် ၁၄၆၇ ရှိ၍ အစိုးရ ကြီးကြပ် ၁၄ ခုရှိသည်။ အထည်အလိပ်လုပ်ငန်း ၇၁၅ ရှိသည့်အနက် ၂၆ ရုံသည် အစိုးရ ကြီးကြပ်မှုအောက်တွင်ရှိသည်။ ကြွေထည်မြေထည် လုပ်ငန်းတွင် အစိုးရ ကြီးကြပ် ၄ ရုံ၊ ပုဂ္ဂလိကသီးသန့် ၂၀၇၊ ပေါင်း ၂၁၁ ရုံရှိသည်။ ဓာတုဗေဒ လုပ်ငန်းဆိုင်ရာ ပုဂ္ဂလိက စက်ရုံ အလုပ်ရုံပေါင်း ၁၁၁၅ အနက်၊ ၂၉ ရုံကို အစိုးရက ကြီးကြပ်ကွပ်ကဲ လုပ်ဆောင်သည်။ သတ္တုတွင်းပစ္စည်းလုပ်ငန်း အရပ်ရပ် ၆၈၉ ရှိသည့်အနက် အစိုးရ ကြီးကြပ်လုပ်ငန်းမှာ ၅ ခုသာပါသည်။ အလားတူပင် စက်မှုလက်မှုသုံးပစ္စည်း လုပ်ငန်းဆိုင်ရာ တွင်လည်း ပုဂ္ဂလိကသီးသန့် ၁၈၇၅ ရှိ၍ အစိုးရ ကြီးကြပ်မှုအောက်တွင် ၆ ရုံသာရှိသည်။ အထွေထွေ စက်မှုလက်မှု လုပ်ငန်းပေါင်း ၂၁၆ ခုတွင်လည်း အစိုးရက စက်ရုံအလုပ်ရုံ ၄ ရုံကိုသာ တာဝန်ယူ ကြီးကြပ်သည်။ ထို့ကြောင့် ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများကို အစိုးရက

၁။ ၁၉၆၉-၇၀ ပြည့် ရသုံးမှန်းခြေ၊ ပြည်သူသို့ကဒီရင်ခံစာ၊ စာ ၅၆

ကြီးကြပ်ကွပ်ကဲသည် ဆိုသော်လည်း ၁၉၆၇ ခုနှစ်က ပဂ္ဂလိကလုပ်ငန်းစု အသီးသီးဘွင့် ကွပ်ကဲကြီးကြပ်ရေးဝင် စက်ရုံ ၈၈ ရုံသာ ရှိ၍ သီးသန့် ပဂ္ဂလိက ၈၈၃၁ ရှိနေဆဲသည်။[၁]

ပဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများသည် ၁၉၆၈-၆၉ ခုနှစ်သို့ရောက်သောအခါ လုပ်ငန်း အချို့တွင် ဦးရေတိုးလာ၍ အချို့လုပ်ငန်းများ ဦးရေ လျော့နည်းသွားသည်။ အိမ်ထောင်လက်မှုလုပ်ငန်းများကိုပါ ထည့်သွင်းရေတွက်လျက် ထိုနှစ်က ပဂ္ဂလိက သီးသန့်စက်မှုလက်မှုလုပ်ငန်းပေါင်း ၁၆၁၂၂ ရှိကြောင်း တွေ့ရသည်။ လုပ်ငန်းအမျိုးအစားအလိုက် စားသောက်ကုန် ၉၀၂၁၊ အထည်အလိပ်ဆိုင်ရာ ၇၂၀၊ သတ္တုပစ္စည်းလုပ်ငန်း ၃၄၃၊ စက်မှုပစ္စည်းလုပ်ငန်း ၁၈၈၊ ကြွေထည်မြေထည်လုပ်ငန်း ၁၇၄၊ ဓာတုဗေဒလုပ်ငန်း ၈၂၀၊ အထွေထွေ စက်မှုလက်မှုလုပ်ငန်း ၁၆၆၁၊ အိမ်တွင်းလက်မှုလုပ်ငန်း ၁၄၉၅ ရှိသည်။ ထိုနှစ်က အဝိုးရ ကြီးကြပ် ပဂ္ဂလိက လုပ်ငန်းမှာ စားသောက်ကုန် ၅၊ အထည်အလိပ် ၁၁၊ ကြွေထည်မြေထည် ၁၊ ဓာတုဗေဒ ၁၀ စုစုပေါင်းလုပ်ငန်း ၂၇ သာရှိသည်။[၂]

စက်မှုလက်မှုလုပ်ငန်းများ တိုးတက်ရေးသည် မြန်မာနိုင်ငံ နယ်မြေအနှံ့ တစ်ပြေးညီ မဟုတ်ဘဲ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းတို့တွင် ပိုမိုစည်ပင် ထူးကားသည်။ တွင်းထွက် သယံဇာတပစ္စည်း ကြွယ်ဝသော တနင်္သာရီတိုင်းနှင့် ရှမ်းပြည်တို့တွင် သတ္တု တူးဖော်ထုတ်လုပ်ရေး စက်ရုံအလုပ်ရုံများရှိသဖြင့် ကချင်၊ ကယား၊ ကော်သူးလေ ရခိုင်တို့ထက် စက်ရုံအလုပ်ရုံပိုရှိသည်။ ၁၉၆၅ ခုနှစ်က ပဂ္ဂလိကပိုင် စက်မှုလုပ်ငန်းများ ပျံ့နှံ့တည်ရှိပုံကို စိစစ်လျှင် စားသောက်ကုန်၊ အထည်အလိပ်၊ ကြွေထည်မြေထည်၊ ဓာတုပစ္စည်း၊ စက်မှုပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သတ္တုပစ္စည်း၊ မှုမ်းမံပြင်ဆင်ရေး၊ အထွေထွေ စသော ပဂ္ဂလိက စက်မှုလုပ်ငန်း ၉ မျိုးဆိုင်ရာ စက်ရုံအလုပ်ရုံများသည် ရန်ကုန်တိုင်းတွင် အများဆုံး တည်ရှိကြောင်း တွေ့ရသည်။ အရေအတွက်အားဖြင့် ၂၂၂၇ ရှိသည်။ ပဲခူးတိုင်းတွင် ၉၄၈၊ မန္တလေးတိုင်းတွင် ၈၁၁၊ ဧရာဝတီတိုင်းတွင် ၇၅၆ နှင့် စစ်ကိုင်းတိုင်းတွင် ၄၅၆ ရှိလေသည်။ ကျန်တိုင်းများတွင်မူ မကွေးတိုင်း၌ ၁၉၄၊ တနင်္သာရီတိုင်း၌ ၅၂၂၊ ရခိုင်၌ ၆၇၊ ကချင်ပြည်နယ်၌ ၆၉၊ ရှမ်းပြည်၌ ၁၃၀၊ ကယား၌ ၈၊ ကော်သူးလေ၌ ၅၂ အသီးသီး ပျံ့နှံ့တည်ရှိသည်။ နယ်ခြမ်းဒေသတိုင်း၌စားသောက်ကုန်ဆိုင်ရာ ပဂ္ဂလိကစက်မှုလုပ်ငန်းသည်အများဆုံးပြစ်၏။ သို့သော်ကယားပြည်နယ်၌ထိုနှစ်ကစားသောက်ကုန်လုပ်ငန်းမှအစမှမ်းမံပြင်ဆင်ရေး

၁။ ၁၉၆၇-၆၈ ခု ရသုံးမှန်းခြေ၊ ပြည်သူ့သို့ အစီရင်ခံစာ၊ စာ ၅၈-၅၉
၂။ ၁၉၆၉-၇၀ ပြည့် ရသုံးမှန်းခြေ၊ ပြည်သူ့သို့အစီရင်ခံစာ၊ စာ ၅၇

လုပ်ငန်းအထိ လုံးဝမရှိဘဲ အထွေထွေ စက်မှုလုပ်ငန်း ဂ ခုသာရှိသည်။ တစ်နိုင်ငံလုံးတွင် ထိုနှစ်က ပဂ္ဂလိကလုပ်ငန်းမျိုးစုံ စုစုပေါင်း ၆၃၁၀ ရှိသည်။ ၃၅၂၃ သည် စားသောက်ကုန် လုပ်ငန်းဖြစ်၍ ၇၀၆ သည် အထည်အလိပ်လုပ်ငန်းများဖြစ်သည်။

ပဂ္ဂလိက စက်မှုလုပ်ငန်းများသည် ၁၉၆၆-၆၇ ခုနှစ်သို့ရောက်သောအခါ လုပ်ငန်းပေါင်း ၁၆၅၉ အထိ တိုးတက်လာသည်။ ထိုလုပ်ငန်းများကို အလုပ်သမားဦးရေနှင့် ခွဲခြားလျှင် အလုပ်သမား ၁၀ ယောက်ရှိသော လုပ်ငန်းပေါင်း ၁၀၃၇၀ ရှိသည်။ အလုပ်သမား ၁၀ ယောက်မှ ၅၀ ထိပါဝင်သော လုပ်ငန်းပေါင်း ၅၅၄၄ ရှိ၍ အလုပ်သမား ၅၀ မှ ၁၀၀ ထိပါဝင်သော လုပ်ငန်း ၄၄၁ အလုပ်သမား ၁၀၀ အထက် ပါဝင်လုပ်ကိုင်သော လုပ်ငန်းပေါင်း ၂၅၆ ရှိသည်။[၂]

စက်မှုလက်မှုကဏ္ဍတွင် စက်မှု ကန့်ထုတ်လုပ်ငန်းသည် ပြည်သူပိုင် စက်ခွံအလုပ်ရုံများနှင့် ပဂ္ဂလိက စက်ရုံ အလုပ်ရုံများ စင်ပြိုင်ကဲ့သို့ ဖြစ်နေပေသည်။ အချို့လုပ်ငန်းစုများတွင် ပြည်သူပိုင် စက်ခွံအလုပ်ခွံများက ပိုမိုထုတ်လုပ် စွမ်းအားရှိ၍ အချို့လုပ်ငန်းများတွင်မူ ပဂ္ဂလိက လုပ်ငန်းများက ကုန်ပစ္စည်း ပိုမိုထုတ်လုပ်နိုင်ကြောင်း တွေ့ရသည်။ ၁၉၆၆-၆၇ ခုနှစ်က စားသောက်ကုန် လုပ်ငန်းစုများမှ ကျပ်သိန်းပေါင်း ၂၁၆၉၅ ဖိုးထုတ်လုပ်ရာတွင် ပြည်သူပိုင် လုပ်ငန်းများမှကျပ်သိန်းပေါင်း ၁၅၃၁၀ ဖိုးနှင့်ပဂ္ဂလိကမှကျပ်သိန်းပေါင်း ၆၃၈၅ ဖိုးပါဝင်သည်။ စက်ဆင်မှဆိုင်ရာတွင် ပြည်သူပိုင်မှ ကျပ်သိန်းပေါင်း ၄၉၀ ဖိုး၊ ပဂ္ဂလိကမှ ကျပ်သိန်းပေါင်း ၅၄၆၆ ဖိုး၊ စုစုပေါင်း ကျပ်သိန်းပေါင်း ၅၉၇၆ ဖိုးထုတ်လုပ်နိုင်သည်။ နေထိုင်ရေးဆိုင်ရာ လုပ်ငန်းစုများမှ ကျပ်သိန်းပေါင်း ၃၆၀၆ ဖိုး ထုတ်လုပ်ရာ၌ ပြည်သူပိုင် လုပ်ငန်းများမှ ကျပ်သိန်းပေါင်း ၂၂၈၅ ဖိုး၊ ပဂ္ဂလိပိုင်းမှ ကျပ်သိန်းပေါင်း ၁၃၂၁ ဖိုး ထုတ်လုပ်သည်။ လူသုံးပစ္စည်းများတွင်လည်း ပြည်သူပိုင်မှ ကျပ်သိန်းပေါင်း ၅၀၄ ဖိုးထုတ်၍ ပဂ္ဂလိကမှ ကျပ်သိန်းပေါင်း ၈၃၁ ဖိုးထုတ်ရာ စုစုပေါင်းကျပ်သိန်း ၁၄၅၅ ဖိုးရှိသည်။ အိမ်သုံးပစ္စည်းထုတ်လုပ်ရေးတွင် ထိုနှစ်က ပြည်သူပိုင်ကဏ္ဍမှ ကျပ် ၆ သိန်းဖိုးသာ ထုတ်နိုင်သည်။ ပဂ္ဂလိကပိုင်းမှ ကျပ် ၄၂ သိန်းဖိုး ထုတ်လုပ်သည်။ စက်မှုကုန်ကြမ်း ထုတ်လုပ်ရေးတွင်လည်း ပြည်သူပိုင် လုပ်ငန်းများမှ ကျပ်သိန်း ၁၃၄၂ ဖိုးထုတ်၍ ပဂ္ဂလိက လုပ်ငန်းများမှ ကျပ်သိန်းပေါင်း ၂၀၇ ဖိုးထုတ်ရာ စုစုပေါင်း ကျပ်သိန်းပေါင်း ၁၆၂၉ ဖိုးရှိသည်။ စိုက်ပျိုးရေး ကိရိယာပစ္စည်းများ ထုတ်လုပ်ရေး

၁။ ၁၉၆၇-၆၈ ခု ရသုံးမှန်းခြေ၊ ပြည်သူ့သို့အစီရင်ခံစာ၊ စာ ၅၉

၂။ ၁၉၆၉-၇၀ ပြည့် ရသုံးမှန်းခြေ၊ ပြည်သူ့သို့အစီရင်ခံစာ၊ စာ ၅၀

ကိုပြည်သူပိုင် စက်ရုံ၊အလုပ်ရုံများမှ ကျပ်သိန်းပေါင်း ၁၉၆ ဖိုးထုတ်သည်။ ထိုပစ္စည်းများကို ပုဂ္ဂလိကပိုင်းမှ ထုတ်လုပ်ခြင်းမရှိချေ။ ထို့အတူ စက်မှုလက်မှုသုံးကိရိယာပစ္စည်းများကို ပြည်သူပိုင်လုပ်ငန်းများမှ ကျပ်ငွေ ၄၈ သိန်းဖိုး၊ လျှပ်စစ်ပစ္စည်းများကို ကျပ်သိန်းပေါင်း ၄၁၇ ဖိုး ထုတ်လုပ်သည်။ အခြား အထွေထွေလုပ်ငန်းများဘင် ပြည်သူပိုင်ကဏ္ဍမှ ကျပ်သိန်းပေါင်း ၆၂ ဖိုး၊ ပုဂ္ဂလိကလုပ်ငန်းများမှ ကျပ်သိန်းပေါင်း ၁၀၅၇ ဖိုး ထုတ်လုပ်သည်။ ၁၉၆၆-၆၇ ခုနှစ် အတွင်းက စုစုပေါင်းအားဖြင့် စက်မှုကုန်ပစ္စည်း ထုတ်လုပ်မှုသည် ပြည်သူပိုင်မှ ကျပ်သိန်းပေါင်း ၂၄၀၃၀ ရှိ၍ ပုဂ္ဂလိကမှ ကျပ်သိန်းပေါင်း ၁၆၄၃၃ ဖိုးရှိလေသည်။[၁]

စက်မှုပစ္စည်းများ ထုတ်လုပ်မှုကိုကြည့်လျှင် လူသုံးကုန်ပစ္စည်းများကို အဓိကထား၍ ထုတ်လုပ်ကြောင်း သိသာသည်။ စက်နှင့် စက်အခန်းပစ္စည်းများအတွက် နိုင်ငံခြားကိုပင် မှီခိုအားထားနေသေးသည့် အခြေတွင်ရှိသည်။ စက်ရုံများသည်လည်း နိုင်လွန် အသည်းနှစ် စက်ကဲ့သို့ နိုင်ငံခြားကုန်ကြမ်းကို သုံးသည့်ပုံပြင်သည့် စက်ရုံများ၊ မော်တော်ကား လုပ်ငန်းကဲ့သို့ နိုင်ငံခြားမှ မှာယူတပ်ဆင်သည့် လုပ်ငန်းများသာ ဖြစ်နေပေသည်။ ထို့ကြောင့် ကုန်ကြမ်းနှင့်စက်ပစ္စည်းကိရိယာ တန်ဆာပလာများအတွက် နိုင်ငံခြားငွေများစွာ သုံးနေရသည်။ နိုင်ငံခြားကိုပင် မှီခိုအားထားနေရပေသည်။ နိုင်ငံခြားမှ မှာယူဘင်လွင်းရသော ကုန်ကြမ်းနှင့် စက်ပစ္စည်း အစိတ်အပိုင်းများသည် ၁၉၆၅-၆၆ ခုနှစ်က ပြည်သူပိုင် စက်ရုံအလုပ်ရုံများအတွက် ကျပ်သိန်းပေါင်း ၁၆၅၅ ဖိုး၊ ပုဂ္ဂလိကစက်ရုံ အလုပ်ရုံများအတွက် ကျပ်သိန်းပေါင်း ၂၄၈၁ ဖိုးရှိသည်။ ထို့အတူ ၁၉၆၆-၆၇ ခုနှစ်တွင် ပြည်သူပိုင်ကဏ္ဍအတွက် ကျပ်သိန်းပေါင်း ၁၉၇၇ ဖိုး၊ ပုဂ္ဂလိကလုပ်ငန်းများအတွက် ကျပ်သိန်းပေါင်း ၁၈၅၈ ဖိုး ဝယ်ယူခဲ့ရသည်။[၂]

ထိုသို့ကုန်ကြမ်းနှင့် စက်ပစ္စည်း အဝိတ်အပိုင်းများအတွက် နိုင်ငံခြားကို မှီခိုအားထားရသည့်အပြင် နိုင်ငံအတွင်း လည်ပတ်ထုတ်လုပ်နေသော စက်များသည် ခေတ်မမီတော့သဖြင့် ကုန်ပစ္စည်း ထုတ်လုပ်ရာ၌ စခိတ်စက ကြီးလေးလေသည်။ အချို့သော ကုန်ပစ္စည်းများအတွက် နိုင်ငံခြားမှ ကုန်ကြမ်း ဝယ်ယူတင်သွင်း၍ ပြည်တွင်း၌ ထုတ်လုပ်ခြင်းသည် အကျိုးရှိသော်လည်း အချို့ကုန်ပစ္စည်းများကို နိုင်ငံခြားမှ ကုန်ချော၀ယ်ယူသည်က ပိုမိုသက်သာ၍ တွက်ခြေကိုက်ကြောင်းတွေ့ရသည်။ အတိအကျဖော်ပြရသော် ၂၀ ဂိတ် အိမ်မိုးသွပ် ၆'×၃' တစ်ချပ်ကို ပြည်တွင်း၌ ထုတ်လုပ်ရာ ၇.၅၀ ကျပ်ကုန်သည်။ နိုင်ငံခြားမှ မှာယူလျှင် ၅.၉၀ ကျပ်သာ

၁။ ၁၉၆၇-၆၈ ခု ရသုံးပုန်းခြေ၊ ပြည်သူ့သို့အစီရင်ခံစာ၊ စာ ၆၁
၂။ ၁၉၆၇-၆၈ ခု ရသုံးပုန်းခြေ၊ ပြည်သူ့သို့အစီရင်ခံစာ၊ စာ ၆၂

ကုန်ကျသည်။ ထို့အတူ သံမဏိချောင်းအလုံး ၌'' မှ ခ'' တစ်တန် ထုတ်လုပ်ရန် ၉၅၀.၀၁ ကျပ် ကုန်ကျ၍ နိုင်ငံခြားမှ ဝယ်ယူလျှင် ကျပ် ၇၆၀.၉၀ သာကုန်သည်။ အထည်အလိပ် ပစ္စည်းများ တွင်လည်း မာလကျင် ၃၆'' တစ်ကိုက်ထုတ်ရန် ၁.၁၂ ကျပ်ကုန်၍ နိုင်ငံခြားမှ တင်သွင်းလျှင် ၁.၂၄ ကျပ်ကုန်ကျသည်။ ဇင် ၃၉'' တစ်ကိုက် ထုသ်လုပ်မှု ကုန်ကျစရိတ်သည် ကျပ် ၁.၃၁ ရှိ၏။ ကုန်ချောကို ဝယ်ယူလျှင် တစ်ကိုက်လျှင် ၁.၀၅ ကျပ်သာကုန်သည်။ ခြင်ထောင်ဇာ ၃၉'' တစ်ကိုက် ထုတ်လုပ်ခရိက်သည် ၁.၇၅ ကျပ်ခြင်း။ ၎င်းကို နိုင်ငံခြားမှ ၁.၂၃ ကျပ်နှင့် ဝယ်ယူနိုင်သည်။ ပေါ်ပလင် ၃၆'' တစ်ကိုက်သည်လည်း ပြည်တွင်း၌ ထုတ်လုပ်လျှင် ၁.၅၀ ကျပ် ကုန်သည်။ နိုင်ငံခြားမှဝယ်ယူလျှင် ၁.၄၀ ကျပ်သာ ကုန်ကျလေသည်။[1]

စက်မှုလက်မှုကဏ္ဍတွင် ကုန်ပစ္စည်းထုတ်လုပ်တိုင်း နိုင်ငံခြားငွေ ပို၍ပို၍လိုလာသည်။ ထိုနိုင်ငံခြားငွေကိုရရန် လယ်ယာသစ်တော၌ သတ္တုတွင်းထွက် ပစ္စည်းများကို အဓိကအားကိုး ရသည်။ ဤတွင်လည်း နိုင်ငံအတွင်း လူဦးရေ တိုးတက်လာသည်နှင့်အမျှ လယ်ယာ၊ သစ်တော နှင့် တွင်းထွက်ပစ္စည်းများကို ပြည်တွင်း စားသုံးမှုအတွက် ပိုမိုအသုံးပြုရပြန်သည်။ ထိုပစ္စည်း များကို နိုင်ငံခြားသို့ဆောင်းချ၍ စက်မှုလက်မှု လုပ်ငန်းများအတွက် လိုအပ်သည့် ကုန်ကြမ်းနှင့် စက်များ၊ စက်ပစ္စည်းများ ဝယ်ယူရမည်ဖြစ်သည်။ နိုင်ငံခြားသို့ ဆောင်းချသော ပြည်တွင်းထွက် ပစ္စည်းများမှာ တစ်နှစ်ထက်တစ်နှစ် ဈေးကျလာသည်။ နိုင်ငံတွင်းလိုအပ်၍ ဝယ်ယူရသော ကုန်ကြမ်းနှင့် စက်မျာ်းစက်ပစ္စည်းများမှာမူ ဈေးကျသည်မရှိဘဲ မှန်မှန် ဈေးတက်နေသည်ကို ရင်ဆိုင်ရလေသည်။

နိုင်ငံအတွင်း လူဦးရေသည် ၁၉၆၁ ခုနှစ်တွင် ကျား ၁၁၂ သိန်း၊ မ ၁၁၆ သိန်းရှိရာမှ ၁၉၇၀ ပြည့်နှစ်တွင် ကျား ၁၃၅ သိန်း၊ မ ၁၄၁ သိန်းအထိ တိုးလာသည်။ ၁၉၆၄-၆၅ ခုနှစ်ကို ၁၀၀ ဟုစံထားလျက် ၁၉၆၁-၆၂ မှ ၁၉၆၉-၇၀ အထိ လူဦးရေတိုးနှုန်းနှင့် ပြည်တွင်းအသားတင် ထုတ်လုပ်မှု တိုးတက်နှုန်းကို နှိုင်းချိန်လျှင် လူဦးရေတိုးနှုန်းသည် ၁၉၆၁-၆၂ တွင် ၉၄ ရှိ၍ ၁၉၆၉-၇၀ တွင် ၁၁၂ ဖြစ်လာသည်။ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှုန်းမှာ ၁၉၆၁-၆၂ အတွင်းက ၈၅ ရှိ၍ ၁၉၆၉-၇၀ တွင် ၁၀၉ ဖြစ်လာသည်။ ထို့ကြောင့် လူဦးရေနှင့် အသားတင် ထုတ်လုပ်မှုသည် ၁၉၆၁-၆၂ မှ တိုးတက်လာရာ ၁၉၆၄-၆၅ တွင် အထွတ်အထိပ်သို့ဆောက်၍ ထိုနှစ်နောက်ပိုင်းတွင် ကုန်ထုတ်မှု ကျဆင်းလာကြောင်း တွေ့ရသည်။ ၁၉၆၇-၆၈ တွင်မှ

၁။ ၁၉၆၇-၆၈ ခု ရသုံးပုန်းခြေ၊ ပြည်သူ့သို့အစီရင်ခံစာ၊ ၆၃
၂။ ၁၉၆၇-၆၈ ခု ရသုံးပုန်းခြေ၊ ပြည်သူ့သို့အစီရင်ခံစာ၊ ၆၃

တစ်ဖန် ပြန်လည်တိုးတက်လာပြန်သည်။ ၁၉၆၉-၇၀ တွင် လူဦးရေတိုးနှုန်းသည် ၁၉၆၄-၆၅ နှင့် စာလျှင် ၁၂ ရာနှုန်းတိုး၍ ပြည်တွင်း အသားတင် ထုတ်လုပ်မှုသည် ၉ ရာခိုင်နှုန်းသာ တိုးတက်လာသည်။ ၁၉၆၄-၆၅ စံချိန်ကိုမီရန် ကြိုးစားရဦးမည့်အခြေတွင် ရှိနေပေသည်။[၁]

စက်မှုလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးတွင် စက်မှုကုန်ကြမ်းအတွက် နိုင်ငံခြားကို အားကိုးမှီခိုရခြင်းမှ တဖြည်းဖြည်း ကင်းဝေးလာစေရန် ပြည်တွင်း၌ စက်မှုကုန်ကြမ်း ထုတ်လုပ်ရေးကို အလေးထား ဆောင်ရွက်ခဲ့သည်။ စက်မှုလက်မှု လုပ်ငန်းများအတွက် ကုန်ကြမ်း အထွက်နှုန်းသည် ၁၉၆၅ - ၆၆ ခုနှစ်က မီးခံရှုံ ၄.၃ တန်၊ ၁၉၆၆ - ၆၇ ခုနှစ်တွင် ၁၅.၀၀ တန်၊ ရွှံ့စေးဖြူ ၀.၅၆ တန်နှင့် ၁.၀၀တန်၊ ကံ့ကူဆံအညို-အချော ၀.၅၁တန်၊ ဂရက်ဖိုက် ၀.၀၄တန်နှင့်၊ ၀.၁၁ တန် အသီးသီးရှိသည်။ မဂ္ဂနီဒိုင်အောက်ဆိုက်ကိုလည်း ၁၉၆၅ - ၆၆ ခုနှစ်က ၀.၀၄ တန်ထုတ်၍ ၁၉၆၆ - ၆၇ ခုနှစ်တွင် ၀.၂၈ ထုတ်လုပ်နိုင်ခဲ့သည်။ ဘေရိုက်ကျောက် ထွက်နှုန်းမှာ ၁၉၆၅ - ၆၆ ခုနှစ်က ၉.၁၀ တန်နှင့် ၁၉၆၆ - ၆၇ ခုတွင် ၉.၆၀ တန်ရှိသည်။ ဖလိုရိုက်ထွက်နှုန်းမှာ ပြောင်းလဲမှု မရှိဘဲ ထိုနှစ်များအတွင်းက ၀.၁၁ တန်သာ ထုတ်နိုင်သည်။ ၁၉၆၆ - ၆၇ ခုနှစ်က ဘင်တိုနိုက် ၀.၂၅ တန်၊ ဂေါဒန်ကျောက် ၀.၈၅ တန်၊ မြေနီမြေဝါ ၀.၀၉ တန် အသီးသီး ထုတ်နိုင်သည်။ ဖယ်စပါမှာမူ ၁၉၆၅ - ၆၆ ခုနှစ်က ၀.၀၄ တန်သာထွက်သည်။ ထိုနှစ်နှစ်အတွင်း ထုံးကျောက် ၄၂၀.၀၀တန်နှင့် ၃၉၉.၀၀ တန်ထုတ်၍သဲ ၈၈ တန်နှင့် ၁၀၀ တန် အသီးသီး ထုတ်နိုင်ခဲ့သည်။[၂]

ထိုနှစ်များအတွင်းက စက်မှုကုန်ကြမ်း ထုတ်လုပ်မှု တိုးတက်စေရေးအတွက် နမ္မတူ သတ္တုတွင်း ခဲသန့်စင်စက်ကို တိုးချဲ့ခဲ့သည်။ သတ္တုအထွက် ၂၅ ရာနှုန်းမျှ တိုးမည်ဟု ခန့်မှန်းလေသည်။ သတ္တုသန့်စင်ရေး စက်ရုံသစ်တစ်ခု၊ သွပ်သတ္တုစင် ထုတ်လုပ်သည့် စက်ရုံတစ်ခုနှင့် ချော်ပူမှ သွပ်သတ္တု ထုတ်လုပ်ရန် စက်တစ်ခုတို့ကို ဆောက်လုပ်ရန် စိုင်းပြင်းခဲ့သည်။ ထို့ပြင် ပြည်သူပိုင်ဖြစ်သော မော်ချီ၊ ဟိန္ဒာ၊ ကျောက်မဲတောင်၊ ရာဝ၊ ရတနာပုံ သတ္တုတွင်းများတွင် သတ္တုထုတ်လုပ်ရန်လိုသော စက်များကို နိုင်ငံခြားမှ မှာယူတင်သွင်းသည်။ ကျောက်မီးသွေးပိုမိုထုတ်လုပ်နိုင်ရန် ကလေးဝကျောက်မီးသွေးတွင်းတွင် လိုအပ်သော စက်များတပ်ဆင်သည်။ ဟာမြင်းကြီး သတ္တုတွင်းမှ သတ္တုပိုမိုထုတ်လုပ်နိုင်စေရန် အစိုးရက ကြီးကြပ်လုပ်ကိုင်သည်။[၃]

၁။ ၁၉၆၉ - ၇၀ ပြည် ရသုံးမှန်းခြေ၊ ပြည်သူသို့အစီရင်ခံစာ၊ စာ ၂၄
၂။ ၁၉၆၇ - ၆၈ ခု ရသုံးမှန်းခြေ၊ ပြည်သူသို့အစီရင်ခံစာ၊ စာ ၅၆
၃။ ၁၉၆၇ - ၆၈ ခု ရသုံးမှန်းခြေ၊ ပြည်သူသို့အစီရင်ခံစာ၊ စာ ၅၇

စက်မှုကုန်ကြမ်း ထုတ်လုပ်ရေးကို ထိုသို့ အလေးပေး ဆောင်ရွက်သဖြင့် အထွက်နှုန်း တိုးတက်လာသည်။ ၁၉၆၇-၆၈ ခုနှစ်အတွင်း မီးခဲ၌ခေး ၇ တန်၊ ရွှံစေးဖြူ ၁.၂ တန်၊ မင်းဂနိုးဝိုင်အောက်ဆိုက် ၀.၃ တန်၊ ဂရက်ဖိုက် ၀.၁ တန် ၊ကဲ့ကူဆံ ၀.၂ တန်၊ ဖလိုရိုက် ၀.၂ တန်၊ မြေနီမြေဝါ ၀.၁ တန်၊ ဂေါဒန် ၂.၃ တန်၊ မီးခဲရွှံစေးမှုန့် ၀.၂ တန်၊ မြေဖယောင်း (ဘင်တိုနိုက်) ၀.၅ တန်၊ ကြေကျောက် (ဖယ်စပါ) ၀.၇ တန်၊ ဒိုလိုမိုက် ၀.၂ တန်၊ သံအောက်ဆိုက် ၀.၁ တန်၊ ထုံးကျောက် ၅၁၆ တန်၊ စကျင်ကျောက် ၀.၁ တန် အသီးသီး ထွက်ခဲ့သည်။[1]

အလားတူပင် စက်မှုကုန်ကြမ်း ထုတ်လုပ်ရေးသည် ၁၉၆၉-၇၀ ပြည့်နှစ်တွင် အချို့ကုန်ကြမ်းပစ္စည်းများ တိုးချဲ့ ထုတ်လုပ်နိုင်လျက် အချို့တွင် လျော့နည်းမှုရှိသည်။ ထိုနှစ်က မီးခဲရွှံစေး ၁၀၀၀ တန်၊ မီးခဲရွှံစေးမှုန့် ၁၇၀ တန်၊ မီးခဲမြေစေး ၁၁၁၅ တန်၊ ရွှံစေးဖြူ ၅၀၀တန်၊ မင်းဂနိုးဝိုင်အောက်ဆိုက် ၇၅ တန် ထုတ်လုပ်သည်။ ဂရက်ဖိုက်မှာ ၃၆ တန်သာ ထုတ်လုပ်နိုင်၍ ကဲ့ကူဆံအကြမ်းအချော ၂၇၀ တန် ထုတ်လုပ်နိုင်သည်။ ထိုနှစ်က ဖလိုရိုက် ၁၄၄ တန်အထိ ထွက်သည်။ မြေနီမြေဝါ ထုတ်လုပ်နိုင်မှု မရှိချေ။ ဂေါဒန်ကျောက်တန်ပေါင်း ၃၀၀၀ ထုတ်လုပ်၍ မြေဖယောင်း (ဘင်တိုနိုက်) တန် ၁၀၀၀၊ ကြေကျောက် (ဖယ်စပါ) ၆၆၀ တန်၊ ဒိုလိုမိုက် ၇၇၀ တန်ထုတ်လုပ်သည်။ ထိုနှစ်က သံအောက်ဆိုက်နှင့် စကျင်ကျောက် ထုတ်လုပ်နိုင်ခြင်းမရှိချေ။ သလင်းကျောက်မှာမူ ထိုနှစ်ကတန် ၁၀၀ ထွက်လေသည်။[2]

စက်မှုလက်မှု လုပ်ငန်းကြီးငယ်များ တိုးတက်လာပုံကို အလုပ်သမားဦးရေဖြင့်လည်း ဤသို့ခွဲခြား သိမြင်နိုင်သည်။ ၁၉၆၈-၆၉ ခုနှစ်က အလုပ်သမား ၁၀ ယောက်အောက် ရှိသော ပြည်သူပိုင်လုပ်ငန်း ၁၉၁၊ ပုဂ္ဂလိကလုပ်ငန်း ၁၀၇၇၊ စုစုပေါင်း ၁၀၉၇၆ ရှိ၏။ အလုပ်သမား ၁၀ ယောက်မှ ၅၀ အထိရှိသော ပြည်သူပိုင်လုပ်ငန်း ၂၃၂ ရှိ၍ အစိုးရကြီးကြပ်သော ပုဂ္ဂလိကလုပ်ငန်း ၂၀၊ ပုဂ္ဂလိကသီးသန့် ၅၀၇၆၊ ပေါင်း ၅၄၃၆ရှိသည်။ အလုပ်သမား ၅၀ မှ ၁၀၀ အထိရှိသော ပြည်သူပိုင် လုပ်ငန်းမှာ ၂၃၉၊ သမဝါယမပိုင် ၁၊ အစိုးရကြီးကြပ်ပုဂ္ဂလိက ၁၁ နှင့် ပုဂ္ဂလိက သီးသန့် ၁၆၂၊ ပေါင်း ၄၁၃ ရှိသည်။ အလုပ်သမား ၁၀၀ အထက် လုပ်ငန်းများတွင်မူ ပြည်သူပိုင် ၃၁၀၊ သမဝါယမပိုင် ၅၊ အစိုးရ ကြီးကြပ်ပုဂ္ဂလိက ၂ ပုဂ္ဂလိက သီးသန့် ၂၃၊ ပေါင်း ၃၄၀ ပါဝင်သည်။[3] ပုဂ္ဂလိကလုပ်ငန်းတွင် အလုပ်သမား

၁။ ၁၉၆၉-၇၀ မြည့် ရသုံးပုန်းခြေ၊ ပြည်သူသို့အစီရင်ခံစာ၊ စာ ၅၄
၂။ ၁၉၇၀-၇၁ ခု ရ သုံးပုန်းခြေ၊ ပြည်သူသို့အစီရင်ခံစာ၊ စာ ၆၆
၃။ ၁၉၇၀-၇၁ ခု ရ သုံးပုန်းခြေ၊ ပြည်သူသို့အစီရင်ခံစာ၊ စာ ၅၁

ဦးရေ ၅၀ အထက်ရှိသော လုပ်ငန်းနည်းကြောင်း တွေ့မြင်ရသည်။ လုပ်ငန်း အသီးသီးစုစုပေါင်း မှာ ၁၇၁၅၅ ရှိသည်။ ၎င်းတို့အထဲတွင် အထွေထွေ အလုပ်ရုံနှင့် သဘော်ကျင်းများ မပါသေး ချေ။

စက်မှုလက်မှုကဏ္ဍ တစ်ခုလုံးတွင် အလုပ်သမားဦးရေသည် ၁၉၆၇-၆၈ ခုနှစ်အတွင်း က ၇၆၈၀၀၀ ရှိသည်။ ၎င်းတို့အနက် ဘွဲ့ရပညာရှင် ၁၅၆၉၊ လက်မှတ်ရ ပညာသည် ၆၀၅၂ ကျွမ်းကျင်သူ ၁၆၄၉ နှင့် အနည်းငယ် ကျွမ်းကျင်သူ ၁၁၀၉၁၊ သာမန် အလုပ်သမား ၁၉၂၂၊ အချိန်ပိုင်း အလုပ်သမား ၇၉၂၃၊ စုစုပေါင်း ၆၂၄၀၀ တို့သည် ပြည်သူပိုင် စက်ရုံ အလုပ်ရုံတို့တွင် တာဝန်ထမ်းဆောင်ကြသည်။ ပဂ္ဂလိကပိုင်အခန်းတွင် ၇၀၅၆၀၀ ရှိရာ ပြည်သူပိုင်လုပ်ငန်း များမှာထက် အလုပ်သမား ဦးရေများလေသည်။[၁]

စက်မှုလက်မှု လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာသည်နှင့်အမျှ စက်မှု ပုံပိုးကဏ္ဍတစ်ခု ဖြစ်သော လျှပ်စစ် ဓာတ်အားထုတ်လုပ်ရေးကိုလည်း အရှိန်အဟုန် တိုးမြှင့်ခဲ့သည်။ ၁၉၆၉-၇၀ ပြည့်နှစ်အတွင်းက လျှပ်စစ်ဓာတ်အား ကီလိုဝပ် ထောင်ပေါင်း ၂၅၃.၄၃ ထုတ်လုပ်နိုင်ခဲ့ရာတွင် ရေအားဖြင့် ထုတ်လုပ်မှု ကီလိုဝပ် ထောင်ပေါင်း ၈၄.၄၅၊ ရေနွေးငွေ့အားသုံး စက်များဖြင့် ၅၇.၇၅၊ ဒီဇယ်သုံးစက်များဖြင့် ၅၄.၃၈၊ ပေါင်း ကီလိုဝပ် ထောင်ပေါင်း ၁၉၆.၅၈ ပါဝင်သည်။ ၎င်းအင်အားကို လျှပ်စစ်ဓာတ်အားပေးရေး ဘုတ်အဖွဲ့က ထုတ်လုပ်ပေးသည်။ အစိုးရလက် အောက်ခံ အဖွဲ့အစည်းများက ရေအားသုံး စက်များဖြင့် ကီလိုဝပ် ထောင်ပေါင်း ၁၂.၁၀၊ ရေနွေးငွေ့အားဖြင့် ၂၁.၁၀၊ ဒီဇယ်အားဖြင့် ၂၃.၆၅၊ ပေါင်း ကီလိုဝပ် ထောင်ပေါင်း ၅၆.၇၅ ထုတ်လုပ်သည်။ တစ်နိုင်ငံလုံး ထုတ်လုပ်မှုသည် ကီလိုဝပ် ထောင်ပေါင်း ၂၅၃.၄၃ ရှိသည်။ ၁၉၆၈-၆၉ ခုနှစ်က ကီလိုဗပ် ထောင်ပေါင်း ၂၅၂.၉၀ သာထုတ်လုပ်ပေး ိုင်ခဲ့သဖြင့် ထုတ်လုပ် နိုင်အား တိုးတက်လာသည်ဟု ဆိုရပေမည်။

စက်မှုကုန်ထုတ် လုပ်ငန်းများလည်း ၁၉၆၇-၆၈ ခုနှောက်ပိုင်းတွင် စွမ်းအားပိုမိုလာသည်။ ၁၉၆၇-၆၈ ခုနှစ်တွင်ကျပ် ၄၇၅ ကုဋေဖိုးထုတ်လုပ်၍ ၁၉၆၈-၆၉ ခုနှစ်တွင် ၅၁ ကုဋေဖိုး၊ ၁၉၆၉-၇၀ ပြည့်နှစ်တွင် ၅၃၂ ကုဋေကျော်ဖိုး ထုတ်နိုင်သည်။ လုပ်ငန်း အမျိုးအစားအလိုက် ဖော်ပြရလျှင် ၁၉၆၉-၇၀ ပြည့်နှစ်အတွင်းက စားသောက်ကုန်ဆိုင်ရာ ကျပ် ၃၂၉၂၇ သိန်းဖိုး၊ ဝတ်ဆင်ရေး

၁။ ၁၉၆၉-၇၀ ခု ပြည့် ရသုံးပုန်းခြေ၊ ပြည်သူ့သိုက်စီရင်စံစာ စာ ၆၇
၂။ ၁၉၇၀-၇၁ ခု ပြည့် ရသုံးပုန်းခြေ၊ ပြည်သူ့သိုက်စီရင်စံစာ၊ စာ ၇၅

ဆိုင်ရာ ၆၆၂၃ သိန်းဖိုး၊ နေထိုင်ရေးဆိုင်ရာ ၃၆၉၁ သိန်းဖိုး၊ လူသုံးကုန်ဆိုင်ရာ ၁၄၄၈ သိန်းဖိုး၊ အိမ်သုံးကုန်ဆိုင်ရာ ၂၆၀ သိန်းဖိုး၊ စာပေအနုပညာ လုပ်ငန်းဆိုင်ရာ သိန်း ၆၉၀ ဖိုး ထုတ်လုပ်သည်။ ထို့အတူ စက်မှု ကုန်ကြမ်း ကျပ်သိန်း ၁၅၅၀ ဖိုး၊ ဓာတ်သတ္တုကျပ် သိန်းပေါင်း ၃၃၁၂ ဖိုး၊ စိုက်ပျိုးရေး ကိရိယာကျပ် သိန်း ၂၇၀ ဖိုး၊ စက်မှုလက်မှုသုံး ကိရိယာ ကျပ် ၆၃ သိန်းဖိုး၊ သယ်ယူပို့ဆောင်ရေးယာဉ် ကျပ်သိန်းပေါင်း ၁၀၇၅ ဖိုး၊ လျှပ်စစ်ပစ္စည်းကျပ် ၃၅၅ သိန်းဖိုး၊ စက်မှု အလုပ်ရုံ ကျပ်သိန်းပေါင်း ၉၅၀ ဖိုး၊ စုစုပေါင်း ကျပ်သိန်းပေါင်း ၅၃၂၂၂ ဖိုး ထုတ်လုပ်နိုင်ခဲ့သည်။[၁]

ထိုသို့ စက်မှုကုန်ထုတ်လုပ်ငန်း တိုးတက်လာသည်မှာ လည်ပတ်နေသော စက်ရုံ အလုပ်ရုံများအပြင် တိုးချဲ့တည်ဆောက်သော စက်ခွံများပြီးစီး၍ စတင်လည်ပတ် ထုတ်လုပ်နိုင်သော ကြောင့်ဖြစ်သည်။ စက်ရုံသစ်များ တည်ဆောက်ရာတွင် ဖွံ့ဖြိုးမှု အားနည်းနေသေးသောဒေသများကို ဦးစားပေးသည်။ တို့ပြင် ကုန်ကျစရိတ်နှင့် ရရှိမည့် အကျိုးကျေးဇူးမျှတရန်၊ အကောင်းဆုံး အချိုးအစား ဖြစ်စေရန်လည်း စီစဉ် လုပ်ဆောင်သည်။

ပြည်သူပိုင် စက်ရုံ၊ အလုပ်ရုံများ ဦးရေသည် ၁၉၆၉-၇၀ ပြည့်နှစ်တွင် စုစုပေါင်း ၁၃၂၅ ရုံ ရှိသည်။ ၎င်းတို့အနက် စက်ရုံ ၃၀ မှာ တည်ဆောက်ဆဲ ဖြစ်သည်။ တည်ဆောက်ဆဲ စက်ရုံများမှာ စားသောက်ကုန်ဆိုင်ရာ ၆၊ ဝတ်ဆင်မှုဆိုင်ရာ ၇၊ နေထိုင်မှုဆိုင်ရာ ၉၊ အိမ်သုံးပစ္စည်းဆိုင်ရာ ၁၊ ကုန်ကြမ်း ထုတ်လုပ်ရေး ၂၊ စိုက်ပျိုးရေး ကိရိယာဆိုင်ရာ ၂၊ အလုပ်ရုံနှင့် သက်ဆိုင်ရာ ၃၊ စုစုပေါင်း စက်ရုံ ၃၀ ဖြစ်သည်။ ထိုနှစ်အတွင်းက လည်ပတ် ထုတ်လုပ်နေသော ပြည်သူပိုင်စက်ရုံ ဦးရေမှာ စားသောက်ကုန်ဆိုင်ရာ ၁၁၀၊ ဝတ်ဆင်ရေး ၇၅၊ နေထိုင်မှုဆိုင်ရာ ၉၆၊ လူသုံးကုန်ဆိုင်ရာ ၂၃၊ အိမ်သုံးကုန်ဆိုင်ရာ ၁၃၊ စာပေ အနုပညာဆိုင်ရာ ၂၇၊ ကုန်ကြမ်းထုတ်လုပ်ရေး ၃၀၇၊ ဓာတ်သတ္တု ထုတ်လုပ်ရေး ၃၂၊ စိုက်ပျိုးရေး ကိရိယာ လုပ်ငန်း ၃၊ စက်မှုလက်မှုသုံး ကိရိယာဆိုင်ရာ ၄၊ သယ်ယူပို့ဆောင်ရေးယာဉ် ထုတ်လုပ်ရေး ၅၊ အခြား စက်မှုအလုပ်ရုံ ၂၊ လျှပ်စစ် ဓာတ်အားပေးစက်ရုံ ၃၁၁၊ အလုပ်ရုံနှင့် သက်ဆိုင်ကျင်း ၂၆၇၊ စုစုပေါင်း ၁၂၉၅ ရှိသည်။[၂]

၁။ ၁၉၇၀-၇၁ ခု ရသုံးမှန်းခြေ၊ ပြည်သူ့သို့အစီရင်ခံစာ၊ စာ ၇၂
၂။ ၁၉၇၀-၇၁ ခု ရသုံးမှန်းခြေ၊ ပြည်သူ့သို့အစီရင်ခံစာ၊ စာ ၆၉

ပဂ္ဂလိက စက်ရုံ၊ အလုပ်ရုံများတွင် အစိုးရ ကြီးကြပ်သော စားသောက်မှုဆိုင်ရာ ဂ၊ အထည်အလိပ်ဆိုင်ရာ ၁၄၊ ကြေထည်မြေထည် ၁၊ ဓာတုဗေဒ လုပ်ငန်း ၉၊ အထွေထွေစက်မှု ၁၂၊ ပေါင်း ၄၄ ရှိသည်။ ပဂ္ဂလိက သီးသန့် စက်ရုံ အလုပ်ရုံပေါင်း ၁၆၃၃၇ ရှိသည်။ ၎င်းတို့တွင် စားသောက်ကုန်ဆိုင်ရာ ဂဂ၃၉၊ အထည်အလိပ်ဆိုင်ရာ ၆၆၄၊ သတ္တုပစ္စည်းဆိုင်ရာ ၃၁၄၊ စက်မှုပစ္စည်းဆိုင်ရာ ၂၀၃၀၊ ကြေထည် မြေထည် လုပ်ငန်း ၁၇၄၊ ဓာတုဗေဒ လုပ်ငန်း ၄၁၀၊ အထွေထွေ စက်မှုလက်မှုလုပ်ငန်း ၁၆၂၈၊ အိမ်တွင်း လက်မှုလုပ်ငန်း ၂၂၇၅ ရှိသည်။ စုစုပေါင်း ပဂ္ဂလိက စက်ရုံ၊ အလုပ်ရုံများမှာ ၁၉၆၉-၇၀ ပြည့်နှစ်က ၁၆၃၀၁ ရှိသည်ဟု ခန့်မှန်းသည်။[၁]

နိုင်ငံတော် စက်မှုကဏ္ဍသည် နိုင်ငံသူနိုင်ငံသားတို့၏ စားဝတ်နေရေး အဆင့်အတန်းမြင့်မားစေရန်၊ လွယ်ကူသက်သာစေရန် ရည်မှန်းသည်။ ထို့ကြောင့် ပြည်သူပိုင် စက်မှုလက်မှုလုပ်ငန်းများကိုတိုးချဲ့ တည်ဆောက်ရာ၌ လုပ်သားပြည်သူများအတွက် အရေးတကြီးလိုအပ်သောစားသောက်ရေး၊ ဝတ်ဆင်ရေး၊ နေထိုင်ရေး စသည့် စက်မှုလုပ်ငန်းများကို ဦးစားပေးသည်။ ကုန်ပစ္စည်း ထုတ်လုပ်ရာ၌လည်း စားဝတ်နေရေးအတွက် အဓိကကျသော ကုန်ပစ္စည်းများကို ဦးစားပေး ထုတ်လုပ်သည်။ လုပ်သား ပြည်သူတို့အတွက် အရေးတကြီး လိုအပ်သော စားဝတ်နေရေး ကုန်ပစ္စည်း အချို့ထုတ်လုပ်မှုသည် တော်လှန်ရေး ကောင်စီ အစိုးရတက်လာသော ၁၉၆၂ ခုနှစ်မှ ၁၉၆၉-၇၀ ပြည့်အထိကာလအတွက် အောက်ပါအတိုင်းရှိသည်။[၂]

၁။ ၁၉၇၀-၇၁ ခု ရသုံးမှန်းခြေ၊ ပြည်သူ့သို့အစီရင်ခံစာ၊ စာ ၇၀
၂။ ၁၉၇၀-၇၁ ခု ရသုံးမှန်းခြေ၊ ပြည်သူ့သို့အစီရင်ခံစာ၊ စာ ၇၃

ဝန်ကြီးဌာန	ဘဏ္ဍာရေးနှစ်	ပြဋ္ဌာန်းခဲ့သော ဘဏ္ဍာရေးနှစ်	ပြဋ္ဌာန်းခဲ့သော ပြည်နယ်/တိုင်းဒေသကြီး ဘဏ္ဍာရေးနှစ်	ပြဋ္ဌာန်းခဲ့သော ပြည်နယ်/တိုင်းဒေသကြီး ဘဏ္ဍာရေးနှစ်	ပြဋ္ဌာန်းခဲ့သော ပြည်နယ်/တိုင်းဒေသကြီး ဘဏ္ဍာရေးနှစ်
ဝန်ကြီးဌာန	၂၀၁၆-၂၀၁၇	၂၀၁၆-၂၀၁၇	၂၀၁၆-၂၀၁၇	၂၀၁၆-၂၀၁၇	၂၀၁၆-၂၀၁၇
ဝန်ကြီးဌာန	၁၄၈၈	၁၄၈၈	၁၄၈၈	၁၄၈၈	၁၄၈၈

နိုင်ငံတော် အစိုးရသည် ပြည်တွင်း စားဝတ်နေရေး ဖူလုံမှု၊ နိုင်ငံခြား ငွေယိုစပါက်နည်းမှ ကိုရှောင်ရှဉ်၍ စက်မှုလက်မှုကဏ္ဍကို ဆိုရှယ်လစ် စီးပွားရေး မူဝါဒများအရ ချုပ်ကိုင်လျက် အဘက်ဘက်မှ တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်သည်။ ၁၉၆၂ မှ ၁၉၇၂ ခု တော်လှန်ရေးကောင်စီ အစိုးရ ကာလအတွင်း အဓိက လိုအပ်သော စက်မှုလက်မှု လုပ်ငန်းများကို ပြည်သူပိုင်အခန်း၊ အစိုးရကြီးကြပ် ပုဂ္ဂလိက အခန်းနှင့် ပုဂ္ဂလိက သီးသန့် အခန်းတို့ဖြင့် လုပ်ဆောင်သည်။ ၁၉၆၈-၆၉ ခုနှစ်တွင်မူ သမဝါယမပိုင် စက်မှုလက်မှု လုပ်ငန်းများလည်း တစ်ခန်းတစ်ကဏ္ဍအဖြစ် ပါဝင်လာသည်။ စားဝတ်နေရေးဆိုင်ရာ သုံးကုန်ပစ္စည်းများ၊ စက်မှုသုံး ပစ္စည်းများ၊ စက်မှုကုန်ကြမ်းများ ထုတ်လုပ်ရေးကို ဦးစားပေး ဆောင်ရွက်လျက် နိုင်ငံခြား ကိုမှီခိုအားထား နေရခြင်းမှ တဖြည်းဖြည်း ကင်းဝေးအောင် ဆောင်ရွက်သည်။ သို့သော် စက်များ၊ စက်ပစ္စည်းများနှင့် စက်မှုကုန်ကြမ်းများကို နိုင်ငံတွင်းတွင် ပြည်စုံလုံလောက်အောင် ထုတ်လုပ်နိုင်မှု မရှိသေးချေ။ ထိုကြောင့် ၁၉၆၉-၇၀ ပြည့်နှစ်က စားသုံးကုန်ဆိုင်ရာ ပစ္စည်း ကျပ် ၁၂.၃၆ သိန်းဖိုး၊ လုပ်ငန်းသုံး ကုန်ပစ္စည်းများ ကျပ် ၂၀.၇၆ သိန်းဖိုး၊ ရင်းနှီးကုန်ပစ္စည်း များကျပ် ၂.၉၆ သိန်းဖိုး၊ စုစုပေါင်း ကျပ် ၃၆.၁၀ သိန်းဖိုး ပြည်ပမှ ဝယ်ယူခဲ့ရသေးသည်။[၁]

စက်မှုလက်မှုလုပ်ငန်းများ တည်ထောင် ထုတ်လုပ်ရာ၌ ပြည်တွင်းပြည်ပ အခြေအနေ အရပ်ရပ်ကို ရင်ဆိုင်ရပေသည်။ ဆိုရှယ်လစ် စီးပွားရေး စနစ်ကို မလိုလားသော ပုဂ္ဂလိက အရင်းရှင်ကြီးငယ်များ၏ ထိုးနှက်ချက်ကလည်း မသေးလှချေ။ စက်မှုကုန်ထုတ်လုပ်မှုတိုးတက် နှုန်းသည် လူဦးရေ တိုးတက်နှုန်းအောက်လျော့နည်းသည်။ အတတ်ပညာရှင်ပိုင်းတွင်လည်း ပြည်ပ နိုင်ငံများတွင် အထူးလျင်မြန်စွာ တိုးတက်နေမှုကို လိုက်မမီနိုင်သကဲ့သို့ မြန်မာနိုင်ငံ ကဝယ်ယူရသော စက်မှုကုန်ပစ္စည်းများ၏ ဈေးနှုန်း မတည်ငြိမ်ဘဲ ဈေးတက်လျက် ရှိနေခြင်း။ မြန်မာနိုင်ငံမှ ပြည်ပသို့ ထုတ်ရောင်းသော ကုန်ပစ္စည်းများ ဈေးကျခြင်းတို့နှင့်လည်း ရင်ဆိုင် ရသည်။ ထိုအခက်အခဲများကြားမှပင် နိုင်ငံတော်၏ စက်မှုကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးကိုအားသွန် ခွန်စိုက် လုပ်ဆောင် ကြပေသည်။

၁။ ၁၉၇၀-၇၁ ခု ရသုံးမှန်းခြေ၊ ပြည်သူ့သို့အစီရင်ခံစာ၊ စာ ၉၂-၉၃



ပုံ (၁) ဘီလပ်မြေစက်ရုံ (သရက်)



ပုံ (၂) ကုန်ထုတ်စက္ကူစက် (ကံတဲ့) ၏
ကုန်ထုတ်လုပ်မှု ဆောင်ရွက်နေပုံ



ပုံ (၁) ဘိလပ်ရည်နှင့် ရေခဲစက် (ဒဂုံ)



ပုံ (၂) ဘိလပ်ရည်နှင့် ရေခဲစက် (ဒဂုံ) ၏
ကုန်ထုတ်လုပ်မှု ဆောင်ရွက်နေပုံ

အခန်း ၃

စက်ရုံစီမံကိန်းသစ်များ အကောင်အထည်ဖော်ခြင်း

မြည်သူပိုင်စက်မှု လုပ်ငန်းသစ်များ

ဆိုရှယ်လစ် စီးပွားရေးစနစ်တည်ဆောက်ရာတွင် စက်မှုလက်မှု ထူထောင်ရေးသည် အခြေခံကျသော အခန်းကဏ္ဍတစ်ခုဖြစ်သည့်အားလျော်စွာ တော်လှန်ရေးအပိုးရသည် စက်မှုလက်မှုကဏ္ဍတွင် တစ်နှစ်ထက်တစ်နှစ် ပိုမို ရင်းနှီးမြှုပ်နှံ ခဲ့ရသည်။ ဓနရှင် ပါလီမန်ခေတ်ဖြစ်သော ၁၉၅၆-၅၇ ခုနှစ်မှ ၁၉၆၁-၆၂ ခုနှစ်အထိ စက်မှုကဏ္ဍ၌ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ ကျပ် တစ်ဆယ့်တစ်ကုဋေမျှ ဖြစ်သော်လည်း ဆိုရှယ်လစ် ခေတ်ပြောင်း တော်လှန်ရေးကာလ တွင် ၁၉၆၂-၆၃ ခုနှစ်မှ ၁၉၆၇-၆၈ ခုနှစ်အထိတွင် စက်မှုကဏ္ဍအတွက် ရင်းနှီး မြှုပ်နှံငွေမှာ စုစုပေါင်းကျပ် ငါးဆယ့်ရှစ်ကုဋေထိ တိုးမြင့် လာသည်။ ထို့ကြောင့် တော်လှန်ရေးကောင်စီ ကာလအတွင် ယခင်ကထက် စက်မှုကဏ္ဍပိုင်းတွင် ငါးဆမျှ တိုးတက်ရင်းနှီး မြှုပ်နှံနိုင်ခဲ့ကြောင်း သိသာသည်။[1]

ထိုသို့ ရင်းနှီးမြှုပ်နှံငွေပိုမိုလာခြင်းသည် စက်မှု စီမံကိန်းသစ်များကြောင့်ဖြစ်၏။ စက်မှုလက်မှု လုပ်ငန်း စီမံကိန်းသစ်များ ထူထောင်ရာတွင် တော်လှန်ရေး အပိုးရ၏ ထားရှိသော ဦးစားပေး မူဝါဒမှာ အောက်ပါ အစီအစဉ်အတိုင်း ဖြစ်သည်။

၁။ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူ ဖြစ်စေသည့် စက်မှုလက်မှုလုပ်ငန်းများ

၁။ ဒေါက်တာကျော်ဆင်မုတ်စု၊ စာ ၂၄

၂။ လယ်ယာ စိုက်ပျိုးရေးမှ ထွက်သော ကုန်ကြမ်းများကို ကုန်ချောဖြစ်အောင် ထုတ်လုပ်သည့် စက်မှုလက်မှု လုပ်ငန်းများ

၃။ မြေပေါ် မြေအောက်ရှိ သယံဇာတ ပစ္စည်းများကို ကုန်ကြမ်းအဖြစ်မှ ကုန်ချော ပစ္စည်းထုတ်နိုင်သည့် စက်မှုလက်မှု လုပ်ငန်းများ

၄။ လုပ်သား ပြည်သူတို့အတွက် လူသုံးကုန် ပစ္စည်းများ ထုတ်လုပ်သည့် စက်မှုလက်မှု လုပ်ငန်းများ

၅။ လုပ်သားပြည်သူ တစ်ရပ်လုံး၏ စားဝတ်နေရေးအတွက် ပြည်ပမှ မှာယူတင်သွင်း နေရသော ပစ္စည်းများကို အစားထိုး ထုတ်လုပ်မည့် စက်မှုလက်မှု လုပ်ငန်းများ

၆။ ပြည်တွင်းစားသုံးမှုမပိုလို့သော ပြည်တွင်းထွက်သယံဇာတပစ္စည်းများကိုပြည်ပ သို့ တင်ပို့ရောင်းချနိုင်ရန် ကုန်ချောထုတ်လုပ်သော စက်မှုလက်မှုလုပ်ငန်းများ

၇။ ပြည်တွင်းရှိ ကုန်ထုတ်လုပ်သည့် စက်များအတွက် လိုအပ်သော စက်ကိရိယာ တန်ဆာပလာများကို ထုတ်လုပ်သည့် စက်မှုလက်မှု လုပ်ငန်းများ

၈။ ကုန်ထုတ်လုပ်ရေးနှင့် လူနေမှု အဆင့်အတန်းများ အစဉ်တိုးတက် မြင့်မား စေရေးအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေး လုပ်ငန်းများ

ဤသို့ တော်လှန်ရေးအစိုးရ၏ ချမှတ်ထားသော မူဝါဒများနှင့်အညီ စက်မှုလက်မှုလုပ်ငန်း သစ်များ အကောင်အထည် ဖော်ရန် စီမံကိန်း ရေးဆွဲခြင်း အစီအစဉ်များ ပြုလုပ်ခြင်း၊ စက် ပစ္စည်းများမှာယူခြင်း၊ စက်ရုံသစ် တည်ဆောက်ခြင်းတို့ကို စက်မှုလက်မှု တိုးခဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းက စီမံ ဆောင်ရွက်သည်။ ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံပိုင်ငွေဖြင့် လည်း ကောင်း၊ ပြည်ပ အကူအညီယူ၍လည်းကောင်း စီမံကိန်းသစ်များကို အကောင်အထည်ဖော် တည်ဆောက်သည်။

စက်မှုလက်မှု တိုးခဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် ၁၉၆၃ ခုနှစ်မှ အစပြု၍ အခြို့ စက်ရုံစီမံကိန်းသစ်များကို အစိုးရ၏ ကိုယ်ပိုင်ငွေဖြင့် တည်ဆောက် အကောင်အထည်ဖော် ခဲ့သည်။ ထိုသို့ အကောင်အထည် ဖော်နိုင်ခဲ့သော စက်ရုံများမှာ မြောက်ဥက္ကလာပတွင် ၁၉၆၄ ခုနှစ်အတွင်း စတင် တည်ဆောက်ခဲ့သော ပြည်သူ့ပလတ်စတစ်ပစ္စည်းစက်ရုံ၊ ၁၉၆၄-၆၅ ခုနှစ်အတွင်း ကမာရွတ်တွင် စတင် တည်ဆောက်ခဲ့သော ဆီခဲစက်ရုံ၊ ပခုက္ကူတွင် ၁၉၆၆-၆၇ ခုနှစ်အတွင်း စတင် တည်ဆောက်ခဲ့သော ပြည်သူ့ စီးကရက်စက်ရုံ၊ သဃ်းကျန်းတွင် ၁၉၆၆-၆၇ ခုနှစ်အတွင်း စတင်တည်ဆောက်ခဲ့သော ဝါလေချည်မျှင်ဆွဲစက်ရုံ၊ ၁၉၆၆-၆၇ ခုနှစ်

အတွင်း စတင်တည်ဆောက်ခဲ့သော အုတ်စက် (ဒညင်းကုန်း) အမှတ် ၃ တိုးချဲ့စက်ရုံ၊ ၁၉၆၆-၆၇ ခုနှစ်အတွင်း စတင် တည်ဆောက်ခဲ့သော မော်လမြိုင် တိုးချဲ့ပန်းကန်စက်နှင့် ၁၉၆၆-၆၇ ခုနှစ်အတွင်း စတင် တည်ဆောက်ခဲ့သော သုဝဏ္ဏရှိ အလှကုန် ပစ္စည်းထုတ်လုပ်ရေးစက်ရုံ စသည်တို့ ဖြစ်သည်။

အလားတူပင် ပြည်ပ ချေးငွေဖြင့် စက်ရုံစီမံကိန်း သစ်များကို တည်ဆောက်ရန် စီစဉ်ခဲ့ရာတွင် တရုတ်ချေးငွေဖြင့် အကောင်အထည် ဖော်ရန် စီမံကိန်းသစ် ၆ ခုလျှာထားခဲ့သည်။ ၎င်းတို့မှာ ရစ်တိုင် ၄၀၀၀၀ နှင့် ရက်ကန်းစင် ၆၀၀ ပါဝင်သော ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္တီလာ) စီမံကိန်း၊ တစ်နေ့လျှင် တန် ၄၀ ကျ ထုတ်လုပ်မည့် စစ်တောင်း စက္ကူစက်စီမံကိန်း၊ တစ်နေ့လျှင် ကြံတန်ချိန် ၁၀၀၀၀ ကြိတ်ဝါးနိုင်သော ဘီးလင်း သကြားစက်၊ တစ်နေ့လျှင် အချုပ် ၂၀၀၀ ကျသစ်လွှာသားနှင့် သုံးထပ်သား စက်ရုံစီမံကိန်း (ဆွာ)၊ တစ်နှစ်လျှင် တာယာနှင့်ကျွတ် ၁၅၀၀၀၀ ခန့် ထွက်ရှိမည့် တာယာ စက်ရုံ စီမံကိန်းနှင့် ချည်မျှင်နှင့် ရက်ကန်းစက်များ ထုတ်လုပ်နိုင်သည့် စက်ရုံ စသည်တို့ ဖြစ်သည်။

ထို့ပြင် အနောက်ဂျာမနီ နိုင်ငံချေးငွေဖြင့် အကောင်အထည် ဖော်ရန် စီစဉ်ခဲ့သော စီမံကိန်းများမှာ ရေစုပ်စက်၊ ဒီဇယ်အင်ဂျင်နှင့် လယ်ထွန်စက်များ ထုတ်လုပ်ရေး စက်ရုံ စီမံကိန်း၊ တစ်နှစ်လျှင် အုတ် ၁၃ သန်းထွက်ရှိမည့် မှော်ဘီ အုတ်စက် စီမံကိန်း၊ တစ်နှစ်လျှင် စည်သွတ်ဘူး ၃၅ သန်း ထွက်ရှိမည့် နို့ဆီ၊ ငါးသေတ္တာနှင့် သစ်သီးများ စည်သွတ်စက်ရုံ၊ တစ်နေ့လျှင် တန် ၂၀ ကျ ဖန်ပုလင်း စက်ရုံ(ချောက်မြို့အနီး) စသည်တို့အပြင် ပြည်မြို့အနီးတွင် ရစ်တိုင် ၂၀၀၀၀ နှင့် ရက်ကန်းစင် ၂၀၀ ပါဝင်သော ချည်မျှင်နှင့် အထည်စက်ရုံ၊ ရန်ကုန်မြို့အနီးတွင်ရှိသော ချည်မျှင်နှင့် အထည်များ အဖြူချွတ် ဆေးဆိုး အချောကိုင် စက်ရုံ စီမံကိန်း စသည်တို့ဖြစ်သည်။

တရုတ်ချေးငွေဖြင့် တည်ဆောက် အကောင်အထည် ဖော်ရန် စီစဉ်ခဲ့သော စက်ရုံသစ်များ အနက် ဘီးလင်း သကြားစက်ကို ၁၉၆၄-၆၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ချည်မျှင်နှင့် အထည်စက်(မိတ္တီလာကို) ၁၉၆၅-၆၆ ခုနှစ်တွင် အကောင်အထည်ဖော်နိုင်ခဲ့သည်။ စစ်တောင်း စက္ကူစက်နှင့် အထပ်သားစက်ရုံ(ဆွာ) တို့ကိုလည်း ၁၉၆၅-၆၆ ခုနှစ်အတွင်း စတင်အကောင်

၁။ နိုင်ငံခြားငွေများဖြင့် စီစဉ်ထားဆဲဖြစ်သော အစိုးရ စက်မှုလက်မှုလုပ်ငန်းများ၊ စာ ၃၆-၃၇

အထည်ဖော်ခဲ့သော်လည်း ၁၉၆၇ ခုနှစ်အတွင်း တရုတ်-မြန်မာ အရေးအခင်း ဖြစ်ပေါ်လာ ခဲ့သဖြင့် စစ်တောင်းစက္ကူစက်များ တစ်ပိုင်းတစ်စနှင့် တည်ဆောက်မှု ရပ်ဆိုင်း သွားခဲ့သည်။ ထို့ကြောင့် စစ်တောင်းစက္ကူစက်အတွက် နောက်ထပ် လိုအပ်သည်များကို မြန်မာအစိုးရ ဘက်မှ ငွေကြေး အကုန်အကျခံပြီး ဂျပန်ကုမ္ပဏီနှင့် ပူးပေါင်းလျက် ကျန်ရှိသောစက်များကို တည်ဆောက်ခဲ့ရသည်။ တာယာ စက်ရုံနှင့် ချည်မျှင်နှင့်ရက်ကန်းစက်များ ထုတ်လုပ်ရေး စက်ရုံတို့မှာမူ အကြောင်းကြောင်းကြောင့် အကောင်အထည် မဖော်ဖြစ်ခဲ့ချေ။

အနောက်ဂျာမနီ အစိုးရ၏ ချေးငွေဖြင့် တည်ဆောက်ရန် စီစဉ်ခဲ့သော စီမံကိန်းများ အနက် မှော်ဘီ အုတ်စက်ကိုလည်းကောင်း၊ ဖန်ချက်စက်ရုံကိုလည်းကောင်း အကောင်အထည် ဖော်နိုင်ခဲ့သည်။ မှော်ဘီအုတ်စက်ကို ၁၉၆၆-၆၇ ခုနှစ်တွင် စတင် တည်ဆောက်ခဲ့ပြီး၊ ဖန်ချက် စက်ရုံကိုမူ ယခင်ချောက်မြို့အနီးတွင် တည်ဆောက်ရန် လျာထားခဲ့သော်လည်း ၁၉၆၅-၆၆ ခုနှစ်အတွင်း သန်လျင်မြို့တွင် တည်ဆောက်ခဲ့သည်။ ချည်မျှင်နှင့် အထည်အချောကိုင် စက်ရုံကို ဒေသဖွံ့ဖြိုးရေး အစီအစဉ်အရ ပလိပ်မြို့၌ တည်ဆောက်ခဲ့သည်။

အနောက် ဂျာမနီနိုင်ငံချေးငွေဖြင့် ယခင်လျာထားချက်တွင် မပါဝင်ခဲ့သော်လည်း နောက် မှတိုးလာသော စီမံကိန်းမှာ ဓာတ်မြေသြဇာစက်ရုံ ကျွန်းချောင်း စီမံကိန်းပင် ဖြစ်သည်။ ၎င်းစက်ရုံမှာ အရာတော် အရပ်မှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့ကိုအသုံးပြုလျက် တစ်နေ့လျှင် ယူရီးယား ဓာတ်မြေသြဇာ ၂တန်ကျ ထုတ်လုပ်ရန် စီစဉ်ခဲ့သည်။ ၎င်းစက်ရုံကို ၁၉၆၆-၆၇ ခုနှစ်တွင် စတင် တည်ဆောက်ခဲ့သည်။

တစ်ဖန် အနောက်ဂျာမနီနိုင်ငံချေးငွေဖြင့် တည်ဆောက်သည့် ရေစုပ်စက်၊ ဒီဇယ်အင်ဂျင် နှင့်လယ်ထွန်စက်များ ထုတ်လုပ်ရေးစက်ရုံများကို ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ မလွန် နှင့်ပြည်ခရိုင် ဆင်တဲအရပ်များတွင် ၁၉၆၅ ခုနှစ်မှစတင် အကောင်အထည် ဖော်သည်။ ထို့ပြင် ပြည်သူပိုင်သိမ်းလိုက်သော ဘီအီးဒီစီ၏ အရက်ပြန်စက်ရုံ စီမံကိန်းကို အနောက်ဂျာမနီ နိုင်ငံချေးငွေဖြင့်ပင် ဇေယျဝတီ၌ ၁၉၆၆-၆၇ ခုနှစ်တွင် စတင်အကောင်အထည် ဖော်တည် ဆောက်သည်။ အနောက်ဂျာမနီ နိုင်ငံချေးငွေဖြင့် တည်ဆောက်ရန် လျာထားခဲ့သေ အခြား စီမံကိန်းများမှာမူ အကြောင်းမညီညွတ်၍ အကောင်အထည် မဖော်နိုင်ခဲ့ချေ။[1]

၁။ ဒေါက်ဘာကျော်ထင်မှတ်စု၊ စာ ၂၂

စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းက ပြည်သူပိုင်စက်ရုံ စီမံကိန်းသစ်များ အကောင်အထည်ဖော်ရေးအဟွက် စီမံဆောင်ရွက်ခဲ့သည့်နည်းတူ စက္ကူစက်နှင့် ဘတ္ထုဗေဒ လုပ်ငန်းများ အဖွဲ့ကလည်း စစ်တောင်းစက္ကူစက်နှင့် ကော့စဘစ်ဆိုဒါ ကလိုရင်း စက်ရုံများ တည်ဆောက်ရေး စီမံကိန်းကို တိုက်ရိုက် ကြီးကြပ်ကွပ်ကဲ လုပ်ဆောင်သည်။ စက္ကူနှင့် ဖျော့ဖော်စက်ရုံသစ်များနှင့် ဆက်စပ်လျက်ရှိသော၊ နောက်ထပ် အသစ်တည်ဆောက်မည့် ဘတ္ထုဗေဒစက်ရုံအတွက်လည်း စီမံကိန်းများ ရေးဆွဲခြင်းမှ အစ စီစဉ်ဆောင်ရွက်သည်။

ထို့အတူ ၁၉၆၃-၆၄ ခုနှစ်မှ အစပြု၍ ပြည်သူသုံး ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းဌာနကို ကာကွယ်ရေး ဝန်ကြီးဌာနမှ စက်မှုလက်မှုဌာနကလွှဲပြောင်းယူ၍ ပြည်တွင်းစက်မှုလုပ်ငန်း အမည်ဖြင့် ပြောင်းလဲ ဖွဲ့စည်းသည်။ ၁၉၆၇ ခုနှစ်တွင် စက်မှုလက်မှု ဌာနမှ တိုက်ရိုက်ကွပ်ကဲ အုပ်ချုပ်ခဲ့သော အကြီးစား စက်မှုလုပ်ငန်းစုသို့ ထပ်ဆင့် လွှဲပြောင်းပေးသည်။ အကြီးစားစက်မှု လုပ်ငန်းစုသည် အကြီးစားစက်ရုံအမှတ် ၁၊ အမှတ် ၂၊ အမှတ် ၃၊ နှင့်အမှတ် ၄ တို့ကို စက်မှုလက်မှု ဌာန၏ ညွှန်ကြားချက်များ နှင့်အညီ စီမံကိန်းများ ရေးဆွဲ၍ စက်ရုံ တည်ဆောက်မှုနှင့်စီမံကိန်း အကောင်အထည်ဖော် ရေးလုပ်ငန်းများကို တိုက်ရိုက်ကြီးကြပ် စီမံဆောင်ရွက်သည်။ အဆိုပါ အကြီးစား စက်ရုံ ၄ ရုံတို့၏ ကုန်ထုတ်လုပ်မှုကို အကြီးစားစက်မှုလုပ်ငန်းစုကပင်စီမံခန့်ခွဲသည်။

စက်ကုန်ထုတ်လုပ်ရေး

တော်လှန်ရေး ကောင်စီ အစိုးရတက်ပြီးသည့်နောက်ပိုင်းတွင် ပြည်သူတို့၏ စားဝတ် နေရေးဆိုင်ရာ လုပ်ငန်းများ အနက် ဝတ်ဆင်ရေး လုပ်ငန်းများကို ပြည်တွင်းမှ တတ်စွမ်းသမျှ ပြည့်စုံမှီငိုစေရန် စက်ရုံ စီမံကိန်းသစ်များကို အခါအားလျော်စွာ အကောင်အထည်ဖော် ခဲ့သည်။ စက်ရုံသစ်များတည်ထောင်ခဲ့ရာတွင် အထည်အလိပ် သက်သက်ချည်း ရက်လုပ်သော လုပ်ငန်းများပါရှိသကဲ့သို့ လူအသုံးအဆောင် ပစ္စည်းများ ထုတ်လုပ်နိုင်ရန် ကုန်ကြမ်းအဖြစ် ရက်လုပ်ပေးသော မိုးရေကာဖျင် ထုတ်လုပ်ရေး စက်ရုံမျိုးလည်း ပါသည်။ ထို့ပြင် ချည်မျှင်နှင့် အထည်စက်များမှထွက်ရှိသော ဝါလေမျှားနှင့် စုပ်ကျယ်ဖြတ်ခ ညှပ်စများမှ ၁/၁ ချည်မျှား ထုတ်လုပ်ပေးသည့်ဝါလေချည်မျှင်ဆွဲစက်ရုံမျိုးလည်း ပါသည်။

၁။ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေ၊ စာ ၂၇

ဤသို့ စက်ရုံအမျိုးမျိုးရှိသည့်အနက်မှ **ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ)**သည် ၁၉၆၁ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရနှင့် ကရုတ်ပြည်သူ့ သမ္မတ နိုင်ငံအစိုးရတို့၏ နှစ်နိုင်ငံခြင်းကြည်ရေးနှင့် ကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေး သဘောတူ စာချုပ်နှင့် ၁၉၆၁ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ပေါင်းမြှုပ်နောက်ဆက်တဲ့ (Supplementary Protocol) ထပ်မံ ဖြည့်စွက် ချုပ်ဆိုခဲ့သည့်သဘောတူ စာချုပ်အရ မြန်မာနိုင်ငံ စီးပွားတိုးတက်မှု ကော်ပိုရေးရှင်း (ဘီအီးဒီစီ) လက်အောက်ရှိ ချည်မျှင်နှင့် အထည်လီမိတက် (Multitex Limited) မှ တာဝန်ယူ အကောင်အထည်ဖော်ခဲ့သော စက်ရုံသစ် ဖြစ်သည်။[၁]

အဆိုပါ စက်ရုံတည်ဆောက်ရန်မြေနေရာ ရွေးချယ်ရေးအတွက် Mr. Wang Kan-Chen ခေါင်းဆောင်သော တရုတ်ပါဂုဂ္ဂိုဠ် ပါဝင်သော အဖွဲ့သည် ၁၉၆၂ ခုနှစ် သြဂုတ်လ ၁၉ ရက်နေ့မှ စက်တင်ဘာလ ၉ ရက်နေ့အထိ မိတ္ထီလာမြို့ တက်ိုက်တွင် ကွင်းဆင်းလေ့လာကြသည်။ မိတ္ထီလာမြို့မှ ၄ မိုင်ကွာသော တောရွာအနီးရှိ နေထုနှင့် မိတ္ထီလာမြို့မှ ၂ မိုင်ကွာသောလက်ရှိ စက်ရုံ မြေနေရာကို နှိုင်းယှဉ် လေ့လာပြီး ၁၉၆၂ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် လက်ရှိ စက်ရုံ မြေနေရာကို ရွေးချယ်ခဲ့သည်။[၂]

တရုတ်မြန်မာကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေး သဘောတူ စာချုပ်အရ စက်အင်အားကို ရစ်တိုင် ၄၀၀၀၀ နှင့် ရက်ကန်းစင် ၄၀၀ ဖြင့် သတ်မှတ် ခဲ့သော်လည်း တရုတ်ပါရဂူများနှင့်အသေးစိတ် ညှိနှိုင်းချက်အရ လည်းကောင်း၊ နိုင်ငံတော်၏ စက်မှု အစီအစဉ်အရ လည်းကောင်း၊ ကုန်ထုတ်လုပ်မှုအရလည်းကောင်း စီးပွားရေးအရ ပိုမို အကျိုးသက်ရောက်မှု ရှိနိုင်ရန် မူလသတ်မှတ်သားသော ရက်ကန်းစင် ၄၀၀ အစား ရက်စင် ၆၀၀ သို့ တိုးမြှင့်ရန် နှောက်ဆုံးတွင် ပြောင်းလဲအတည်ပြုလိုက်သည်။[၃]

မြန်မာဘက်မှ ဌာနဆိုင်ရာ အုပ်ချုပ်မှု ခွင့်ပြုချက်အရ၊ စက်ရုံအတွက် ရစ်တိုင် ၄၀၀၀၀ နှင့် ရက်ကန်းစင် ၆၀၀ကို အခြေပြုပြီး ပုံစံ ရေးဆွဲရေးအမှာစာ (Design Order)ကို ထုတ်ပေးသည်။ ယင်းကိုမူတည်ပြီး တရုတ်ဘက်မှ ပဏာမ ပုံစံကို ရေးဆွဲသည်။ ပဏာမပုံစံပါ အချက်များကို ၁၉၆၄ ခုနှစ် ဇွန်လမှ သြဂုတ်လအထိ နှစ်ဦးနှစ်ဘက် အသေးစိတ်ညှိနှိုင်းဆွေးနွေးကြပြီးနောက် အပြီးသတ် ပုံစံကို တရုတ်ပါရဂူများက ရေးဆွဲပေးကြသည်။[၄]

၁။ အထည်အလိပ်လုပ်ငန်းသမိုင်း၊ စာ ၁၀၄
၂။ အထည်အလိပ်လုပ်ငန်းသမိုင်း၊ စာ ၁၀၄-၁၀၅
၃။ အထည်အလိပ်လုပ်ငန်းသမိုင်း၊ စာ ၁၀၅
၄။ အထည်အလိပ်လုပ်ငန်းသမိုင်း၊ စာ ၁၀၅

မြန်မာနိုင်ငံ စီးပွား တိုးတက်မှု ကော်ပိုရေးရှင်း (ဘီအိုဒီဘီ)ကို ပြည်သူပိုင်ပြုလုပ် လိုက်ပြီးနောက် ၁၉၆၄ ခု အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင် ရေး ကော်ပိုရေးရှင်းက မိတ္ထီလာ ချည်မျှင်နှင့် အထည်စက် (စီမံကိန်း)ကို ဆက်လက်တာဝန်ယူ အကောင်အထည်ဖော်ခဲ့သည်။[၁] ဆောက်လုပ်ရေး လုပ်ငန်းများအတွက် ၁၉၆၅ ခု ဩဂုတ်လတွင် တရုတ်ဘက်မှ ပညာရှင်များနှင့် ပူးပေါင်း၍ ကွင်းဆင်းထိုင်းတာခြင်း၊ မြေညှိခြင်း၊ ဆောက် လုပ်ရေး ပစ္စည်းများ ရှာဖွေ စုဆောင်းခြင်းတို့ကို ဆောင်ရွက်သည်။ အလုပ်ရုံငယ်များကို ၁၉၆၆ ခုနှစ် ဇန်နဝါရီလတွင် စတင် ဆောက်လုပ်၍ ပင်မအဆောက်အအုံကို ၁၉၆၆ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပန်းဂျရာ ၁၉၆၇ ခုနှစ် ဇွန်လအတွင်း လုပ်ငန်းအားလုံးပြီးစီး သဖြင့် ၁၉၆၈ ခု ဇန်နဝါရီလတွင် စက်ရုံ စတင်လည်ပတ်နိုင်သည်။[၂]

ချည်မျှင်နှင့်အထည်စက် (မိတ္ထီလာ)တည်ဆောက်ရာတွင် နိုင်ငံခြားငွေကျပ် ၁၉.၃ သန်းနှင့် ပြည်တွင်းငွေကျပ် ၂၃.၁ သန်း အပါအဝင် စုစုပေါင်း ကျပ် ၄၂.၄ သန်း ရင်းနှီးမြှုပ်နှံကုန်ကျခဲ့ သည်။[၃]

ချည်မျှင်နှင့် အထည်စက် (မိတ္ထီလာ)၏ နှစ်အလိုက် ကုန်ထုတ်လုပ်မှု ပမာဏမှာ အောက်ပါအတိုင်းရှိခဲ့သည်။[၄]

ခုနှစ်	ချည်မျှင် (ပေါင်)	(ဆောင်ဂဏန်း) အထည်ပိတ်ည (ကိုက်)
၁၉၆၇-၆၈	.... ၂၉၁၈.၄၃	၅၁၃၉.၁၁
၁၉၆၈-၆၉	.... ၃၈၆၃.၀၆	၁၀၆၉၉.၇၅
၁၉၆၉-၇၀	.... ၃၉၀၃.၈၆	၁၁၅၀၁.၁၉
၁၉၇၀-၇၁	.... ၃၉၉၈.၆၄	၁၁၃၁၀.၄၄
၁၉၇၁-၇၂	.... ၃၉၅၄.၀၇	၁၁၁၃၈.၀၂

၁။ အထည်အလိပ်လုပ်ငန်းသမိုင်း၊ စာ ၁၀၆
၂။ အထည်အလိပ်လုပ်ငန်းသမိုင်း၊ စာ ၁၀၆
၃။ အထည်အလိပ်လုပ်ငန်းသမိုင်း၊ စာ ၁၀၇
၄။ ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)စက်မှုမှတ်တမ်း၊ နောက်ဆက်တွဲ(၄ - ၂)

နိုင်ငံတော်၏ လိုအပ်ချက်အရ ချည်မျှင်နှင့် အဝတ်အထည်များ ထုတ်လုပ်သော စက်ရုံ မဟုတ်တဲ တပ်မတော်သုံး ကျောပိုးအိတ်များ၊ လက်ဆွဲအိတ်များ၊ မိုးကာတဲများ၊ မြေခင်းဖျင်များ၊ ခါးပတ်ကြိုးများ၊ ပြည်တွင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွင် အသုံးပြုရသော ကားအမိုးများ၊ ရေယာဉ်အမိုးများနှင့် သိုလှောင်ရုံအမိုးများ ထုတ်လုပ်ရန်အတွက် မိုးရေကာဖျင်စက်ရုံကို တည်ဆောက်ရန် လိုလေသည်။

ထို့ကြောင့် **မိုးရေကာပျင် စက်ရုံ**အတွက် မြေနေရာရွေးချယ် ရှာဖွေခဲ့ရာ ၁၉၆၈ ခု ဒီဇင်ဘာလ ၁၆ ရက်နေ့က ပြည်သူပိုင် သိမ်းယူခဲ့သော ရန်ကုန်မြို့ အမှတ် ၁၆၊ ကျိုက်ဝိုင်းဘုရားလမ်း၊ သမိုင်းရှိ ရွှေနန်းတော် ချည်မျှင်နှင့် ရေယွန်စက်ရုံ၊ ရောင်ခုံသံပုံးစက်ရုံနှင့်သင်းကြူကြူ နိုင်လွန်စက်ရုံ မြေနေရာတို့ကို ၁၉၆၉ ခု သြဂုတ်လတွင် ပထမအဆင့်အဖြစ် သတ်မှတ် ရွေးချယ်ခဲ့သည်။တစ်ဆက်တည်းမှာပင် မြို့မ နိုင်လွန်စက်ရုံနှင့် အာမက်နိုင်လွန်စက်ရုံတို့၏ မြေနေရာများ ကိုပါ ၁၉၇၀ ပြည့် ဇူလိုင်လတွင်တိုးချဲ့ပြီး စုစုပေါင်း မြေဧရိယာ ၇.၅ ဧကရှိနေရာတွင် မိုးရေကာဖျင် စက်ရုံ တည်ဆောက်ရန်အတွက် သတ်မှတ်ခဲ့သည်။[၁]

မိုးရေကာဖျင်စက်ရုံ တည်ဆောက်ရန်အတွက် ကမ္ဘာ့ခေတ်မီ ၁၃ နိုင်ငံသို့ ၁၉၆၆ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် တင်ဒါခေါ်ယူခဲ့ပြီး တင်ဒါတင်သွင်းသော နိုင်ငံများအနက်မှ ဂျပန်နိုင်ငံ ဒိုင်မာရှူးကုမ္ပဏီကို ရွေးချယ်ခဲ့သည်။ ထိုသို့ ရွေးချယ်ခဲ့ပြီးနောက် စက်ပစ္စည်းပေးသွင်းရေးစာချုပ်ကို စဘလကနှင့် ဂျပန်နိုင်ငံ ဒိုင်မာရှူးကုမ္ပဏီတို့ ၁၉၆၉ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် နှစ်ဦးနှစ်ဘက် သဘောတူစာချုပ် ချုပ်ဆိုကြသည်။[၂]

စာချုပ်အရ ဒိုင်မာရှူးကုမ္ပဏီမှ ပေးသွင်းရသော စက်ပစ္စည်းများမှာ ရက်ကန်းပြင်ဌာနအတွက် စက် ၂၀ လုံး၊ ရက်ကန်းဌာနအတွက် စက် ၆၇ လုံး၊ ဆေးဆိုး မိုးရေကာဌာနအတွက် စက် ၁၄ လုံး၊ စက်ချုပ်ဌာနအတွက် စက် ၁၄ လုံးနှင့် ခါးပတ်ဌာနအတွက် ခါးပတ်ရက်စက် ၂ လုံး တို့ဖြစ်သည်။[၃] စက်ပစ္စည်းပေးသွင်းရေး စာချုပ်တန်ဖိုးမှာစက်ပစ္စည်းများအတွက် နိုင်ငံခြားငွေ အမေရိကန် ဒေါ်လာ ၁၀၇၄၇၁၅.၃၁ နှင့် မြန်မာငွေ ကျပ် ၆၄၀၀၀ နှင့် ကျွမ်းကျင်မှု

၁။ မိုးရေကာဖျင်စက်ရုံ၏စက်မှုမှတ်တမ်း၊ စာ ၂
၂။ မိုးရေကာဖျင်စက်ရုံ၏စက်မှုမှတ်တမ်း၊ စာ ၃
၃။ မိုးရေကာဖျင်စက်ရုံ၏စက်မှုမှတ်တမ်း၊ စာ ၆

ငှားရမ်းခအတွက် လုပ်ခငွေ အစမရိကန်ဒေါ်လာ ၁၀၅၄၉.၂၀ ဖြစ်၍ စုဝေပေါင်း နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁၀၉၃၂၅၄.၅၁ နှင့် မြန်မာငွေကျပ် ၆၄၀၀၀ ဖြစ်သည်။[၁]

စက်ရုံ၏ ပင်မစက်ရုံ အဆောက်အအုံများ ဆောက်လုပ်ခြင်းကို ၁၉၆၉ ခု နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ၁၉၇၁ ခု စက်တင်ဘာလကုန်တွင် ပြီးစီးသည်။ အခြားအဆောက်အအုံများဆောက်လုပ်ခြင်းကို ၁၉၇၀ ပြည့် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ၁၉၇၂ ခု စက်တင်ဘာလကုန်တွင်မှ ပြီးစီးခဲ့သည်။[၂]

စက်တပ်ဆင်ရေး လုပ်ငန်းများကို စာချုပ်အရ ၁၉၇၀ ပြည့် အောက်တိုဘာလမှစတင်၍ ၁၉၇၁ ခု ဧပြီလတွင် အပြီးသတ်ခန် သတ်မှတ်ခဲ့သော်လည်း အမှန်ဆောင်ရွက်နိုင်မှုမှာ ၁၉၇၀ ပြည့် နိုဝင်ဘာလတွင်မှ စတင်နိုင်ပြီး ၁၉၇၁ ခု ဇွန်လတွင်မှ ပြီးစီးခဲ့သည်။ စက်များကို ၁၉၇၁ ခု ဧပြီလတွင် စတင်စမ်းသပ် လည်ပတ်ရာ ဇူလိုင်လကုန်တွင် အောင်မြင်စွာ ပြီးစီးသည်။ ပုံမှန်ထုတ်လုပ်မှုကို ၁၉၇၁ ခု ဩဂုတ်လမှ စတင်၍ တစ်နေ့တစ်လှည့်စနစ်ဖြင့် စတင်လည်ပတ်ကုန်ထုတ်လုပ်ခဲ့သည်။[၃]

ပိုးရေကာဖျင် စက်ရုံတည်ဆောက် အကောင်အထည်ဖော်ရန် စီမံကိန်းကာလဖြစ်သော ၁၉၆၉-၇၀ ခုနှစ်တွင် အရာထမ်း ၆ ဦး၊ အမှုထမ်း ၃၀ ဦး ပေါင်း ၃၆ ဦးဖြင့် စတင်ဆောင်ရွက်သည်။ ၁၉၇၂ ခုနှစ် မတ်လ ၁၀ ရက်နေ့အထိ ကာယ၊ ဥာဏ လုပ်သား ၄၂၅ ဦးဖြင့် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်သည်။[၄]

တော်လှန်ရေး ကောင်စီ အစိုးရ တက်ပြီးသည့်နောက် 'အထက်မြန်မာပြည်တွင် ပထမဦးဆုံး တည်ဆောက်သော အထည်စက်ရုံမှာ **ချည်မျင်နှင့် အထည်စက်ရုံ (စစ်ကိုင်း)** ဖြစ်၏။ အဆိုပါစက်ရုံသည် စစ်ကိုင်းမြို့နယ် စစ်ကိုင်း-မုံရွာ ရထားလမ်းနှင့် စစ်ကိုင်းရွာသစ်ကြီးကျေးရွာမှ ၂ မိုင်အကွာတွင် တည်ရှိပြီး စက်ရုံပိုင်မြေ အကျယ်အဝန်းမှာ ၄၈.၅၃ ဖြစ်သည်။ စက်ရုံ၏ အလျှပ်အစားမှာ ရစ်တိုင် ၄၀၀၀ နှင့် ရက်ကန်းစင် ၆၀၀ ဖြစ်သည်။

၁။ ပိုးရေကာဖျင်စက်ရုံ၏စက်မှုမှတ်တမ်း၊ စာ ၁၁
၂။ ပိုးရေကာဖျင်စက်ရုံ၏စက်မှုမှတ်တမ်း၊ စာ ၄
၃။ ပိုးရေကာဖျင်စက်ရုံ၏စက်မှုမှတ်တမ်း၊ စာ ၅
၄။ ပိုးရေကာဖျင်စက်ရုံ၏စက်မှုမှတ်တမ်း၊ စာ ၁၁
၅။ အထည်အလိပ်လုပ်ငန်းသမိုင်း၊ စာ ၁၈၃

စက်ပစ္စည်း ပေးသွင်းရေးစာချုပ်ကို ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ဂျပန်နိုင်ငံ တိုယိုမင်ကာကိုင်းရှား လီမိတက်နှင့် စာချုပ်ဆိုခဲ့ပြီး ရောင်းသူ ချေးငွေစနစ်ဖြင့် ဝယ်ယူသည်။ နိုင်ငံခြားငွေ ကျပ် ၄၀.၆၀၄ သန်း အပါအဝင် စုစုပေါင်း ကျပ်သန်းပေါင်း ၇၈.၄၀၄ ဖြင့်စတင်ခဲ့သည်။ ထို့နောက် ပိုလီအက်စတာနှင့် ဝါဂွမ်းရောစပ်ချည်ထုတ်လုပ်ရန် စက်ကိရိယာများ ဝယ်ယူရေးအတွက် နောက်ဆက်တွဲ စာချုပ်ကို ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ထပ်မံချုပ်ဆို၍ နိုင်ငံခြားငွေကျပ် ၁.၁၈၄ သန်းအပါအဝင် စုစုပေါင်း ကျပ်သန်းပေါင်း ၁.၅၈၄ ထပ်မံရင်းနှီးမြှုပ်နှံသည်။

စက်ခွံတည်ဆောက်မှု လုပ်ငန်းများကို ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလတွင် စတင်ဆောင်ရွက်ကာ ၁၉၇၂ ခုနှစ် မတ်လတွင် ပြီးစီးခဲ့သည်။ စက်တပ်ဆင်မှု လုပ်ငန်းများကို ၁၉၇၁ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် ဆောင်ရွက်၍ ၁၉၇၂ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ပြီးစီးသည်။ စက်စမ်းသပ် လည်ပတ်မှုကို ၁၉၇၂ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် စတင်ခဲ့ရာ ၁၉၇၂ ခုနှစ် မေလ ၃၁ ရက်နေ့တွင် ပြီးစီးသည်။ စက်ရုံ၏ ပံ့မှန်ကုန်ထုတ်လုပ်မှုကို ၁၉၇၂ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင်မှ စတင်နိုင်ခဲ့သည်။ ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ချုပ်ဆိုခဲ့သည့် နောက်ဆက်တွဲ စာချုပ်အရ ပိုလီအက်စတာနှင့် ဝါဂွမ်းရောစပ်ချည် ထုတ်လုပ်ရေးအတွက် စက်စမ်းသပ်မှုများကိုလည်း ၁၉၇၃ ခု ဇန်နဝါရီလ ၂၂ ရက်နေ့တွင်မှ ဆောင်ရွက်ပြီးစီးခဲ့သည်။[၂]

စက်များ၏ စွမ်းအားမှာ စာချုပ်အရ တစ်နေ့လျှင် အလုပ်ချိန် ၈ နာရီရှိသော အလုပ်ဆိုင်း နှစ်ဆိုင်းဖြင့် တစ်နှစ်လျှင် ပျမ်းမျှ ၂၄၀ ရက်လုပ်ပါက ချည်မျှင်ညှို ၁/၃၀ ပေါင် ၃.၇၄ သန်း ပျမ်းမျှထွက်ပြီး ရက်ထည် ပိတ်ညှိကိုက်သန်းပေါင်း ၆.၈၂ ထွက်နိုင်မည် ဖြစ်သည်။[၃]

မြန်မာနိုင်ငံတွင် ပထမဦးဆုံးနှင့် ခေတ်အမီဆုံး ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ ကြီးမှာ **ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ (ပလိပ်)** ဖြစ်သည်။ ၎င်းစက်ရုံကို စပ်ကိုင်

၁။ အထည်အလိပ်လုပ်ငန်းသမိုင်း၊ စာ ၁၈၄
၂။ အထည်အလိပ်လုပ်ငန်းသမိုင်း၊ စာ ၁၈၃
၃။ အထည်အလိပ်လုပ်ငန်းသမိုင်း၊ စာ ၁၈၃

မြို့နယ်၊ ပလိပ်မြို့၊ မန္တလေး - တံတားဦး မီးရထားလမ်းနှင့် ပလိပ်-တံတားဦး ကားလမ်းကြားတွင် တည်ရှိသော မြေဧရိယာ စုစုပေါင်း ၇၅၃-၆၈ ဧကတွင် ဆောက်ထားသည်။[၁]

ထိုစက်ရုံတွင် ချည်မျှင်ထုတ်လုပ်မှုလုပ်ငန်း၊ အထည်ချက်လုပ်မှု လုပ်ငန်းနှင့် ချည်မျှင်နှင့် အထည်အချောကိုင် လုပ်ငန်းများ လုပ်ဆောင်သည်။ စက်ရုံအရွယ်အစားမှာ ချည်မျှင်နှင့် အထည်စက်တွင် ရစ်တိုင် ၄၀၀၀၀ နှင့် ရက်ကန်းစင် ၆၀၀ ရှိသည်။ ဆေးဆိုးပန်းရိုက် အချောကိုင်စက်ရုံတွင် ချည်မျှင်ဆေးဆိုးစက် ၂၂ လုံး၊ အထည်ဆေးဆိုးစက် ၅ လုံး၊ အထည်ပန်းရိုက်စက် (ပတ်လည်စက်) ၁ စုံနှင့် အထည်ပန်းရိုက်စက် (ပန်းတောင်စက်) ၁ စုံတို့ ပါဝင်သည်။[၂]

စက်ရုံကို တည်ဆောက်ဆုဒ္ဓ ချည်မျှင်နှင့် အထည်စက်ရုံကို စက်ပစ္စည်းပေးသွင်းသူ ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံ ယူနီယံမားတက်(စ်) ကုမ္ပဏီ၏ ရောင်းသူ ချေးငွေစနစ်ဖြင့် အကောင်အထည်ဖော်ခဲ့ပြီး အချောကိုင်စက်ရုံကို ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ အစိုးရ၏ နှစ်ရှည် မတည်ချေးငွေဖြင့် တည်ဆောက်အကောင်အထည်ဖော်သည်။ ချည်မျှင်နှင့် အထည်စက်ရုံအတွက် စက်ပစ္စည်းများ ဝယ်ယူရေးနှင့် နိုင်ငံခြား ကျွမ်းကျင်သူများ ငှားရမ်းရေး စာချုပ်ကို ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ ယူနီယံမားတက်(စ်) ကုမ္ပဏီနှင့် ၁၉၇၀ ပြည့်နှစ် မေလ ၅ ရက်နေ့တွင် ချုပ်ဆိုသည်။ အချောကိုင်စက်ရုံအတွက် စက်ပစ္စည်းများ ဝယ်ယူရေးနှင့် ကျွမ်းကျင်သူများ ငှားရမ်းရေး စာချုပ်ကိုလည်း ၁၉၇၀ ပြည့်နှစ် မေလ ၅ ရက်နေ့တွင်ပင် ချုပ်ဆို လက်မှတ်ရေးထိုးသည်။ ထို့နောက်တွင်မှ ဝါဂွမ်းနှင့် ပိုလီအက်စတာရောစပ် ထုတ်လုပ်နိုင်သည့်စက်ပစ္စည်းများဝယ်ယူရန် နောက်ဆက်တွဲ စာချုပ်အမှတ် ၁၊ မီးထိုးဆီသိုလှောင်ကန်နှင့် ပစ္စည်းများ ဝယ်ယူရန် နောက်ဆက်တွဲစာချုပ် အမှတ် ၂ တို့ကို ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့နှင့် ၁၉၇၂ ခုနှစ် မေလ ၁၂ ရက်တို့တွင် အသီးသီးလက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည်။[၃]

စက်ရုံ လည်ပတ်ထုတ်လုပ်ရေးအတွက် အတိုင်ပင်ခံ ငှားရမ်းရေးကို ဂျာမနီနိုင်ငံ ဖရစ်ဝါနာ ကုမ္ပဏီနှင့် ၁၉၇၀ ပြည့်နှစ် မေလ ၅ ရက်နေ့တွင် စာချုပ်ချုပ်ဆိုသည်။ စက်ပစ္စည်းများ ဝယ်ယူသည့် နောက်ဆက်တွဲ စာချုပ်အမှတ် ၁ နှင့် အမှတ် ၂ အတွက် ချေးငွေကို ပြည်ထောင်စု

၁။ အထည်အလိပ်လုပ်ငန်းသမိုင်း၊ စာ ၁၈၇
၂။ အထည်အလိပ်လုပ်ငန်းသမိုင်း၊ စာ ၁၈၈
၃။ အထည်အလိပ်လုပ်ငန်းသမိုင်း၊ စာ ၁၈၆

သမ္မတ ဂျာမနီနိုင်ငံ ကေအက်စ်ဒဗလျူဘဏ်မှ ချေးယူ၍ အတိုင်ပင်ခံငှားရမ်းခငွေကို ဖော်ပြပါ နှစ်ရှည် မတည်ချေးငွေမှ ရယူသည်။

ချည်မျှင်အထည်နှင့် အခြောကိုင်စက်ရုံ (ပလိပ်)၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ချည်မျှင်နှင့် အထည်စက်ရုံအတွက် နိုင်ငံခြားငွေကျပ် ၇၆.၄ သန်းနှင့် ပြည်တွင်းငွေကျပ် ၄၀.၅ သန်း အခြောကိုင်စက်ရုံအတွက် နိုင်ငံခြားငွေကျပ် ၈၇.၉ သန်းနှင့် ပြည်တွင်းငွေကျပ် ၂၉.၅ သန်း အပါအဝင် စက်ရုံတစ်ခုလုံးအတွက် စုစုပေါင်း ရင်းနှီးမြှုပ်နှံငွေ နိုင်ငံခြားငွေကျပ် ၁၆၄.၃ သန်း၊ ပြည်တွင်းငွေကျပ် ၇၀၀ သန်း၊ ပေါင်းငွေကျပ် ၂၃၄.၃ သန်း ကုန်ကျခဲ့သည်။

ချည်မျှင်နှင့် အထည်စက်ရုံကို ၁၉၇၀ ပြည့်နှစ် အောက်တိုဘာလတွင် စတင်တည်ဆောက်ရာ ၁၉၇၂ ခုနှစ် ဇူလိုင်လတွင် ပြီးစီးသည်။ ထို့အတူ အခြောကိုင်စက်ရုံကို ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလတွင် စတင်တည်ဆောက်၍ ၁၉၇၂ ခု အောက်တိုဘာလတွင် ပြီးစီးသည်။

စက်များ၏ သတ်မှတ်စွမ်းအားမှာ တစ်နေ့လျှင် အလုပ်ချိန် ၈ နာရီရှိသော အလုပ်ဆိုင်းနှစ်ဆိုင်းဖြင့် တစ်နှစ်လျှင် ပျမ်းမျှ ၂၄၀ ရက် လုပ်ကိုင်ပါက ချည်မျှင်ညှိကိုက် (၁/၃၀ ပျမ်းမျှ) ပေါင်ချိန် ၂.၉ သန်း၊ ရက်ထည်ပိတ်ညှိကိုက် ၈.၃ သန်း၊ ချည်ချော (အဖြူ/ဆွေးစို) ပေါင်ချိန် ၁၀.၄ သန်းနှင့် အထည်အခြောကိုက် ၁၃.၀ သန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ဝါလေချည်မျှင်ဆွဲစက်ရုံကို ပြည်တွင်းချည်မျှင်နှင့် အထည်စက်များမှ ထွက်ရှိသော ဝါလေများနှင့် စွပ်ကျယ် ဖြတ်စည်ပစ်များကို ကုန်ကြမ်းအဖြစ် အသုံးပြု၍ ၁/၁ ချည်ထုတ်လုပ်ရန် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ခြင်း ဖြစ်သည်။ ၁/၁ ချည်သည် ချည်ပွစောင်ထုတ်လုပ်ရာတွင် ကုန်ကြမ်းအဖြစ် အသုံးပြုနိုင်သည်။

ဝါလေချည်မျှင်ဆွဲစက်ရုံကို ရန်ကုန်တိုင်း၊ သဃ်ိန်းကျွန်းမြို့နယ်၊ လှတ်လပ်ရေးလမ်းတွင် တည်ဆောက်သည်။ လုပ်ငန်းသဘာဝချင်း တူညီသော ချည်မျှင် စက်ရုံ အမှတ် ၁ တွင် ပူးပေါင်း တည်ဆောက်ထားခြင်းဖြစ်သည်။ စက်ရုံ တည်ဆောက်ရေးအတွက် ၁၉၆၆ ခုနှစ်

၁။ အထည်အလိပ်လုပ်ငန်းဆိုင်း၊ စာ ၁၈၆
၂။ အထည်အလိပ်လုပ်ငန်းဆိုင်း၊ စာ ၁၈၈
၃။ အထည်အလိပ်လုပ်ငန်းဆိုင်း၊ စာ ၁၈၇-၈၉
၄။ အထည်အလိပ်လုပ်ငန်းဆိုင်း၊ စာ ၁၈၅

အောက်တိုဘာလတွင် နိုင်ငံတကာသို့ တင်ဒါခေါ်ယူပြီး စက်အားလုံးကို ပိုလန်နိုင်ငံမှ ဝယ်ယူခဲ့သည်။ စက်ရုံအဆောက်အအုံကို ၁၉၆၈ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ပိုလန်နိုင်ငံ Metal Export Co. မှ စက်ပစ္စည်းများကို ထယ်ယူရန် စာချုပ် ချုပ်ဆိုခဲ့သည်။ စက်များကို ၁၉၇၁ ခုနှစ် ဧပြီလတွင် စတင်တပ်ဆင်ကာ နိုဝင်ဘာလတွင် စမ်းသပ်လည်ပတ်သည်။ ပုံမှန်စက်လည်ပတ်မှုကို ၁၉၇၂ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် စတင်ပြုလုပ်၍ ၁/၁ ချည်အခင်(ဝါလေ)များကို ထုတ်လုပ်သည်။ ရစ်တိုင် ၃၈၄ ရှိသော ဝါလေချည်မျှင်စက်ရုံ၏ ရင်းနှီးမြှုပ်နှံမှုသည် ကျပ်သန်းပေါင်း ၂.၄၄ ဖြစ်၏။[၁] စက်ရုံ၏ သတ်မှတ်ကုန်ထုတ် စွမ်းအားသည် ဝါလေချည်ပေါင်ချိန် ၁၀ သိန်းဖြစ်သည်။[၂]

မြန်မာနိုင်ငံတွင် တော်လှန်ရေး ကောင်စီအစိုးရ မတက်မီကာလအထိ နှစ်ပင်လိမ်အုန်းဆံကြိုးစက်ဟူ၍ မရှိဘဲ အိမ်တွင်း လက်မှလုပ်ငန်းများမှ လက်ဖြင့် ကျစ်သော နှစ်ပင်လိမ်အုန်းဆံကြိုးသာ ရှိခဲ့သည်။ ထိုနှစ်ပင်လိမ်အုန်းဆံကြိုးများသည် အမျိုးအစား အရည်အသွေးနိမ့်ကျသောကြောင့် ဆီဝိမ်အုန်းဆံကြိုးများ ထုတ်လုပ်ဆုတွင် အူစာကြိုးအဖြစ်သာ အသုံးပြု နိုင်ခဲ့သည်။ လွန်းကြိုးအဖြစ် အသုံးပြုမည်ဆိုလျှင် ခိုင်အား လျော့နည်းပြီး စံချိန်မမီသည့်အတွက် ထိုအချိန်က ဆီဝိမ်အုန်းဆံကြိုးများ ကျစ်ရန်လိုအပ်သော နှစ်ပင်လိမ် အုန်းဆံကြိုးများကို ပြည်ပမှ မှာယူတင်သွင်းခဲ့ ရသည်။ အများအားဖြင့် အိန္ဒိယနိုင်ငံ ကိုချင်းပြည်နယ်မှ ဝယ်ယူခဲ့သည်။[၃]

တော်လှန်ရေးအစိုးရ မတက်မီ ဆီဝိမ်အုန်းဆံကြိုး စက်ရုံ ၁၆ ရုံရှိခဲ့သည်။ တော်လှန်ရေးအစိုးရတက်ပြီးနောက် ၎င်းကြိုးစက်များအနက် ၁၉၆၈ ခုနှစ်တွင် ပဝေးကြိုးစက်နှင့် အင်ဒိုးမား ကြိုးစက်ကိုလည်းကောင်း၊ ၁၉၇၂ ခုနှစ်တွင် အဇစ်ကြိုးစက်၊ ဟာကင်ဆပ်ကြိုးစက်နှင့် ဖျံတံဆိပ် ကြိုးစက်တို့ကိုလည်းကောင်း ပြည်သူပိုင် ပြုလုပ်သည်။

တော်လှန်ရေး အစိုးရတက်ပြီးနောက်ပိုင်းတွင် ပြည်ပမှ နှစ်ပင်လိမ် အုန်းဆံကြိုးများ ထင်သွင်းနေရသည်ကို အစားထိုး သုံးစွဲနိုင်ရန် စက်မှုလက်မှ တိုးခဲ့ လုပ်ကိုင်ရေး ကော်ပိုရေးရှင်း လက်အောက်ရှိ အသေးစားစက်မှုလက်မှု လုပ်ငန်းမှ အုန်းဆံကြိုးကျစ် လုပ်သည့်စက်ရုံ ၅ ရုံကို

၁။ အထည်အလိပ်လုပ်ငန်းသမိုင်း၊ စာ ၁၂၁-၂၂
၂။ စက်မှုဝန်ကြီးဌာနသမိုင်းအကျဉ်းချုပ်၊ အတွဲ ၇၊ စာ ၁၁၂
၃။ မြန်မာ့ဂုန်ထွေ်သမိုင်း၊ စာ ၁၄၃

အုန်းခွံ ပေါများစွာ ရနိုင်သောဒေသများဖြစ်သည့် မွန်ပြည်နယ် မော်လမြိုင်မြို့၌ ၁၉၆၉ ခုနှစ် တွင်လည်းကောင်း၊ ရခိုင်ပြည်နယ် သံတွဲမြို့နှင့် တနင်္သာရီတိုင်း မြိတ်မြို့တို့တွင် ၁၉၇၀ ပြည့်နှစ်၌ လည်းကောင်း၊ တနင်္သာရီတိုင်း ထားဝယ်မြို့နှင့် ရခိုင်ပြည်နယ် ဂျင်္ကြိုတို့တွင် ၁၉၇၁ ခုနှစ်၌ လည်းကောင်း အသီးသီး တည်ဆောက်သည်။ ထိုသို့ အုန်းဆံကြိုး စက်ရုံများ တည်ဆောက်ခြင်း ဖြင့် နိုင်ငံခြား ငွေကုန်ကျမှု သက်သာခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ခြင်း၊ ဒေသခံများနှင့်တကွ လုပ်သားများ အလုပ်အကိုင် ရရှိစေခြင်း စသည့် အကျိုးထူးများကို ရရှိစေသည်။ အထက်ပါ နှစ်ပင်လိမ်အုန်းဆံကြိုးစက်ရုံငယ် ၅ ရုံတွင် စက်ရုံတစ်ခုလျှင် ပျမ်းမျှ တစ်နှစ်လျှင် အုန်းဆံကြိုး ပိဿာ ၁၆၀၀၀ ထုတ်လုပ်နိုင်သဖြင့် စက်ရုံ ၅ ရုံမှ တစ်နှစ်လျှင် ပျမ်းမျှ စုစုပေါင်း ထုတ်လုပ် စွမ်းအားမှာ ပိဿာ ၈၀၀၀၀ မျှ ရှိသည်။

ဖော်ပြပါ နှစ်ပင်လိမ် အုန်းဆံကြိုး စက်ရုံငယ်များအနက် မော်လမြိုင် စက်ရုံခွဲသည့် မွန်ပြည်နယ် မော်လမြိုင် မုပွန်ရပ်တွင် တည်ရှိသည်။ ၁၉၆၉ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် စတင် တည်ဆောက်၍ ၁၉၇၀ ပြည့်နှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ပြီးစီးသည်။ ထိုစက်ရုံမီးကင်းကို ၁၉၇၃ ခုနှစ်အထိ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း အသေးစား စက်မှု လုပ်ငန်းမှ ကြီးကြပ်ကွပ်ကဲခဲ့သည်။ စက်ရုံ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ကျပ် ၇၀၄၀၁၀ဖြစ်၏။ စက်စွမ်းအားမှာ တစ်နေ့လျှင် အလုပ်ချိန် ၈ နာရီတစ်ဆိုင်းဖြင့် တစ်နှစ်လျှင် နှစ်ပင်လိမ်အုန်းဆံ ကြိုး ၁၆၉၀၀ ပိဿာ ထုတ်လုပ်နိုင်သည်။ ဝန်ထမ်းအင်အား သုံးဆယ်ခန့်ဖြင့် လည်ပတ် ထုတ်လုပ်သော စက်ရုံဖြစ်သည်။[၁]

မော်လမြိုင် အုန်းဆံကြိုးစက်ရုံ အပြီးတွင် ဆက်လက် တည်ဆောက်ခဲ့သော သံတွဲ စက်ရုံခွဲသည် ရခိုင်ပြည်နယ် သံတွဲမြို့နယ် လုံးသာရွာတွင် တည်ရှိသည်။ စက်ရုံကို ၁၉၇၀ ပြည့်နှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် စတင် တည်ဆောက်၍ ၁၉၇၁ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက် နေ့တွင် ပြီးစီးသည်။ စက်ရုံစီမံကိန်းကို ၁၉၇၃ ခုနှစ်ထိ စတလက အသေးစား စက်မှုလုပ်ငန်းမှ ကြီးကြပ်သည်။ စက်ရုံအတွက် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ကျပ် ၁၂၆၂၀၅၀ ဖြစ်၏။ စက်စွမ်းအားမှာ တစ်နေ့အလုပ်ချိန် ၈ နာရီ အလုပ်ဆိုင်း နှစ်ဆိုင်းဖြင့် တစ်နေ့လျှင် နှစ်ပင်လိမ် အုန်းဆံကြိုး ၃၄၀၀၀ ပိဿာ ထုတ်လုပ်နိုင်သည်။ ဝန်ထမ်းအင်အား ၂၀ ခန့်ဖြင့် စတင် လုပ်ဆောင်သည်။[၂]

၁။ မြန်မာ့ကုန်လျှော်သမိုင်း၊ စာ ၁၄၄
၂။ မြန်မာ့ကုန်လျှော်သမိုင်း၊ စာ ၁၅၅-၁၅၇
၃။ မြန်မာ့ကုန်လျှော်သမိုင်း၊ စာ ၁၅၁ ၁၅၂

ထိုနှစ်ထဲမှာပင် တည်ဆောက်သော မြိတ်စက်ရုံခွဲသည် တနင်္သာရီတိုင်း မြိတ်မြို့၊ ရေပုံးရပ်တွင် တည်ရှိသည်။ စက်ရုံကို ၁၉၇၁ ပြည့်နှစ် အောက်တိုဘာလတွင် စတင်တည်ဆောက်၍ ၁၉၇၂ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ပြီးစီးသည်။ စက်ရုံစီမံကိန်းကို ၁၉၇၃ ခုနှစ်ထိ စတလက အသေးစား စက်မှုလုပ်ငန်းမှ ကြီးကြပ်သည်။ စက်ရုံ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ၄၇၁၀၂၀ ကျပ်ဖြစ်၏။ စက်ခွဲ၏ ကုန်ထုတ်လုပ်စွမ်းအားမှာ တစ်နေ့ အလုပ်ချိန် ၈ နာရီတစ်ဆိုင်းဖြင့် တစ်နှစ်လျှင် နှစ်ပင်လိမ် အုန်းဆံကြိုး ၁၆၉၀၀ ပိဿာ ထုတ်လုပ်နိုင်သည်။ လုပ်ငန်းကို ဝန်ထမ်းအင်အား ၁၈ ယောက်ခန့်ဖြင့် စတင်ခဲ့သည်။[၁]

ဖော်ပြပါ စက်ရုံ ၃ ရုံကို တည်ဆောက်ပြီးနောက် တနင်္သာရီတိုင်း ထားဝယ်မြို့၊ မျောစောဝ ရပ်တွင် အုန်းဆံကြိုး စက်ရုံငယ် တစ်ခုဖြစ်သည့် ထားဝယ်စက်ရုံခွဲကို ၁၉၇၁ ခုနှစ် ဧပြီ ၁ ရက်နေ့တွင် ဆက်လက် တည်ဆောက်ခဲ့ရာ ၁၉၇၂ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ပြီးစီးခဲ့သည်။ စက်ရုံ စီမံကိန်းကို ၁၉၇၃ ခုနှစ်ထိ စတလက အသေးစား စက်မှုလုပ်ငန်းမှ ကြီးကြပ်သည်။ စက်ရုံ၏ ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်မှာ ၅၃၁၁၀၀ ကျပ်ဖြစ်သည်။ စက်စွမ်းအားမှာ တစ်နေ့လျှင် အလုပ်ချိန် ၈ နာရီတစ်ဆိုင်းဖြင့် တစ်နှစ်လျှင် နှစ်ပင်လိမ် အုန်းဆံကြိုး ၁၆၉၀၀ ပိဿာ ထုတ်လုပ်နိုင်စွမ်းရှိသည်။ လုပ်ငန်းကို လုပ်သားအင်အား ၂၈ ယောက်ဖြင့် လုပ်ဆောင်လည်ပတ်သည်။[၂]

ထားဝယ်စက်ရုံ တည်ဆောက်သည့် ၁၉၇၁ ခုနှစ်တွင်ပင် အုန်းဆံကြိုးစက်ရုံငယ်တစ်ခု ဖြစ်သော ၇ စက်ရုံခွဲကို ရခိုင်ပြည်နယ် ဂွမ်မြိုနယ်၊ ကင်းရုံးရပ်တွင် တည်ဆောက်ပြန်သည်။ စက်ရုံကို ၁၉၇၂ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် စတင် တည်ဆောက်သည်။ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ပြီးစီးသည်။ ထိုစက်ရုံ စီမံကိန်းကို ၁၉၇၃ ခုနှစ်အထိ စက်မှုလက်မှုထိုးခြဲလုပ်ကိုင်ရေး ကော်ပိုရေးရှင်း အသေးစားစက်မှု လုပ်ငန်းမှ ကြီးကြပ်ကွပ်ကဲသည်။ စက်စွမ်းအားမှာ တစ်နေ့ အလုပ်ချိန် ၈ နာရီတစ်ဆိုင်းဖြင့် တစ်နှစ်လျှင် နှစ်ပင်လိမ် အုန်းဆံကြိုး ၁၆၉၀၀ ပိဿာထုတ်လုပ် နိုင်စွမ်းရှိသည်။ စက်ရုံအတွက် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ကျပ် ၄၇၄၁၁၀ ဖြစ်သည်။ လုပ်သား အင်အား ၁၉ ဦးဖြင့် လုပ်ငန်းလည်ပတ် ထုတ်လုပ်သည်။[၃]

၁။ မြန်မာ့ဂုန်လျှော်သမိုင်း၊ စာ ၁၅၉-၆၁
၂။ မြန်မာ့ဂုန်လျှော်သမိုင်း၊ စာ ၁၅၇-၅၉
၃။ မြန်မာ့ဂုန်လျှော်သမိုင်း၊ စာ ၁၅၂-၅၅

စားကုန်ထုတ်လုပ်ရေး

တော်လှန်ရေးကောင်စီ အစိုးရသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း တစ်ဘက်တွင် လုပ်သားပြည်သူများအတွက် ဝတ်ရေးကိစ္စနှင့်ပတ်သက်၍ ကြောင့်ကြကင်းစေရန် အခါအား လျော်စွာ အထည်စက်ရုံသစ်ကြီးများကို တည်ဆောက်ပေးသကဲ့သို့ အခြားတစ်ဘက်တွင် စားရေးနှင့် ပတ်သက်၍လည်း စက်ရုံ စီမံကိန်းသစ်များကို အကောင်အထည်ဖော် ပေးခဲ့သည်။ ထို့ကြောင့် တော်လှန်ရေး ကောင်စီအစိုးရလက်ထက် ၁၉၆၂ မှ ၁၉၇၂ ခုနှစ်အတွင်း စားကုန်ဆိုင်ရာ စက်ရုံသစ်များ ပေါ်ထွန်းသည်။ အထူးသဖြင့် သကြားစက်များ၊ အရက်ပြန်နှင့်ပုလင်းသွင်းစက်ရုံ၊ စီးကရက်စက်ရုံ အစရှိသည်တို့ ဆင့်ကဲဆင့်ကဲ အကောင်အထည် ပေါ်ခဲ့စေသည်။

ပြည်တွင်း သကြားဖူလုံမှုကို ရှေးရှု၍ ပြည်တော်သာခေတ်ကပင် သကြားစက်များကို တည်ဆောက်ရန် စီမံကိန်းများကို ၁၉၅၂ ခုနှစ်မှစ၍ စတလကမှ တာဝန်ယူ ရေးဆွဲခဲ့ပြီး တစ်နေ့လျှင် ကြံတန်ချိန် ၁၀၀၀ ကြိတ်ဝါးနိုင်သော နမ္မတီး သကြားစက်ကို ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီလတွင် လည်းကောင်း၊ တစ်နေ့လျှင် ကြံတန်ချိန် ၁၅၁၀ ကြိတ်ဝါးနိုင်သော ပျဉ်းမနား သကြားစက်ကိုလည်းကောင်း စတင်တည်ဆောက်ခဲ့ပြီး ၁၉၅၇ ခုနှစ် ဖေဖော်ဝါရီလတွင် သကြား စတင်ထုတ်လုပ်ခဲ့သည်။[၁]

တော်လှန်ရေးကောင်စီ အစိုးရ တက်လာပြီးနောက် ၁၉၆၂ ခုနှစ် ဒီဇင်ဘာလတွင် **ဆားမှော်သကြားစက်**ကို ပြည်သူပိုင် သိမ်းယူရန် စတင်ဆောင်ရွက်ပြီး ၁၉၆၃ ခု ဧပြီလ ၂ ရက်နေ့တွင် စတလကသို့ လွှဲပြောင်းကာ စီမံအုပ်ချုပ်စေခဲ့သည်။[၂]

လယ်ဝေးမြို့ရှိ ပုဂ္ဂလိကပိုင် တစ်နေ့လျှင် ကြံတန်ချိန် ၃၀ ကြိတ်ဝါးနိုင်သော ဒေါင်းကုသလ သကြားစက်ကလေးမှာ ကြွေးမြီမဆပ်နိုင်၍ ၁၉၅၉ ခုနှစ် ဇန်နဝါရီလကပင် နိုင်ငံတော်အစိုးရက ချိပ်ပိတ် သိမ်းယူထားခဲ့သည်။ ၎င်းစက်ကို ၁၉၆၄-၆၅ ခုနှစ်တွင် တောင်ပိုင်းရှမ်းပြည်၊ ညောင်ရွှေမြို့နယ်၊ မိုင်းသောက်ဒေသသို့ ရွှေပြောင်းပြီး သကြားစက်တစ်လုံး တည်ဆောက်ရန် စီစဉ်ခဲ့သည်။[၃]

၁။ ဦးကျော်မြင့်၊ မြန်မာနိုင်ငံသကြားလုပ်ငန်း၊ စာ ၂
၂။ ဦးကျော်မြင့်၊ မြန်မာနိုင်ငံသကြားလုပ်ငန်း၊ စာ ၂
၃။ ဦးကျော်မြင့်၊ မြန်မာနိုင်ငံသကြားလုပ်ငန်း၊ စာ ၃

ယင်းသို့ ပြောင်းလွှဲတည်ဆောက်ရန် စီစဉ်ခဲ့ရသည့် အကြောင်းမှာ အဆိုပါစက်၏ မူလတန်ဖိုးမှာ ကျပ် ၁၁၇၅၀၀ ခန့်သာရှိပြီး ပစ္စည်းတစ်ခုချင်း ဖြုတ်ရောင်းပါက ကျပ်ငွေ ၅၅၀၀၀ သာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ယင်းအခြေအနေအတိုင်းဖြင့် ကြံကြိတ်ဝါးရန် မဖြစ်နိုင်သည့်အတွက် စက်ပစ္စည်း ကိရိယာအချို့ကို ထပ်မံဖြည့်စွက်ပြုပြင်မှသာ ကြိတ်ဝါးနိုင်မည်ဖြစ်သည်ကတစ်ကြောင်း၊ ရှမ်းပြည်နယ် အင်းလေးဒေသအနီး နန်းပန်ဒေသတွင် ကြံမျှားစိုက်ပျိုးအောင်မြင်နေခြင်း၊ ကြံတိုးချဲ့စိုက်ပျိုးနိုင်သည့် မြေဧကများစွာရှိခြင်း၊ လက်ရှိ စိုက်ပျိုးထားသော ကြံ၏ ၅၀ ရာခိုင်နှုန်းမှာလည်း ပျဉ်းမနား၊ ဇေယျဝတီသကြားစက်ဘို့တွင် ကြိတ်ဝါးနေသော စီဘို ၄၁၉ အမျိုးဖြစ်ခြင်း၊ ရှမ်းပြည်ဒေသသို့ သကြားဖြန့်ဖြူးရာတွင် ပြည်မမှ သကြားများမှာ တင်ပို့ပါက သယ်ယူပို့ဆောင်ရေးစရိတ် ကြီးလေးသဖြင့် သကြားဖြန့်ဖြူးရေးတွင် စရိတ်သက်သာရန်နှင့် ဒေသဖွံ့ဖြိုးရေးတွင် အထောက်အကူဖြစ်နိုင်ခြင်း စသည့်အကြောင်းများကြောင့် နန်းပန်ဒေသတွင် သကြားစက်သစ်တစ်လုံး တည်ဆောက်ရန် သင့်လျော်သည့် အလျောက် လယ်ဧကမြို့ရှိ ဒေါင်းကုသလ သကြားစက်ကို ရွှေပြောင်းတည်ဆောက်ကာ ပို့မို့အဆင်ပြေမည်ဟု ယူဆပြီး စက်မှုလက်မှုဌာနမှ ၁၉၆၄ ခု မတ်လတွင် ဒေါင်းကုသလ သကြားစက်ကို ရှမ်းပြည် အင်းလေး နန်းပန်ဒေသသို့ ရွှေ့ခဲ့ခြင်းပင်ဖြစ်သည်။[၁]

ဤသို့ဆုံးဖြတ်သတ်မှတ်ခဲ့ချက်အရ စက်ရုံမြေနေရာကို ညောင်ရွှေနှင့် နန်းပန်ကားလမ်း မိုင်တိုင်အမှတ် ၅ မိုင်၊ ၇ ဖာလုံ၏ အရှေ့ဘက်မြေနေရာကို စက်တည်ဆောက်ရန် ၁၉၆၄ ခုနှစ် မေလတွင် ရွေးချယ်သတ်မှတ်သည်။ စက်ရုံ ပြောင်းရွှေ့တပ်ဆင်ခြင်း လုပ်ငန်းများကို ပျဉ်းမနား သကြားစက်မှ အင်ဂျင်နီယာကြီးများအမှူးပြုသော အဖဲ့မှ ၁၉၆၄-၆၅ ခုနှစ်တွင် စတင်ဆောင်ရွက်သည်။ စက်တည်ဆောက်မှုလုပ်ငန်းများ ၁၉၆၅-၆၆ ခုနှစ်တွင် ပြီးစီးခဲ့သည်။ စက်စွမ်းအားမှာ မူလသိမ်းယူစဉ်က တစ်နေ့လျှင် ကြံတန်ချိန် ၃၀ သာ ကြိတ်ဝါးနိုင်သည်။ မိုင်းသောက်သို့ပြောင်းပြီး **အင်းလေးသကြားစက်**အမည်ဖြင့် ပြန်လည်တပ်ဆင် တည်ဆောက်သောအခါ တစ်နေ့လျှင် ကြံတန်ချိန် ၁၀၀ ကျ ကြိတ်ဝါးနိုင်စွမ်းရှိသည်။[၂]

စက်စမ်းသပ်လည်ပတ်မှုကို ၁၉၆၅-၆၆ ခုနှစ် ကြံရာသီတွင် စတင်ခဲ့သည်။ ၁၉၆၆-၆၇ ခုနှစ်တွင် စတင်ပုံမှန် ထုတ်လုပ်သည်။ စက်ရုံတည်ဆောက် အကောင်အထည်ဖော်ရာတွင် ရင်းနှီး

၁။ ဦးကျော်မြင့်၊ **မြန်မာနိုင်ငံသကြားလုပ်ငန်း**၊ စာ ၉၆-၉၇
၂။ ဦးကျော်မြင့်၊ **မြန်မာနိုင်ငံသကြားလုပ်ငန်း**၊ စာ ၉၈

မြှုပ်နှံခဲ့သည့် ဒွေကြေးပမာဏမှာ နိုင်ငံခြားငွေအပါအဝင် စုစုပေါင်း ကျပ် ၁၂၇၁ သိန်းခန့် ကုန်ကျခဲ့သည်။[၁] စက်ရုံတွင် ကာယ၊ ဉာဏ လုပ်သားပေါင်း ၆၁ ဦးရှိသည်။[၂]

ထိုအတူပင် ပြည်တွင်းသကြား ဖူလုံမှုကို ဆတက်ထမ်းပိုး ရရှိစေရေးနှင့် လုပ်သားများ အလုပ်အကိုင် ရရှိစေရေးတို့ကို အခြေခံထားပြီး သကြားစက်သစ်တစ်လုံး တည်ထောင်နိုင်ရေး အတွက် ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာ့စီးပွားရေး အဖွဲ့တစ်ဖွဲ့သည် တရုတ်ပြည်၊ သမ္မတ နိုင်ငံသို့ သွားရောက်၍ တရုတ်မြန်မာ စီးပွားရေးနှင့် ကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေး သဘောတူ စာချုပ် တစ်ရပ်ကို ချုပ်ဆိုရန် ဆွေးနွေးခဲ့သည်။ ထိုသို့ ဆွေးနွေးရာ၌ မြန်မာဘက်မှ တစ်ရက်လျှင် ကြံတန်ချိန် ၁၅၀၀ ကြိတ်ဝါးနိုင်သော သကြားစက် တစ်လုံး တည်ဆောက်လိုကြောင်း တင်ပြခဲ့သည်။ တရုတ်ဘက်မှ မြန်မာတို့ လိုလားသော စက်အမျိုးအစားမျိုး ဆောက်လုပ်ပေးနိုင်စွမ်း မရှိကြောင်းနှင့် တစ်ရက်လျှင် ကြံတန်ချိန် ၅၀၀ ကြိတ်ဝါးနိုင်သော စက်ငယ် နှစ်လုံးသာ တည်ဆောက် ပေးနိုင်မည်ဖြစ်ကြောင်း တင်ပြသည့်အတိုင်း သဘောတူ ညှိနှိုင်းခဲ့ကြသည်။[၃]

ယင်းသဘောတူညီချက်အရ ၁၉၆၂ ခုနှစ် စက်တင်ဘာလတွင် တရုတ်ကျွမ်းကျင်ပညာရှင်များ အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ပြီး သထုံခရိုင် ဘီးလင်းနှင့် ပြည်ခရိုင် ပေါင်းတည်ဒေသတို့တွင် လေ့လာမှုများ ပြုလုပ်သည်။ စုံစမ်းလေ့လာမှုများ ပြီးစီးသောအခါ တရုတ်ကျွမ်းကျင်သူများက စက်အငယ် ၂ လုံးအစား တစ်ရက်လျှင် တန်ချိန် ၁၀၀၀ ကြိတ်ဝါးနိုင်သော စက် တည်ဆောက်သင့်ကြောင်း အစီရင်ခံသည်။ ထိုအစီရင်ခံချက်အရ သထုံခရိုင် ဘီးလင်းဒေသတွင် တစ်ရက်လျှင် တန်ချိန် ၁၀၀၀ ကြိတ်ဝါးနိုင်သော သကြားစက်သစ်တစ်လုံး တည်ဆောက်ရန် လက်ခံ သဘောတူကြသည်။[၄]

ထိုအချိန်မှစ၍ **ဘီးလင်းသကြားစက်** စိမ်ကိန်းကို တရုတ် မြန်မာ စီးပွားရေးနှင့် ကျွမ်းကျင်မှု ပူးပေါင်း ဆောင်ရွက်ရေး သဘောတူ စာချုပ်များ အကောင်အထည်ဖော်ရေး ဘုတ်အဖွဲ့နှင့် ဆက်သွယ်၍ စတလကမှ တာဝန်ယူ ကြီးကြပ် တည်ဆောက်ခဲ့သည်။

၁။ **စက်မှုခန့်ကြီးဌာနသမိုင်းအကျဉ်းချုပ်၊** အတွဲ ၅၊ စာ ၁၆၁
၂။ ဦးကျော်မြင့်၊ **မြန်မာနိုင်ငံသကြားလုပ်ငန်း၊** စာ ၁၀၇
၃။ ဦးကျော်မြင့်၊ **မြန်မာနိုင်ငံသကြားလုပ်ငန်း၊** စာ ၁၀၁
၄။ ဦးကျော်မြင့်၊ **မြန်မာနိုင်ငံသကြားလုပ်ငန်း၊** စာ ၁၀၁

ဘီးလင်း သကြားစက်ကို မွန်ပြည်နယ်၊ ဘီးလင်းမြို့ ရန်ကုန်-မုတ္တမကားလမ်းနှင့် ဘီးလင်း-နှင်းပုလဲ ကားလမ်းဆုံရာ အရပ်၌ ၁၉၆၅ ခု မတ်လ ၁၀ ရက်နေ့တွင် စတင် အကောင်အထည်ဖော် တည်ဆောက်ခဲ့ရာ ၁၉၆၆ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် တည်ဆောက်မှု လုပ်ငန်းများ အားလုံး ပြီးစီးသည်။ စက်စမ်းသပ် လည်ပတ်မှုကို ၁၉၆၆ ခု မတ်လ ၂၃ ရက်နေ့မှ မေလ ၃ ရက်နေ့အထိ ရက်ပေါင်း ၄၀ ကြာ စမ်းသပ်ကြိတ်ဝါးသည်။ ထိုသို့စမ်းသပ်ကြိတ်ဝါးခဲ့ရာတွင် ကြံတန်ခိုန် ၁၅၁၀၀ ကြိတ်ဝါး၍ သကြားတန်ချိန် ၂၁၅၂ တန် ထုတ်လုပ်နိုင်သဖြင့် သကြား ထွက်နှုန်းမှာ ၇ ရာခိုင်နှုန်းရှိသည်။[၁]

စက်ရုံ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ၁၉၆၆-၆၇ ခုနှစ်ထိ စုစုပေါင်း ငွေကျပ် ၂၃၈.၁၉ သိန်း ထုနှုံးသည်။[၂] စက်ရုံတွင် ကာယ၊ ဥာဏ လုပ်သားပေါင်း ၁၀၉၂ ယောက်ရှိသည်။[၃] စက်ရုံ၏ နှစ်အလိုက် ကုန်ထုတ် လုပ်နိုင်သည့် အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်။[၄]

ခုနှစ်			သကြားအိတ် (တန်)
၁၉၆၅-၆၆	....	....	၉၆၄.၅၂
၁၉၆၆-၆၇	....	....	၆၇၂၉.၄၉
၁၉၆၇-၆၈	....	....	၆၅၇၇.၁၄
၁၉၆၈-၆၉	....	....	၆၂၆၃.၃၀
၁၉၆၉-၇၀	....	....	၆၅၆၅.၃၅
၁၉၇၀-၇၁	....	....	၇၅၄၂.၂၉
၁၉၇၁-၇၂	....	....	၇၆၈၉.၇၇
၁၉၇၂-၇၃	....	....	၈၉၄၀.၉၀

စားသောက်ကုန် ပစ္စည်းများတွင် အရောင်းရ အလွန်တွင်ကျယ်သော ကုန်စည်တစ်မျိုးမှာ စီးကရက်ဖြစ်သည်။ စီးကရက် လုပ်ငန်းကို အစိုးရက ကိုယ်ပိုင် မတည်ထောင်သေးမီအချိန်က

၁။ ဦးကျော်မြင့် မြန်မာနိုင်ငံသကြားလုပ်ငန်း၊ စာ ၁၀၁-၁၀၂

၂။ စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း၊ **ဘီးလင်းသကြားစက်ရုံသမိုင်းအကျဉ်းချုပ်**၊ နေ့ဆက်တွဲ(ခ)

၃။ ဦးကျော်မြင့် မြန်မာနိုင်ငံသကြားလုပ်ငန်း၊ စာ ၁၀၁

၄။ စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း၊ **ဘီးလင်းသကြားစက်ရုံသမိုင်းအကျဉ်းချုပ်**၊ နေ့ဆက်တွဲ(ဃ)

ပြည်ပမှ စီးကရက်၊ စီးကရက်ဆေးနှင့်ဆေးတံသောက်ဆေး အစရှိသည်တို့ကို နှစ်စဉ်အများအပြား မှာယူတင်သွင်းသုံးစွဲခဲ့သည်မှာ ၁၉၆၅-၆၆ ခုနှစ်အထိပင် ဖြစ်သည်။

စီးကရက် လုပ်ငန်းများကို ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များက ၁၉၅၃ ခု နှစ်ဦးပိုင်းလောက်ကစ၍ တည်ထောင်လုပ်ကိုင်သည်။ ထိုစဉ်က ဒဂုံ စီးကရက်ကုမ္ပဏီ၊ နေရှင်နယ် စီးကရက်ကုမ္ပဏီ၊ ဟွီး(စ်) စီးကရက်ကုမ္ပဏီ၊ လူထုစီးကရက်ကုမ္ပဏီဟူ၍ ပုဂ္ဂလိက စီးကရက်လုပ်ငန်းများကို စတင်ထူထောင်ကြသည်။ ထို့နောက် ရွှေနှင်းဆီအင်တာပရိုက်(စ်) လီမိတက်နှင့် ဘားမားတိုဘက်ကိုး ကုမ္ပဏီ၊ လူထု၊ ဟွီး(စ်)၊ နေရှင်နယ် စီးကရက် ဖြန့်ချိရေး ကိုယ်စားလှယ်၏ စီးကရက် လုပ်ငန်း၊ စီးကရက် ဖြန့်ဖြူးရေးဌာနခွဲ (မန္တလေး) ဟူ၍ အပြိုင်အဆိုင်ပေါ်ပေါက်လာသည်။ ထိုပုဂ္ဂလိက ကုမ္ပဏီများသည် ကြောင်နီ၊ ဗွီ၊ ဘားမားစတိတ်၊ နေဗွီကဖ်လန်ဒန်ဂိုးဖလိပ်၊ ဟိုက်ဖိုင်၊ ဖိုက်စတား၊ ရွှေဒင်္ဂါး၊ ၄၄၄၊ ဂိုးစတား စသော စီးကရက်ဘူးခွံနှင့် တံဆိပ်အမျိုးပေါင်း ၄၀ ခန့်ဖြင့် ထုတ်လုပ်ရောင်းချကြသည်။ ယင်းသို့ စီးကရက်များထုတ်လုပ်ခဲ့သော်လည်း ပြည်တွင်း လိုအပ်ချက်ကို ပြည့်ဝအောင် မဖြည့်ဆည်းနိုင်သဖြင့် အထက်တွင် ဖော်ပြသည့်အတိုင်း ပြည်ပမှ တင်သွင်းခဲ့ရသည်။

ဤသို့ အခြေအနေမှာပင် တော်လှန်ရေးကောင်စီ အစိုးရတက်လာပြီးနောက် အထက်ပါ စီးကရက်လုပ်ငန်းများအားလုံးကို ပြည်သူပိုင် သိမ်းယူကာ ၁၉၆၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ပြည်သူ့ စီးကရက် လုပ်ငန်း အုပ်ချုပ်မှု ကော်မတီဟူ၍ ဖွဲ့စည်းပေးလျက် ထိုကော်မတီမှ ကြီးကြပ်ကွပ်ကဲမှုပြုခဲ့သည်။

ပြည်သူပိုင်သိမ်းလိုက်သော ပုဂ္ဂလိက စီးကရက်လုပ်ငန်းများကို အုပ်ချုပ်မှု ကော်မတီအောက်တွင် **ပြည်သူ့ စီးကရက် လုပ်ငန်းစက်ရုံ ၁** ရန်ကုန်မြို့၊ မာတင်ရိပ်သာ၊ ပြည်လမ်း၊ **စက်ရုံ အမှတ် ၂** ရန်ကုန်မြို့ သုခလမ်း ကမာရွတ်နှင့် **စက်ရုံအမှတ် ၃** ကာဝပ်ဂျီ ငါးထပ်ကြီးလမ်းဟူ၍ သတ်မှတ်လုပ်ဆောင်သည်။ စက်ရုံ အမှတ် ၃ သည် စက်ဟောင်းများဖြင့် လည်ပတ်ရ၍ အလေအလွင့်များကာ ကုန်ထုတ်လုပ်မှု ကျဆင်းသည်။ ထို့ကြောင့် ၁၉၆၄ ခုနှစ်တွင် အမှတ် ၃ စက်ရုံကို ဖျက်သိမ်းကာ အသုံးပြုနိုင်သေးသော စက်များကို အမှတ် ၂ စက်ရုံတွင် ပူးပေါင်းတပ်ဆင်ခဲ့သည်။

၁။ ပခုက္ကူစီးကရက်စက်ရုံ တည်ဆောက်ရေးအတွက် စိမံကိန်းရေးရာသုံးသပ်ချက်များ၊ စာ ၄

၂။ ပခုက္ကူစီးကရက်စက်ရုံ တည်ဆောက်ရေးအတွက် စိမံကိန်းရေးရာသုံးသပ်ချက်များ၊ စာ ၃

မူလက အမည်အမျိုးမျိုးဖြင့် စီးကရက် ထုတ်လုပ်နေမှုကိုလည်း မြန်မာ့နည်း မြန်မာ့ဟန် နှင့်လည်းကောင်း၊ ခေတ်ကာလနှင့်လည်းကောင်း လျော်ညီဟပ်စပ်သော အမည်များဖြင့် ပြောင်းလဲ ထုတ်လုပ်သည်။ ထိုသို့ ပြောင်းလဲရာ၌ တော်လှန်ရေးကောင်စီ တက်လာပြီးနောက် တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲများ ကျင်းပပြုလုပ်ခဲ့သော ဒူးယား၊ အုန်းတော၊ ပုပ္ပါး၊ ခပေါင်း သမိုင်းဝင်ဒေသများကို ပြည်သူတို့ အစဉ်အမှတ်ရနေစေရန် မော်ကွန်းတင်သည့် သဘောဖြင့် လည်းကောင်း၊ တောင်သူ လယ်သမား အလုပ်သမားများကို ဂုဏ်ပြုသည့် သဘောဖြင့်လည်းကောင်း အစိုးရ စက်ရုံထုတ် စီးကရက်ဘူးခွံ တံဆိပ်များကို အောက်ပါအတိုင်း ပြောင်းလဲလိုက်သည်။

တံဆိပ်အမည်		စတင်ထုတ်လုပ်သည့်နေ့
ဒူးယား၊ ပရုပ်အေး	....	၂၈ နိုဝင်ဘာ ၁၉၆၄
ခပေါင်း	....	၁၁ ဖေဖော်ဝါရီ ၁၉၆၅
ပုပ္ပါး	....	၁၈ ဖေဖော်ဝါရီ ၁၉၆၅
ဒူးယားအစီခံ....	....	၆ မတ် ၁၉၆၅
လုပ်သား	....	၂၇ ဧပြီ ၁၉၆၅
အုန်းတော	....	၂၆ ဧပြီ ၁၉၆၆

တော်လှန်ရေး အစိုးရ တက်လာပြီးနောက်တွင် နိုင်ငံခြားငွေ ချွေတာပြီး ပြည်တွင်းရှိ စက်မှုလက်မှု လုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှု စွမ်းအားကို နှစ်စဉ် တစ်နှစ်ထက်တစ်နှစ် ပိုမို ထုတ်လုပ်နိုင်ရန် အချိုးကျ စီမံကိန်းချမှတ် ဆောင်ရွက်လာနိုင်သည့်အတွက် ပြည်တွင်းစက်မှု လက်မှု ကုန်ပစ္စည်းများ၏ ထုတ်လုပ်မှုမှာ သိသိသာသာ တိုးတက်လာသည်။ ယင်းတွင် စီးကရက် လုပ်ငန်းလည်း နှစ်စဉ်ကုန်ထုတ်လုပ်မှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမို တိုးတက်လာသဖြင့် ၁၉၆၆-၆၇ ခုနှစ်သို့ ရောက်သောအခါ ပြည်ပမှ စီးကရက် တင်သွင်းမှုကို လုံးဝပိတ်ပင်နိုင်ခဲ့သည်။

ထိုသို့ နှစ်စဉ် ပြည်တွင်း၌ စီးကရက်များကို တစ်နှစ်ထက်တစ်နှစ် တိုး၍ ထုတ်လုပ်ခဲ့သော်လည်း စီးကရက် ထုတ်လုပ်မှု၊ ကုန်ထွက်အနေဖြင့် နှစ်စဉ် ပိုလျှံသည်ဟူ၍ မရှိဘဲ ထုတ်သမျှအားလုံး ဖြန့်ဖြူးရောင်းချနိုင်ခဲ့သည်။

၁။ ပခုက္ကူစီးကရက်စက်ရုံတည်ဆောက်ရေးအတွက် စီမံကိန်းရေးရာသုံးသပ်ချက်များ၊ စာ ၁၃

ထို့ပြင် လက်ရှိ ပြည်သူ့ပိုင်သိမ်းခဲ့သည့်စီးကရက် စက်ရုံများ၏သက်တမ်းမှာလည်း ၁၇နှစ်ကျော်လာ၍ ကုန်ထုတ် စွမ်းအားမှာ မူလ ထုတ်လုပ်နိုင်မှု၏ ၆၀ ရာခိုင်နှုန်းသာထုတ်နိုင်သည်က တစ်ကြောင်း တစ်ဘက်တွင်လည်း စီးကရက်သောက်သုံးမှု အချိုးအစားမှာ လူဦးရေ တိုးတက်နှုန်းအရ တိုးတက် သောက်သုံးမည်ဖြစ်၍ စီးကရက် စက်ရုံများကို တိုးချဲ့ တည်ဆောက်ရန်လိုပေသည်။

သို့ဖြစ်ရာ ထိုအချက်အလက်များအပေါ် ယေဘုယျအခြေခံ၍စီးကရက်စက်ရုံသစ်တစ်လုံး တည်ဆောက် အကောင်အထည်ဖော်ရန် စက်မှုလက်မှ တိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းသည် တင်ဒါမူကြမ်းကို ပြုစုခဲ့ ၍ စက်မှဝန်ကြီးဌာန၏ အတည်ပြုချက်ကိုရယူကာ ၁၉၆၇ ခုနှစ်ဇန်နဝါရီလ ၉ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ တင်ဒါများကို ခေါ်ယူခဲ့သည်။[၁] စီးကရက်စက်ရုံ၏မြေနေရာကိုမူ၊ ပခုက္ကူခရိုင် ပခုက္ကူမြို့ အရှေ့မြောက်ဘက် ပခုက္ကူမှ ရေစကြိုမြို့သို့သွားရာလမ်း၏ လက်ဝဲဘက်ဗဟိုကုန်းတွင်ရှိမြေရိယာ ၉၂.၇၆ ကေကျယ်ဝန်းသောနေရာကိုရွေးချယ်ခဲ့သည်။[၂]

ထိုစဉ်က ပြည်သူ့ စီးကရက် စက်ရုံများမှ နှစ်စဉ်စီးကရက်လိပ်ရေ သန်းပေါင်း ၁၄၀၀ ခန့် ထုတ်လုပ်လျက်ရှိသည်။ နိုင်ငံတော်၏ လူဦးရေ ၂၇ သန်းအတွက်လုံလောက်ပြီဟုမဆိုသာရေ။ ထို့ကြောင့် တိုးချဲ့တည်ဆောက်မည့် ပခုက္ကူ စီးကရက် စက်ရုံအတွက် နောင်အနာဂတ်လိုအပ်ချက်ကို မျှော်မှန်း၍ ကုန်ထုတ်စွမ်းအား တစ်နေ့လျှင် တစ်လည့် စနှစ်ဖြင့် နှစ်စဉ် စီးကရက်လိပ်ရေ ၁၅၀၀ သန်း ထုတ်လုပ်နိုင်မည့်စက်ကို ရွေးချယ်သည်။[၃]

စက်ရုံ တည်ဆောက် အကောင်အထည်ဖော်ရန်အတွက် ရင်းနှီးမြှုပ်နှံရမည့် ခန့်မှန်းကြေငွေလုံးငွေရင်း ကုန်ကျစရိတ်မှာ နိုင်ငံခြားငွေကျပ် ၁၁၅.၃၀ သိန်း အပါအဝင် စုစုပေါင်းငွေကျပ် ၂၃၇.၇၀ သိန်းဖြစ်သည်။

စက်ရုံကို ၁၉၆၇-၆၈ ခုနှစ်တွင် စတင် တည်ဆောက်၍ စက်တပ်ဆင်မှု လုပ်ငန်းများနှင့် စက်စမ်းသပ်လည်ပတ်ကာ ၁၉၇၁-၇၂ ခုနှစ်တွင် စတင်ကုန်ထုတ်လုပ်နိုင်ရန်ရည်မှန်း၍ စီမံကိန်းရေးဆွဲလုပ်ဆောင်သည်။[၄]

၁။ ပခုက္ကူစီးကရက်စက်ရုံတည်ဆောက်ရေးအတွက် စီမံကိန်းရေးရာသုံးသပ်ချက်များ၊ စာ ၄၆
၂။ ပခုက္ကူစီးကရက်စက်ရုံတည်ဆောက်ရေးအတွက် စီမံကိန်းရေးရာသုံးသပ်ချက်များ၊ စာ ၂၈
၃။ ပခုက္ကူစီးကရက်စက်ရုံတည်ဆောက်ရေးအတွက် စီမံကိန်းရေးရာသုံးသပ်ချက်များ၊ စာ ၂၈
၄။ ခုက္ကူစီးကရက်စက်ရုံတည်ဆောက်ရေးအတွက် စီမံကိန်းရေးရာသုံးသပ်ချက်များ၊ စာ ၃၂-၃၃

ပခုက္ကူ စီးကရက် စက်ရုံ စီမံကိန်း အကောင်အထည် မဖော်မီ ရန်ကုန်ရှိ စီးကရက်စက်ရုံ များမှ နှစ်စဉ်အလိုက် ထုတ်လုပ်ခဲ့သည့် စီးကရက် အရေအတွက်မှာ အောက်ပါအတိုင်းဖြစ်သည်။[1]

ခုနှစ်			လိပ်ရေ (သန်းပေါင်း)
၁၉၆၂-၆၃	....	....	၁၀၁၀
၁၉၆၃-၆၄	....	....	၈၇၂
၁၉၆၄-၆၅	....	....	၁၀၁၄
၁၉၆၅-၆၆	....	....	၁၁၉၃
၁၉၆၆-၆၇	....	....	၁၂၉၆
၁၉၆၇-၆၈	....	....	၁၃၉၈
၁၉၆၈-၆၉	....	....	၁၄၇၅

တော်လှန်ရေးကောင်စီသည် ၁၉၆၂ ခု မတ်လ ၂ ရက်နေ့တွင် နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့ပြီးသည့်နောက်၊ နိုင်ငံ၏စီးပွားရေးကဏ္ဍတွင် အရေးကြီးသော **ဆန်စပါးလုပ်ငန်း** ကို ပြည်သူပိုင်လုပ်ငန်းအဖြစ် သတ်မှတ်နိုင်ရန် ကြိုတင်ပြင်ဆင်ခဲ့သည်။ ထို့နောက် ၁၉၆၃ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃ အရ ပြည်ထောင်စု မြန်မာနိုင်ငံ ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ကို ဖွဲ့စည်းသည်။

တော်လှန်ရေးကောင်စီ၏ ၁၉၆၃ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၇ အရ၊ ဆန်စပါးစိုက်ပျိုးသူ တောင်သူလယ်သမားများထံမှ ဝယ်ယူခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ရွှေပြောင်းသယ်ယူခြင်း၊ ကြိတ်ခွဲခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း စသည့် လုပ်ငန်းအဝဝကို တော်လှန်ရေးအစိုးရက တာဝန်ပေးအပ်သည့်ဌာန သို့မဟုတ် အဖွဲ့အစည်းမှတစ်ပါး အခြားမည်သူမျှ လုပ်ကိုင်ခွင့်မရှိကြောင်း ကြေညာခဲ့သည်။ ယင်းကြေညာချက်အရ ဆန်စပါး အပါအဝင် အရေးကြီးသော သီးနှံအချိုကို အစိုးရက တာဝန်ပေးအပ်သော အဖွဲ့အစည်းနှင့် ယင်းအဖွဲ့အစည်း၏ တာဝန်ခံများအား ခရိုင်၊ မြို့နယ်အားလုံးတွင် လုပ်ပိုင်ခွင့် အပ်နှင်းခဲ့သည်။

၁။ ပခုက္ကူစီးကရက်စက်ရုံတည်ဆောက်ရေးအတွက် စီမံကိန်းရေးရာသုံးသပ်ချက်များ၊ စာ ၁၄

ပြည်ထောင်စု မြန်မာနိုင်ငံ ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့သည် ပြည်သူပိုင် ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းကို အစိုးရကိုယ်စား တာဝန်ယူ ဆောင်ရွက်ရသည့် အဖွဲ့အစည်း ဖြစ်သည်။ ထို့ကြောင့် စပါးဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ပြည်တွင်းစားသုံးရန် အဝံ့ကဲ့ တင်ပို့ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်ပသို့ ရောင်းချတင်ပို့ခြင်း စသော လုပ်ငန်းများကို စီမံခန့်ခွဲရသည်။

ဆိုရှယ်လစ် စီးပွားရေးစနစ်အရ၊ ကုန်သွယ်မှုလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်စေရန် တော်လှန်ရေး အစိုးရသည် ၁၉၆၅ ခု အောက်တိုဘာလ ၁၈ ရက်နေ့ဝဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၁ ဖြင့် ပြည်သူ့ပစ္စည်း ကော်ပိုရေးရှင်းကို ဖျက်သိမ်း၍ ၎င်းအစား ၁၉၆၅ ခု ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကုန်သွယ်ရေး ကော်ပိုရေးရှင်း ၂၂ ခုကို ဖွဲ့စည်းခဲ့ရာ ပြည်ထောင်စု မြန်မာနိုင်ငံ ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ကိုလည်း ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ် (၁) အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သည်။

တော်လှန်ရေးကောင်စီခေတ် မတိုင်မီ ၁၉၆၁-၆၂ ခုနှစ်က နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ပိုင် အစိုးရဆန်စက် ၆ စက်ရှိသည်။ တစ်နေ့ ၂၄ နာရီ ကြိတ်ခွဲနိုင်အားရှိသော စက်များဖြစ်သည်။ ထိုသို့ ၂၄ နာရီ ကြိတ်ခွဲအားရှိသော အမေရိကန်ဆန်စက် (ရန်ကုန်) သည် တန် ၆၀ ကျဖြစ်သည်။ ဂျာမန်ဆန်စက် (ရန်ကုန်) သည် တန် ၃၅ တန်ကျ ကြိတ်နိုင်၍ တန် ၁၀၀ ဆန်စက် (ရန်ကုန်) သည် တန် ၁၀၀ ကျ ကြိတ်ခွဲနိုင်သည်။ ဟံသာညွှန့်ဆန်စက် (ရန်ကုန်) သည် တန် ၁၆၀ ကျ၍ ဦးမြဆန်စက် (ရန်ကုန်) သည် တန် ၇၀ ကျ ဂျာမန်ဆန်စက် (ကျောက်ဖြူ) သည် ၃၅ တန်ကျ အသီးသီးဖြစ်ကြသည်။[၁]

ဆန်သည် မြန်မာနိုင်ငံအတွက် အဓိက စားကုန်ဖြစ်သည့်အားလျော်စွာ အဓိက စီးပွားရေးလုပ်ငန်းလည်းဖြစ်သည်။ နိုင်ငံတော်၏ တိုးတက်လာသော လူဦးရေအလိုက် ပြည်တွင်းစားသုံးမှုဖူလုံစေရန်နှင့် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန် ဆန်စပါး ပိုမိုထွက်အောင် တိုးချဲ့စိုက်ပျိုးသကဲ့သို့ အဆင့်မြင့် အရည်အသွေးကောင်းသော ဆန်မျိုးရရှိအောင် ကြိတ်ခွဲရေးကိုလည်း တစ်ဘက်မှ အားသွန်ခွန်စိုက် ပြုပြင်လုပ်ဆောင်ရန် လိုပေသည်။ ထို့ကြောင့် တော်လှန်ရေးကောင်စီ အစိုးရ တက်လာပြီးနောက် အဆင့်အတန်းမြင့်သော ဆန်မျိုး ပိုမိုကြိတ်ခွဲနိုင်ရန် စီစဉ်

၁။ **မြန်မာနိုင်ငံဆန်စပါးထုတ်လုပ်ရောင်းချမှု**၊ စာ ၂၅၆-၂၇

ဆောင်ရွက်သည်။ ပဂ္ဂလိက ဆန်စက်များသည် များသောအားဖြင့် အိုမင်းဟောင်းနွမ်းနေကြပြီဖြစ်သည်။ ဆန်လုပ်ငန်းကို အစိုးရက ချုပ်ကိုင် ဆောင်ရွက်လိုက်သောအခါ ပဂ္ဂလိက လုပ်ငန်းပိုင်ရှင်များ၊ ဆန်စက်ပိုင်ရှင်များသည် စက်များကို ပြုပြင်ခြင်း၊ အရင်းအနှီး ထပ်မံ မြှုပ်နှံခြင်း မပြုကြသဖြင့် ကြိတ်ခဲ့ဆန်အထွက်နှုန်း ကျဆင်းကာ အရည်အသွေးပါ ညံ့ဖျင်း လာသည်။ အချို့စက်ပိုင်ရှင်များက အစိုးရစပါးကို နဝလီကြိတ်ခဲ့၍ စက်ကြိတ်ခကို ခံစား ကြသည်။

တော်လှန်ရေးကောင်စီ လက်ထက် ကုန်သွယ်ရေး ကော်ပိုရေးရှင်းအမှာ် (၁) က ဆန်ကြိတ်ခဲ့ရန် ငှားရမ်းသုံးခဲ့သော ဆန်စက်ပေါင်းမှာ ၁၉၆၄-၆၅ ခုနှစ်က ၁၃၁၉ စက်၊ ၁၉၆၅-၆၆ ခုနှစ်တွင် ၁၃၂၅ စက်၊ ၁၉၆၆-၆၇ ခုနှစ်တွင် ၁၀၁၇ စက်ရှိသည်။ ထိုသို့ အစိုးရစပါးကို ကြိတ်ခဲ့ရန် ရွေးချယ် ဘာဝန်ပေးအပ်ခံရသော ဆန်စက်အရေအတွက်သည် ၁၉၆၀-၆၉ ခုနှစ်မှစ၍ တဖြည်းဖြည်း နည်းသွားသည်။ ၁၉၆၀-၆၉ ခုနှစ်တွင် ဂ၂၁ စက်ရှိရာမှ ၁၉၇၃-၇၄ ခုနှစ်တွင် ၆၁၂ စက်သာ ရှိလေသည်။

ထိုသို့ စက်အရေအတွက် လျော့နည်းလာခြင်းသည် ပဂ္ဂလိက စက်ပိုင်ရှင်အချို့က လုပ်ငန်း တွင် စိတ်ပါဝင်စားမှု နည်းလာသဖြင့် ဆန်စက်များကို ဖျက်သိမ်းခြင်း၊ ကြိတ်ခဲ့မှု ရပ်ဆိုင်းခြင်း တို့ကြောင့် ဖြစ်သည်။ ထိုစက်ကြိတ်အင်အားကို အစားထိုးနိုင်ရန်နှင့် ပြည်တွင်းပြည်ပ လိုအပ် ချက်များ ပြည့်မီစေရန် အဆင့်အတန်းမြင့်သော ဆန်များကို ပိုမိုကြိတ်ခဲ့နိုင်ရန် တော်လှန်ရေး ကောင်စီ အစိုးရသည် ပြည်သူပိုင် ဆန်စက်များ တိုးချဲ့တည်ဆောက်သည်။ ထိုသို့ တိုးချဲ့ တည်ဆောက်သော စက်ပေါင်း ၂၉ စက်ရှိသည်။ မူလ ၆ စက်နှင့်သော် ကုန်သွယ်ရေးကော်ပို ရေးရှင်း အမှတ် (၁)ပိုင် အစိုးရဆန်စက်ပေါင်းမှာ ၃၅ စက်ရှိသည်။ တော်လှန်ရေးကောင်စီ ခေတ်တွင် တိုးတက်လာသော အစိုးရပိုင် ဆန်စက်များမှာ အောက်ပါအတိုင်းဖြစ်သည်။[၂]

အမှတ်စဉ်	ဆန်စက်တည်နေရာ			၂၄ နာရီ ကြိတ်ဝါး အင်အား(တန်)	တည်ဆောက်မှု စသောနှစ်	ပြီးသောနှစ်
၁။	ကောလွင်း	....	....	၂၅	၁၉၆၂	၁၉၆၄
၂။	ကလေးဝ	....	....	၂၅	၁၉၆၃	၁၉၆၄

၁။ မြန်မာနိုင်ငံဆန်စပါးထုတ်လုပ်ရောင်းချမှု၊ စာ ၂၆၀
၂။ မြန်မာနိုင်ငံဆန်စပါးထုတ်လုပ်ရောင်းချမှု၊ စာ ၂၅၉-၄၃၄

အမှတ်စဉ်	ဆန်စက်တည်နေရာ	၂၄ နာရီ ကြိတ်ဝါး အင်အား(တန်)	တည်ဆောက်မှု စသောနှစ်	တည်ဆောက်မှု ပြီးသောနှစ်
၃။	ကလေး	၂၅	၁၉၆၅	၁၉၆၇
၄။	ဟုမ္မလင်း	၂၅	၁၉၆၆	၁၉၆၉
၅။	ဖောင်းပြင်	၂၅	၁၉၆၆	၁၉၆၈
၆။	တမူး	၁၅	၁၉၇၂	၁၉၇၃
၇။	ဒုရင်းဗိုလ်	၂၅	၁၉၇၂	၁၉၇၃
၈။	ညောင်လေးပင်	၁၀၀	၁၉၆၀	၁၉၆၁
၉။	ပဲခူး (ကမာနတ်) (ကမာစဲ)	၂၅	....	၁၉၆၄
၁၀။	ပြည်	၁၀၀	၁၉၆၀	၁၉၆၁
၁၁။	ရွှေတောင်	၅၀	၁၉၆၉	၁၉၇၁
၁၂။	အင်းမ	၅၀	၁၉၆၈	၁၉၆၉
၁၃။	ပေါင်းတည်	၁၀၀	၁၉၆၁	၁၉၆၂
၁၄။	ပေါင်းတည် (ပြည်လုံးသြဘာ)	၁၂၀	....	၁၉၆၃ (ကြွေးဖြင့် ခုနှိမ်ဝယ်)
၁၅။	နတ္တလင်း	၁၀၀	၁၉၆၃	၁၉၆၄
၁၆။	စစ်တွေ(၀၁)	၁၀၀	၁၉၆၂	၁၉၆၃
၁၇။	စစ်တွေ(၀၂)	၁၀၀	၁၉၆၂	၁၉၆၅
၁၈။	ဘူးသီးတောင်	၂၅	၁၉၆၁	၁၉၆၂
၁၉။	ကွင်းချောင်းဆန်စက်	၁၀၀	၁၉၆၁	၁၉၆၂
၂၀။	သံတွဲ	၂၅	၁၉၆၁	၁၉၆၂
၂၁။	ပုသိမ်	၁၀၀	၁၉၆၃	၁၉၆၆
၂၂။	မြောင်းမြ	၁၀၀	၁၉၆၂	၁၉၆၂
၂၃။	ဘိုကလေး	၁၀၀	၁၉၆၂	၁၉၆၃

အမှတ်စဉ်	ဆန်စက်တည်နေရာ		၂၄ နာရီ ကြိတ်ဝါး အင်အား (တန်)	တည်ဆောက်မှု စသောနှစ်	ပြီးသောနှစ်
၂၄။	မော်လမြိုင်ကျွန်း	....	၁၀၀	၁၉၆၂	၁၉၆၅
၂၅။	ဘားအံ	....	၂၅	၁၉၆၄	၁၉၆၅
၂၆။	လွိုင်ကော်	....	၂၅	၁၉၆၇	၁၉၆၇
၂၇။	ညောင်လေးပင်	....	၁၅	....	၁၉၇၃ (ကြေးဖြင့်ခုနှိမ်ယူ)
၂၈။	သင်္ကန်းကျွန်း (ဘီ၊တီ၊အက်ဖ်)		၆၀	....	၁၉၆၈ (ပြည်သူပိုင်သိမ်း)
၂၉။	မောင်းတော	....	၁၈	၁၉၆၃	၁၉၆၃

ထိုသို့ ပြည်သူပိုင် ဆန်စက်များကို တိုးတက်တည်ဆောက်ခဲ့သဖြင့် ပြည်တွင်း ဆန်စားသုံးမှုကို မြေလည်ပြည့်ဝစေခြင်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချရန် အရည်အသွေးကောင်းမွန်သော ဆန်မြင့်ဆန်များ ထုတ်လုပ်နိုင်ခြင်းတို့သာမက ပြည်တွင်း စားသုံးဆီ လိုအပ်ချက်ကို တစ်စိတ်တစ်ဒေသဖြည့်ဆည်းပေးနိုင်ရန် ဖဲနှဆီစက်များ တည်ထောင်လည်ပတ် ထုတ်လုပ်ရေးကိုလည်း အထောက်အကူပြုသည်။ ဆန်ကြိတ်ခဲ့ရာမှ ဘေးထွက်ပစ္စည်းဖြစ်သော ဖဲနှသည် ဖဲနှဆီစက်များအတွက် စက်မှုကုန်ကြမ်းဖြစ်၏။ ထို့အတူ ဆန်ကဲ့၊ နွားစားဖဲ့ စသည်တို့သည် နိုင်ငံအတွင်း လိုအပ်သော မွေးမြူရေးလုပ်ငန်းများကို ထောက်ကူဖွံ့ဖြိုးစေသဖြင့် ပြည်သူတို့၏ စားဝတ်နေရေးကို အပြန်အလှန် အကျိုးပြုကြသည်။

စားသုံးဆီသည် မြန်မာလူမျိုးများအတွက် မရှိမဖြစ် အရေးပါသော စားကုန်ဖြစ်သည်။ နှစ်စဉ် တိုးတက်လာသော လူဦးရေနှင့် စားသုံးနှုန်းများအရ လိုအပ်သည့် စားသုံးဆီများကို ထုတ်လုပ်ရန် ဆီထုတ်လုပ်နိုင်သော လယ်ယာထွက် သီးနှံများအနက် စီးပွားရေးတွက်ခြေကိုက်သည့် မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာ၊ ဝါစေ့နှင့် ပြောင်းတို့ကို တိုးချဲ့စိုက်ပျိုးပြီး စားသုံးဆီထုတ်လုပ်ရန် စီမံဆောင်ရွက်သည်။ ပဲပုပ်စေ့နှင့် ဆီအုန်းတို့မှလည်း စားသုံးဆီထုတ်လုပ်ရန်

ကြိုးပမ်းသည်။ ထို့ပြင် ဖွဲ့နုမှလည်း ဖွဲ့နုစားဆီကို ထုတ်လုပ်သည်။ ဆန်စပါး စိုက်ပျိုးရေးနိုင်ငံ ဖြစ်သော မြန်မာနိုင်ငံအဖို့မူ ဖွဲ့နုဆီ ထုတ်လုပ်မှုသည် စီးပွားရေးတွက်ခြေကိုက်၍ အကျိုးရှိသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ဆန်ကို စားသုံးနေသမျှ၊ ဆန်စက်များ တည်ရှိနေသမျှကာလပတ်လုံး အဓိကကုန်ကြမ်း ဖြစ်သော ဖွဲ့နုအတွက် အခက်အခဲ ရှိမည် မဟုတ်ပေ။

အရှေ့တောင်အာရှနိုင်ငံများအနက် မြန်မာနိုင်ငံသည် ဖွဲ့နုကို ဓာတ်ပြန်ဆီနှင့် ရောနှောရှိ ဖွဲ့နုဆီကြမ်း ထုတ်လုပ်သည့် စနစ်ကို စတင်ဆောင်ရွက်သည့် နိုင်ငံဖြစ်သည်။[၁] ပြန်လည်ထူထောင်ရေးကာလ ပြည်တော်သာ စက်မှု စီမံကိန်းများ အကောင်အထည်ဖော်ရန် ကြိုးပမ်းစဉ်ကပင် ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့ သုတေသနအဖွဲ့သည် ဓာတ်ပြန်ဆီဖြင့် ဖွဲ့နုမှ ဆီထုတ်လုပ်သည့် စနစ်ကို စမ်းသပ် သုတေသန ပြုလုပ်ခဲ့သည်။ ရှေ့ပြေးစမ်းသပ်မှုကို ၁၉၅၅ ခုနှစ်တွင် ဆောင်ရွက်ခဲ့ရာ အမေရိကန်နိုင်ငံအားမားသုတေသန အဖွဲ့အစည်းမှ အတိုင်ပင်ခံ ပုဂ္ဂိုလ်များ၏ အကူအညီကိုရယူခဲ့သည်။ ပုဂ္ဂလိက လုပ်ငန်းရှင်တစ်ဦးက ၁၉၅၇ ခုနှစ်တွင် **ဖွဲ့နုဆီထုတ်လုပ်မှု လုပ်ငန်း**ကို စတင်ဆောင်ရွက်ရာအောင်မြင်သဖြင့် အခြားပုဂ္ဂိုလ်များကပါ ဖွဲ့နုဆီစက်လုပ်ငန်းကို စီးပွားရေး လုပ်ငန်းတစ်ရပ်အဖြစ် တည်ထောင်လာကြသည်။ မြန်မာနိုင်ငံတွင် ဖွဲ့နုမှ စားသုံးဆီ ထုတ်လုပ်မှုကို စီးပွားရေး လုပ်ငန်းအဖြစ် ပုဂ္ဂလိက လုပ်ငန်းရှင်များက စတင်ခဲ့သည်ဟု ဆိုရပေမည်။

စက်မှုလက်မှု ဌာနသည် ၁၉၅၂ ခုနှစ်ခန့်တွင် ဖွဲ့နုမှ ဆီထုတ်လုပ်ခြင်း လုပ်ငန်းကို Colombo Plan ၏အကူအညီဖြင့် လုပ်ကိုင်ရန် ရည်ရွယ်ခဲ့သော်လည်း အကောင်အထည်မပေါ်ခဲ့သဖြင့် ပုဂ္ဂလိက လုပ်ငန်းရှင်များအား လုပ်ကိုင်စေခဲ့ခြင်း ဖြစ်သည်။[၂]

ထို့နောက် ICA အကူအညီဖြင့် နကရဖမှ လုပ်ကိုင်ရန် စီစဉ်ခဲ့သည်။ ထိုစဉ်က ဗဟို သုတေသနတွင်ရှိသော အမေရိကန်လူမျိုး ညွှန်ကြားရေးမှူးချုပ်က ဖွဲ့နုဆီစက် အကြီးစားများ တည်ဆောက်မည့် အစား ဖွဲ့နုအထွက်များသော နေရာအနှံ့အပြားတွင် ဖွဲ့နုဆီစက် အငယ်များ ဆောက်လုပ်သင့်ကြောင်း အကြံပေးချက်အရ ICA ကိုယ်စားလှယ်များက စက်အကြီးများ အစား စက်အငယ်စားများကို တည်ဆောက်ရန် ဆန္ဒပေးကြသည်။ နောက်ပိုင်းတွင် နိုင်ငံတော်

၁။ ဖွဲ့နုဆီစက်ဌာနနှင့် ဆောင်ရွက်နေသောလုပ်ငန်းများ၊ စာ ၁
၂။ ဖွဲ့နုဆီစက်ဌာနနှင့် ဆောင်ရွက်နေသောလုပ်ငန်းများ၊ စာ ၆

ကောက်ပဲသီးနှံ ဆောင်းဝယ်ရေးအဖွဲ့(နကရဖ)သည် ICA အကူအညီ မယူတော့ဘဲ ဖွဲနှုဆီစက် ၁၀ လုံးကို ကုန်ဖြင့် ပေးချေသည့်စနစ် ဖြင့်လည်းကောင်း၊ ဂျပန်စစ်လျော်ကြေးငွေဖြင့် လည်းကောင်း ဝယ်ယူခဲ့သည်။[၁]

ဂျပန်စစ်လျော်ကြေးငွေဖြင့် ဂျပန်ပြည် Boso အမျိုးအစား စက် ၄ လုံး Taiyo အမျိုးအစားစက် ၁ လုံးနှင့် စုဇူကီး Suzuki အမျိုးအစား စက် ၁ လုံးပေါင်း ၆ လုံးကိုလည်းကောင်း၊ ကုန်ဖြင့် ပေးချေသည့် စနစ်ဖြင့် အရှေ့ဂျာမနီမှ စက် ၃ လုံးနှင့် အနောက်ဂျာမနီမှ စက် ၁ လုံး ပေါင်း ၄ လုံးကိုလည်းကောင်း စုစုပေါင်း စက် ၁၀ လုံးကို စတင်ဝယ်ယူသည်။[၂]

အဆိုပါ ဝယ်ယူသော ဖွဲနှုဆီစက် ပစ္စည်းများသည် ၁၉၆၁ ပြည့်နှစ် နောက်ပိုင်းတွင် စတင်ရောက်ရှိလာသည်။ လုပ်ငန်းလုပ်လိုသောပုဂ္ဂလိကလုပ်ငန်းရှင် ၁၁ ဦးကို တင်ဒါစနစ်ဖြင့် ရွေးချယ်ခဲ့သည်။ နကရဖက ဖွဲနှုဆီစက်များကို အပြီးအပိုင် တည်ဆောက်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များအား စက်ကို အငှားဝယ်ယူရေးစနစ် (Hire Purchase) ဖြင့် လွှဲပေးသည်။ ထိုသို့ လွှဲပေးရာ၌ ပထမအရစ် အနေဖြင့် စက်ရုံတန်ဖိုး၏ ၁၅ ရာခိုင်နှုန်းကို ပေးချေစေ၍ ကျန်ငွေကို ၅ ရာခိုင်နှုန်း အတိုးဖြင့် ၁၀ နှစ်အတွင်း နှစ်စဉ် အရစ်ကျဖြင့် အပြီးအပိုင်ပေးဆပ်စေ သောစနစ်ဖြင့် လွှဲပြောင်း ဆောင်းချခြင်း ဖြစ်သည်။

နိုင်ငံတော် ကောက်ပဲသီးနှံ ဆောင်းဝယ်ရေးရုံးတွင် ဖွဲနှုဆီစက် စီမံကိန်း အမည်ဖြင့် ၁၉၆၁ ခုနှစ်တွင် ဖွဲနှု ဆီစက်လုပ်ငန်းများကို ဆောင်ရွက်သော ဌာနခွဲတစ်ခု ဖွင့်လှစ်၍ ဖွဲနှုဆီစက်များ တည်ဆောက်ခြင်း လုပ်ငန်းကို ဆောင်ရွက်သည်။ ဝယ်ယူခဲ့သော ဖွဲနှုဆီစက်တွင် ဆီကြမ်းနှင့် ဆီချောစက်များ အပြည့်အစုံပါပြီးလျှင် Turn Key စနစ်ဖြင့် ဝယ်ခဲ့သော စက်များဖြစ်သည်။ ဖွဲနှုဆီစက် ၁၀ လုံးအနက် ၉ လုံးသည် တစ်နေ့လျှင် ဖွဲနှု ၂၅ တန်ကြိတ်ခွဲနိုင်ပြီး ဆီချောစက်ရုံသည် တစ်နေ့လျှင် ဆီကြမ်း ၆ တန်သန့်စင် နိုင်သည်။ လိုင်မြို့နယ်ရှိ အနောက်ဂျာမနီလုပ်စက်မှာမူ ဆီကြမ်း ထုတ်စက်ပိုင်းတွင် တစ်နေ့လျှင် ဖွဲနှုတန် ၅၀ ကြိတ်ခွဲနိုင်ပြီး ဆီချောပိုင်းတွင် တစ်နေ့လျှင် ဆီကြမ်း ၁၀ တန် သန့်စင်နိုင်သည်။ ထို့ပြင် အဆိုပါ ဖွဲနှုဆီစက် ၁၀ လုံးအနက် ၈ လုံးမှာ ပေါင်းကျစနစ် Batch Type ဖြင့်လည်ပတ်သော စက်များဖြစ်သည်။ ကျန် ၂ လုံးဖြစ်သော ဂျပန်ပြည်လုပ် Suzuki အမျိုးအစားနှင့် အနောက်ဂျာမနီလုပ်

၁။ ဖွဲနှုဆီစက်ဌာနနှင့် ဆောင်ရွက်နေသောလုပ်ငန်းများ။ စာ ၆
၂။ ဖွဲနှုဆီစက်ဌာနနှင့် ဆောင်ရွက်နေသောလုပ်ငန်းများ၊ စာ ၆
ဖွဲနှုဆီစက်ဌာန၏အစီရင်ခံစာ၊ စာ ၉

Schungtung အမျိုးအစားများမှာ ဆက်တိုက်လည်ပတ်သော Continuous Type အမျိုးအစားများ ဖြစ်ကြသည်။[၁]

လိုင်မြို့နယ်ဘင် ၁၉၆၁ ခုနှစ်၌ အနောက်ဂျာမနီလုပ် ဖဲနုဆီစက်ကို စတင် တည်ဆောက်ရာ ၁၉၆၂ ခုနှစ်ဘင်ပြီးစီး၍ စတင်လည်ပတ်သည်။ ထိုဖဲနု ဆီစက်သည်နိုင်ငံပိုင် ဖဲနုဆီစက်များအနက် ပထမဦးဆုံး တည်ဆောက် လည်ပတ်သော စက်ဖြစ်သည်။ မြန်မာပြည် ဖဲနုဆီစက်သမိုင်းတွင်မူ စတုတ္ထမြောက် စက်ဖြစ်သည်။ စက် တည်ဆောက်မှု လုပ်ငန်းပြီးစီးသည့်အခါ မူလစီမံချက်အတိုင်း ပဂ္ဂလိက လုပ်ငန်းရှင်များသို့ အကြွေးစနစ်ဖြင့်လွှဲပြောင်းပေးရာ မြန်မာ့ဖဲနုဆီစက်အမည်ဖြင့် ပဂ္ဂလိကလုပ်ငန်းရှင်များက ၁၉၆၃ ခုနှစ်အတိ လုပ်ကိုင်ခဲ့သည်။ အခြားဖဲနုဆီစက်များကိုလည်း တစ်ချိန်တည်းမှာပင် နကရဖမှ တည်ဆောက်သည်။ ဘော်လုန်ရေးကောင်စီက ချမှတ်သောစီးပွားရေးမူဘဒအရ ပဂ္ဂလိကစက်ခွံအလုပ်ခွံများကိုပြည်သူပိုင်ပြုလုပ်သောအခါ ပြည်သူပိုင်သိမ်းဆည်းရေး ဥပဒေအရ ၁၉၆၃ ခုနှစ်ဘင် ဖဲနုဆီစက်များကို ပြည်သူပိုင်ပြုလုပ်ခဲ့သည်။ ပြည်သူပိုင်သိမ်းယူပြီးနောက် လိုင်မြို့နယ်ရှိ ဖဲနုဆီစက်ကို နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့က ပြန်လည်လွှဲပြောင်းယူကာ အမှတ် ၀၁ ဖဲနု ဆီစက် ကမာရွတ် (ယခုလိုင်) အမည်ဖြင့် ဆက်လက် လည်ပတ်သည်။ ကျန်တည်ဆောက်ဆဲ စက်ခွံများအနက် သင်္ကန်းကျွန်းမြို့နယ်ရှိ အမှတ် ၄၂ ဖဲနုဆီစက်ကို ၁၉၆၄ ခုနှစ်ဘင် ဒုတိယမြောက် စက်အဖြစ် တည်ဆောက်ပြီးစီးသည်။ ပြည်သူပိုင် သိမ်းဆည်းရေး ဥပဒေထုတ်ပြန်ပြီး ဖြစ်၍ ယခင်ကကဲ့သို့ ပဂ္ဂလိက လုပ်ငန်းရှင်များသို့ လွှဲပြောင်းခြင်း မပြုတော့ဘဲ နကရဖမှပင် တာဝန်ယူလည်ပတ်သည်။ ကျန်ဖဲနု ဆီစက် ၈ လုံးကိုမူ ၁၉၆၄ ခုနှစ်မှ စ၍ တည်ဆောက်ရာ ၁၉၆၆ ခုနှစ်ဘင် စက်အားလုံး တည်ဆောက်ပြီးစီး၍ လည်ပတ်နိုင်သည်။

ဖဲနုဆီစက်ဌာနကို ၁၉၆၅ ခုနှစ်ကုန်ပိုင်းတွင် ကုန်သွယ်ရေး (၁) မှ ဗဟိုကုန်သွယ်ရေးလက်အောက်သို့ လွှဲပြောင်းလိုက်သည်။ ထို့နောက် ဖဲနုဆီစက်ဌာနသည် ပြည်တွင်းဖြစ်ပစ္စည်းများကို အသုံးပြု၍ ဌာနရှိ ပညာရှင်များဖြင့် ဖဲနုဆီစက်တစ်လုံးကို ကျောက်တန်းမြို့တွင် တည်ဆောက်ရာ ၁၉၆၆ ခု မတ်လ ၃၁ ရက်နေ့တွင် အောင်မြင်ပြီးစီးခဲ့သည်။ ဖဲနုဆီစက်ဌာနမှ ဆောက်လုပ်သော ထိုစက်သည် တစ်နေ့လျှင် ဖဲနု ၁၅ တန်ကြိတ်ခဲ့၍ ဖဲနုဆီကြမ်းထုတ်လုပ်

၁။ ဖဲနုဆီစက်ဌာနနှင့် ဆောင်ရွက်နေသောလုပ်ငန်းများ။ စာ ၇
ဖဲနုဆီစက်ဌာန၏အစီရင်ခံစာ၊ စာ ၉

၂။ ဖဲနုဆီစက်ဌာနနှင့် ဆောင်ရွက်နေသောလုပ်ငန်းများ။ စာ ၈

နိုင်သော စက်ဖြစ်သည်။ ထိုသို့အောင်မြင်သဖြင့် ထပ်မံတာဝန်ပေးပြန်ရာ တစ်နေ့လျှင် ၁၅ ဟန် ကြိတ်ခွဲနိုင်သော ဖွဲနှုဆီစက် ၇ လုံးနှင့် ၂၅ တန်ကြိတ်ခွဲနိုင်သော ဖွဲနှုဆီစက် ၁ လုံး၊ ပေါင်း ၈ လုံးကို ၁၉၆၂ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ၁၀ နှစ်အတွင်း တည်ဆောက်ပြီးစီး လည်ပတ်နိုင်သည်။ ထို့ကြောင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးရုံး (၁) မှ တည်ဆောက်သော ဖွဲနှုဆီစက်ပေါင်းမှာ ၉ စက်ဖြစ်သည်။ ထိုဖွဲနှုဆီစက် ၉ လုံးအနက် မော်လမြိုင်မြို့တွင်ရှိသော Suzuki အမျိုးအစားဆီကြမ်း ထုတ်စက်မှာ အောင်မြင်မှု မရှိ၍ ပိတ်လိုက်ပြီး ဖွဲနှုဆီစက်ဌာနမှ ပြုလုပ်သော တစ်နေ့လျှင် ၂၅ တန်ကြိတ်ခွဲနိုင်သော ဖွဲနှုဆီကြမ်းထုတ် စက်တစ်စက်ဖြင့် အစားထိုးခြင်းလည်း ပါဝင်သည်။ စက်မှုလက်မှုဌာနမှ ပြည်သူပိုင် သိမ်းယူခဲ့သော ဗန္ဓုလ ဖွဲနှုဆီစက်ကို ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ကုန်သွယ်ရေး (၁) က လွှဲပြောင်းရယူပြီး အမှတ် ၁၇ ဖွဲနှုဆီစက်အဖြစ် ဆက်လက် လည်ပတ်သည်။

နိုင်ငံအတွင်း ဆီစားသုံးမှုကို ပြည်တွင်းမှပင် တတ်နိုင်သမျှ ထုတ်လုပ်ရန် ရည်သန်၍ ဖွဲနှုဆီစက်များကို တီထွင် ထုတ်လုပ်ခဲ့ရာ တော်လှန်ရေး ကောင်စီ အစိုးရလက်ထက်တွင် နိုင်ငံပိုင် ဖွဲနှုဆီစက် ၁၉ လုံးရှိခဲ့သည်။ထိုစက်များသည် ကုန်သွယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ် (၁) ပိုင် စက်များဖြစ်ကြသည်။ ဆီကြမ်းထုတ်စက်ရုံနှင့် ဆီချော ထုတ်စက်ရုံတို့ ပြည့်စုံစွာ ရှိသော စက် ၁၁ စက်ရှိသည်။ စက် ၈ ရုံတွင်မူ ဆီကြမ်းထုတ် စက်သာ ရှိသည်။ ထိုစဉ်က ကြီးကြပ်ရေး ကော်မတီက တာဝန်ယူလည်ပတ်နေသော ပုဂ္ဂလိကပိုင်ဖွဲနှုဆီစက်လည်း ၂ စက်ရှိသည်။ ၎င်းတို့မှာ သက်နိုးကျွန်းရှိ အထွေထွေစက်နှင့် ဒေါပုံရှိ စိန်ကျော်စက်တို့ဖြစ်ကြသည်။ ထိုကြီးကြပ်ရေး စက် ၂ လုံးကိုပါ ထည့်သွင်းလျှင် တော်လှန်ရေး ကောင်စီ ကာလတွင်ပြည်သူပိုင် ဖွဲနှုဆီစက် ၂၁ လုံးရှိသည်ဟု ဆိုနိုင်သည်။

ဖွဲနှုဆီစက်များသည် လောင်စာအဖြစ် မီးထိုးဆီနှင့် စပါးခွံကို အသုံးပြုကြသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှုတွင် ကမာရွတ်၊ သက်နိုးကျွန်း၊ အင်းစိန်၊ ပေါင်းတည်၊ ဟသ်ဘ၊ စစ်တွေ၊ လက်ပံတန်း၊ ညောင်လေးပင်၊ ပဲခူးစက်များသည် ကေဗွီအေ ၂၅၀ အသုံးပြုသော စက်များဖြစ်သည်။ မော်လမြိုင်စက်အတွက်မူ ကေဗွီအေ ၂၀၀ လိုသည်။ ကျောက်တန်း၊ ဖျာပုံ၊ ကျိုက်လပ်၊ ဘိုကလေး၊ မြောင်းမြ၊ မော်လမြိုင်ကျွန်း၊ ဇီးကုန်း၊ ဖြူးစက်များသည် ကေဗွီအေ ၁၀၀ သုံးစွဲသည်။ ပုသိမ်စက်သည် ကေဗွီအေ ၄၀၀ လိုသောစက်ဖြစ်သည်။ လိုအပ်သော လျှပ်စစ်ဓာတ်အားကို လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်းမှ ထုတ်လုပ်ပေးသည်။

၁။ ဖွဲနှုဆီစက်ဌာနနှင့် ဆောင်ရွက်နေသောလုပ်ငန်းများ၊ စာ ၈-၉

၂။ ဖွဲနှုဆီစက်ဌာန၏ အစီရင်ခံစာ နောက်ဆက်တွဲ ၂

ဖွဲ့နုဆီစက်များ တည်ရှိရာမြို့များ စတင်တည်ဆောက်သည့်နှစ်၊ စတင်လည်ပတ်ဆုတ်ထုံးသည့်နှစ်များနှင့် မူလတန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

ဖွဲ့နုဆီစက်များ တည်နေရာ	တည်ဆောက်သည့် နှစ်	လည်ပတ်သည့် ခုနှစ်	မူလတန်ဖိုး (ကျပ်သိန်း)
ကမာရွတ် (လှိုင်)	၁၉၆၁-၆၂	၂၁-၃-၆၂	၁၉.၂၁
သင်္ကန်းကျွန်း	၁၉၆၃-၆၄	၃-၂-၆၄	၁၅.၂၀
အင်းစိန်	၁၉၆၃-၆၄	၁၉-၁-၆၄	၁၉.၈၇
ပေါင်းတည်	၁၉၆၃-၆၄	၂၃-၃-၆၄	၁၅.၂၀
ဟင်္သာတ	၁၉၆၂-၆၃	၁၄-၃-၆၄	၁၇.၅၀
စစ်တွေ	၁၉၆၃-၆၄	၂၂-၈-၆၄	၁၈.၂၂
လက်ပံတန်း	၁၉၆၄-၆၅	၅-၁-၆၅	၁၇.၀၁
ညောင်လေးပင်	၁၉၆၂-၆၃	၂၁-၇-၆၅	၁၉.၀၆
ပဲခူး	၁၉၆၅-၆၆	၉-၇-၆၆	၁၇.၆၂
မော်လမြိုင်	၁၉၆၇-၆၈	၂၂-၁-၆၈	၁၂.၉၄
ကျောက်တန်း	၁၉၆၅-၆၆	၃၁-၃-၆၆	၁.၅၆.
ဖျာပုံ	၁၉၆၇-၆၈	၁၉-၂-၆၈	၂.၀၃
ကျိုက်လတ်	၁၉၆၆-၆၇	၁၂-၆-၆၈	၂.၀၂
ဘိုကလေး	၁၉၆၇-၆၈	၃၁-၁-၆၈	၂.၀၀
မြောင်းမြ	၁၉၆၆-၆၇	၃-၇-၆၇	၂.၀၄
မော်လမြိုင်ကျွန်း	၁၉၆၇-၆၈	၁၃-၁-၆၈	၁.၉၇
ပုသိမ်	၁၉၆၂-၆၃	၁-၄-၆၃	၂၃.၀၉
ဒေါပုံ (စိန်ကျော်)	၁၉၅၇	၁-၄-၅၇	ပဋိလိကပိုင်စက်များ
သင်္ကန်းကျွန်း (အထွေထွေ)	၁၉၆၀	၂-၅-၆၁	ကြီးကြပ်ရေး အဖွဲ့ ဖြင့်လည်ပတ်သည်၊

၁။ ဖွဲ့နုဆီစက်ဌာနနှင့် ဆောင်ရွက်သောလုပ်ငန်းများ၊ ပူးတွဲ ၃၊

ဖွဲ့နှုန်းဆိစက်များသည် ပြည်သူလူထု၏ ဆိစားသုံးမှုလိုအပ်ချက်ကို တစ်စိတ်တစ်ဒေသ ဖြည့်ဆည်းပေးခဲ့သည်။ တော်လှန်ရေး ကောင်စီ ကာလအတွင်း စက်ရုံများ၏ ကုန်ကြမ်း သုံးစွဲမှုနှင့် ကုန်ချောထုတ်လုပ်မှုမှာ အောက်ပါအတိုင်းဖြစ်သည်။[၁]

ရေတွက်ပုံ-မက်ထရစ်တန်

ခုနှစ်		ဖွဲ့နှုန်းထုတ်လုပ်မှု	ကြိတ်ခွဲသောဖွဲ့နှုန်
၁၉၆၁-၆၂	....	၃၄၁၄	၇၉၉၈၇
၁၉၆၂-၆၃	....	၃၇၅၂	၈၇၉၁၆
၁၉၆၃-၆၄	....	၃၆၇၅	၈၆၁၂၅
၁၉၆၄-၆၅	....	၉၅၂	၁၀၇၅၃၆
၁၉၆၅-၆၆	....	၆၂၁	၈၀၉၈၈
၁၉၆၆-၆၇	....	၅၁၈	၇၇၉၀၀
၁၉၆၇-၆၈	....	၇၂၇	၂၆၁၅၅
၁၉၆၈-၆၉	....	၂၀၂၄	၆၂၅၂၇
၁၉၆၉-၇၀	....	၂၄၅၂	၆၃၇၀၇
၁၉၇၀-၇၁	....	၂၂၃၉	၈၃၀၀၅
၁၉၇၁-၇၂	....	၂၁၅၄	၈၁၀၃၄
၁၉၇၂-၇၃	....	၅၁၄	၅၅၇၆၈

ဖွဲ့နှုန် ထုတ်လုပ်မှုသည် စက်ရုံများ တည်ဆောက်ပြီးစ နှစ်များတွင် ထုတ်လုပ်မှု အားကောင်းသော်လည်း ၁၉၆၄ ခုမှ ၁၉၆၇ ခုနှစ်များအတွင်း ကုန်ထုတ်လုပ်မှု ကျဆင်း ကြောင်းတွေ့ရသည်။ သို့သော် ၁၉၆၈ ခုနှစ်မှစ၍ ပြန်လည်တိုးတက်လာသည်။ ဖွဲ့နှုန်းစက် များကို စတင်တည်ဆောက်စဉ်က စားသုံးဆီ တစ်မျိုးတည်းကိုသာ ဦးတည်ရည်ရွယ်ခဲ့သော်လည်း နောက်ပိုင်းတွင် ဆီထုတ်ပြီး ဖဲ့ဖတ်များကို ပြည်ပသို့ ဆောင်းချနိုင်ခြင်းဖြင့် နိုင်ငံခြားသုံးငွေ အဝင်ရှိခဲ့သည်။ ထို့ပြင် ဘေးထွက်ပစ္စည်းများဖြစ်သော စက်မှုဆီကြမ်း၊ဖယောင်းကြမ်း ဆပ်ပြာကြမ်း၊ အရောင်ချတ်ဖတ်နှင့် ဖယောင်းခွေတို့ကိုလည်း ပြည်တွင်းထွက် စက်မှုကုန် ကြမ်းများအဖြစ် ထုတ်လုပ်ပေးနိုင်လာသည်။

၁။ ဖွဲ့နှုန်းစက်ဌာနနှင့် ဆောင်ရွက်နေသောလုပ်ငန်းများ၊ ပူးတွဲ ၇-၀

သုံးကုန်ထုတ်လုပ်ရေး

တော်လှန်ရေးကောင်စီ အစိုးရသည် အထက်တွင် တင်ပြခဲ့သည့်အတိုင်း စား၊ ထက်၊ နေရေး အရေး ၃ ပါးအတွက် အခါအားလျော်စွာ စက်ရုံစီမံကိန်းသစ်များကို တိုင်းပြည်၏ လိုအပ်ချက်နှင့်အညီ ဦးစားပေး အစီအစဉ်အရ အကောင်အထည်ဖော်ခဲ့သည်။ ထိုသို့ အကောင်အထည်ဖော်ခဲ့ရာ၌ လုပ်သားပြည်သူ တစ်ရပ်လုံးအတွက် မရှိမဖြစ် ဆော်နှင့်ရင်ပေါင်တန်းကာ လူနေမှုအဆင့်အတန်း တိုးမြင့်လာစေရေးအတွက် လိုအပ်သော လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရန် စီမံကိန်းသစ်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သည်။

ကမ္ဘာ့နိုင်ငံ ကြီးငယ်အများတွင် ပလတ်စတစ် သုံးစွဲမှုသည် အရှိန်အဟုန်မြင့်မားလျက်ရှိသည်။ ပလတ်စတစ်ကို လူသုံးပစ္စည်းများအဖြစ်လည်းကောင်း၊ ပညာရေးဆိုင်ရာ လုပ်ငန်းများတွင်လည်းကောင်း၊ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းများတွင်လည်းကောင်း၊ စက်မှုဆိုင်ရာ လုပ်ငန်းများတွင်လည်းကောင်း၊ ဆေးဘက်ဆိုင်ရာ လုပ်ငန်းများတွင်လည်းကောင်း၊ စစ်ဘက်ဆိုင်ရာ လုပ်ငန်းများတွင်လည်းကောင်း တွင်ကျယ်စွာ သုံးစွဲနေကြပြီဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း **ပလတ်စတစ်စက်ရုံ**များကို ပြည်သူပိုင် စက်ရုံများအဖြစ် တည်ဆောက်သင့်ကြောင်း စဉ်းစားလာကြသည်။

ထိုကဲ့သို့စဉ်းစားနေစဉ်အတွင်းမှာပင် ပလတ်စတစ်စက်ရုံ တစ်ရုံတည်ဆောက်ရန် အကြောင်း ပေါ်ပေါက်လာခဲ့သည်။ တော်လှန်ရေးကောင်စီ အစိုးရသည် နိုင်ငံပိုင် စီးပွားရေးကို တစ်စထက်တစ်စ ကြီးထွားလာစေရန် ပုဂ္ဂလိကပိုင် လုပ်ငန်းများကို ပြည်သူပိုင်ပြုလုပ်သည်။ ထိုအတွင်း ရန်ကုန်မြို့၊ အမှတ် ၆၈၂၊ ကုန်သည်လမ်းနေ ပုဂ္ဂလိက လုပ်ငန်းရှင် တစ်ဦးဖြစ်သူ မစ္စတာရိုင်း အတွက် Burma Economic Development Corporation Centrade Poly Products Ltd. မှဂျပန်စစ်လျော်ကြေး စာချုပ်အမှတ် ၃၉၆၅ ဖြင့် နီချီမင်ကုမ္ပဏီမှတစ်ဆင့် ဝယ်ယူခဲ့သောပလတ်စတစ်ပြားထုတ်လုပ်သည့် စက်တစ်ခု ၁၉၆၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင်ရန်ကုန်ဆိပ်ကမ်းသို့ ရောက်လာသည်။ ပုဂ္ဂလိကပိုင်ရှင် မစ္စတာရိုင်းသည်ယင်းလုပ်ငန်းကို လုပ်ကိုင်ရန်ပျက်ကွက်ခဲ့သဖြင့် ရောက်ရှိလာသည့် ပလတ်စတစ်စက်ကို တော်လှန်ရေးကောင်စီ အစိုးရကပြည်သူပိုင်ပြုလုပ်၍ ပလတ်စတစ်စက်ရုံထူထောင်ရန် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းသို့တာဝန်ပေးခဲ့သည်။[၁]

၁။ ပလတ်စတစ်စက်ရုံအမှတ်(၁)၊ မြောက်ဥက္ကလာ၊ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၅

ဤသို့တာဝန်ပေးခဲ့သည့်အလျောက် စာလကမှ ပလတ်စတစ်စက်ရုံ တည်ဆောက် အကောင်အထည်ဖော်ရေး ကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။ ထိုကော်မတီသည်မြေနေရာများ လေ့လာ၍ နယ်မြေဖွံ့ဖြိုးမှု အစီအစဉ်အရ မြောက်ဥက္ကလာပမြို့သစ်၊ စက်မှုလက်မှုရပ်ကွက်၊ အမှတ် ၁၀၅ မှ ၁၁၁ ထိ မြေအကျယ်အဝန်း စုစုပေါင်း ၂.၄၀ ဧကရှိသော မြေကွက်ကို စက်ရုံ မြေနေရာအဖြစ် ရွေးချယ်ခဲ့သည်။[၁] နောက်ပိုင်းတွင် စက်ရုံ တိုးချဲ့ဆောက်လုပ်ရေး၊ ဝန်ထမ်း အိမ်ရာ ဆောက်လုပ်ရေးတို့အတွက် တိုးချဲ့မြေနေရာများ ရရှိခဲ့သဖြင့် စက်ရုံမြေရိပ်ခြာ အကျယ်အဝန်း စုစုပေါင်းမှာ ၁၂.၈၅ ဧကဖြစ်လာသည်။

လုပ်ငန်း အကောင်အထည်ဖော်မှု အဖွဲ့ငယ်သည် ၁၉၆၃-၆၄ ခုနှစ်မှစ၍ စက်ရုံကို တည်ဆောက် အကောင်အထည်ဖော်ခဲ့ရာ ၁၉၆၅-၆၆ ခုနှစ်တွင် တည်ဆောက်ပြီးစီး၍ ပြည်သူ့ ပလတ်စတစ် စက်ရုံအမည်ဖြင့် စမ်းသပ်လည်ပတ်မှုကို တစ်ပါတည်း ဆောင်ရွက်သည်။ ယင်းသို့ စမ်းသပ် ထုတ်လုပ်နေစဉ် ကာလအတွင်း ၁၉၆၈ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် သက်နိုး ကျွန်းမြို့နယ်၊ ပန္ဓုလ ပလတ်စတစ်လုပ်ငန်းနှင့် ဘိတ်လိုက် စက်မှုလက်မှ ကော်ပိုရေးရှင်းတို့ကို စက်မှုလက်မှုဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁၁၅ အရ ပြည်သူပိုင် ပြုလုပ်ခဲ့သည်။ ၎င်း ပလတ်စတစ်လုပ်ငန်းဟိုမှစက်များကို ပြည်သူ့ပလတ်စတစ်စက်ရုံသို့ ယူဆောင်ကာပူးပေါင်း တပ်ဆင်သည်။

စက်ခုံ၏ ပုံမှန်ကုန်ထုတ်လုပ်မှုကို ၁၉၆၆-၆၇ ခုနှစ်မှစ၍ စတင်ဆောင်ရွက်သည်။ စက် စွမ်းအားသည် စက်ပေးသွင်းသူ၏ မူလသတ်မှတ်ချက်အရသော် တစ်နေ့တစ်ဆိုင်းစနစ်ဖြင့် တစ်နှစ် ထုတ်လုပ်ရက် ၂၅၀ တွင် ပလတ်စတစ်ပြားအမျိုးမျိုး ထုတ်လုပ်မှုစွမ်းအား အမြင့်ဆုံး စံချိန် ၁၀၀,၀၀၀ ကီလို၊ အနိမ့်ဆုံးစံချိန်မှာ ၄၀၁၆၂၅ ကီလို ဖြစ်သည်။[၂]

အဆိုပါစက်ရုံတွင် အဓိကအားဖြင့် ပလတ်စတစ်ပြားများကို အောက်ပါအတိုင်း နှစ်မျိုး နှစ်စားသတ်မှတ်၍ ထုတ်လုပ်သည်။[၃]

Unsupported ပလတ်စတစ်ပြားများ

၁။ ၀.၁ မမ × ၅၄″ (ဖောင်းကြွ)
၂။ ၀.၁၅ မမ × ၅၄″ (ဖောင်းကြွ)

၁။ ပလတ်စတစ်စက်ရုံအမှတ်(၁)၊ မြောက်ဥက္ကလာ၊ စက်မှုလုပ်ငန်းသမိုင်း၊ စာ-၆
၂။ ပလတ်စတစ်စက်ရုံအမှတ်(၁)၊ မြောက်ဥက္ကလာ၊ စက်မှုလုပ်ငန်းသမိုင်း။ စာ-၁၅
၃။ ပလတ်စတစ်စက်ရုံအမှတ်(၁)၊ မြောက်ဥက္ကလာ၊ စက်မှုလုပ်ငန်းသမိုင်း။ စာ-၂၄

၃။ ၀.၁၅ မမ×၅၄" (ပင့်ရိုက်)
၄။ ၀.၂၅ မမ×၅၄" (ပင့်ရိုက်)
၅။ ၀.၁၅ မမ×၅၄" (အကြည်ရောင်)
၆။ ၀.၃ မမ×၄၂" (အကြည်ရောင်)
၇။ ၀.၂၅ မမ×၄၂" (တစ်ဖက်ပြောင်)
၈။ ၀.၂၅ မမ×၂၇" (တစ်ဖက်ပြောင်)

Supported ပလတ်စတစ်ပြဿနာများ

၁။ ၀.၆၅ မမ×၄၂ / ၅၁" သားရေတု
၂။ ၁.၀၀ မမ×၄၀ / ၅၂" စပန်ဂျို

စက်ရုံ၏ ၁၉၆၆ - ၆၇ ခုနှစ်မှ ၁၉၇၁-၇၂ ခုနှစ်ထိ နှစ်အလိုက်ကုန်ထုတ်လုပ်မှု ပမာဏများ အောက်ပါအတိုင်းဖြစ်သည်။

ခုနှစ်	အမှန်ထုတ်လုပ်မှု (ကိလို)	မူလသတ်မှတ်ချက်အပေါ် တွင် ထုတ်လုပ်နိုင်မှု အချိုးရာခိုင်နှုန်း
၁၉၆၆ - ၆၇	၃၀၆၁၀၀.၃	၃၀.၅%
၁၉၆၇ - ၆၈	၂၇၉၄၉၆.၃	၂၇.၀%
၁၉၆၈ - ၆၉	၃၀၀၁၅၁.၅	၃၀.၆%
၁၉၆၉ - ၇၀	၆၀၁၉၀၅.၆	၆၇.၉%
၁၉၇၀ - ၇၁	၉၀၁၆၂၁.၄	၀၉.၀%
၁၉၇၁ - ၇၂	၇၅၁၂၀၁.၄	၇၄.၀%

စက်ရုံ၏ မူလရင်းနှီးမြှုပ်နှံငွေပမာဏမှာ ၁၉၆၅ - ၆၆ ခုနှစ်တွင် ကျပ် ၁.၄၀၄ သန်းခန့် ကုန်ကျ ခဲ့ပြီး ၁၉၇၁-၇၂ ခုနှစ်ထိ ရင်းနှီးမြှုပ်နှံငွေ ပမာဏမှာ ကျပ် ၂.၅၂၆ သန်းထိ တိုးတက် ရင်းနှီးမြှုပ်နှံသည်။ စက်ရုံအတွက်လိုအပ်သော စက်များကို ဂျပန်နိုင်ငံ နိုချီမင်ကုပ္ပဏီလိမိတက်

၁။ ပလတ်စတစ်စက်ဒုံအမှတ် (၁)၊ မြောက်ဥက္ကလာ၊ စာ ၁၆
၂။ ပလတ်စတစ်စက်ခွအမှတ် (၁)၊ မြောက်ဥက္ကလာ၊ စာ ၁၁

မှ ဝယ်ယူ၍ ၁၉၆၆ ခုနှစ်နှင့် ၁၉၆၉ ခုနှစ်များတွင် တပ်ဆင်ခဲ့သည်။ ထိုစက်များတွင် Blender Machine, Warming Roller Machine, Mixing Roller Machine, Cooling Train, Printing Machine, Spreader Machine, Foaming Oven Machine စသည်တို့ပါဝင်သည်။

ပလတ်စတစ်စက်ရုံ အမှတ်(၁)တွင် အဓိကကုန်ကြမ်းဖြစ်သော P V C Resin, Plasticizers, Stabilizers, Pigment, တို့နှင့် အဖြည့်ခံကုန်ကြမ်း Filler တို့လိုသည်။ အဓိကကုန်ကြမ်းများကို နိုင်ငံခြားမှဝယ်ယူရသည်။ Supported ပလတ်စတစ်ပြားထုတ်လုပ်ရန် သွယ်ဝိုက်ပစ္စည်းအဖြစ် နှစ်စဉ်မလကျင်ပိတ် ကိုက်နှစ်သိန်းခန့်လိုသည်။ သားရေတု ပလတ်စတစ်ပြား ထုတ်လုပ်ရာတွင်မူ နှစ်စဉ်ဝပ်ကျယ်ပိတ် ကိုက်တစ်သိန်းလိုသည်။ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်းမှ ရရှိသည်။ လိုအပ်သော ဓာတ်အား အတွက် ၅၀၀ ကေဗွီအေ ၆.၆ ကေဗွီ ၄၄၀ ဗို့ Transformer တပ်ဆင်ထားသည်။ လိုအပ်သော လျှပ်စစ်ဓာတ်အားမှာ ၈၅၈.၆၇ KW ဖြစ်၍ တစ်နေ့လျှင် ၆၈၈၀ ကီလိုဝပ်နာရီ အသုံးပြု၍ ကုန်ထုတ်လုပ်သည်။ စက်ရုံသည် လောင်စာဆီအဖြစ် နှစ်စဉ်မီးထိုးဆီ ဂါလန်ထောင်ပေါင်း ၈၄.၀၊ ဒီဇယ်ဆီ ဂါလန်ထောင်ပေါင်း ၁၀.၄၊ ရေနံဆီ ဂါလန်ထောင်ပေါင်း ၀.၂ နှင့် ဓာတ်ဆီ ဂါလန်ထောင်ပေါင်း ၇.၂ အသုံးပြုသည်။[1]

ပြည်သူ့ပလတ်စတစ် စက်ရုံသည် ၁၉၇၂ ခုနှစ်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနယက်အောက်ရှိ အဖွဲ့အစည်းများကို ကော်ပိုရေးရှင်းနှင့် ဦးစီးဌာနများအဖြစ် ပြင်ဆင်ဖွဲ့စည်းသောအခါ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်းအောက်သို့ ရောက်သွားသည်။

တော်လှန်ရေးကောင်စီကာလ ၁၉၆၈ ခုနှစ် နောက်ပိုင်းတွင် ပြည်သူပိုင် ပလတ်စတစ်စက်ရုံနှစ်ရုံရှိသည်။ ဒုတိယ ပလတ်စတစ် စက်ရုံတစ်ရုံသည် တော်လှန်ရေးကောင်စီ အစိုးရယက်ထက်တိုင် ပလတ်စတစ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်လျက်ရှိသော ပုဂ္ဂလိကပိုင် ပလတ်စတစ်ပစ္စည်း ထုတ်လုပ်ရေး အလုပ်ရုံ ၇ ရုံကို ၁၉၆၈ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ပြည်သူပိုင်သိမ်းရာမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုစက်ရုံများကို စီမံခန့်ခွဲရေး ကော်မတီတစ်ခုဖြင့် ကြီးကြပ် တာဝန်ယူ ဆောင်ရွက်ကာ စက်များကို စုစည်းထားသော စက်ရုံဖြစ်သည်။

၁။ ပလတ်စတစ်စက်ရုံအမှတ်(၁)၊ မြေးကဉ်ကလာ၊ စာ ၂၄-၂၆

ပြည်သူပိုင်သိမ်းယူစက ပလတ်စတစ်စက်ရုံ ၇ ရုံအနက် မောင်စိန်ဘရားသားကို ခေတ္တမေး စီမံခန့်ခွဲရေးကော်မတီ အမှတ်(၁၅)၊ ထွန်းပလတ်စတစ်လုပ်ငန်းနှင့် နယူးလွှေခြသော် ပလတ်စတစ် လုပ်ငန်းကို သတ္တုလုပ်ငန်း စီမံခန့်ခွဲရေး ကော်မတီအမှတ်(၁၆)၊ မြန်မာ့လျှပ်စစ် စက်မှုလက်မှု လုပ်ငန်းကို ခေတ္တမေဒလုပ်ငန်း စီမံခန့်ခွဲရေး ကော်မတီ အမှတ်(၁၇)၊ ပီအိုင်စီ ပလတ်စတစ် လုပ်ငန်း ကော်ပိုရေးရှင်းကို ခေတ္တမေဒလုပ်ငန်း စီမံခန့်ခွဲရေး ကော်မတီ အမှတ် (၁၈) အောင်ပလတ်စတစ်လုပ်ငန်းကို ခေတ္တမေဒလုပ်ငန်း စီမံခန့်ခွဲရေး ကော်မတီအမှတ် (၁၉) သန်း ပလတ်စတစ် လုပ်ငန်းကို ခေတ္တမေဒလုပ်ငန်း စီမံခန့်ခွဲရေး ကော်မတီအမှတ်(၂၀)နှင့် ညွှန်မြင့် စက်မှုလက်မှုလုပ်ငန်း လီမိတက်ကို ခေတ္တမေဒလုပ်ငန်း စီမံခန့်ခွဲရေး ကော်မတီ အမှတ် (၂၁/၂၂) တို့က အသီးသီး စီမံအုပ်ချုပ်သည်။

ဤသို့စီမံခန့်ခွဲရေး ကော်မတီများဖြင့် စုစည်းအုပ်ချုပ်ခဲ့ရာမှ ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ယာယီပို့ဆောင်စည်းပုံအရ ပလတ်စတစ်စက်ရုံ အမှတ်(၂) ဟူ၍ အမည်ပေးကာ စုစည်း တည်ထောင် ထုတ်လုပ်သည်။

စက်ရုံတည်နေရာမှာ ပြည်သူပိုင်သိမ်းခဲ့သည့် စက်များအနက် ယခင် မြန်မာ့လျှပ်စစ် စက်မှုလက်မှုလုပ်ငန်း လီမိတက်တည်ရှိရာ အမှတ် ၁၉/ဘီ ပေါ်တော်မူဘုရားလမ်း သမိုင်းကို ရှေးချယ်၍ လုပ်ငန်းဆက်လက် လုပ်ဆောင်သည်။

ပလတ်စတစ်စက်ရုံ(၂) ရှိစက်များသည် ၁၉၆၈ ခုနှစ် ပြည်သူပိုင်ပြုလုပ်စဉ်က ပါလာသော စက်များဖြစ်သည်။ ထိုစက်များဖြင့်ပင် ဆက်လက်လည်ပတ် ထုတ်လုပ်သည်။ နောက်ပိုင်း ၁၉၇၇ ခုနှစ်တွင်မှ အလိုအလျောက် ထိုးသွင်းပုံသွင်းစက် ၈ လုံး၊ အလိုအလျောက် လေမှုတ်သွင်း စက် ၁လုံးနှင့် ပလတ်စတစ် ကြိတ်ခွဲစက် ၁ လုံးကို နိုင်ငံခြားမှ ဝယ်ယူ ဖြည့်တင်း တပ်ဆင်သည်။[၂]

တော်လှန်ရေးကောင်စီ အစိုးရ လက်ထက်တွင် နိုင်ငံတွင်း လိုအပ်ချက်ကို ဖြည့်ဆည်း နိုင်ရန်နှင့် ပြည်တွင်းမှရရှိသည့် ကုန်ကြမ်းကို အကျိုးရှိစွာ အသုံးချနိုင်ရန်တို့အတွက် စီမံကိန်း များရေးဆွဲ၍ စက်ရုံသစ်များ တည်ဆောက်ခဲ့ရာတွင် **ဆီခဲစက်ရုံ**လည်း တစ်ခုပါဝင်သည်။

၁။ ပလတ်စတစ်စက်ရုံအမှတ်(၂)၊ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၇၈

၂။ ပလတ်စတစ်စက်ရုံအမှတ်(၂)၊ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၂၂

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည့်အလျောက် ဆန်စပါးလုပ်ငန်းမှ ဖွဲနှမြောက်မြားစွာ ထွက်ရှိနေသဖြင့် ဖွဲနှကို ကုန်ကြမ်းအဖြစ်အသုံးပြု၍ စားသုံးဆီထုတ်လုပ်ရန် ဖွဲနှဆီစက်များကို တည်ထောင်ခဲ့သည်။ စားသုံး ဖွဲနှဆီထုတ်လုပ်ရာ၌ လတ်ဆတ်သော ဖွဲနှကို အသုံးပြုရသည်။ အချိန်အားဖြင့် ၇၂ နာရီထက် ကြာမြင့်သွားသော ဖွဲနှသည် ရက်လွန်သွားသောကြောင့် ထုတ်ယူရရှိသည့် ဆီများမှာ အချဉ်ဓာတ်လွန်ကဲပြီး စားသုံးရန် မသင့်လျော်ပေ။ စွန့်ပစ်ရမည့် အခြေအနေတွင် ရှိနေသည်။ သို့ဖြစ်၍ အချဉ်ဓာတ်လွန်ကဲသောဆီများကို အကျိုးဖြစ်ထွန်းစွာ အသုံးချနိုင်ရန် နည်းလမ်းများရှာဖွေ၍ ဖွဲနှဆီခဲစက်တည်ထောင်ရန် စီမံကိန်း ရေးဆွဲခဲ့သည်။

ဖွဲနှဆီခဲသည် နွေစဉ်သုံးအတွက် အလွန်အရေးပါလှသော ဆပ်ပြာချက်လုပ်ရေးလုပ်ငန်းထွင်အသုံးဝင်သည်။ အချဉ်ဓာတ်လွန်ကဲ၍ စားသုံးဆီအဖြစ် ထုတ်လုပ်ရန် မသင့်လျော်တော့သောဖွဲနှကို ဖွဲနှဆီခဲစက်ရုံအတွက် အဓိကကုန်ကြမ်းအဖြစ် အသုံးပြုနိုင်သည်။ ဆပ်ပြာချက်ထုပ်သည့် လုပ်ငန်းများတွင် နိုင်ငံခြားမှ မှာယူတင်သွင်းနေရသော အမဲဆီများအစား စက်ရုံမှ ထွက်ရှိသည့် ဆီခဲများကို အစားထိုး သုံးစွဲခြင်းဖြင့် စွန့်ပစ်ရမည့် ပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုနိုင်သည်။ ထို့ပြင် နိုင်ငံတစ်ဝန်းလုံးရှိ ဆပ်ပြာစက်ရုံများအတွက် ကုန်ကြမ်းအဖြစ် အမဲဆီများကို နိုင်ငံခြားမှ နှစ်စဉ်တန်ချိန် ၈၀၀၀ မှ ၁၀၀၀၀ ထိတင်သွင်းနေရသော အမဲဆီများအတွက် ကုန်ကျမည့် နိုင်ငံခြားငွေ သုံးစွဲမှုကို သက်သာစေသည်။ စက်ရုံစီမံကိန်းကြောင့် ပြည်သူတို့ အလုပ်အကိုင်ရရှိကာ စားဝတ်နေရေး ချောင်လည်ကြမည်ဖြစ်သည်။

ဖွဲနှဆီခဲစက်ရုံသည် ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် ၄ ရပ်ကွက် လှိုင်မြစ်ကမ်းတွင် တည်ရှိသည်။ ရတနာပုံ ဖွဲနှဆီစက်နှင့် ယခင်က အိုဝမ်း ဖွဲနှဆီစက်ဟုခေါ်သော ဖွဲနှဆီစက် (လှိုင်) တို့အကြားတွင် တည်ဆောက်ထားသည်။ ဆီခဲစက်ရုံ တည်နေရာသည် ဖွဲနှဆီစက်နှစ်စက်နှင့် နီးကပ်သဖြင့် စက်ရုံအတွက် စက်မှုဆိုင်ကြမ်းများ အလွယ်တကူ ရယူနိုင်သည်။ ရန်ကုန်မြို့နှင့် မြစ်ဝကျွန်းပေါ် ဒေသရှိ ဖွဲနှဆီစက်များမှ ကုန်ကြမ်းများကို ကုန်းလမ်း၊ ရေလမ်းများမှ အဆင်ပြေစွာ သယ်ယူနိုင်သည်။ စက်ရုံ၏မြေနေရာ အကျယ်အဝန်းမှာ ၁၂.၅၀၄ ကေ ရှိသည်။[၁]

၁။ စက်မှုသုံးဆီစက်ရုံစက်ပူလုပ်ငန်းသမိုင်း၊ စာ ၅-၆

ဖွဲနုဆီခဲစက် စီမံကိန်း အကောင်အထည်ဖော်ရေးအတွက် ၁၉၆၂ ခုနှစ်တွင် အလယ် အမှုဆောင် ကော်မတီနှင့် စက်မှုကျွမ်းကျင်မှု ကော်မတီတို့ကို စတလင်းမြို့ ဖွဲ့စည်းပေးသည်။ စက်ပစ္စည်း ပေးသွင်းရေးအတွက် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူခဲ့ရာ နိုင်ငံပေါင်း ၁၆ နိုင်ငံမှ တင်ဒါများ တင်သွင်းလာသည်။ တင်ဒါရွေးချယ်ရေးအတွက် အလုပ်အမှုဆောင် ကော်မတီနှင့် စက်မှုကျွမ်းကျင်မှု ကော်မတီတို့ ပူးတွဲညှိနှိုင်းရေး အစည်း အဝေးကို ၁၉၆၃ ခု ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပပြီး တင်ဒါရွေးချယ်ရေး ကော်မတီကို ဖွဲ့စည်း ခဲ့သည်။[၁]

တင်ဒါ ရွေးချယ်ရေး ကော်မတီသည် တင်ဒါများကို စိစစ်ရာ စည်းကမ်းနှင့်ညီညွတ်သည့် တင်ဒါ ၅ စောင်ကို ပဏာမလက်ခံကာ အသေးစိတ်လေ့လာမှုနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ပြီး ကုမ္ပဏီ ၃ ခုအား ပဏာမအဆင့်အဖြစ် ရွေးချယ်ပြီး ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။ အပြီးသတ် ရွေးချယ်မှုများကို ၁၉၆၃ ခု မတ်လ ၂၁ ရက်နှင့် ၂၉ ရက်နေ့များတွင် ပြုလုပ်ခဲ့ပြီး တင်ဒါစည်းကမ်း သတ်မှတ်ချက်နှင့် အကိုက်ညီဆုံးဖြစ်သည့် အမေရိကန်ပြည် Wurster & Sanger Inc U.S.A ကို ရွေးချယ်ခဲ့သည်။[၂]

ထိုသို့ ရွေးချယ်ခဲ့ပြီးနောက် စတလကနှင့် အဆိုပါကုမ္ပဏီတို့ စက်ပစ္စည်း ပေးသွင်းရေး စာချုပ်ကို ၁၉၆၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၇.၃၃ သိန်း (မြန်မာငွေကျပ် ၃၄ သိန်းခန့်) ရှိသော ပင်မ စက်ပစ္စည်းများ ဝယ်ယူရန် စာချုပ်ဆိုကြသည်။ ယင်းစာချုပ် ချုပ်ဆိုပြီးနောက် ပထမတွဲဖက်နှင့် အပိုပစ္စည်းများကို အဆိုပါကုမ္ပဏီမှပင် ပထမအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ ၃.၀၆ သိန်း (မြန်မာငွေကျပ် ၁၄.၅၈ သိန်း) ခန့်ကို ၁၉၆၅ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် အမေရိကန် ဒေါ်လာ ၁.၀၂ သိန်း (မြန်မာငွေကျပ် ၄.၉ သိန်း) ခန့်ကို ၁၉၆၆ ခုနှစ် နိုဝင်ဘာလ ၂၃ ရက် နေ့တွင်လည်းကောင်း အသီးသီးထပ်မံ ဝယ်ယူခဲ့သည်။ ၎င်းပြင် စက်ရုံစီမံကိန်းအတွက် ထပ်မံ လိုအပ်သော အရန်အပိုပစ္စည်းများ အခြားစက်ပစ္စည်းများကို အဆိုပါကုမ္ပဏီမှပင် အမေရိကန် ဒေါ်လာ ၁.၆၄ သိန်း (မြန်မာငွေကျပ် ၇.၈၄ သိန်း) ဖိုးနှင့် အခြားနိုင်ငံခြား ကုမ္ပဏီများမှ

၁။ စက်မှုသုံးဆီစက်ရုံ စက်မှုလုပ်ငန်းသမိုင်း။ စာ ၁၁
၂။ စက်မှုသုံးဆီစက်ရုံ စက်မှုလုပ်ငန်းသမိုင်း။ စာ ၁၂

မြန်မာငွေကျပ် ၂၂၉ သိန်းပိုးခန့်ကို ထပ်မံဝယ်ယူခဲ့သည်။[၁] စက်စမ်းအားကို တစ်နေ့ ၃ လှည့် နှစ်ပြင့် တစ်နှစ်ရက်ပေါင်း ၃၀၀ တွင် ဆီခဲတန်ချိန် ၈၄၀၀ နှင့် ဆီမဲဘန်ချိန် ၂၀၀၀ ထုတ်လုပ်နိုင်သည်ဟု သတ်မှတ်သည်။

စက်ဘပ်ဆင်ရေးလုပ်ငန်းများကို မြန်မာအင်ဂျင်နီယာများဖြင့် ၁၉၆၅ ခု အောက်ဘို အာလှ ၁၉၆၉ ခု ဩဂုတ်လအထိ ဆောင်ရွက်သည်။ စက်ရုံ စီမံကိန်းနှင့် သက်ဆိုင်သော အဆောက်အအုံများ၊ ဆောက်လုပ်ရေးလုပ်ငန်းများအားလုံးကို ၁၉၆၅-၆၆ ခု ဘဏ္ဍာရေးနှစ်မှ စတင်၍ ပြည်သူ့လုပ်ငန်း ကော်ပိုရေးရှင်းက တာဝန်ယူ ဆောင်ရွက်ခဲ့ရာ ၁၉၇၀ ပြည့်နှစ် မတ်လဘွင် ပြီးစီးသည်။ စက်ရုံဘည်ဆောက် အကောင်အထည်ဖော်ခဲ့ရာဘွင် ရင်းနှီးမြှုပ်နှံမှု စုလုံးဝင်ငွေ အသုံးစရိတ်မှာ နိုင်ငံခြားငွေကျပ် ၆.၈၄ သန်းအပါအဝင် ငွေကျပ် ၁၅.၁၆ သန်း ကုန်ကျခဲ့သည်။[၂]

အဆိုပါစက်ရုံမှ ဆီခဲ၊ ဆီမဲများကို နှစ်စဉ်အောက်ပါအတိုင်း ထုတ်လုပ်နိုင်ခဲ့သည်။

(တန်ချိန်)

အချိန်ကာလ		ဆီခဲ	ဆီမဲ	
၁၉၆၉-၇၁	....	၈၂၂.၆	၂၁၆.၆	စက်စမ်းသပ်လည်ပတ်ကာလ
၁၉၇၀-၇၁	....	၃၇၇၁.၀	၁၂၃၉.၀	
၁၉၇၁-၇၂	....	၅၁၁၅.၀	၇၁၀.၆	

စက်ရုံမှထုတ်လုပ်သော ဆီခဲကိုဆပ်ပြာစက်ရုံများ၌ ဆပ်ပြာချက်ရာဘွင်အဆီကုန်ကြမ်း အဖြစ်သုံးသည်။ ဆီခဲထုတ်လုပ်ရာမှ ဘေးထွက်ပစ္စည်းအဖြစ်ရရှိသော ဆီမဲကို ဆပ်ပြာစက် အမှတ် (၂) တွင် သပြေညို ဆပ်ပြာချက်ရာ၌ အသုံးပြုသည်။[၃]

ဖဲ့နဆီခဲစက်ရုံအတွက် လိုအပ်သော ကုန်ကြမ်းဖြစ်သည့် စက်မှုဆီကြမ်းနှင့် ဆပ်ပြာကြမ်းများကို နိုင်ငံပိုင် ဖဲ့နဆီဝက် ၁၉ စက်မှ ရရှိသည်။ ကုန်ကြမ်းများကို မော်တော်ယာဉ်၊ ရေယာဉ်

၁။ စက်မှသုံးဆီစက်ရုံ၊စက်မှလုပ်ငန်းသမိုင်း၊ စာ ၁၃
၂။ စက်မှသုံးဆီစက်ရုံ၊စက်မှလုပ်ငန်းသမိုင်း၊ စာ ၃၀
၃။ စက်မှသုံးဆီစက်ရုံ၊စက်မှလုပ်ငန်းသမိုင်း၊ စာ ၁၃-၁၉
၄။ စက်မှသုံးဆီစက်ရုံ၊စက်မှလုပ်ငန်းသမိုင်း၊ စာ ၄၇-၅၄

များဖြင့် သယ်ယူသည်။ ကုန်ကြမ်းသုံးစွဲမှုမှာ ၁၉၆၉-၇၀ ခုနှစ်တွင် စက်မှုဆိုကြမ်း ၁၁၇၆ တန်၊ ၁၉၇၀-၇၁ ခုနှစ်တွင် စက်မှုဆိုကြမ်း ၃၉၂၇ တန်နှင့် ဆပ်ပြာကြမ်း ၂၇၁၈ တန်၊ ၁၉၇၁-၇၂ ခုနှစ်တွင် စက်မှုဆိုကြမ်း ၅၃၂၂ တန်နှင့် ဆပ်ပြာကြမ်း ၃၈၉၂ တန်ဖြစ်သည်။

ကုန်ထုတ်လုပ်ရေးတွင် လိုအပ်သောရေကို စက်ရုံပိုင် အငီစီတွင်းများမှရသည်။ စက်ရုံ တို့၏လာနှင့် ကုန်ချောထုတ်လုပ်မှု နည်းစဉ်များတွင်ပါ အသုံးပြုရသဖြင့် တစ်နာရီလျှင် ၈၃ ဂါလန်ပေါင်း ၎၀၀၀ ကျော်၊ တစ်နေ့လျှင်ဂါလန်ပေါင်း တစ်သိန်းကျော်လိုအပ်သည်။ထို့ကြောင့် စက်ရုံဝင်းအတွင်းတွင်တစ်နေ့ ရေဂါလန်ပေါင်း ၆၀၀၀၀ ထွက်သည့် အငီစီတွင်း ၁၉၆၇ ခုနှစ်က တစ်တွင်းနှင့် ၁၉၆၉ ခုနှစ်က တစ်တွင်း ဆောက်လုပ်ရေး ကော်ပိုရေးရှင်းမှ တူးပေးထားသည်။ စက်ရုံအတွက် လျှပ်စစ်ဓာတ်အားကို လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းမှရရှိသည်။ လျှပ်စစ် ဓာတ်အား ၆၆၀၀ ဗို့အားကို မြေအောက် လျှပ်စစ်လိုင်းကြိုးများဖြင့် စက်ရုံပိုင် Transformer နှစ်လုံးသို့ပို့ပေးသည်။ Transformer တစ်လုံးလျှင် ၇၅၀ ကေဗွီအေရှိသည်။ စက်ရုံအတွက် ၁၃၀၀ KW သွယ်ထားသော်လည်း အမြင့်ဆုံး အသုံးပြုသောအားမှာ ၄၀၀ ဗို့ ၁၀၀၀ KW ဖြစ်သည်။

စက်ရုံတွင် စက်ရေနွေးအိုး (Boiler) နှင့် ဆီအပူပေးသော Dowtherm Vapourizer တို့အတွက် မီ.ထိုးဆီကိုလောင်စာအဖြစ်အသုံးပြုသည်။ နှစ်စဉ်မီးထိုးဆီဂါလန်ပေါင်း ၆၅၀၀၀ ခန့် အသုံးပြုလျက် ကုန်ထုတ်လုပ်မှုကို မကျဆင်းအောင် ထိန်းသိမ်းဆောင်ရွက်သည်။[၁]

ဖဲနုဆီခဲစက်ရုံကို စတင်တည်ဆောက်သည့် စီမံကိန်းကာလဖြစ်သော ၁၉၆၂ ခုနှစ် အောက်တိုဘာလမှစ၍ ဖဲနုဆီခဲစက်ရုံ စီမံကိန်းဟု ခေါ်တွင်ခဲ့သည်။ စီမံကိန်းကာလ ပြီးဆုံးသော ၁၉၇၀ ပြည့်နှစ် မတ်လမှစ၍ ဆီခဲစက်ရုံဟု ပြောင်းလဲခေါ်တွင်သည်။[၂]

ကမ္ဘာပေါ်တွင် လူ့ယဉ်ကျေးမှု တစ်စတစ်စ တိုးတက်လာသည်နှင့်အမျှ လူနေမှုစနစ်လည်း လိုက်လျောညီထွေ တိုးတက်လာပြီးလူသုံးပစ္စည်းများကိုလည်း တီထွင်ကြံဆ၍ သုံးစွဲလာ

၁။ စက်မှုသုံးဆီစက်ရုံ၊စက်မှုလုပ်ငန်းသမိုင်း၊ စာ ၄၈-၅၁
၂။ စက်မှုသုံးဆီစက်ရုံ၊စက်မှုလုပ်ငန်းသမိုင်း၊ စာ ၅၁-၅၂
၃။ စက်မှုသုံးဆီစက်ရုံ၊စက်မှုလုပ်ငန်းသမိုင်း၊ စာ ၆

ကြသည်။ လူများ၏ အခြေခံလိုအပ်ချက်မှာ စားဝတ်နေရေး ဖြစ်သော်လည်း၊ သန့်ရှင်းကျန်းမာခြင်းနှင့် ပြည့်စုံသော လူနေမှုအဆင့်အတန်းကို ယဉ်ကျေးသော လူ့ဘောင် အဖွဲ့အစည်းတိုင်းက မရှိမဖြစ် လိုအပ်ချက်တစ်ရပ်အနေဖြင့် လက်ခံလာခဲ့ကြသည်။ မြန်မာနိုင်ငံတုံးလုံး လူသုံးကုန် ပစ္စည်းများကို ယခင်က ပြည်ပမှ တင်သွင်း သုံးစွဲခဲ့သော်လည်း နောက်ပိုင်း တိုးတက်လာသည်နှင့်အညီ ပြည်တွင်း၌ တတ်စွမ်းသမျှ ထုတ်လုပ်လာသည်။

တော်လှန်ရေးကောင်စီကာလတွင် ခေတ်မီတိုးတက်နေသော လူနေမှုစနစ်နှင့် ကိုက်ညီသော လူသုံးကုန်ပစ္စည်း အမျိုးမျိုးကို အင်္ဂလန်၊ အမေရိကန်၊ ဂျာမနီ၊ ဥရောပနှင့် အိန္ဒိယနိုင်ငံများမှ စံထားသည့် ဆေးကျမ်းများနှင့် တိုက်ဆိုင်စစ်ဆေး၍ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများအတိုင်း ထုတ်လုပ်ပေးနိုင်ရန် စက်ရုံတည်ဆောက်သည်။ စက်ရုံကို စတင်တည်ဆောက်စဉ်က **ပြည်သူ့အလှကုန်စက်ရုံစီမံကိန်း**ဟု အမည်ပေးခဲ့သည်။

ပြည်သူ့အလှကုန်စက်ရုံသည် ရန်ကုန်တိုင်း သဃ်ိန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ ၂၉ ရပ်ကွက် ပေါ်ဆန်းမေ့လမ်းတွင် တည်ရှိသည်။ စက်ရုံပိုင်မြေဧရိယာသည် ဧက ၅၀ ရှိသည်။ ထို့အပြင် စက်ရုံခွဲဖြစ်သော မြောက်ဥက္ကလာပမြို့နယ် စက်မှုလက်မှုရပ်ကွက် သုဓမ္မာလမ်းတွင် ၁၅၀′×၃၉၀′ ကျယ်ဝန်းသော ခြင်္ကိုင်ဆေးစက်ရုံရှိသည်။ စက်ရုံတည်ဆောက်ရန် မြေနေရာကို စက်မှုဇုန်မှ ထိုးခွဲလုပ်ကိုင်ရေး ကော်ပိုရေးရှင်းနှင့် ပြည်သူ့လုပ်ငန်းနှင့် အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း ကော်ပိုရေးရှင်းတို့က ၁၉၆၄-၆၅ ခုနှစ်တွင် ရွေးချယ်၍စတင် အုတ်မြစ်ချ တည်ဆောက်ကြသည်။

အလှကုန်စက်ရုံ စီမံကိန်းဟုခေါ်လျက် စတင်အုတ်မြစ်ချ တည်ဆောက်ခဲ့သော စက်ရုံတည်ဆောက်ရေး လုပ်ငန်းများသည် ၁၉၆၉ ခုနှစ် မတ်လတွင် ပြီးစီး၍ ၁၉၆၉ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် စတင်ဖွင့်လှစ်ကာ မေလကုန်လောက်တွင် စက်များတပ်ဆင် လည်ပတ်နိုင်ခဲ့သည်။

တော်လှန်ရေးကောင်စီက ချမှတ်သော စီးပွားရေး မူဝါဒအရ ယခင်ကအလှကုန် အိမ်သုံးဆေဝါးစသော သုံးကုန်ပစ္စည်းများ ထုတ်သုပ်သော ဒီအမ်ဒီဇီဇာကို ၁၉၆၄ ခု မတ်လ ၃၀ ရက်နေ့တွင် ပြည်သူပိုင်သိမ်းခဲ့သည်။ ကုမ္ပဏီမှ ဝန်ထမ်းများနှင့် စက်ကိရိယာများကို

၂။ ထုသုံးကုန်ပစ္စည်းစက်ရုံ (သုဝဏ္ဏ) စက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၆၊ ၁

သုဝဏ္ဏရှိ အလှကုန်စက်ရုံသို့ ၁၉၆၉ ခုနှစ် မေလတွင် ပြောင်းရွှေ့ပြီး စက်များကိုပါ လည်ပတ်စေခဲ့သည်။ အလားတူပင် ၁၉၆၈ ခုနှစ်တွင် ပြည်သူပိုင် ပြုလုပ်ခဲ့သောသင်းကြူကြူကုမ္ပဏီနှင့် မြောက်ဥက္ကလာပရှိ မော်ရိခို့ကဘျင်တန် ကုမ္ပဏီတို့ကို ၁၉၇၀ ပြည့်နှစ်တွင် သုဝဏ္ဏရှိ အလှကုန်စက်ရုံနှင့်ပူးပေါင်းလိုက်သည်။[၁] ပူးပေါင်းတည်ဆောင်လိုက်သောစက်များမှာအီအမ်ဒီဇာကုမ္ပဏီမှ ပေါင်ဒါလုပ်စက် ၂ လုံး၊ ပေါင်ဒါဘူးသွင်းစက် ၂ လုံး၊ အလှဆီလုပ်စက် ၁ လုံး၊ အလှဆီဘူးသွင်းစက် ၁ လုံးနှင့် အလှကုန်နှင့်ဆေးဝါးဖော်စပ်စက်၅ လုံး စုစုပေါင်းစက် ၁၁ လုံး ဖြစ်သည်။ အလားတူပင် သင်းကြူကြူကုမ္ပဏီမှ မျက်နှာလိမ်းပေါင်ဒါ၊ ကိုယ်လိမ်းပေါင်ဒါ လုပ်စက်များ၊ ဘူးသွင်းစက်၊ ဘူးချွတ်စက်အစရှိသော အလှကုန် ထုတ်လုပ်ရေးဆိုင်ရာစက် ၁၂ လုံးတို့ကိုပူးပေါင်းတပ်ဆင်ထားသည်။ ထိုသို့ပူးပေါင်းပြီးနောက် စုပေါင်းစက်အင်အားဖြင့် ကုန်ထုတ်လုပ်မှုကို ကြိုးပမ်း ဆောင်ရွက်သည်။ မော်ရိခိုကဘျင်တန် ကုမ္ပဏီမှ စက်များကို မြောက်ဥက္ကလာပရှိ ခြင်နှိုင်ဆေးစက်ရုံ၌ တပ်ဆင်ကာ ခြင်ဆေးခွေများ ဆက်လက် ထုတ်လုပ်သည်။

စက်ရုံအမည်ကို စတင်တည်ဆောက်သော စီမံကိန်း ကာလအတွင်းက ပြည်သူ့အလှကုန် စက်ရုံစီမံကိန်းဟု ခေါ်တွင်၍ စက်ရုံတည်ဆောက် ပြီးစီးပြီး အီအမ်ဒီဇာစသော ပုဂ္ဂလိက ကုမ္ပဏီပိုင်စက်များ စက်ပစ္စည်းများနှင့် ပူးပေါင်းပြီးသည့် ၁၉၆၇-၆၈ ခုနှစ်မှစ၍ ပြည်သူ့ အလှကုန် စက်ရုံအမည်ဖြင့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်သည်။ ၁၉၇၃-၇၄ ခု ဘဏ္ဍာ ရေးနှစ်တွင်မှစ၍ စက်ရုံအမည်ကို လူသုံးကုန်ပစ္စည်း စက်ရုံဟု ပြောင်းလဲခေါ်တွင်သည်။

ပြည်သူ့အလှကုန်စက်ရုံတွင် ခေတ်မီအိမ်သုံးဆေးပစ္စည်းများ၊လူသုံးပစ္စည်းများ၊ အလှကုန် ပစ္စည်းများကို အုပ်စု ၄ ခုခွဲ၍ ထုတ်လုပ်သည်။ လူသုံးကုန်ပစ္စည်းအုပ်စုတွင် ပက်ဆီးဒင့် သွားတိုက်ဆေး၊ ပရုတ်မွှေး၊ ခြင်ဆေးခွေနှင့် ရေအိမ်သုံးစက္ကူလိပ်များ ပါဝင်သည်။ အိမ်သုံး ဆေးပစ္စည်း အုပ်စုတွင် ပရုတ်ဆီအဖြူ၊ ပရုတ်ဆီအနီ၊ ဆိုဒါ၊ ဆားခါး၊ကြက်ဆူဆီ၊ လင်ကွစ် ပါရဖင်၊ မဂ္ဂနီဆီယမ် ထရိုင်ဆီလီကိတ်၊ တင်ချာ၊ ဘိပီရူဆေး၊ လိုက်ကေအိုလင်နှင့် ဆိုဒီယမ် နိုက်ထရိတ်များ ပါဝင်သည်။ အလှကုန်ပစ္စည်း အုပ်စုတွင် ဝိုင်အိုလက်ပေါင်ဒါ၊ သင်းကိုယ်လိမ်း ပေါင်ဒါ၊ မဉ္ဇူဟဲရူးခရင်း၊ မဉ္ဇူအော်ဒီကလုံး၊ သနပ်ခါးရည်၊ဗမာစနိုး၊ ဒေါင်းခေါင်းလိမ်းဆီ၊

၁။ **လူသုံးကုန်ပစ္စည်းစက်ရုံ(သုဝဏ္ဏ)၊ စက်မှုလုပ်ငန်းသမိုင်း၊** စာ ၂၁-၂၂

၂။ **လူသုံးကုန်ပစ္စည်းစက်ရုံ(သုဝဏ္ဏ)၊ စက်မှုလုပ်ငန်းသမိုင်း၊** စာ ၁၇

မဏ္ဍယ်ဆလင်၊ မဏ္ဍူခေါင်းလျော်ရည်၊ မဏ္ဍူရေမွှေး (၂၅)၊ သင်းသနပ်ခါးပေါင်ဒါ၊ သင်းမျက်နှာလိမ်းပေါင်ဒါ။ အလှဆီနှင့် မုတ်ဆိတ်ရိတ်ပြီး လိမ်းရည်များ ပါဝင်သည်။ အခြားပစ္စည်းအုပ်စုဘွင် ကြေးပွက်ဆေးရည်၊ ဖိနပ်ဆေးရည်၊ ဖိနပ်ဆေးဖြူခဲ၊ ပေးဆေး၊ ဆားခဲ၊ သန့်စင်မှုန့် သကြိုန်ရေမွှေးများ ပါဝင်သည်။[၁]

ပြည်သူ့အလှကုန်စက်ရုံ၏ အုပ်စုအလိုက် ထုတ်လုပ်သော ပစ္စည်းများ၏ တစ်နှစ်အတွက် မူလစက်စွမ်းအား သတ်မှတ်ချက်မှာ လူသုံးပစ္စည်း အုပ်စုအတွက် ခုရေဆောင်ပေါင်း ၃၃၀၄.၀ ဖြစ်ပြီး အလှကုန်ပစ္စည်းအုပ်စုအတွက် ခုရေထောင်ပေါင်း ၆၀၄.၀ ဖြစ်သည်။[၂] စက်ရုံ၏ ကုန်ထုတ်လုပ်မှုကို တစ်နေ့လျှင် တစ်ဆိုင်းစနှစ်ဖြင့် ပထမလေးနှစ် စီမံကိန်း၏ နှစ်စဖြစ်သော ၁၉၇၁-၇၂ ခုနှစ်မှစ၍ ပုံမှန်ကုန်ထုတ်လုပ်မှုကို စတင်ခဲ့သည်။

စက်ရုံတွင် ထုတ်လုပ်သော ပစ္စည်းအုပ်စု (၄) စုအနက် ယင်းနှစ်တွင် ထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းအချို့မှာ လူသုံးကုန်ဖြစ်သော ပဂျတ်မွေး ၁၀၅၅၀၀၊ အိမ်သုံးဆေးအုပ်စုမှ အင်နီဆစ် (၁ အောင်စ) ၃၃၉၀၀၊ အင်နီဆစ် (၂ အောင်စ) ၃၀၀၀၀၊ ကလေဖင် (၃ အောင်စ) ၂၉၃၀၀၊ ပေးဆေး ၂၂၇၀၀၊ သွားကိုက်ပျောက်ဆေး ၁၁၆၀၀၊ အနာလိမ်းဆေး ၅၅၃၀၀၊ ဆိုဒါ (၈ အောင်စ) ၂၆၄၄၀၀၊ တင်ချာ (၁ ဒေအောင်စ) ၁၂၉၀၀နှင့် အလှကုန်ပစ္စည်း အုပ်စုတွင် ပါဝင်သော မဏ္ဍူဗယ်စလင် ၂၄၉၂၀၀၊ မဏ္ဍူဟဲ့ဿားခရင်း ၁၃၂၂၀၀၊ ဗမာစနိုး ၃၄၂၂၀၀၊ အလှဆီ (၂ အောင်စ) ၄၉၃၁၀၀၊ မိတ်ပျောက်ပေါင်ဒါ ၁၉၀၀၀၊ ဆံသပေါင်ဒါ ၁၂၁၀၀၊ မဏ္ဍူကိုယ်လိမ်းပေါင်ဒါ ၁၉၆၀၀၀၊ ဒေါင်းခေါင်းလိမ်းဆီ ၃၄၀၄၀၀၊ မဏ္ဍူခေါင်းလျော်ရည် ၂၉၃၀၀၊မဏ္ဍူနှုတ်ခမ်းဆိုးဆေး (၃ ဂရမ်) ၁၀၉၉၀၀၊ အော်ဒီကလုံး ၂၉၀၀၊ ရေမွှေး(၇-၁၅ စီစီ) ဂ၀၀၊ ရေမွှေး (၅၁၅ စီစီ) ၂၅၆၀၀၊ ရေမွှေး(၉-၁၅ စီစီ) ၁၈၅၀၀ စသည်တို့ဖြစ်သည်။[၃]

စက်ရုံကုန်ထုတ်လုပ်ငန်း အရပ်ရပ်တွင် အသုံးပြုရန် လိုအပ်သော ရေကိုအလွယ်တကူ ရရှိရန် စက်ရုံပိုင် အဝီစိတွင်းများတူးထားသည်။ စက်ရုံဝင်းအတွင်းတွင် ၁၀"နှင့် ၂"တွင်း ၂ခု၊ စက်ရုံဝင်း အပြင်ဘက်တွင် ၆"တွင်း တစ်တွင်း စုစုပေါင်း ၃ တွင်းရှိသည်။ စက်ရုံအတွက်

၁။ လူသုံးကုန်ပစ္စည်းစက်ရုံ (သုဝဏ္ဏ)၊ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၂၃
၂။ လူသုံးကုန်ပစ္စည်းစက်ရုံ (သုဝဏ္ဏ)၊ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၂၄
၃။ လူသုံးကုန်ပစ္စည် စက်ရုံ (သုဝဏ္ဏ)၊ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၅၉-၆၆

နှစ်စဉ်လိုအပ်သော ရေဂါလန်ပေါင်း ၉၅၀၀ ခန့်ကို ထိုတွင်းများမှ အပြည့်အဝပေးစွမ်းနိုင်သည်၊ လိုအပ်သော လျှပ်စစ်ဓာတ်အား ၁၀၀ ကေဗွီအေကို လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်းမှ ရသည်။ စက်ရုံတွင် ကုန်ထုတ်လုပ်မှု အမျိုးမျိုးအတွက် ဒီဇယ်ဆီ အမဲဆီ Hydraulic Oil စသည်တို့လိုသည်။ ထိုလောင်စာဆီနှင့် စက်ဆီအမျိုးမျိုးကို ရေနံထွက်ပစ္စည်း ဖြန့်ဖြူးဆော့်ဆ် ချရေး ကော်ပိုရေးရှင်းမှ ဝယ်ယူအသုံးပြုလျက် ၁၉၇၁-၇၂ ခုနှစ်မှစ၍ ကုန်ထုတ်စွမ်းအား တိုးမြှင့်ရေးကို ဆောင်ရွက်သည်။[၁] စက်ရုံရှိ ဝန်ထမ်းအင်အားမှာ စက်ရုံစတင်လည်ပတ်ချိန် ၁၉၇၁-၇၂ တွင် ၂၂၀ ဦးရှိသည်။[၂]

အာရောဂျ ပရမ် လာဘ်ဆိုသည့်စကားအရ လူ့ဘောင်တွင် ကျန်းမာရေးသည် အခြေခံ အကျဆုံးကဏ္ဍမှ ပါဝင်နေသည်။ ထိုသို့ကျန်းမာမှသာလျှင် ကုန်ထုတ်လုပ်မှု လုပ်ငန်းများတွင် အားစိုက်ခွန်စိုက် ကာယဉာဏစွမ်းအားများကို အစွမ်းကုန် အသုံးချ အလုပ်လုပ်နိုင်မည် ဖြစ်သည့်အတွက် ဆေးဝါးထုတ်လုပ်မှုကို တိုးတက်လျက်ရှိနေသော လူဦးရေနှင့် လိုက်လျော ညီထွေရှိစေရန် အစွမ်းကုန် ကြိုးစားရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံ ဆေး ဝါးလုပ်ငန်းစက်ရုံ (ဘီပီအိုင်) တစ်ရုံတည်းဖြင့် တိုင်းပြည်၏ လိုအပ်ချက်နှင့်အညီ ဆေးဝါး များကို ထုတ်လုပ်နိုင်မှ မရှိသေးချေ။ ယင်းအပြင် မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံမှ အနောက် တိုင်းဆေးဝါးများ ထုတ်လုပ်ရာတွင် ဆေးဝါးကုန်ကြမ်း ၉၀ ရာခိုင်နှုန်းကို ပြည်ပမှမှာယူ တင်သွင်းနေရသည်။ သို့အတွက် နိုင်ငံခြားငွေ ခြိုးခြံခွေတာရန်အတွက် လိုအပ်သော အခြေခံ ဆေးဝါးကုန်ကြမ်းများကို ပြည်တွင်း၌ ရနိုင်သမျှ ရရှိနိုင်ရေးကိုလည်း နိုင်ငံတော် အစိုးရက အထူးအလေးပေး စဉ်းစားသည်။

လိုအပ်သော ဆေးဝါးများကို စံချိန်စံညွှန်းမီ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် ဆေးဝါးကုန်ကြမ်း များကို မြန်မာနိုင်ငံ၏ ရေမြေသဘာဝနှင့် လိုက်လျောညီစွာ ထုတ်လုပ်စိုက်ပျိုးနိုင်သည့် ဆေး ဝါးပင်များကိုတစ်ဘက်မှ စိုက်ပျိုးရင်းအခြားတစ်ဘက်မှလည်း ဆေးဝါးများ ဖော်စပ်ထုတ် အဓိကလိုအပ်သော ပရဆေးပင်များမှ ဆေးဝါးကုန်ကြမ်းများ ရရှိရန်အတွက် ဆေးဝါး ကုန်ကြမ်း စက်ရုံတည်ဆောက်ရန် လိုအပ်လေသည်။

၁။ လူသုံးကုန်ပစ္စည်းစက်ရုံ(သုဝဏ္ဏ) စက်မှုလုပ်ငန်းသမိုင်း၊ စာ ၄၇
၂။ လူသုံးကုန်ပစ္စည်းစက်ရုံ(သုဝဏ္ဏ) စက်မှုလုပ်ငန်းသမိုင်း၊ စာ ၅၈

ထို့ကြောင့် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် ၁၉၆၈ ခု ဇွန်လ ၂၀ ရက်နေ့တွင် ရန်ကုန်တိုင်း၊ မော်ဘီမြို့နယ်၊ လှည်းငုတ်ချောင်း ကျေးရွာအုပ်စုအတွင်း ရေတွင်းကုန်းကျေးရွာနှင့် ကုလားကုန်းကျေးရွာအကြား ရန်ကုန် ပြည် ကားလမ်း အရှေ့ဘက် မိုင်တိုင်အမှတ် ၇၅ နေရာတွင် **ကြက်ဆူဆီနှင့် စပါးလင်ဆီ ထုတ်လုပ်ရေးစက်** ရှေ့ပြေးစမ်းသပ် ထုတ်လုပ်သည့် စက်ရုံအဆင့်အဖြစ် တည်ဆောက် အကောင်အထည်ဖော်သည်။ ၎င်းစီမံကိန်းအတွက် သီးခြားရန်ပုံငွေ လျာထားခြင်း မရှိသဖြင့် အသေးစားစက်မှုလုပ်ငန်းများ စီမံကိန်း (၁)၏ ငွေစာရင်းမှ ကျခံသုံးစွဲခဲ့သည်။[၁] ထို့ပြင် မန်ကျည်းစေ့အခွံခွာတ် စက်ရုံကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပဏ္ဍိတလမ်းတွင် စက်ရုံခွဲအဖြစ် ရှေ့ပြေးစက်ရုံတစ်ရုံ တည်ဆောက်သည်။

ဆေးဝါးကုန်ကြမ်းစက်ရုံ (မော်ဘီ) စီမံကိန်း၏ မြေအကျယ်အဝန်းမှာ ၁၃၀.၉၇ ကေ ဖြစ်ပြီး စက်ရုံခွဲဖြစ်သည့် မန်ကျည်းစေ့အခွံခွာတ်စက်ရုံ၏ မြေအကျယ်အဝန်းမှာ ၀.၄၈ ကေ ဖြစ်သည်။[၂]

စပါးလင်ဆီစက်ရုံ စီမံကိန်းအတွက် စက်ပစ္စည်း ဝယ်ယူရေးနှင့် ကျွမ်းကျင်မှုလုပ်အား ရယူရေး စာချုပ်ကို ပြည်ထောင်စု သမ္မတကျွန်မနီနိုင်ငံ၊ အီးရွှိုးဝါး ကုမ္ပဏီနှင့် ၁၉၇၀ ပြည့်နှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးသည်။ စာချုပ်ဈေးနှုန်းမှာ စုစုပေါင်း ကျပ်မတ်ငွေ ၅၉၄၄.၅၄ မြန်မာငွေ ကျပ် ၆၉၀၉၈.၀၁ ခန့် ဖြစ်သည်။ အဆိုပါ စီမံကိန်းကို ၁၉၇၂ ခု အောက်တိုဘာလ ၃၁ ရက်နေ့တွင် တည်ဆောက် အကောင်အထည်ဖော် ပြီးစီးသည်။

စက်ရုံ၏ ကုန်ထုတ်စွမ်းအားမှာ တစ်နေ့လျှင် တစ်လှည့်ဆန်းဖြင့် တစ်နှစ် ကုန်ထုတ် လုပ်မှုသည် စပါးလင်ဆီ ၅၀၀ ကီလိုဂရမ်ဖြစ်သည်။ စက်ရုံမှာ ၁၉၇၂ခု အောက်တိုဘာလ ၃၁ရက်နေ့တွင် ပြီးစီးသော်လည်း စက်ရုံ၏ ကုန်ထုတ်လုပ်မှုကို ၁၉၇၄ - ၇၅ ခုနှစ်မှ အမှန်တကယ် စတင်ခဲ့ပြီး ထုတ်လုပ်နိုင်မှုပမာဏမှာ ၃၁၈.၄ ကီလိုဂရမ်ဖြစ်သည်။[၄]

၁။ ဆေးဝါးကုန်ကြမ်းစက်ရုံ၊မော်ဘီ၏စက်မှုလုပ်ငန်းသမိုင်း၊ စာ ၈-၁၅
၂။ ဆေးဝါးကုန်ကြမ်းကော်ရုံ၊မော်ဘီ၏စက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၇
၃။ ဆေးဝါးကုန်ကြမ်းစက်ရုံ၊မော်ဘီ၏စက်မှုလုပ်ငန်းသမိုင်း၊ စာ ၃၄-၆၁
၄။ ဆေးဝါးကုန်းကြမ်းကော်ရုံ၊မော်ဘီ၏စက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၀၉

စပါးလင်ဆီကို ဆပ်ပြာလုပ်ငန်း ဆေးဝါး ပိုးသတ်ဆေး အလှကုန်နှင့် အခြားလူသုံး ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုသည်။ စပါးလင်တွင် စပါးလင်မွေးနှင့် ဟင်းစား စပါးလင်ဟူ၍ နှစ်မျိုးရှိရာ ဆေးဝါးကုန်ကြမ်းစက်ရုံမှ ထုတ်လုပ်သော စပါးလင်မှာ စပါးလင်မွေးမျိုးဖြစ်သည်။ စပါးလင်ဆီမှာ ဆပ်ပြာလုပ်ငန်းအတွက် အထူးအထောက်အကူပြုနိုင်၍ ယခင်က နိုင်ငံခြားမှ တင်သွင်းနေရမှုကို အစားထိုးနိုင်ပြီဖြစ်၍ နိုင်ငံခြားငွေယိုပေါက် တစ်ခုကို ပိတ်နိုင်သည့်အပြင် နောင်အမြောက်အမြား ထုတ်လုပ်နိုင်သည့် အခါတွင် ပို့ကုန်တစ်ခုအနေဖြင့် နိုင်ငံခြား ဈေးကွက်သို့ တင်ပို့နိုင်မည်ဟုမျှော်မှန်းသည်။

အလားတူပင် တင်ပြပါ ဆေးဝါးကုန်ကြမ်းစက်ရုံတွင်ရှိသည့် စီမံကိန်းတစ်ခုမှာ ကြက်ဆူဆီစက်ရုံပင်ဖြစ်သည်။ ကြက်ဆူဆီတွင် ကြက်ဆူဆီသန့်နှင့် ကြက်ဆူဆီကြမ်းဟူ၍ နှစ်မျိုးရှိသည်။ ကြက်ဆူဆီသန့်ကို ဝမ်းနုတ်ဆေးအဖြစ် ဖော်စပ်ထုတ်လုပ်သကဲ့သို့ ကြက်ဆူဆီကြမ်းကို ဆပ်ပြာထုတ်လုပ်မှုတွင် သုံးစွဲသည်။

ကြက်ဆူဆီစက်ရုံ၏ စက်ပစ္စည်းများ ဝယ်ယူရေးနှင့် ကျမ်းကျင်မှု လုပ်အားရယူရေး စာချုပ်ကို ဂျပန်နိုင်ငံ နစ်ကိုကုမ္ပဏီနှင့် ၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးခဲ့သည်။ စာချုပ်တန်ဖိုးမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၉၆၄၄၂.၂၀ ဖြစ်ပြီး မြန်မာငွေအားဖြင့် ကျပ် ၄၅၉၂၈၆.၀၀ ခန့်ဖြစ်သည်။[၁] စီမံကိန်းစက်ရုံ၏ ကုန်ထုတ်စွမ်းအားမှာ တစ်နှစ်လျှင် ကြက်ဆူဆီ ၁၀၀ တန် ထုတ်လုပ်နိုင်မည်ဖြစ်သည်။ စက်ရုံမှာ ၁၉၇၂ခု အောက်တိုဘာလ ၃၁ ရက်နေ့တွင် တည်ဆောက်ပြီးစီးခဲ့သော်လည်း ပုံမှန်ကုန်ထုတ်လုပ်မှုကို ၁၉၇၅-၇၆ မှ စတင်နိုင်ခဲ့သည်။[၂]

ထို့အတူ စက်ရုံခဲ့ဖြစ်သော **မန်ကျည်းစေ့ အခဲခွာတ်စက်ရုံကို** ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပဏ္ဍိတလမ်းတွင် တည်ဆောက် အကောင်အထည်ဖော်ခဲ့သည်။ မန်ကျည်းစေ့ကို နလွန်ထ လူနာများအတွက် အားဆေးအဖြစ်လည်းကောင်း၊ ကပ်သောကော်ဆေးအဖြစ်လည်းကောင်း၊ အစားအသောက်နှင့် ရှာလကာရည်အမျိုးမျိုး ပြုလုပ်ရာတွင်လည်းကောင်း၊ မန်ကျည်းစေ့မှန့်ကို

၁။ ဆေးဝါး လုပ်ငန်းစက်ရုံ၊ မှော်ဘီ၏ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၃၃

၂။ ဆေးဝါး လုပ်ငန်းစက်ရုံ၊ မှော်ဘီ၏ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၆၁

အထည်အလိပ်လုပ်ငန်းတွင် Sizing Powder အဖြစ်လည်းကောင်း၊ ဆိုးဆေးအဖြစ် လည်းကောင်း အသုံးပြုသည်။ ပြည်တွင်းမှ လူယ်ကူပေါများစွာ ရနိုင်သော စက်မှုကုန်ကြမ်း ဖြစ်သည်။

မန်ကျည်းစေ့ အခွံချွတ်စက်တွင် စက်ပစ္စည်းများ ဝယ်ယူရေးနှင့် ကျွမ်းကျင်မှုလုပ်အား ရယူရေးစာချုပ်ကို ဂျပန်နိုင်ငံ နီကိုကုမ္ပဏီနှင့် ၁၉၇၁ ခု စက်တင်ဘာလ ၁ ရက်နေ့တွင် စာချုပ် ချုပ်ဆို လက်မှတ်ရေးထိုးသည်။ စာချုပ်တန်ဖိုးမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၈၂,၆၀ ဖြစ်သည်။ မြန်မာငွေအားဖြင့် ငွေကျပ် ၆၃၂၄၆.၀၀ ခန့်ဖြစ်သည်။[1]

မန်ကျည်းစေ့ အခွံချွတ်စက်ကို ၁၉၇၂ ခု ဇူလိုင်လ ၃၁ ရက်နေ့တွင် တပ်ဆင်ပြီးစီးခဲ့သည်။ စက်စမ်းအားမှာ တစ်နှစ်လျှင် အမှေးချွတ်ပြီး မန်ကျည်းစေ့တန် ၃၀၀ ထုတ်လုပ်နိုင်သည်။ သို့သော် စက်ရုံ၏ ပုံမှန်ကုန်ထုတ်လုပ်မှုကို ၁၉၇၄-၇၅ ခုနှစ်တွင်မှ စတင်နိုင်ခဲ့ပြီး ၎င်းနှစ်တွင် မန်ကျည်းစေ့ အခွံချွတ်ပြီးတန်ချိန် ၆၆ တန်သာ ထုတ်လုပ်နိုင်ခဲ့၏။[2]

ဆေးဝါး ကုန်ကြမ်းစက်ရုံ စီမံကိန်းသည် စီမံကိန်းအဆင့်ဖြင့် တော်လှန်ရေးကောင်စီ ကာလ ၁၉၆၈ ခု ဇွန်လ ၂၈ ရက်နေ့မှ စတင်အခြေတည်ခဲ့သော်လည်း ယင်းစီမံကိန်း၀င် စပါးလင်ဆီစက်ရုံ၊ ကြက်ဆူဆီစက်ရုံ၊ အခွံချွတ်ပြီး မန်ကျည်းစေ့စက်ရုံတို့မှာ စနစ်သစ်အုပ်ချုပ်ရေး ယာယီ လေ့နှစ်စီးပွားရေး စီမံကိန်းကာလအတွင်း တွင်မှ စတင် တည်ဆောက်ခြင်း၊ တပ်ဆင်ခြင်းနှင့် ကုန်ထုတ်လုပ်မှုကို စတင်နိုင်သည့် အနေအထားတွင်ရှိခဲ့သည်။

တော်လှန်ရေး ကောင်စီအစိုးရသည် စားသောက်ကုန် လုပ်ငန်းများနှင့်စပ်လျဉ်း၍ စက်ရုံသစ်များ စဉ်ဆက်မပြတ် တည်ဆောက် အကောင်အထည်ဖော်သကဲ့သို့ လူသုံးကုန်ပစ္စည်း စက်ရုံများကိုလည်း အခါအားလျော်စွာ တည်ဆောက် အကောင်အထည်ဖော်ခဲ့ရာ မြန်မာနိုင်ငံ စီးပွားတိုးတက်ရေး ကော်ပိုရေးရှင်းသည် မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံအတွက် **အရက်ပြန်နှင့် ပုလင်းသွင်းစက်ရုံ (ဇေယျဝတီ) စီမံကိန်း**ကို တည်ဆောက်ရန် ၁၉၆၁ ခုနှစ် ဒီဇင်ဘာလမှ ၁၉၆၂ ခုနှစ် ဧပြီလအထိ အပြည်ပြည်ဆိုင်ရာ တင်ဒါများကို ဖိတ်ခေါ်သည်။

၁။ ဆေးဝါးလုပ်ငန်းစက်ရုံ၊ မှော်ဘီ၏ စက်မှု လုပ်ငန်းသမိုင်း၊ စာ ၃၄

၂။ ဆေးဝါးလုပ်ငန်းစက်ရုံ၊ မှော်ဘီ၏ စက်မှု လုပ်ငန်းသမိုင်း၊ စာ ၁၁၁

ဤသို့တင်ဒါခေါ်ယူခဲ့ရာတွင်လည်း စက်ပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် အနောက်ဂျာမန်နိုင်ငံမှ မြန်မာနိုင်ငံစီးပွား တိုးတက်ရေး ကော်ပိုရေးရှင်း (ဘီအိုးဒီစီ) မှ အကောင်အထည်ဖော် တည်ဆောက်မည့် စက်ချိုမံကိန်းများအတွက် ချေးငွေ ဒီမတ် ၃၅ သန်းနှင့် အာမခံငွေသန်း ၁၀၀ စုစုပေါင်း ဒီမတ် ၁၃၅ သန်းမှ သုံးစွဲရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။[၁]

ဤသို့ စီစဉ်ထားခဲ့သော်လည်း မြန်မာနိုင်ငံ စီးပွား တိုးထက်ရေး ကော်ပိုရေးရှင်း (ဘီအိုးဒီစီ)ကို ပြည်သူပိုင် ပြုလုပ်လိုက်သောအခါ အရက်ပြန်နှင့် ပုလင်းသွင်းစက်ရုံကို မူလအစီအစဉ်အတိုင်း မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ၌ တဲ့ဖက်တည်ဆောက်ခြင်း မပြုတော့ဘဲ ဗေယျာတီ သကြားစက်အနီးတွင် တည်ဆောက်ရန် အနောက်ဂျာမန်နိုင်ငံ ဖရစ်ဝါနာကုမ္ပဏီနှင့် စက်မှုဝန်ကြီးဌာန စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း (စတလက) တို့သည် ၁၉၆၇ခု နိုဝင်ဘာလ ၁၈ ရက်နေ့တွင် စာချုပ်လက်မှတ် ရေးထိုးကြသည်။[၂]

စာချုပ်တန်ဖိုးမှာ ဂျာမန် ဒီမတ်ငွေ ၆၇၃၀၆၅၅ ဖြစ်ပြီး စာချုပ်တန်ဖိုး၏ ၃၃ ရာခိုင်နှုန်းဖြစ်သော ဂျာမန်ဒီမတ် ၇၉၃၆၆၉.၇၀ ကို လက်ငင်းငွေပေးချေရသည်။ စာချုပ်တန်ဖိုး၏ ၆.၇ ရာခိုင်နှုန်းဖြစ်သော ဂျာမန်ဒီမတ် ၄၉၄၁၆၁.၃၀ ကို ဘဏ်ငွေလွှဲစာတမ်းဖွင့်၍ လည်းကောင်း၊ စာချုပ်တန်ဖိုး၏ ၇၅ ရာခိုင်နှုန်းဖြစ်သော ဂျာမန်ဒီမတ်ငွေ ၅၀၅၃၉၉၉.၁၅ ကို စာချုပ်တရားဝင်ပြီးနောက် စက်စမ်းသပ်လည်ပတ်သည့်အခါ၌လည်းကောင်း၊ ကျန် ၅ ရာခိုင်နှုန်းဖြစ်သော ဂျာမန်ဒီမတ် ၃၆၆၉၃၂.၅၅ ကို စာချုပ်ချုပ်ဆိုပြီးနောက် စက်လည်နိုင်သည့် အဆင့်တွင် စက်ကို လွှဲပြောင်းပေးသည့် အခါတွင်လည်းကောင်း ပေးချေရသည်။

၁။ **စက်မှု စီမံကိန်း ကော်ပိုရေးရှင်း အမှတ်(၁) ဗေယျာတီ အရက်ပြန်စက်ရုံ စီမံကိန်း အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ စီမံဆောင်ရွက် ချက်များ။** စာ ၁၁၃-၁၅

၂။ **စက်မှုစီမံကိန်း ကော်ပိုရေးရှင်း အမှတ် (၁) ဗေယျာတီ အရက်ပြန်စက်ရုံ စီမံကိန်း အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ စီမံဆောင်ရွက် ချက်များ။** စာ ၄-၂၆

၃။ **စက်မှု စီမံကိန်း ကော်ပိုရေးရှင်း အမှတ်(၁) ဗေယျာတီ အရက်ပြန်စက်ရုံ စီမံကိန်း အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ စီမံဆောင်ရွက်ချက်များ။** စာ ၁၂၄-၂၆

အဆိုပါ အရက်ပြန်နှင့် ပုလင်းသွင်း စက်ရုံကို တည်ဆောက်ရန် ဇေယျဝတီ သကြား စက်ဝင်းအတွင်းရှိ သကြားစက်၏ အရှေ့ဘက် မြေနေရာကို ရွေးချယ်သည်။

စီမံကိန်းနှင့် ပတ်သက်သော အဆောက်အအုံများကို ၁၉၆၇-၆၈ ခုနှစ်မှ စတင် တည်ဆောက်သည်။ ၁၉၇၂ ခု ဇူလိုင်လ ၁၀ ရက်နေ့တွင် အရက်ပြန် စက်ရုံ အဆောက်အအုံနှင့် ပုလင်းသွင်း စက်ရုံ အဆောက်အအုံမှာ ၉၅ ရာခိုင်နှုန်းပြီးစီး၍ လုံးဝပြီးစီးပြီဟု ဆိုနိုင်သော အခြေအနေသို့ ရောက်ပြီဟု ဆိုနိုင်သည်။

အရက်ပြန်နှင့် ပုလင်းသွင်းစက်ရုံများကို မြန်မာနိုင်ငံစီးပွားတိုးတက်ရေး ကော်ပိုရေးရှင်း (ဘီအီးအီစီ)က တည်ထောင်ရန် စတင်စီမံ ဆောင်ရွက်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ထိုကော်ပိုရေးရှင်းကို ပြည်သူပိုင် ပြုလုပ်လိုက်ရာ တည်ဆောက်ဆဲ စက်ရုံများကို စက်မှုလက်မှု တိုးခဲ့ လုပ်ကိုင်ရေး ကော်ပိုရေးရှင်း (စတလက)က တာဝန်ယူ ဆက်လက် လုပ်ဆောင်သည်။ ထို့နောက် ၁၉၇၂ ခု မတ်လ ၂၆ ရက်နေ့တွင် အုပ်ချုပ်ရေးစနစ်သစ် ပြောင်းလဲသတ်မှတ်လိုက်သောအခါ စတလကသည် စက်မှုဝန်ကြီးဌာန စက်မှု စီမံကိန်း ကော်ပိုရေးရှင်း(၁)ဖြစ်သွားသည်။ ထို့ကြောင့် စက်ရုံများ စမ်းသပ် လည်ပတ်ခြင်း၊ စက်ရုံကို လွှဲပြောင်း လက်ခံယူခြင်း ကိစ္စရပ်များကို စက်မှု စီမံကိန်း ကော်ပိုရေးရှင်း(၁)က လုပ်ဆောင်ခဲ့သည်။

စက်ရုံ စီမံကိန်းအတွက် လူအင်အား ဖွဲ့စည်းပုံအရ စုစုပေါင်း ကာယ ဥာဏ လုပ်သားဝန်ထမ်း ၃၁၄ ဦးအနက် ရန်ကုန် စီမံကိန်းရုံးခွဲတွင် ၃၀ ဦးနှင့် ဇေယျဝတီ စီမံကိန်းရုံးခွဲတွင် ၁၃၇ ဦးဖြင့် စီမံကိန်းကို စတင် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။[၂] စက်စမ်းသပ်လည်ပတ်ခြင်းကို ၁၉၇၂ ခု နိုဝင်ဘာလ ၁ ရက်မှ ၁၉၇၃ ခု ဖေဖော်ဝါရီလ ၂၈ ရက်နေ့ထိ ဆောင်ရွက်ခဲ့ပြီး ၁၉၇၃ ခု ဧပြီလ ၂၁ ရက်နေ့တွင် စက်မှု စီမံကိန်း ကော်ပိုရေးရှင်း(၁)က အပြီးအပိုင် လွှဲပြောင်း လက်ခံယူခဲ့သည်။[၃]

၁။ စက်မှုစီမံကိန်း ကော်ပိုရေးရှင်း အမှတ် (၁) ဇေယျဝတီအရက်ပြန်စက်ရုံစီမံကိန်း အကောင်အထည်ဖော်ရေးနှင့်ပတ်သက်၍ စီမံဆောင်ရွက်ချက်များ၊ စာ ၁၃၄

၂။ စက်မှုစီမံကိန်း ကော်ပိုရေးရှင်း အမှတ် (၁) ဇေယျဝတီအရက်ပြန်စက်ရုံစီမံကိန်း အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ စီမံဆောင်ရွက်ချက်များ၊ စာ ၁၃၇

၃။ စက်မှုဝန်ကြီးဌာန သမိုင်းအကျဉ်းချုပ်၊ အတွဲ ၅၊ စာ ၁၀

တည်ဆောက်ရေး လုပ်ငန်းတွင် အုတ်သည် အဓိက အသုံးပြုရသော ပစ္စည်းများတွင် ပါဝင်ပေသည်။ ယဉ်ကျေးမှုနှင့် ဆက်နွယ်နေသော ပစ္စည်းဟု ဆိုကလည်း မမှားနိုင်ပေ။ မြန်မာနိုင်ငံသည် စစ်ဘေး စစ်ဒဏ်ကြောင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများနှင့် ပြည်သူ့ အိမ်ရာများ ပျက်စီးရှိ ပြန်လည် တည်ဆောက်ရာတွင် အုတ်ကို အလေးပေး အသုံးပြုသည်။ အုတ်သည် အဆောက်အအုံခိုင်ခံ့မှုသာမက လှပ ခမ်းနားမှုကိုလည်း တစ်နည်းအားဖြင့် အထောက်အကူ ဖြစ်စေသည်။ ဘာသာရေးဆိုင်ရာ ဘုရားပုထိုး ကျောင်းဇရပ်များ၊ တာဝန်များ၊ တံတားများ၊ ယဉ်ကျေးမှု ပြတိုက်များ၊ စာကြည့်တိုက်များ၊ ပညာရေးဆိုင်ရာကျောင်း ကြီးငယ်များ၊ တက္ကသိုလ်များ စသည်တို့ တည်ဆောက်ရာတွင် အုတ်သည် အချက်အချာ ကျဆဲဖြစ်သည်။ ထို့ကြောင့် အုတ်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အဖွဲ့အစည်း လူနေမှု အဆင့်အတန်း မြင့်မားရေးတွင် အရေးပါသည့် ပစ္စည်းတစ်ခုဖြစ်သည်။

ထိုသို့အရေးပါလှသော အုတ်ကို ရှေးအခါက ပုဂ္ဂလိက လုပ်ငန်းရှင်များသည် သမား ရိုးကျနည်းဖြင့်ပင် ထုတ်လုပ် ဖြန့်ဖြူးခဲ့ကြသည်။ သို့သော် နိုင်ငံတော် ပြန်လည်ထူထောင်ရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အဖွဲ့အစည်း အဆင့်အတန်းမြင့်မားရေးတို့အတွက် ပြည်ထောင်စု အစိုးရသည် ပြည်တော်သာ ခေတ်က အစိုးရပိုင်အုတ်နှင့်အုတ်ကြွပ်စက်ကိုတည်ထောင်ခဲ့သည်၊

ထိုသို့ တည်ထောင်ခဲ့သော အစိုးရအုတ်စက်သည် ရန်ကုန်မြို့မှ ၁၃ မိုင်ကွာဝေးသော ဒဂုံးကုန်းကျေးရွာအနီးရှိ မြေရိယာ စုစုပေါင်း ၇၇၇.၄၃ ဧက ကျယ်ဝန်းသော မြေပေါ်တွင် တည်ရှိသည်။ စက်ရုံကို ဒဂုံးကုန်းဘူတာ အရှေ့ဘက် ရန်ကုန်ဂေါက်ကလပ်၏ မြောက်ဘက်ရှိ မိုင်တစ်ဝက်ခန့်ရှိ တောင်ကုန်းပေါ်တွင် တည်ဆောက်ထားသည်။[၁]

မူလ တည်ဆောက်စဉ် ၁၉၅၂ ခုနှစ်က **အုတ်နှင့် အုတ်ကြွပ်စက်**ဟူ၍ တစ်ရုံတည်းရှိသည်၊ နောက်ထပ် အလုပ်ရုံခွဲ နှစ်ရုံ တည်ဆောက်သောအခါ မူလ စက်ရုံကို အလုပ်ရုံခွဲ (၁) ဟု ခေါ်တွင်သဖြင့် စက်ရုံတွင် အလုပ်ရုံခွဲ (၁) (၂) (၃) ဟူ၍ သုံးခုခွဲသည်။ ထိုအလုပ်ရုံ သုံးခုကို ပေါင်း၍ တော်လှန်ရေး ကောင်စီကာလတွင် ၁၉၆၂ ခုနှစ် စက်တင်ဘာလ ဂ ရက်နေ့မှစ၍ အုတ်နှင့် အုတ်ကြွပ်စက် (စကလက) ဟုခေါ်တွင်သည်။[၂]

၁။ အုတ်စက် အမှတ်(၁)၊ ဒဂုံးကုန်း စက်မှုလုပ်ငန်းသမိုင်း၊ စာ ၆

၂။ အုတ်စက် အမှတ်(၁)၊ 'ဒဂုံးကုန်း စက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၂

မူလစက်ရုံ ဖြစ်သော အလုပ်ရုံခွဲ(၁) သည် နှစ်စဉ် အုတ်ချပ်ရေ သိန်းတစ်ထောင် ထုတ်လုပ်ဖြန့်ဖြူးနိုင်သည်။ အစိုးရဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းများ တိုးတက်လာသဖြင့် အုတ်ဝယ်ယူမှုများပြားလာသဖြင့် ခေတ်မီ အုတ်စက်သစ်တစ်လုံး တိုးခဲ့ပြီ တည်ဆောက်ရန် စက်မှုလက်မှုထုံးခွဲလုပ်ကိုင်ရေး ကော်ပိုရေးရှင်း၏ အုတ်စက် အုပ်ချုပ်ရေးအဖွဲ့သည် ၁၉၆၁ ခုနှစ်တွင် စတင်ဆောင်ရွက်သည်။

ထိုအလုပ်ရုံခွဲ(၂)ကို တည်ဆောက်ရန် ၁၉၆၂ ခုနှစ် ဇန်နဝါရီလတွင် တင်ဒါများခေါ်ယူသည်။ တင်ဒါများကို စိစစ်ပြီးနောက် တော်လှန်ရေး ကောင်စီ ဒုစိုးရဂလက်ထက်တွင် Inter Kiln Engineering Co. Mexico နှင့်စက်ပစ္စည်းများ ပေးသွင်းရေး စာချုပ်ကို ၁၉၆၂ ခုနှစ် ဒီဇင်ဘာလ ၄ ရက် နေ့တွင် စာချုပ်ချုပ်ဆိုသည်။စက်များ တပ်ဆင်ခြင်းကို စက်ပစ္စည်းများထောက်ခံပြီး လပေါင်း ၂၁ အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် အခြေခံ စက်စွမ်းအားကို တစ်နှစ်လျှင် အုတ်သိန်း ၁၂၀ ထုတ်လုပ်နိုင်ရန် စာချုပ်တွင် သတ်မှတ်ကြသည်။

စက်ရုံ တည်ဆောက်ရေးကို ရန်ကုန်မြို့ ကလပ်အင်ဂျင်နီတ်ကုမ္ပဏီက ဆောင်ရွက်သည်။ ၁၉၆၂ ခု ဒီဇင်ဘာလတွင် စတင် တည်ဆောက်၍ ၁၉၆၃ ခု ဒီဇင်ဘာလမှ စတင်၍ စက်များ ထပ်ဆင်သည်။ ၁၉၆၅ ခု မတ်လတွင် ကုန်ထုတ်လုပ်မှု စတင်သည်။[၁]

စက်ရုံအတွက် ရင်းနှီးမြှုပ်နှံမှု ကုန်ကျငွေ ပမာဏမှာ နိုင်ငံခြားငွေကျပ် ၄၀.၄၉ သိန်း အပါအဝင် စုစုပေါင်း ငွေကျပ် ၈၁.၂၂၄ သိန်းကုန်ကျခဲ့သည်။[၂]

အလုပ်ရုံခွဲ(၂) တွင် ၉"×၄၅"×၃" အရွယ်အစား အုတ်များကို တစ်နှစ်လျှင်အုတ်ချပ်ရေ ၁၂၀ သိန်းထုတ်လုပ်နေရာမှဥမင်မီးဖို(Tunnel Kiln)ဥမင်အခြောက်လှန်းရုံ(Tunnel Dryer) တစ်ခုနှင့်အခြား လိုအပ်သော စက်အရန် ပစ္စည်းများ တိုးခဲ့ပြီ တည်ဆောက်ခြင်းဖြင့် အုတ်ဝယ်ယူသုံးစွဲမှု လိုအပ်ချက်ကို အပြည့်အဝ ထုတ်လုပ် ပေးနိုင်သည်။ ထိုအတွက် အလုပ်ရုံခွဲ (၂) တိုးခဲ့ပြီ စက်ရုံ တည်ဆောက်ရေး ပမာဏ လုပ်ငန်းများကို ၁၉၆၇ ခု ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့သည်။[၃]

၁။ အုတ်စက် အမှတ် (၁)၊ ဒညင်းကုန်း စက်မှုလုပ်ငန်းသမိုင်း၊ စာ ၃၉-၄၀
၂။ အုတ်စက် အမှတ် (၁)၊ ဒညင်းကုန်း စက်မှုလုပ်ငန်းသမိုင်း၊ စာ ၂၀
၃။ အုတ်စက် အမှတ် (၁)၊ ဒညင်းကုန်း စက်မှုလုပ်ငန်းသမိုင်း၊ စာ ၄၈

စက်ပစ္စည်း ပေးသွင်းရေးစာချုပ်ကို အမေရိကန် နိုင်ငံ Inter Kiln Engineering Inc နှင့် ၁၉၆၇ ခုနှစ် ဇူလိုင်လ ၂၇ ရက် နေ့တွင် လက်မှတ်ရေးထိုး ချုပ်ဆိုသည်။ စက်ပစ္စည်း တင်ပို့ခြင်းကို စာချုပ်အရ ၁၉၆၈ ခု မေလ ၈ ရက်အရောက်ပေးပို့ရန်ဖြစ်သော်လည်း အင်တာကင် ကုမ္ပဏီ၏ မေတ္တာရပ်ခံချက်အရ ရက်ရွှေ့ဆိုင်းပေးခဲ့ရာ ၁၉၇၀ ခု ဩဂုတ်လ ၂၈ ရက်နေ့တွင် နောက်ဆုံးရောက်ရှိခဲ့သည်။ ဆောက်လုပ်ရေးလုပ်ငန်းများကို ၁၉၆၈ ခု မတ်လမှစတင် တည် ဆောက်ခဲ့ရာ ၁၉၆၈ ခု စက်တင်ဘာလ ၃၀ ရက်နေ့တွင် ရုန်းပြည့်ပြီးစီးခဲ့သည်။ စက်တပ်ဆင်မှု လုပ်ငန်းများကို ၁၉၆၉ ခု စက်တင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ရာ ၁၉၇၀ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် လုံးဝတပ်ဆင်ပြီးစီးခဲ့သည်။ စက်ပိုင်းဆိုင်ရာ လုပ်ငန်းများ၊ လျှပ်စစ်ပိုင်း ဆိုင်ရာလုပ်ငန်းများနှင့် အခြားလိုအပ်ချက်များ အပြီးသတ် ဆောင်ရွက်ပြီးစီးရှိ စက်အား ၁၉၇၁ ခုနှစ် မေလ ၁၇ ရက်နေ့တွင် စမ်းသပ်လည်ပတ်ခဲ့သည်။ စမ်းသပ်မှု ကာလကို စာချုပ်ပါ အတိုင်း ၁၉၇၁ ခုနှစ် အောက်တိုဘာလ ၁၆ ရက်ထိ ၅ လသို့ ဆောင်ရွက်ခဲ့သည်။ စက်စမ်းသပ် လည်ပတ်မှုအား ကျေနပ်မှုရှိသဖြင့် ၁၉၇၁ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် စ.တ.လ.က သည် အင်တာကင်ကုမ္ပဏီထံမှ စက်များအား လွှဲပြောင်းလက်ခံခဲ့သည်။ ၎င်းနေ့တွင်ပင် ကုန်ထုတ်လုပ်မှုကို စတင် ဆောင်ရွက်ခဲ့သည်။[၁]

အလုပ်ရုံခွဲ (၂) တိုးချဲ့စီမံကိန်းအတွက် ကုန်ကျခဲ့သည့် ရင်းနှီးမြှုပ်နှံမှုငွေကြေး ပမာဏမှာ နိုင်ငံခြားငွေကျပ် ၉.၉၃ သိန်း အပါအဝင် စုစုပေါင်းငွေကျပ် ၂၁.၇၄ သိန်းဖြစ်သည်။[၂]

အုတ်နှင့်အုတ်ကြွပ်စက်တို့မှ ထုတ်လုပ်လိုက်သော စက်အုတ်များမှာ နှစ်စဉ် ၃၀၀ သိန်းခန့် သာရှိပါသည်။ မြန်မာတစ်ပြည်လုံး၏ နှစ်စဉ်အုတ်လိုအပ်ချက်မှာ အုတ်ချပ်ရေ ၁၇၀၀ သိန်း ဖြစ်ပြီး ရန်ကုန်နယ်နိမိတ်အတွင်း၌ပင် နှစ်စဉ်အုတ်ချပ်ရေ သိန်း ၈၀၀ ခန့်လိုအပ်လျက်ရှိသည်။ ဝယ်ယူနိုင်မူထက်ထုတ်လုပ်နိုင်မှုမှာ လွန်စွာနည်းနေသေးသည်။

ထိုအတွက် အမှတ် (၃) အုတ်စက်အား မှော်ဘီအုတ်စက် စီမံကိန်း၏ နောက်ဆက်တွဲ အဖြစ်သတ်မှတ်၍ ၉"×၄½"×၃" အရွယ်အစားအုတ်များအား တစ်နှစ်လျှင် အုတ်ချပ်ရေ ၂၄၀ သိန်း ထုတ်လုပ်ရန် စီမံဆောင်ရွက်ရပြန်သည်။ စက်ရုံ၏ ပဏာမ လုပ်ငန်းများအား

၁။ **အုတ်စက်အမှတ် (၁)၊ဥည်းကုန်းစက်မှုလုပ်ငန်းသမိုင်း၊** စာ ၅၀-၅၁-၅၃

၂။ **အုတ်စက်အမှတ် (၁)၊ဥည်းကုန်းစက်မှုလုပ်ငန်းသမိုင်း၊** စာ ၂၁

၁၉၆၇ ခုနှစ် ဧပြီလမှစတင် ဆောင်ရွက်သည်။ စက်ပစ္စည်းပေးသွင်းရေးစာချုပ်ကိုမူ အုတ်နှင့် အုတ်ကြွပ်စက် အမှတ် (၂) နှင့် မျော်ဘီအုတ်စက်တို့၏ ကန့်ထရိုက်တာဖြစ်သူ Inter Kiln Co. နှင့်ပင် ၁၉၆၆ ခုနှစ် အောက်ဘိုဘာလ ၁၁ ရက်နေ့က လက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုခဲ့သည်။ စက်ပစ္စည်းများပေးပို့ရန်အတွက် ငွေလွှဲစာတမ်းကို ၁၉၆၇ ခုနှစ် ဇွန်လ ၁၂ ရက်နေ့က ဖွင့်လှစ်ပေးခဲ့ပြီးနောက် စက်ပစ္စည်း စတင်ပေးပို့ရန်နှင့် စာချုပ်ပြီး ၁၂ လ အတွင်းအပြီးပို့ရန်ဖြစ်သည်။ သို့ဆိုတွင် အကြောင်းကြောင်းကြောင့်ရက်မျှားရှေ့ရွှေ့ခဲ့ရပြီး ၁၉၇၀ ပြည့်နှစ်ဒီဇင်ဘာလ ၂၂ ရက်နေ့မှ နောက်ဆုံးရောက်ရှိခဲ့သည်။ အဆောက်အအုံများ တည်ဆောက်မှု လုပ်ငန်းကို ၁၉၆၇ ခုနှစ် မေလမှစတင်ခဲ့ပြီး ၁၉၆၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် လုံးဝပြီးခဲ့သည်။ စက်တပ်ဆင်ခြင်း လုပ်ငန်းများကို ၁၉၆၇ ခုနှစ် ဇွန်လတွင် စတင်ဆောင်ရွက်ခဲ့ရာ ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ပြီးစီးခဲ့သည်။[၁]

စက်မှုသယ်လည်ပတ်ခြင်းကို စာချုပ်အရ စက်တပ်ဆင်ပြီး ၆ လအတွင်း ၁၉၇၁ ခု မတ်လတွင်ဆောင်ရွက်ရန်ဖြစ်သော်လည်း စက်ကိရိယာအစိတ်အပိုင်းအချို့သည် ကုန်ထုတ်လုပ်မှုမှုသယ်နိုင်ရေးအတွက် ကျွန်ုပ်ဖွယ်မရှိသဖြင့် ဓာတ်လက်ပြင်ဆင်ခဲ့ရခြင်းကြောင့် ၁၉၇၁ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်စမ်းသပ်နိုင်ခဲ့သည်။ စမ်းသပ်ထုတ်လုပ်စဉ်ကာလအတွင်း Double Shaft Mixer ၏ Pinion သည် အပွဲကလေးများ ဖြစ်လျက် ပြုပ်ထနေသောကြောင့် မှုသယ်လည်ပတ်ခြင်းကို ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ရပ်ဆိုင်းလိုက်ရသည်။ Pinion ချိုယွင်းမှုသည် စာချုပ်အရ Material Guarantee Period ကျော်လွန်နေပြီဖြစ်သော်လည်း စက်စမ်းသပ်လည်ပတ်စဉ် ကာလဖြစ်၍ အစားထိုးပေးရန် အင်တာကင် ကုမ္ပဏီသို့စကားကမ်းလှမ်းညှိနှိုင်းခဲ့သည်။ အစားထိုး ပြုပြင်ပေးခြင်း ရှိမရှိ မသိရသော်လည်း စာချုပ်၊ အုတ်စိမ်းအရေအတွက် အပြည့်အဝထုတ်လုပ်နိုင်ရေးအတွက် Grinding Pan Grids တစ်စုံကိုမူ အခမဲ့တင်ပို့ခဲ့၍ ၁၉၇၂ ခုနှစ်အတွင်း လက်ခံရရှိအသုံးပြုခဲ့သည်။ စက်များပြုပြင်ပြီး ဒုတိယအကြိမ် စတင်လည်ပတ်သည့် ၁၉၇၁ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာပင် ကုန်ထုတ်လုပ်မှုကို တောင်ဆောင်ရွက်ခဲ့သည်။

အုတ်နှင့်အုတ်ကြွပ်စက် (စတလက) ၏ အလုပ်ရုံခဲ့ (၁)၊(၂)၊(၃) နှင့် (၂) တိုးချဲ့ အလုပ်ရုံတို့သည် တော်လှန်ရေးကောင်စီအစိုးရ လက်ထက် ၁၉၆၂ မှ ၁၉၇၂ အတွင်း ၉"×၄½"×၂½" အရွယ်အုတ်၊ ၁၆½"×၉½"× "အရွယ်အုတ်ကြွပ်၊ မီးခံအုတ်အရွယ်အစား

၁။ အုတ်စက်အမှတ် (၁)၊ ဒေဉင်းကုန်းစက်မှုလုပ်ငန်းသမိုင်း၊ စာ ၄၂ - ၄၅
၂။ အုတ်စက်ရုံအမှတ်(၁)၊ ဒေဉင်းကုန်းစက်မှုလုပ်ငန်းသမိုင်း၊ စာ ၄၆ - ၄၇

အမျိုးမျိုး၊ ချော် ခေါင်းပွအုတ်၊ ခေါင်းပွအုတ် (မြေနီ) ၁′×၃″ နှင့် ၂′×၄″ မြေပြန့်မြေပိုက်၊ ကြမ်းခင်းကျောက်ပြား (အနီ) အုတ်ပြား၊ ချော်ပိုက်ကိုကို ထုတ်လုပ်သည်။

ရန်ကုန်ဒေသကောလိပ်အပုတ် ၂ အဆောက်အအုံများကို ခေတ်အမီဆုံးနှင့် မြန်မာနိုင်ငံတွင် ပထမဦးဆုံး စံပြအနေဖြင့် ချော်အုတ်ဆောင်စုံမြေထည်ပစ္စည်းများဖြင့် တည်ဆောက်ထားသည်။ ထိုသို့ဆောက်လုပ်စဉ်က လိုအပ်သောပစ္စည်းများကို အုတ်နှင့် အုတ်ကြွေစက်မှုထုတ်လုပ်ပေးခဲ့သည်။ ပစ္စည်းများထုတ်လုပ်ရာ၌ အကြမ်းထည်များကို ဖွင့်ရင်း စက်များဖြင့် ထုတ်လုပ်၍ အချောကိုင်ရန်မီးဖို (Glazed Kiln) တစ်လုံးကိုအလုပ်ရုံခဲ့ (၂) ဝင်းအတွင်း တည်ဆောက်သည်။ မီးဖိုနှင့်မီးဖိုဆောက်လုပ်ရေးကို အမေရိကန်ပြည် Agency of International Development မှ မေတ္တာလက်ဆောင်အဖြစ် ရရှိသည်။

တင်ပြပါစက်ရုံများဖြစ်သော အလုပ်ရုံခဲ့ (၁)၊ (၂)၊ (၃) နှင့် (၂) တို့ခဲ့တို့၏နှစ်အလိုက် ကုန်ထုတ်လုပ်မှုမှာ အောက်ပါအတိုင်းဖြစ်သည်။

(သိန်းကဏန်း)

ခုနှစ်		အုတ်	ချော်အုတ်	အုတ်ကြွေပ်	မီးခံအုတ်နှင့် အထူးမီးခံအုတ်
၁၉၆၂-၆၃	....	၁၆၀.၀၀	....	၂.၂၅၁	...
၁၉၆၃-၆၄	....	၁၄၈.၅၀	....	၅.၄၀၁	...
၁၉၆၄-၆၅	....	၁၆၅.၆၉	....	၀.၈၁၃	၀.၇၇၈
၁၉၆၅-၆၆	....	၂၁၆.၇၀	၀.၁၀၂	....	၁.၇၁၂
၁၉၆၆-၆၇	....	၂၀၅.၄၁	၂.၅၃၉	....	၂.၇၁၄
၁၉၆၇-၆၈	....	၁၇၅.၄၂	၄.၀၅၇	....	၂.၂၆၂
၁၉၆၈-၆၉	....	၁၆၂.၁၇	၀.၆၁၉	၀.၁၆၈	၂.၃၇၇
၁၉၆၉-၇၀	....	၁၇၅.၉၇	၃.၉၃၂	....	၂.၄၃၁
၁၉၇၀-၇၁	....	၂၁၆.၅၀	၁.၇၂၀	....	၂.၂၂၉
၁၉၇၁-၇၂	....	၂၅၃.၄၁	၀.၂၀၄	....	၃.၀၂၆

၁။ အုတ်စက်ရုံအမှတ် (၁)၊ ဗညင်းကုန်းစက်မှုလုပ်ငန်းသမိုင်း၊ စာ ၅၄

၂။ အုတ်စက်ရုံအမှတ် (၁)၊ ဗညင်းကုန်းစက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၁၇-၁၂၁

အုတ်နှင့်အုတ်ကြွပ်စက် (စတလက) သည် ခေါင်းပွအုတ်မြေနီများကို ၁၉၅၇-၅၈ ခုနှစ်မှ စတင်ထုတ်လုပ်သည်။ စတင်ထုတ်လုပ်စနှစ်တွင် ခုရေ ၆၁၇၉၈ သာ ထုတ်နိုင်သည်။ ၁၉၆၀-၆၁ ခုနှစ်တွင်မူ ခုရေပေါင်း ၆၆၀၃၉၀ ထုတ်လုပ်နိုင်သည်။ ၁၉၆၃-၆၄ ခုနှစ်တွင်လည်း ထုတ်လုပ်မှု မနည်းပေ။ ၁၆၅၅၅၀ ထုတ်လုပ်၍ ၁၉၆၇-၆၈ ခုနှစ်တွင် ၅၅၀၄၉ သာထုတ်သည်။ နောက်ပိုင်းတွင် ဆက်လက် ထုတ်လုပ်ခြင်း မတွေ့ရချေ။ ချော်ခေါင်းပွ အုတ်များကိုလည်း ၁၉၆၆ ခုနှစ် တွင် စတင်ထုတ်လုပ်ရာ ၁၉၆၆ ခုမှ ၁၉၇၃ ခုနှစ်အထိ အောက်ပါအတိုင်း ထုတ်လုပ်နိုင်ခဲ့သည်။[၁]

ခုနှစ်			ထုတ်လုပ်မှု (ခုရေ)
၁၉၆၆-၆၇	....	....	၁၅၃၀၆၆
၁၉၆၇-၆၈	....	....	၂၉၇၁၆၆
၁၉၆၈-၆၉	....	....	၅၄၄၆၄၄
၁၉၆၉-၇၀	....	....	၂၆၃၄၆၆
၁၉၇၀-၇၁	....	....	၂၂၅၅၈၈
၁၉၇၁-၇၂	....	....	၃၃၂၅၆၄
၁၉၇၂-၇၃	....	....	၇၉၁၆၀

ထို့အတူ ကြမ်းခင်းကျောက်ပြား အနီများကို ၁၉၅၈-၅၉ ခုနှစ်မှစတင် ထုတ်လုပ်သည်။ ၁၉၇၈-၇၉ ခုနှစ် နောက်ပိုင်းတွင် ဆက်လက် ထုတ်လုပ်ခြင်း မတွေ့ရချေ။ နှစ်စဉ်ထုတ်လုပ်မှုမှာ တစ်သောင်းမှ ငါးသောင်းထိရှိသည်။ ချော်ရည်သုတ် ပိုက် အမျိုးမျိုးကိုမူ ၁၉၇၁-၇၂ ခုကမှ စတင်ထုတ်လုပ်သည်။ ၁၉၆၇ ခုမှ ၁၉၆၉ ခုနှစ်အတွင်း အုတ်ပြားများလည်း ထုတ်လုပ်သည်။ တစ်နှစ်လျှင် သုံးသောင်းကျော် ထုတ်လုပ် နိုင်ခဲ့သည်။ အချိုကုန်ပစ္စည်းများကို ဆက်လက် ထုတ်လုပ်ခြင်း မရှိသည်မှာ စက်ရုံတွင် ပိုမို အသုံးတွင်ကျယ်သော လိုအပ်သော နှစ်ထပ်အုတ် သုံးထပ်အုတ်၊ နံရံကပ် ကြွေပြားများ လက်ပေါက်အုတ်များ၊ ပန်းအိုး၊ ဆေးလိပ်ပြာခွက်အစ ရှိသော ပစ္စည်းများ စမ်းသပ် ထုတ်လုပ်ခြင်းကြောင့် ဖြစ်သည်။[၂]

စက်ရုံအတွက် ကုန်ကြမ်းကို စက်ရုံပိုင် မြေမှပင် ရရှိသည်။ လိုအပ်သော ကုန်ကြမ်းမှာလည်း ထုတ်လုပ်သည့်ပစ္စည်းအလိုက် မြေဖွယ် မြေစေး သလင်းကျောက်၊ ကြွေကျောက်

၁။ အုတ်စက်ရုံအမှတ်(၁) ဒညင်းကုန်း စက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၂၂
၂။ အုတ်စက်ရုံအမှတ်(၁) ဒညင်းကုန်း စက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၂၂-၂၆

ကန့်ကူဆံ၊ စွဲခဲ၊ ခဲနီမှုန့် စသည်တို့နှင့် ရွှေတောင်မြေ၊ မင်းလှမြေတို့ဖြစ်သည်။ ဘွယ်ဝိုက်ပစ္စည်း အဖြစ် ဒီဇယ်ဆီ၊ မီးထိုးဆီ၊ အုတ်ဖြတ်ကြိုး၊ ကော်မှုန့်၊ ဒန့်ပါစက္ကူ(Damper paper)ဘိလပ်မြေ၊ မြေဖြူမှုန့်၊ ဆိုဒီယမ် ဆီလီကိတ်၊ သဲစသည်တို့လိုသည်။ စက်ရုံအတွက် လိုအပ်သောရေနှင့် စက်ရုံဝင်းအတွင်းရှိ ဓာတ်ရုံပိုင် အဝီစိတွင်းများမှ ဖြည့်ဆည်းပေးသည်။ အလုပ်ရုံခဲ့(၁)သည် လျှပ်စစ်ဓာတ်အား ၃၆၀ ကီလိုဝပ်၊ ၄၇၀၀ ကီလိုဝပ် နာရီပေါင်း လိုအပ်သည်။ အလုပ်ရုံခဲ့(၂)သည် ကီလိုဝပ် ၇၆၀၊ ကီလိုဝပ်နာရီပေါင်း ၁၀၀၀၀ လို၍ အလုပ်ရုံခဲ့(၃)သည် ကီလိုဝပ် ၇၀၀၊ ကီလိုဝပ် နာရီပေါင်း ၁၀၀၀၀ လိုသည်။စုစုပေါင်းအားဖြင့်ကီလိုဝပ် ၁၈၂၀၊ ကီလိုဝပ်နာရီပေါင်း ၂၅၅၀၀ လိုလေသည်။လိုအပ်သော လျှပ်စစ်ဓာတ်အားကို လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်းမှ ရရှိသည်။ စက်မှုလုပ်ငန်းကြီးငယ်များသည် တစ်ခုကိုတစ်ခု ဤသို့ ထောက်ကူပံ့ပိုးလျက် နိုင်ငံတော်၏ လိုအပ်ချက်ကို ပြည့်မီအောင် စွမ်းဆောင် ထုတ်လုပ်ကြပေသည်။[၁]

ပြည်တွင်း အုတ်လိုအပ်ချက်သည် တစ်နှစ်ထက်တစ်နှစ် ပိုလာသည်။ တော်လှန်ရေးကောင်စီ ကာလ စက်ရုံ အလုပ်ရုံများ တည်ဆောက်ခြင်း၊ ရေလှောင်ကန်များ၊ တာတမံများ ဆောက်လုပ်ခြင်း၊ ကျောင်း၊ ဆေးရုံစသည်တို့ ဆောက်လုပ်ခြင်း၊ လူနေအိမ်ခြေ တိုက်တာများ တိုးပွားဆောက်လုပ်ခြင်း စသည်တို့အတွက် လိုအပ်ချက် ဖြည့်တင်းရန် ခဲချိန်မီ ခေတ်မီအုတ်စက်များပိုမို တည်ဆောက်ရန် လိုလာသည်။ ထိုကြောင့် တော်လှန်ရေး ကောင်စီအစိုးရအဖွဲ့ ဒုတိယကုန်း အုတ်စက်နှင့် တိုးချဲ့ စက်ရုံခွဲများအပြင် အုတ်စက်ရုံ အမှတ်(၂)ကို တည်ဆောက်စီစဉ်ဆောင်ရွက်သည်။

အုတ်စက်ရုံ အမှတ်(၂)သည် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် လှည်းငုတ်ချောင်း ကျေးရွာအုပ်စုအတွင်း တည်ရှိပြီး ရန်ကုန်မှ ၃၄ မိုင် မှော်ဘီမှ ၄ မိုင်အကွာ ရန်ကုန်ပြည် မော်တော်ကားလမ်းမအနောက်တွင်ရှိသည်။စက်ရုံ၏ အရှေ့ဘက်တွင် ခေါက်ဆွဲစက်ရုံ၊ ပလတ်စတစ်စက်ရုံအမှတ်(၃) ရှိပြီး တောင်ဘက်တွင် တပ်မတော် စိုက်ပျိုးရေးနှင့် မွေးမြူရေးစခန်း မြောက်ဘက်တွင် သစ်တောဦးစီးဌာနတို့ တည်ရှိသည်။ စက်ရုံပိုင် မြေနေရာ အကျယ်အဝန်းမှာ စုစုပေါင်း ၁၃၇၃ ကေရှိသည်။[၂] ဒုတိယကုန်း အုတ်စက်နှင့် ကွဲပြားသိသာစေရန် အုတ်စက်ရုံ အမှတ်(၂)မှော်ဘီ ဟုအမည်ပေးခဲ့သည်။

၁။ အုတ်စက်ရုံအမှတ် (၃) ဒုတိယကုန်း စက်မှုလုပ်ငန်းသမိုင်း၊ စာ ၉၉-၁၁၂

၂။ အုတ်စက်ရုံ အမှတ် (၂) မှော်ဘီ စက်မှုလုပ်ငန်းသမိုင်း။ စာ ၄

အုတ်စက်ရုံအမှတ် (၂) မှော်ဘီ တည်ဆောက်ရေးအတွက် ပဏာမ စူးစမ်းလေ့လာမှု လုပ်ငန်းများကို မြန်မာနိုင်ငံ စီးပွား တိုးတက်မှု ကော်ပိုရေးရှင်း (ဘီအီးဒီစီ) မှပြုလုပ်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ဘီအီးဒီစီကို ပြည်သူပိုင် ပြုလုပ်လိုက်သဖြင့် အုတ်စက် တည်ဆောက်ရေးကို စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းမှ ဆက်လက် အကောင်အထည်ဖော်သည်။

အုတ်စက်ရုံအမှတ်(၂) မှော်ဘီ တည်ဆောက်ရေးအတွက် ပြည်ထောင်စု သမ္မတဂျာမနီနိုင်ငံ နှစ်ရှည် မတည်ငွေရင်းချေးငွေဂျာမန်ဒီမတ်သန်း ၂.၈၅ ချေးယူသည်။ ငွေချေးစာချုပ်ကို ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံ ကေအက်ဖ်ဒဗလျူဘဏ်နှင့် မြန်မာနိုင်ငံကူးသန်းရောင်းဝယ်ရေးဘဏ်တို့ ၁၉၆၆ ခုမေလ ၂၃ရက်နေ့တွင် လက်မှတ်ရေးထိုးသည်။ချေးယူခဲ့သည့် ဂျာမန်ဒီမတ်သန်း ၂.၈၅ကို တစ်နှစ်လျှင် ၅ ရာခိုင်နှုန်း အတိုးဖြင့် ဆိုင်းငံ့ကာလ အပါအဝင် ၁၅ နှစ်အတွင်း အကြေပေးဆပ်ရမည် ဖြစ်သည်။ အတိုးငွေကို ၁၉၆၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့မှ ၁၉၈၁ ခုနှစ် ဇွန်လ ၃၀ ရက်အထိ ၂၄ ရစ်ဖြင့် ပေးဆပ်ရသည်။[၁] အုတ်စက်ရုံအမှတ်(၂)မှော်ဘီ စီမံကိန်း အသုံးစရိတ် မူလလျာထားငွေသည် ၈.၀၄ သန်းဖြစ်၏။ သို့သော် ၁၉၆၅-၆၆ မှ ၁၉၆၉-၇၀ အထိအမှန်တကယ် ရင်းနှီးမြှုပ်နှံသည့် အသုံးစရိတ်ငွေမှာ ၉.၃၅သန်း ဖြစ်သောကြောင့် မူလခန့်မှန်းမှုထက် ၁.၃၁ သန်း ပိုသည်။ ဤကဲ့သို့ ပိုမိုကုန်ကျရခြင်းမှာ ကုန်ထုတ်လုပ်မှုအတွက် ပစ္စည်းများကြိုတင်စုဆောင်းခြင်းကြောင့် ဖြစ်သည်။ အုတ်စက်ရုံ တည်ဆောက်ရန် အထိုင်ပင်ခံ ပညာရှင်များ ငှားရမ်းရသည်။ ထိုသို့ ငှားရမ်းရန် လိုအပ်မည့် ဂျာမန်ဒီမတ် ၀.၁၅ သန်းကို စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံ ဖရစ်ဝါနာ ကုမ္ပဏီနှင့် ၁၉၆၆ ခု ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် စာချုပ်ချုပ်ဆို၍ချေးယူသည်။[၂]

တင်ဒါခေါ်ယူခြင်းနှင့် ရွေးချယ်ခြင်းကို စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း၏ သဘောထားကို ရယူ၍ အတိုင်ပင်ခံ ဖရစ်ဝါနာ ကုမ္ပဏီက ပြုလုပ်သည်။ စက်ပစ္စည်းပေးသွင်းမှုအတွက် စာချုပ်ကိုမူ အမေရိကန်ပြည်ထောင်စု (Inter Kiln Engineering Inc. U.S.A) နှင့် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းတို့ ချုပ်ဆိုသည်။ စက်မှု

၁။ အုတ်စက်ရုံအမှတ်(၂) မှော်ဘီစက်မှုလုပ်ငန်းသမိုင်း။ စာ ၉-၁၆
၂။ အုတ်စက်ရုံအမှတ်(၂) မှော်ဘီစက်မှုလုပ်ငန်းသမိုင်း။ စာ ၉
၃။ အုတ်စက်ရုံအမှတ်(၂) မှော်ဘီစက်မှုလုပ်ငန်းသမိုင်း။ စာ ၁၈

လက်မှုဝန်ကြီးဌာနမှ စာချုပ် ချုပ်ရန် ညွှန်ကြားသည့် တန်ဖိုးငွေမှာ ဂျာမန်မတ် ၂.၈၅ သန်းဖြစ်၏။ စက်ရုံ အဆောက်အအုံ ဆောက်လုပ်မှု လုပ်ငန်းများကို ပြည်သူ့လုပ်ငန်းကော်ပိုရေးရှင်းမှ တာဝန်ယူ ဆောင်ရွက်ပြီး စက်ပစ္စည်းများကို အမေရိကန် ပြည်ထောင်စု Inter Kiln Engineering Inc. U.S.A. ကပေးသွင်း တပ်ဆင်သည်။[၁]

စက်ရုံ တည်ဆောက်ရေးကို Inter Kiln Engineering Inc. U.S.A. ကုမ္ပဏီမှတာဝန်ယူ၍၁၉၆၆ ခုနှစ် နိုဝင်ဘာလတွင်စတင်တည်ဆောက်ရာ၁၉၆၈-၆၉ခုနှစ်တွင်ပြီးစီးသည်။ ကန်ထရိုက်စာချုပ်အရ တပ်ဆင် စက်စွမ်းအားမှာ တစ်နှစ်လျှင် ရက်ပေါင်း ၃၆၅ ရက်လည်ပတ်လျှင် အုပ်ချုပ်ရေ သိန်း ၂၄၀ ထွက်မည်ဖြစ်သည်။ သို့ရာတွင် ကုန်ထုတ်စက်များသည် စက်ရုံ တည်နေရာ ရေမြေသဘာဝနှင့်မကိုက်ညီသဖြင့် အခြောက်ကြိတ်သည့် နည်းဖြင့်ထုတ်လုပ်မည့်အစား ကုန်ကြမ်း မြေကြီးကို အစိုကြိတ်သည့် နည်းစနစ်သို့ ပြောင်းလဲ ထုတ်လုပ်ရသည်။ ထိုကြောင့် စက်စွမ်းအားကိုလည်း တစ်နှစ်လျှင် ရက်ပေါင်း ၃၃၀ အလုပ်လုပ်ရက်သို့ ပြောင်းလဲ သတ်မှတ်သည့် နည်းတူ အုတ်ချပ်ရေကိုလည်း သိန်း ၁၈၀ သို့ ပြန်လည်ပြင်ဆင်သတ်မှတ်သည်။ ဤစက်ရုံမှ တည်ဆောက်ရေးအုတ် ၉"×၄$\frac{၁}{၂}$"×၂$\frac{၁}{၄}$" အရွယ်အပေါက် ၁၀ ပေါက်ပါ အုတ်တစ်မျိုးတည်းထုတ်သည်။[၂]

စက်ရုံ တည်ဆောက်ခြင်း စက်တပ်ဆင်ခြင်းနှင့် လျှပ်စစ် သွယ်တန်းမှု လုပ်ငန်းများ ဆောင်ရွက်ပြီးနောက် စက်စမ်းသပ် လည်ပတ်မှုကို ၁၉၆၉ ခု စက်တင်ဘာလမှ ၁၉၆၉ ခု ဒီဇင်ဘာလအထိ ၄လ စမ်းသပ်ရန် သဘောတူခဲ့ကြသည်။ သို့သော် လျှပ်စစ်ဓာတ်အားအပြည့်အဝ မရသေးသဖြင့် အခြောက်ခံ မီးဖိုတစ်လုံးနှင့် ဥမင် မီးဖိုတစ်လုံးတို့ဖြင့် အုတ်များကိုပထမ စမ်းသပ် ထုတ်လုပ်သည်။ ထိုသို့ စမ်းသပ် ကုန်ထုတ်လုပ်သည့် ကာလအတွင်း လျှပ်စစ်အား အပြည့်အဝ မရသေးခြင်း၊ လျှပ်စစ်ပြတ်တောက်မှုများခြင်း၊ မိုးရာသီဖြစ်သဖြင့် မြေကြီးအစိုဓာတ် ၂၀ ရာခိုင်နှုန်း ပါဝင်နေ၍ မြေကြိတ်စက်မှ မြေစေးများ ကြိတ်ချနိုင်ရန် အခြောက်မြေလှော်ဖိုမှ အစိုနှုန်း လျော့အောင် မပြုလုပ်နိုင်သေးခြင်းများကြောင့် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းရုံးချုပ်မှ ပုဂ္ဂိုလ်များနှင့် အင်တာကင် ကုမ္ပဏီမှ ပုဂ္ဂိုလ်တို့ညှိနှိုင်းကြပြီး ပထမအကြိမ် စက်စမ်းသပ် လည်ပတ်ရေးကို စမ်းသပ်ခြင်း မသတ်မှတ်ဘဲ ဒုတိယအကြိမ် အဖြစ် ၁၉၇၀ ပြည့် ဇန်နဝါရီလမှ မတ်လအထိ စုစုပေါင်း ၃ လ ထပ်မံ စမ်းသပ်ရန် ပြန်လည်သတ်မှတ်ကြသည်။[၃]

၁။ အုတ်စက်ရုံအမှတ်(၂) မှော်ဘီစက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၆
၂။ အုတ်စက်ရုံအမှတ်(၂) မှော်ဘီစက်မှုလုပ်ငန်းသမိုင်း၊ စာ ၄
၃။ အုတ်စက်ရုံအမှတ်(၂) မှော်ဘီစက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၉

တတိယအကြိမ်အဖြစ် စမ်းသပ်မှုကို ၁၉၇၁ ခုဧပြီလနှင့် မေလတို့တွင် နောက်ဆုံးစမ်းသပ်လည်ပတ်ရာ စက်လည်ရက်ပေါင်း ၄၅ ရက်အနက် ရက်ပေါင်း ၄၀တွင် ပျမ်းမျှ ၁၀၁ ရာခိုင်နှုန်း ထုတ်လုပ်နိုင်ပြီး ကျန် ၅ ရက်တွင် ပျမ်းမျှ ၆၇ ရာခိုင်နှုန်း ထုတ်လုပ်နိုင်သည်။ ထိုကုန်ထုတ်လုပ်မှုနှုန်းကို Technical committee က လက်ခံနိုင်သည်ဟု ယူဆသဖြင့် မှော်ဘီအုတ်စက်ရုံကို စက်မှုလက်မှု တိုးချဲလုပ်ကိုင်ရေး ကော်ပိုရေးရှင်းက လက်ခံယူခဲ့သည်။ စက်ရုံကို လက်ခံပြီးနောက် ပုံမှန် ကုန်ထုတ်လုပ်မှုကို ၁၉၇၁ ခုသြဂုတ်လ ၁ ရက်နေ့မှ စတင်လုပ်ဆောင်သည်။[၁] စက်ရုံကို သုံးကြိမ်တိုင် စမ်းသပ်လည်ပတ်ခဲ့ရသဖြင့် အချိန်အားဖြင့် ၁၉၆၅-၆၆ ခုမှ ၁၉၆၉-၇၀ အထိ လေးနှစ်ခန့် ကြာကာ မြန်မာငွေကျပ် ၀.၁၈ သန်း ကုန်ကျသည်။

စက်ရုံကို စတင်လည်ပတ်သော ၁၉၆၉-၇၁ ခုနှစ်မှစ၍ အခြောက်လုပ်နည်းစနစ် (Dry Process)ဖြင့် ထုတ်လုပ်သည်။ မပျော့မမာ ညွှစ်ထုတ်စနစ် (Semi Stiff extrusion method)နှင့် တွဲဖက် လုပ်ဆောင်သည်။ အသုံးပြုသော စက်များမှာ မြေပြုပြင်ရာတွင် (Clay Preparation)မြေကျွေးစက် (Even Clay Feeder)၊ အခြောက်လှော်ဖို (Rotary Drum Dryer)၊ အခြောက်ကြိတ်စက် (Dry Grinding Pan)၊ တုန်ခါဆန်ခါချစက်၊ (Vibrating Screen) များ ပါဝင်၍ အုတ်ပုံစံ လုပ်သည့်အပိုင်း (Clay Forming) တွင် မြေညွှစ်စက် (Double Shaft Mixer and Extrusion Machine) အုတ်ဖြတ်စက် (Cutter) နှင့် အုတ်တင်လှည်း (Kiln Cars)များပါဝင်သည်။ထိုပြင် အုတ်ဖုတ်ရန် ဥမင်မီးဖို (Tunnel Kiln)နှစ်လုံးရှိသည်။[၂]

စက်ရုံ တည်ဆောက်ဆဲ စီမံကိန်းကာလတွင် ရေးဆွဲခဲ့သော ဖွဲ့စည်းပုံအရ ခွင့်ပြုဝန်ထမ်းအင်အားမှာ ၂၈၁ ဦးဖြစ်သည်။ အဆိုပါ ဝန်ထမ်းအင်အား၏ ၈၀ ရာခိုင်နှုန်းကို ခန့်ထားပြီး လုပ်ငန်းဆောင်တာများကို စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။[၃]

စက်ရုံပြီးစီး၍ ကုန်ထုတ်လုပ်မှု စတင်သောအခါ ၁၉၆၈-၆၉ သည် စမ်းသပ်ထုတ်လုပ်သည့် ကာလသာဖြစ်သဖြင့် အုတ်ချပ်ရေ သိန်း ၆.၄၀ သာ ထုတ်လုပ်နိုင်ခဲ့သည်။ ၁၉၆၉-၇၁ တွင်

၁။ အုတ်စက်ရုံ အမှတ် (၂) မှော်ဘီ စက်မှုလုပ်ငန်းသမိုင်း။ စာ ၂၀
၂။ အုတ်စက်ရုံ အမှတ် (၂) မှော်ဘီ စက်မှုလုပ်ငန်းသမိုင်း။ စာ ၄.၅
၃။ အုတ်စက်ရုံ အမှတ် (၂) မှော်ဘီ စက်မှုလုပ်ငန်းသမိုင်း။ စာ ၂၃

အုတ်ချပ်ရေသိန်း ၈၈-၃၇ ထုတ်လုပ်ပြီး ၁၉၇၀-၇၁တွင်မူ အုတ်ချပ်ရေ သိန်း ၁၁၆-၀၉ ၁၉၇၁-၇၂တွင် အုတ်ချပ်ရေသိန်း ၈၈-၃၁နှင့် ၁၉၇၂-၇၃တွင် အုတ်ချပ်ရေသိန်း ၁၄၅-၀၅ ထုတ်လုပ်သည်။

အုတ်စက်ရုံအမှတ်(၂) မှော်ဘီကို တည်ဆောက်စဉ် ၁၉၆၅-၆၆ ခုနှစ်က ပြည်တွင်းအုတ် လိုအပ်ချက်သည် ချပ်ရေသိန်းပေါင်း ၁၇၆၀ ခန့်ဟု ခန့်မှန်းသည်။ နိုင်ငံတော်၏ စီးပွားရေး စီမံကိန်းများအရ ဆည်မြောင်းတာတမံ၊ လမ်း၊ ကျောင်း၊ ဆေးရုံ၊ စက်ရုံ စသည့်တည်ဆောက်ရေးလုပ်ငန်းများတစ်နှစ်ထက်တစ်နှစ်တိုးတက်များပြားလာသည်။ ထိုကြောင့်အမှတ်၂အုတ်စက်ရုံ၏ ထုတ်လုပ်မှုစွမ်းအားသည် ရန်ကုန်မြို့အနီးဝန်းကျင်ဒေသများ၏ နှစ်စဉ် ခန့်မှန်းလိအပ်ချက်၏ တစ်စိတ်တစ်ပိုင်းမျသာ ဖြစ်သော အုပ်ချပ်ရေ သိန်း၉၀၀ခန့်ကိုသာ ဖြည့်စွမ်းနိုင်ပေသည်။ စက်ရုံမှ ထုတ်လုပ်နိုင်မှု အပေါ်မူတည်၍ ၁၉၆၈-၆၉ ခုနှစ်အတွင်းက အုတ်ချပ် ၇၈သိန်း ၁၉၇၀-၇၁ ခုနှစ်က သိန်း ၁၀၀၊ ၁၉၇၁-၇၂ ခုနှစ်က ၈၈ သိန်းနှင့် ၁၉၇၂-၇၃ ခုနှစ်က ၁၄၂ သိန်း ဖြန့်ဖြူးရောင်းချခဲ့သည်။[၁]

အုတ်စက်ရုံအမှတ်(၂) မှော်ဘီသည် ဒေသ ပွဲဖြိုးရေးကို အထောက်အကူပြုသည့်စက်ရုံ ဖြစ်သည်။ ထုတ်လုပ်သော ကုန်ချောကို ဖြန့်ဖြူး ရောင်းချရန် သယ်ယူပို့ဆောင်ရေး လမ်း ကြောင်းများနှင့်လည်း မဝေးလှချေ။ လိုအပ်သော ကုန်ကြမ်း မြေစေးနှင့် မြေဖွယ်တို့ကို စက်ရုံမြေ စုစုပေါင်း ၁၃၇-၃၁ ဧကမှပင် ရရှိသည်။ ကုန်ထုတ်လုပ်မှုအတွက် လိုအပ်သော သွယ်ဝိုက် ပစ္စည်းဖြစ်သော စက်ကိရိယာ အပိုပစ္စည်းများနှင့် အုတ်ဖြတ်စက်သုံး (Cutter Steel Wire) များကို သာပြည်ပမှဝယ်ယူရသည်။ ထိုဖြတ်စက်သုံး သံမဏိ ဝါယာကြိုးမှာ နေ့စဉ်သုံး ပစ္စည်းဖြစ်၍ တစ်နှစ်လျှင် ၂၀၀၀၀ ချောင်းလိုသည်။ ကျန်သွယ်ဝိုက် ကုန်ကြမ်း ဖြစ်သော မီးခံအုတ်နှင့် မီးခံရှုံစေးများကို ပြည်တွင်းမှပင် ဝယ်ယူရရှိသည်။ မှော်ဘီစက်ရုံသည် စက်ဖြောင့်ဖြူးစွာ လည်ပတ်နိုင်ရန် လျှပ်စစ်ဓာတ်အား လောပီဘမှ လာသည့် ရေအားလျှပ်စစ် ကိုရယူသည်။ ထိုရေအား လျှပ်စစ်ကို လှော်ကားပင်မ ဓာတ်အားခွဲရုံမှတစ်ဆင့် ၁၁ ကေဗွီအေ လိုင်းဖြင့် စက်ရုံသို့ သီးခြားသွယ်တန်းထားသည်။ စက်ရုံမှ ကုန်ထုတ်လုပ်မှု ရည်မှန်းချက်အပြည့် အဝ ထုတ်လုပ်နိုင်ရန် လျှပ်စစ် ဓာတ်အား အပြည့်အဝ ရရှိမှုပေါ်တွင် တည်နေပေသည်။

၁။ အုတ်စက်ရုံ အမှတ် (၂) မှော်ဘီ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၂၅၊ ၂၆

ခေတ်မီ တိုက်တာအဆောက်အအုံအမျိုးမျိုးကို တည်ဆောက်ရာ၌ အုတ်နှင့် တွဲဖက်လျက် ထိပ်တန်းနေရာကိုယူနေသော ဆောက်လုပ်ရေးဆိုင်ရာ ပစ္စည်းသည် ဘိလပ်မြေဖြစ်၏။ မြန်မာနိုင်ငံတွင် ကိုလိုနီခေတ် ၁၉၃၇ ခုနှစ်က နိုင်ငံခြားသားပိုင် ဘိလပ်မြေစက်ရုံ တစ်ရုံရှိခဲ့သည်။ ကွတ်လပ်ရေး ရပြီးသည့်နောက်ပိုင်း ၁၉၅၄ ခုနှစ်တွင် ထိုစက်ရုံကို အစိုးရက ပြည်သူပိုင်သိမ်းယူသည်။ ထိုစက်ရုံသည် မြန်မာပြည်အလယ်ပိုင်း မကွေးတိုင်း သရက်မြို့နယ် သရက်မြို့တောင်ဘက် ၂ မိုင်ကွာ ဧရာဝတီမြစ် အနောက်ဘက်ကမ်းပေါ်တွင် တည်ရှိသည်။

မူလသရက်ဘိလပ်မြေစက်ရုံသည် တစ်နေ့လျှင် ဘိလပ်မြေတန် ၂၀၀ ကျ ထုတ်လုပ်နိုင်စွမ်းရှိ၍ တစ်နှစ်လျှင် လုပ်ရက်ပေါင်း ၃၀၀ နှင့်တွက်သော် တန်ချိန် ၆၀၀၀၀ ထုတ်လုပ်ပေးနိုင်သည်။ သို့သော် ပြည်သူပိုင်သိမ်းယူစဉ်က စက်များမှာ ဟောင်းကြပြီးဖြစ်၍ စွမ်းအားလျော့ကာ တစ်နှစ်လျှင် တန်ချိန် ၅၀၀၀၀ ခန့်သာ ထုတ်လုပ်နိုင်သည်။ ပြည်တော်သာစီမံကိန်းက ချမှတ်သော ပြန်လည်ထူထောင်ရေး လုပ်ငန်းများ စက်ရုံအလုပ်ရုံများ တည်ဆောက်ရေး လုပ်ငန်းများအတွက် ဘိလပ်မြေ အထူးလိုအပ်သည်။ ထို့ကြောင့် စက်မှုလက်မှုလုပ်ငန်း တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် သရက်ဘိလပ်မြေစက်ရုံကို ပြည်သူပိုင်သိမ်းယူသော ၁၉၅၄ ခုနှစ်မှာပင် စက်ရုံတိုးချဲ့ရေး စီမံကိန်းကို စတင်အကောင်အထည်ဖော်သည်။

တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းကို ပြည်တော်သာခေတ် ၁၉၅၆ ခု စက်တင်ဘာလမှ စတင်ဆောင်ရွက်သည်။ ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံမှ **D.I.A. Invest Export** ကုမ္ပဏီက စက်တည်ဆောက်ခြင်း၊ စက်တပ်ဆင်ခြင်းများကို ပြုလုပ်ရာ ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပြီးစီးသည်။ တော်လှန်ရေးကောင်စီ အစိုးရတက်စ ၁၉၆၂ ခု ဩဂုတ်လမှ စတင်ကုန်ထုတ်လုပ်နိုင်ခဲ့သည်။ ထိုသို့ တိုးချဲ့တည်ဆောက်လိုက်သော စက်သစ်၏ စွမ်းအားမှာ တစ်နေ့လျှင် ဘိလပ်မြေတန် ၄၀၀ ကျဖြစ်သည်။[1]

တော်လှန်ရေး အစိုးရ တက်စကာလ ၁၉၆၂ ခုမှစ၍ သရက်ဘိလပ်မြေစက်ရုံရှိ မူလစက်ဟောင်းမှ မီးသင်းဖို (၁)နှင့် တိုးချဲ့စက်သစ် မီးလင်းဖိုအမှတ် (၂) တို့သည် တစ်ရက်လျှင်သတ်မှတ် စက်စွမ်းအားအရ ဘိလပ်မြေတန် ၂၀၀ နှင့် တန် ၄၀၀ ကျထုတ်လုပ်နိုင်မည်ဖြစ်သော်လည်း အများဆုံး တစ်နှစ်လျှင် တန် ၁၇၀၀၀၀ ခန့်သာ ထုတ်လုပ်နိုင်သည်။ ပြည့်တွင်း လိုအပ်ချက်ကို ပြည့်ဝအောင် ပေးစွမ်းနိုင်ခြင်းမရှိသေးချေ။ လိုအပ်ချက်ကိုနိုင်ငံခြားမှ ဝယ်ယူ

၁။ ဘိလပ်မြေ စက်ရုံအမှတ် (၁) သရက် စက်မှုလုပ်ငန်းသပိုင်း၊ စာ ၄-၆

တင်သွင်းရရာ ၁၉၅၂ ခုနှစ်က ၂၆၀၀၀ တန် ဝယ်ယူ၍ ၁၉၆၂ ခုနှစ်တွင် တန်ပေါင်း ၁၂၀၀၀ ပြည်ပမှ ဝယ်ယူဘင်သွင်းရသည်။[၁] ထို့ကြောင့် ပထမ တိုးချဲ့စက်သစ်စဘင်လည်ပတ်သော ၁၉၆၁ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် **ဒုတိယ တိုးချဲ့စက်ရုံသစ်ဘစ်လုံး** တည်ဆောက်ရန် တင်ဒါများခေါ် ယူခဲ့သည်။ ဒုတိယ တိုးချဲ့စက်သစ်တည်ဆောက်ရေးကို Kawasaki Dockyard Ltd. နှင့် ၁၉၆၄ ခုဇွန်လ ၄ ရက်နေ့တွင် စာချုပ်ချုပ်ဆိုသည်။ ဒုတိယ တိုးချဲ့စက်သစ်၏ သဘ်မွတ်စွမ်းအားမှာတစ်နေ့လျှင် တန် ၄၀၀ ကျဖြစ်၍ တစ်နှစ်လုပ်ရက် ၃၀၀ တွင် ဘိလပ်မြေဘန် ၁၂၀၀၀၀ ထုတ်လုပ်နိုင်သည်။

ဒုတိယ တိုးချဲ့စက်သစ် တည်ဆောက်ရေး လုပ်ငန်းများကို တော်လှန်ရေးကောင်စီကာလ ၁၉၆၄ ခုနှစ်ကုန်ပိုင်းမှ စတင် ဆောင်ရွက်ရာ ၁၉၆၅ ခုနှစ် မေလတွင် ပြီးစီး၍ ၁၉၆၆ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ကုန်ထုတ်လုပ်ခဲ့သည်။[၂] ထို့ကြောင့် တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် ပြည်သူပိုင် သရက်ဘိလပ်မြေစက်ရုံ၌ မူလစက်ဟောင်းအပါအဝင် ဘိလပ်မြေစက် ၃ လုံးရှိလာသည်။ စက်သုံးလုံး၏ သဘ်မွတ်စက်စွမ်းအားသည် တစ်နေ့လျှင်တန် ၂၀၀ ကျနှင့် တန် ၄၀၀ ကျများဖြစ်၍ တစ်နှစ်လုပ်ရက် ၃၁၁ တွင် ဘိလပ်မြေဘန်ချိန် သုံးသိန်း ထုတ်လုပ်နိုင်သည်။

သရက်ဘိလပ်မြေမူလစက်ရုံတည်ရှိရာမြေသည် ၁၂ ကေသာကျယ်ဝန်းသည်။ထို့ကြောင့် ၁၉၅၄ ခုနှစ် ပထမဘိုးချဲ့စက်ရုံ တည်ဆောက်စဉ်က နောင်တိုးချဲ့ရဦးမည့် အလားအလာကို မျှော်မှန်း၍ စက်ရုံမြေ တိုးချဲ့ရေးကို သက်ဆိုင်ရာ အာဏာပိုင်များနှင့် လိုအပ်သည်ကို စီစဉ်ဆောင်ရွက်သည်။ ထိုစီစဉ် ဆောက်ရွက်ချက်အရ သရက်ဘိလပ်မြေ စက်ရုံမြေသည် စုစုပေါင်း ၃၄.၃၀၀ ကေအထိ ကျယ်ဝန်းသွားသည်။[၃]

ဘိလပ်မြေစက်များ တိုးချဲ့တည်ဆောက်သည်နှင့် အမျှအဓိကကုန်ကြမ်းဖြစ်သော ထုံးကျောက် လိုအပ်မှု ပိုလာသည်။ ထုံးကျောက်ကို နှစ်စဉ်လျာထားချက် တိုးမြှင့်ဆောင်ရွက်နိုင်ရန် ကျောက်မိုင်း စက်ယန္တရားပစ္စည်းများ လွန်တူးလုပ်ငန်းသုံးစက်များ ဝယ်ယူတပ်ဆင်ရသည်။ ဒုတိယ တိုးချဲ့စက် အပါအဝင် သရက်ဘိလပ်မြေစက် ၃ လုံးသည် နေ့စဉ် ထုံးကျောက်

၁။ ဘိလပ်မြေ စက်ရုံ အမှတ် (၁) သရက် စက်မှု လုပ်ငန်းသမိုင်း၊ စာ ၉
၂။ ဘိလပ်မြေ စက်ရုံ အမှတ် (၁) သရက် စက်မှု လုပ်ငန်းသမိုင်း၊ စာ ၃၇
၃။ ဘိလပ်မြေ စက်ရုံ အမှတ် (၁) သရက် စက်မှု လုပ်ငန်းသမိုင်း၊ စာ ၁၃-၂၆

ကုန်ကြမ်း တန်ချိန် ၁၅၁၀ လိုသည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် တော်လှန်ရေး အစိုးရလက်ထက်တွင် Dozer တစ်စီး၊ Dumper နှစ်စီး၊ Wagon Drill နှစ်ခုနှင့် Compressor နှစ်စီး စုစုပေါင်း သင်္ဘောတင်တန်ပိုး ပေါင်စတာလင် ၆၀၁၁၁ ဖြင့်ဝယ်ယူခဲ့သည်။ ထိုသို့ဝယ်ယူရာ၌ Dozer ကို International Harvester U. S. A မှဝယ်ယူ၍ Dumper ကို Lock Truck Co.U.S.A မှ ဝယ်ယူသည်။ Wagon Drill ကိုမူ ဆွီဒင်နိုင်ငံ Atlas Capco မှ ဝယ်ယူ၍ Broomwade Compressor နှစ်ခုကို အင်္ဂလန်နိုင်ငံမှ ဝယ်ယူသည်။[၁]

ဒုတိယ တိုးခဲ့ချစက်ရုံ တည်ဆောက်ပြီးသည့် နောက်ပိုင်းတွင် သရက်ဘိလပ်မြေစက်ရုံတွင် လျှပ်စစ်ဓာတ်အား သုံးစွဲမှုပိုလာသည်။ မူလဘပ်ဆင်ထားသော လျှပ်စစ်ဓာတ်အားပေးစက်များနှင့် မလုံလောက်တော့သဖြင့် စက်သစ်ဝယ်ယူရန် စီစဉ်သည်။ စက်မှုလက်မှု တိုးခဲ့ချလုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် အပြည်ပြည်ဆိုင်ရာ တင်ဒါများခေါ်ယူပြီးနောက် ဂျာမန်ပြည်ထူ့သမ္မတနိုင်ငံမှ Siemens Co, နှင့် ၁၉၆၆ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင်စာချုပ်ချုပ်ဆိုကာ ပေါင်စတာလင် ၁၃၁၉၂၁ တန်ဖိုးရှိသော လျှပ်စစ်ဓာတ်အားပေးစက်နှင့် ပစ္စည်းများ ဝယ်ယူဘပ်ဆင်သည်။

ထိုသို့စက်များ၊ စက်ပစ္စည်းများ၊ လျှပ်စစ် ဓာတ်အားပေးစက်နှင့် စက်ပစ္စည်းများ၊ ထုံးကျောက်များ၊ ထုတ်လုပ်သယ်ပို့သော ယန္တရားများ၊ လွန်ဘူးပစ္စည်း ကိရိယာများနှင့် ပုံစံရေးဆွဲခြင်း၊ ကျွမ်းကျင်မှု ကူညီခများ စသည်တို့အတွက် ရင်းနှီးကုန်ကျရငွေ စုစုပေါင်းသည် ပေါင်စတာလင် ၈၁၄၉၇၇ နှင့် မြန်မာငွေကျပ် ၄၀၁၁၁ ဖြစ်၏။ ဒုတိယတိုးခဲ့ချ ပင်မစက်နှင့် ပစ္စည်းကိရိယာများအတွက် ကုန်ကျငွေမှာ ပေါင်စတာလင် ၆၂၄၀၇၇၊ နှင့် မြန်မာငွေကျပ် ၄၁၁၀၀ ဖြစ်သည်။ ထို့အပြင် ဒုတိယတိုးခဲ့ချစီမံကိန်း စီမံဆောင်ရွက်မှုများအတွက် ကျပ် ၁၄ သိန်း၊ အဆောက်အအုံနှင့် စက်ကိရိယာများ ဆောက်လုပ်ဘပ်ဆင်ရေး လုပ်ငန်းများအတွက် ကျပ် ၇၅ သိန်း၊ စက်ပစ္စည်း ကိရိယာများအတွက် ကျပ် ၁၂၅ သိန်း၊ တပ်ဆင်စရိတ် ကျပ် ၂၈ သိန်း၊ စက်စမ်းသပ် လည်ပတ်ရေးနှင့် စမ်းသပ်ထုတ်လုပ်မှုအတွက် ကျပ် ၃၆ သိန်းနှင့် အခြားအသုံး စရိတ်များအတွက် ကျပ် သုံး သောင်း ရှစ် ထောင်ခန့် ကုန်ကျသည်။ စုစုပေါင်းအားဖြင့် ကျပ် ထောင်ပေါင်း ၂၈၀၆၁၊ နိုင်ငံခြားငွေ ကျပ် ထောင်ပေါင်း ၁၁၄၆၄ ကုန်ကျသည်။

၁။ ဘိလပ်မြေစက်ရုံအမှတ် (၁) သရက်စက်မှုလုပ်ငန်းသမိုင်း၊ စာ ၃၅

၂။ ဘိလပ်မြေစက်ရုံအမှတ် (၁) သရက်စက်မှုလုပ်ငန်းသမိုင်း၊ စာ ၃၅-၃၇

လူအားဖြင့်ထည့်၍ တွဲများကို မီးရထားခေါင်းတွဲငယ်ဖြင့်ဆွဲကာ ၂ မိုင်ခန့်ဝေးသော စက်ရုံသို့ ပို့ပေးသည်။ စက်ရုံများ တိုးချဲ့တည်ဆောက်သောအခါ ထုံးကျောက်လိုအပ်ချက် အလျင်မီ စေရန် ၁၉၅၄ ခု ပထမ တိုးချဲ့ကာလကစပြီး ထုံးကျောက်များကို ထုံးတောင်ရှိ ကြိတ်ခွဲစက်ရှိ ကြိတ်ခွဲ၍ ကောင်းကင်ကြိုးလမ်းစနစ်ဖြင့် စက်ရုံသို့ ပို့ပေးသည်။ ကောင်းကင်ကြိုးလမ်းစနစ်ဖြင့် တစ်ရက်လျှင် ထုံးကျောက်တန်ချိန် ၁၀၀၀ အထိ စက်ရုံသို့ပို့နိုင်သည်။[၁] အခိကကုန်ကြမ်းဖြစ်သော ထုံးကျောက်ရရှိရေး မလျော့နည်းစေရန် ၁၉၆၉ ခုနှစ် ဒုတိယ တိုးချဲ့စက် စတင်လည်ပတ်စဉ်ကပင် ထုံးကျောက်တူးဖော်ရေး လုပ်ငန်းဖွံ့ဖြိုးအောင် စက်ယန္တရားများ တပ်ဆင်ပြုပြင်လုပ်ဆောင်သဖြင့် ဘိလပ်မြေထုတ်လုပ်မှု မကျဆင်းဘဲ နှစ်စဉ်တိုးတက်ထုတ်လုပ်နိုင်လေသည်။

ဂေါဒန်ကျောက်သည်လည်း ဘိလပ်မြေထုတ်လုပ်ရာတွင် အထူးလိုအပ်သော တွင်းထွက် စက်မှုကုန်ကြမ်းတစ်ခုဖြစ်သည်။ ထုံးကျောက်မှ ထုတ်ယူရရှိသော မီးသင်းကျောက်ကို တွင်းထွက်ဂေါဒန်ကျောက်ဖြင့် ရောစပ်အမှုန့်ကြိတ်ဝါးမှသာ ဘိလပ်မြေရရှိနိုင်သဖြင့် ဂေါဒန်ကျောက်သည်လည်း မရှိမဖြစ် လိုအပ်သော စက်မှုကုန်ကြမ်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ဂေါဒန်ကျောက်ကို ပခုက္ကူမြို့နယ်၊ မကွေးမြို့နယ်၊ ရေနံချောင်း မြို့နယ်၊ မင်းဘူး၊ စကူမြို့နယ်များရှိ သိုက်များမှ တူးဖော်ရရှိသည်။ သရက် ဘိလပ်မြေစက်ရုံအတွက် ဂေါဒန်ကျောက်ကို ထိုမြို့နယ်များမှ ရရှိခဲ့သော်လည်း သတ္တုသိုက်ပမာဏနည်းပါး၍ ၁၉၇၀ ပြည့်နှစ်ခန့်မှစ၍ သီပေါမြို့နယ် ခါလိန်ဒေသရှိ မန်ဟဲ ဂေါဒန်ကျောက်သိုက်မှ ထုတ်ယူသုံးခဲ့သည်။ မန်ဟဲသတ္တုသိုက်သည် သီပေါဒေသတွင် အကြီးဆုံးဖြစ်သည်။ ၁၉၅၅ ခုနှစ်တွင် စိန်လွန်တွင်း ၂၇ တွင်း တူးပြီးနောက် တော်လှန်ရေး အစိုးရလက်ထက် ၁၉၆၂ ခုနှစ်တွင် ၁၇ တွင်း ထပ်မံတူး၍ ၁၉၇၂-၇၃ ခုနှစ်တွင် တစ်ဖန် ၁၃ တွင်းတူး၍ ပမာဏနှင့် သန့်စင်မှုများကို စမ်းသပ်ခဲ့သည်။ ဂေါဒန်သိုက်မှ ဂေါဒန်ကျောက် ထုတ်ယူရေးကို သတ္တုတွင်း ဝန်ကြီးဌာန စက်မှုတွင်းထွက်ကုန်ကြမ်း ကော်ပိုရေးရှင်းမှ ဆောင်ရွက်ပေးသည်။[၂]

သရက် ဘိလပ်မြေစက်ရုံမှ ရိုးရိုး ပို့တလန်ဆီးမင့် (Ordinary Portland Cement) တစ်မျိုးတစ်စားတည်းသာ ထုတ်လုပ်သည်။ ထုတ်လုပ်သော စံချိန်စံညွှန်းမှာ B.S.S. 12,1958 နှင့်ကိုက်ညီသည်။[၃]

၁။ ကြေ့ထည် မြေထည် လုပ်ငန်း ကော်ပိုရေးရှင်း၊ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၂၅
၂။ ဘိလပ်မြေစက်ရုံ အမှတ် (၁) သရက် စက်မှုလုပ်ငန်းသမိုင်း၊ စာ ၅၉-၆၀
၃။ ကြေ့ထည်မြေထည် လုပ်ငန်း ကော်ပိုရေးရှင်း၊ စက်မှု လုပ်ငန်းသမိုင်း၊ စာ ၁၈

သရက်ဘိလပ်မြေ စက်ရုံထုတ် ဘိလပ်မြေများကို ပြည်တွင်း ပြည်ပသို့ တင်ပို့ရောင်းချရန် ဗင်လန်နိုင်ငံ Bemese Co. မှ အသင့်ချုပ်ပြီး အိတ်များကို ငယ်ယူ အသုံးပြုသည်။ တစ်တန် (Long Ton-Imperial Ton)ဟုခေါ် ဘိလပ်မြေ ၂၄ အိတ် သတ်မှတ်ထုတ်လုပ်မှုကို ၁၉၆၂ ခုနှစ်ထိ ပြုလုပ်သည်။ ဒုတိယတိုးချဲ့စက် တည်ဆောက်ချိန်တွင် အိတ်ခွံချုပ်စက်များပါ တပ်ဆင်နိုင်သဖြင့် ၁၉၆၈ ခု မေလမှစ၍ ချုပ်လုပ်သုံးစွဲနိုင်သော်လည်း လိုအပ်သော စက္ကူလိပ်များကို ၁၉၇၁ ပြည့်နှစ်ခန့်အထိ ပြည်ပမှ ငယ်ယူသုံးစွဲရသည်။ ၁၉၇၃ ခုနှစ်မှစ၍ ပြည်တွင်း စက္ကူစက်များမှ စက္ကူလိပ်များဖြင့် ၆ ထပ်အိတ်များ ချုပ်လုပ်သုံးစွဲနိုင်သည်။ ဘိလပ်မြေအိတ် အရွယ်အစားနှင့် အလေးချိန်မှာလည်း အခါအားလျော်စွာ ပြောင်းလဲခဲ့သည်။ အဆင့်ဆင့် ပြောင်းလဲခဲ့သော အိတ်အရွယ်အစားနှင့် အလေးချိန်မှာ အောက်ပါအတိုင်းဖြစ်သည်။[၁]

	အိတ်ခွံအရွယ်အစား	အလေးချိန်
၆၇-၆၅ အထိ	.... ၂၀"×၁၆၃"×၃"	၄၂.၅ ကီလို
၇၇-၆၅ မှ ၆.၆-၆၈ ထိ	.... ၃၁၃"×၁၆၃"×၃"	၅၀.၁ ကီလို
၇၆-၆၈ မှ ၁၃-၁-၆၉ ထိ	.... ၂၀"×၁၆၃"×၃"	၄၂.၅ ကီလို
၁၄-၁-၆၉ မှစ၍	.... ၃၁၃"×၁၆၃"×၃"	၅၀.၁ ကီလို

မြန်မာနိုင်ငံတွင် ဘိလပ်မြေ စတင်ထုတ်လုပ်စဉ် ကိုလိုနီခေတ်ကပင် အိတ်ခွံဘွင် မြင်းခေါင်းတံဆိပ် ရိတ်နှိပ်ထုတ်လုပ်သည်။ ဘိလပ်မြေများကို ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချခဲ့သဖြင့် အိတ်ခွံထုတ်လုပ်ရောင်းချသော Bemese Co. က အိတ်ခွံပေါ်တွင် ဂျပန်စာများရိုက်နှိပ်ပေးထားသည်။ မြန်မာစာဖြင့် မြင်းခေါင်းတံဆိပ်၊ မြန်မာပြည်မှာ လုပ်သည်ဟု ရိုက်ထားသည်။ နောက်ပိုင်းတွင် အိတ်ခွံကို ပြည်တွင်းမှာချုပ်လုပ် နိုင်ရှိ အရွယ်အစားနှင့် အလေးချိန်ကိုပါ ပြောင်းလဲလိုက်သော်လည်း အိတ်ခွံတွင် မြင်းခေါင်းတံဆိပ်ကိုပင် ဆက်လက် ရိုက်နှိပ်သုံးစွဲသည်။ မြင်းခေါင်းတံဆိပ် ဘိလပ်မြေ ၅၀ ကီလိုဟု ရိုက်နှိပ်ရောင်းချသည်။[၂]

၁။ ဘိလပ်မြေ စက်ရုံ အမှတ် (၁) သရက် စက်မှု လုပ်ငန်းသမိုင်း၊ စာ ၆၆-၆၇
၂။ ဘိလပ်မြေ စက်ရုံ အမှတ် (၁) သရက် စက်မှု လုပ်ငန်းသမိုင်း၊ စာ ၆၅-၆၇

သို့ဖြစ်၍ ပြည်တွင်းဘိလပ်မြေ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ဘော်လှုန်ရေးကောင်စီ အစိုးရသည် ၁၉၆၉-၇၁ ခန့်မှာပင် ကြံခင်းမြို့၌ ဘိလပ်မြေစက် အသစ်တစ်လုံးထပ်မံတည်ဆောက်ရန် စီမံကိန်းများ ရေးဆွဲလုပ်ဆောင်သည်။ ထိုသို့ ရေးဆွဲလုပ်ဆောင်ခဲ့သဖြင့် သရက်တိုက်ရှိ စက်ရုံ၌ မူလစက်ဟောင်းနှင့် ပထမ၊ ဒုတိယ တိုးချဲ့စက်များဖြစ်သော စက် ၃ လုံးကို တစ်ပေါင်း တစ်စည်းတည်း ဘိလပ်မြေစက်ရုံအမှတ် (၁) သရက်ဟု သတ်မှတ်ခေါ်တွင်ခဲ့သည်။

ဘိလပ်မြေ စက်ရုံအမှတ် (၁) သရက်၏ ထုတ်လုပ်စွမ်းအားသည် လွန်ကထက်များစွာ တိုးတက်လျက်ရှိသော်လည်း နိုင်ငံဘော်၏ လိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်ဆည်းနိုင်ခြင်း မရှိသေးခေ့။ ထို့ကြောင့် ဘိလပ်မြေစက်သစ်တစ်လုံး ထပ်မံတည်ဆောက်နိုင်ရန် အစီးကုန်ကြမ်းဖြစ်သော ထုံးကျောက်သိုက်များကို ၁၉၆၇ ခုနှစ်ကပင်ရှာဖွေခဲ့သည်။ ထုံးကျောက် အပါအဝင် စက်မှုကုန်ကြမ်းများ ရနိုင်ခြင်း၊ သံဆြိုစိတ်ချရခြင်း၊ သွားလာရေး လွယ်ကူခြင်း အကွက်အကင်းကျခြင်း စသောအချက်များအပေါ် တွင် မူဘည်၍ ကြံခင်းမြို့နယ် ကြံခင်ဖက်ရံသွား ကားလမ်းနံဘေး အင်းကောက်ကျေးရွာအနီး မြေနေရာကို ရွေးချယ်ကာ ထိုလယ်ရှိ စက်ရုံ (ကြံခင်း) စီမံကိန်းကို ၁၉၇၁ ပြည့်နှစ် ဇွန်လမှစတင် အကောင်အထည်ဖော်သည်။[၁]

ဘိလပ်မြေစက်ရုံ (ကြံခင်း) စီမံကိန်းကို တည်ဆောက်ရန်အတွက် စက်ပစ္စည်းကိရိယာများ၊ လျှပ်စစ်ပစ္စည်းကိရိယာများ ဝယ်ယူရေးနှင့် လုပ်ငန်းကျွမ်းကျင်သူများ ငှားရမ်းရေး စာချုပ်ကို ၁၉၇၁ ပြည့်နှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်၊ ဂျပန်နိုင်ငံ Kawasaki Dockyard Ltd. နှင့် စာချုပ် ချုပ်ဆိုသည်။ စာချုပ်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈.၄၃ သန်းနှင့် မြန်မာကျပ် ၀.၂၃ သန်းဖြစ်သည်။ ၎င်းတန်ဖိုးမှာ သတော်ပေါ်ဆောက် တန်ဖိုးဖြစ်သည်။ ကုန်ကျစရိတ်ပေါင်းကုန်ကျမည့် ရင်းနှီးမြှုပ်နှံငွေ ပမာဏမှာ နိုင်ငံခြားငွေကျပ် ၉၁.၀၆ သန်းအပါအဝင် စုစုပေါင်းငွေကျပ် ၁၄၄.၇၁ သန်းဖြစ်သည်။ ဘိလပ်မြေစက်ရုံ (ကြံခင်း) စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၇.၃ သန်းခြေးယူခဲ့ရာ တစ်နှစ်လျှင် ၆ ရာခိုင်နှုန်းအတိုးဖြင့် ၆ လအစီအမံ တူညီသော အရစ်ကျဖြင့် အကြိမ် ၂၁ ပေးဆပ်ရသည်။ ၁၉၇၂ ခု စက်တင်ဘာလ ၃၀ ရက်နေ့တွင် ပထမဆုံးအရစ်ကို စတင်ပေးဆပ်၍ ၁၉၈၂ ခု မတ်လ ၃၁ ရက်နေ့တွင် နောက်ဆုံး အရစ်ပေးဆပ်သည်။[၂]

၁။ ကြေဆည် မြေဆည် လုပ်ငန်း ကော်ပိုရေးရှင်း၊ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၄၁
၂။ ကြေဆည် မြေဆည် လုပ်ငန်း ကော်ပိုရေးရှင်း၊ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၅၂

ဘိလပ်မြေစက်ရုံ (ကြံခင်း)တွင် တစ်ရက်လျှင်တန် ၄၁၁ ကျပ်စက် ၂ လုံး တပ်ဆင် ထားသည်။ ပုံမှန်ထုတ်လုပ်မှုနှုန်းမှာ ၂၄ နာရီ တစ်ရက်လျှင် ဘိလပ်မြောနှ် ၈၁၀ ကျဖြင့် တစ်နှစ် ၈က်လည်ရက်ပေါင်း ၃၀၀ တွင် တန်ချိန် ၂၄၁၁၀၀ ထုတ်လုပ်နိုင်သည့် စွမ်းအားရှိသည်။ ထိုစိုးဘိလပ်မြေမျှားကို ထုံးနှစ်နည်းစင် Wet Process ဖြင့် B. S. S. 12 (1958) စံချိန်စံညွှန်းကိုက် ထုတ်လုပ်သည်။

ကာဝါဆာကီကုမ္ပဏီ လီမိတက်နှင့် စာချုပ်ဆိုပြီးခနာက် ၁၉၇၁-၇၁ ခုနှစ်တွင် စတင် အသံဆောက်သော ဘိလပ်မြေစက်ရုံ (ကြံခင်း) သည် ၁၉၇၅ ခု ဒီဇင်ဘာလ ၁ ရက်နေ့တွင် စက်စမ်းသပ် လည်ပတ်နိုင်ခဲ့သည်။ စက်စမ်းသပ်မှုကို ၁၉၇၆ ခု မတ်လ ၃၁ ရက်နေ့အထိ ပြုလုပ်ပြီး ၁၉၇၆-၇၇ ခုနှစ်မှစ၍ ပုံမှန်ထုတ်လုပ်သည်။

ဘိလပ်မြေစက်ရုံ(ကြံခင်း)အတွက် အဓိကလိုအပ်သော ကုန်ကြမ်းဖြစ်သည့် ထုံးကျောက် ကို စက်ရုံမှ ၈ မိုင်ခန့်ဝေးသော ထုံးအောင်ဒေသမှရသည်။ သံကျောက်ကိုလည်း ထုံးတောင် ဒေသနီးမှပင် ဝယ်ယူရရှိသည်။ သဲနှင့်ရွှံစေးကို စက်ရုံအနီးမှ ထုတ်လုပ်သုံးစွဲသည်။ လိုအပ် သောရေကို ရေဝေဒီမြစ်အတွင်းမှ ပိုက်သွယ်၍ယူသည်။ ဂေါဒန်ကျောက်ကို သီပေါမြို့မှ ယူ၍ လျှပ်စစ်ဓာတ်အားကို မြန်အောင်မြို့ သဘာဝဓာတ်ငွေသုံး ဓာတ်အားပေးစက်ရုံမှ ရသည်။ မီးထိုးရန်လည်း သဘာဝဓာတ်ငွေကိုပင် အသုံးပြုသည်။ လိုအပ်ချက်ကို မြန်အောင်မြို့ သဘာဝဓာတ်ငွေစက်ရုံမှ ဖြည့်ဆည်းပေးသည်။[၂]

ဖန်ထည် ဖန်ပစ္စည်းမျှားသည် အလွန်အရေးပါသော၊ အသုံးတွင်ကျယ်သော နေ့စဉ်သုံးကုန် တစ်ခုဖြစ်သည်။ ပုလင်းကြီးငယ်မျှား ဖန်ခွက် ဖန်တကောင်းစသော အိမ်သုံးဖန်ထည် ပစ္စည်း များကို နှစ်စဉ်ပြည်ပမှာင်သွင်းဝယ်ယူနေရပေသည်။ နိုင်ငံခြားငွေ သုံးစွဲမှုကို ခြိုးခြံချေတာ နိုင်ရန် ပြည်တွင်းထွက် ကုန်ကြမ်းမျှား၊ သယံဇာတ ပစ္စည်းများဖြင့် ပြည်တွင်းမှာပင် တတ်နိုင် သမျှ ထုတ်လုပ်မည်ဟူသော စီးပွားရေးမူဝါဒကို နိုင်ငံခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ်ကပင် ချမှတ်ခဲ့သည်။ ထို့နောက်ပိုင်း ဆက်လက်ရေးဆွဲချမှတ်သော စီးပွားရေး ဧမ်ကိန်းများတွင်လည်း ထိုသဘောထားကို လက်ကိုင်ပြုကြောင်း တွေ့ရသည်။ သို့သော် ပြည်တွင်း၌ အသုံးမနှုန်းသော ဖန်ထည်ထုတ်လုပ်ရေး လုပ်ငန်းအတွက် စီမံဆောင်ရွက်မှုကို တော်လှန်ရေးကောင်စီ အုပ်ချုပ်ရေးလက်သက် ၁၉၆၆-၆၇ ခုတွင်မှ စတင်ခဲ့ပေသည်။

၁။ ကြွေထည်မြေထည်လုပ်ငန်း ကော်ပိုရေးရှင်း။ စက်မှုလုပ်ငန်းသမိုင်း။ စာ ၄၉၊ ၅၀

၂။ ကြွေထည်မြေထည်လုပ်ငန်း ကော်ပိုရေးရှင်း၊ စက်မှုလုပ်ငန်းသမိုင်း။ စာ ၆၀

စက်မှုဝန်ကြီးဌာန၊ စက်မှုလက်မှု တိုးခဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် ၁၉၆၅ ခုနှစ်တွင် **ဖန်ချက်စက်ရုံ**တစ်ခု တည်ဆောက်ရန် စီမံကိန်းကို ရေးဆွဲသည်။ စီမံကိန်း၏ ရည်ရွယ်ချက်မှာ ပြည်ပမှ ဝယ်ယူတင်သွင်းရသော ဖန်ပစ္စည်းအမျိုးမျိုးကို ပြည်တွင်းဖြစ်ဖြင့် အစားထိုးခြင်းဖြင့် နိုင်ငံခြားငွေ သုံးစွဲမှု သက်သာစေရန်၊ ပြည်တွင်းထွက် သယံဇာတ ပစ္စည်းများ အကျိုးရှိစွာ အသုံးချရန်၊ ဖန်ထည်ထုတ်လုပ်ရေး အတတ်ပညာ ဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်သည်။

ဖန်ချက်စက်ရုံ တည်ဆောက်ရန်နေရာကို ဒေသဖွံ့ဖြိုးရေးကိုရှေးရှု၍ ရန်ကုန်တိုင်း သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာတွင် ရေယာ ၃၁၂ ဧကကျယ်ဝန်းသော မြေနေရာကို ရွေးချယ်သတ်မှတ်သည်။ မြေနေရာအကျယ်အဝန်းသည် နောင်တိုးချဲ့တည်ဆောက်မည့် စက်မှုအတွက်ပါ မှန်းမျှော်၍ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။[၁]

ဖန်ချက်စက်ရုံ တည်ဆောက်ရန် ငွေကြေးအရင်းအနှီးကို ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံမှ ချေးယူသည်။ နှစ်နိုင်ငံ စီးပွားရေးနှင့် ကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်မှု အကူအညီပေးရေး အစီအစဉ်အရ ၁၉၅၆ ခုနှစ်တွင် ဂျာမန်ဒီမတ်သန်း ၂၀ ကို စာချုပ်ချုပ်ဆို ခဲ့ရာ စဉ်က သန်လျင်ပုလင်းစက်ရုံ စီမံကိန်းအတွက် ဂျာမန်ဒီမတ် ၉.၆ သန်းကို စာချုပ်ထား သတ်မှတ်ထားသည်။ ထိုသတ်မှတ်ငွေနှင့် မူလ သန်လျင်ဖန်ချက်စက်ရုံကို ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ နီကိုလပ်ဆော့ခ်ကုမ္ပဏီ (Messrs Nikolaus Co.)က တာဝန်ယူတည်ဆောက်ပေးသည်။[၂] တည်ဆောက်မှုလုပ်ငန်းများကို ၁၉၆၈ ခု မတ်လတွင် စတင် ဆောင်ရွက်ကာ စက်များတပ်ဆင်ခြင်း၊ လျှပ်စစ်တပ်ဆင်ခြင်း လုပ်ငန်းအရပ်ရပ်သည် ၁၉၆၉ ခု ဧပြီလ ၁၀ ရက် ပြီးစီးသည်။ ထိုနှစ်မေလ ၁၄ ရက်နေ့တွင် ဖန်ထည်အဖြူစက်ကို စမ်းသပ်ထုတ်လုပ်၍ ဖန်ထုတ်လုပ်မှုကို ၁၉၆၉ ခု မေလတွင် စတင်ခဲ့သည်။[၃]

တော်လှန်ရေးကောင်စီ အစိုးရလက်ထက် တည်ဆောက်သော သန်လျင် ဖန်ချက်စက်ရုံသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော နိုင်ငံပိုင် ဖန်ချက်စက်ရုံဖြစ်သည်။ စတင်တည်ဆောက်စဉ်က မူလစက်ရုံတွင် ဖန်ရည်ကျိုမီးဖို ၂ လုံးဖြင့် စတင်အကောင်အထည်ဖော်ခဲ့သည်။ ထိုမီး

၁။ ဖန်ချက်စက်ရုံ (သန်လျင်) စက်မှုလုပ်ငန်းသမိုင်း၊ စာ ၂၃
၂။ ဖန်ချက်စက်ရုံ (သန်လျင်) စက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၇
၃။ ဖန်ချက်စက်ရုံ (သန်လျင်) စက်မှုလုပ်ငန်းသမိုင်း၊ နောက်ဆက်တွဲ ဂ-၁၂၊ ၁၃-၁၄

၂၀လုံးသည် ၂၄ နာရီလျှင် ဖန်ရည် ၂၅ တန်ကျစီ ကျိုချက်နိုင်စွမ်းရှိသည်။[၁] ထိုစက်ရုံသည် ၁၉၆၉ ခုနှစ်မှစ၍ ဖန်သားအဖြူ၊ ဖန်သားအညိုနှင့်ပြုလုပ်သော အဝကျဉ်း၊ အဝကျယ်ပုလင်းအမျိုးမျိုးကို ထုတ်လုပ်သည်။ ထုတ်လုပ်ပစ္စည်းဦးရေနှင့် တန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်သည်။[၂]

ပုလင်းအမျိုးမျိုး (အဖြူ)

		ခုရေ(သန်း)	တန်ဖိုးကျပ်(သန်း)
၁၉၆၈-၆၉	....	၄.၄၈	၁.၇၂
၁၉၆၉-၇၀	....	၁၂.၇၃	၃.၈၉
၁၉၇၀-၇၁	....	၁၂.၆၂	၃.၉၉
၁၉၇၁-၇၂	....	၇.၉၄	၂.၂၁
၁၉၇၂-၇၃	....	၉.၉၅	၂.၈၂

ပုလင်းအမျိုးမျိုး (အညို)

		ခုရေ(သန်း)	တန်ဖိုးကျပ်(သန်း)
၁၉၆၈-၆၉	....	၆.၁၅	၁.၇၀
၁၉၆၉-၇၀	....	၁၆.၅၇	၅.၃၄
၁၉၇၀-၇၁	....	၁၆.၁၅	၄.၆၁
၁၉၇၁-၇၂	....	၈.၃၀	၂.၃၆
၁၉၇၂-၇၃	....	၁၂.၂၈	၃.၅၀

စက်ရုံမှထုက်သော ပုလင်းအမျိုးမျိုး၏ ၉၀ ရာခိုင်နှုန်းခန့်ကို စားသောကကုန်လုပ်ငန်း ကော်ပိုရေးရှင်းရှိ မန္တလေး ဘီယာစက်ရုံ၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်းရှိ အလှကုန်ပစ္စည်းစက်ရုံ၊ ကုန်သွယ်ရေး ကော်ပိုရေးရှင်းရှိ ငံပြာရည်စက်ရုံ၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ကော်ပိုရေးရှင်းရှိ နို့ဆီစက်ရုံ၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ဆေးထည့်ရန် ပုလင်းများနှင့် ဗဟိုသုတေသနလုပ်ငန်းအဖွဲ့မှ ဖျော်ရည်ထည့်ရန် ပုလင်းများအဖြစ် ဖြန့်ဖြူးရောင်းချနိုင်ခဲ့သည်။

၁။ ဖန်ချက်စက်ရုံ(သန်လျင်)စက်မှုလုပ်ငန်းသမိုင်း။ စာ ၁

၂။ ဖန်ချက်စက်ရုံ(သန်လျင်)စက်မှုလုပ်ငန်းသမိုင်း။ နောက်ဆက်တွဲ စာ ၁

ဖန်ချက်စက်ရုံ (မူလ)၏ ဖွဲ့စည်းပုံ ခွင့်ပြုအင်အားမှာ ၅၀၀ ရှိပြီး ၁၉၆၉ ခုနှစ် ဇူလိုင် ၈ ရက်နေ့တွင် ဖွဲ့စည်းပုံကျခဲ့သည်။ စက်ရုံ၏ လက်ရှိခန့်ထားပြီးအင်အားမှာ စုစုပေါင်း ၆၈၉ ဦး ရှိသည်။

သန်လျင် ဖန်ချက်စက်ရုံတွင် လိုအပ်သော သဲဖြူ၊ သဲညို၊ ထုံးကျောက်၊ ဒိုလိုမိုက် ကြွေကျောက် အစရှိသော စက်မှုကုန်ကြမ်းများကို ပြည်တွင်းမှပင် ရရှိသည်။ ပြည်ပမှ ၂၀ ရာခိုင်နှုန်းမျှသာ ဝယ်ယူရသည်။ မူလစက်တွင် ပုလင်းများကို ထုတ်လုပ်ရာ၌ အဝကျဉ်း ပုလင်းများကို Blow and Blow စနစ်ဖြင့် ထုတ်လုပ်၍ အဝကျယ် ပုလင်းများအတွက်မူ Press and Blow စနစ်ကို အသုံးပြုသည်။

ဖန်ထည်အမျိုးမျိုး လိုအပ်ချက်ကား နှစ်စဉ်နှင့်အမျှ တိုးတက်လာသည်။ ထို့ကြောင့် ဖန်ချက်စက်ရုံ (သန်လျင်)ကို ၁၉၇၇ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၀-၈၁ ခုနှစ်တွင် ဒုတိယအကြိမ် တိုးချဲ့တည်ဆောက်၍ ကုန်ထုတ်လုပ်မှုကို တိုးမြှင့်ခဲ့သည်။

တော်လှန်ရေးကောင်စီ အစိုးရ မတိုင်မီကပင် မြန်မာနိုင်ငံတွင် ကယားပြည်နယ် အစိုးရက တည်ထောင်သော ကျောက်ပြားစက်ရုံ တစ်ရုံရှိသည်။ အိတာလျံကျောက်ပြားခေါ် အသွေးကောင်းအကွက်လှ ကျောက်ပြားများ ထုတ်လုပ်နိုင်သော သဘာဝကျောက်တောင်များ ပေါများရာ ကယားပြည်နယ်တွင် လောပိတ ရေအားလျှပ်စစ်ဓာတ်ကို အသုံးပြု၍ ကျောက်ပြား စက်ရုံတည်ခဲ့ခြင်းဖြစ်သည်။ ကျောက်တောင်ကို ခုတ်ထွင်ရှင်းလင်းရေး၊ လမ်းဖောက်ရေး၊ လျှပ်စစ်ဆက်သွယ်ရေးနှင့် (Hellicoidal Wire)နှင့် ကျောက်ပြားဖြတ်စက် တပ်ဆင်ရေး လုပ်ငန်းများကို ၁၉၆၁ ခု ဒီဇင်ဘာလတွင်စတင်၍ ၁၉၆၂ ခု မတ်လ ၂၇ ရက်နေ့တွင်လုပ်ငန်း စတင်ထုတ်လုပ်ခဲ့သည်။ ထိုကျောက်ပြား စက်ရုံသည် တော်လှန်ရေးကောင်စီ အစိုးရလက်ထက် ၁၉၆၃ ခု ဖေဖော်ဝါရီလမှစ၍ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းပိုင် စက်ရုံ ဖြစ်လာသည်။

ကျောက်ပြားကုန်ချောထုတ်စက်ရုံသည် ကယားပြည်နယ် လွိုင်ကော်မြို့၏ ဟော်ကြီး ဟောင်း မြောက်ဘက် နှောင်ယား (၁) ရပ်ကွက်တွင် တည်ရှိသည်။ ကုန်ကြမ်းထွက်ရာ ကျောက်တောင်မှာ လောပိတ ရေအားလျှပ်စစ်ဓာတ်ပေး စက်ရုံရေစင်ကန်၏ အနောက်ဘက် ၂ မိုင်အကွာတွင်တည်ရှိသည်။ ၁၉၆၈-၆၉ ခုနှစ်မှစ၍ နိုင်ငံခြား ဈေးကွက်များသို့ ကျောက်

ထုံးနှင့် အခင်း ကျောက်ပြားများ တင်ပို့ရောင်းချသည်။ စက်ရုံစတင် လည်ပတ်ထုတ်လုပ်သည်မှ စ၍ အခင်းအပြား၊ စားပွဲပြား၊ ဆေးလိပ်ခွက်၊ ထောင့်စွန်းကျောက် များထုတ်လုပ်၍ ၁၉၆၈ ခုနှစ် နောက်ပိုင်းတွင် ပန်းအိုးများလည်း စမ်းသပ် ထုတ်လုပ်သည်။[၁]

ကျောက်ပြားသည် ပန်းအိုးပန်းခွက်၊ ဆေးလိပ်ခွက်စသော အလှအပသုံး ကုန်များအဖြစ် လည်းကောင်း၊ အဆောက်အအုံ အဆင်တန်ဆာများ၊ အခင်းများ စသည်ဖြင့် လည်းကောင်း လူသုံးများလာသည်။ ကမ္ဘာဈေးကွက်တွင်လည်း နေရာရသော ပစ္စည်းတစ်ခုဖြစ်သည်။ ထို့ကြောင့် စက်မှုလက်မှု ဝန်ကြီးဌာနသည် မြန်မာနိုင်ငံရှိ ပေါများလှသော သဘာဝကျောက် တောင်များကို လေ့လာ၍ အကျိုးရှိစွာ အသုံးချရန် စီစဉ်သည်။ တော်လှန်ရေးကောင်စီ ထက်ထက်တွင် စက်မှုလက်မှုလုပ်ငန်း ကော်ပိုရေးရှင်းသည် လွှိုင်ကော် ကျောက်ပြားစက်ရုံ တိုးချဲ့ရေး စီမံကိန်းကို ၁၉၆၆ ခုနှစ်မှစ၍ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သည်။ ထို့သို့ အကောင်အထည်ဖော်ခဲ့သော စီမံကိန်းသည် လွှိုင်ကော် ကျောက်ပြားစက်ရုံ၏ စက်ရုံခွဲ တစ်ခုဖြစ်သော ကျောက်ပြားစက်ရုံခွဲ အမှတ်(၂) စကျင်ဖြစ်သည်။

ကျောက်ပြားစက်ရုံခွဲ အမှတ်(၂)စကျင်မှာ မူလကျောက်ပြားစက်ရုံ (လွှိုင်ကော်)၏ စက်ရုံခွဲ တစ်ခုပင်ဖြစ်သည်။ ၎င်းစက်ရုံ ပေါ်ပေါက်လာရသည့် အကြောင်းရင်းမှာ ၁၉၆၆ ခု ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ယခင်စက်မှုလက်မှုဌာန တာဝန်ခံနှင့်အဖွဲ့ဘို့ ကျောက်ပြားစက်ရုံ (လွှိုင်ကော်)သို့ ဆောက်ရှိစဉ် ကျောက်ပြားစက်ရုံအား ယခုလက်ရှိ အခြေအနေမှ တိုးချဲ့ တည်ဆောက်ရန်နှင့် ထွက်ရှိလာမည့် ပစ္စည်းများကို ပြည်တွင်းပြည်ပ ဈေးကွက်သို့ တိုးချဲ့ ဖြန့်ဖြူးရန် ညွှန်ကြားခဲ့ခြင်းကြောင့်ပင်ဖြစ်သည်။

ဤညွှန်ကြားချက်အပေါ် အခြေခံပြီး၊ အဆိုပါ စက်ရုံစီမံကိန်းကို တည်ဆောက်အကောင် အထည်ဖော်ရန် စီမံကိန်း တည်ဆောက်မှု ကော်မတီတစ်ရပ်ကို စတလက်မှ ဖွဲ့စည်းတာဝန် ပေးခဲ့သည်။ ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ကြွေထည်မြေထည် လုပ်ငန်းစု ဥက္ကဋ္ဌအား ဆောင်ရွက်စေပြီး အဖွဲ့ဝင် ၅ ဦး ပါဝင်သည်။

၁။ ကျောက်ပြားစက်ရုံ၊ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၂၊ ၄-၆ နောက်ဆက်တွဲ ၅-က၊ ခ
၂။ ကျောက်ပြားစက်ရုံ၊ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၆

အဆိုပါ ကော်မတီမှ ပြည်တွင်းပြည်ပစျေးကွက်နှင့် ပတ်သက်၍ စက်ရုံတည်ဆောက်ရေး ဆိုင်ရာ စက်မှုရေးရာနှင့် စီးပွားရေးရာ အဆိုပြုလွှာများကို ပြုစုတင်ပြခဲ့သည်။ ယင်းတင်ပြချက် အပေါ် စက်မှုလက်မှုဌာနမှ ထပ်ဆင့် ညွှန်ကြားချက်အရ ပြည်ပစျေးကွက်နှင့် ပတ်သက်၍ အလားအလာအကောင်းဆုံးဖြစ်သည့် ဂျပန်နိုင်ငံ (Yabashi) ကုမ္ပဏီမှ ကိုယ်စားလှယ်များ ကိုဖိတ်ကြား၍ ကယားပြည်နယ်၏ လက်ရှိကျောက်ပြားစက်ရုံ လုပ်ငန်းကို လေ့လာစေပြီး ဆွေးနွေးမှု အဆင့်ဆင့် ပြုလုပ်သည်။ ၎င်းကုမ္ပဏီသည် ကယားပြည်နယ် မော်ခိုးဒေသရှိ ဆိုးဖား ကျောက်တောင်မှထွက်ရှိသော အဖြူရောင်ကျောက်ကို နှစ်သက်၍ တစ်နှစ်လျှင် တန်ချိန် နှစ်သောင်း ဝယ်ယူရန် အဆိုပြုသည်။ မော်ခိုးဒေသ စီမံကိန်း ကော်မတီအား ဆိုးဖား ကျောက်တောင်ကိုအမှီပြုသော စက်ရုံကိုတည်ဆောက်ရန် အခြေအနေ မပေးခဲ့ချေ၊ သို့သော် အဖြူရောင်ကျောက်များ ထွက်ရှိရာ အခြားဒေသတစ်ခုဖြစ်သော မန္တလေးတိုင်း၊ မတ္တရာမြို့နယ် စကျင်ကျောက်တောင်ကို စက်မှုလုပ်ငန်း တစ်ခုအဖြစ်စက်ရုံတိုးချဲ့တည်ဆောက်ရန် ၁၉၇၁ ခု ဩဂုတ်လတွင် စတင်လေ့လာပြီး ၁၉၇၁ ခု အောက်တိုဘာလ ၃၀ ရက်နေ့တွင် ကျောက်ပြား စက်ရုံခဲ့အမှတ် (၂) စကျင်ကို တိုးချဲ့စီမံကိန်း တစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့ရုံသာ ခဲ့သည်။ ကျောက်ပြားစက်ရုံခဲ့ အမှတ်(၂) စကျင်သည် မန္တလေးတိုင်း၊ မတ္တရာမြို့နယ် စကျင်ကျေးရွာ အနီးတွင်တည်ရှိသည်။ မတ္တရာမြို့မှ ၁.၂ မိုင်ခန့်ကွာဝေးသည်။ စက်ရုံ၏ မြေနေရာ အကျယ်အဝန်းမှာ ၃၆၀.၂၇ ကေ ဖြစ်သည်။[၁]

စက်ရုံအတွက် ကုန်ကြမ်းကျောက် ထုတ်လုပ်ရန် အီတလီနိုင်ငံ Pelligrini ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုပြီး စက်များ ဝယ်ယူတပ်ဆင်၍ ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျောက်တုံးများ စတင်ထုတ်လုပ်ခဲ့သည်။ ကုန်ချောကျောက်ပြားများ ထုတ်လုပ်ရန် စက်ကိရိယာများကို အီတလီနိုင်ငံ Mario Bernucci ကုမ္ပဏီမှ ဝယ်ယူတပ်ဆင်ထား ထုတ်လုပ်ရာ ၁၉၇၈ ခု ဒီဇင်ဘာလတွင်မှ စတင်နိုင်သည်။ စက်ရုံခဲ့ (၂) စကျင်တွင် လျှိုင်ကော်ကျောက်ပြား စက်ရုံမှာကဲ့သို့ပင် ကုန်ကြမ်း ကျောက်တုံးများ ထုတ်လုပ်ရာ၌ Drilling Method နှင့် Hellicoidal Method တို့ကို အသုံးပြုသည်။ တပ်ဆင်ထားသော စက်များ၏ နှစ်အားမှာ တစ်နှစ်လျှင်အခင်းကျောက်ပြား ၃၁၆၀၀ စာရုံးပေ၊ ဆောင်စွန်းကျောက် ၁၂ တန်မှ နိုင်ငံခြားပို့ရန် စံချိန်မီ ကျောက်တုံး ၄၈၀ ကုဗ မီတာ ထုတ်လုပ်နိုင်သည်။[၂]

၁။ **ကျောက်ပြားစက်ရုံစက်မှုလုပ်ငန်းသမိုင်း**၊ စာ ၁၆-၁၇

၂။ **ကျောက်ပြားစက်ရုံစက်မှုလုပ်ငန်းသမိုင်း**၊ စာ ၁၇

ကျောက်ပြားစက်ရုံ၌ (၂) စက္ကင်ကျောက်တောင်သည် အလျားပေ ၂၅၀၀၊ အနံပေ ၇၀၀ အမြင့်ပေ ၃၆၀ ရှိသည်။ ကျောက်သား ပမာဏမှာ ကုဗပေ ၁၅၇.၅ သန်း၊ ကုန်ချိန် အားဖြင့်တန် ၁၃.၁၂ သန်းခန့်ရှိသည်။ တန်ချိန် ၁၂.၇၅ သန်းခန့်နှင့် ကုဗပေ ၁၁၉.၄၄ သန်းခန့် အသားတင် ထွက်ရှိနိုင်မည်ဖြစ်သည်။ လိုအပ်သော လျှပ်စစ်ဓာတ်အားကို မတ္တရာမြို့နယ် ဒင်္ဂါးချောင်းမှ စက္ကင်သို့ ၁၁ K.V. တိုင်မှ စက္ကင် ထရန်စဖော်မာ ၂၁၀ ကေဗွီအေသို့ သွယ်ယူသည်။ ထရန်စဖော်မာကို ဂျပန်နိုင်ငံ Diamaru Inc. မှဝယ်ယူရှိ လျှပ်စစ်ဓာတ်အားပေး ကော်ပိုရေးရှင်းနှင့် ဆောက်လုပ်ရေး ကော်ပိုရေးရှင်းတို့က လိုအပ်သည်တို့ကို ဆောင်ရွက် သွယ်တန်းပေးကြသည်။[၁]

ခေတ်မီတိုးတက်သော နိုင်ငံနှင့် တိုးတက်ဆဲ နိုင်ငံများတွင် စက္ကူသည် စားသောက်ကုန်နှင့် တန်းတူ မရှိမဖြစ် လိုအပ်သော အဓိက သုံးကုန်ပစ္စည်းတစ်ခုဖြစ်သည်။ အစိုးရဌာန အဖွဲ့အစည်းနှင့် ကျောင်းများအတွက်လည်းကောင်း၊ စာနယ်ဇင်းများ ထုတ်လုပ်ရေးအတွက်လည်းကောင်း၊ ရပ်သုံးရွာသုံး အရပ်ရပ်ကိစ္စသုံးအတွက်လည်းကောင်း စက္ကူအမျိုးမျိုးလိုသည်။

မြန်မာနိုင်ငံတွင် စစ်ပြီးစကာလက နှစ်စဉ်စက္ကူနှင့် စက္ကူလုပ်ငန်း ပစ္စည်းများအတွက် နိုင်ငြားငွေ ကျပ်ကုဋေ ၂၀ ကျော်ခန့် ကုန်ကျသည်။ စက္ကူပျော့ဖတ်နှင့် စက္ကူထုတ်လုပ်ရန် အခြေခံ ကုန်ကြမ်းများဖြစ်သော သစ်၊ ဝါး၊ ကျူ၊ ကိုင်း၊ ကောက်ရိုး၊ ဂုန်လျော်၊ ကြံဖတ်၊ ဝါလေစသည်တို့ ပေါများလှသည်။ ထို့ကြောင့် ပြည်တွင်းထွက် ကုန်ကြမ်းများကို အကျိုးရှိစွာ အသုံးပြု၍ စက္ကူစက်များ တည်ဆောက်ရန်နှင့် စက္ကူစက်ရုံများကို အထောက်အကူပြုသော ဓာတုဗေဒ စက်ရုံများပါ ပူးတွဲတည်ဆောက်ရန် ၁၉၄၇ ခုနှစ် စီးပွားရေး ၂ နှစ်စီမံကိန်း ရေးဆွဲစဉ်ကပင် ဦးစားပေးအဆင့်ဖြင့် ချမှတ်သည်။ ထိုလုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရန် စက္ကူစက်နှင့် ဓာတုဗေဒလုပ်ငန်းများ အဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့သည်။ ထို့နောက် စီးပွားရေး ရှစ်နှစ်စီမံကိန်းကာလ ပြည်တော်သာခေတ်တွင် စက္ကူစက်များ တည်ဆောင်ရေးကို ရေအားလျှပ်စစ်ဓာတ်စက်ရုံများနှင့် ဆက်နွှယ်လျက် စီမံကိန်းရေးဆွဲခဲ့ကာ လုပ်ဆောင်ရန် စီစဉ်သည်။ ထိုသို့စီစဉ်သည့်အတိုင်း ၁၉၄၇ ခုနှစ်မှ ၁၉၆၂ ခုနှစ် အထိ မြန်မာနိုင်ငံတွင် စက္ကူစက်များ တည်ဆောက်နိုင်ရေးအတွက် ရခိုင်၊ တနင်္သာရီ၊ ပဲခူးရိုးမ အစရှိသည့် ဒေသများတွင် နေရာရွာဖွေခြင်း၊ ကုန်ကြမ်းအခြေအနေများလေ့လာခြင်း

၁။ ကျောက်ပြားစက်ရုံ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၉ - ၂၀

ပြုလုပ်သည်။ ၎င်းပြင် တစ်ခြိုနှိတည်းမှာပင် နိုင်ငံခြားကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင်နိုင်လို့ အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ပြည်ထောင်စု သမ္မတဂျာမနီနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံများမှ ကုမ္ပဏီအချို့နှင့် ဆွေးနွေးခြင်းများ၊ ပူးပေါင်း လေ့လာခြင်းများလည်း ပြုလုပ်သည်။ သို့သော် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ချေ။

တော်လှန်ရေးကောင်စီ အစိုးရ တက်လာသည့် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့ နောက်ပိုင်းတွင် မြန်မာတရုတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ စစ်တောင်းမြစ်အနီး သိမ်ဇရပ်ရွာတွင် တစ်နေ့လျှင် စာရေးနှင့် ပုံနှိပ်စက္ကူ တန် ၂၁ ထုတ်လုပ်နိုင်သော စက္ကူစက် ၂ လုံး၊ တစ်နေ့လျှင် ထုပ်ပိုးစက္ကူ ၃ တန် ထုတ်လုပ်နိုင်သော စက္ကူစက် ၁ လုံးနှင့် တစ်နေ့လျှင် ၆ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်နိုင်သော ဓာတ်အားပေးစက် ၃ လုံး တည်ဆောက် အကောင်အထည်ဖော်ရန် ကြိုးပမ်းသည်။ ၁၉၆၁ ခု ဇန်နဝါရီလ ၉ ရက်နေ့ မြန်မာတရုတ် စီးပွားရေးနှင့် ကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေး သဘောတူ စာချုပ်ကို ချုပ်ဆိုခဲ့ရှိ မြေနေရာ ရွေးချယ်ရေးအတွက် တရုတ်နှင့်မြန်မာ ကျွမ်းကျင်သူများသည် ၁၉၆၃ ခုနှစ်အထိ ပူးပေါင်းရှာဖွေ၍ မုန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းမြစ် အရှေ့ဘက်ကမ်း၊ စစ်တောင်း တံတားအနီး သိမ်ဇရပ်ရှိ မြေကေ ၁၃၅၀ ကေရှိ နေရာကို ရွေးချယ်ကြသည်။ ထို့နောက် ၁၉၆၄ ခုနှစ်မှစ၍ တောရှင်းခြင်း၊ မြေသားစမ်းသပ်ခြင်း၊ မြေတိုင်းတာခြင်းနှင့် မီးရထားလမ်း ဖောက်လုပ်ခြင်းတို့ကို လုပ်ကိုင်ခဲ့သည်။ ချုပ်ဆိုပြီးသည့် စာချုပ်အပေါ် ထပ်မံဖြည့်စွက်သည့် စာချုပ်ကို ၁၉၆၅ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ချုပ်ဆိုခဲ့သည်။ စက်တပ်ဆင်ရေး လုပ်ငန်းများကို ၁၉၆၆ ခုနှစ်တွင် စတင်ဆောင်ရွက်သည်။ ထိုသို့ စက်ရုံတည်ဆောက်မှု လုပ်ငန်းများကို ဆောင်ရွက်နေစဉ်အတွင်း တရုတ်ကျွမ်းကျင်သူများသည် ၁၉၆၇ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် ဖြစ်ပွားသည့် တရုတ်မြန်မာ အရေးအခင်းကြောင့် နိုင်ငံမှ ထွက်ခွာသွားကြသဖြင့် လုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့သည်။[၁] ထို့ကြောင့် စက်ရုံကို ဆက်လက် တည်ဆောက်နိုင်ရေးနှင့် လိုအပ်သော စက်ပစ္စည်းများနှင့် ကျွမ်းကျင်သူ အကြံပေး အင်ဂျင်နီယာများ ခန့်ထားနိုင်ရေးအတွက် ဂျပန်နိုင်ငံမှ ကာဒနမတ်စုဂိုရှိကုမ္ပဏီနှင့် ၁၉၆၉ ခု ဩဂုတ်လ ၉ ရက်နေ့တွင် ကျပ် ၁၉၈.၅ သိန်းဖိုးရှိ စာချုပ်ကို ထပ်မံချုပ်ဆိုသည်။

၁။ စက္ကူနှင့် စာတုဗေဒ လုပ်ငန်းကော်ပိုရေးရှင်း၊ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၅
၂။ စက္ကူနှင့် စာတုဗေဒ လုပ်ငန်းကော်ပိုရေးရှင်း၊ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၆

ထိုသို့စာချုပ်ပြီးနောက် ၁၉၆၉ ခု စက်တင်ဘာလမှစ၍ ဂျပန်ကျွမ်းကျင်သူ အင်ဂျင်နီယာများနှင့် မြန်မာအင်ဂျင်နီယာများက ဆက်လက် တည်ဆောက်ကြသည်။ ကုန်ထုပ် စက္ကူစက်ကို ဒီဇယ်သုံး လျှပ်စစ်ဓာတ်အားပေးစက်နှင့် Package Boiler မှ ပေးသော ရေနွေးငွေ့ဖြင့် ၁၉၇၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် စက်စမ်းသပ် လည်ပတ်နိုင်သည်။ ဓာတ်အားပေး စက်ခွံကို ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလတွင် စက်အားစမ်းသပ်၍ စာရေးနှင့် ပုံနှိပ်စက္ကူထုတ်စက်ကို နိုင်ငံခြားမှ ဝယ်ယူသော ပျော့ဖတ်ဖြင့် ၁၉၇၁ ခု ဇန်နဝါရီလတွင် စမ်းသပ် ထုတ်လုပ်သည်။ ပျော့ဖတ်စက်ခွံကိုလည်း ဝါးကုန်ကြမ်းကို အသုံးပြု၍ ၁၉၇၁ ခု ဧပြီလအတွင်း စမ်းသပ် လည်ပတ်ခဲ့သည်။[၁]

စက္ကူစက်တွင် တွဲဖက်တည်ဆောက်ရသော ဓာတ်ဆား ပြန်ထုတ်စက်ခွံသည် ပျော့ဖတ်စက်ခွံချက်အိုးမှတ်သော ဓာတ်ရည်မဲကို ဓာတ်ခဲညှိုဖြစ် ပြန်လည်ချက်လုပ်သောစက် ဖြစ်သည်။ တစ်နေ့လျှင် ဓာတ်ရည်မဲ ၂၇၀ ကုဗမီတာကို ဓာတ်ရည်ဖြူ ပြန်လည် ထုတ်လုပ် ပေးနိုင်သော ဓာတ်ဆားပြန်ထုတ် စက်ခွံကို ဂျပန်နိုင်ငံ ကာနီမတ်စုဂိုဂို ကုမ္ပဏီနှင့် ကျပ် ၂၇၀·၄ သိန်းတန် စာချုပ်၍ ဆောက်လုပ်သည်။ ၁၉၇၀ ပြည့်နှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် စာချုပ်၍ ၁၉၇၁ ခု ဖေဖော်ဝါရီလ ၁၅ ရက်တွင် ဂျပန်နှင့်မြန်မာအင်ဂျင်နီယာများ ဆောက်လုပ်ရေးလုပ်ငန်း စတင်ကြသည်။ ထိုနှစ် စက်တင်ဘာလတွင် စက်များတပ်ဆင်ပြီး၍ ၁၉၇၂ ခု ဇူလိုင်လတွင် စက်စမ်းသပ် လည်ပတ်နိုင်သည်။[၂]

ဓာတုဗေဒစက်ခွံ တည်ဆောက်ရေးမှာမူ တခြားမြန်မာ အရေးအခင်း ဖြစ်ပွားခဲ့ရှိန်တွင် အဆောက်အအုံ၏ ၃၅ ရာခိုင်နှုန်းခန့်သာ ပြီးစီး၍ စက်ပစ္စည်းများ လုံးဝဆောက်ခွံခြင်း မရှိသေးချေ။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူပြီး ဆွစ်ဇာလန်နိုင်ငံ Krebs and Company Ltd နှင့် တစ်နေ့လျှင် ၁၀ တန်ကျ ကော့စတစ်ဆိုဒါနှင့် ကယ်ရင်းစက်ခွံ တည်ဆောက်ရန်အတွက် ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျပ် ၅၇၄·၉ သိန်းဖိုးရှိသော စာချုပ်ကို ချုပ်ဆိုသည်။ စာချုပ် ချုပ်ဆိုပြီးနောက် ဆွစ်အင်ဂျင်နီယာများနှင့် ပူးပေါင်း၍ ဓာတုဗေဒစက်ခွံ ရှိပြီးအဆောက်အအုံများ ပြုပြင်ဆောက်လုပ်ရေးနှင့် ထပ်မံ လိုအပ်သော အဆောက်အအုံသစ်များ ဆောက်လုပ်ရေးကို ၁၉၇၁ ခု ဒီဇင်ဘာလတွင် စတင် ဆောက်လုပ်ခဲ့သည်။ စက်တပ်ဆင်ရေး လုပ်ငန်းများကို ၁၉၇၂ ခု ဇူလိုင်လ ၁၅ ရက်နေ့တွင် စတင်လုပ်ဆောင်သည်။ ထိုကဲ့သို့ တည်ဆောက်ရာတွင် ပျော့ဖတ်စက်ခွံ၏ လိုအပ်ချက်

၁။ စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းကော်ပိုရေးရှင်း စက်မှုလုပ်ငန်းသမိုင်း။ အမှတ် (၁) စက္ကူစက် (စစ်တောင်း) သမိုင်းအကျဉ်း၊ စာ ၃-၄

၂။ စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းကော်ပိုရေးရှင်း စက်မှုလုပ်ငန်းသမိုင်း။ အမှတ် (၁) စက္ကူစက် (စစ်တောင်း) သမိုင်းအကျဉ်း၊ စာ ၄-၅

ဖြစ်သော ကော့စတစ်ဆိုဒါ အရောင်ချွတ်ဆေးရည်နှင့် ကလိုရင်း ဓာတ်ငွေ့များကို ဆောလျင်စွာ ထုတ်လုပ်နိုင်ရန်အတွက် အဆင့် ၂ ဆင့်ခွဲ၍ တည်ဆောက်သည်။ အဆင့်(၁) လုပ်ငန်းများ ဖြစ်သော ကော့စတစ်ဆိုဒါ အရောင်ချွတ်ဆေးရည်၊ ကလိုရင်းဓာတ်ငွေ့နှင့် ဆားငရဲမီး ထုတ်လုပ်ရေး စက်ရုံများကို ၁၉၇၃ ခု မေလတွင် စတင် စမ်းသပ် လည်ပတ်နိုင်ပြီး အဆင့်(၂) ဖြစ်သော ထုံးကုန်ချောထုတ် စက်ရုံများကို ၁၉၇၄ ခု နိုဝင်ဘာလမှ စတင်၍ စမ်းသပ် လည်ပတ်နိုင်သည်။[၁] စက်တည်ရာ ဒေသကိုစွဲ၍ စက်ရုံအသီးသီးကို စုပေါင်းကာ **အမှတ်(၁) စက္ကူစက် (စစ်တောင်း)** ဟုအမည် သတ်မှတ် ခေါ်တွင်သည်။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း အမှတ်(၁) စက္ကူစက် (စစ်တောင်း) ကို တည်ဆောက် အကောင်အထည် ဖော်ခဲ့ရာတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ နှင့်ဆွစ်ဇာလန်နိုင်ငံတို့မှ ကျွမ်းကျင်သူ ပညာရှင်များနှင့် စာချုပ်အဆင့်ဆင့် ချုပ်ဆို၍ တည်ဆောက်ခဲ့ရာ ကော့စတစ်ဆိုဒါနှင့် ကလိုရင်း စက်ရုံ ပြုပြင် မွမ်းမံခြင်း လုပ်ငန်း အပါအဝင်ထိ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အောက်ပါအတိုင်းဖြစ်သည်။[၂]

အကြောင်းအရာ	တည်ဆောက်သည့်နိုင်ငံ	ကျပ်သိန်းပေါင်း စုစုပေါင်းတန်ဖိုး
ပျော့ဖတ်စက်ရုံ၊ စက္ကူစက်ရုံ၊ ဓာတ်အားပေး စက် ၁ လုံး၊ ရေသန့်ဌာနနှင့် အဆောက်အအုံများ	တရုတ် ပြည်သူ့ သမ္မတနိုင်ငံ	၅၀၈.၉
ဓာတ်ဆားပေး စက် ၂ လုံးနှင့် စံညွှန်းစံကိန်းပစ္စည်းများ	ဂျပန်နိုင်ငံ	၂၈၇.၄
ဓာတ်ဆားပြန်ထုတ်စက်ရုံ	ဂျပန်နိုင်ငံ	၂၈၈.၄
ကော့စတစ်ဆိုဒါနှင့်ကလိုရင်းစက်ရုံ	ဆွစ်ဇာလန်နိုင်ငံ	၅၇၄.၉
ကော့စတစ်ဆိုဒါနှင့် ကလိုရင်း စက်ရုံပြုပြင်မွမ်းမံခြင်း	ဆွစ်ဇာလန်နိုင်ငံ	၃၉၄.၄
	စုစုပေါင်း	၂၀၅၄.၀

၁။ စက္ကူနှင့် ဓာတုဗေဒ လုပ်ငန်း ကော်ပိုရေးရှင်း စက်မှုသမိုင်း၊ စာ ၁၆

၂။ စက္ကူနှင့် ဓာတုဗေဒ လုပ်ငန်း ကော်ပိုရေးရှင်း၊ အမှတ် (၁) စက္ကူစက် (စစ်တောင်း) သမိုင်းအကျဉ်း၊ စာ ၈

စစ်တောင်းစက္ကူစက်၏ ကုန်ပစ္စည်း ထုတ်လုပ်မှုမှာ ၁၉၇၀-၇၁ ခုနှစ်တွင် စက္ကူဖြူ ၉၆၁-၅၆ တန်၊ စက္ကူညို ၆၀၈-၅၀ တန်နှင့် ၁၉၇၁-၇၂ ခုနှစ်တွင် စက္ကူဖြူ ၄၁၉၉-၈၅ တန်နှင့် စက္ကူညို ၁၅၁၂-၆၉ တန်အသီးသီး ထုတ်လုပ်ခဲ့သည်။[၁]

ထိုသို့ ထုတ်လုပ်နိုင်ရန် အမှတ်(၁) စက္ကူစက် (စစ်တောင်း) တွင် တစ်နှစ်လျှင် စက္ကူဖြူ တန်ချိန် ၁၂၀၀၀၊ ပျော့ဖတ်တန်ချိန် ၆၆၀၀ နှင့် ကော့စတစ်ဆိုဒါ တန်ချိန် ၃၂၀၀ တန် ထုတ်လုပ်နိုင်ရန် ပြည်တွင်းပြည်ပ ကုန်ကြမ်းများလိုသည်။ ပြည်တွင်းမှ ရသောကုန်ကြမ်းများမှာ ဝါးလုံး၊ ဝါးခြမ်း၊ ပျော့ဖတ်သစ်၊ နေလှန်းဆား၊ ထုံး ကျောက်၊ ဆိုဒီယမ်ဆာလဖိတ်၊ ထင်းရှူးဆီနှင့် မီးထိုးဆီတို့ ဖြစ်သည်။ မီးထိုးဆီမှာ နှစ်စဉ် ဂါလန်သိန်း ၁၂၀ လိုလေသည်။ ပြည်ပမှ ကျောက်ချဉ်၊ ရွှံ့စေးဖြူ၊ ပြဒါး၊ Graphite Anode Plate, Graphite Anode Stem, Machine Clothing တို့ကိုဝယ်ယူရသည်။[၂]

စစ်တောင်း စက္ကူစက်တွင် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နောက်ပိုင်းမှ လုပ်ငန်းများစတင်အကောင်အထည် ဖော်ခဲ့သည်။ ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ ခန့်ထားပြီး ဝန်ထမ်းဦးရေမှာ စုစုပေါင်း ၁၆၁၂ ဦး ရှိသည်။[၃]

ရုံးသုံးကျောင်းသုံး စာရေးပုံနှိပ်မှု စသော စက္ကူချော စက္ကူဖြူများနှင့် ကုန်ထုတ်စက္ကူ အမျိုးအစား စက္ကူထူ စက္ကူကြမ်းများ လိုအပ်ချက်သည် ကမ္ဘာတစ်ဝန်းလုံးတွင် နေ့စဉ်နှင့် အမျှ မြင့်မားတိုးတက် နေပေသည်။ မြန်မာနိုင်ငံတွင်လည်း ခေတ်မီ တိုးတက်ရေးကို ရှေးရှုသည်နှင့်အမျှ စက္ကူ အမျိုးမျိုး လိုအပ်ချက် မြင့်မားလာသည်။ ထို့ကြောင့် အမှတ်(၂)စက္ကူစက်တစ်လုံး မှော်ဘီမြို့နယ်အတွင်း တည်ဆောက်ရန် ၁၉၆၆ ခုနှစ် အတွင်းက စီမံကိန်း ရေးဆွဲလျာထားခဲ့သည်။ ထိုစီမံကိန်းသည် တစ်နေ့လျှင် ကောက်ရိုးဂျပ်ပြား ၅ တန် ထုတ်လုပ်ရန် စတင်လျာထား၍ ၁၉၆၈ ခုနှစ်တွင် တစ်နေ့ စက္ကူ ၁၀ တန်ထုတ်လုပ်ရန် ပြင်ဆင်လျာထားသည်။ တစ်ဖန် ၁၉၆၉ ခုနှစ်တွင် တစ်နေ့စက္ကူတန် ၂၀ ထုတ်လုပ်ရန် တိုးမြှင့်သတ်မှတ်ပြန်သည်။ စက်ရုံ တည်ဆောက်ရန် နေရာကိုလည်း မှော်ဘီအစား လယ်ဝေးမြို့နယ် ဇလာမြို့အနီး တည်ဆောက်ရန် ပြုပြင်သတ်မှတ်သည်။ စက်ရုံစီမံကိန်း အဆင့်တွင်ပင်

၁။ စက်မှုဝန်ကြီးဌာန သမိုင်း အကျဉ်းချုပ်၊ အတွဲ-၂၊ စာ ၁၇၉

၂။ စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းကော်ပိုရေးရှင်း၊ အမှတ် (၁)စက္ကူစက်(စစ်တောင်း)သမိုင်းအကျဉ်း၊ စာ ၉

၃။ စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်း စက်မှုသမိုင်း၊ စာ ၁၇

စက်စွမ်းအား တိုးမြှင့်သတ်မှတ်ခြင်း၊ နိုင်ငံခြားကုမ္ပဏီများနှင့် စျေးနှုန်းညှိနှိုင်းခြင်း စသည့် လုပ်ဆောင်ဖွယ်အရပ်ရပ်ကို ပြုပြင်သတ်မှတ်ခြင်းများ ရှိသဖြင့် တော်လှန်ရေး ကောင်စီကာလ အတွင်း စတင်အကောင်အထည် ဖော်နိုင်ခြင်း မရှိခဲ့ချေ။ ၁၉၇၃ ခုနှစ်တွင် စက်ခဲနေရာကို ပိုမို အကွက်အကွင်းကျ၍ သင့်လျော်သော ရေနီမြို့အနီး နေရာတွင် တည်ဆောက်ရန် နိုင်ငံတော်သမ္မတကြီး ဦးနေဝင်း၏ လမ်းညွှန်ချက်အရ ပြောင်းလဲ သတ်မှတ်သည်။ ၁၉၇၅ ခုနှစ်မှ စတင် အကောင်အထည်ဖော်ခဲ့သည်။[၁]

စက္ကူနှင့် ဓာတုဗေဒ လုပ်ငန်းအဖွဲ့သည် **ကုန်ထုပ်စက္ကူစက် (ကံဘဲ)** ကိုတော်လှန်ရေး ကောင်စီ ကာလတွင် အကောင်အထည် ဖော်ခဲ့သည်။ စက်မှုလက်မှုဌာန၏ ၁၉၈၅ ခု ဖေဖော်ဝါရီလ ၂ ရက်နေ့စွဲပါ စာအမှတ် ၁၆၃ စ၊ ခ(၄) ၆၃ (၁၂၁/၆၅) အရ ဂေဇက်စက္ကူစက် (လီမိတက်) ကိုလွှဲပြောင်း လက်ခံယူကာ ဆက်လက် လုပ်ဆောင်ခြင်း ဖြစ်သည်။ မူလက ဂေဇက် စက္ကူစက် လီမိတက်သည် မန်နေဂျင်း ဒါရိုက်တာ ဦးခင်ဖေကြီးနှင့် ဒါရိုက်တာ ၃ ဦး ဦးစီး၍ အစုရှယ်ရာ၀င် ၁၉ ဦးဖြင့် ၁၉၆၄ ခု ဧပြီလ ၂၅ ရက်နေ့တွင် အနောက် ဂျာမန်နိုင်ငံ (အာ-ဒီ-ပါ)ကုမ္ပဏီဖြင့် စာချုပ်ချုပ်ဆို၍ အင်းစိန်မြို့၊ အမှတ် ၇၂၊ အရှေ့လမ်းတွင် စက်ရုံ တည်ထောင်ရန် ပဏာမ လုပ်ငန်းများကို စတင်ခဲ့သော စက်ရုံ ဖြစ်သည်။

ဂေဇက်စက္ကူစက် လီမိတက်၏ မူလခွင့်ပြု မတည်ရင်းနှီးငွေမှာ ကျပ် ၂၅ သိန်းဖြစ်သည်။ ပေးသွင်းပြီးငွေမှာ ကျပ် ၂.၅၂ သိန်းဖြစ်၏။ စက်ပစ္စည်း ၂.၉၇ သိန်းဖိုးကို ကြေးစနစ်ဖြင့် အနောက်ဂျာမန်နိုင်ငံမှ ဝယ်ယူသည်။ ယင်းအတွက် ဘဏ်ကြေးငွေ ၁.၆၁ သိန်းနှင့်အခြားကြေးငွေ ကျပ် ၁.၆၇ သိန်း စုစုပေါင်း ကြေးငွေကျပ် ၂.၇၈ သိန်း တင်နေသည့်အပြင် နောက်ထပ်ငွေ ကျပ်၅၅ သိန်း လိုနေပေသည်။ ထိုသို့ငွေကြေးအခက်အခဲရှိမှုကြောင့် လုပ်ငန်းများကိုဆက်လက် မလုပ်နိုင်တော့သဖြင့် ဂေဇက်စက္ကူစက် လီမိတက်ကို ၁၉၆၄ ခု ဒီဇင်ဘာလ ၁၄ ရက်နေ့စွဲဖြင့် စက်မှုလက်မှုဌာနသို့ လွှဲပြောင်း လက်ခံယူပြီး ဆက်လက်ဆောင်ရွက်ရန် လျှောက်ထားခဲ့သည်။

စက္ကူစက်နှင့် ဓာတုဗေဒလုပ်ငန်းများအဖွဲ့သည် ၁၉၆၅ ခုနှစ်တွင် ဂေဇက်စက္ကူစက်ကို လက်ခံယူကာ အမှတ် ၆(၁)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်ရှိ မြေရှိယာ ၄.၅ ကေရှိနေရာကို ရွှေးချယ်ကာ ကုန်ထုပ်စက္ကူစက် (ကံဘဲ) အမည်ဖြင့် တည်ထောင်၍ ဆက်လက်

၁။ **စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်း စက်မှုသမိုင်း၊ နောက်ဆက်တွဲ စ၊ အမှတ် ၂ စက္ကူစက် (ရေနီ)၊ စာ ၁၄**

ဖုံးဆောင်သည်။ ဂေဇက်စက္ကူစက် လိမိတက်ပိုင် စက်ပစ္စည်းများ၊ ဓာတ်ခွဲခန်းပစ္စည်းများနှင့် ဘေးဆေးများကို လွဲပြောင်းယူခဲ့ပြီးနောက် စက်လည်ပတ်နိုင်ရန် လိုနေသေးသော စက်ပစ္စည်းများကို မြန်မာ့ထုတ်ကုန်သွင်းကုန် ကော်ပိုရေးရှင်းကိုယ်စား စက္ကူစက်နှင့်ဓာတုဗေဒလုပ်ငန်းများအဖွဲ့သည် (အာ-ဝီ-ပါ) ကမ္ပဏီနှင့် ၁၉၆၆ ခုမေလ ၃၀ ရက်နေ့တွင် စာချုပ်ချုပ်ဆို၍ ကျမန်ုိမတ် ၄.၈၇ သိန်းဖိုး စက်ပစ္စည်းများ ဝယ်ယူသည်။ စာချုပ်အရ ဝယ်ယူခဲ့သော စက်ပစ္စည်းများသည် ၁၉၆၇ ခုနှစ် ဇန်နဝါရီလတွင် အပြည့်အစုံ ရောက်ရှိခဲ့သည်။ စက်ရုံတည်ဆောက်ရေး လုပ်ငန်းကို ၁၉၆၄-၆၅ ဘဏ္ဍာရေးနှစ်တွင် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း၊ အင်ဂျင်နီယာချုပ်ရုံးမှ တာဝန်ယူ ဆောင်ရွက်သည်။ ၁၉၆၈ခု ဖေဖော်ဝါရီလတွင် စက်ပစ္စည်း ဝယ်ယူသည့် အနောက်ဂျာမနီနိုင်ငံ (အာ-ဝီ-ပါ) ကုမ္ပဏီမှ ကျွမ်းကျင်သူ ၂ ဦးနှင့် မြန်မာကာယဉာဏ လုပ်သားများ ပူးပေါင်းပြီး စက်တပ်ဆင်ရေး ကိစ္စများကို ဆောင်ရွက်ကြသည်။ ကုန်ထုပ်ပက္ကူများကို ၁၉၆၈ ခု ဧပြီလ ၂၈ ရက်နေ့တွင် အောင်မြင်စွာ စတင်ထုတ်လုပ်နိုင်ခဲ့သည်။ ထိုနှစ် ဇွန်လမှစ၍ စက်ရုံ၏ ပုံမှန်ကုန်ထုတ်လုပ်မှုကို စတင်ဆောင်ရွက်သည်။[၁]

ကုန်ထုတ်လုပ်မှု အနေဖြင့် ၁၉၆၈ ခုနှစ်တွင် ဇွန်လမှ စတင်ပြီး စက်တင်ဘာလထိ ထုတ်လုပ်သဖြင့် တန်ချိန်အားဖြင့် ၁၄၄ တန်သာရရှိခဲ့သည်။ ဘဏ္ဍာရေးနှစ်အလိုက် ကုန်ပစ္စည်းထုတ်လုပ်မှုမှာ ၁၉၆၈-၆၉ ခုနှစ်တွင် ၆၁၉ တန်၊ ၁၉၆၉-၇၀ ခုနှစ်တွင် ၇၃၀ တန်၊ ၁၉၇၀-၇၁ ခုနှစ်တွင် ၉၇၃.၆၄ တန်နှင့် ၁၉၇၁-၇၂ ခုနှစ်တွင် ၁၁၂၉.၄၈ တန်၊ ၁၉၇၂-၇၃ ခုနှစ်တွင် ၁၁၅၅.၇၄ တန် အသီးသီး ထုတ်လုပ်သည်။ ကုန်ထုပ်စက္ကူစက်တွင် ဝန်ထမ်းအင်အား စုစုပေါင်း ၁၁၄ ဦးရှိသည်။

ကုန်ထုပ်စက္ကူစက်(ကံဘဲ့)တွင် Rosin, Aluminum Sulphate, Paper Machine Plastic Wire, Felt, Canvas, Couch Roll Jacket စသော ပြည်ပကုန်ကြမ်းများကို အသုံးပြုသည်။ ပြည်တွင်းမှ စက္ကူအလေအလွင့် ရေနှင့် လျှပ်စစ်ဓာတ်အားတို့ကို ရရှိသည်။ စက်ရုံတွင် တပ်ဆင်ထားသော Standard Kessel Boiler အတွက် နှစ်စဉ် ဒီဇယ်ဆီ ၈၂၅၆၀ ဂါလန် အသုံးပြုသည်။ ဓာတ်ဆီ၊ ရေနံဆီနှင့် အခြားစက်ဆီ အမျိုးမျိုးလည်းလိုလေသည်။ လိုအပ်သော လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီပေါင်း ၆၀၀ ကို

၁။ စက္ကူနှင့် ဓာတုဗေဒ ထုပ်ငန်း ကော်ပိုရေးရှင်း စက်မှုသမိုင်း၊ နောက်ဆက်တွဲ ၈၊ ကုန်ထုပ်စက္ကူစက် (ကံဘဲ့)၊ စာ ၁-၂

လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်းမှ ဖြည့်ဆည်းပေးသည်။ ရေကို အင်းလျားကန့်မှပိုက်ပြီး သွယ်ယူအသုံးပြုသည်။ တစ်နေ့လျှင် ရေဂါလန် တစ်သိန်းခန့် လိုလေသည်။ စက္ကူတစ်တန် ထုတ်လုပ်ရာ၌ ရေဂါလန် ၃၃၀၀၀ အသုံးပြုရသည်။

အဓိက ကုန်ကြမ်းဖြစ်သော စက္ကူအလေအလွင့် လိုအပ်ချက်မှာ ထုတ်လုပ်သော ကုန်ထုတ် စက္ကူအပါးအတွက် တစ်နေ့လျှင် ၄ တန်ခန့်၊ နှစ်ထပ်စက္ကူအထူအတွက် တစ်နေ့လျှင် ၅ တန်နှုန်း ဖြစ်သည်။ ထိုကုန်ကြမ်းကို စာပေဗိမာန်၊ အစိုးရ ပုံနှိပ်တိုက်များ၊ အစိုးရရုံးများ ဌာနများ ကျောင်းများမှ ရရှိသည်။[1] အလေအလွင့် စွန့်ပစ်ပစ္စည်းကို ကုန်ကြမ်းအဖြစ် အကျိုးရှိရှိ အသုံးပြု၍ ကုန်ထုတ်လုပ်သော စက်ရုံဖြစ်သည်။

ကြွေထည်မြေထည် ပန်းကန်ခွက်ယောက်သည် နွေစဉ်သုံး ပစ္စည်းဖြစ်၏။ မရှိမဖြစ် လိုအပ်သော ပစ္စည်းလည်းဖြစ်သည်။ လူနေမှုအဆင့်အတန်း ခေတ်မီတိုးတက်သည်နှင့်အမျှ ပိုမိုခေတ်မီလှပ ကောင်းမွန်သော ကြွေထည် ပန်းကန်ခွက်ယောက်အမျိုးမျိုးကို အသုံးပြုကြပေသည်။ မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်က ကြွေထည် ပန်းကန်ခွက်ယောက်အမျိုးမျိုးကို ပြည်ပမှ တင်သွင်းဝယ်ယူခဲ့ရသည်။ နိုင်ငံခြားငွေ ချွေတာခြုံခြံနိုင်ရန်နှင့် ပြည်တွင်း ထုံးထား ဖွံ့ဖြိုးရန်တို့ကို ရှေးရှု၍ ပြည်တော်သာခေတ် ပြည်တော်သာ စီးပွါးရေး စီမံကိန်းကာလ အတွင်းက မော်လမြိုင်မြို့၏ တောင်ဘက် ၃ မိုင်ကွာသော မုဒုန်အရပ်တွင် **စံပြပန်းကန်စက်** တစ်ခု တည်ဆောက်ခဲ့သည်။ ၁၉၅၅ ခု ဖေဖော်ဝါရီလ မှစ၍ ကုန်ထုတ်လုပ်မှုကို ပညာရေး စံပြသဘောဖြင့် ဆောင်ရွက်သည်။ စက်ရုံကို နောက်တိုးချဲ့တည်ဆောက်နိုင်ရန် ရည်မှန်းရိယာ ၁၂.၆၉ ကေကျယ်ဝန်းသော မြေပေါ်တွင် တည်ဆောက်ခဲ့သည်။

စံပြစက်ရုံတွင် အုတ်ကြွပ်စက်ရုံကိုပါ ပူးတွဲတည်ဆောက်ထားသဖြင့် ဂျပန်ပုံစံနှင့် အင်္ဂလိ နိုးရှားပုံစံ အုတ်ကြွပ်အမျိုးအစားများကို Down Draft Kiln ဖြင့် ထုတ်လုပ်သည်။ ထိုမီးဖိုဖြင့်ပင် မြေနီထည်များ၊ လျှပ်စစ်နှင့် ကြေးနန်းကြေသီးများကိုလည်းထုတ်လုပ်သည်။

တော်လှန်ရေး ကောင်စီကာလတွင် စံပြစက်ရုံကို စီးပွားဖြစ် ထုတ်လုပ်နိုင်ရန်နှင့် မြေနီထည်ထက် အရည်အသွေးကောင်းသော အဆင့်နိမ့် ကြွေထည်များ ထုတ်လုပ်နိုင်ရန်

၁။ ကုန်ထုပ် စက္ကူစက် (ကံတဲ့) စက်မှုသမိုင်း၊ စာ ၂၄

စက်ရုံ တိုးချဲ့ရေးကို စီမံကိန်းရေးဆွဲသည်။ စံပြစက်ရုံတွင်ရှိသော မီးဖိုမှာ ခေတ်မမီတော့သဖြင့် ဥမင်မီးဖို (Tunnel Kiln) အမျိုးအစား တပ်ဆင်နိုင်ရန် ၁၉၆၈-၆၉ ခုနှစ်တွင် စီစဉ်သည်။ စက်ရုံတိုးချဲ့ရေးကို အမေရိကန်ပြည်ထောင်စု အင်တာကင်ကုမ္ပဏီ ((Inter Kiln Engineering Co.) နှင့် ၁၉၆၆ ခု နိုဝင်ဘာလ ၅ ရက်နေ့တွင် စာချုပ်ချုပ်ဆို၍ စက်ပစ္စည်းများဝယ်ယူရန် စီစဉ်သည်။ စာချုပ်ပါ သတ်မှတ်စက်စွမ်းအား (Installed Capacity) မှာ အောက်ပါအတိုင်း စုစုပေါင်း ၆၀၉ တန် (Long Ton) ဖြစ်သည်။[၁]

	ခုရေ		တန်ချိန်
(1) Stone Wares	300000	110	Long Tons
(2) Straining Insulators	100000	45	Long Tons
(3) Shackle Insulators	50000	23	”
(4) Double Shed Insulators (L)	100000	86	”
(5) Double Shed Insulators (S)	100000	45	”
(6) Porcelain Spoons (5″-5½″)	9000000	300	”
	Total	609	Long Tons

စက်ပစ္စည်းများ ပေးသွင်းမှုအတွက် အင်တာကင်ကုမ္ပဏီနှင့် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းတို့ ချုပ်ဆိုသော စာချုပ်၏ တန်ဖိုးမှာ စက်ပစ္စည်းကိရိယာများအတွက် အမေရိကန်ဒေါ်လာ ၂၀၀၀၈၉.၁၅၊ ပုံစံရေးဆွဲခ ဒေါ်လာ ၂၀၀၀၀ နှင့် ကျွမ်းကျင်သူငှားရမ်းခ ဒေါ်လာ မြန်မာငွေ ကျပ် ၃၆၀၀၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၂၀၀၈၉.၁၅၊ မြန်မာငွေအားဖြင့်သော် စုစုပေါင်းကျပ် ၁၀၈၄၀၄၃.၄၀ ဖြစ်သည်။[၂]

သို့သော် အင်တာကင်ကုမ္ပဏီသည် စာချုပ်ပါ ပစ္စည်းများကို အချိန်မီပေးသွင်းရန် ပျက်ကွက်ခဲ့သည်။ ထို့ကြောင့် စက်ရုံတည်ဆောက်ရေးမှာ ဖင့်နှေးကြန့်ကြာခဲ့သည်။ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းနှင့် အင်တာကင်ကုမ္ပဏီတို့သည် ၁၉၇၁ ခု ဇူလိုင်လ ၁၁ ရက်နေ့တွင် ပြန်လည်ညှိနှိုင်းကြပြီးနောက် စက်စွမ်းအားကို ပန်းကန်ခွက်ယောက်များ

၁။ ပန်းကန်စက်ရုံ အမှတ်(၁) မော်လမြိုင် စက်မှု လုပ်ငန်းသမိုင်း၊ စာ ၃၅
၂။ ပန်းကန်စက်ရုံ အမှတ်(၁) မော်လမြိုင် စက်မှု လုပ်ငန်းသမိုင်း၊ စာ ၁၇

ထုတ်လုပ်ရေးအတွက် ခုရေပေါင်း ၂၃၂၀၀၀၀၊ စက်စွမ်းအား ၄၀၂ တန်၊ မီးခဲကြွေထည် ပစ္စည်းများ ကြွေသီးများ စသည်အတွက် ခုရေပေါင်း ၃၀၃၄၀၀၀၊ စက်စွမ်းအား ၂၀၂ တန်၊ စုစုပေါင်း ၆၀၄ တန်ဟု ပြင်ဆင်သတ်မှတ်ကြသည်။

သို့ရာတွင် စက်ရုံ၏ တိုးချဲ့တည်ဆောက်မှုသည် စာချုပ်ချုပ်ဆိုသည့်အတိုင်း ပြီးပြတ်မှု မရှိသဖြင့် စက်ရုံတိုးချဲ့ရန်လက်ခံရရှိတပ်ဆင်ခဲ့သောစက်များအပေါ် အခြေခံ၍ စက်စွမ်းအားကို အောက်ပါအတိုင်း ပြန်လည်သတ်မှတ်ခဲ့ရသည်။[၁]

ပစ္စည်းအမျိုးအစား			ခုရေ	တန်ချိန်
ပန်းကန်ခွက်ယောက်များ	....	....	၅၉၅၀၀	၁၂၀
ကြွေသီးနှင့် မီးခဲကြွေထည်	....	....	၉၄၀၀၀	၈၀
		စုစုပေါင်း တန်ချိန်	....	၂၀၀

ထိုသို့ ပြန်လည်သတ်မှတ်ပြီးနောက် စက်များ တပ်ဆင်ခြင်းကိုဆက်လက်လုပ်ဆောင်ရာ ၁၉၇၀ ပြည့်နှစ် ဇန်နဝါရီလတွင် မီးဖိုကို စမ်းသပ်မီးနှေး၍ ထိုနှစ်ဧပြီလတွင် ကုန်ချော စတင်ထုတ်လုပ်၍ အရည်အသွေးများကို စီစစ်သည်။ စက်စမ်းသပ် လည်ပတ်ရန်အတွက် အင်တာကင်ကမ္ပဏီမှ Mr. D. Tomkins လာရောက်ဆောင်ရွက်သည်။

စံပြစက်ရုံအဆင့်မှ တိုးချဲ့စက်ရုံအဆင့်ထိ ရင်းနှီးမြှုပ်နှံခဲ့သည့် ငွေကြေးပမာဏမှာ မူလ စံပြစက်ရုံအဆင့်ထိ ရင်းနှီးမြှုပ်နှံငွေကျပ် ၁၁.၄၆ သိန်းအပါအဝင် စုစုပေါင်းငွေကျပ် ၃၄.၅၀၇ သိန်း ကုန်ကျခဲ့သည်။[၂]

စက်ရုံ တိုးချဲ့တည်ဆောက်ပြီးစတွင် မြေနီထည်၊ ထမင်းစားပန်းကန်၊ ဟင်းပန်းကန် ကြီးငယ်၊ အလုံးအပြားများ၊ အကြမ်းပန်းကန်များ၊ ကော်ဖီကရား၊ ပြာခွက် အကြီးအသေး များ ထုတ်လုပ်သည်။ ကြွေထည်ပန်းကန်များတွင်လည်း ဟင်းပန်းကန် အကြီးအသေး အလုံး အပြား၊ အကြမ်းပန်းကန်၊ ကရား စသည်တို့နှင့် မီးခဲကြွေထည်ပစ္စည်း ၂၃ မျိုးထုတ်လုပ်သည်။[၃]

၁။ ပန်းကန်စက်ရုံ အမှတ် (၁) မော်လမြိုင် စက်မှုလုပ်ငန်းသမိုင်း၊ စာ ၆
၂။ ပန်းကန်စက်ရုံ အမှတ် (၁) မော်လမြိုင် စက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၄
၃။ ပန်းကန်စက်ရုံ အမှတ် (၁) မော်လမြိုင် စက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၃-၁၄

စက်ရုံ၏ စံပြအဆင့်မှ တိုးချဲ့အဆင့်အထိ နှစ်အလိုက် မြေနီထည်ပန်းကန်များ၊ ကြွေထည်ပန်းကန်များ၊ လျှပ်စစ်နှင့် ကြေးနန်း ကြွေသီးများ ထုတ်လုပ်မှုမှာ အောက်ပါအတိုင်းဖြစ်သည်။

ခုနှစ်		ပန်းကန်	မီးခံကြွေထည် (သိန်းဂဏန်း)
၁၉၆၂-၆၃	....	၁.၄၁	၁.၈၇
၁၉၆၃-၆၄	....	၃.၀၀	....
၁၉၆၄-၆၅	....	၂.၄၄	၀.၉၄
၁၉၆၅-၆၆	....	၂.၅၀	၀.၈၀
၁၉၆၆-၆၇	....	၂.၄၈	၀.၆၅
၁၉၆၇-၆၈	....	၂.၄၆	၀.၅၉
၁၉၆၈-၆၉	....	....	....
၁၉၆၉-၇၀	....	၀.၉၈	၀.၂၈
၁၉၇၀-၇၁	....	၃.၄၁	၀.၇၀
၁၉၇၁-၇၂	....	၅.၃၈	၁.၀၈

မော်လမြိုင် ပန်းကန်စက်ရုံအတွက် လိုအပ်သော ကုန်ကြမ်းများဖြစ်သည့် မြေဖြူ၊ မြေဖြူဖွယ်၊ ကြွေကျောက်၊ စလင်းကျောက်၊ ထုံးကျောက်၊ မီးခံမြေ၊ ဒိုလိုမိုက်၊ ကံ့ကူဆံတို့ကို ပြည်တွင်းမှရသည်။ များသောအားဖြင့် နီးနားဝန်းကျင်ဒေသဖြစ်သော သံဖြူဇရပ်၊ ဘီလူးကျွန်း၊ မုဒုံမြို့နယ်၊ မြိတ်မြို့နယ်များနှင့် မင်းလှမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ သာစည်မြို့နယ်တို့မှရရှိသည်။ လိုအပ်သော ဇင့်အောက်ဆိုက်၊ ရွှေဆေး (Liquid Bright Gold)ကြွေအရောင်တင်ဆေးနှင့် ပန်းစက္ကူ (Transfer Paper)တို့ကို ပြည်ပမှဝယ်ယူသည်။

စက်ရုံလည်ပတ်ရန် လိုအပ်သော လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၁၅၀ ကို မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ဖြည့်ဆည်းပေးသည်။ စက်ရုံမီးဖိုများတွင် မီးထိုးဆီကို စက်သုံးဆီအဖြစ် အသုံးပြုသည်။ နှစ်စဉ် မီးထိုးဆီဂါလန်ပေါင်း ၁၅၀၀၀၀ မရှိမဖြစ်လိုအပ်သည်။ စင်စစ်အားဖြင့်သော် ဂါလန် ၂၂၀၀၀၀ လိုသည်။

၁။ ပန်းကန်စက်ရုံ အမှတ် (၁) မော်လမြိုင် စက်မှုလုပ်ငန်းသမိုင်း၊ နောက်ဆက်တွဲ က

၂။ ပန်းကန်စက်ရုံ အမှတ် (၁) မော်လမြိုင်၊ စာ ၁၉-၂၀

ပညာပေး စံပြစက်ရုံကို စီးပွားဖြစ် ထုတ်လုပ်နိုင်ရန် ပန်းကန်စက်ရုံ (၁)၊ မော်လမြိုင် အဖြစ်သို့ တိုးချဲ့ဆောက်လုပ်ခဲ့ရာ၌ အဆင်မပြေမှုများ၊ အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်။ အင်ကာတင်ကုမ္ပဏီနှင့် စာချုပ်သော စက်ပစ္စည်းများ အချိန်မီပြည့်စုံစွာ မရောက်သဖြင့် အချိန်နှောင့်နှေးခဲ့ရသည်။ မူလသတ်မှတ် စက်စွမ်းအားအတိုင်း အပြည့်အဝမရရှိ၍ နှစ်ကြိမ်တိုင် ပြန်လည်လျှော့ချ သတ်မှတ်ခဲ့ရသည်။ ထို့ပြင် ကြွေစွန်းထုတ်လုပ်သော စက်ပစ္စည်းကိရိယာများကို ပေးသွင်းသူ ကုမ္ပဏီက မပေးသွင်းနိုင်သဖြင့် အချိုပန်းကန်လုံး၊ ပန်းကန်ပြားစက် (Cup and Saucer Making Machine)ကို အစားထိုးပေးသွင်းရန် သဘောတူခဲ့ရပြန်သည်။ သို့ဆော် အချိုပန်းကန်လုံး၊ ပန်းကန်ပြားစက်များလည်းစက်တပ်ဆင်မှု အချိန်ကုန်ဆုံးသည်အထိ မရောက်ကြသေးဘဲ ရှိနေပေသည်။ စက်များ ရောက်ရှိလာသောအခါ ဆောက်လုပ်ပြီးစီးသွားသည့် မီးဖိုများတွင် စမ်းသပ်သောအခါလည်း စာချုပ်ပါစွမ်းအားအတိုင်း ပြည့်အောင် ထုတ်လုပ်နိုင်ခြင်း မရှိချေ။ အင်တာကင်ကုမ္ပဏီမှ Mr. D. Tomkins လာရောက်၍ စစ်ဆေးကြည့်ရှုကြသောအခါ စာချုပ်ပါ သတ်မှတ်ချက်နှင့် မကိုက်ညီမှုများကိုတွေ့ရသည်။ Kiln Design တွင်လွဲမှားနေခြင်း၊ Glost Kiln ၏ Setting Density Capacity သည် စာချုပ်ပါ သတ်မှတ်ချက်၏ ၃၄.၈ မှ ၄၅.၀ ရာခိုင်နှုန်း ပျသာရှိခြင်း၊ Bisque Kiln သည်ထုတ်လုပ်ဆဲ့အပျက်အစီးနည်းအောင် ကုန်ထုတ်စွမ်းအားမပြည့်ခြင်း၊ Design စံချိန်မမီခြင်း စသည်တို့ကို တွေ့ကြရသည်။

ထိုသို့သော အခက်အခဲများကြားမှပင် မော်လမြိုင် ပန်းကန်စက်ရုံသည် ပြည်တွင်းလိုအပ်ချက် ပန်းကန်ခွက်ယောက်များနှင့် လျှပ်စစ်၊ ကြေးနန်းသုံး ကြွေသီးများ၊ မီးခံပစ္စည်းများကို တတ်စွမ်းသမျှ ထုတ်လုပ်ဖြည့်ဆည်းပေးသည်။

မြန်မာပြည်တွင်ရှိသည့် ကြွေထည်မြေသည် ပန်းကန်ခွက်ယောက် ထုတ်လုပ်သော လုပ်ငန်းများမှ ပန်းကန်ခွက်ယောက်များကို ပြည်သူပိုင် အခန်းကဏ္ဍ၊ ပုဂ္ဂလိက အခန်းကဏ္ဍ အသီးသီးမှ ထုတ်လုပ်ကြသော်လည်း ပြည်တွင်းသုံးစွဲမှု လိုအပ်ချက်ကို အလုံအလောက် ဖြည့်စွမ်းနိုင်ခြင်းမရှိသည့်ပြင် စက်၏အခြေအနေမှာလည်း ခေတ်မမီတော့သည်ကို တွေ့ရပေသည်။ မော်လမြိုင် ပန်းကန်စက် တစ်စက်သာလျှင် ခေတ်မီစက်ကိရိယာများကို တပ်ဆင် ထုတ်လုပ်လျက်ရှိသည်။ မော်လမြိုင် ပန်းကန်စက်မှထုတ်လုပ်သည့် ပစ္စည်းများအနေဖြင့် လျှပ်စစ်ကြွေသီး အမျိုးမျိုးသာ ပြည်တွင်းဖူလုံမှု ရရှိနိုင်မည်ဟု မျှော်မှန်းရပြီး ကြွေထည်ပန်းကန်ခွက်ယောက်၊ အိမ်သုံးပစ္စည်းများနှင့်ပတ်သက်၍မူကား ထုတ်လုပ်မှုအင်အားမှာ ပြည်တွင်း

ဖုလုံမှုအတွက် များစွာလိုအပ်လျက်ရှိပေသေးသည်။ ၁၉၅၄-၅၅ ခုနှစ်မှစ၍ ၁၉၆၉-၇၀ ခုနှစ်အထိ နိုင်ငံခြားမှ ပျမ်းမျှခြင်းအားဖြင့် တစ်နှစ်လျှင် ကြေပန်းကန်ပစ္စည်းကျပ်ငွေ ၄၀ သိန်းဖိုးနှုန်း နှစ်စဉ်လိုအပ် တင်သွင်းနေရကြောင်း ဗဟိုစာရင်းအင်းနှင့် စီးပွားရေးဌာနနှင့် ဗဟို ဘဏ်သွယ်ရေးဌာနတို့မှ ပြုစုထားသည့် စာရင်းများအရသိရသည်။

မြန်မာနိုင်ငံတွင် လူဦးရေတိုးတက်မှုနှင့် လူနေမှု အဆင့်အတန်း မြင့်မားလာမှုတို့ကြောင့် ကြွေထည် ပန်းကန်ခွက်ယောက်ပစ္စည်းများ လိုအပ်ချက် မြင့်မားလာသည်။ အနည်းဆုံး တစ်နှစ်လျှင်တန်ချိန် ၆၀၀၀ ကျော်လိုမည်ဟု ခန့်မှန်းသည်။ ထို့အတူ ရေအိမ်သုံး ကြွေထည် ပစ္စည်းများကိုလည်း နှစ်စဉ်လေးသိန်းကျော်ဖိုး သုံးစွဲနေသည်။ နှစ်စဉ်လိုအပ်ချက် တန်ချိန်အားဖြင့် ၆၀၀ ကျော်လိုသည်။

သို့အတွက် တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် ပြည်တွင်းရှိ ကုန်ကြမ်းပစ္စည်းများကိုအသုံးပြုလျက် **ကြွေထည်၊ ပန်းကန်ခွက်ယောက်နှင့် ရေအိမ်သုံး ကြွေထည်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် စက်ရုံ**တည်ဆောက်ရေးကို ဦးစားပေးအဆင့်ဖြင့် စီမံကိန်းရေးဆွဲသည်။

ပန်းကန်စက်ရုံ တည်ဆောက်ရာ၌ မြေနေရာကို စက်မှုလက်မှုဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ စတလက စီမံကိန်းဌာနမှ စက်ရုံတည်ဆောက်ရန် သင့်လျော်မည်ဟု ယူဆရသော နေရာဒေသ ၁၅ နေရာကို လေ့လာစိစစ်ပြီး တင်ပြခဲ့သည်။

နောက်ဆုံးတွင် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ လျှပ်စစ် ဓာတ်အား ကော်ပို ရေးရှင်းနှင့် ပန်းကန်စက် စီမံကိန်းမှ ပုဂ္ဂိုလ်များသည် ၁၉၇၂ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ပန်းကန်စက်သစ် မြေနေရာသစ်လျာထားသော စိန်ကန့်လန်း (မင်းလှ)နှင့် အင်းရွာ (သာယာတီ)နှင့် တိုက်ကြိုးမြို့များသို့ သွားရောက်ကြည့်ရှုခဲ့ကြပြီး နှစ်စဉ်ကုန်ကျမည့် အသုံးစရိတ်ကို နိုင်းယှဉ်တွက်ချက်လျက် အင်းရွာ (သာယာဝတီ) နေရာကို နောက်ဆုံးရွေးချယ်ခဲ့ကြသည်။[၃]

၁။ ပန်းကန်စက်ရုံ အမှတ် (၂) သာယာဝတီ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၂၇
၂။ ပန်းကန်စက်ရုံ အမှတ် (၂) သာယာဝတီ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၃၃
၃။ ပန်းကန်စက်ရုံ အမှတ် (၂) သာယာဝတီ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၃၈

စက်ရုံကို ကြွေပန်းကန်ခွက်ယောက် တစ်မျိုးတည်းသာ ထုတ်လုပ်ရန်ထက် ကြွေထည် ပစ္စည်းမျိုးစုံ ထုတ်လုပ်သော (Integrated Ceramic Plant) စက်ရုံကိုတည်ဆောက် ခြင်းက ပိုမိုအကျိုးများနိုင်မည်ကို လေ့လာသုံးသပ်မိ၍ စက်ရုံအရွယ်အစားနှင့် ကုန်ထုတ် အင်အားကို အောက်ပါအတိုင်း သတ်မှတ်သည်။[၁]

		တစ်နှစ်လျှင်တန်ချိန်
ကြွေထည်ပန်းကန်ခွက်ယောက်	....	၁၁၀၀
ရေအိမ်သုံးကြွေထည်ပစ္စည်း	....	၄၀၀
ပေါင်း	....	၁၅၀၀

စက်စွမ်းအားကို တန်ချိန်အားဖြင့် ပန်းကန်ခွက်ယောက် ၁၁၀၀ တန်နှင့် ရေအိမ်သုံး ပစ္စည်း ၄၀၀ တန်သာမှတ်ရာတွင် အရေအတွက်အားဖြင့် ပန်းကန်ခွက်ယောက်မျိုးစုံ ခုရေ ခွဲ၃၉၀၀ နှင့် ရေအိမ်သုံး ပစ္စည်းမျိုးစုံခုရေ ၁၇၆၁ လျာထားသတ်မှတ်ပေးခဲ့သည်။

စက်ပစ္စည်း ပေးသွင်းရေးစာချုပ်ကို ကြွေထည်မြေထည်လုပ်ငန်း ကော်ပိုရေးရှင်းနှင့် ဂျပန်နိုင်ငံ၊ ဒိုင်မာရှူးကုမ္ပဏီတို့သည် ၁၉၇၂ ခု ဇွန်လ ၂၀ ရက်နေ့တွင် လက်မှတ်ရေးထိုး စာချုပ် ချုပ်ဆိုခဲ့ကြသည်။[၂] စက်ရုံ၏ တည်ဆောက်မှု လုပ်ငန်းများကို ၁၉၇၂ ခုနှစ်မှ စတင်အကောင် အထည်ဖော်ဆောင်ရွက်ခဲ့သည်။

စက်ရုံတည်ဆောက်ရန် ဂျပန်နိုင်ငံ ပင်လယ်ရပ်ခြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေ အဖွဲ့မှ ဂျပန်ယန်း ငွေ ၇၄၃.၇၅၅ သန်းကို ချေးငွေအဖြစ် ထုတ်ချေးသည်။ ထိုငွေချေးစာချုပ်ကို ကြွေထည်မြေထည် လုပ်ငန်းကော်ပိုရေးရှင်းနှင့် ၁၉၇၃ ခု ဖေဖော်ဝါရီ ၆ ရက်နေ့တွင် စာချုပ် ချုပ်ဆိုခဲ့သည်။[၃]

၁။ ပန်းကန်စက်ရုံ အမှတ်(၂) သာယာဝတီ စက်မှု လုပ်ငန်းသမိုင်း၊ စာ ၃၉
၂။ ပန်းကန်စက်ရုံ အမှတ်(၂) သာယာဝတီ စက်မှု လုပ်ငန်းသမိုင်း၊ စာ ၆၇
၃။ ပန်းကန်စက်ရုံ အမှတ်(၂) သာယာဝတီ စက်မှု လုပ်ငန်းသမိုင်း၊ စာ ၅၁

ချေးငွေကို တစ်နှစ်လျှင် အတိုး ၃ ရာခိုင်နှုန်းဖြင့် ၂၅ နှစ်အတွင်း ၁၉၇၀ ခု နိုဝင်ဘာလ ၃၀ ရက်မှစ၍ ၆ လတစ်ကြိမ်ညီမျှသောအရေစကျနှုန်းနှင့် ၃၇ ကြိမ် ပြန်လည်ပေးဆပ်ရန် သဘော တူကြသည်။

စက်စမ်းသပ် လည်ပတ်မှုကို ၁၉၇၅ ခု နိုဝင်ဘာလ ၄ ရက်နေ့တွင် ဆောင်ရွက်ခဲ့သည်။ စက်ရုံ၏ ပုံမှန်ကုန်ထုတ်လုပ်မှုကို ၁၉၇၆ ခု အောက်တိုဘာလ ၃၀ ရက်နေ့မှစ၍ ဆောင်ရွက်နိုင်ခဲ့သည်။

စက်ရုံအတွက် ရင်းနှီးမြှုပ်နှံမှု ငွေကြေး ပမာဏမှာ စက်ရုံတည်ဆောက်ပြီးစီးသည့် ၁၉၇၆-၇၇ ခုနှစ်ထိနိုင်ငံခြားငွေကျပ် ၁၄၂.၈ သိန်းအပါအဝင်စုစုပေါင်း ငွေကျပ် ၃၂၈.၁၈ သိန်း ကုန်ကျခဲ့သည်။[၂]

မြန်မာနိုင်ငံအဘွင်းတွင် သဘာဝ ဓာတ်ငွေ့များ လုံလုံလောက်လောက် ထွက်ရှိနေသည်ဖြစ် သောကြောင့် သစ်ပင်များ လိုအပ်သော ဓာတ်တစ်မျိုးဖြစ်သည့် နိုက်ထရိုဂျင် ဓာတ်ကို ထုတ် လုပ်ပေးနိုင်မည့် အခြေအနေရှိသဖြင့် ချောက်မိုလာရေနံမြေရှိ ဓာတ်ငွေ့တွင်းများကို အခြေခံ ကာ အပင်အရွက်တို့ကို အင်အားဖြစ်စေသည့် နိုက်ထရိုဂျင်ဓာတ်အမျှားဆုံး ၄၆ ရာခိုင်နှုန်း ပါဝင်သော ယူရီးယားခေါ် ပုလဲဓာတ်မြေဩဇာ ထုတ်လုပ်ပေးရန် ရည်ရွယ်၍ **စလေမြို့တွင် ဓာတ်မြေဩဇာစက်ရုံ** တစ်ရုံတည်ဆောက်ရန် စီစဉ်ခဲ့သည်။[၃]

မြန်မာနိုင်ငံသည် အဓိကအားဖြင့် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် အားလျော်စွာ နိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးပေါ် တွင် မူတည်နေပေသည်။ နှစ်စဉ် တိုးတက်လာသောလူဦးရေ အတွက် စားသုံးမှုလုံလောက်စေရန်လည်းကောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန်ဆန်စပါး အပါအဝင် စီမံကိန်း သီးနှံ အမျိုးမျိုးကိုလည်းကောင်း အထွက်ဘိုးစေရန် လိုအပ်သို့ အရည် အသွေး အဆင့်မြင့်စေရန်လည်း လိုအပ်သည်။ ဤဘွင် ခေတ်မီ နည်းစနစ်များဖြင့် ထွန်ယက် ခြင်း၊ ဓာတ်မြေဩဇာများ သုံးစွဲနိုင်ခြင်းမှာ အထူးအရေးကြီးလာပေသည်။ ထိုကြောင့်ပြည်တွင်း

၁။ ပန်းကန်စက်ရုံ အမှတ်(၂) သာယာဝတီ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၅၀
၂။ ပန်းကန်စက်ရုံ အမှတ်(၂) သာယာဝတီ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၇၇
၃။ ပန်းကန်စက်ရုံ အမှတ်(၂) သာယာဝတီ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၄၆
၄။ စက်မှုဝန်ကြီးဌာန သမိုင်း အကျဉ်းချုပ်၊ အတွဲ-၂၊ စာ ၉၈

ဦးပေါပေါမျှားများ ရှိသော်လည်း အလ ဟဿ ဖြစ်နေသော သဘာဝ ဓာတ်ငွေ့များကို အကျိုး ရှိစွာ အသုံးပြုရှိခဲ့တာမြေ ဩဇာ စက်ရုံ တည်ဆောက်ရန် စီမံကိန်းကို တော်လှန်ရေးကောင်စီ အစိုးရက ဦးစားပေး အဆင့်သတ်မှတ်၍ လုပ်ဆောင်ခြင်း ဖြစ်သည်။

စက်ရုံကို စလေမြို့အနီး သဘာဝဓာတ်ငွေထွက်ရှိရာ မိုလာဒေသနှင့် ဂ မိုင်ခွဲခန့်အကွာ ရောဝတီမြစ်နှင့် ၄ ဖာလုံကွာဝေးသည့် မြေရိုယာ ၃၃ ကေရှိနေရာတွင် တည်ဆောက်ရန်ရွေးချယ် ခဲ့သည်။ စက်ရုံ တည်ဆောက်ခြင်းကို စက်မှုလက်မှု တိုးချဲ့ လုပ်ကိုင်ရေး ကော်ပိုရေးရှင်းက တာဝန်ယူသည်။ ပြည်သူ့လုပ်ငန်း ကော်ပိုရေးရှင်း၊ ပြည်သူ့ရေနံလုပ်ငန်း၊ လျှပ်စစ်ဓာတ်အား ပေးရေး ဘုတ်အဖဲ့တို့က ပူးပေါင်းဆောင်ရွက်က ၁စီမံကိန်းကိုအကောင်အထည်ဖော်ကြသည်။[၁]

စက်ရုံအတွက်စက်ပစ္စည်းများ ပေးသွင်းရေးစာချုပ်ကို စတလကနှင့် ဂျပန်နိုင်ငံ ဟီတာချိ သင်္ဘောတည်ဆောက်ရေးနှင့် အင်ဂျင်နီယာရင်း ကုမ္ပဏီလီမိတက်တို့ ၁၉၆၆ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် လက်မှတ်ရေးထိုးစာချုပ် ချုပ်ဆိုသည်။ စာချုပ်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၃.၆၃ သိန်းနှင့် ကျမ်းကျင်မှု ငှားရမ်းရေးအတွက် မြန်မာငွေကျပ် ၁.၄၁ သိန်းခန့် ဖြစ်သည်။

စာချုပ်အရ စက်စွမ်းအားမှာ တစ်နေ့ ၂၄ နာရီလျှင် ပုလဲခတ်မြေဩဇာ ၂၀၅ တန် ထုတ်လုပ်ပေးနိုင်သော စက်ဖြစ်သည်။ စက်ရုံ တည်ဆောက်မှုကို ၁၉၆၇ ခုနှစ် ဇန်နဝါရီလမှ စတင်အကောင်အထည် ဖော်ခဲ့ရာ ၁၉၇၀ ပြည့်နှစ် ဇွန်လတွင် ပြီးစီးခဲ့ပြီး ထိုနှစ်တွင်ပင်ကုန်ထုတ် လုပ်မှုကို စတင်ခဲ့သည်။ စက်ရုံ တည်ဆောက်ရာတွင်ကုန်ကျသည့် ရင်းနှီးမြှုပ်နှံမှုငွေကြေး ပမာဏမှာ နိုင်ငံခြားငွေ ကျပ် ၆၅၅.၀၂ သိန်း အပါအဝင် စုစုပေါင်းငွေကျပ် ၁၀၅၂.၂၄ သိန်း ဖြစ်သည်။ စက်ရုံတွင် ကာယ ဥာဏ လုပ်သားပေါင်း ၇၇၁ ဦး ခန့်ထားခဲ့သည်။

စက်ရုံ၏နှစ်စဉ် ပုလဲခတ်မြေဩဇာ ထုတ်လုပ်မှု ပမာဏမှာ အောက်ပါအတိုင်းဖြစ်သည်။[၂]

ခုနှစ်			ကုန်ထုတ်လုပ်မှုပမာဏ (မက်ထရစ်တန်)
၁၉၇၀-၇၁	....	....	၃၅၀၀၀.၂၅
၁၉၇၁-၇၂	....	....	၄၈၁ ၇၇.၂၆
၁၉၇၂-၇၃	....	....	၆၀၁၂၂.၃၂

၁။ စက်မှုဝန်ကြီးဌာန သမိုင်းအကျဉ်းချုပ်၊ အတွဲ- ၂၊ စာ ၉၈
၂။ စက်မှုဝန်ကြီးဌာန သမိုင်းအကျဉ်းချုပ်၊ အတွဲ- ၂၊ စာ ၁၀၇
၃။ စက်မှုဝန်ကြီးဌာန သမိုင်းအကျဉ်းချုပ်၊ အတွဲ- ၂၊ စာ ၁၀၄

ကုန်ထုတ်လုပ်ရန် အဓိကကုန်ကြမ်းကို စက်ရုံနှင့် ၈ မိုင်ကွာ ချောက် မိုလာ ရေနံမြေမှရသဖြင့် ကုန်ကြမ်းအတွက် အခက်အခဲမရှိချေ။ ရေကို ဧရာဝတီမြစ်မှ စုပ်ယူပြီး သတ္တုဓာတ်များသန့်စင်စေရန် ရေနွေးငွေထုတ်လုပ်သည့်စက်ဖြင့် ထုတ်လုပ်အသုံးပြုသည်။ ဧက ၃၃ ကျယ်ဝန်းသော စက်ရုံဝင်းအတွင်း၌ရေစစ်စက်ရုံ၊ အိတ်လုပ်စက်ရုံ၊ အာမိုးနီးယားနှင့် ယူရီးယား စက်ရုံများရှိသည်။ စက်ရုံ၏ကုန်ထုတ်စွမ်းအားသည် ရေအားလျှပ်စစ်ဓာတ် ပေးသွင်းမှုပေါ်တွင် တည်နေသည်။ လျှပ်စစ်ဓာတ်အား တစ်မိနစ်ပြတ်လျှင် ကုန်ထုတ်မှု ၈ နာရီခန့် ရပ်ဆိုင်းသွားသည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှု မကျဆင်းစေရန်နှင့် စက်ပစ္စည်းများ အထူးသဖြင့် Burner မီးမင်္ဂြိမ်းစေရန် ၁၁ ကေဗွီဖြင့် အရန်ပါဝါ အသုံးပြုနိုင်စေရန်စီစဉ်ဆောင်ရွက်သည်။

အလားတူပင် ဓာတ်မြေသြဇာစက် တစ်လုံးကို ဧရာဝတီအနောက်ဘက်ကမ်းရှိ ပခုက္ကူခရိုင်အတွင်း ထပ်မံတည်ဆောက်ရန် စီစဉ်ခဲ့သည်။ အဆိုပါ **ဓာတ်မြေသြဇာစက်ရုံ (ကျွန်းချောင်း) စီမံကိန်း**ကို ၁၉၆၆-၆၇ ခုနှစ်မှအစပြု၍ တည်ဆောက်အကောင်အထည်ဖော်ရန် ကြိုးပမ်းခဲ့သည်။

စက်ရုံတည်နေရာကိုဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့မှ ၂၇ မိုင်ကွာဝေးသော နေရာကို ရွေးချယ်ခဲ့သည်။[၁] စက်ရုံတည်ဆောက် အကောင်အထည်ဖော်ရန်အတွက် စက်ပစ္စည်းပေးသွင်းရေး စာချုပ်ကို အနောက်ဂျာမနီနိုင်ငံ ပင့်(ခ်)ဘားမတ် (Pintch Bamag) ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးသည်။

စာချုပ်အရစက်စွမ်းအားမှာ တစ်နေ့ ၂၄ နာရီလျှင် ယူရီးယား ဓာတ်မြေသြဇာ ၂၀၇ မက်ထရစ်တန် ထုတ်လုပ်ပေးနိုင်သော စွမ်းအားရှိသည်။[၂] စက်ရုံကို ၁၉၆၆ ခုနှစ်တွင် စတင်တည်ဆောက် အကောင်အထည်ဖော်ရာတွင် အနောက်ဂျာမနီနိုင်ငံ ကျွမ်းကျင်သူ ပညာရှင်များ၊ မြန်မာအင်ဂျင်နီယာများ၊ ဆောက်လုပ်ရေး ကော်ပိုရေးရှင်းမှ ပညာရှင်များ၊ မြန်မာ့ရေနံ ကော်ပိုရေးရှင်းမှ ပညာရှင်များ ပူးပေါင်းဆောင်ရွက်ကြပြီး ၁၉၇၁ ခု ဇွန်လ ၃၀ ရက်နေ့တွင် တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးအောင်မြင်သည်။ စက်စမ်းသပ်လည်ပတ်မှုကို ၁၉၇၁ ခု ဇူလိုင်လ ၁ ရက်နေ့တွင် စတင်ဆောင်ရွက်ရာ ၁၉၇၂ ခု ဇန်နဝါရီလ ၁၅ ရက်နေ့တွင် အောင်မြင်စွာ ပြီးစီးခဲ့သည်။ ယင်းနေ့တွင်ပင် စက်ရုံကို ဂျာမန်များလက်မှ မြန်မာအင်ဂျင်နီယာများလက်သို့လွှဲအပ်မှုပြုလုပ်ပြီး ကုန်ထုတ်လုပ်မှုကို တစ်ဆက်တည်း ဆောင်ရွက်သည်။[၃]

၁။ **စက်မှုဝန်ကြီးဌာနသမိုင်း အကျဉ်းချုပ်၊ အတွဲ-၂၊** စာ ၁၃၄
၂။ **စက်မှုဝန်ကြီးဌာနသမိုင်း အကျဉ်းချုပ်၊ အတွဲ-၂၊** စာ ၁၃၉
၃။ **စက်မှုဝန်ကြီးဌာနသမိုင်း အကျဉ်းချုပ်၊ အတွဲ-၂၊** စာ ၁၃၁

စက်ရုံတည်ဆောက်ရာတွင် ရင်းနှီးမြှုပ်နှံခဲ့သည့် ငွေလုံးငွေရင်း အသုံးစရိတ်မှာ နိုင်ငံခြားငွေကျပ် ၇၀၄.၈၂ သိန်းအပါအဝင် စုစုပေါင်းငွေကျပ် ၁၂၇၃.၄၆ သိန်းဖြစ်သည်။ စက်ရုံတွင် ကာယဥာဏ အလုပ်ဆမားပေါင်း ၄၆၄ ဦး ခန့်ထားခဲ့သည်။[၁]

စက်ရုံ၏ ပုံမှန် ကုန်ထုတ်လုပ်မှုကို ၁၉၇၁-၇၂ ခုနှစ်မှစတင်ရာ ထိုနှစ်တွင် ဓာတ်မြေသြဇာ မက်ထရစ်တန်ချိန် ၃၀၇၁၈.၈၉ နှင့် ၁၉၇၂-၇၃ ခုနှစ်တွင် ဓာတ်မြေသြဇာ မက်ထရစ်တန်ချိန် ၄၇၈၇၈.၀၃ ထုတ်လုပ်ခဲ့သည်။ တန်ဖိုးအားဖြင့် ကျပ်ထောင်ပေါင်း ၁၁၈၄၉.၅၃ နှင့် ၁၈၇၁.၂.၁၇ ဖိုးရှိသည်။[၂]

စက်ရုံအတွက် ကုန်ကြမ်းဖြစ်သော သဘာဝဓာတ်ငွေနှင့် ရေတို့ကိုရယူရန် အခက်အခဲလုံးဝမရှိချေ။ လိုအပ်သော လျှပ်စစ်ဓာတ်အားကိုလည်း လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်းမှရသည်။ ဓာတုဗေဒ ပစ္စည်းများနှင့်ဓာတ်ပြောင်းအကူ ပစ္စည်းများနှင့် ပလာစ်တစ်ကုန်ကြမ်းများကို ပြည်ပမှ ဝယ်ယူရသည်။ စက်ရုံသည် အနောက်ဂျာမနီနိုင်ငံမှ ပစ္စည်းများကို ဝယ်ယူတည်ဆောက်သော စက်ရုံဖြစ်သည်။ စက်ပစ္စည်းနှင့် အရန်ပစ္စည်းများကို နှစ်စဉ် နိုင်ငံခြားသုံးငွေ သိန်း ၃၀ ဖိုးခန့် ဝယ်ယူ သုံးစွဲရသည်။

စက်ပစ္စည်းထုတ်လုပ်ရေး

တော်လှန်ရေးကောင်စီ အစိုးရ တက်ပြီးနောက် ၁၉၆၃-၆၄ ခုနှစ်တွင် ကာကွယ်ရေး ဝန်ကြီးဌာနအောက်ရှိပြည်သူသုံးပစ္စည်းထုတ်လုပ်မှု လုပ်ငန်းဌာန Home Utilities Division ကို စက်မှုလက်မှုဝန်ကြီးဌာနအောက်သို့ လွှဲပြောင်းပေးပြီး ပြည်တွင်း စက်မှုလုပ်ငန်းအမည်ဖြင့် ပြောင်းလဲဖွဲ့စည်း ဆောင်ရွက်သည်။ ထိုနောက် ၁၉၆၇ ခုနှစ်တွင် စက်မှုလက်မှု ဝန်ကြီးဌာန၏ တိုက်ရိုက်ကြီးကြပ်မှုအောက်တွင် ဖွဲ့စည်းသော အကြီးစားစက်မှုလုပ်ငန်းသို့ ထပ်ဆင့်လွှဲပြောင်းပေးခဲ့သည်။ အကြီးစား စက်မှုလုပ်ငန်းစုသည် အကြီးစားစက်ရုံအမှတ် (၁)၊ (၂)၊ (၃)၊ (၄) ဟူ၍ စက်ရုံစီမံကိန်း ၄ ခုကို အကောင်အထည်ပေါ် လည်ပတ်သည်အထိ တာဝန်ယူ ကြီးကြပ်စီမံ ခန့်ခွဲသည်။[၃]

၁။ စက်မှုဝန်ကြီးဌာနသမိုင်း အကျဉ်းချုပ်၊ အတွဲ-၂။ စာ ၁၃၉
၂။ စက်မှုဝန်ကြီးဌာနသမိုင်း အကျဉ်းချုပ်၊ အတွဲ-၂။ စာ ၁၃၅
၃။ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေစာတမ်း၊ စာ ၂၇

အကြီးစားစက်ရုံအမှတ် (၁) သည် ၁၉၆၀ ပြည့်နှစ် ပြည်သူသုံးပစ္စည်း ထုတ်လုပ်ရေးဌာန ထောင့်စွန်းစဉ်းစဉ်ကပင် သန္ဓေတည်ခဲ့ပြီး ၁၉၆၇ ခုနှစ်တွင် အမှတ် (၁) စက်ခွံဟူ၍ သီးခြား ထည်ဖိုလာသည်။ ၎င်းစက်ရုံသည် ရန်ကုန်မြို့တွင်တည်ရှိသည်။ အကြီးစားစက်မှုလုပ်ငန်း ဆော်ပိုရေးရှင်း လက်အောက်ရှိ စက်ရုံများ၏ အမြူတေဖြစ်သည်။ အမှတ်(၁) စက်ရုံ စတင်သီးခြား ပေါ်ပေါက်လာသည့်အချိန် ၁၉၆၂ ခုနှစ်တွင် စက်ရုံ၏ မတည်ရင်းနှီးငွေမှာ ကျပ် ၁၇၈၃၂၄ သိန်းဖြစ်ပြီး တစ်စတစ်စ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခဲ့သဖြင့် ၁၉၇၃ ခုနှစ်တွင် ကျပ် ၁၉၄၈၅၆၀၀ ဖြစ်လာသည်။ စက်ရုံကို ၁၉၆၇-၆၈ ခုနှစ်တွင် အရပ်သားနှင့် တပ်မတော်သား အင်အား ၂၀၂၄ ဖြင့် စတင်ခဲ့ရာ ၁၉၇၂-၇၃ ခုနှစ်တွင် လုပ်သားအင်အား ၃၇၂၅ ယောက်ရှိသည်။[၁]

အမှတ် (၁) စက်ရုံသည် ပြည်သူလူထုအတွက် အမှန်လိုအပ်သည့် လူသုံးကုန် ပစ္စည်းများနှင့် ယာဉ်များကို ထုတ်လုပ်ပေးသော စက်ရုံဖြစ်သည်။ ၎င်းပစ္စည်းများသည် ယခင်က နိုင်ငံခြားမှ မှာယူခဲ့ရသည့် ပစ္စည်းများဖြစ်သည့်အလျောက် နိုင်ငံခြားသုံးငွေ ယိုဖိတ်မှုကို တစ်တပ်တစ်အား ကာကွယ်ပေးနိုင်ခဲ့သည်။ စက်ရုံ စတင် ပေါ်ပေါက်လာသည့် အချိန်မှစ၍ တဖြည်းဖြည်း ထိုးခွဲထုတ်လုပ်လာခဲ့ရာ ၁၉၇၃ ခုနှစ်ထိ အောက်ပါစက်နှင့် စက်ပစ္စည်း ၁၆ မျိုးကို ထုတ်လုပ်ပေးနိုင်ခဲ့သည်။[၂]

၁။ Light Engineering Products.
၂။ Bicycles.
၃။ Electrical appliances.
၄။ Lamps.
၅။ Electronic product.
၆။ Hand Tools.
၇။ Cutlery.
၈။ Manufacturing Aids.

၁။ စက်မှုဝန်ကြီးဌာနသမိုင်း အကျဉ်းချုပ်၊ အတွဲ ၃၊ စာ ၂၃၂-၃၃
၂။ စက်မှုဝန်ကြီးဌာနသမိုင်း အကျဉ်းချုပ်၊ အတွဲ ၃၊ စာ ၂၃၃

၉။ Precision Products.

၁၀။ Light Constructional Machinery and Equipment.

၁၁။ Machine Tools.

၁၂။ Heavy Vehicles.

၁၃။ Dry cell Batterries.

၁၄။ Razor blades.

၁၅။ Precise Component Required for other factories.

၁၆။ Light Vehicles.

အလားတူပင် အမှတ် (၂) စက်ရုံကို မင်းလှမြို့နယ် မလွန်စခန်း၌ တည်ဆောက်အကောင်အထည်ဖော်ရန် မြန်မာနိုင်ငံနှင့် ချက်ကိုစလိုဗေးကီးယားပြည်၊ မိုလိုကော့ဖ်ကုမ္ပဏီတို့ ပူးပေါင်းလုပ်ကိုင်ရေး စာချုပ်ချုပ်ဆိုပြီး ၁၉၆၅ ခုနှစ်တွင် စတင်တည်ဆောက်သည်။ ၁၉၆၇ ခုနှစ်တွင် အမှတ် (၂) စက်ရုံဟူ၍ ပေါ်ပေါက်လာသည်။ စက်ရုံတည်ဆောက်ဆဲတွင် ကျပ် ၃၀၀၃၂၀၀ မတည်ရင်းနှီးခဲ့ရာ တစ်ဆင့်တစ်ဆင့် တိုးမြှင့်ရင်းနှီးခဲ့သဖြင့် ၁၉၇၃ ခုနှစ်တွင် ကျပ် ၉၉၂၇၃၀၀ ဖြစ်လာသည်။[၂]

အမှတ် (၂) စက်ရုံသည် ၁၉၆၇ ခုနှစ်မှစတင်၍ ကုန်ထုတ်လုပ်ခဲ့ရာ အောက်ဖော်ပြပါ လယ်ယာသုံး စက်ပစ္စည်းများကို ထုတ်လုပ်ပေးသည်။[၃]

၁။ Tractors.

၂။ Trailers.

၃။ Earth Moving Equipment.

၄။ Agricultural Implements mounted on Tractors.

၁။ စက်မှုဝန်ကြီးဌာနသမိုင်းအကျဉ်းချုပ်၊ အတွဲ ၃၊ စာ ၂၃၅

၂။ စက်မှုဝန်ကြီးဌာနသမိုင်းအကျဉ်းချုပ်၊ အတွဲ ၃၊ စာ ၂၃၆

အမှတ် (၂) စက်ရုံတွင် ၁၉၇၂-၇၃ ခုနှစ်ထိ တပ်မတော်သားများနှင့် အရပ်သားဝန်ထမ်းအားလုံး စုစုပေါင်း ၁၀၀၀ လုပ်ကိုင်လျက်ရှိသည်။[1] ဤစက်ရုံမှ လယ်ယာစိုက်ပျိုးရေး ခေတ်မီတိုးတက်စေရန် မရှိမဖြစ် လိုအပ်သော လယ်ထွန်စက်များကို အဓိကထား၍ ထုတ်လုပ်သည်။ သမားရိုးကျ လယ်ယာမှ စက်မှုလယ်ယာသို့ ဦးတည်လျက် အမှတ် (၂) စက်ခွဲမှ လိုအပ်သော စက်နှင့်စက်ပစ္စည်းများကို အောက်ပါအတိုင်း ထုတ်လုပ်ခဲ့သည်။[2]

မြေတူးမြေသယ်စက်နှင့် စက်ကိရိယာများ			ခုရေ
၁၉၆၆-၆၇	....	....	၁၀
၁၉၆၇-၆၈	....	....	၀၂၀
၁၉၆၈-၆၉	....	....	၉၆၄
၁၉၆၉-၇၀	....	....	၁၅၀၃
၁၉၇၀-၇၁	....	....	၈၀၀
၁၉၇၁-၇၂	....	....	၁၁၅၄
၁၉၇၂-၇၃	....	....	၁၃၂၀

ထွန်စက်စသော လယ်ယာသုံးစက်နှင့် စက်ကိရိယာများ			ခုရေ
၁၉၆၂-၆၃	....	....	၄၅၅
၁၉၆၃-၆၄	....	....	၁၆၀၀
၁၉၆၄-၆၅	....	....	၁၆၀၅
၁၉၆၅-၆၆	....	....	၁၆၆၀
၁၉၆၆-၆၇	....	....	၂၀၀၁
၁၉၆၇-၆၀	....	....	၃၅၅၀
၁၉၆၀-၆၉	....	....	၉၀၃၇
၁၉၆၉-၇၀	....	....	၆၂၆၀
၁၉၇၀-၇၁	....	....	၆၀၆၀
၁၉၇၁-၇၂	....	....	၅၁၀၇
၁၉၇၂-၇၃	....	....	၆၀၃၂

၁။ စက်မှုဝန်ကြီးဌာနသမိုင်းအကျဉ်းချုပ်၊ အတွဲ-၃၊ စာ ၂၃၆
၂။ စက်မှုဝန်ကြီးဌာနသမိုင်းအကျဉ်းချုပ်၊ အတွဲ-၃၊ စာ ၂၄၀

ထို့အတူ အမှတ် (၃) စက်ရုံကို ပြည်မြို့ ဆင်တဲစခန်းတွင် ၁၉၆၅ ခုနှစ်မှစတင်၍ ဂျာမန်ချေးငွေဖြင့် တည်ဆောက် အကောင်အထည်ဖော်ခဲ့ရာ ၁၉၆၇ ခုနှစ် တွင် ကုန်ထုတ်လုပ်မှုကို စတင်နိုင်ခဲ့သည်။ ထိုအပြင် ဂျပန်ပြည် ကုဘိုတာကုမ္ပဏီနှင့်လည်း စက်မှုပူးပေါင်းဆောင်ရွက်ရေး စာချုပ်အရ စက်မှုလယ်ယာသုံးပစ္စည်းများ ထုတ်လုပ်ရန်ကိုပါ စီစဉ်ဆောင်ရွက်သည်။ စီမံကိန်း စတင်သည့် ၁၉၆၃ ခုနှစ်တွင် မတည်ရင်းနှီးငွေကျပ် ၉.၇၃ သိန်းဖြင့် စတင်ရာ ၁၉၆၇ ခုနှစ် စက်ရုံ အကောင်အထည်ဖော်ပြီးသည့်အချိန်အထိ မတည်ရင်းနှီးငွေမှာ ကျပ် ၇၉.၀၀ သိန်းကုန်ကျသည်။ တစ်စဘစ်စတိုးတက်ရင်းနှီးမြှုပ်နှံခြင်းဖြင့် ၁၉၇၃ ခုနှစ်သို့ ရောက်သောအခါ မြှုပ်နှံရင်းနှီးငွေမှာ ၁၇၀.၆၇ သန်းထိ တိုးတက်သွားသည်။[၁]

အမှတ် (၃) စက်ရုံသည် လယ်ယာဝိုက်ပျိုးရေးလုပ်ငန်းတွင် အထူးအသုံးဝင်သော ရေစုပ်စက်များအပါအဝင် အောက်ပါစက်မှုဆိုင်ရာပစ္စည်း ၁၄ မျိုးကို ထုတ်လုပ်သည်။[၂]

၁။ Electric Motors.
၂။ Diesel Engines.
၃။ Mechanized Agricultural Products.
၄။ Agricultural Hand Tools.
၅။ Pesticide Equipment.
၆။ Ceiling Fan.
၇။ Light Agricultural Implements.
၈။ Electronic Products.
၉။ Electrical Measuring Equipment.
၁၀။ Electrical Fittings.
၁၁။ Torch Light and Dynamo Lamps.
၁၂။ Records.
၁၃။ Cast Iron Products.
၁၄။ Sanitary Fittings and Forged Products.

အမှတ်(၃)စက်ရုံတွင် ၁၉၇၂-၇၃ ခုအထိ တပ်မတော်သားများအပါအဝင် ဝန်ထမ်းပေါင်း ၁၄၄၈ ဦးခန့်ထားပြီးဖြစ်သည်။[၃]

၁။ စက်မှုဝန်ကြီးဌာနသမိုင်းအကျဉ်းချုပ်၊ အတွဲ ၃၊ စာ ၂၃၈
၂။ စက်မှုဝန်ကြီးဌာနသမိုင်းအကျဉ်းချုပ်၊ အတွဲ ၃၊ စာ ၂၃၈
၃။ စက်မှုဝန်ကြီးဌာနသမိုင်းအကျဉ်းချုပ်၊ အတွဲ ၃၊ စာ ၂၃၉

စက်နှင့်စက်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်သော စက်ရုံအမှတ် (၄) သည် ပန်းဘောင်းမြို့နယ်၊ ထုံးဘိုရွာတွင် တည်ရှိသည်။ ဂျပန်ပြည် တိုကျိုကုမ္ပဏီနှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေး စာချုပ်အရ ၁၉၇၀-၇၁ ခုနှစ်တွင် စတင်အကောင်အထည်ဖော်သော စက်ရုံဖြစ်သည်။ စက်ရုံဝိမ်ကိန်းကာလကို ၁၉၇၀-၇၁ ခုမှ ၁၉၇၄-၇၅ ခုနှစ်အထိ ၅ နှစ်သာာ်မှတ် တည်ဆောက်ခဲ့သည်။ ထိုဝိမ်ကိန်းအတွက် ရင်းနှီးမြှုပ်နှံငွေ ပမာဏမှာ နိုင်ငံခြားငွေကျပ် ၇၂-၁၄ သန်း အပါအဝင် စုစုပေါင်းငွေကျပ် ၁၁၉-၆၁ သန်းဖြစ်၏။ စက်ရုံတည်ဆောက်ပြီးစီးသည့်အခါတွင် အပေါ့စား ယာဉ်အမျိုးမျိုးနှင့် အိမ်သုံးလျှပ်စစ်နှင့် လျှပ်စစ်ပစ္စည်းများထုတ်လုပ်ရန် ရည်ရွယ်သည်။ စက်ရုံ စတင်အကောင်အထည်ဖော်သည့်အချိန်မှ ၁၉၇၂-၇၃ ခုအထိ ခန့်ထားပြီး ဝန်ထမ်းဦးရေမှာ တပ်မတော်သားများအပါအဝင် ၃၆၅ ဦးရှိသည်။

ဤသို့ဖြင့် တော်လှန်ရေးကောင်စီအဦးရုတက်စ ၁၉၆၂ ခုနှစ်မှအစပြု၍ ၁၉၇၂ ခု မတ်လ ၁၆ ရက်နေ့ စနစ်သစ် အုပ်ချုပ်ရေးမတိုင်မီအထိ ၁၀ နှစ်တာ ကာလအတွင်း နိုင်ငံအတွက် အထူးလိုအပ်သည့် စက်ရုံစိမ်ကိန်းသစ်များကို နိုင်ငံပိုင် ငွေဖြင့်လည်းကောင်း၊ ပြည်ပနိုင်ငံများ၏ ဆောက်ပံ့ငွေများ၊ နှစ်ရှ ည် ချေးငွေများဖြင့်လည်းကောင်း အသီးသီး တည်ဆောက် အကောင်အထည်ဖော်ခဲ့သည်။ တည်ဆောက် အကောင်အထည်ဖော်ခဲ့သည့် စက်ရုံသစ်များမှာ အထည်အလိပ်ဆိုင်ရာ စက်ရုံသစ်များ၊ စားသောက်ကုန်ဆိုင်ရာ စက်ရုံသစ်များနှင့် သုံးကုန်ပစ္စည်း စက်ရုံသစ်များဖြစ်သည်။ စုစုပေါင်း စီမံကိန်းစက်ရုံသစ်ပေါင်း ၄၁ ရုံကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခဲ့သည်။

လျာထားသော အထည်အလိပ်ဆိုင်ရာ စက်ရုံသစ်ပေါင်း ၁၁ ရုံအနက် ၉ ရုံ၊ စားသောက်ကုန်ဆိုင်ရာ စက်ရုံသစ်ပေါင်း ၄ ရုံအနက် ၃ ရုံနှင့် လူသုံးပစ္စည်းစက်ရုံသစ်ပေါင်း ၂၆ ရုံအနက် ၁၅ ရုံတို့မှာ ၁၉၇၂ ခုနှစ် မတ်လမတိုင်မီကပင် ပုံမှန်ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်နိုင်ခဲ့ကြပြီး ဖြစ်သည်။ ကျန်စက်ရုံများဖြစ်သည့် ချည်မျှင်နှင့် အထည်စက်ရုံ (စစ်ကိုင်း)၊ ချည်မျှင်နှင့် အထည်အချောကိုင် စက်ရုံ (ပလိပ်)၊ ပြည်သူ့စီးကရက်စက်ရုံ(ပခုက္ကူ)၊ အရက်ပြန်နှင့် ပုလင်းသွင်းစက်ရုံ (ဇေယျဝတီ)၊ အုတ်စက်ရုံခဲ့အမှတ် (၃) စက်ရုံ (မှော်ဘီ)၊ (ဒညင်းကုန်း)၊ ကျောက် မြား စက် ရုံ (စကျင်)၊ ဘီ လပ် မြေ စက် ရုံ (ကြံခင်း)၊ ပန်းကန်စက်ရုံ (သာယာဝတီ)၊ စပါးလင်ဆီ မန်ကျည်းစေ့ အခဲချွတ်စက်ရုံနှင့် အကြီးစား စက်မှုလုပ်ငန်း စက်ရုံအမှတ် (၄) တို့မှာ ၁၉၇၂ ခု မတ်လ နောက်ပိုင်းတွင်မှ ပုံမှန်ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။

၁။ စက်မှုဝန်ကြီးဌာနသမိုင်း အကျဉ်းချုပ်၊ အတွဲ-၃၊ စာ ၂၄၁-၄၃



ပုံ (၁) စဉ်ချက်စက်ရုံ (သန်လျပ်) ၏
ကုန်ထုတ်လုပ်မှု ဆောင်ရွက်နေပုံ



ပုံ (၂) လူသုံးကုန်ပစ္စည်းစက်ရုံ (သုဝဏ္ဏ) ၏
ကုန်ထုတ်လုပ်မှု ဆောင်ရွက်နေပုံ



ပုံ (၂) မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (ကြို့ကုန်း) ၏
ကုန်ထုတ်လုပ်မှု ဆောင်ရွက်နေပုံ

အခန်း ၄

စက်မှုပုံပိုးကဏ္ဍကြီးများ

လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

တော်လှန်ရေးကောင်စီ အစိုးရမတက်မီ စက်မှုလက်မှု ဌာနအောက်တွင် ရှိပြီးဖြစ်သော အဖွဲ့အစည်းတစ်ခုမှာ စက်မှုကဏ္ဍအတွက် မရှိမဖြစ်သော လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ပင်ဖြစ်သည်။

လျှပ်စစ်ဓာတ်အားသည် ကုန်ထုတ်စွမ်းအား တိုးတက်ရေး၊ လူနေမှု အဆင့်အတန်း မြှင့်မားရေး၊ မြို့ရွာလုံခြုံရေး၊ သာယာဝပြောရေးနှင့် စီးပွားဖွံ့ဖြိုး တိုးတက်ရေးများတွင် အထူးအရေးကြီးသော ကဏ္ဍမှ ပါဝင်သည်။ စက်ရုံအလုပ်ရုံများ တွင်ကျယ်စွာ လည်ပတ် ထုတ်လုပ်နိုင်ရန် လျှပ်စစ်ဓာတ်အားကို အဖိုးနှုန်းချိသာစွာနှင့် ပြည့်ပြည့်ဝဝ လွယ်လွယ်ကူကူ ရရှိရန် အရေးကြီးပေသည်။ စက်မှုလက်မှုလုပ်ငန်းများ တိုးတက်များပြား ကြီးထွားရေးသည် လျှပ်စစ်ဓာတ်အား ရရှိရေးအပေါ် တွင် များစွာမူတည်နေသည်။ ထို့ကြောင့် နိုင်ငံအတွင်း ပြည်သုံပိုင်နှင့် ပုဂ္ဂလိကစက်ရုံ အလုပ်ရုံများ တွင်ကျယ်စွာ ထုတ်လုပ်နိုင်ရန် လျှပ်စစ် ဓာတ်အားပေးရေး အဖွဲ့က ရေအား၊ ရေနွေးငွေ့အား၊ ဒီဇယ်အားတို့ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးသည်။ ရေအားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းသည် စျေးနှုန်းအချိသာဆုံး ဖြစ်၏။ ထို့ကြောင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအဖွဲ့သည် ရေအားလျှပ်စစ်ဓာတ် ထုတ်လုပ် ရေးစက်ရုံများကို တိုးချဲ့တည်ဆောက်သည်။ စက်ရုံအလုပ်ရုံကြီးငယ်များ တည်ရှိရာဒေသများ တွင် လျှပ်စစ်ဓာတ်အားစက်ရုံများ လိုအပ်သလိုတည်ဆောက်၍ လျှပ်စစ်ဓာတ်အား ပို့ဆောင် ရေးလိုင်းများ လိုအပ်ချက်နှင့်အညီ တိုးချဲ့သွယ်ဘန်းခဲ့သည်။

တော်လှန်ရေးကောင်စီ တက်လာသော ၁၉၆၁-၆၂ ခုနှစ်က တပ်ဆင်ပြီးရှိသော စက်အင်အားမှာ ၁၉၁၀၀၁ ကီလိုဝပ်ဖြင့်၏။ ထုတ်လုပ်နိုင်သည့် ဓာတ်အားမှာ ကီလိုဝပ်နာရီ သန်းပေါင်း ၃၂၄.၀၇ ဖြစ်သည်။ ၎င်းတို့အနက် စက်မှုလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၇၂.၈၄ နှင့် အိမ်ဘွင်းလုပ်ငန်းငယ်များအတွက် ကီလိုဝပ်နာရီ သန်းပေါင်း ၅၆.၃၅ ရောင်းချခဲ့သည်။ ထိုစဉ်က စက်မှုလက်မှု လုပ်ငန်းများအတွက် ရောင်းချ လျှပ်စစ်ဓာတ်အင်အား တိုးဘက်နှန်းသည် မီးထွန်းရန်ရောင်းရသောအင်အား တိုးဘက်နှုန်း လောက် မများသေးချေ။[၁]

တော်လှန်ရေးကောင်စီ တက်စက ရေအားဖြင့်လျှပ်စစ်ဓာတ် ထုတ်လုပ်သော စက် ၅ လုံး ရှိသည်။ ထိုစက် ၅ လုံး၏ ထုတ်လုပ်စွမ်းအားမှာ ၈၄.၄၅ မဂ္ဂဝပ်ဖြစ်၏။ ရေနွေးငွေအားဖြင့် ထုတ်သော စက် ၅ လုံးသည် ၂.၇၅ မဂ္ဂဝပ် ထုတ်လုပ်နိုင်သည်။ ဒီဇယ်အားဖြင့် လျှပ်စစ်ဓာတ် ထုတ်လုပ်သောစက် ၄၈၅ လုံးသည် ၄၁.၇၅ မဂ္ဂဝပ် ထုတ်လုပ်နိုင်စွမ်းရှိသည်။ ရေအား လျှပ်စစ်ဓာတ် ထုတ်လုပ်ရေးကို တိုးချဲ့ရန် ၁၉၆၅-၆၆ ခုနှစ်ဘွင် မိုးကြိုရေကာတာကိုဘည်ဆောက်၍ စက် ၃ လုံးတပ်ဆင်ခဲ့ရာ လောပီဘမှ ဓာတ်အား ၁၆၈ မဂ္ဂဝပ် ထုတ်လုပ်နိုင်လာသည်။ စက်မှုလက်မှုလုပ်ငန်းများ တိုးတက် များပြားလာသည်နှင့်အမျှ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် တော်လှန်ရေးကောင်စီ အစိုးရလက်ထက် လျှပ်စစ်ဓာတ်အားပေးစက်ခုမျှား တိုးချဲ့ဆောက်လုပ်ခဲ့သည်။ ၁၉၆၁-၆၂ ခုနှစ်ဘွင် စက်ပေါင်း ၄၉၅ လုံးရှိခဲ့ရာမှ ၁၉၇၁-၇၂ ခုနှစ်ဘွင် စက်ပေါင်း ၅၉၈ လုံးအထိ တိုးတက်လာသည်။ ထိုသို့တိုးချဲ့ဆောက်လုပ်ယောရေအား၊ ရေနွေးငွေအား၊ ဒီဇယ်အား လျှပ်စစ်ဓာတ်အားပေး စက်ရုံများ၏ စုစုပေါင်းအင်အားမှာ ၁၉၆၂ ခုနှစ်က ကီလိုဝပ် ၁၀၉၄၀၁ ရှိ၏။ ၁၉၇၂ ခုနှစ်ဘွင် စုစုပေါင်း ကီလိုဝပ်အင်အား ၁၉၆၁၅ ဖြစ်ရာ ကီလိုဝပ်အင်အား ၆၉၂၀ တိုးတက်လာကြောင်း တွေ့ရသည်။[၂]

ကယားပြည်နယ်ရှိ ဘီလူးချောင်း ရေဝီးနှုန်း မမှန်ကန်မကြောင့် နွေရာသီဘွင် ရေအလွန်နည်းပါးလာရာ လောပိတရှိ တည်ဆောက်ပြီး ၂၁၁၁၀ ကီလိုဝပ်ဝီရှိ စက် ၃ လုံး၏ စုစုပေါင်းအင်အား ၅၄၀၀၀ ကို ယခင်က နွေရာသီဘွင် အပြည့်အဝ မောင်းနှင်နိုင်ခြင်း မရှိခဲ့ချေ။ ရန်ကုန်မြို့ရှိ ၄၀၀၀၀ ကီလိုဝပ်အင်အားရှိ အလုံခာတ်အားပေးစက်ခွဲနှင့် ၂၁၀၀၀ ကီလိုဝ်

၁။ ရသုံးပုန်းခြေ ဒွေစာရင်း၊ ၁၉၆၃-၆၄၊ စာ ၁၄
၂။ ရသုံးပုန်းခြေ ဒွေစာရင်း၊ ၁၉၆၅-၆၆၊ စာ ၃၆
၃။ စက်မှုဝန်ကြီးဌာနသမိုင်း အကျဉ်းချုပ်(၁)၊ စာ ၈၀၊ ၈၅

အင်အားရှိ ရွာမဓာတ်အားပေး စက်ရုံဘို့မှ ရေနွေးငွေ့ ဓာတ်အားပေးစက်များဖြင့် လောပီဘမှ လျှော့နည်းသွားသည့် ရေအားလျှပ်စစ်ကို ဖြည့်တင်းထုတ်လုပ်ပေးသည်။[၁]

ထို့ပြင် ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ စက်မှုလုပ်ငန်းများသို့ ဓာတ်အားဖြန့်ဖြူးပေးရန်အတွက် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းမှဧရာဝတီမြစ်ကို ဖြတ်ကျော်လျက် ပြည်မှဆင်တဲသို့လည်းကောင်း၊ ချောက်မှ အရာတော်သို့လည်းကောင်း၊ အောင်လံမှ သရက်သို့လည်းကောင်း မြေအောက်ဓာတ်လိုင်းများ တည်ဆောက်ခဲ့သည်။ ဤသို့ဖြင့် ဧရာဝတီအနောက်ကမ်းရှိ စက်မှုလုပ်ငန်းများ တိုးဘက်အောင်မြင်စွာထုတ်လုပ်နိုင်ရန် အထောက်အကူပြုသည်။ ပံ့ပိုးပေးသည်။

တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် မြန်မာပြည်အလယ်ပိုင်းရှိ စက်မှုလုပ်ငန်းများသို့ ဓာတ်အား အလုံအလောက် ဖြန့်ဖြူးပေးနိုင်ရန်လည်း လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က ဆောင်ရွက်သည်။ ကျွန်းချောင်းနှင့် မြန်အောင်မြို့များတွင် ၅၄၃၁၁ နှင့် ၄၉၂၁၀ ကီလိုပပ်စီရှိ သဘာဝဓာတ်ငွေ့အားပေးစက်များကို တည်ဆောက်ရန် စီစဉ်မှုများ ပြုလုပ်သည်။ လောပီဘမှ သာစည်သို့ ၁၃၂ ကေဗွီ ဒုတိယပတ်လမ်းကိုလည်းကောင်း၊ ပခုက္ကူမှ ကျွန်းချောင်းသို့ ၆၆ ကေဗွီဓာတ်အားလိုင်းကိုလည်းကောင်း စတင်တိုးချဲ့တည်ဆောက်သည်။

ထုတ်လုပ်လိုက်သော ဓာတ်အားများကို တိုးချဲ့ပို့လွှတ်ရန်နှင့် ဖြန့်ဖြူးပေးရန်တို့အတွက် ကေဗွီအေ ၆၁၀၁၁ ရှိ ၂၃၁ ကေဗွီဓာတ်အားခွဲရုံကို ၁၉၆၁ ပြည့်နှစ်၌ လှော်ကားတွင်လည်းကောင်း၊ ၁၉၆၇ ခုနှစ်မှ ၁၉၇၂ ခုနှစ်အတွင်း ကေဗွီအေ ၃၃၁၁၁၁ ရှိ ၂၃၁ ကေဗွီဓာတ်အားခွဲရုံကို ဘောင်ငူမြို့၌လည်းကောင်း၊ ကေဗွီအေ ၁၅၁၁၁ ရှိ ၁၃၂ ကေဗွီဓာတ်အားခွဲရုံကို သာစည်မြို့တွင်လည်းကောင်း၊ ကေဗွီအေ ၁၈၁၁၁ ရှိသည့် ၁၃၂ ကေဗွီဓာတ်အားခွဲရုံကို မန္တလေးမြို့တွင်လည်းကောင်း၊ ကေဗွီအေ ၄၁၁၁၁ ရှိသည့် ကေဗွီဓာတ်အားခွဲရုံကို ချောက်မြို့တွင်လည်းကောင်း တည်ဆောက်ခြင်းဖြင့် စက်မှုလုပ်ငန်း ကြီးငယ်များကို ပံ့ပိုးထောက်ကူခဲ့သည်။

ထို့ပြင် တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် စက်မှုလုပ်ငန်းများ တိုးချဲ့တည်ဆောက်လျက်ရှိရာ ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရန် အထူးလိုအပ်ပေသည်။ ထို့ကြောင့်

၁။ စက်မှုဝန်ကြီးဌာနသမိုင်းအကျဉ်းချုပ်(၁)၊ စာ ၈၁
၂။ စက်မှုဝန်ကြီးဌာနသမိုင်းအကျဉ်းချုပ်(၁)၊ စာ ၈၂-၈၃

ဇောင်းတူ၊ ထမံသီ၊ သောက်ရေခပ် ရေအားလျှပ်စစ်စီမံကိန်းများမှ စုစုပေါင်း ကီလိုဝပ်အင်အား ၁၃၀၆၀၀၀ ထုတ်လုပ်နိုင်ရန်အတွက် Detailed Designs များနှင့် လည်မျိုး၊ ရဲရွာ၊ မုံး၊ ဘီးလင်း၊ မဏိပူ၊ ပြောင်လျှို ရေအားလျှပ်စစ် စီမံကိန်းများမှ စုစုပေါင်းကီလိုဝပ်အင်အား ၂၅၇၀၀၀၀ ထုတ်လုပ်နိုင်ရန်အတွက် Feasibility Report များတင်ပြနိုင်ရန် အချက်အလက်များကို လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က အားထုတ်လုပ်ဆောင်သည်။[၁]

တော်လှန်ရေးကောင်စီ အစိုးရ တက်ပြီးသည့်အချိန် ၁၉၆၃-၆၄ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဓာတ်အားသုံးစွဲခြင်းတို့တွင် ယမန်နှစ်များထက် ၃.၇၅ ရာခိုင်နှုန်းနှင့် ၃.၃၆ ရာခိုင်နှုန်းအသီးသီး တိုးမြှင့်နိုင်ခဲ့သည်။ အဆိုပါနှစ်အတွင်း ဓာတ်မီးဆက်သွယ်ပေးပြီး မြို့ပေါင်း ၃၁၇ မြို့နှင့် ရွာပေါင်း ၃၇၁ ရွာရှိသည့်အနက် ၈၈ မြို့နှင့် ၂၂၆ ရွာတို့မှာ ရေအားလျှပ်စစ်ဓာတ်အားပေးရေး နယ်မြေများဖြစ်ကြသည်။

လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ ဌာနကြီး သုံးခုဖြစ်ကြသော ရန်ကုန်တိုင်း လျှပ်စစ်စက်ဘက်ဌာနနှင့် ရေအားလျှပ်စစ်ဌာနတို့ရှိ ဓာတ်အားထုတ်လုပ်သော စက်များ၏ အင်အားပမာဏမှာ ၆၀ မဂ္ဂဝပ်၊ ၄၇ မဂ္ဂဝပ်နှင့် ၈၄ မဂ္ဂဝပ် အသီးသီးဖြစ်၍ စုစုပေါင်း ၁၉၁ မဂ္ဂဝပ်ဖြစ်သည်။[၂]

ရန်ကုန်တိုင်း လျှပ်စစ်ဓာတ်အား ပေးရေးဌာနမှ ၁၉၆၃-၆၄ ခုနှစ်အတွင်း ရန်ကုန်မြို့နှင့် အရန်မြို့များသို့ ပေးလွှတ်သော ဓာတ်အားယူနစ်မှာ သန်းပေါင်း ၂၄၀ ဖြစ်၍ ယခင်နှစ်ကထက် ၂.၄၈ ရာခိုင်နှုန်း တိုးမြှင့်ခဲ့သည်။ အဆိုပါယူနစ်များအနက် ယူနစ်သန်းပေါင်း ၅၂.၇၂ မှာ ရန်ကုန်တိုင်းအတွင်းရှိ ဓာတ်အားပေးစက်များမှ ထုတ်လုပ်၍ ယူနစ်သန်းပေါင်း ၁၈၇.၅၁ ကိုမူ ရေအားလျှပ်စစ်ဌာနမှ ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ဘီလူးချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖွင့်လှစ်ခဲ့သည့် ၁၉၆၀ ပြည့်နှစ်မှစတင်၍ ရေအား လျှပ်စစ်ဓာတ်အားကို ရန်ကုန်တိုင်းတွင်ဖြန့်ဖြူးနိုင်သဖြင့် ရေအားလျှပ်စစ် ဓာတ်အားကို ဝယ်ယူရခြင်းသည် နှစ်စဉ်နှစ်တိုင်းဆက်လက် တိုးမြှင့်လာသည်။ ရေအားလျှပ်စစ်ဓာတ်အား ဝယ်ယူခြင်းသည် ၁၉၅၉-၆၀ မှ

၁။ စက်မှုဝန်ကြီးဌာနသမိုင်းအကျဉ်းချုပ်၊ အတွဲ ၁၊ စာ ၈၃
၂။ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊ စာ ၆၁

၁၉၆၃-၆၄ အတွင်း ယူနစ်သန်းပေါင်း ၅၅.၉၉ မှ ယူနစ်သန်းပေါင်း ၁၁၇.၅၁ ထိ ဘိုးမြင့်လာခဲ့သည်။ အဆိုပါခေတ်အား ဝယ်ယူခြင်းမှာ ၁၉၆၂-၆၃ ခုနှစ်နှင့် ၁၉၆၃-၆၄ ခုနှစ်အတွင်း၌ ယူနစ်သန်းပေါင်း ၉.၀၄ ပိုမိုမြင့်မားလာ၍ ရာခိုင်နှုန်းအားဖြင့် ၅.၀၆ ရာခိုင်နှုန်း တိုးတက်လာ၏။ ယင်းကာလအတွင်း ရန်ကုန်တိုင်းဌာနရှိ စက်မျှးဖြင့်ထုတ်သည့် ခေတ်အားကို လျှော့နည်း၍ ထုတ်ခဲ့ရာ ၁၉၅၈-၅၉ ခုနှစ်တွင် ယူနစ်သန်းပေါင်း ၁၅၅.၄၈ ရှိရာမှ ၁၉၆၃-၆၄ ခုနှစ်တွင် ယူနစ်သန်းပေါင်း ၅၂.၄၉ သို့လျော့ကျသွားသည်။

ရန်ကုန်တိုင်း လျှပ်စစ်နှင့် စက်ဘက်ဌာနသည် ၁၉၆၃-၆၄ ခုနှစ်အတွင်း ယခင်နှစ်ကထက် ခေတ်အား ၅.၇၁ ရာခိုင်နှုန်း ပိုမိုပေးလှော်၏။ ရေအားလျှပ်စစ်ဌာနမှ ခေတ်အားယူနစ်သန်းပေါင်း ၄၉.၃၈ အပါအဝင် စုစုပေါင်း ယူနစ်သန်းပေါင်း ၁၀၄.၀ ကို ပေးလှော်ခဲ့သည်။ သာစည်၊ မန္တလေးနှင့် တောင်ငူ ခေတ်အားရုံမျှား ဆောက်လုပ်ပြီးဝိုးခဲ့သဖြင့် မြောက်ပိုင်းဒေသများသို့ ခေတ်အား ပိုမိုတွင်ကျယ်စွာ ပေးလှော်နိုင်ခဲ့သည်။ ထို့ကြောင့် ရန်ကုန်တိုင်း လျှပ်စစ်နှင့် စက်ဘက်ဌာနမှ ခေတ်အားထုတ်လုပ်ခြင်းကို ယူနစ်သန်းပေါင်း ၁၉.၅၈၊ ရာခိုင်နှုန်းအားဖြင့် ၃၅.၄၂ ရာခိုင်နှုန်းလျော့၍ ထုတ်လုပ်ပြီးနောက်၊ ရေအားလျှပ်စစ်ခေတ်အား ယူနစ်သန်းပေါင်း ၂၅.၂၀၊ ရာခိုင်နှုန်းအားဖြင့် ၁၀၄.၂၂ ရာခိုင်နှုန်း တိုးမြှင့်ဝယ်ယူ ပေးလှော်ခဲ့သည်။ ရပ်နားထားသော ဒီဇယ်စက်မျှးကို ခေတ်အားအမြင့်ဆုံးစံချိန်ကို ထိန်းရန်နှင့် ခေတ်အားပြတ်တောက်မှုကို ကာကွယ်ရန်အတွက် အရန်စက်မျှးအဖြစ် ထားသည်။

တော်လှန်ရေးကောင်စီ အာဏာရတက်လာပြီးနောက် တစ်နှစ်ဖြစ်သော ၁၉၆၃-၆၄ ခုနှစ်တွင် ရေအားလျှပ်စစ် ခေတ်အားပေးရေး အစီအစဉ်ကို ဆောင်ရွက်နိုင်ခဲ့သဖြင့် ၁၉၆၃ ခု ဒီဇင်ဘာလတွင် သာစည်နှင့် မန္တလေး ခေတ်အားခွဲရုံမျှားအပြင်၊ ၁၃၂ ကေဗွီ မြောက်ပိုင်း ခေတ်အားပေးလုပ်ငန်းကိုလည်း ဆောက်လုပ်ပြီးစီးသည်။ အမှတ် (၂) ဘီလူးချောင်း ခေတ်အားပေးရုံမှ ပေးလှော်သော လျှပ်စစ်ခေတ်အားကို အထက်ပါ ခေတ်အားခွဲရုံမျှားမှတစ်ဆင့် မန္တလေးမြို့နှင့်သာစည်မြို့မျှားသို့ ဖြန့်ဖြူးနိုင်သည်။ ထိုသို့ဖြင့် ၁၉၆၃-၆၄ ခု ဘက္ကာရေးနှစ်တွင် ရေအားလျှပ်စစ်ခေတ်အားသုံးစွဲရသော မြို့ပေါင်း ၈၈ မြို့နှင့် ရွာပေါင်း ၂၂၆ ရွာ ရှိလေသည်။

၁။ မြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊ စာ ၆၁

၎င်းပြင် ဒီဇယ်လျှပ်စစ်ဓာတ်အားပေးရေး အစီအစဉ်အနေဖြင့် ၁၉၆၃-၆၄ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း မီးလင်းခဲ့ပြီး မြို့ပေါင်းမှာ ၃၁၇ မြို့ရှိသည်။ အဆိုပါနှစ်အတွင်း ရေကြည်မြို့၌ စက်ရုံအရန်အဆောက်အအုံတစ်ခု ဆောက်လုပ်ခြင်း၊ ရုံးနှင့် စတိုအတွက် အဆောက်အအုံ ၃ ခု ဆောက်လုပ်ခြင်းအပြင်၊ မိုးကုတ်၊ အုတ်ဖိုနှင့် ပုသိမ်မြို့များ၌ ဓာတ်အားထုတ်လုပ်ရေးနှင့် ဆက်သွယ်လျက်ရှိသော အဆောက်အအုံ ၄ လုံး (စက်ရုံတိုးချဲ့ခြင်းနှင့် စက်ရေအအေးခံမျှော်စင်) တည်ဆောက်ခြင်းများ ပြီးစီးသည်။ ထို့ပြင် မြို့သစ်များ၌ တိုးတက်လျက်ရှိသော ဓာတ်အားသုံးစွဲမှုကို ကာမိစေရန် ၂၀ ကီလိုဝပ်စီရှိသော ဓာတ်အားပေးစက် ၈ လုံးကို ဝယ်ယူရန် အစီအစဉ်များ ပြုလုပ်သည်။ မန္တလေးနှင့် သာစည်မြို့နယ်များတွင် ပင်မရေအားလျှပ်စစ်ဓာတ်အားများ တည်ဆောက်ပြီးစီးခဲ့သည့်အပြင်၊ ၃၃ ကေဗွီ မြေအောက်ဓာတ်အားပေး ကြိုးများနှင့် မန္တလေးမြို့တွင် ဓာတ်အားခွဲရုံတစ်ခုတို့ကိုလည်းဆောက်လုပ်သည်။ အဆိုပါနှစ်အတွင်း ၁၂ မိုင်ရှည်သော ၁၁ ကေဗွီ ဓာတ်အားပေးလိုင်းများ ဆောက်လုပ်ပြီးစီးခဲ့သည့်အပြင် မိုင် ၂၀ ရှည်သော ၄၀ ဗို့ ဓာတ်အားကြိုးများကို လုံးဝတည်ဆောက်ပြီးစီးခဲ့သည်။ ပါဝါ လျှပ်စစ်မီတာ ၁၉၈၉၄ လုံးကိုလည်း ဝယ်ယူပြီးစီးခဲ့၍ လမ်းမီးအတွက် မာကျူရီ မီးလုံးပေါင်း ၉၂၅ ပွင့်ကို တပ်ဆင်ပြီးစီးသည်။

ရန်ကုန်မြို့နှင့် အရန်မြို့များဖြစ်သောတောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သာကေတ၊ သုဝဏ္ဏနှင့် အင်းစိန်မြို့များတို့မှ တိုးတက်သုံးစွဲလျက်ရှိသော ဓာတ်အားကို ကာမိစေရန် ၄၄၅၀ ကေဗွီအေ အင်အားရှိသည့် ဓာတ်အားခွဲရုံ ၁၆ ရုံကို ဆောက်လုပ်ပြီးစီးသည်။ ၎င်းဓာတ်အားခွဲရုံများသည် ဓာတ်အားပေးစက်ရုံမှ တိုက်ရိုက်ဓာတ်အားလက်ခံ၍ တစ်ဆင့်ဖြန့်ဖြူးရန် ဖြစ်သည်။ ထို့ပြင် သုံးစွဲသူများကို တိုက်ရိုက်ဖြန့်ဖြူးရန် ၄၀၅၀ ကေဗွီအေ အင်အားရှိသော ဓာတ်အားခွဲရုံ ၄ လုံးကိုလည်း ဆောက်လုပ်သည်။

ထိုသို့ လျှပ်စစ်ဓာတ်အားပေး စက်ရုံအမျိုးမျိုးကို တိုးချဲ့တည်ဆောက်၍ ဓာတ်အားသယ်ပို့ရေးလိုင်းများ တပ်ဆင်ခြင်း၊ ပြုပြင်ခြင်းများ၏ အဓိကရည်ရွယ်ချက်မှာ စက်ရုံအလုပ်ရုံများသို့ လျှပ်စစ်ဓာတ်အား လွယ်ကူစွာနှင့် အဖိုးနှုန်းချိုသာစွာ ဖြန့်ဖြူးပေးနိုင်ရန်ဖြစ်သည်။ တိုးချဲ့တည်ဆောက်တပ်ဆင်သော ရေအား၊ ရေနွေးငွေအား၊ ဒီဇယ်အား စက်အမျိုးမျိုးအနက် အများစုသည် လျှပ်စစ်ဓာတ်အားပေးအဖွဲ့ လက်တွင်ရှိ၍ အချိုမှာ အစိုးရလက်

၁။ စီးပွားရေး စစ်တမ်း၊ ၁၉၆၄၊ စာ ၁၆၀-၆၁

အောက်ခံ အခြားအဖွဲ့အစည်းများ၏ စက်များဖြစ်သည်။ ထိုအဖွဲ့အစည်း အမျိုးမျိုးရှိ စက်အမျိုးမျိုးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုသည် အောက်ပါအတိုင်းရှိသည်။[၁]

	လျှပ်စစ်ဓာတ်အားပေးအဖွဲ့			အစိုးရလက်အောက်ခံအခြားအဖွဲ့များ		
	ရေအား	ရေနွေးငွေ့	ဒီဇယ်	ရေအား	ရေနွေးငွေ့	ဒီဇယ်
၁၉၆၄-၆၅	၈၄.၄၅	၅၅.၀၀	၄၉.၄၇	၁၂.၁၀	၂၁.၁၀	၁၈.၆၂
၁၉၆၆-၆၇	၈၄.၄၅	၅၇.၇၅	၅၀.၅၀	၁၂.၁၀	၂၁.၁၀	၂၃.၅၀
၁၉၆၇-၆၈	၈၄.၄၅	၅၇.၇၅	၅၀.၈၅	၁၂.၁၀	၂၁.၁၀	၂၃.၆၅
၁၉၆၈-၆၉	၈၄.၄၅	၅၇.၇၅	၅၃.၈၅	၁၂.၁၀	၂၁.၁၀	၂၃.၆၅
၁၉၆၉-၇၀	၈၄.၄၅	၅၇.၇၅	၅၃.၈၀	၁၂.၁၀	၂၁.၁၀	၂၃.၆၅
၁၉၇၀-၇၁	၈၄.၄၅	၅၇.၇၅	၅၄.၃၂	၁၂.၁၀	၂၁.၁၀	၂၃.၆၅

အဖွဲ့အသီးသီး စက်အမျိုးမျိုးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုသည် ၁၉၆၄ ခုမှ ၁၉၇၁ ပြည့်နှစ်အထိနှစ်များအတွင်း မျှားစွာထူးခြား ပြောင်းလဲမှုမရှိခဲ့။ ရေအားလျှပ်စစ် ထုတ်လုပ်ရေးမှာ တစ်သမတ်တည်း ရှိနေသည်။ ရေနွေးငွေ့ဖြင့် ထုတ်လုပ်ခြင်းနှင့် ဒီဇယ်စက်ဖြင့် ထုတ်လုပ်ခြင်းတို့တွင် အနည်းငယ်ပို့လာကြောင်း တွေ့ရသည်။

ထိုသို့ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားသည် နိုင်ငံအတွင်း အိမ်သုံးနှင့် ကျောင်း၊ ဆေးရုံးလမ်း စသည်တို့အတွက်သာမက အဓိကအားဖြင့် စက်ရုံအလုပ်ရုံ ကြီးငယ်များအတွက် ပို့မိုအရေးကြီးပေသည်။ တော်လှန်ရေးကောင်စီ အစိုးရလက်ထက် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့မှ ထုတ်လုပ်ပေးသော လျှပ်စစ်ဓာတ်အားကို ပြည်သူပိုင်နှင့် ပုဂ္ဂလိက စက်ရုံအလုပ်ရုံ ကြီးငယ်များက အောက်ပါအတိုင်း အသုံးပြုခဲ့သည်။

စက်ရုံသုံး လျှပ်စစ်ဓာတ်အား ကိလိုဝပ် နာရီထောင်ပေါင်း [၂]

၁၉၆၁-၆၂	....	၉၇၆၀၀
၁၉၆၃-၆၄	....	၁၀၉၇၁၀
၁၉၆၄-၆၅	....	၁၂၁၃၂၀
၁၉၆၅-၆၆	....	၁၁၄၅၂၀

၁။ ရသုံးမှန်းခြေ ငွေစာရင်း၊ ၁၉၆၉-၇၀၊ စာ ၆၄-၆၅၊ ၁၉၇၁-၇၁၊ စာ ၆၈

၂။ ရသုံးမှန်းခြေ ငွေစာရင်း၊ ၁၉၆၉-၇၁၊ စာ ၆၄-၆၅၊ ၁၉၇၁-၇၁၊ စာ ၆၈-၇၉

စက်ရုံသုံးလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီထောင်ပေါင်း

၁၉၆၆-၆၇	....	၁၂၀၄၁၀
၁၉၆၇-၆၈	....	၁၃၂၇၅၀
၁၉၆၈-၆၉	....	၁၃၉၃၄၀
၁၉၆၉-၇၀	....	၁၅၆၇၉၀
၁၉၇၀-၇၁	....	၂၂၃၉၄၀

တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် စက်မှုလုပ်ငန်းသစ်များ တိုးတက်တည်ထောင်ခြင်း၊ ချဲ့ထွင်တည်ဆောက်ခြင်းတို့ကြောင့် စက်ရုံသုံး လျှပ်စစ်ဓာတ်အားပမာဏ တိုးတက်လာသည်။ စက်ရုံအလုပ်ရုံများ တိုးပွားများပြားလာသဖြင့် လျှပ်စစ်ဓာတ်အား သုံးစွဲရန်ပို၍ပို၍လိုလာသည်။ လျှပ်စစ်ဓာတ်အားပိုမိုထုတ်လုပ်ပေးနိုင်သဖြင့်လည်း ပြည်သူပိုင်နှင့် ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းကြီးငယ်များ ပိုမိုတိုးပွားတည်ဆောက်ကာ ကုန်ပစ္စည်း ထုတ်လုပ်နိုင်ခဲ့သည်။ စက်မှုလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးသည် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဆိုသကဲ့သို့ တစ်ခုနှင့် တစ်ခု အပြန်အလှန် ဆက်သွယ် အကျိုးပြုနေသည်။ တစ်ခုတိုးတက်မှုရှိမှ တစ်ခုလည်း တိုးတက်နိုင်မည်ဖြစ်သည်။ စက်မှုလုပ်ငန်းများ တည်ထောင်ရေးကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးခြင်းက ထောက်ကူပံ့ပိုးပေးသည်။ ထို့သို့ ထောက်ကူပံ့ပိုးရန် ကြိုးပမ်းရာမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကဏ္ဍတွင် ရေအားလျှပ်စစ်စက်များ၊ ရေနွေးငွေ့ လျှပ်စစ်စက်များ၊ ဒီဇယ်လျှပ်စစ်စက်များ အသစ်တည်ဆောက်ခြင်း၊ တပ်ဆင်ခြင်း၊ ထုတ်လုပ်ခြင်းများ တိုးတက်ကြီးထွားလာပေသည်။ ဤသို့ဖြင့် ခေတ်မီ တိုးတက်သော စက်မှုလက်မှု နိုင်ငံတော်သို့ ကူးပြောင်းရေးကို တစ်စတစ်စ ပုံဖော်နိုင်လာခဲ့ပေသည်။

ဓာတ်သတ္တု ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်း

မြန်မာနိုင်ငံတွင် ခေတ်မီ စက်မှုလက်မှု လုပ်ငန်းကြီးငယ်များ တည်ဆောက်အောင်မြင်ရေးကို လျှပ်စစ်ဓာတ်အား လွယ်ကူချိုသာစွာ ရနိုင်ရေးက ထောက်ကူပံ့ပိုးပေးသကဲ့သို့ ကျောက်မီးသွေး၊ လောင်စာဆီနှင့် သံကြေး စသော စက်မှုကုန်ကြမ်း ဓာတ်သတ္တုအမျိုးမျိုး ရရှိရေးကလည်း တစ်ခန်းတစ်ကဏ္ဍ ပါဝင်ထောက်ကူရန် အထူးလိုအပ်ပေသည်။ မြေပေါ်မြေအောက် သယံဇာတပစ္စည်း ကြွယ်ဝသော နိုင်ငံဖြစ်သော်လည်း ထိုပစ္စည်းများကို ရှာဖွေတူးဖော် သန့်စင်ပေးရန် သက်ဆိုင်ရာ စက်ကိရိယာများ၊ ပညာရှင်များ၏စွမ်းအားနှင့် လုပ်ရည်

ကိုင်ရည်သည်လည်းအရေးကြီးလှသည်။ ဆိုလိုအပ်ချက်များအတွက် နိုင်ငံခြားကို မှီခိုအားထား နေရသေးသမျှ နိုင်ငံတွင်း စက်မှလုပ်ငန်းကြီးငယ်များ တည်ထောင်ရေးသည် ရည်ရွယ်ချက်နှင့် အံဝင်ခွင်ကျမျှော်မှန်းချက်နှင့် အလှမ်းဝေးနေမည်ဖြစ်သည်။ ထို့ကြောင့် တော်လှန်ရေးကောင်စီ လက်ထက်တွင် စက်ရုံများ၏ အဓိကလိုအပ်ချက်ဖြစ်သော လောင်စာဆီ၊ ကျောက်မီးသွေး၊ သံကြေး ဓာတ်သတ္တုနှင့် စက်မှကုန်ကြမ်းများ ရှာဖွေတူးဖော်ရေးတို့ကို အားသွန်ကြိုးပမ်း ဆက်လက်လုပ်ဆောင်သည်။ နိုင်ငံခြားသား အရင်းရှင်များ ပိုင်ဆိုင်လုပ်ကိုင်နေသော ကုမ္ပဏီများ၊ လုပ်ငန်းများကိုလည်း လိုအပ်ချက်နှင့်အညီ ပြည်သူပိုင်သိမ်းယူခဲ့သည်။

သမာဓိရိုးကျ လယ်ယာခိုက်ပျိုးရေး နိုင်ငံဖြစ်သော မြန်မာနိုင်ငံကို စက်မှနိုင်ငံတော် တစ်ခုအဖြစ်သို့ မြှင့်တင်ပြောင်းလဲရန် ရည်မျော်ကြိုးပမ်းထုဆစ် စက်ရုံကြီးငယ်များ၊ လုပ်ငန်းများ အတွက် အဓိကလိုအပ်သော လောင်စာဆီ၊ ကျောက်မီးသွေး၊ လျှပ်စစ်ဓာတ်အား၊ သတ္တုဓာတ်ငွေ့နှင့် သံကြေး ဓာတ်သတ္တုအမျိုးမျိုးထုတ်လုပ်ရန် ဦးစားပေးဆောင်ရွက်ရန် လိုအပ်ပေသည်။ ထိုကိစ္စရပ်များ လုပ်ငန်းများကို နိုင်ငံတော် လွှတ်လပ်ရေးရပြီးသည်မှ စတင်ဆောင်ရွက်လာခဲ့သော ၁၉၆၂ ခု တော်လှန်ရေးကောင်စီ တက်လာသည့်အချိန်အထိအောင်မြင်သည်လည်းရှိ၍ လိုအပ်နေသေးသည်တို့လည်း ရှိပေသည်။ ဓာတ်သတ္တု ရှာဖွေတူးဖော်ရေးသည် နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားသုံးငွေ ရရှိစေသကဲ့သို့ ပြည်တွင်းစက်မှလုပ်ငန်းများအတွက် ပြည်ပကို အားကိုးမှီခိုရခြင်းမှ ကင်းစေသည်နှင့်အမျှ နိုင်ငံခြားသုံးငွေ ယိုပေါက်ကို ပိတ်ဆို့နိုင်မည်ဖြစ်သည်။ ထို့ကြောင့် တော်လှန်ရေးကောင်စီ အစိုးရသည် သမိုင်းပေးတာဝန်အရပ်ရပ်ကို အားသွန်ခွန်စိုက် ကြိုးပမ်းကာ အဘက်ဘက်မှ စီမံကိန်းများ ချထားလုပ်ဆောင်သည်။

တော်လှန်ရေးအစိုးရတက်သည့် ၁၉၆၂ ခုနှစ်တွင် ဓာတ်သတ္တု ပင်ရင်းအခြေအမြစ်များကို တိုးတက်အောင် ဆောင်ရွက်ရေး ကော်ပိုရေးရှင်း (ဓာတ်-ပင်-တိုး-ရှင်း)၊ မြန်မာနိုင်ငံ ဘူမိဗေဒဌာန၊ သတ္တုတွင်းနှင့် ပေါက်ကွဲဧဝတတ်သော ဝတ္ထုပစ္စည်းများ အုပ်ချုပ်ရေးဌာနတို့ကို ပူးပေါင်း၍ ရေနံဓာတ်နှင့် ဓာတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်းအဖြစ် ဖွဲ့စည်းသည်။ အစိုးရနှင့် ဖက်စပ်လုပ်ကိုင်နေသော မော်ချီမိုင်း (၁၉၅၇) လီမိတက်ကိုလည်း သတ္တုတူးဖော်ရေးရှင်းကို ဖျက်သိမ်း၍ ယင်းကော်ပိုရေးရှင်း လက်အောက်ခံ မော်ချီးသတ္တုတွင်း စီမံကိန်းအဖြစ် ထားရှိသည်။ အင်လိဘားမားတင်းကုမ္ပဏီ (၁၉၅၆) လီမိတက်၏ နိုင်ငံခြားသားပိုင်အရှယ်ယာများနှင့် ပစ္စည်းများကို ကျပ် ၇ သိန်းဖြင့် အပြီးအပိုင်ဝယ်ယူပြီး ကော်ပိုရေးရှင်း

လက်အောက်ခံ ဟိန်းဒါးသတ္တုတွင်း စီမံကိန်းအဖြစ် ၁၉၆၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ ဆောင်ရွက်ခဲ့သည်။[၁]

ရေနံနှင့် ဓာတ်သတ္တု ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်း၏ ၁၉၆၃-၆၄ ခုနှစ် အတွင်း လုပ်ငန်းများကို ဓာတ်သတ္တု စီမံထုတ်လုပ်ရေးဌာန၊ သတ္တုလုပ်ငန်း ကြီးကြပ်ရေး ဌာနနှင့် ဓာတ်သတ္တုနှင့် ဘူမိဗေဒ လေ့လာရေးဌာနတို့အား ခွဲဝေ၍စီမံဆောင်ရွက်ခဲ့သည်။ ဓာတ်သတ္တု စီမံထုတ်လုပ်ရေးဌာနအောက်တွင် စီမံကိန်း ၇ ခုနှင့် ရန်ကုန်ဓာတ်သတ္တုဆိုင်းဝယ်ရေးဌာနခွဲ တစ်ခုရှိသည်။

စီမံကိန်းတို့အနက် ရတနာပုံ သတ္တုတွင်း စီမံကိန်းမှ အဖြိုက်နက်သတ္တုနှင့် ခဲမဖြူသတ္တုများကို ယခင်နှစ်များကဲ့သို့ပင် ဆက်လက်ထုတ်လုပ်သည်။ ဤသတ္တုတွင်းမှ ၁၉၆၃ ခု အောက်တိုဘာလမှ ၁၉၆၄ ခု ဇူလိုင်လအထိ ထိုစဉ်ကပေါက်စျေးအရ ခန့်မှန်းခြေတန်ဖိုးကျပ် ၁.၁၃ သန်းရှိ အဖြိုက်နက် ၇၅.၅ တန်နှင့် ခဲမဖြူ ၆၈.၄၄ တန်ထွက်သည်။ ၁၉၆၃-၆၄ ခုနှစ်၊ တစ်နှစ်လုံး အတွင်း အဖြိုက်နက် သတ္တုတန်ချိန် ၁၀၀ ခန့်နှင့် ခဲမဖြူ သတ္တုတန်ချိန် ၉၀ ခန့်မျှ တူးဖော်ထုတ်လုပ်နိုင်ခဲ့သည်။[၂]

ကျောက်မီးသွေး တူးဖော်ထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍ ကလေးဝ ကျောက်မီးသွေး စီမံကိန်းကို အနောက်ဂျာမန်အစိုးရ ကျွမ်းကျင်မှု အကူအညီပေးရေး အစီအစဉ်မှ ရရှိထားသော ဂျာမန်အမျိုးသား ကျောက်မီးသွေး မန်နေဂျာတစ်ဦးနှင့် ဖိုမင်တစ်ဦးတို့သည် တိုင်းရင်းသား ပညာရှင်များနှင့် ပူးပေါင်း၍ ကျောက်မီးသွေးများ ထုတ်ယူနိုင်ရန် မြေပေါ်မြေအောက် ပြင်ဆင်မှုများကို ဆက်လက် ဆောင်ရွက်သည်။ ကျောက်မီးသွေးများ ထုတ်ယူ နိုင်ရန် အတွက် နိုင်ငံခြားမှ ကျောက်မီးသွေးတူးစက် (Ramplough) ကို ဝယ်ယူ တပ်ဆင်သည်။ လိုအပ်သော အခြားပစ္စည်း ကိရိယာများကိုလည်း ပြည်ပမှ မှာကြားဝယ်ယူသည်။ ကျောက်မီးသွေးများ ထုတ်ယူရန် မြေပေါ်မြေအောက်လုပ်ငန်းများ ဆောင်ရွက်ခဲ့အတွင်း တစ်နေ့လျှင် ကျောက်မီးသွေးတန်ချိန် ၂၀ မှ ၂၅ တန်အထိ ထုတ်လုပ်ရယူနိုင်ပြီး ၁၉၆၃ ခု အောက်တိုဘာလမှ ၁၉၆၄ ခု ဇူလိုင်လအထိ စုစုပေါင်းကျောက်မီးသွေးတန်ချိန် ၆၉၀၀ ထုတ်ယူနိုင်ခဲ့သည်။ ၎င်းကျောက်မီးသွေးများအနက် ၁၉၆၃ ခု အောက်တိုဘာလမှ ၁၉၆၄ ခု

၁။ တော်လှန်ရေးကောင်စီ လုပ်ဆောင်ချက်၊ စာ ၄၈၃

၂။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊ စာ ၁၅၆

ဇူလိုင်လကုန်အထိ တန်ချိန် ၂၅၀၀ ကို အစိုးရ အုတ်နှင့် အုတ်ကြွပ်စက်သို့လည်းကောင်း၊ တန်ချိန် ၁၀၀၀ ကို မီးရထားအဖွဲ့သို့လည်းကောင်း ပေးသွင်းရောင်းချရာ တန်ဖိုးငွေ ကျပ်၀.၂၈ သန်းခန့် ရရှိသည်။ ကလေး၀ ကျောက်မီးသွေး စီမံကိန်းမှ ၁၉၆၃-၆၄ ခုနှစ်အတွင်း ကျောက်မီးသွေး ၇၅၀၀ တန် ထုတ်ယူနိုင်ရန် ကြိုးပမ်းခဲ့သည်။[1]

ပင်းပက် သံသတ္တုတွင်း ထိန်းသိမ်းရေး စီမံကိန်းကို ယခင်က ရေနံနှင့် ဓာတ်သတ္တု ထုတ်လုပ်ရေး ကော်ပိုရေးရှင်းက ရွှေပြေး ဘူမိဗေဒလေ့လာမှုများ ပြုလုပ်ခဲ့သည်။ ၎င်းခေတ်ဆက်လက်ပြီး အနောက်ဂျာမနီအစိုးရ အကူအညီဖြင့် ကချ(စ်) ကုမ္ပဏီကို ငှါးရမ်းရှာ အဆိုပါ သတ္တုတွင်းရှိ သံရိုင်းများကို အသေးစိတ် တိုင်းထွာတွက်ချက်စေခဲ့ရာ ပင်းပက်သတ္တုတွင်းတွင် ၅၆.၄ ဏုခိုင်နှုန်း သံရိုင်းပါဝင်သော သံရိုင်းတန်ချိန် ၁၀ သန်းနှင့် ၄၂.၆ ဏုခိုင်နှုန်း ပါဝင်သော သံရိုင်းတန်ချိန် ၅၉ သန်းမျှရှိကြောင်း သိရသည်။ သို့သော် တော်လှန်ရေးအစိုးရ တက်သည်အထိ အဆိုပါသတ္တုတွင်းမှာတူးဖော်မှုအဆင့်သို့ မရောက်သေးဘဲရှိသည်။ စမ်းသပ်တူးဖော်ထားသော လိုက်ခေါင်းများနှင့် အခြားလိုအပ်သည်တို့ကိုသာ ထိန်းသိမ်းစောင့်ရှောက်ထားသည်။[2]

အခြားစီမံကိန်းတစ်ခုဖြစ်သော မော်ချီး သတ္တုတွင်း စီမံကိန်းမှ ခဲမဖြူ၊ အဖြိုက်နက်၊ ရှီးလိုက် ရောရာ သန့်စင်သတ္တု Tin Wolfram Sheelite Mixed Concentrates များကို ဆက်လက် တူးဖော်လုပ်ဆောင်နိုင်ခဲ့သည်။ မော်ချီး သတ္တုတွင်းအတွက် တစ်လလျှင် သတ္တုတန်ချိန် ၁၀၀ ခန့် ထုတ်လုပ်သွားနိုင်ရန် စီမံကိန်းတစ်ခု ရေးဆွဲသည်။ အကောင်အထည် ဖော်ရန် လိုအပ်သည့် စက်ပစ္စည်း ကိရိယာများ၊ ကျွမ်းကျင်မှု ပညာရှင်များ စသည်တို့ကို စုဆောင်းရန် အသေးစိတ်လေ့လာသည်။ ၎င်းသတ္တုတွင်းမှ ၁၉၆၃ခု အောက်တိုဘာလမှ ၁၉၆၄ ခု ဇူလိုင်လအထိ ခန့်မှန်းခြေဘန်ဖိုးကျပ် ၂.၀၉ သန်းရှိ ခဲမဖြူ၊ အဖြိုက်နက်၊ ရှီးလိုက် ရောရာ သန့်စင်သတ္တုတန်ချိန် ၄၅၀.၆၆ ကို ထုတ်လုပ်နိုင်ခဲ့သည်။ တစ်နှစ်လုံး လုပ်အား ဖြင့်သော်တန်ချိန် ၅၄၀ ခန့်ထုတ်နိုင်မည်ဖြစ်သည်။[3]

ဟိန္ဒာ သတ္တုတွင်း စီမံကိန်းကို ၁၉၅၅ ခု အောက်တိုဘာလမှစ၍ အစိုးရနှင့် အင်္ဂလိ ဘားမားတင်း ကုမ္ပဏီ၊ ၁၉၅၆ လီမိတက်ကို ဖက်စပ်လုပ်ကိုင်ခဲ့သည်။ ၎င်းသတ္တုတွင်းကို တော်လှန်ရေးအစိုးရက ၁၉၆၃ ခု ဇူလိုင်လ ၁ ရက်နေ့မှစ၍ အစိုးရပိုင်အဖြစ် ပြောင်းလဲ

၁။ မြည်ထောင်စု မြန်မာနိုင်ငံ၏ စီးပွားရေး စစ်တမ်း၊ ၁၉၆၄၊ စာ ၁၅၆-၅၇
၂။ မြည်ထောင်စု မြန်မာနိုင်ငံ၏ စီးပွားရေး စစ်တမ်း၊ ၁၉၆၄၊ စာ ၁၅၇
၃။ မြည်ထောင်စု မြန်မာနိုင်ငံ၏ စီးပွားရေး စစ်တမ်း၊ ၁၉၆၄၊ စာ ၁၅၆

သတ်မှတ်ပြီး ၁၉၆၃ ခု ဩဂုတ်လ ၁ ရက်နေ့မှစ၍ ရေနံနှင့်ဓာတ်သတ္တု ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်းလက်အောက်ခံ စီမံကိန်းတစ်ခုအဖြစ် စတင်လုပ်ကိုင်ခဲ့သည်။ ယင်းသို့ လုပ်ကိုင်ရာတွင် ရေနံနှင့် ဓာတ်သတ္တု ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်းမှ သတ္တုတွင်း အင်ဂျင်နီယာ တစ်ဦးအား မန်နေဂျာအဖြစ် ခန့်ထားရှိလည်းကောင်း၊ ယခင်ဖက်စပ်ကုမ္ပဏီမှ ရှိရင်းစွဲဝန်ထမ်းများ၊ လုပ်သားများဖြင့်လည်းကောင်း သတ္တုတူးဖော်မှုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်သည်။ ဟိန္ဒူးသတ္တုတွင်းမှ ၁၉၆၃ ခု အောက်တိုဘာလမှ ၁၉၆၄ ခု ဇူလိုင်လကုန်အထိ ခန့်မှန်းခြေတန်ဖိုးကျပ် ၂.၀၆ သန်းရှိ ခဲမဖြူသတ္တု ၂၅၀.၅၇ တန်ကိုထုတ်လုပ်ရယူနိုင်သည်။ ၁၉၆၃-၆၄ ခုနှစ် တစ်နှစ်လုံးအတွက်မူ ခဲမဖြူအထွက်သည်တန်ချိန်ပေါင်း ၃၂၄ တန်မျှရှိသည်။

အလားတူပင် ရာဝ သတ္တုတွင်းစီမံကိန်းသည် ယခင်က ပုဂ္ဂလိကပိုင်ဖြစ်ပြီး ရာဝတင်းလို့(ဒ်)မိုင်းကုမ္ပဏီအမည်ဖြင့် ခဲမဖြူသတ္တုများတူးဖော်လုပ်ကိုင်ခဲ့သည်။ တော်လှန်ရေးအစိုးရသည် ၎င်းသတ္တုတွင်းကို ၁၉၆၄ ခု ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ပြည်သူပိုင်အဖြစ် လွှဲပြောင်းယူပြီးနောက် ရေနံနှင့်ဓာတ်သတ္တု ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်း၏ အုပ်ချုပ်မှုလက်အောက်တွင် သတ္တုတွင်း စီမံကိန်းတစ်ခုအဖြစ်ထားသည်။ ခဲမဖြူသတ္တုများကို ဆက်လက်တူးဖော်လုပ်ကိုင်ခဲ့ရာ ၁၉၆၄ ခု ဇန်နဝါရီလမှ ၁၉၆၄ခု ဇူလိုင်လကုန်အထိ ခန့်မှန်းခြေတန်ဖိုးကျပ် ၁.၁၉ သန်းရှိသော ခဲမဖြူသတ္တု ၁၀၇.၄၂ တန်ကို ထုတ်လုပ်နိုင်ခဲ့သည်။[၂]

၎င်းပြင် တော်လှန်ရေးအစိုးရသည် တနင်္သာရီသတ္တုတွင်း တူးဖော်ရေးကုမ္ပဏီအား ပြည်သူပိုင်အဖြစ် လွှဲပြောင်းသိမ်းယူပြီး ကျောက်မဲတောင် သတ္တုတွင်း စီမံကိန်းအမည်ဖြင့် ၁၉၆၄ ခု ဇန်နဝါရီလ ၂၃ ရက်နေ့မှစ၍ ရေနံဓာတ်နှင့် ဓာတ်သတ္တု ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်းလက်အောက်ခံ စီမံကိန်းတစ်ခုအဖြစ် ထားရှိသည်။ သတ္တုတူးဖော်မှုလုပ်ငန်းကို တစ်ဆက်တည်း ဆောင်ရွက်လုပ်ကိုင်ခဲ့သည်။ သတ္တုများကို ခဲသင်္ဘော (Tin Dredger) ခုတ်မောင်းခြင်းဖြင့် ထုတ်လုပ်၍ ၁၉၆၄ ခု ဇန်နဝါရီလမှ ၁၉၆၄ ခု ဇူလိုင်လကုန်အထိ ခန့်မှန်းခြေတန်ဖိုးကျပ် ၀.၄၈ သန်းရှိသော ခဲမဖြူသတ္တု ၄၃.၁၂ တန်ကို ထုတ်လုပ်သည်။[၃]

မော်ချီးသတ္တုတွင်းကို ပြည်သူပိုင်သိမ်းပြီးနောက် သတ္တုတူးဖော်မှု တိုးတက်လာသဖြင့် ၁၉၆၂-၆၃ ခုနှစ်တွင် ခဲမဖြူနှင့် အဖြိုက်နက် ရောထွေးအထွက်မှာ ၁၉၆၁-၆၂ ခုနှစ်ထက် ၆.၂၂

၁။ ပြည်ထောင်စု မြန်မာနိုင်ငံ၏ စီးပွားရေး စစ်တမ်း၊ ၁၉၆၄၊ စာ ၁၅၆-၅၇
၂။ ပြည်ထောင်စု မြန်မာနိုင်ငံ၏ စီးပွားရေး စစ်တမ်း၊ ၁၉၆၄၊ စာ ၁၅၇
၃။ ပြည်ထောင်စု မြန်မာနိုင်ငံ၏ စီးပွားရေး စစ်တမ်း၊ ၁၉၆၄၊ စာ ၁၅၇

ရာခိုင်နှုန်း တိုးမြင့်ခဲ့သည်။ နိုင်ငံခြားသို့ တင်ပို့ရောင်းချသည့်တန်ချိန်နှင့် တန်ဖိုးမှာမူ ၁၉၆၂-၆၃ ခုနှစ်တွင် ၁၉၆၁-၆၂ ခုနှစ်အောက် ၁၀.၀၄ ရာခိုင်နှုန်းနှင့် ၁၈.၂၆ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့သည်။ သို့သော် စျေးနှုန်းတိုးမြင့်လာပြီး လက်ကျန်ပစ္စည်းများ ရောင်းချရမှုတို့ကြောင့် ၁၉၆၃-၆၄ ခု ပထမနှစ်ဝက်တွင် နိုင်ငံခြားသို့ တင်ပို့ရောင်းချသည့်တန်ချိန်နှင့် တန်ဖိုးမှာ ငါးဆမျှ တိုးတက်ရရှိသည်။[1]

နမ္မတူသတ္တုတွင်းများ၌ မြေအောက်အုတ်ခုံများ အသစ်လဲလှယ် ပြုပြင်ပြီးစီးသွား သည့်ပြင် ရှမ်းပြည်တောင်ပိုင်း တောင်ကြီးခရိုင်ရှိ ဘော်ဆိုင်းဒေသ ပုဂ္ဂလိကပိုင် သတ္တုတွင်း သစ်တစ်တွင်း တူးဖော်လုပ်ကိုင်မှုတို့ကြောင့် ၁၉၆၂-၆၃ ခုနှစ် ခဲပုပ်အထွက်မှာ ယခင်နှစ် ကထက် ၁၀.၆၂ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်။ သို့ရာတွင် စျေးကျဆင်းမှုတို့ကြောင့် ၁၉၆၂-၆၃ ခုနှစ်တွင် နိုင်ငံခြားသို့ တင်ပို့ရောင်းချသည့်တန်ချိန်နှင့် တန်ဖိုးမှာ ယခင်နှစ်အောက် ၁၃.၁၁ ရာခိုင်နှုန်းနှင့် ၁၄.၆၅ ရာခိုင်နှုန်းအသီးသီးကျဆင်းသည်။ ၁၉၆၃-၆၄ ခုနှစ် ပထမနှစ်ဝက်တွင်မူ နိုင်ငံခြားသို့ တင်ပို့ရောင်းချသည့် တန်ချိန်မှာ ယခင်နှစ်အောက် ၂၀.၁၀ ရာခိုင်နှုန်း ကျဆင်းသွားသော်လည်း စျေးတိုးတက်လာမှုကြောင့် တန်ဖိုးမှာလျော့နည်းသွားခြင်းမရှိချေ။

သုပ်အတွက်မှာမူ ၁၉၆၂-၆၃ ခုနှစ်အထွက်သည် ၁၉၆၁-၆၂ မုနှစ်ထက် ၁.၉၃ ရာခိုင်နှုန်း ပိုမိုခဲ့သည်။ ၁၉၆၃-၆၄ ခုနှစ် ပထမနှစ်ဝက်အထွက်မှာ ယခင်နှစ် အလားတူကာလအောက် ၃.၃၀ ရာခိုင်းနှုန်း လျော့နည်းသည်။ စျေးကောင်းလာခြင်းကြောင့် ၁၉၆၃-၆၄ ခု ပထမနှစ်ဝက်တွင် နိုင်ငံခြားသို့ တင်ပို့ရောင်းချသည့်တန်ချိန်မှာ ယခင်နှစ် အလားတူကာလအောက် ၁၉.၂၀ ရာခိုင်နှုန်း နိမ့်ကျခဲ့သော်လည်း တန်ဖိုးမှာ ၅.၄ ရာခိုင်နှုန်း တိုးမြင့်ရရှိသည်။[2]

အထွေထွေသတ္တုများဖြစ်သော သံ၊ သံမဏိ၊ ကြေးနီနှင့် ရွှင်ဖြူစိန်အထွက်တွင်လည်း ၁၉၆၂-၆၃ ခုနှစ်သည် ၁၉၆၁-၆၂ ခုနှစ်အောက် ၃၂.၆၇ ရာခိုင်နှုန်း လျော့နည်းသည်။ သံထုတ်လုပ်မှုလည်း ကျဆင်းသည်။ ၁၉၆၃-၆၄ ခု ပထမနှစ်ဝက်တွင် ယခင်နှစ် အလားတူကာလ ထွက်၏ ၉၄.၁၄ ရာခိုင်နှုန်းသာ ထုတ်လုပ်နိုင်သည်။

၁။ မြည်ထောင်စု မြန်မာနိုင်ငံ၏ စီးပွားရေး စစ်တမ်း၊ ၁၉၆၄၊ စာ ၃၁
၂။ မြည်ထောင်စု မြန်မာနိုင်ငံ၏ စီးပွားရေး စစ်တမ်း၊ ၁၉၆၄၊ စာ ၃၃
၃။ မြည်ထောင်စု မြန်မာနိုင်ငံ၏ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊ စာ ၃၃

ရေနံနှင့် ဓာတ်သတ္တု ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်းတွင် အထက်ဖော်ပြပါ သတ္တုတွင်းစီမံကိန်းများအပြင် ရန်ကုန်မြို့ဓာတ်သတ္တုဆောင်းဝယ်ရေးဌာနခွဲတစ်ခုလည်းရှိသည်။ ထိုဌာနခွဲသည် ၁၉၆၃-၆၄ ခုနှစ်မှစ၍ ရေနံနှင့် ဓာတ်သတ္တု ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်းပိုင် သတ္တုတွင်းများမှထွက်သော သတ္တုအမျိုးမျိုး၊ ပြည်တွင်း ပဂ္ဂလိကပိုင် သတ္တုတွင်းများမှထွက်သော သတ္တုအမျိုးမျိုး၊ ဘားမားကော်ပိုရေးရှင်း (၁၉၅၁) လီမိတက်ပိုင် ဘော်တွင်းမှထွက်ရှိသော သတ္တုပစ္စည်းများ၊ ပြည်သူ့ရေနံလုပ်ငန်းမှ ဖယောင်း စသည့် ရေနံထွက်ပစ္စည်းများ စသည်တို့ကို ပြည်ပသို့တင်ပို့ပေးခြင်း လုပ်ငန်းကို ဆက်လက်ဆောင်ရွက်သည်။ ထို့ပြင် ပြည်တွင်း စက်မှုလုပ်ငန်းရှင်များအတွက် အသုံးပြုရန် ခဲပျော့ **Piglead** ကို ပြည်ပမှ တင်သွင်း၍ တစ်ဆင့် ဖြန့်ဖြူးပေးခြင်းနှင့် နမ္မတူ ဘော်တွင်းထွက် ဘော် **Silver** များကိုလည်း ပြည်တွင်းငွေထည့်လုပ်ငန်းရှင်များအား တာဝန်ယူကာဖြန့်ဝေပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်သည်။

ထို့ကြောင့် နိုင်ငံခြားငွေရရှိရေးအတွက် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန်နှင့် ပြည်တွင်း စက်ရုံကြီးငယ်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ဓာတ်သတ္တုထုတ်လုပ်ရာ၌ လုပ်ငန်းခွင် အန္တရာယ်ကင်းဝေးရန် အထူးလိုအပ်သည်။ ရေနံနှင့် ဓာတ်သတ္တု ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်းအောက်ရှိ သတ္တုလုပ်ငန်းကြီးကြပ်ရေးဌာန စစ်ဆေးရေးနှင့် ကြီးကြပ်ရေးဌာန စိတ်သည် သတ္တုတွင်း အက်ဥပဒေများအရ သတ္တုတွင်းလုပ်ငန်းများကို စစ်ဆေးကြည့်ရှုခြင်း၊ သတ္တုတွင်းလုပ်ကွက်အတွင်း ကျရောက်နိုင်သော လုပ်ကွက်ဘေးအန္တရာယ်များကို စစ်ဆေး၍ တင်ကြိုကာကွယ်မှုများ စီစဉ်ရန်ညွှန်ကြားချက်ပေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်သည်၊ မြန်မာနိုင်ငံတွင်းရှိ သတ္တုတွင်း ၁၂၄ တွင်းကို အလျဉ်းသင့်သလို လှည့်လည်စစ်ဆေးသည်။ ရေနံနှင့် ပေါက်ကဲ့စေတတ်သော ဝတ္ထုပစ္စည်းများ စစ်ဆေးရေး ဌာနစုကလည်း ၁၉၆၄ ခုနှစ်တွင် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ရေနံ၊ မာတ်ဆီ သိုလှောင်ခွင်လိုင်စင် ၆၀၀ ကျော်နှင့် ရေနံတင်မော်တော်ယာဉ် ပါမစ်များကို အသစ်လဲလှယ်ပေးခြင်း၊ ယမ်းဘီလူးများ သိုလှောင်ရန် လိုင်စင်များလဲလှယ်ပေးခြင်းတို့ကို ဆောင်ရွက်သည်။

ရေနံနှင့် ဓာတ်သတ္တု ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်းအောက်တွင်ရှိသော ဓာတ်သတ္တုနှင့် ဘူမိဗေဒ လေ့လာရေးဌာနကလည်း ဘူမိဗေဒမြေပုံကို ကွင်းဆင်း တိုင်းတာရေးဆွဲခြင်းနှင့် မြေအောက်ရေအပါအဝင် ဓာတ်သတ္တုများကို ရှာဖွေစမ်းသပ် စစ်ဆေးခြင်း

၁။ **မြည်ထောင်စု မြန်မာနိုင်ငံ၏ စီးပွားရေး စစ်တမ်း၊ ၁၉၆၄၊** စာ ၁၅၇

များကို ဆောင်ရွက်သည်။ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုတွင် လုပ်သားပြည်သူများ၏ စားဝတ်နေရေး ဖူလုံရန်အတွက် လယ်ယာစိုက်ပျိုးရေး နှင့်စက်မှုလက်မှုလုပ်ငန်းကို ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်သည့်အလျောက် စက်မှုလုပ်ငန်း များအတွက် ကုန်ကြမ်းများအဖြစ် လိုအပ်လာသော မြေအောက်သယံဇာတ ဝတ္ထုပစ္စည်းများ ကို ရှေးစဉ်းရှာဖွေ ဖော်ပြခြင်းသည် အရေးကြီးသော လုပ်ငန်းတစ်ခုဖြစ်သည်။ ၎င်းလုပ်ငန်း များကို လုပ်ဆောင်ရန်အတွက် ကျောက်မီးသွေးနှင့် ဓာတ်သတ္တု လေ့လာရေးဌာနအောက်တွင် ဌာနစုံတစ် ၁၀ စိတ်ဖြင့် တာဝန်ခွဲခြားဆောင်ရွက်သည်။ ၎င်းဌာနသည် သီပေါနယ်တွင် ဂေဒန်ကျောက် သတ္တု တူးဖော်စမ်းသပ်ခြင်း လုပ်ငန်းကို အောင်မြင်စွာလုပ်ဆောင်ပြီးစီး ခဲ့သည်။ စမ်းသပ်တွေ့ရှိချက်အရ ထိုဒေသရှိ ဂေဒန်ကျောက်သတ္တုသည် ပျမ်းမျှသန့်စင် ၇၅ ရာခိုင်နှုန်းမျှရှိပြီး သတ္တုထုတ်အားမှာ တန်ပေါင်း ၂၃ သန်းမျှ ရှိနိုင်မည်ဟု ခန့်မှန်းသည်။ ဂေဒန်ကျောက်သတ္တုသည် အမိုးနီးယား ဆာလ်ဖိတ် ဓာတ်မြေဩဇာ ချက်လုပ်ရာတွင် လိုအပ်သော ကန့်ဓာတ်ပါ ကုန်ကြမ်းအဖြစ်လည်းကောင်း၊ ဘိလပ်မြေ ပြုလုပ်ရာတွင် လည်းကောင်း အသုံးပြုရသော စက်မှုကုန်ကြမ်းဖြစ်သည်။

စိုက်ပျိုးရေး အဓိကဖြစ်သော မြန်မာနိုင်ငံတွင် သီးနှံအထွက်တိုးရန် ဓာတ်မြေဩဇာ ထုတ်လုပ်နိုင်ရန် အရေးကြီးပေသည်။ ဓာတ်မြေဩဇာ ထုတ်လုပ်နိုင်ရန် ဂေဒန်ကျောက် သတ္တုကုန်ကြမ်း လိုအပ်သည်။ တော်လှန်ရေးကောင်စီ အစိုးရ လက်ထက်တွင် ဓာတ်မြေဩဇာ ထုတ်လုပ်ရေးတွင်လည်းကောင်း၊ ဘိလပ်မြေ ထုတ်လုပ်ရာတွင်လည်းကောင်း လိုအပ်သော ဂေဒန်ကျောက် တူးဖော်ရေးကို ဓာတ်သတ္တုရှာဖွေတူးဖော်ရေး ကော်ပိုရေးရှင်းက အထူး အလေးပေး ဆောင်ရွက်သည်။ ဓာတ်မြေဩဇာ စက်ရုံနှင့် ဘိလပ်မြေစက်ရုံတို့အတွက် ဂေဒန်ကျောက်များကို-

၁၉၆၈-၆၉ ခုနှစ်တွင် ၃၂၉၃ တန်
၁၉၆၉-၇၀ ခုနှစ်တွင် ၂၅၆၂ တန်
၁၉၇၀-၇၁ ခုနှစ်တွင် ၃၀၃၆ တန်

ထုတ်လုပ်ပေးခြင်းဖြင့် နိုင်ငံတော် စက်မှုထွေထောင်ရေးကို ထောက်ကူပံ့ပိုးပေးခဲ့သည်။

ဟင်္သာတခရိုင် ရွှေတောင်မြို့နယ်နှင့် ကြံခင်းမြို့ဒေသများတွင် ရေနံဓာတ်ငွေ့ ဖြစ်ပေါ် တည်ရှိနိုင်သည့် မြေလွှာအနေအထား ရှိမရှိကို ဂျပန်ပါရဂူအဖွဲ့နှင့် ပူးပေါင်း၍ စမ်းသပ်တိုင်းတာ

ခဲ့ရာ ဓာတ်ငွေ့တည်ရှိနိုင်သည့် အလားအလာများစွာ မျော်လင့်ဖွယ်ရှိကြောင်း တွေ့ရသည်။ ၎င်းအပြင် ကျောက်မီးသွေးကြောများ၊ ကိုရိုက်သတ္တုကြောများ၊ ပြဒါးရိုင်းများ၊ မြစ်တွင်းသဲများ၊ ဗဟန်းသတ္တုများ၊ အိမ်သုံးဆားများ၊ သံနှင့်ခရိုမိုက်သတ္တုများ တွေ့ရှိရာဒေသများ၌ ရှာဖွေစစ်ဆေး စမ်းသပ်ခြင်းဖြင့် စက်မှုထူထောင်ရေးကို ကူညီပံ့ပိုးနိုင်ရန် ကြိုးပမ်းသည်။

ထို့အတူ သတ္တုတွင်း ဘူမိဗေဒဌာနစိတ်သည် ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်အတွင်းရှိ အဖြူက်နက်နှင့် ခဲမဖြူ သတ္တုတွင်းများတွင် ဘူမိဗေဒအခြေအနေ ဓာတ်သတ္တုဖြစ်ပေါ်ပုံနှင့် သတ္တုထွက်အားတို့ကို ကွင်းဆင်းစမ်းသပ်လေ့လာသည်။ ကုလသမဂ္ဂ အထူးရန်ပုံငွေ စီမံကိန်းမှ ပညာရှင်များနှင့်ပူးပေါင်း၍ နမ္မတူ ဘော်တွင်းမိုင်းတွင် သတ္တုထွက်အားကိုလည်း စမ်းသပ်တူးဖော်လေ့လာသည်။ ၎င်းပြင် မိတ္ထီလာခရိုင်၊ ပြင်ညောင်ဒေသရှိ အောင်သုခ ဘရိုက်တီး သတ္တုတွင်းသို့လည်းကောင်း၊ တောင်ကြီးခရိုင် ဟိုးဒုံမြို့နယ် ဘန်းရင်ခနောက်စိမ်း သတ္တုတွင်းသို့လည်းကောင်း သွားရောက်၍ ပဏာမလေ့လာမှုများ ပြုလုပ်သည်။[1]

ဘူမိဗေဒဌာနစိတ်မှလည်း မုံရွာခရိုင်အတွင်း ကြေးနီသတ္တု တွေ့ရှိနိုင်မည့် နေရာများတွင်လည်းကောင်း၊ သီပေါနယ်တွင် ဂေါဒန်သတ္တု တည်နေပုံကိုလည်းကောင်း ဘူမိဗေဒနည်းအားဖြင့် စမ်းသပ်လေ့လာသည်။ ၎င်းပြင်, အပူပိုင်းဇုန်ရှိ ပုဂံ၊ ညောင်ဦးဒေသ စစ်တောင်းမြစ်ကမ်း စက္ကူစက်တည်ဆောက်သည့်နေရာနှင့် မော်လမြိုင်မြို့ ရပ်ကွက်များတွင် မြေအောက်ရေတည်နေပုံကို ဘူမိဗေဒနည်းအားဖြင့် စမ်းသပ်လေ့လာသည်။

စက်ရုံအလုပ်ရုံကြီးများ တည်ဆောက်ရာ၌ ကုန်ကြမ်းရရှိမှုသာမက ရေမြေအနေအထား စက်ခွံအတွက် လိုအပ်သော ရေရရှိမှုတို့ကိုလည်း သိရှိရန်လိုအပ်သည်။ ထို့ကြောင့် မြေအောက်ရေဌာနစိတ်သည် မြေအောက်ရေပမာဏကို တွက်ချက်စစ်ဆေးနိုင်ရန်အတွက် အဝီစိရေတွင်းတူးဖော်စမ်းသပ်ခြင်းများကို မဟာရန်ကုန်တွင်လည်းကောင်း၊ ရမည်းသင်းခရိုင် တပ်ကုန်းမြို့နယ်တွင်လည်းကောင်း၊ အပူပိုင်းဇုန် ပုဂံညောင်ဦး ဒေသတွင်လည်းကောင်း၊ ဇေယျဝတီနှင့် ပျဉ်းမနားမြို့ရှိ နိုင်ငံပိုင် သကြားစက်များတွင်လည်းကောင်း၊ သထုံခရိုင် စစ်တောင်းမြစ်ကမ်းရှိ စက္ကူစက် တည်ဆောက်မည့် နေရာတွင်လည်းကောင်း အစမ်းတွင်း စုစုပေါင်း ၁၇ တွင်းကို တူးဖော်ခဲ့သည်။ ၎င်းပြင် မြေအောက် ရေအခြေပြ မြေပုံကို ရေးဆွဲနိုင်ရန် အတွက်၊ အောက်ချင်းတွင်းခရိုင်တွင် စုစုပေါင်းမိုင် ၇၅၀ ကျယ်ဝန်းသော ယင်းမာပင်၊ ပုဂံလွင်ပြင်၊

၁။ ပြည်ထောင်စု မြန်မာနိုင်ငံ၏ စီးပွားရေး စစ်တမ်း၊ ၁၉၆၄၊ စာ ၁၅၉

မြင်းခြံခရိုင်တွင် စတုရန်းမိုင် ၁၂၀ အကျယ်ရှိနွားထိုးကြီးလွင်ပြင်၊ မကွေးခရိုင် တောင်တွင်းကြီး လွင်ပြင်၊ပြည်ခရိုင်နှင့် သရက်ခရိုင်များတွင် ဇလဗေဒ စူးစမ်းမှုများကို ကွင်းဆင်းဆောင်ရွက်ခြင်းဖြင့် စက်မှုထူထောင်ရေးကို ပံ့ပိုးပေသည်။[၁]

နိုင်ငံတော်အတွင်း စက်မှုထူထောင်ရေးတွင် တွင်းထွက် စက်မှုကုန်ကြမ်းရရှိရေးသည အလွန်အရေးပါသည်။ နိုင်ငံအတွင်း မြေပေါ် မြေအောက် သယံဇာတပစ္စည်းများမှ တွင်းထွက် စက်မှုကုန်ကြမ်း ထုတ်လုပ်ပေးနိုင်သည်နှင့်အမျှ နိုင်ငံခြားသုံးငွေယိုပေါက်ကို ပိတ်ဆို့နိုင်ကာ ပြည်ပကို အားကိုးမှီခိုနေရခြင်းမှ ကင်းဝေးလာနိုင်သည်။ ဓာတ်သတ္တု ရှာဖွေတူးဖော်ရေ ကော်ပိုရေးရှင်းသည် စက်မှုလုပ်ငန်းများအတွက် လိုအပ်သော မီးခံရှံ့စေး၊ ဂရပ်ဖိုက်၊ ဖဲလ်စပါ ဒိုလိုမိုက်၊ ဂေါဒန်ကျောက်မှစ၍ တွင်းထွက် စက်မှုကုန်ကြမ်း ၁၅ မျိုးကို ရှာဖွေထုတ်လုပ်ပေးသည်။ ထိုပစ္စည်းများကို ယခင်က နိုင်ငံခြားမှ မှာယူတင်သွင်းရသော်လည်း ၁၉၆၈-၆၉ ခုနှစ်မှစ၍ ပြည်တွင်းမှပင် တတ်နိုင်သမျှ ပြည့်ဝအောင် ထုတ်လုပ်ပေးသည်။ အသုံးပြုသော စက်ရုံများ၏ တောင်းဆိုချက် လိုအပ်ချက်အလိုက် ထုတ်လုပ်မှု အတက်အကျ အတိုးအလျော့ ရှိသည်။ ၁၉၇၁-၇၂ ခုနှစ်တွင် ယခင်နှစ်များကထက် မီးခံရှံ့စေးမှုန့်၊ ဂရပ်ဖိုက်၊ ဖလိုရိုက်နှင့် သလင်းကျောက်များကို ကျန်တွင်းထွက် စက်မှုကုန်ကြမ်းများထက် ပိုမိုထုတ်လုပ်ပေးနိုင်ခဲ့သည်။ ၁၉၆၇-၆၈ ခုနှစ်မှ ၁၉၇၀-၇၁ ခုနှစ်အတွင်း တွင်းထွက်စက်မှု ကုန်ကြမ်းထုတ်လုပ်ပေးနိုင်မှုမှာ အောက်ပါအတိုင်းဖြစ်သည်။[၂]

စက်မှုလက်မှုလုပ်ငန်းများအတွက် တွင်းထွက် စက်မှုကုန်ကြမ်းထုတ်လုပ်မှု

(တန်)

အမှတ်စဉ်	အမျိုးအမည်		၁၉၆၇*-၆၈	၁၉၆၈-၆၉	၁၉၆၉-၇၀	၁၉၇၀-၇၁
၁။	မီးခံရှံ့စေး	....	၇၀၄၄	၆၄	၁၄၆၆	၁၃၈၉
၂။	မီးခံရှံ့စေးမှုန့်	....	၁၅၃	၂၃၅	၁၂၁	၃၃၀
၃။	မီးခံမြေစေး	....	....	၁၄၇၂၅	၇၅၁၇	၁၃၂၉၃
၄။	ရှံ့စေးဖြူ	....	၁၁၈၄	၈၉၈	၅၂၉	၁၄၀၈

၁။ စီးပွားရေးစစ်တမ်း၊ ၁၉၆၄ ၊ စာ ၅၉

၂။ ၁၉၇၂-၇၃ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ ပြည်သူသို့အစီရင်ခံစာ၊ စာ ၉၁

* ရသုံးမှန်းခြေငွေစာရင်း၊၁၉၆၉-၇၀၊ စာ ၅၄

အမှတ်စဉ်	အမျိုးအမည်	၁၉၆၇-၆၈	၁၉၆၈-၆၉	၁၉၆၉-၇၀	၁၉၇၀-၇၁
၅။	မင်းဂနိုးစ်ဒိုင်အောက်ဆိုက်	၂၇၂	၁၁၇	၄၅	၄၃
၆။	ဂရက်ဖိုက်	၇၁	၁၀၈	၃၆	၁၂၆
၇။	ကန့်ကူဆံအကြမ်း/အရွေ့	၁၅၀၀	၂၁၆	၂၅၂	၁၄၄
၈။	ဖလိုရိုက်	၁၅၄	၁၁၅	၁၆၂	၁၉၈
၉။	မြေနီ/မြေဝါ	၅၃	၈	....	....
၁၀။	ဂေါဒန်ကျောက်	၂၈၉၂	၃၂၉၃	၂၅၆၂	၃၀၃၆
၁၁။	ဘင်တိုနိုက် (မြေဖယောင်း)	၃၀၈	၂၅၀	၁၀၁၁	၃၄၂
၁၂။	ဖယ်စပါ .... (ကြွေကျောက်)	၇၂၈	၃၄၇	၇၉၉	၇၀၂
၁၃။	ဒိုလိုမိုက်ကျောက်	၂၁၆	၇၅၆	၇၇၄	၆၄၄
၁၄။	သလင်းကျောက်	....	....	၁၀၄	၂၈၂
၁၅။	ဘရိုက်တီးကျောက်	၂၁၀၀	၉၂၈၂	၁၁၆၄၃	၂၀၁၃

တွင်းထွက် စက်မှုကုန်ကြမ်း၏ အရေးပါမှုကား အထူးဆိုဖွယ်မရှိပြီ။ စက်မှုထွေထောင်ရေးနှင့် စက်မှုကုန်ကြမ်း ရရှိရေးတို့သည် တစ်ခုနှင့်တစ်ခု ဖက်တွဲဆက်စပ်လျက် တစ်ခုကိုတစ်ခု အပြန်အလှန် အကျိုးပြုကြသည်။ တော်လှန်ရေးကောင်စီ အစိုးရလက်ထက် ၁၉၆၂ ခုမှ ၁၉၇၂ ခုနှစ်ကာလအတွင်း နိုင်ငံတော်၏ ပြည်သူပိုင်နှင့် ပုဂ္ဂလိက စက်မှုလုပ်ငန်း ကြီးငယ်များ တိုးတက်ကြီးထွား ထုတ်လုပ်စွမ်းအား ကောင်းမွန်ခြင်းသည် စက်မှုကုန်ကြမ်း ထုတ်လုပ်မှုနှင့် သော ထောက်ကူပံ့ပိုးမှုကြောင့် လည်းဖြစ်သည်။ တွင်းထွက် စက်မှုကုန်ကြမ်းများ ဓာတ်သတ္တုများသည် ပြည်တွင်းစက်ရုံများ စက်မှုလုပ်ငန်းကြီးများကို ထောက်ကူပံ့ပိုးသကဲ့သို့ နိုင်ငံတော်အတွက် နိုင်ငံခြားငွေဝင်ကောင်းအောင်လည်း စွမ်းဆောင်နိုင်သည်။ နိုင်ငံခြားသုံးငွေ ပိုမိုရရှိခြင်းဖြင့် လိုအပ်သောစက်များ စက်ကိရိယာများနှင့် နိုင်ငံတော်၏ အခြားလိုအပ်ချက်များကို တစ်စိတ်တစ်ဒေသ ဖြည့်ဆည်းနိုင်လေသည်။ ထို့ကြောင့် ဓာတ်သတ္တု ရှာဖွေတူးဖော်ရေး ကော်ပိုရေးရှင်းသည် နိုင်ငံတော်စက်မှု ထူထောင်ရေးတွင် အရေးပါလှသော စက်မှုပံ့ပိုးကဏ္ဍတစ်ရပ်ဖြစ်ပေသည်။

ထက်တွေ့သုတေသနလုပ်ငန်း

လက်တွေ့နှင့် သဘောတရားသည် အရာရာတွင် ယှဉ်တွဲနေမှသာ လိုအပ်သောအကျိုးရလာဒ်ကို ရနိုင်ပေသည်။ သဘောတရားမပါသော လက်တွေ့သည် အရာမရောက်နိုင်သကဲ့သို့ လက်တွေ့မပါသော သဘောတရား သက်သက်သည်လည်း ပျော့ကွက်ညွှံကွက်နှင့်မကင်းချေ။ ထို့ကြောင့် နိုင်ငံတော်အတွင်း စက်မှုလုပ်ငန်းကြီးငယ်များ ထူထောင်ရေးတွင် သဘောတရားကို ဆန်းစစ်မှတ်ကျောက်တင်ရန် လက်တွေ့စမ်းသပ်ခြင်း သုတေသနပြုခြင်းများ ပြုလုပ်ရန်လိုအပ်သည်။ ထို့ကြောင့် ပြည်တော်သာခေတ်တွင် စက်မှုထူထောင်ရေးကို တစ်ခန်းတစ်ကဏ္ဍဖွင့်၍ စတင်အကောင်အထည်ဖော် ဆောင်ရွက်စဉ်ကပင် စက်မှုလုပ်ငန်းကြီးငယ်များကို ထောက်ကူပံ့ပိုးပေးရန် လက်တွေ့သုတေသနအဖွဲ့ကို အစိုးရက ဖွဲ့စည်းခဲ့သည်။

စင်စစ်အားဖြင့် စီးပွားရေး ၂ နှစ်စီမံကိန်းကာလ ၁၉၄၇ ခုနှစ်ကပင် စက်မှုလက်မှု သုတေသနအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၅၅ တွင် မြန်မာနိုင်ငံ လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့ အက်ဥပဒေကို ပြဋ္ဌာန်းပြီးနောက် အက်ဥပဒေအရ၊ ပြန်လည်ဖွဲ့စည်း တည်ဆောင်၍ ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့သုတေသနလုပ်ငန်း အဖွဲ့ဟုအမည်ပြောင်းလဲပြီး၊ မြန်မာနိုင်ငံ သုတေသနဘုတ်အဖွဲ့က အုပ်ချုပ်ခဲ့သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံတစ်ခုဖြစ်သည်။ ထို့ကြောင့် ခေတ်အဆက်ဆက် စက်မှုထူထောင်ရေး ကြိုးပမ်းချက်များတွင် စိုက်ပျိုးရေးကို အခြေခံသော စက်မှုလုပ်ငန်းများ ထူထောင်ရန် ချမှတ်ခဲ့သည်။ နိုင်ငံတွင်းမှထွက်သော စက်မှုသီးနှံများကို ကြိတ်ခွဲအဆီထုတ်ခြင်းဆိုင်ရာ စက်မှုလုပ်ငန်း တိုးတက်စေရန် သီးနှံအမျိုးမျိုးမှ ထုတ်လုပ်ပုံ ထုတ်လုပ်နည်းများကို လက်တွေ့ သုတေသနပြုရပေမည်။ ထို့အတူ မည်သည့် စက်မှုလုပ်ငန်းအတွက် မည်သည့်စက်မှုကုန်ကြမ်း ပစ္စည်းများ လိုအပ်သည်ကိုလည်းကောင်း ပြည်ပမှဝယ်ယူရသော စက်မှုကုန်ကြမ်းများကို ပြည်တွင်းမှ ရနိုင်သော ကုန်ကြမ်းဖြင့် အစားထိုးနိုင်ရန် မည်သည့် ကုန်ကြမ်းဖြင့် အစားထိုးရမည် စသည်တို့ကို သိရှိရန်လည်းကောင်း၊ လက်တွေ့ သုတေသနပြုရပေမည်။ ထို့ပြင် လိုအပ်သည်တို့ကို ဓာတ်ခွဲစမ်းသပ်ခြင်း၊ နည်းပညာရှာဖွေခြင်း စသည်တို့ကိုလည်း လက်တွေ့လုပ်ဆောင်ရန် လိုအပ်သည်။ ဤနည်းဖြင့် နိုင်ငံတွင်း တည်ထောင်လုပ်ဆောင်နေသော စက်မှုလုပ်ငန်း ကြီးငယ်များကို များစွာအထောက်အကူပြုနိုင်သည်။

ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့သည် အစိုးရ ဌာနများ၊ ဌာနခွဲများ၊ ဘုတ်အဖွဲ့နှင့် ကော်ပိုရေးရှင်းများ၊ ပြည်တွင်းစက်မှုလက်မှု လုပ်ငန်း

များနှင့် တပ်မတော်အတွက် သုတေသနပြုပေးခြင်း၊ ဝတ်ခဲ့ပေးခြင်း၊ စစ်ဆေးပေးခြင်း စက်ကိရိယာများ ပြုလုပ်ပေးခြင်း၊ စစ်ဆေးပေးခြင်း၊ ပြင်ဆင်ပေးခြင်း၊ ဓာတ်စမ်းခန်း စက်ကိရိယာများ ပြုလုပ်ပေးခြင်း၊ စံသတ်မှတ်ပေးခြင်း၊ သဘာဝပစ္စည်းများဖြစ်သော သစ်၌ သစ်ဖု၊ ပရဆေးပင်များကို လူသုံးပစ္စည်းအဖြစ် အသုံးချနည်းများ ရှာခြင်း၊ ကုန်ပစ္စည်းများ အတွက် နည်းပညာရှာခြင်း၊ ပရဆေးပင် အာနိသင်များ၊ ကြွေထည်မြေထည် ကုန်ကြမ်းပစ္စည်းများ၊ စက္ကူကုန်ကြမ်းပစ္စည်းများအပြင် ရွှေ၊ ငွေ၊ ခဲ၊ သံ၊ သတ္တုမျိုးစုံ၏ သတ္တိနှင့် အာနိသင်အမျိုးအစားအဆင့်အတန်းများပါရှိပုံကိုသိရန် ဓာတ်ခွဲရေးကို ဆောင်ရွက်ပေးသည်။[၁]

လက်တွေ့ သုတေသန လုပ်ငန်းအဖွဲ့တွင် ဓာတ်ခွဲဌာနခွဲ၊ သတ္တုဗေဒသုတေသနဌာနခွဲ၊ ရွှမဗေဒနှင့် အင်ဂျင်နီယာ သုတေသနဌာနခွဲ၊ စက်မှုလက်မှုပညာ ဗဟိုပြန်ကြားရေးဌာနခွဲ၊ စက်မှုကိရိယာဌာနခွဲ၊ လက်တွေ့ ဓာတုဗေဒ သုတေသနဌာနခွဲ၊ ပရဆေး သုတေသနဌာနခွဲ၊ အစာအာဟာရ သုတေသနဌာနခွဲ၊ ဖန် - ကြွေ - မြေသုတေသနဌာနခွဲ၊ စံသတ်မှတ်ရေးဌာနခွဲ၊ စက္ကူနှင့် လျှော်မျင်သုတေသနဌာနခွဲ၊ အနုပြုဓာတ်အား ဗဟိုသုတေသနဌာနခွဲ စသည့် ဌာနခွဲများ ဖွဲ့စည်းထားသည်။

တော်လှန်ရေးကောင်စီ အစိုးရလက်ထက် လက်တွေ့သုတေသနအဖွဲ့ရှိ ဌာနခွဲ အသီးသီး၏ လက်တွေ့ စမ်းသပ် လုပ်ဆောင် အောင်မြင်ချက်များမှာ အားရဖွယ်ကောင်းလှသည်။ ဌာနခွဲ အသီးသီး၏ စမ်းသပ်လုပ်ဆောင်ချက် သုတေသနလုပ်ဆောင်ချက်အချို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

မြန်မာနိုင်ငံသည် စိမ်းလန်းစိုပြည်သော သစ်တောအထပ်ထပ် ပေါကြွယ်ဝသော နိုင်ငံတစ်ခုဖြစ်သည်။ ထိုသစ်တောများမှ နိုင်ငံစီးပွားရေး မဏ္ဍိုင်ကို တစ်တပ်တစ်အား ထောက်ကူနေသော အဖိုးတန်သစ်များထွက်သည် သာမက လူတို့၏ ကျန်းမာရေးကို ဖြည့်ဆည်းပေးနိုင်သည့်ပရဆေးပင် အမျိုးမျိုးလည်း ရရှိနိုင်သည်။ ထိုပရဆေးပင် အမျိုးမျိုးကို ဖော်စပ်အသုံးပြုခြင်းဖြင့် ရှေးဘေးဘိုးဘီဘင်များသည် သက်တမ်းပြည့်အောင် ကျန်းမာ

၁။ **စက်မှုဝန်ကြီးဌာနသမိုင်းအကျဉ်းချုပ်၊** ၈၁ ၉

အနှစ်ချုပ်စာ နေထိုင်သွားကြသည်။ မြန်မာ့ပရဆေးပင်များမှ ခေတ်မီဆေးများ ဖော်စပ်နိုင်ခြင်းဖြင့် နိုင်ငံခြားသုံးငွေ ချွေတာနိုင်ရန် သမားရိုးကျ အစဉ်အလာဆေးများကို ခေတ်မီနည်းစနစ်ဖြင့် ဖော်ထုတ်နိုင်ရန် ရည်သန်၍ တော်လှန်ရေးကောင်စီ ကာလအတွင်း လက်တွေ့သုတေသန ပရဆေးသုတေသနဌာနခွဲမှ သုတေသနပြုလုပ် စမ်းသပ်သည်။

ထိုသို့သုတေသနပြုလုပ် စမ်းသပ်အောင်မြင်သော ဆေးတစ်လက်မှာ ဝမ်းကိုက်ရောဂါကို ပျောက်ကင်းစေသော လက်ထုတ်ကြီး ဟိုက်ဒရိုကလိုရိုက်ဆေးမှုန့်ဖြစ်သည်။ ရန်ကုန်ဆေးရုံကြီးတွင် လူနာများကို ယင်းဆေးဖြင့် စမ်းသပ်ကုသရာ အောင်မြင်သဖြင့် မြန်မာ့ဆေးဝါးလုပ်ငန်းစက်ရုံအဘွက် ဆေးစုံမ်းကောင်းတစ်လက်ရရှိခဲ့သည်။ ဆက်လက် စမ်းသပ် သုတေသနပြုလုပ်ရာ ဟိုက်ဒရိုကလိုရိုက်နှင့် မရောစပ်ဘဲ လက်ထုတ်ကြီး သက်သက်က ပိုမိုစွမ်းကြောင်း တွေ့ရ၍ ဘီပီအိုင်မှ ဂျယ်လတင်ခွံ (Gelatin Capsules) များတွင် ထည့်သွင်းမ်းသပ်သည်။ အလားတူပင် စိတ်ခံတ်ဖြိမ်ဆေးတွင် ပါဝင်သော ရက်ဆာပင် (Reserpine) ကို ပြည်တွင်းရှိ ဘုမ္မရာဇာအမြစ်မှ ထုတ်ယူနည်းကို ရှာဖွေတွေ့ရှိသဖြင့် ၁၉၆၈ ခုနှစ် မြန်မာနိုင်ငံသုတေသန ဆေးနွေးပွဲသို့ စာတမ်းတင်ပြနိုင်ခဲ့သည်။

အလားတူပင် အစာအာဟာရသုတေသနဌာနခွဲသည် အစာအာဟာရသုတေသနဟူသော နာမည်နှင့်အညီ အစားအစာနှင့် ပတ်သက်၍ ထန်းရည်မှ သကြားပြုလုပ်ခြင်း၊ ထန်းရည်မှ ဝိုင်ပြုလုပ်ခြင်း၊ပဲပုပ်မှနို့ဆီပြုလုပ်ခြင်း၊အစာအာဟာရများ စာရွက်စာတမ်းရန်စမ်းသပ်ခြင်းများ (ဥပမာ - သား၊ ငါး၊ သစ်သီးစသည်တို့ကို စည်သွတ်ခြင်းများ) အစာအာဟာရတို့ကို ဓာတ်ခွဲစမ်းသပ်၍ စံချိန်စံနှုန်း ပြုလုပ်ခြင်းများ စသည်တို့ကို ဆောင်ရွက်ခဲ့သည်။ ၎င်းပြင် ပြည်သူ့ဖစ္စည်း ကော်ပိုရေးရှင်းနှင့် အခြားဌာနများမှ ပေးပို့သော စားကုန် သောက်ကုန်များဖြစ်သည့် ထောပတ်၊ နို့ဆီ၊ စည်သွတ် အစားအစာများ၊ သီးနှံဆီများ၊ ဆီဖတ်များ၊ အရက်များ သစ်သီးဖျော်ရည်များ၊ ကော်ဖီ၊ ဘီစကွတ်မုန့်၊ ဂျုံစသည်တို့ကို ဓာတ်ခွဲပေးခြင်း၊ စမ်းသပ်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

အလားတူပင် အနုမြူဓာတ်အားကို ဆေးဝါးကုသရေး၌ အသုံးပြုရေးကို ရန်ကုန် ပြည်သူ့ဆေးရုံကြီးနှင့် တွဲဖက်၍ လေ့လာကာ အပြည်ပြည်ဆိုင်ရာ အနုမြူဓာတ်အား အေဂျင်စီ

၁။ လက်တွေ့သုတေသနလုပ်ငန်းအပို့ ၁၉၅၅-၇၀ အထိလုပ်ငန်းများမြန်လည်သုံးသပ်ချက်၊စာ ၄

၂။ ၁၉၆၅ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့ သုတေသန လုပ်ငန်းအပို့ စာစောင်၊ စာ ၁၃

အဖွဲ့ချုပ်ကြီး၏ ပစ္စည်းများ၊ ပါရဂူများ ပေးပို့ကူညီမှုဖြင့် ၁၉၆၃ ခုနှစ်မှစတင် ပျိုးဆောင်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့သည်။ သို့ဖြစ်၍ ရန်ကုန်ပြည်သူ့ ဆေးရုံကြီးတွင် အနုမြူရောင်ခြည် ရောဂါရှာဖွေရေးဌာနကို ခေတ်မီစွာ ဆောင်ရွက်နိုင်လေသည်။

ထို့အပြင် ပြည်ထောင်စု မြန်မာနိုင်ငံသည် ဖွဲ့နုဆီထုတ်လုပ်ရာတွင် ရာခိုင်နှုန်းအားဖြင့် ကမ္ဘာ့အရွေ့တန်းသို့ ရောက်ရှိနေရခြင်းမှာ၊ လက်တွေ့သုတေသန လုပ်ငန်းအဖွဲ့၏ ကြိုးပမ်းချက်ဖြင့် ဖွဲ့နုမှ ကောင်းမွန်သော စားသုံးဆီကို ထုတ်လုပ်နိုင်ကြောင်း စမ်းသပ်တွေ့ရှိရသော ကြောင့်ဖြစ်သည်။ မြန်မာ့ ဖွဲ့နုဆီစက်ကြီး စက်ငယ်များသည် နှစ်စဉ်တန်ဖိုး ကျပ်သိန်း တစ်ရာကျော်ရှိသော ဆီများကို နိုင်ငံခြားငွေ သက်သာစေရန် ထုတ်လုပ်နိုင်စွမ်းရှိသည်။ ပြည်တွင်း စားသုံးဆီ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ မြန်မာ့ စက်မှုလုပ်ငန်းတွင် ဖွဲ့နုဆီစက်များ ဘည်ထောင်နိုင်ခဲ့သည်။ ထိုစဉ်က အိန္ဒိယနိုင်ငံတွင်ပင် မြန်မာနိုင်ငံကဲ့သို့ ဖွဲ့နုဆီ ထုတ်လုပ်နိုင်ခြင်း မရှိသေးချေ။ သုတေသန ပြုလုပ်မှု အားနည်း နေသေးသောကြောင့်ဟုဆိုသည်။[၁] တော်လှန်ရေးကောင်စီ အစိုးရလက်ထက် ၁၉၆၈-၆၉ ခုနှစ်အတွင်း ဖွဲ့နုဆီ ထုတ်လုပ်ရာမှ ကျပ်သိန်း ၃၀ အမြတ်ငွေ ရရှိခဲ့သည်။[၂]

စက်မှုကိရိယာဌာနခွဲသည် တပ်မတော် (ရေ) ရေအောက် တိုက်ခိုက်ရေးဘာသာရပ်သင်ကြားရာ၌ အသုံးပြုရန် အထူးစက်ပစ္စည်း ကိရိယာတစ်ခု တီထွင်ပေးရန် တပ်မတော် ရေတပ်မှ ကာကွယ်ရေးဝန်ကြီးဌာနမှတစ်ဆင့်စက်မှုလက်မှုဝန်ကြီးဌာနသို့ ၁၉၆၅ ခု နိုဝင်ဘာလ ၁၀ ရက်နေ့တွင် တောင်းခံချက်အရ၊ စက်မှုလက်မှုဌာန၏ ခွင့်ပြုချက်ဖြင့် ယင်းစီမံကိန်းကို ၁၉၆၆ ခု ဇန်နဝါရီလမှစ၍ ဆောင်ရွက်သည်။

ဘေတ်ခွဲခန်းအဆင့်ဖြင့် ဝါးမှထုတ်လုပ်သော ဂျပ်ထူပြား၏ ဂုဏ်သတ္တိများနှင့် စီးပွားရေး အချက်အလက်များကို ကိုလံဘိုစီမံကိန်းဖြင့် လေ့လာပေးရန် ကနေဒါ အစိုးရအား တော်လှန်ရေး ကောင်စီ အစိုးရက ၁၉၆၂ ခုနှစ်တွင် မေတ္တာ ရပ်ခံခဲ့သည်။ မြန်မာတို့၏ ဝါးမျှင်ကလေး များမှ ဂျပ်ထူပြား ထုတ်လုပ်မှုသည် ကမ္ဘာ့စံချိန်မီသည့် ဂုဏ်သတ္တိများရှိကြောင်း ၁၉၆၃-၆၄ ခုနှစ်အတွင်း ကနေဒါနိုင်ငံ အစိုးရထံမှ ပြန်ကြားချက်ရရှိသည်။

၁။ လက်တွေ့ သုတေသန လုပ်ငန်းအဖွဲ့ ၁၉၅၅-၇၀ အထိ လုပ်ငန်းများ မြန်လည် သုံးသပ်ချက်၊ စာ ၂၆

၂။ မြန်မာ့အလင်းသတင်းစာ၊ ၆ နိုဝင်ဘာ ၁၉၇၀

စက္ကူဝုတ်နှင့် ကောက်ရိုးတို့မှ ကတ်ပြားထုတ်လုပ်ရန် ၁၉၆၂ ခုနှစ်တွင် အသေးစား စက်ငယ်များဖြင့် စမ်းသပ် ထုတ်လုပ်ခဲ့ရာ အောင်မြင်သဖြင့် တစ်နွေလျှင် ကတ်ထူပြား တန်ဝက် ခန့်လုပ်နိုင်သည့် စက်ငယ်ကို စက္ကူနှင့် လျော်မျှင် သုတေသနဌာနခွဲမှ ဗဟိုသမဝါယမအတွက် တည်ဆောက်ခဲ့သည်။ တည်ဆောက်မှုလုပ်ငန်း ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးသောအခါ ဗဟို သမဝါယမကို ဖျက်သိမ်းခဲ့သဖြင့် စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းအဖွဲ့မှ ကတ်ထူပြားစက်ကြီး တည်ဆောက်ရန် စီစဉ်သည်။

သုတေသန စမ်းသပ်လုပ်ဆောင်မှုသည် စက်ခွံလက်တွေ့လုပ်ငန်းကို ရှေးရှုသည်။ သုတေ သနလုပ်ငန်းများ ပိုမိုပြန့်ပွားလာစေရေးအတွက် သုတေသန မဂ္ဂဒြ ညွှန်ကြားရေးအဖွဲ့မှ ကမကထပြုကာ ၁၉၆၆ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံသုတေသန ဆွေးနွေးပွဲများ ပြုလုပ်သည်။ လက်တွေ့ သုတေသနအပွဲ၏ လုပ်ဆောင်ချက်များကို သုတေသန အစီရင်ခံစာများတွင်သာမက သုတေသန စာတမ်းများအဖြစ်လည်း တင်ပြ ဆွေးနွေးနိုင်ခဲ့သည်။

ဆားသည် စားသုံးရန်သာမက စက်မှုလုပ်ငန်း အချို့အတွက်လည်း အရေးတကြီး လိုအပ်သည်။ နိုင်ငံအတွင်း ဆားထုတ်လုပ်နိုင်ရန်လိုသည်။ သမားရိုးကျ ချက်လုပ်နည်းဖြင့် မလုံလောက်တော့ချေ။ ထို့ကြောင့် ရူပဗေဒနှင့် အင်ဂျင်နီယာသုတေသန ဌာနခွဲသည် နေရောင်ခြည် အင်အားဖြင့် နေလှန်းဆားချက်လုပ်ငန်းကို မော်လမြိုင် (ကျိုက္ခမီ)၊ ပုည်မ် (မန်ကျည်းပင်)၊ ကျောက်ဖြူခရိုင် စနဲ့ချာတို့တွင် ၃ နေရာခွဲ၍ စမ်းသပ်ထုတ်လုပ်သည်။ နေလှန်းဆား ချက်လုပ်သူ လုပ်ငန်းရှင်များအား ဗဟုသုတ ပွားပေးရန်လိုသည်။ ထင်းအကုန် သက်သာ၍ စရိတ်နည်းပြီး အမျိုးအစား ပိုမိုကောင်းမွန်သော ဆားရနိုင်ကြောင်း သဘော ပေါက်စေရန် လိုအပ်သည်။ ထို့ကြောင့် ကျိုက္ခမီ၊ သံဖြူဇရပ်တွင် ၁၉၆၆ ခုနှစ် မေလ ၂၀ ရက်နေ့တွင်တစ်ကြိမ်၊ ပုည်မ်ခရိုင် မန်ကျည်းပင်ရွာတွင် ၁၉၆၆ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် တစ်ကြိမ် ဟောပြောပွဲများ ပြုလုပ်ခဲ့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့သုတေသန လုပ်ငန်းအဖွဲ့ရှိ လက်တွေ့ ဓာတုဗေဒ သုတေသန ဌာနခွဲမှ ၁၉၆၄ ခုနှစ်တွင် ပရဆေးဌာနစိတ်နှင့် အစာအာဟာရ ဌာနစိတ်ဟူသည့် ခွဲထွက်၍ ဌာနခွဲများအဖြစ် သတ်မှတ်ပြီး လုပ်ငန်းဆောင်တာများကို သီးခြား ဆောင်ရွက်သည်။

စက္ကူကျောက်သည် အဆောက်အအုံ အဆင်တန်ဆာအဖြစ် လည်းကောင်း၊ ပန်းအိုး ပန်းခွက်၊ ဆေးလိပ်ပြာခွက်၊ စားပွဲတင်စသည့် သုံးကုန်ပစ္စည်းများအဖြစ် လည်းကောင်း

၁။ လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့ ၁၉၅၅ - ၇၀ ထိလုပ်ငန်းများ ပြန်လည်သုံးသပ်ချက်၊ စာ ၁၉၃-၁၈၄

ခေတ်စားလာသည်။ မြန်မာနိုင်ငံတွင် စကျင်ကျောက်တောင်များရှိသည်။ ထိုကျောက်များကို လိုအပ်သလို အသုံးချနိုင်ပါက နိုင်ငံခြားငွေ ရနိုင်သည်။ ပြည်တွင်းသုံးအတွက်လည်း တန်ဖိုးရှိမည်ဖြစ်သည်။ ထို့ကြောင့် အနုမြူဓာတ်အား ဗဟိုသုတေသန ဌာနခွဲအောက်ရှိ အနုမြူဓာတ်အားဆိုင်ရာ ခဏီဇဗေဒ သုတေသန ဌာနစုသည် သံတွဲခရိုင် နေပူတောင် စခန်းသို့ သွားရောက်လေ့လာပြီး ကျောက်ပြားစက်ရုံအတွက် နေပူတောင်မှ ထုံးကျောက် နမူနာများ ယူဆောင်လာပြီး ဓာတ်ခွဲခန်းတွင် စမ်းသပ်ခဲ့သည်။ ထို့ပြင် လွိုင်ကော် ကျောက်ပြားစက်ရုံသို့ သွားရောက်ပြီး နေပူတောင်မှ ကျောက်များကို ဖြတ်တောက်၍ စမ်းသပ်မှုများ ပြုလုပ်ခဲ့ရာ ကျောက်သားကျောက်ပွင့် ကောင်းမွန်သော ကျောက်ပြားများ ထုတ်နိုင်ကြောင်း တွေ့ရှိခဲ့သည်။ ၎င်းဌာနမှပင် မြန်မာနိုင်ငံအတွက် ပုလဲများကို သုတေသနပြုခဲ့ရာ ပုလဲများတွင် အပူရှိန် သတ္တိပြခြင်းနှင့် ဆက်လက်၍ ပုလဲများကို ကောက်ပဲသီးနှံဆီများ ထိတွေ့ခြင်း၌ အရောင်ပြောင်း မပြောင်း သုတေသန ပြုလုပ်ခဲ့ရာ အုန်းဆီ၊ ဖွဲနှဆီ၊ ကြက်ဆူဆီ၊ ဝါစေ့ဆီ၊ လင်ဆေးဆီများတွင် ရက်ခြား၍ စိမ်ထားပြီး သုတေသနပြုလုပ်သည်။ ၁၉၆၆-၆၇ ခုနှစ် စမ်းသပ်တွေ့ရှိချက်အရ ပုလဲများကို ဆီစိမ်သဖြင့် အရောင်ပြောင်းလဲခြင်း အထူးမရှိသော်လည်း အရောင်ပြန်မှိန်မှု အနည်းငယ်ရှိကြောင်း တင်ပြနိုင်ခဲ့သည်။[1]

မြန်မာနိုင်ငံတွင် အစဉ်အလာကပင် စားသုံးဆီအဖြစ် နှမ်းဆီ၊ မြေပဲဆီများကိုသာ အသုံးပြုလာခဲ့သည်။ တိုးတက်လာသော လူဦးရေနှင့် မြင့်မားလာသော လူနေမှု အဆင့် အတန်းတို့ကြောင့် ဆီစားသုံးမှုမှာ တစ်နေ့တခြား ပိုမိုလာသည်။ ပြည်တွင်းထွက် စားသုံးဆီ မလုံလောက်မှုနှင့် ကြုံရသဖြင့် ပြည်ပမှ တင်သွင်း ဝယ်ယူနေရသည်။ နိုင်ငံခြားသုံးငွေ ချေတာနိုင်စေရန် ထိုဟာကွက် ပျောက်ကွက်ကို လက်တွေ့ သုတေသန အဖွဲ့က တတ်နိုင်သမျှ ကူညီဖြေရှင်းပေးသည်။

လက်တွေ့သုတေသနအဖွဲ့သည် စားသုံးဆီ ထုတ်လုပ်နိုင်မည့် ဆီထွက်သီးနှံ အမျိုးမျိုးကို စမ်းသပ်သုတေသနပြုသည်။ ထိုသို့ စမ်းသပ် သုတေသနပြုလုပ်ရာ ဝါစေ့ဆီကို စားသုံးဆီအဖြစ် အသုံးပြုနိုင်ကြောင်း တွေ့ရှိခဲ့သည်။ ယခင်က ဝါစေ့ဆီများကို မထားသိုတတ်၍ အရောင် မကောင်းဘဲ၊ ဂေါ်စီပေါ်(လ်) Gossipol ခေါ် အဆိပ်ဓာတ် ပါရှိသဖြင့် မစားသုံး နိုင်ခဲ့ချေ။ သို့ရာတွင် ၁၉၆၈ ခုနှစ် မြန်မာနိုင်ငံ သုတေသန ဆွေးနွေးပွဲတွင် ဝါစေ့များမှ

၁။ လက်တွေ့သုတေသနအဖွဲ့ ချုပ်အစီရင်ခံစာ၊ ၁၉၆၆-၆၇၊ စာ ၉၂

ကားသုံးဆီ ထုတ်လုပ်နိုင်ပုံကို တင်ပြပြီးနောက်တွင် ကောင်းမွန်သော စားသုံးဆီများကို ဝါစေ့များမှ ထုတ်လုပ်နိုင်သည်။ ခန့်မှန်းခြေအားဖြင့် တစ်နှစ်လျှင် ဆီတန်ချိန် ၂၀၀၀ ကျော် ဖွက်နိုင်၍ ဝါကိုပိုမို စိုက်ပျိုးသည်နှင့်အမျှ ဆီပိုမို ရရှိနိုင်သည်။ ဝါစေ့ဆီကို တစ်ပိဿာလျှင် ၃ကျပ်ဈေးဖြင့် တွက်ပါက တစ်နှစ်လျှင် တန်ဖိုးအားဖြင့် ကျပ် ၄၀ သိန်းခန့် ရရှိနိုင်သည်။[၁]

လက်တွေ့ သုတေသန အဖွဲ့သည် အခါအားလျော်စွာ တိုင်းပြည်အတွက် လိုအပ်သည့် သုတေသန ပြဿနာများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခဲ့ပြီး ပြုပြင်သင့်သည်များကိုလည်း ဆော်နှင့် လျော်ညီစွာ ပြုပြင်ရန် အစဉ်ကြံဆ၍ တင်ပြခဲ့သည်။ သို့အတွက် လက်ရှိအလေးချိန် အတိုင်းအတာ အက်ဥပဒေမှ ခေတ်မမှီတော့သည့် ပြင်ပြပြင်သင့်သည့် အချိန်ရောက်နေပြီဖြစ်ကြောင်း အလေးချိန် အတိုင်းအတာ စံသတ်မှတ်ရေးနှင့် အုပ်ချုပ်မှု လုပ်ငန်းကို စံသတ်မှတ်ရေး ဌာနခွဲကသာ ဦးစီးဦးဆောင်ပြု၍ ဆောင်ရွက်သင့်ကြောင်း စသည်တို့ကို ၁၉၆၄ ခုနှစ် မတ်လတွင် ကွင်းပခဲ့သော (၇) ကြိမ်မြောက် စံသတ်မှတ်ရေး ဒီဗီဇံ အစည်းအဝေးက ဆုံးဖြတ်ခဲ့သည်။ အလေးချိန် အတိုင်းအတာ အက်ဥပဒေသစ် မူကြမ်းကိုလည်း ရေးဆွဲခဲ့သည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်နှင့် မကိုက်ညီတော့သော အက်ဥပဒေများ၊ ခေတ်မမီတော့သည့် ဥပဒေများ ဖျက်သိမ်းရေး ကိစ္စနှင့် ပတ်သက်၍လည်းကောင်း၊ အလေးချိန် အတိုင်းအတာ အက်ဥပဒေ ဟောင်းကို ပယ်ဖျက်၍ အသစ်နှင့် အစားထိုးသင့်ကြောင်းကိုလည်းကောင်း ပြည်ထဲရေးဌာနသို့ ထင်ပြခဲ့သည်။[၂]

လက်တွေ့သုတေသနအဖွဲ့သည် အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ရေး အသင်းကြီး (I.S.O) တွင် ရှစ် နှစ်တာမျှ အသင်းဝင်အဖြစ် တည်ရှိခဲ့ပြီးနောက် ၁၉၆၅ ခု ဇန်နဝါရီလမှ စတင်၍ စက်မှုလက်မှု ဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ နုတ်ထွက်ခဲ့သည်။ ဤသို့နုတ်ထွက်ခဲ့ပြီးနောက်ပိုင်းတွင် အသင်းဝင် နိုင်ငံအချင်းချင်း ဖလှယ်နေသော နိုင်ငံခြား စံချိန်စံညွှန်းများ ဆက်လက် မရရှိတော့ပေ။ အစိုးရ ဌာနအသီးသီးနှင့် စက်ရုံအလုပ်ရှင်များမှ လိုအပ်သော စံချိန်စံညွှန်းများ အလွယ်တကူ မရနိုင်သောကြောင့် အခက်အခဲ အမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရသည်။ ထို့ပြင် စံသတ်မှတ်ရေး လုပ်ငန်းများအတွက် မှီငြမ်းပြုရန် စာအုပ်စာတမ်း မစုံလင်သဖြင့် လုပ်ငန်းထိခိုက်သည့် အခြေသို့ ရောက်ခဲ့သည်။

၁။ လက်တွေ့ သုတေသနလုပ်ငန်းအဖွဲ့ ၁၉၇၅-၇၀ အထိ လုပ်ငန်းများပြန်လည်သုံးသပ်ချက်၊ စာ ၂၇

၂။ လက်တွေ့ သုတေသနလုပ်ငန်းအဖွဲ့ ၁၉၇၅-၇၀ အထိ လုပ်ငန်းများပြန်လည်သုံးသပ်ချက်၊ စာ ၁၀၂-၁၀၃

ဤသို့အခြေမျိုး ရောက်ရှိခဲ့သည့်အတွက် အသင်းကြီးသို့ ပြန်လည်ဝင်ရောက်ခွင့် ရရှိရေးကို အဖွဲ့၏ အကြံပေးအဖွဲ့ ဥက္ကဋ္ဌမှ သီးသန့် အစီရင်ခံစာကို ၁၉၆၇ ခု ဇန်နဝါရီလ ၂၅ ရက်နေ့တွင် စက်မှုလက်မှု ဝန်ကြီးဌာနသို့ ထပ်မံတင်ပြခဲ့သည်။ စက်မှုလက်မှု ဝန်ကြီးဌာန အတွင်းဒုရုံးခန့်၌ အဆိုပါကိစ္စနှင့် ပတ်သက်၍ ၁၉၆၉ ခု မတ်လတွင် ကျင်းပသော အစည်းအဝေး၌ တင်ပြဆွေးနွေးခဲ့ပြီး အဆိုပါ (I.S.O) အသင်းကြီးသို့ ပြန်လည်ဝင်ရောက်သင့်ကြောင်း ဆုံးဖြတ်ခဲ့သည်။

သုတေသန လုပ်ငန်းရပ်များ ပြုလုပ်ရာတွင် မိုဘြမ်းကိုးကားရန် စာအုပ်စာတမ်း စုံလင်မှုကို ရှိနိုင်သမျှရှိအောင် စုဆောင်းထားရန် လိုအပ်သည့်အလျောက် စာကြည့်တိုက် ဌာနစိတ်ဟူ၍ ထားရှိခဲ့ပြီး စာကြည့်လုပ်ငန်းကို အခါအားလျော်စွာ ဆောင်ရွက်ခဲ့သည်။ သို့အတွက် ယင်းလုပ်ငန်း စတင်တည်ထောင်သည့်နှစ်တွင် စာအုပ်ပေါင်း ၁၅၀ ခန့်သာရှိပြီး စာနယ်ဇင်း အမျိုးပေါင်း ၂၀ နှင့် စာဆောင်ငယ်ပေါင်း ၂၁၀ ခန့်သာရှိသည်။ ထိုသို့ စုဆောင်းခဲ့ရာမှ ၁၉၇၀ ပြည့်နှစ်တွင် စာအုပ်ပေါင်း ၇၆၄၄ အုပ်ဝယ်ယူခဲ့သည်။ စာနယ်ဇင်း အမျိုးပေါင်း ၄၅၀၊ လက်ဆောင်ရသည့် စာနယ်ဇင်း အမျိုးပေါင်း ၈၁၊ လဲလှယ်သည့် စာနယ်ဇင်း အမျိုးပေါင်း ၉၀၊ စာဆောင်ငယ်ပေါင်း ၃၀၀၀ ခန့်နှင့် အသိုင်းအဝိုင်း အပြည့်ပြည်မှ အစီရင်ခံစာပေါင်း ၁၀၀၀ ခန့်အထိ စုဆောင်းနိုင်ခဲ့သည့် အခြေသို့ ရောက်ခဲ့သည်။

ထို့ပြင် စာနယ်ဇင်း လဲလှယ်ရေးဌာနဒိတ်ကိုလည်း ၁၉၆၈ ခု မေလတွင် စတင်ဖွင့်လှစ်ခဲ့သည်။ မြန်မာနိုင်ငံမှ ထုတ်ဝေသည့် Union of Burma Journal of Life Science နှင့် Union of Burma Journal of Science and Technology များနှင့် နိုင်ငံခြားတိုင်းပြည် အသီးသီးရှိ အဖွဲ့အစည်းပေါင်း ၁၇၄ ခုမှ ထုတ်ဝေသော စာနယ်ဇင်းများကို လဲလှယ်ခဲ့သည်။[၂]

လက်တွေ့သုတေသနအဖွဲ့မှ ၁၉၅၈ ခု အမျိုးသား သုတေသန ဗီမံကိန်းကို အကောင်အထည်ဖော်ရာ၌ အထူးလိုအပ်သည့် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ သိပ္ပံနှင့် စက်မှုဆိုင်ရာ စာနယ်ဇင်းများကို စာရင်းကောက်ယူ ပြုစု၍ ထုတ်ဝေခဲ့သည့်ပြင် ၁၉၆၈ ခုနှစ် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌရုံးမှ တောင်းဆိုလာသည့် စုပေါင်း စာနယ်ဇင်း ကက်တလောက်ကို ပြုစုပေးခဲ့သည်။

၁။ လက်တွေ့သုတေသန လုပ်ငန်းအဖွဲ့ ၁၉၅၅-၇၀ အထိ လုပ်ငန်းများပြန်လည်သုံးသပ်ချက်၊ စာ ၁၀၀-၁၀၁

၂။ လက်တွေ့သုတေသန လုပ်ငန်းအဖွဲ့ ၁၉၅၅-၇၀ အထိ လုပ်ငန်းများပြန်လည်သုံးသပ်ချက်၊ စာ ၅၂၅

နိုင်ငံတော် စက်မှုလုပ်ငန်းများ ထူထောင်ရေးနှင့် ဆက်စပ်လျက်ရှိသော လက်တွေ့သုတေသန လုပ်ငန်းအဖွဲ့တွင် လုပ်ငန်းအမျိုးမျိုးအလိုက် ဌာနခွဲ အမျိုးမျိုးရှိသည်။ ထို့အတူ အရာထမ်း၊ အမှုထမ်းများတွင် ဘာသာရပ် ကျွမ်းကျင်မှု အမျိုးမျိုးရှိသည်။ ထိုအရာထမ်း အမှုထမ်းများကို ကျွမ်းကျင်မှုအလိုက် ခွဲခြင့်နိုင်ရန် အခြေအနေ အရပ်ရပ်ကို ပြန်လည် သုံးသပ်၍ ၁၉၆၄ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းခွင့်ကို ဝန်ကြီးဌာနသို့ တင်ပြသည်။ ထိုတင်ပြချက်ကို စက်မှုလက်မှဌာနက ၁၉၆၄ ခု ဧပြီလ ၂၄ ရက်နေ့တွင် အတည်ပြုခဲ့သဖြင့် အရာထမ်း ခွင့်ပြုဦးရေ ဂ၂ ဦးနှင့် အမှုထမ်းဦးရေ ၂၆၂ ဦး ပေါင်း ၃၄၄ ဦးရှိသည်။ ၁၉၆၅-၆၆ ခုနှစ်တွင် အကောက်ခွန်ဌာန၊ ဓာတ်ခဲခန်း အမှုထမ်းအားလုံး (အရာထမ်း ၁ ဦးနှင့် အမှုထမ်း ၁၀ ဦး)ကို သုတေသနအဖွဲ့သို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက လွှဲပြောင်းပေးသည့်အတွက် အရာထမ်း ၈၃ ဦး၊ အမှုထမ်း ၂၇၂ ဦး၊ စုစုပေါင်း ၃၅၅ ဦးဖြစ်လာသည်။ ၁၉၆၉-၇၀ ခုနှစ်တွင် အရာထမ်း ၈၂ ဦးမှ ဆရာဝန်ရာထူးကို ကျန်းမာရေး ဝန်ကြီးဌာနသို့ လည်းကောင်း၊ အမှုထမ်း ၂၇၂ ဦးမှ ဆေးခန်းဝန်ထမ်း ၁ ဦးကို ကျန်းမာရေးဌာနသို့ လည်းကောင်း လွှဲပြောင်းပေးခဲ့သည့် အတွက် ဝန်ထမ်းဦးရေ ၃၅၃ ဦးရှိသည်။

လက်တွေ့သုတေသနလုပ်ငန်းသည် စက်မှုလုပ်ငန်းများ ထိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်ရန် ခေတ်မီအဆင့်အတန်းရှိသော ဓာတ်ခွဲခန်းကောင်းများ အထူးလိုအပ်သည်။ ထို့ကြောင့် ၁၉၆၁-၆၂ ခုနှစ်ကစ၍ အထူးဓာတ်စမ်းခန်း အဆောက်အအုံကို ဌေရင်းမြှုပ်နှံ၍ ဆောက်လုပ်ခဲ့သည်။ ထိုအထူး ဓာတ်စမ်းခန်း သုံးထပ်အဆောက်အအုံမှ လိုအပ်သော စက်မှုအကျိုးပြုလုပ်ငန်း အမျိုးမျိုးကို စမ်းသပ် လုပ်ဆောင်ပေးခြင်းဖြင့် တော်လှန်ရေးကောင်စီ အစိုးရ လက်ထက် နိုင်ငံတော် စက်မှုလုပ်ငန်းများ တိုးတက်ကြီးထွားအောင်မြင်ရေးကို တစ်တပ်တစ်အား ပါဝင်ကြိုးပမ်းခဲ့သည်။

မြန်မာ့ရေနံလုပ်ငန်းဓကာပိုရေးရှင်း

မြန်မာ့ရေနံလုပ်ငန်း ကော်ပိုရေးရှင်းသည် နိုင်ငံစက်မှုထူထောင်ရေးကို တစ်ခန်းတစ်ကဏ္ဍ ထောက်ကူပံ့ပိုးပေသည်။ စက်ရုံကြီးငယ်များ ချောမောစွာ လည်နိုင်ရန် စက်အားသုံးဆီ အမျိုးမျိုးလိုသည်။ ပြည်သူလူထုအတွက် ကူးသန်းသွားလာရေး၊ စက်ရုံအလုပ်ရုံများမှ ကုန်ကြမ်းကုန်ချောများ သယ်ယူပို့ဆောင်ရေးတို့အတွက် ဆိုင်ရာ မော်တော်ယာဉ်ဆီ၊ လေယာဉ်ဆီများလိုသည်။ ထို့ပြင် အခြား စက်သုံးဆီ အမျိုးမျိုးလည်း လိုအပ်သည်။ ထိုစက်အားသုံးဆီအမျိုးမျိုးကို မြန်မာ့ရေနံလုပ်ငန်း ဓကာပိုရေးရှင်းမှ ရှာဖွေ တူးဖော် ထုတ်လုပ်ပေးရသည်။

ထို့ကြောင့် နိုင်ငံအတွင်း ရေနံတွင်းသစ်များ ရှာဖွေရေး၊ တူးဖော်ရေး၊ ချက်လုပ်ရေး လုပ်ငန်းသည် စက်မှု ထူထောင်ရေး တိုးမြှင့်လုပ်ဆောင်သည်နှင့်အမျှ အရှိန်အဟုန် တိုးကာ ကြီးပမ်းလုပ်ဆောင်ရန် လိုလေသည်။ ၁၉၆၂ ခုနှစ်တွင် တက်လာသော တော်လှန်ရေး ကောင်စီအစိုးရသည် ထိုကိစ္စကို မျက်ခြည်ပြတ်မခံဘဲ စွမ်းစွမ်းတမံ ကြိုးပမ်းလုပ်ဆောင်သည်။

ရေနံနှင့် စက်အားသုံးဆီ အမျိုးမျိုး ထုတ်လုပ်ရန် တော်လှန်ရေး အစိုးရသည် ပဉ္စလိကပိုင် ရေနံလုပ်ငန်းများနှင့် ဘီအိုဗီ (၁၉၅၄) လီမိတက် ဖက်စပ်ကုမ္ပဏီတွင် နိုင်ငံခြား အရင်းရှင်တို့၏ လက်ဝယ် ကျန်ရှိနေသေးသော ၄၉ ရာခိုင်နှုန်း အစုရှယ်ယာများကို လည်းကောင်း၊ ဘီအိုဗီ (အီတလီ) လီမိတက်နှင့် အိုင်ဘီပီ ကုမ္ပဏီတို့၏ ပစ္စည်းများကို လည်းကောင်း ကျပ် ၆၂၅ သိန်းဖြင့် အပြီးအပြတ် ဝယ်ယူကာ ၁၉၆၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ပြည်သူ့ရေနံလုပ်ငန်းအဖြစ် ဖွဲ့စည်းခဲ့ပြီး ရေနံနှင့် ရေနံမှထွက်သော ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်သည်။

ပြည်သူ့ရေနံလုပ်ငန်းသည် ၁၉၆၃ ခုနှစ်တွင် ကွင်းဆင်း ဘူမိဗေဒ လေ့လာခြင်းဖြင့် လည်းကောင်း၊ ဘူမိဗေဒနည်းနှင့် အစမ်းရေနံတွင်း တူးဖော်နည်းတို့ဖြင့် လည်းကောင်း ရေနံထွက်သည့် ဒေသသစ်များသို့ စူးစမ်းရှာဖွေ လေ့လာခဲ့သည်။

ကွင်းဆင်း အဖွဲ့များသည် ၃၂ လကြာမျှ စူးစမ်းရှာဖွေခဲ့သည်။ ရှာဖွေစမ်းသပ်ခဲ့သည့် ဒေသများမှာ ရခိုင်ရိုးမတောင်ခြေ၊ သရက်၊ ဘီးလင်း၊ ဂန့်ဂေါ၊ ရွှေဘိုဒေသတောင်များ၊ အင်းတော်၊ မုံရွာ၊ ရွှေဘို၊ ချောက်၊ ရေနံချောင်း၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်းဒေသနှင့် ပဲခူးရိုးမ ပုဂံတောင်ဒေသများဖြစ်သည်။ စုစုပေါင်းမိုင် ၃၉၇.၃၉ ကို ဘူမိဗေဒနည်းဖြင့် လည်းကောင်း၊ အလျင်တိုင်းတာမှုဖြင့် လည်းကောင်း စူးစမ်းလေ့လာသည်။ မြန်မာပြည် အလယ်ပိုင်းနှင့် အထက်ပိုင်း ဒေသများ၌ ၁၉၆၃ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလထိ စုစုပေါင်း ကျပ် ၁၈.၂၃ သန်းကို အစမ်းရေနံတွင်းတူးဖော်ရာ၌ သုံးစွဲခဲ့သည်။

ထို့ပြင် တွင်းနက် တူးရာတွင် အသုံးပြုသော နေရှင်နယ် ၈၀ ဘီ စက် ၂ လုံးဖြင့် ၁၉၆၃ ခုနှစ်အတွင်း အစမ်းရေနံတွင်း ၅ တွင်းကို တူးဖော်ခဲ့ရာ စုစုပေါင်း ပေအနက် ၄၆၄၁၆ ပေရှိသည်။ ချောက်နှင့် ရေနံချောင်း ဒေသတွင် အစမ်းတွင်းများ တူးဖော်ခဲ့ရာ ၁၉၆၃ ခုနှစ်အတွင်း ပေပေါင်း ၂၂၈၉၆ ပေတူးခဲ့သည်။[၂]

၁။ **တော်လှန်ရေးကောင်စီ လုပ်ဆောင်ချက်၊** စာ ၄၈၂-၈၇

၂။ **ပြည်ထောင်စု မြန်မာနိုင်ငံ၏ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊** စာ ၁၆၀

တော်လှန်ရေးကောင်စီ တက်စကာလဖြစ်သော ၁၉၆၁-၆၂ ခုနှစ်မှ အစပြု၍ ပြည်သူ့ ရေနံလုပ်ငန်းမှ ထုတ်လုပ်ခဲ့သော ရေနံစိမ်း၊ ဓာတ်ဆီ၊ ရေနံဆီနှင့် အခြားစက်ဆီများမှာ အောက်ပါအတိုင်းဖြစ်သည်။[၁]

(ဂါလန်ထောင်ပေါင်း)

နှစ်		ရေနံစိမ်း	ဓာဘ်ဆီ	ရေနံဆီ	အခြားစက်ဆီများ
၁၉၆၁-၆၂	....	၁၅၃၃၀၉	၄၅၀၇၄	၂၅၁၁၁	၃၉၃၇၀
၁၉၆၂-၆၃	....	၁၆၁၀၄၇	၄၃၇၃၁	၂၇၀၆၀	၄၃၉၂၆
၁၉၆၂-၆၃ ပထမနှစ်ဝက်	....	၇၅၇၀၄	၂၂၁၁၀	၁၃၃၇၇	၂၂၀၄၇
၁၉၆၃-၆၄ ပထမနှစ်ဝက်	....	၈၁၁၉၇	၂၁၀၄၆	၁၆၆၀၅	၂၄၂၁၅

အထက်ပါဇယားအရ ရေနံစိမ်း အထွက်သည် ၁၉၆၂-၆၃ ခုနှစ်တွင် ၁၉၆၁-၆၂ ခုနှစ်ထက် ၅.၀၀ ရာခိုင်နှုန်းနှင့် ၁၉၆၃-၆၄ ခုနှစ် ပထမနှစ်ဝက်တွင် ၁၉၆၂-၆၃ ခုနှစ် ပထမနှစ်ဝက်ထက် ၇.၁၆ ရာခိုင်နှုန်း ပိုမိုလာကြောင်း တွေ့ရှိရသည်။ စက်ဆီများ ထုတ်လုပ်နိုင်မှုတွင်လည်း တိုးတက်လာသည်။ ၁၉၆၂-၆၃ ခုနှစ်တွင် စက်ဆီအမျိုးမျိုး ဂါလန်ထောင်ပေါင်း ၄၃၉၂၆ ထုတ်လုပ်ရာမှ ၁၉၆၃-၆၄ ခု ပထမနှစ်ဝက်တွင် ဂါလန်ထောင်ပေါင်း ၂၄၂၁၅ ထုတ်လုပ်နိုင်သည်။ ထိုနှစ်များ၏ ပထမနှစ်ဝက် ထုတ်လုပ်နိုင်ခြင်းတွင်ပင် တိုးတက်မှုကို မြင်သာသည်။

တော်လှန်ရေး ကောင်စီလက်ထက် ၁၉၆၃ ခုနှစ်တွင် သန်လျင်မြို့၌ ရေနံချက် စက်ရုံသစ် တစ်ခု ဆောက်လုပ်ပြီးစီးသည်။ သန်လျင် ရေနံချက်စက်ရုံ၏ ထုတ်လုပ်စွမ်းအားမှာ တစ်နေ့လျှင် ဂါလန်ထောင်ပေါင်း ၇၀၀၀၀၀ အထိ တိုးမြင့်သွားပေသည်။

သန်လျင်မြို့နှင့် ချောက်မြို့တို့တွင်ရှိသော ရေနံချက်စက်ရုံများမှ ရေနံစိမ်းနှင့် ရေနံထွက် ပစ္စည်းအမျိုးမျိုး ထုတ်လုပ်သည်။ ရေနံထွက် ပစ္စည်းများတွင် ရေနံအညှစ်အနှစ်နှင့် ဖယောင်းကို ချန်လှပ်၍ ၁၃ မျိုးရှိသည်။ ထိုရေနံထွက် ပစ္စည်းများသည် ယာဉ်နှင့် စက်အမျိုးမျိုးသုံး ဆီများဖြစ်ကြသည်။ ၁၉၆၁-၆၂ ခုနှစ်မှ ၁၉၆၃-၆၄ ခု၊ ပထမနှစ်ဝက်အတွင်း ထုတ်လုပ်မှုမှာ

၁။ မြည်ထောင်စု မြန်မာနိုင်ငံ၏ စီးပွားရေး စစ်တမ်း၊ ၁၉၆၄၊ စာ ၂၁

အောက်ပါအတိုင်း ဖြစ်သည်။ တိုးတက်မှုကို မြင်သာစေရန် ၁၉၆၂-၆၃ ပထမနှစ်ဝက်နှင့် ၁၉၆၃-၆၄ ခု ပထမနှစ်ဝက်တို့ကို နှိုင်းယှဉ် ဖော်ပြထားသည်။[၁]

(ဂါလန်ထောင်ပေါင်း)

ပန္နဲ့သည်းအမျိုးအမည်	၁၉၆၁-၆၂	၁၉၆၂-၆၃	၁၉၆၂-၆၃ (ပထမနှစ်ဝက်)	၁၉၆၃-၆၄
ရေနံထွက်ပစ္စည်းများ	၅၃	၇၄	၄၂	၁၄
ပီးအက်(စ်)ယူးအယ်လ်နှင့် ဘန်ဇင်း				
ဓာတ်ဆီ	၄၅၆၄၅	၄၃၄၀၈	၂၁၉၉၃	၂၀၇၃
လေယာဉ်ပျံဆီ	၅၈၆၀	၅၈၇၇	၃၀၆၂	၂၄၄၉
ရေနံဆီအကောင်းစား	၁၉၀၂၂	၂၂၉၄၄	၁၀၈၉၈	၁၄၀၀၂
ဒီဇယ်ဆီ(အမြန်)	၃၁၈၅၁	၃၃၈၃၄	၁၇၈၄၁	၁၉၂၅၁
ဒီဇယ်စက်ဆီ(အနှေး)	၃၅၉၁	၄၆၅၈	၂၃၉၅	၁၁၄၉
မီးထိုးဆီ	၁၄၆၇၅	၁၇၂၇၈	၅၄၆၈	၁၁၈၃၀
ရေနံချေး	၂၆၀	၅၀၅	၂၇၈	၂၇၂
တွင်းထွက်တာပင်တိုင်ဆီ	၈၆	၁၀၃	၆၁	၆၉
ခြင်္သတ်ဆီ	၁၀၉	၁၃၂	၇၀	၆
လျှော်ချွတ်ဆီ	၁၂၂	၂၂၅	၁၄၇	၁၆၈
ဓာတ်ငွေ	၂၄၃၂	၂၄၅၂	၁၁၉၉	၁၁၈၆
ရေနံထွက်မီးသွေး(တန်ချိန်)	၉၇၆၂	၁၁၈၅၅	၅၅၅၅	၅၀၈၂

ဓာတ်ဆီ၊ လေယာဉ်ဆီ၊ ရေနံဆီ တို့သည်လည်း စက်အားသုံးဆီများတွင် ပါဝင်သည်။ ဒီဇယ်ဆီသည်လည်း ယာဉ်များ စက်များ မောင်းနှင်းရာ၌ အရေးပါလှသည်။ စက်ရုံကြီးငယ်များသို့ လျှပ်စစ်ဓာတ်အားပေးပို့ရန် လျှပ်စစ်ဓာတ်အားစက် အများကို ဒီဇယ်နှင့်မောင်းရသည်။ ရေအား လျှပ်စစ်မရနိုင်သည့် နေရာများတွင်လည်းကောင်း၊ ပင်မ လျှပ်စစ်လိုင်းနှင့် အလှမ်းဝေးသည့် နေရာများတွင် လည်းကောင်း လျှပ်စစ်မီးစက်များ မောင်းရန် ဒီဇယ်ဆီ လိုလေသည်။ ဒီဇယ်ဆီ ထုတ်လုပ်နိုင်မှု၏ အရေးပါပုံမှာ မသေးလှချေ။ ၁၉၆၂ ခုနှစ်က မီးထိုးဆီ ၁၂၂၅၉၀၀၀ ဂါလန် ထုတ်လုပ်နိုင်ခဲ့သည်။

၁။ ပြည်ထောင်စု မြန်မာနိုင်ငံ၏ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊ စာ ၂၉

မြန်မာနိုင်ငံတွင်းရှိ စက်မှုလုပ်ငန်း ကြီးငယ်များအတွက် လိုအပ်သော ဓာတ်ဆီ၊ ရေနံဆီ နှင့်အခြား စက်ဆီ အမျိုးမျိုးသည် ပြည်တွင်းထုတ်လုပ်နိုင်မှုထက် များစွာပိုသည်။ထို့ကြောင့် ပြည်ပမှလည်း မှာယူဝင်သွင်းရသည်။ စက်အားဆုံးဆီများအနက် ဓာတ်ဆီသုံးစွဲမှုသည် ၁၉၆၁-၆၂ ခုနှစ်က ပြည်တွင်းထွက် စုစုပေါင်း၏ ၉၂.၉၁ ရာခိုင်နှုန်းရှိရှိ ၁၉၆၂-၆၃ ခုနှင်တွင် ၉၁.၇၄ ရာခိုင်နှုန်း ရှိသည်။ ရေနံဆီ သုံးစွဲမှုမှာ ၁၉၆၁-၆၂ ခုနှစ်က ပြည်တွင်းထွက်စုစုပေါင်း၏ ၈၁.၁၆ ရာခိုင်နှုန်း၊ ၁၉၆၂-၆၃ ခုနှစ်က ၈၉.၀၀ ရာခိုင်နှုန်းရှိသည်။ အခြား စက်ဆီများသုံးစွဲမှုမှာ ၁၉၆၁-၆၂ ခုနှစ်က ပြည်တွင်းထွက် စုစုပေါင်း၏ ၈၈.၃၆ ရာခိုင်နှုန်း၊ ၁၉၆၂-၆၃ ခုနှစ်တွင် ၇၇.၅၅ ရာခိုင်နှုန်းနှင့် ၁၉၆၃-၆၄ ခု ပထမနှစ်ဝက်တွင် ၇၄.၄၅ ရာခိုင်နှုန်း ရှိသည်။[၁]

ချောက်မြို့နှင့် သန်လျင်မြို့ရှိ ရေနံချက် စက်ရုံများမှ ၁၉၆၂-၆၃ ခုနှစ် ရေနံစိမ်းဂါလန် အထွက် သန်းပေါင်း ၁၄၈ သို့မဟုတ် ရေနံချက် စွမ်းအား ပမာဏ၏ ၄၅.၉၆ ရာခိုင်နှုန်းကို ချက်လုပ်နိုင်ခဲ့သည်။ ၁၉၆၃-၆၄ ခုနှစ် ပထမနှစ်ဝက်တွင် ချက်လုပ်မှုသည် ၁၉၆၂-၆၃ ခုနှစ် ပထမနှစ်ဝက်ထက် ၁၅ ရာခိုင်နှုန်း ပိုမိုလာသည်။[၂]

တော်လှန်ရေးကောင်စီ အစိုးရတက်လာပြီးနောက် လောင်စာအတွက် လိုအပ်သော ရေနံနှင့် သဘာဝ ဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်းနှင့် ရေနံထွက် ကုန်ပစ္စည်း သိုလှောင် ဖြန့်ဖြူးခြင်း စသည်တို့ကို စီမံကိန်းဖြင့် အဆင့်ဆင့် တိုးချဲ့ ဆောင်ရွက်သည်။ ဤသို့ ဆောင်ရွက်ခဲ့သည့်အပိုင်း ၁၉၆၂ ခုနှစ်တွင် အရာတော် သဘာဝဓာတ်ငွေ့မြေကို တွေ့ရှိခဲ့သည်။ ထို့ပြင် ၁၉၆၃ ခုနှစ်တွင် သန်လျင် ရေနံချက်စက်ရုံ၌ တစ်နေ့လျှင် ရေနံစိမ်း ဂါလန် ၅ သိန်း ချက်လုပ်နိုင်သော ပေါင်းတင်စက်ရုံကို စတင် ချက်လုပ်သည်၊ ၁၉၆၄ ခုနှစ်တွင် မြန်အောင် ရေနံမြေသစ်ကို တွေ့ရှိခဲ့သည်။ ယင်းနှစ်တွင်ပင် တိုင်းရင်းသား ဘူမိဗေဒ ပညာရှင်များ ပါဝင်သည့် ဘူမိရူပဗေဒ တိုင်းတာရေး အဖွဲ့များ ဖွဲ့စည်းသည်။ ၁၉၆၅ ခုနှစ်တွင် ပြည်တောင်တန်း ရေနံမြေသစ်ကို တွေ့ရှိခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် မြန်မာ့ကမ်းလွန် ပင်လယ်ပြင်၌ အဏ္ဏဝါ ဆိုက်စမစ် တိုင်းတာရေး လုပ်ငန်းများ စတင် ဆောင်ရွက်သည်။ ၁၉၆၇ ခုနှစ်တွင် ရွှေပြည်သာ သဘာဝ ဓာတ်ငွေ့မြေကို တွေ့ရှိခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် မန္တလေး ချော်ဆိပ်၌ ရေနံပစ္စည်း သိုလှောင် ဖြန့်ဖြူးရေးဌာနခွဲကို တည်ဆောက်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် နက်ဖ်သာရေနံမီးသွေး ပြည်ပသို့ စတင်ရောင်းချ နိုင်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ချောက်ရေနံမြေမှ စလေ

၁။ ရသုံးမှန်းခြေ ဌေစာရင်း၊ ၁၉၆၃-၆၄၊ စာ ၃၀
၂။ စီးပွားရေးစစ်တမး၊ ၁၉၆၄၊ စာ ၂၈

ဓာတ်မြေဩဇာ စက်ရုံသို့ သဘာဝ ဓာတ်ငွေ့ ပို့ပေးနိုင်ခဲ့သည်။ ယင်းနှစ်တွင်ပင် ပုသိမ်၌ ရေနံပစ္စည်းသိုလှောင်ဖြန့်ဖြူးရေး ဌာနခွဲ တည်ဆောက်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ဂျက်လေယာဉ်ဆီ ဂဝ/ဂ၇ ကိုပြည်တွင်း၌ ချက်လုပ်ဖြန့်ဖြူးပြီး ထိုနှစ်တွင်ပင် ကမ်းလွန်ပင်လယ်ပြင် ရေနံအစိမ်းတွင်းအမှတ် (၃) ၌ ရေနံနှင့် ဓာတ်ငွေ့ကြောကွေ့ရှိသည်။ သို့သော် ယင်းနေရာသည် မီးလောင်ပေါက်ကွဲ ပျက်စီး သွားသည်။[၁]

သဘာဝဓာတ်ငွေ့ ရှာဖွေ တူးဖော်ထုတ်လုပ်နိုင်မှုသည် စက်မှုလုပ်ငန်းများ တိုးတက်ရေးကို များစွာ အထောက်အကူ ဖြစ်စေခဲ့သည်။ သဘာဝဓာတ်ငွေ့သည် စက်ရုံ အသီးသီးတွင် လောင်စာအဖြစ် အသုံးပြုနိုင်သဖြင့် စက်ရုံများအတွက် လောင်စာဆီ လိုအပ်ချက်ကို တစ်ဘက်တစ်လမ်းမှ ဖြည့်ဆည်းပေးသည်။ ဓာတ်ငွေ့များကို နေရာ အနှံ့အပြားတွင် အများအပြား တွေ့ရှိရရာ စက်ရုံကြီးငယ်များ လွယ်ကူစွာ လည်ပတ်ရေးအတွက် အလားအလာကောင်းလှသည်။ ထို့ပြင် သဘာဝ ဓာတ်ငွေ့သည် ဓာတ်မြေဩဇာ ထုတ်လုပ်ရေးတွင်လည်း အရေးပါလှသည်။

သန်လျင် ရေနံချက် စက်ရုံသည် ချောက် စက်ရုံထက်ကြီးသည်။ ၎င်းစက်ရုံတွင် စုစုပေါင်း တစ်နေ့လျှင် ရေနံဂါလန်ပေါင်း ၇ သိန်းထိချက်နိုင်သည့် ရေနံချက်စက်သစ်နှင့် စက်ဟောင်း၊ ဂျက်လေယာဉ်ဆီချက်စက်၊ ရေနံမီးသွေးချက်စက်၊ ဆီပါးပြန်လည်ချက်လုပ်သည့်စက်၊ ဆီမည်းရောစပ်ဌာန၊ ရေနံချက်စက် ဓာတ်ခွဲရုံ၊ သုတေသန ဓာတ်ခွဲရုံ၊ရေနံနှင့် ရေနံပစ္စည်း သိုလှောင်ရေးနှင့် ဆီတင်ဆီချဌာန၊ ဓာတ်အားပေး စက်ရုံနှင့် ရေငွေ့ငွေစက်ရုံ၊ စက်မှု အလုပ်ရုံနှင့် အောက်စီဂျင်စက်၊ သံစည်လုပ်စက်ရုံ၊ ဖယောင်းတိုင် အလုပ်ရုံ၊ သဘော်ကျင်းဌာန၊ မော်တော်ယာဉ်ဌာနနှင့် မီးသတ်ဌာန စသည်တို့ ရှိသည်။

ယခင်က သန်လျင် ရေနံချက်စက်ရုံတွင် ချောက်၊ ရေနံချောင်း ရေနံမြေတို့မှ ရေနံကို တွန်းသဘော်ဖြင့် သယ်ဆောင်ကာ ချက်လုပ်ပေးသည်။ ပြည်တွင်း ရေနံထွက်ကုန် အသုံးပို့မှုလာခြင်း၊ ပြည်တွင်းမှ ရေနံ လိုအပ်သလောက် မရခြင်းကြောင့် ရေနံကို ပြည်ပမှ တင်သွင်း ချက်လုပ်ခဲ့သည်။ သန်လျင်ရေနံချက်စက်ရုံတွင် ပြည်ဘွင်းမှ ထွက်သော ရေနံနှင့် အင်ဒိုနီးရှား၊ ရုရှားတိုင်းပြည်များမှ တင်သွင်းသော ရေနံများကို ချက်သည်။

၁။ **တော်လှန်ရေးကောင်စီ လုပ်ဆောင်ချက်သမိုင်း**၊ စာ ၄၈၅-၄၈၆

ၦင်းရေနံချက် စက်ရုံတွင် ရေနံချက် စက် ၂ လုံးရှိရာ စက်ဟောင်းမှာ တစ်ရက်လျှင် ဒေနံဂါလန် ၂ သိန်းထွက်ရှိပြီး စက်သစ်မှာ ရေနံဂါလန် ၅ သိန်းထိ ချက်လုပ်နိုင်သည်။ ပြည်တွင်း ရေနံပစ္စည်း အသုံးများလာ၍ စက်ဟောင်းနှင့်မလုံလောက်တော့သဖြင့် ပိတ်ထားပြီး စက်သစ် နှင့်ချက်လုပ်သည်၊ စက်ဟောင်းကို နောင်တွင် တိုးခဲ့ချဲ့ လုပ်ကိုင်မည့် စီမံကိန်းများအတွက် အကျိုးရှိစွာ အသုံးပြုနိုင်ရန် စီစဉ်သည်။

ချက်လုပ်မှုပိုင်း အနေဖြင့် ရေနံချက် စက်ရုံမှ ထွက်သော ဆီများမှာ ဓာတ်ဆီ၊ ဖျော်ဆီ၊ တာပင်တိုင်ဆီ၊ ဂျက်လေယာဉ်ဆီရိုင်း၊ ရေနံဆီပါး၊ ရေနံဆီနို၊ စက်မောင်းဆီ၊ ရေနံချေးကဲ့ သည်တို့ချက်လုပ်သည်။[၁]

ထုတ်လုပ်မှုပိုင်းအနေဖြင့် သန်လျင် ရေနံချက် စက်ရုံတွင် တစ်ရက်လျှင် ရေနံဂါလန် ၃၄၀၀၀၀ မျှချက်လုပ်ပြီး၊ အောက်ပါ ပစ္စည်းများ ထုတ်လုပ်သည်။[၂]

အမှတ်စဉ်	အမျိုးအမည်			တစ်ရက်ထုတ်လုပ်နိုင်မှုပမာဏ	
၁။	ဖျော်ဆီ	....	....	၂၀၀	ဂါလန်
၂။	မော်တော်ယာဉ်ဓာတ်ဆီ	....	....	၇၉၂၀၀	၎င်း
၃။	စစ်သုံးဂျက်လေယာဉ်ဆီ	....	....	၁၈၀၀	၎င်း
၄။	ဂျက်လေယာဉ်ဆီ	....	....	၂၁၈၀၀	၎င်း
၅။	တာပင်တိုင်ဆီ	....	....	၃၀၀	၎င်း
၆။	ရေနံဆီဖြူ	....	....	၆၃၃၀၀	၎င်း
၇။	ရေနံဆီနို	....	....	၂၈၀၀	၎င်း
၈။	ဒီဇယ်ဆီကဲ့	....	....	၈၅၇၀၀	၎င်း
၉။	ဒီဇယ်ဆီပျစ်	....	....	၇၇၀၀	၎င်း
၁၀။	ခြင်္သေတ္တာဆီ	....	....	၄၀၀	၎င်း
၁၁။	မီးထိုးဆီ	....	....	၅၉၀၀၀	၎င်း
၁၂။	လောင်စာဓာတ်ငွေ့	....	....	၇၃၅၀၀၀	ကုဗပေ
၁၃။	ရေနံမီးသွေး	....	....	၃၃	တန်

သန်လျင် ရေနံချက်စက်ရုံရှိ ဌာနများအနက် ဆီဖြည့်ဌာနသည် စက်ရုံမှ ထွက်သော ရေနံပစ္စည်းများကို သန်လျင်မှ ဓနိတောသို့ ဆီတင် သင်္ဘောဖြင့် ပို့သည်။ တချို့သောရေနံ

၁။ ပြည်သူ့ ရေနံလုပ်ငန်း၊ ရေနံချက်စက်ရုံ၊ သန်လျင်၊ စာ ၂၀-၂၂
၂။ ပြည်သူ့ ရေနံလုပ်ငန်း၊ ရေနံချက်စက်ရုံ၊ သန်လျင်၊ စာ ၃၀

ထွက်ကုန်များကို သန်လျင်ရှိ ဆီဖြည့်ဌာနမှ သန်လျင်တွင်ပြုလုပ်သော ၄၄-၄၆ ဂါလန်ဝင် သံစည်များတွင် ထည့်၍ အသုံးပြုသူများထံပို့သည်။ ယင်းဌာနတွင် စုစုပေါင်း ရေနံထွက်ကုန်ပစ္စည်း ၇ မျိုးဖြည့်သွင်းနိုင်သည်။ မော်တော်ယာဉ် ခါတ်ဆီ၊ ဖျော်ဆီ၊ စစ်သုံးယာဉ်ဆီများကို ၄၄ ဂါလန်ဝင်စည်များဘင်လည်းကောင်း ရေနံဆီ၊ တာပင်တိုင်ဆီ၊ ဒီဇယ်ဆီနှင့်ခြင်္သေ့ဆီများကို ၄၆ ဂါလန်ဝင် သံစည်များတွင်လည်းကောင်း ဖြည့်သွင်းရသည်။ ဤဌာနတွင် တစ်ရက်လျှင် သံစည်ပေါင်း ၄၀၀ ခန့် ဖြည့်သွင်းနိုင်သည်။

တစ်ဖန် ရေနံနှင့် ရေနံပစ္စည်း သိုလှောင်ရေးနှင့် ဆီတင်ဆီချဌာန အနေဖြင့် နိုင်ငံခြား၊ မြန်မာ့ရေနံမြေနှင့် သန်လျင် ရေနံချက်စက်ရုံတို့မှ ရသော ရေနံပစ္စည်းများ လက်ခံခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်း တာဝန်များကို လုပ်ဆောင်ရသည်။ ရေနံနှင့် ရေနံပစ္စည်းများကို ရေနံချက်စက်ရုံ သိုလှောင်ရာ ဒေသရှိ သိုလှောင်ကန်များတွင် ထားသည်။ အကြီးဆုံးသိုလှောင်ကန်မှာ ဂါလန် ၂ သန်းခွဲခန့်ဆံ့သည်။ ဆီများကို ခေတ်ခွဲစမ်းသပ်၍ စံချိန်မီမှသာ သိုလှောင်ကန်မှ ထုတ်ယူပြီး ဖြန့်ဖြူးသည်။ နိုင်ငံခြားနှင့် ရေနံမြေဒေသများမှ ရရှိသော ရေနံနှင့်ရေနံပစ္စည်းများကို လက်ခံရန်နှင့် ရေနံပစ္စည်းများကို ဆီတွဲများဖြင့် ဖြန့်ဖြူးရန် သိုလှောင်ကန်မှ နှစ်မိုင်ခွဲခန့် ရှည်သည့် ပိုက်လိုင်းဖြင့် ဆိပ်ခံများသို့ ပို့ဆောင်သည်။ အမှတ်(၁)ဆိပ်ခံတွင် တန်ချိန် ၁၁၀၀၀ ခန့်တင်နိုင်သည့် ဆီတင်သင်္ဘောများဆိုက်နိုင်သည်။ ဂါလန်ပေါင်း ၅၅၀၀၀၀ ဆံ့သည့် တွန်းသင်္ဘော ဆီတွဲများဖြင့် သယ်ယူလာသည့် ရေနံကို ဆိပ်ခံ(၂)မှ လက်ခံသည်။ သန်လျင် ရေနံချက်စက်ရုံနှင့်နိုင်ငံခြားမှလာသည့် ရေနံကို ဤဆိပ်ခံမှတစ်ဆင့် ခနိတောသို့ပို့သည်။ ပို့သည့်အခါတွင် ဂါလန် ၄၄၀၀၀ ဝင်ဆီတွဲသမ္ဘာန်များဖြင့်ပို့ဆောင်သည်။ ကြယ်ငါးပွင့်ကုမ္ပဏီပိုင် **ရေနံ** နှင့် **မြန်အောင်** ရေနံသင်္ဘောများကို ဤဆိပ်ခံမှ ကုန်ပစ္စည်းများတင်ပို့ပေးရသည်။[၁]

ထို့အတူ သံစည်လုပ်စက်ရုံသည် ရေနံပစ္စည်းများနှင့် စားသုံးဆီများ ဖြည့်သွင်းရန် နိုင်ငံခြားနှင့် သံမဏိစက်ခုံမှ ထုတ်လုပ်သည့် သံပြားဖြင့် တစ်လလျှင် ၄၄ မှ ၄၆ ဂါလန်ဝင် သံစည်ပေါင်း ၂၀၀၀၀ ခန့် ထုတ်လုပ်သည်။ ချောက်ရေနံချက် စက်ရုံမှ ထွက်သော မီးခြစ်ဖယောင်းဖြည့်ရန်အတွက် ၃၆ ဂါလန်ဝင် သံစည်များလည်း ထုတ်လုပ်သည်။[၂]

သံလျင် ရေနံချက်စက်ရုံများတွင် ၂၄ နာရီလုံး အလှည့်ကျတာဝန်ထမ်းဆောင်နေသော အလုပ်သမားပေါင်း ၁၇၇၀ ခန့်ရှိသည်။

၁။ မြည့်သူ့ရေနံလုပ်ငန်း၊ ရေနံချက်စက်ရုံ၊ သန်လျင်၊ စာ ၂၉

၂။ မြည်သူ ရေနံလုပ်ငန်း၊ ရေနံချက်စက်ရုံ၊ သန်လျင်၊ စာ ၂၉-၃၁

၁၀ ၀၈ ၂၅၂၀ ၀၈ ၂၄၅ ၀၈ ၂၄၅ ၀၈ ၂၄၅

အထက်ဖော်ပြပါဇယားအရ၊ ပြည်တွင်းရေနံစိမ်း ထုတ်လုပ်မှုမှာ ၁၉၆၁ - ၆၂ ခုနှစ်တွင် အမေရိကန်စည် ၄.၃၇ သန်း ထုတ်လုပ်ခဲ့ရာ ၁၉၇၁-၇၂ ခုနှစ်တွင် အမေရိကန်စည် ၇၄၁ သန်းအထိ တိုး၍ ထုတ်လုပ်နိုင်သဖြင့် ၁၀ နှစ်တာကာလအတွင်း ရေနံစိမ်း ၆၉.၆ ရာခိုင်နှုန်း ခန့်တိုး၍ ထုတ်လုပ်နိုင်လာသည်။ ၎င်းပြင် ၁၉၇၁-၇၂ ခုနှစ် ရေနံတွင်းများ အခြေအနေမှာ ယခင်နှစ်ကနှင့် နှိုင်းစာပါက ၄၁ တွင်း ပိုမိုလာသည်ကို တွေ့ရသည်။ ရေနံတွင်းများ တိုးလာခဲ့သော်လည်း မန်းရေနံမြေနှင့် အထုတော်/ရေနံချိတ်ရှိ ရေနံတွင်းများမှအပ ကျန် ရေနံတွင်းများ၏ တစ်နေ့ပျမ်းမျှ ရေနံစိမ်း ထုတ်လုပ်မှုမှာ ကျဆင်းလျက်ရှိနေသည်ကို တွေ့ရသည်။

မြန်မာ့ရေနံလုပ်ငန်း ကော်ပိုရေးရှင်းသည် တော်လှန်ရေးကောင်စီ အစိုးရ လက်ထက်တွင် ရေနံတွင်းသစ်များ ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ချက်လုပ်ခြင်းဖြင့် နိုင်ငံအတွင်း စက်မှုလက်မှု လုပ်ငန်းကြီးငယ်များ၊ ယာဉ်များ စသည်တို့အတွက် လောင်စာဆီ၊ စက်ဆီအမျိုးမျိုးကို ထုတ်လုပ်ပေးလည်း။ တူးဖော်ထုတ်လုပ်မှု တိုးတက်သည်နှင့်အမျှ ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်သဖြင့် နိုင်ငံခြားသုံးငွေ ရှာဖွေပေးနိုင်သည်။ နေရာအနှံအပြားတွင် တွေ့ရသော သဘာဝ ဓာတ်ငွေများကို ရှာဖွေထုတ်လုပ်ခြင်းဖြင့်လည်း ဓာတ်မြေဩဇာ ထုတ်လုပ်ရေးနှင့် စက်ရုံများအား လောင်စာဆီ ရရှိရေးကို ထောက်ကူပံ့ပိုးပေးသည်။ နိုင်ငံအတွင်း စက်မှုလုပ်ငန်းများ တိုးတက်ထူထောင်ရေးနှင့် ရေနံ၊ ဓာတ်ငွေ့၊ စက်ဆီ အမျိုးမျိုး ထုတ်လုပ်နိုင်ရေးသည် တစ်ခုနှင့် တစ်ခု အပြန်အလှန် အကျိုးပြု ဆက်စပ်နေသဖြင့် တစ်ခု၏ တိုးတက်မှုသည် ကျန်တစ်ခု၏ တိုးတက် ဖောင်မြင့်မှုကိုပါ ထောက်ညွှန် ဖော်ပြနေပေသည်။

လျှပ်စစ်နှင့် ဘိုင်လာ စစ်ဆေးရေး

စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းနှင့် စက်မှုလက်မှ ညွှန်ကြားရေးဦးစီးဌာန ကဲ့သို့ပင် စက်မှုလက်မှဌာန အောက်တွင် စက်ရေနွေးအိုး စစ်ဆေးရေးဌာနခွဲ တစ်ရှိသည်၊ တော်လှန်ရေး ကောင်စီအစိုးရ မတက်မီကပင် တည်ရှိခဲ့သော အဖွဲ့အစည်း တစ်ခုဖြစ်သည်၊

၎င်စစ်အာဏာဖြင့် စက်ရေနွေးအိုး စစ်ဆေးရေးဌာနသည် ကိုလိုနီခေတ် ၁၉၂၃ ခုနှစ်တွင် အတည်ပြုခဲ့လော ဘွိုင်လာ အက်ဥပဒေအရ စတင်ပေါ် ပေါက်ခဲ့သည်။ ဘွိုင်လာ အက်ဥပဒေ ကိုမှီးပြီး ဘွိုင်လာ စည်းမျဉ်းဥပဒေများကို ၁၉၂၄ ခု ဇန်နဝါရီလ ၁ ရက်မှစ၍ မြန်မာ တစ်ပြည်လုံး အာဏာသက်ရောက်ခဲ့သည်။

၁။ စက်မှုဝန်ကြီးဌာန သမိုင်း အကျဉ်းချုပ် အတွဲ ၁၊ စာ ၂၀

စက်ရေနွေးအိုး စစ်ဆေးရေးသည် အလုပ်သမားများ အလုပ်ခွင်တွင် စက်ရေနွေး အိုးပေါက်ကွဲမှု အန္တရာယ်မှ ကာကွယ်ပေးရန်အတွက် ဖြစ်သည်။ ထို့ကြောင့် မှတ်ပုံမတင်ရသေးသော စက်ရေနွေးအိုးများနှင့် အသုံးပြုခွင့် လက်မှတ်နှင့် အမိန့် မရသေးသော စက်ရေနွေးအိုးများကို စစ်ဆေးရေး အရာရှိများက မှတ်ပုံတင်ခြင်း၊ စစ်ဆေးခြင်း၊ သုံးစွဲခွင့် သက်သေခံလက်မှတ် ထုတ်ပေးခြင်းများ ဆောင်ရွက်သည်။ ထို့ပြင် ပြုပြင်ရန် လိုအပ်သော စက်ရေနွေးအိုးများအတွက် ပြုပြင်ရန် အမိန့်စာ ထုတ်ပေးသည်။ စည်းမျဉ်းဥပဒေနှင့် နည်းဥပဒေများတွင် ပါရှိသည့်အတိုင်း လိုက်နာသော စက်ရေနွေးအိုးများကို အများဆုံးသုံးစွဲခွင့် မီးပေါင်သတ်မှတ်ပေးသည်။ နှစ်စဉ် အချိန်မီ စစ်ဆေးခြင်း ပြုပြင်ခြင်းများ ဆောင်ရွက်သည်။[၁]

စစ်ပြီးစ ၁၉၄၅ ခုနှစ်က မှတ်ပုံတင်ထားသော ဘွိုင်လာပေါင်း ၁၇၉၃ လုံးရှိသည်။[၂] စက်မှုလက်မှု လုပ်ငန်းကြီးငယ်များ တိုးတက်များပြားလာသဖြင့် တော်လှန်ရေး ကောင်စီအစိုးရ လက်ထက်တွင် မှတ်ပုံတင်ပြီးသော ဘွိုင်လာများမှာ ၁၉၆၅ ခု အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၆၆ ခု စက်တင်ဘာလ ၃၀ ရက်နေ့ထိ ၂၂၂၀ လုံးရှိသည်။ သို့သော် ဘွိုင်လာသစ် ၁၅ လုံးကို မှတ်ပုံတင်ပေးခြင်း၊ အသုံး မပြုတဲ့ ထားသည့် ဘွိုင်လာ ၂၂ လုံးကို ပြန်လည် အသုံးပြုသဖြင့် မှတ်ပုံတင်စာရင်းတွင် ပြန်ဝင်လာခြင်း၊ ဘွိုင်လာ ၂၁ လုံးကို ပယ်ဖျက်လိုက်ခြင်း၊ ဘွိုင်လာ ၄၆ လုံးမှာ ၅ နှစ်ကျော် အသုံးမပြုတဲ့ထား၍ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်လိုက်ခြင်း စသည်တို့ကြောင့် စက်လည်ပတ် အသုံးပြုနေသော မှတ်ပုံတင် ဘွိုင်လာ စုစုပေါင်း ၂၁၉၀ လုံး ရှိသည်။[၃]

စက်ရေနွေးအိုးများကို စစ်ဆေးခြင်း မှတ်ပုံတင်ခြင်း စာရင်းမှ ပယ်ဖျက်ခြင်းတို့သည် ၁၉၂၂ ခု ဘွိုင်လာ အက်ဥပဒေပါ စည်းမျဉ်းဥပဒေ နည်းဥပဒေများအရ ဖြစ်သည်။ ကိုလိုနီခေတ်ကပင် ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်သဖြင့် အခါအားလျော်စွာ ပြုပြင်ဖြည့်စွက်ခြင်းရှိသော်လည်း တော်လှန်ရေး ကောင်စီအစိုးရကာလ စက်မှုလက်မှု လုပ်ငန်းများ တိုးတက်များပြားလာသော အချိန်တွင် အံမဝင် ခေတ်မမီတော့သော အခြေအနေ ရှိပေသည်။ သို့သော် စက်ရေနွေးအိုးများကို တိကျမှန်ကန်စွာ စစ်ဆေးခြင်း မှတ်ပုံတင်ခြင်းသည် အလုပ်ခွင် အန္တရာယ် ကင်းရှင်းရေးအတွက် မရှိ မဖြစ် အထူးလိုအပ်သည်။

၁။ စက်မှုဝန်ကြီးဌာန သမိုင်း အကျဉ်းချုပ် အတွဲ ၁၊ စာ ၁၂

၂။ စက်မှုဝန်ကြီးဌာန သမိုင်း အကျဉ်းချုပ် အတွဲ ၁၊ စာ ၂၀

၃။ ၁၉၆၅-၆၆ ခုနှစ် စက်ရေနွေးအိုး အက်ဥပဒေအရ၊ ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်တာ နှစ်ချုပ် အစီရင်ခံစာ၊ စာ ၁

ထို့ကြောင့် တော်လှန်ရေး အစိုးရ လက်ထက်တွင် စက်ရေနွေးအိုး အက်ဥပဒေ ၃၄(၂) အရ၊ အသုံးပြုခွင့် ပေးရာတွင် ဘေးအန္တရာယ် မဖြစ်စေရန် ဘွိုင်လာကို မီးထိုးအသုံးပြုရဲ့ သွားရောက်စစ်ဆေးသည်။ ထိုသို့ စစ်ဆေးရာ၌ ဘွိုင်လာ စစ်ဆေးရေး အရာရှိချုပ်က တိုက်ရိုက် ညွှန်ကြားပြသကြီးကြပ် အုပ်ချုပ်၍ စက်ရုံ အလုပ်ရှင်များသို့ သွားရောက် စစ်ဆေးသည်။

ဘွိုင်လာ စစ်ဆေးရေးဌာနမှ ၁၉၆၀-၆၁ ခုနှစ်မှ ၁၉၆၃-၆၄ ခုနှစ်အထိ ဘဏ္ဍာနှစ်အလိုက် စစ်ဆေးခဲ့သော ဘွိုင်လာပေါင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဘဏ္ဍာနှစ်			စစ်ဆေးခဲ့သောဘွိုင်လာပေါင်း
၁၉၆၀-၆၁	....	....	....၁၇၃၁
၁၉၆၁-၆၂	....	....	....၁၈၁၄
၁၉၆၂-၆၃	....	....	....၁၉၉၄
၁၉၆၃-၆၄	....	....	....၁၇၉၁

ဘွိုင်လာ စစ်ဆေးရေးဌာနခွဲ၏ နယ်စစ်ဆေးရေး အရာရှိများသည် မော်လမြိုင်၊မန္တလေး နှင့်ပုသိမ်မြို့များတွင် ရုံးစိုက်ပြီး၊ ကျန်စစ်ဆေးရေး အရာရှိများသည် ရန်ကုန်တွင် ရုံးစိုက်သည်။ ရန်ကုန်တိုင်း ဘွိုင်လာ စစ်ဆေးရေးဌာနသည် ရန်ကုန်တိုင်း အတွက်လည်းကောင်း၊ မန္တလေးတိုင်း ဘွိုင်လာစစ်ဆေးရေးဌာနသည် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်များ အတွက်လည်းကောင်း၊ ပဲခူးတိုင်း ဘွိုင်လာ စစ်ဆေးရေးဌာနသည် ပဲခူးတိုင်း အတွက်လည်းကောင်း၊ မွန်ပြည်နယ် ဘွိုင်လာ စစ်ဆေးရေးဌာနသည် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ကရင်ပြည်နယ်တို့အတွက် လည်းကောင်း၊ ရေဝတီတိုင်း ဘွိုင်လာ စစ်ဆေးရေးဌာနသည် ရေဝတီတိုင်း အတွက် လည်းကောင်း၊ ဘွိုင်လာ စစ်ဆေးရေး (ရုံးချုပ်)သည် ရခိုင်ပြည်နယ်အတွက် လည်းကောင်း အသီးသီး တာဝန် ယူကြသည်။

စက်ရုံ အလုပ်ရုံအတွင်း ဘွိုင်လာများ မတော်တဆ ချိုယွင်းမှု၊ ပေါက်ကွဲမှုတို့ကြောင့် အသက်နှင့် ပစ္စည်းဆုံးရှုံးမှုများမှ ကာကွယ်ရန်နှင့် ဘွိုင်လာများကြာရှည်စွာ အသုံးပြုနိုင်ရန် စနစ်တကျ အသုံးပြုခြင်း၊ ကောင်းမွန်စွာ ကြည့်ရှုစောင့်ထိန်းခြင်းနှင့် ပြုပြင်ခြင်းများကို

၁။ ၁၉၆၅-၆၆ ခုနှစ် စက်ရေနွေးအိုး အက်ဥပဒေအရ၊ ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်တာ နှစ်ချုပ် အစီရင်ခံစာ၊ စာ ၁-၂

ညွှန်ကြားချက်များ ချမှတ်ပေးရန် စသည့်လုပ်ငန်းများမှာ စစ်ဆေးရေးဌာန၏ အဓိကဆောင်ရွက်ရန်တာဝန်များပင်ဖြစ်သည်။ ထို့ကြောင့် စစ်ဆေးရေးဌာနသည် ပြည်သူပိုင်လုပ်ငန်းများတွင် အသုံးပြုနေအော ဘွိုင်လာများသာမက ပုဂ္ဂလိကပိုင် လုပ်ငန်းများတွင် အသုံးပြုနေသော ဘွိုင်လာများကိုပါ စနစ်ဘကျ ဖြစ်စေရန် စစ်ဆေးရသည်။ တော်လှန်ရေးကောင်စီ အစိုးရ လက်ထက် ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍတို့တွင် ဘွိုင်လာ သုံးစွဲမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်။

လုပ်ငန်းအမျိုးအမည်	ပြည်သူပိုင်	ပုဂ္ဂလိကပိုင်	စုစုပေါင်း
ဆန်	၁၅	၁၂၇၅	၁၂၉၀
သစ်	၃၄	၁၀၁	၁၃၅
ဆီ(ကောက်ပဲသီးနှံထွက်)	၁၄	၁၂၁	၁၃၅
ရေနံ	၄၃	....	၄၃
ရော်ဘာ၊သားရေကြိုး၊ဂုန်လျှော်	၃	၃၀	၃၃
ချည်နှင့်အထည်	၅	၅၂	၅၇
အရက်နှင့်ဆပ်ပြာသုတေသန	၆	၁၀	၁၆
ဆေးလိပ်	၆	....	၆
သကြား	၁၄	....	၁၄
သတ္တု	၂၇	....	၂၇
မီးခြစ်	....	၆	၆
လမ်းပန်းအဆောက်အအုံနှင့်ရေ	၁၇	....	၁၇
ရေခဲနှင့်ဘိလပ်ရည်	၁	၆	၇
ဓာတ်အားပေး	၂၃	....	၂၃
အခြား	၃၂	၂၃	၅၅
စုစုပေါင်း	၂၄၀	၁၆၂၄	၁၈၆၄

၁။ ၁၉၆၅-၆၆ ခုနှစ် စက်ရေနွေးအိုး ဥပဒေအရ၊ ဆောင်ရွက်ခဲ့သောလုပ်ငန်း ဆောင်တာနှစ်ချုပ်အစီရင်ခံစာ၊ စာ ၆၀

စက်မှုလက်မှု လုပ်ငန်းကြီးငယ် အမျိုးမျိုးတွင် အသုံးပြုနေသော ဘိုင်လာပေါင်းမှာ ၁၀၆၄ လုံးရှိသည်။ တော်လှန်ရေး ကောင်စီ အစိုးရ တက်စကာလတွင် မှတ်ပုံတင်ထားသော ဘိုင်လာပေါင်း ၂၁၉၀ နှင့်စာသော ၃၂၆ လုံးလျော့နည်းသွားသည်။ ဘိုင်လာသုံးစွဲမှုကို လေ့လာလျှင် ဂ၇ ရာခိုင်နှုန်းသည် ပုဂ္ဂလိကပိုင်းတွင် ရှိနေသည့် ဆန်စက်၊ သစ်စက်နှင့်ဆီစက်များတွင် အများဆုံး သုံးစွဲကြောင်း တွေ့ရသည်။

နိုင်ငံအတွင်း စက်မှုလက်မှု လုပ်ငန်းများ စက်ရုံကြီးများ ခေတ်မီ တိုးတက်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အား၊ သဘာဝဓာတ်ငွေ့များကို အသုံးပြုနိုင်ရန် နိုင်ငံတော် အစိုးရက ကြိုးပမ်း လုပ်ဆောင်သည်။ ဘိုင်လာအိုး သုံးစွဲမှုသည် အချို့ စက်မှုလုပ်ငန်းများ၌ မရှိမဖြစ် လိုအပ်သေးသည်မှန်သော်လည်း အချို့ စက်မှုလုပ်ငန်းအတွက်မှ ခေတ်နောက်ကျနေပြီဟုဆို နိုင်သည်။ ထို့ကြောင့် ခေတ်မီ တိုးတက်ရေး လုပ်ငန်း တွင်ကျယ်စွာ ထုတ်လုပ်နိုင်ရေးကို ရှေးရှု လျက် စက်ရုံကြီးများသည် လျှပ်စစ်ဓာဘ်အားနှင့် သဘာဝဓာဘ်ငွေ့သုံးစွဲမှုကို ပိုမိုအားထား လုပ်ဆောင်ကြသည်။ နိုင်ငံအတွင်းရှိ လည်ပတ်ဆုတ်လုပ်နေသော စက်ရုံကြီးငယ်ဦးရေနှင့် နှိုင်းစာလျှင် မှတ်ပုံတင်ထားသော စစ်ဆေးကြီးကြပ်မှုကို ခံယူသော ဘိုင်လာဦးရေမှာ နည်းလှသည်။

ဘိုင်လာစစ်ဆေးရေး ဌာနခွဲ၏ဘာဝဝန်မှာ မသေးလှချေ။ လုပ်သားများ၏ အသက် အန္တရာယ်နှင့် စက်ရုံအလုပ်ရှု၏ ငွေပင်ငွေရင်း တန်ဖိုးသည် စက်ရုံသုံး ဘိုင်လာအပေါ် တွင် တည်နေသည်ဟု ဆိုနိုင်သည်။ ဘိုင်လာပေါက်ကွဲမှုကို စိုးရိမ်ခရ၍ အစဉ်သတိကြီးစွာထားရန် လိုပေသည်။ ထို့ကြောင့် ဘိုင်လာစစ်ဆေးရေး ဌာနခွဲသည် အသက်ကြီးရင့်ပြီး အလုပ် သက်တမ်း ကုန်ဆုံးနေသော ဘိုင်လာများကို စစ်ဆေးခြင်း၊ ပြုပြင်ခြင်းများ ပြုလုပ်ရာတွင် ကြီးလေးသော တာဝန်ကိုယူ၍ သတိကြီးစွာထားကာ ဆောင်ရွက်သည်။

အလားတူပင် စက်မှုလက်မှု ဌာနအောက်တွင် ရှိပြီးဖြစ်သော စစ်ဆေးရေး ဌာနခွဲတစ်ခုမှာ လျှပ်စစ်ဓာတ်အား စစ်ဆေးရေး ဌာနခွဲဖြစ်သည်။ ၎င်းဌာနအနေဖြင့် လျှပ်စစ် ဓာတ်အား သုံးစွဲရာတွင် လူအများ ဘေးဥပဒ် အန္တရာယ် မဖြစ်စေရန် ရည်ရွယ်၍ ရေးဆွဲ ပြဋ္ဌာန်းထားသော လျှပ်စစ်အက်ဥပဒေ၊ နည်းဥပဒေများအရ လျှပ်စစ် ဓာတ်အားနှင့် စပ်လျဉ်း သည်တို့ကို စစ်ဆေးပေးသည်။

လျှပ်စစ်ဓာတ်အား စစ်ဆေးရေး လုပ်ငန်းကို ၁၉၁၀ ခုနှစ် လျှပ်စစ် အက်ဥပဒေအရ၊ ပြည် ထဲ ရေး ဝန် ကြီး ဌာ နအောက် တွင် စ တင် ဆောင် ရွက် ခဲ့ သည်။ လျှပ်စစ်ဓာတ်အား

စစ်ဆေးရေး လုပ်ငန်းကို တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့ဖွဲ့စည်းလျက် သစ်တောရေး ဝန်ကြီးဌာန၊ ဒေသန္တရ ဝန်ကြီးဌာန၊ ပြည်သူ့လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေး ဝန်ကြီးဌာနစသည့် ဌာနများ အောက်တွင် အခါအားလျော်စွာ ပြောင်းလဲ ထားရှိခဲ့သည်။ စက်မှုလက်မှု ဌာနအောက်သို့ ၁၉၇၈ ခုနှစ်မှ စတင်ရောက်ရှိသည်။ သီးခြားဌာနအနေဖြင့် ၁၉၅၃ ခုနှစ် တွင် စက်မှုလက်မှုဌာနက လျှပ်စစ်ဓောတ်အား စစ်ဆေးရေး ဌာနခွဲကို ဆက်လက် ဖွဲ့စည်းပေးခဲ့သည်။[၁]

လျှပ်စစ်ဓောတ်အား စစ်ဆေးရေး ဌာနခွဲသည် ၁၉၁၀ ခုနှစ် လျှပ်စစ် အက်ဥပဒေနှင့် ၁၉၁၇ ခုနှစ် လျှပ်စစ် နည်းဥပဒေအရ လျှပ်စစ်နှင့် ပတ်သက်၍ အထွေထွေ စစ်ဆေးခြင်း၊ လျှပ်စစ်ကျွမ်းကျင်မှုနှင့် မှတ်ပုံတင် လက်မှတ်များ ထုတ်ပေးခြင်း၊ လျှပ်စစ် ဓာတ်အားတိုင်း သည့်ကိရိယာများ၊ လျှပ်စစ်သုံးပစ္စည်းများ စစ်ဆေးခြင်းနှင့် စမ်းသပ်ခြင်း၊ လျှပ်စစ်နှင့် ပတ် သက်၍ မြန်မာနိုင်ငံနှင့် သင့်လျော်မည့် စံချိန်စံညွှန်းများ ရေးဆွဲခြင်း၊ စံများသတ်မှတ်လျက် လမ်းညွှန် ဥပဒေများ ပြဋ္ဌာန်းပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်သည်။

ဤသို့ဆောင်ရွက်လာခဲ့ရာမှ ၁၉၆၂ ခု ဇူလိုင်လ ၄ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်နှင့် သဘောတရားများ၊ ကြေညာချက်များအရ ဌာနမှကျင့်သုံးလျက်ရှိသော ၁၉၁၀ ခု လျှပ်စစ် နည်းဥပဒေများကို ပြန်လည်ဆန်းစစ်၍ လိုအပ်သလို ပြင်ဆင်ခဲ့သည်။ ယင်းကြေညာ ချက်များအရ ဌာန၏ လုပ်ငန်းများမှာလည်း နိုင်ငံတော်၏ မူဝါဒနှင့် လိုက်လျောညီထွေ ဆောင်ရွက်နိုင်ရန်အတွက် လောလောဆယ် ပြုလုပ်ရမည့် အပိုင်းနှင့် အချိန်ယူ၍ ပြုလုပ်ရမည့် အပိုင်းဟူ၍ ခွဲခြားခဲ့သည်။

ထို့ကြောင့် ယင်းက တည်ဆဲခဲ့သော ကန့်ထရိုက်စနစ်ကို ၁၉၆၉ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် ၆၄ ဖြင့် ရုပ်သိမ်း၍ လျှပ်စစ်လုပ်သားများ မှတ်ပုံတင် စနစ်ကို ကျင့်သုံးခဲ့သည်။ ထိုစည်းမျဉ်းသစ်ကို ဆိုရှယ်လစ်စီးပွားရေးစီမံကိန်း ကော်မတီနှင့် အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးပြီး အမျှား သဘောတူညီချက်ဖြင့် ရေးဆွဲသည်။

အလားတူပင် နည်းဥပဒေနှင့် အက်ဥပဒေများကိုလည်း ထိုစဉ်ကပင် လိုအပ်သည့် ပြောင်းလဲမှုများ ပြုလုပ်ရန် လျှပ်စစ်ဘုတ်ကို စတင်ဖွဲ့ပြီး ၎င်းဘုတ်အဖွဲ့တွင် အင်ဂျင်နီယာချုပ်၊

၁။ စက်မှုဝန်ကြီးဌာနသမိုင်း အကျဉ်းချုပ်၊ အတွဲ-၁၊ စာ ၁၆
၂။ စက်မှုဝန်ကြီးဌာနသမိုင်း အကျဉ်းချုပ်၊ အတွဲ-၁၊ စာ ၁၅

လျှပ်စစ်ဘော်အားပေးရေးအဖွဲ့၊ အင်ဂျင်နီယာချုပ် (လျှပ်စစ်)၊ မြန်မာပြည် မီးရထားဌာန လျှပ်စစ် အင်ဂျင်နီယာချုပ်၊ မြန်မာ့ရေနံလုပ်ငန်း ကော်ပိုရေးရှင်း၊ ညွှန်ကြားရေးမှူး ပို့ဆောင်ဆက်သွယ်ရေး ဌာနနှင့် ဥပဒေ အကြံပေးအရာရှိ၊ နိုင်ငံတော် ဌေးနေချုပ်ရုံးတို့ ပါဝင်လျက် လျှပ်စစ် စစ်ဆေးရေးဌာနမှ ဦးဆောင်၍ ဆောင်ရွက်ခဲ့သည်။

လျှပ်စစ် စစ်ဆေးရေး ဌာနများကို ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် ရောဝတီတိုင်း အစရှိသည့် တိုင်းကြီး (၅) တိုင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီး လိုအပ်သည့် လုပ်ငန်း ဆောင်တာများကို ခွဲဝေဆောင်ရွက်စေခဲ့သည်။ ဤသို့ခွဲဝေပေးခဲ့ရာတွင် ရန်ကုန်တိုင်း လျှပ်စစ် စစ်ဆေးရေးဌာနသည် ရန်ကုန်တိုင်း အတွက်လည်းကောင်း၊ မန္တလေးတိုင်း လျှပ်စစ် စစ်ဆေးရေးဌာနသည် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ချင်းပြည်နယ်နှင့် ကယားပြည်နယ် အတွက်လည်းကောင်း၊ ပဲခူးတိုင်း လျှပ်စစ် စစ်ဆေးရေးဌာနသည် ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း အတွက်လည်းကောင်း၊ မကွေးတိုင်း လျှပ်စစ်စစ်ဆေးရေးဌာနသည် မကွေးတိုင်း အတွက်လည်းကောင်း၊ ရောဝတီတိုင်း လျှပ်စစ် စစ်ဆေးရေးဌာနသည် ရောဝတီတိုင်း အတွက်လည်းကောင်း၊ လျှပ်စစ် စစ်ဆေးရေး ဌာန(ရုံးချုပ်)သည် ရခိုင်ပြည်နယ် အတွက်လည်းကောင်း အသီးသီး လုပ်ငန်းတာဝန်များကို ခွဲခြား၍ တာဝန် ထမ်းဆောင်သည်။

လျှပ်စစ် စစ်ဆေးရေးဌာန တာဝန်ခံသည် ၁၉၇၀-၇၁ ခုနှစ်ခန့်က ရန်ကုန်စက်မှုတက္ကသိုလ်မှ ဦးစီး၍ လျှပ်စစ် ဝေါဟာရဘာဏ် (Terminology) ကို လျှပ်စစ်အဖွဲ့ငယ် (Electrical Sub Committee) အနေဖြင့် ပြုစုရာတွင် ဥက္ကဋ္ဌအဖြစ် ပါဝင်ခဲ့သည်။ ထိုအဖွဲ့ငယ်မှပြုစုသော ဝေါဟာရဘာဏ်ကို တက္ကသိုလ်များ ဝေါဟာရဘာဏ် ပြုစုရေးအဖွဲ့ (Main Committee) သို့တင်ပြ၍ ရွေးပေဌဌာနမှ ပြုစုသော ဝေါဟာရများနှင့် ညှိနှိုင်း၍ ပြုစုခဲ့သည်။

စက်ရုံကြီးငယ်များ စက်မှုလက်မှု လုပ်ငန်းများတွင် စက်လည်ပတ်ရေးအတွက် စွမ်းအင်အဖြစ်လည်းကောင်း၊ မီးထွန်းလင်းရေး အတွက်လည်းကောင်း လျှပ်စစ်ဓာတ်အား ပေါပေါများများ ရရှိရန် လိုအပ်သည်။ နိုင်ငံတော် အစိုးရသည် စက်မှုထုထောင်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ဆောင်ရာ၌ လျှပ်စစ်ဓာတ်အားကို လွယ်လွယ်ကူကူနှင့် အဖိုးနှုန်းချိုသာစွာ ရရှိအောင် ရေအား လျှပ်စစ်စက်များ ဒီဇယ်စက်များ တိုးတက် တည်ထောင်သည်။ တစ်ဘက် တွင်လည်း ဘူဝင်လာများ လျှပ်စစ်များသည် စက်မှုလုပ်သား ပြည်သူတို့၏ အသက်စည်းစိမ် အိုးအိမ် လုံခြုံရေးကို ဖျက်ဆီးနိုင်သော စက်မှုအန္တရာယ်ကြီးများ ဖြစ်ကြောင်း သဘာဝလစ်ဟင်း

မပေါ်လျော့ဘဲ အန္တရာယ်များကို ကာကွယ်တားဆီးရန် ကြိုးပမ်းလုပ်ဆောင်သည်။ မဖြစ်မီ တင်ကြို ကာကွယ်ခြင်းသည် အကောင်းဆုံးသော နည်းဖြစ်သည့်အတိုင်း စက်ရုံများတွင် တပ်ဆင် ထားသော ဘွိုင်လာများ၊ လျှပ်စစ်အသုံးအဆောင်များကို အခါအားလျော်စွာ စစ်ဆေး ပေးခြင်းဖြင့် စက်မှု ထုထောင်ရေး အရှိန်အဟုန် အောင်မြင် မြင့်မားအောင် ပံ့ပိုးထောက်ကူ ပေးပေသည်။



ပုံ (၁) စီးကရက်စက်ရုံ အမှတ် (၁) (မယ်ဇီကုန်း) ၏
ကုန်ထုတ်လုပ်မှု ဆောင်ရွက်နေပုံ



ပုံ (၂) ကြွေရည်သုတ်စက်ရုံ အမှတ် (၁) (သမိုင်း) ၏
ကုန်ထုတ်လုပ်မှု ဆောင်ရွက်နေပုံ



ပုံ (၁) ဆပ်ပြာဘုစက်ရုံ အမှတ် (၁) (အုတ်ကျင်း) ၏
ကုန်ထုတ်လုပ်မှု ဆောင်ရွက်နေပုံ



ပုံ (၂) ပလတ်စတစ်စက်ရုံ အမှတ် (၁) (မြောက်ဥက္ကလာ) ၏
ကုန်ထုတ်လုပ်မှု ဆောင်ရွက်နေပုံ

သုံးသပ်ချက်

တော်လှန်ရေး ကောင်စီ၏ နိုင်ငံတော် အာဏာကို စဘင်ထိန်းသိမ်း ဆောင်မရှောက်လာခဲ့သည့် ၁၉၆၂ ခုနှစ်မှ ၁၉၇၁-၇၂ ခုနှစ်ထိ ဆယ်နှစ်တာ ကာလအတွင်း စက်မှုကဏ္ဍနှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့သည်များကို ခြုံငုံ သုံးသပ်ကြည့်မည်ဆိုပါက ၁၉၆၂-၆၃ ခုနှစ်မှစ၍ ပြည်သူပိုင် စက်ရုံများ တိုးပွားလာ သည်နှင့်အမျှ ကုန်ထုတ်လုပ်မှုလည်း မှန်မှန်တိုးတက်လာကြောင်းတွေ့ရသည်။ တော်လှန်ရေး ကောင်စီသည် ယခင်အစိုးရ၏ မပြီးပြတ်သေးသော စီမံကိန်းများကို တစ်ဘက်မှ ဆောင်ရွက်ပေးရင်း အခြားတစ်ဘက်မှလည်း တိုင်းပြည်၏စီးပွားရေးစနစ်ကို ဆိုရှယ်လစ် လမ်းကြောင်းပေါ် သို့ ရောက်အောင် တည့်မတ်ပေးပြီး တိုးတက်အောင်ကြံဆောင်ခဲ့သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး နိုင်ငံတစ်ခုဖြစ်သည့် အားလျော်စွာ လယ်ယာကဏ္ဍဘစ်ခုတည်းပေါ်တွင် အဓိက အားကိုး အားထား ပြုနေရပေသည်။ ထိုသို့ စီးပွားရေးကဏ္ဍဘစ်ခုနှစ်ခု သို့မဟုတ် ကုန်ပစ္စည်း တစ်မျိုးနှစ်မျိုးပေါ်တွင်သာ အခြေဘည်နေရသော ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းသည် စီးပွားရေး မတည်ငြိမ်မှုနှင့် ရင်ဆိုင်ရကြသည်။ ထို့ကြောင့် တော်လှန်ရေး ကောင်စီ အစိုးရသည် လယ်ယာကဏ္ဍဘစ်ခုတည်းကိုသာ အားကိုးအားထား ပြုနေရသော မြန်မာ့ စီးပွားရေးကို ပြုပြင်ရန် ကြိုးပမ်းသည်။ထိုအခြေအနေမှ လွှတ်မြောက်စေရန် စီးပွားရေးကဏ္ဍ အသီးသီးကို အချိုးကျကျ တိုးတက်အောင် ဆောင်ရွက်သည်။ စီးပွားရေးတည်ငြိမ်မှုရစေရန် စီးပွားရေး တိုးတက်နှုန်း မြန်ဆန်၍ ပြည်သူတို့စားဝတ်နေရေး တိုးတက် အဆင့်အတန်းမြင့်ကာ ချောင်လည်စေရန် စက်မှုကဏ္ဍက ပိုမိုစွမ်းဆောင်နိုင်သည်ဟု ခံယူသည်။ ထို့ကြောင့် ၁၉၆၁-၆၂ ခုမှ ၁၉၇၁-၇၂ ခု ဆယ်နှစ်တာ ကာလအတွင်း နိုင်ငံတော်စီးပွားရေး ကဏ္ဍအသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်၍ ကျပ် ၆၅၀ ကုဋ္ဌေကျော် မြှုပ်နှံခဲ့ရာ၌ ကျပ် ၁၈၇ ကုဋ္ဌေကို စက်မှုလက်မှုကဏ္ဍတွင် မြှုပ်နှံသည်။ စုစုပေါင်း မြှုပ်နှံရင်းနှီးမှု၏ ၂၉ ရာခိုင်နှုန်းရှိလေသည်။

စီးပွားရေးကဏ္ဍအသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုသည်လည်း ၁၉၆၁-၆၂ ခု မတိုင်မီက နှစ်စဉ်ကုန်ငွေ ၃၀ သာရှိသည်။ တော်လှန်ရေး ကောင်စီလက်ထက်တွင် နှစ်စဉ် ၆၅ ကုဋေကျော်မြှုပ်နှံသဖြင့် နှစ်ဆကျော် တိုးမြှင့် မြှုပ်နှံကြောင်း သိသာသည်။

ထိုသို့ စက်မှုကဏ္ဍ အပါအဝင် စီးပွားရေးကဏ္ဍ အသီးသီးကို တိုးတက် ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ရန် တော်လှန်ရေး ကောင်စီသည် အရင်းရှင် လမ်းကြောင်းပေါ်သို့ ဦးလည်နေသော နိုင်ငံတော် စီးပွားရေး စနစ်ကို ဆိုရှယ်လစ် စီးပွားရေး လမ်းကြောင်းပေါ်သို့ ရောက်အောင် တည့်မတ်ပေးသည်။ တော်လှန်ရေး ကောင်စီသည် စီးပွားရေး မူဝါဒသစ် တစ်ရပ်ကို ၁၉၆၃ ခုနှစ်တွင် ချမှတ်သည်။ နိုင်ငံတော်၏ စီးပွားရေး တိုးတက်၍ ပြည်သူတို့၏ စားဝတ်နေရေး ပြေလည်အောင် ဆောင်ရွက်ရာ၌ ပြည်သူပိုင်ကဏ္ဍကို ပိုမိုရှင်သန်စေမည်ဟု သတ်မှတ်သည်။ ထို့ကြောင့် ပဂ္ဂလိကပိုင် စက်ရုံအလုပ်ရုံများ စီးပွားရေး လုပ်ငန်းကြီးများ၊ ဘဏ်လုပ်ငန်းများကို တစ်စတစ်စ ပြည်သူပိုင် ပြုလုပ်သည်။

ထိုသို့ ပြည်သူပိုင် လုပ်လိုက်ခြင်းကြောင့် ပဂ္ဂလိက လုပ်ငန်းရှင်များ မကျေမနပ် ဖြစ်ကြသည်။ သို့သော် ပဂ္ဂလိက လုပ်ငန်းများ အပြီးတိုင် ရပ်ဆိုင်းသွားသည်ကား မဟုတ်ချေ။ အချို့ ပဂ္ဂလိက လုပ်ငန်းများကို ကြီးကြပ်ရေး ကော်မတီများ အောက်တွင် ထား၍ ကုန်ကြမ်းယူ ကုန်ချောပေး စနစ်ဖြင့် ဆက်လက် လည်ပတ်စေသည်။ ပဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများ၏ ထုတ်လုပ်နိုင်မှု စွမ်းအားလည်း မသေးချေ။ ထုတ်လုပ်သော အချို့ ပစ္စည်းများသည် ပြည်သူတို့အတွက် လိုအပ်သော အကျိုးပြုသော ပစ္စည်းများဖြစ်သည်။ အချို့လည်းအရေးမကြီး သောပစ္စည်းများဖြစ်သည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတွင်း လိုအပ်ချက်ကို တစ်ဘက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ကြသည်။ ပဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများကို ပြည်သူပိုင် သိမ်းယူပြီးသော နောက်ပိုင်းတွင် ပြည်သူပိုင် စက်ရုံများလည်း တည်ဆောက်လာသဖြင့် ပဂ္ဂလိက လုပ်ငန်းများ၊ စက်ရုံများ ကုန်ထုတ် စွမ်းအား တဖြည်းဖြည်း လျော့နည်းကျဆင်း သွားခဲ့သည်။

တော်လှန်ရေး ကောင်စီကာလတွင် ပြည်သူပိုင်အခန်းကဏ္ဍကို ဦးစားပေးသည့်အား လျော်စွာ စက်မှုလက်မှု ကဏ္ဍတွင် စက်ရုံများ၊ စက်မှုလက်မှု လုပ်ငန်းများ တိုးချဲ့တည်ဆောက် ကြောင်းတွေ့ရသည်။ ထိုသို့ စီမံကိန်းသစ်များ ရေးဆွဲ၍ စက်ရုံများ တိုးချဲ့တည်ဆောက်ထုံးသည် ပြည်ပသွင်းကုန်များကို အစားထိုးနိုင်မည့် စက်မှုလုပ်ငန်းများနှင့် ရေရှည်တွင် ကုန်ထုတ် အရင်းအနှီးများ ထုတ်လုပ်ပေးမည့် အကြီးစား စက်မှုလုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ်

တိုးတက် တည်ဆောက်သည်။ ထိုပြည်သူပိုင် စက်ရုံများမှ ပြည်သူတို့အတွက် မရှိမဖြစ် လိုအပ်သော ဝတ်ဆင်ရေးဆိုင်ရာ ကုန်ပစ္စည်းများ၊ စားသောက်ကုန်များနှင့် ဆောက်လုပ်ရေး အပါအဝင် သုံးကုန်ပစ္စည်း ကြီးငယ် အမျိုးမျိုးကို ထုတ်လုပ်ပေးသည်။ အကြီးစား စက်မှုလုပ်ငန်းစက်ရုံ ၄ ခုမှလည်း ခေတ်မီ စက်မှုလယ်ယာကဏ္ဍကို ဖွေးမြှူ၍ လယ်ယာသုံး ထွန်စက်၊ ရေစုပ်စက် အစရှိသော စက်များ၊ စက်ကိရိယာများကိုလည်းကောင်း၊ ပြည်သူတို့ သွားလာရေးကို ထောက်ကူပေးမည့် မော်တော်ယာဉ် ကြီးငယ်များကိုလည်းကောင်း၊ ဓာတုဗေဒစက်နှင့် စက်ပစ္စည်း ကိရိယာ အမျိုးမျိုးကိုလည်းကောင်း ထုတ်လုပ်သည်။

ဤသို့ဖြင့် တော်လှန်ရေး ကောင်စီကာလအတွင်းတွင် စက်မှု ကုန်ထုတ် တိုးတက်ခဲ့သည်။ ၁၉၆၁-၆၂ ခုနှစ် မတိုင်မီက အရပ်ရပ် စက်မှုကုန်ထုတ်တန်ဖိုးသည် ကျပ် ၄၄၂ ကုဋေသာရှိသည်။ ၁၉၇၁-၇၂ ခုနှစ်တွင် ကျပ် ၅၅၈ ကုဋေဖိုး ထုတ်လုပ်နိုင်သည်။ ဆယ်နှစ်အတွင်း ၂၅ ရာခိုင်နှုန်း တိုးတက်၍ နှစ်စဉ် ပျမ်းမျှ ၂.၅ ရာခိုင်နှုန်း တိုးတက်ကြောင်း တွေ့ရသည်။ ပြည်သူပိုင်စက်မှု ကုန်ထုတ်တန်ဖိုးကို သီးခြားဖော်ပြရလျှင် ပြည်သူပိုင်ကဏ္ဍမှ ၁၉၆၁-၆၂ ခု မတိုင်မီက ကျပ် ၁၂၇ ကုဋေဖိုးသာ ထုတ်လုပ်နိုင်ခဲ့သည်။ ၁၉၇၁-၇၂ ခုနှစ်တွင် ၂၄၃ ကုဋေဖိုး ထုတ်လုပ်နိုင်သဖြင့် ဆယ်နှစ်အတွင်း နှစ်ဆတိုးတက် ထုတ်လုပ်နိုင်သည်။ ထို့သို့ တိုးတက်သည်မှာ တော်လှန်ရေး ကောင်စီလက်ထက်တွင် ပြည်သူပိုင် စက်မှုကဏ္ဍကို တိုးချဲ့ တည်ဆောက်သောကြောင့် ဖြစ်သည်။

တော်လှန်ရေး ကောင်စီကာလတွင် စက်မှုကုန်ထုတ် တိုးတက်ခဲ့သည် ဆိုသော်လည်း တစ်သမတ်တည်း မဟုတ်ဘဲ စွမ်းအားကျဆင်းသည့် နှစ်များရှိကြောင်း တွေ့ရသည်။ မြန်မာနိုင်ငံတွင် စက်မှုလက်မှုကဏ္ဍမှ ကုန်ထုတ်လုပ်မှု ၆၀ ရာခိုင်နှုန်းကျော်သည် လယ်ယာကဏ္ဍမှ ရသော ကုန်ကြမ်းပေါ် တွင် မူတည်နေသည်။ ၁၉၆၄-၆၅ ခုနှစ်မှ ၁၉၆၆-၆၇ ခုနှစ်များအတွင်း ရာသီဥတု ဖောက်ပြန်သဖြင့် လယ်ယာကုန်ထုတ်လုပ်မှု ကျဆင်းရာ စက်မှုလက်မှုကဏ္ဍကိုပါ ထိခိုက်သည်။ ထိုနှစ်များအတွင်းက ပဂ္ဂလိက စက်မှုလက်မှု လုပ်ငန်း အချို့သည် ပြည်ပကုန်ကြမ်းပေါ် တွင် လုံးဝ အမှီပြုနေသော စက်ရုံများဖြစ်သည်။ ပြည်ပသို့ ပို့ကုန် အထူးသဖြင့် ဆန်ရောင်းဝယ်ရေး ကျဆင်းသည်တွင် နိုင်ငံခြား သုံးငွေ အဝင်လျော့နည်းသဖြင့် စက်ရုံသုံး ပြည်ပကုန်ကြမ်းများကို လိုသလောက် ဝယ်ယူတင်သွင်းနိုင်ခြင်း မရှိချေ။ ဤတွင် စက်မှုကုန်ထုတ် စွမ်းအားကျဆင်းခဲ့သည်။ ထိုအချက်ကို သင်ခန်းစာယူ၍ တော်လှန်ရေးကောင်စီသည် စက်ရုံ အလုပ်ရုံသုံး ကုန်ကြမ်းများကို ပြည်တွင်းမှ တတ်နိုင်သမျှ ရယူရန် ကြံဆ လုပ်ဆောင်သည်။ တစ်နည်းအားဖြင့် ပြည်တွင်းထွက် ကုန်ကြမ်းများကို တတ်နိုင်သမျှ အကျိုးရှိစွာ အသုံးချနိုင်ရန် ကြိုးပမ်း ဆောင်ွက်သည်။

တစ်ဘက်တွင်လည်း လယ်ယာကုန် ထုတ်လုပ်ရေးတွင် တည်ငြိမ်မှု မရှိသည်နှင့်အမျှ အခြားကဏ္ဍများ၏ ကုန်ထုတ်လုပ်မှုကို ထိပါးလာနိုင်သဖြင့် လယ်ယာကဏ္ဍကို ခေတ်မီတိုးတက်ပြောင်းလဲလာရန် ကြိုးပမ်းသည်။ ထို့ကြောင့် ၁၉၆၁-၆၂ ခုနှစ်မှစ၍ လယ်ယာကဏ္ဍခေတ်မီတိုးတက်ပြောင်းလဲလာရေးအဘွဲ့ လိုအပ်သည့် ဆောင်ရွက်မှုများကို စတင်ဆောင်ရွက်ခဲ့သည်။ လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်လာစေရန်အတွက် တစ်ဘက်တွင် တိုးချဲ့စိုက်ပျိုးမှုကို ဆောင်ရွက်ပြီး အခြား တစ်ဘက်တွင် တစ်ဧက အထွက်နှုန်း တိုးတက်လာစေရန်အတွက် သိပ္ပံနည်းအရ စိုက်ပျိုးသည့် စနစ်ကို စတင်လုပ်ဆောင်သည်။ သိပ္ပံနည်းအရ စိုက်ပျိုးသည့် စနစ်ကို အထောက်အကူပြုစေရန် မျိုးကောင်းမျိုးသန့်၊ ခေတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို တစ်နှစ်ထက်တစ်နှစ် တိုး၍ ထုတ်လုပ်ဖြန့် ဖြူးပေးသည်။ လယ်ယာစိုက်ပျိုးဧရိယာ ချေးငွေများကို တစ်နှစ်ထက်တစ်နှစ် တိုး၍ တိုး၍ ချေးငှားခဲ့သည်။ လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ အသွင်ကူးပြောင်းနိုင်ရေးအတွက် လယ်ထွန်စက်၊ ရေစုပ်စက်နှင့် အခြားလယ်ယာသုံးစက်ကိရိယာများကို တစ်နှစ်ထက်တစ်နှစ် တိုး၍ အသုံးပြုနိုင်ရန် ကြိုးပမ်းသည်။

အလားတူပင် စက်မှ ပံ့ပိုးကဏ္ဍကြီးတစ်ခု ဖြစ်သော ခေတ်သတ္တုထုတ်လုပ်ရေးတွင်ပြည်ပသို့ တိုးချဲ့တင်ပို့နိုင်ရေးနှင့်ခ ၁တ်သတ္တုကုန်ကြမ်းအပေါ် အခြေပြုရသော စက်မှုလက်မှုလုပ်ငန်းများအတွက် ကုန်ကြမ်း ဖြည့်တင်းပေးနိုင်ရေးကို ရှေးရှု၍ သတ္တုရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ သန့်စင်ခြင်း လုပ်ငန်းများကို တစ်နှစ်ထက် တစ်နှစ်တိုးချဲ့လုပ်ကိုင်သည်။ ရေနံကိုပြည်တွင်းဖူလုံရေးနှင့် ရေရှည်တွင် ပြည်ပတင်ပို့နိုင်ရန်ရည်မှန်း၍ ရေနံရှာဖွေရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများကို အထူးအာရုံ စူးစိုက်၍ တိုးချဲ့ဆောင်ရွက်သည်။ ရေနံရှာဖွေရေးတွင် မြေပြင်ရှာဖွေရေးလုပ်ငန်းများ အပြင် ရခိုင်ကမ်းလွန်ဒေသနှင့် မုတ္တမကမ်းလွန် ဒေသတို့၌ ကမ်းလွန်ရေနံရှာဖွေရေး လုပ်ငန်းများကိုပါ တိုးချဲ့ လုပ်ကိုင် ဆောင်ရွက်သည်။ တိုးချဲ့ရှာဖွေခဲ့သည့် အားလျော်စွာ ပြည်၊ မြန်အောင်၊ မန်း၊ရွှေပြည်သာနှင့် အရာတော်တို့တွင် ရေနံတွင်းသစ်များ တွေ့ရှိခဲ့သဖြင့် ရေနံစိမ်းများ တိုးချဲ့ထုတ်လုပ်ရာ ဆယ်နှစ်တာ အချိန်ကာလအတွင်း ရေနံစိမ်း ထုတ်လုပ်မှုတွင် ၇၀ ရာခိုင်နှုန်းခန့်တိုးခဲ့သည်။ ယခင်ကအလဟဿမီးရှို့ပစ်ခဲ့ရသော ခေတ်ငွေများကိုလည်း ၁၉၆၉-၇၀ ခုနှစ်မှစတင်၍ ခေတ်ငွေသုံး စက်ရုံများတည်ထောင်ခြင်းဖြင့် စက်ရုံများတွင် အကျိုးရှိစွာ အသုံးပြုနိုင်ပေသည်။ စက်ရုံများအတွက် လောင်စာဆီ လိုအပ်ချက်ကို ခေတ်ငွေများကို တိုးချဲ့ ထုတ်လုပ်ပေးခြင်းဖြင့် အစားထိုး နိုင်ခဲ့သည်။

တော်လှန်ရေး ကောင်စီကာလအတွင်း တည်ဆောက်ပြီးစီး ခဲ့သော ပြည်သူပိုင်စက်ရုံသစ် ၃၅ ရုံအနက် ပြည်သူတို့၏ စားဝတ်နေရေး လိုအပ်ချက်အတွက် အရေးပါသော စက်ရုံအချို့မှာ

ဘီးလင်းသကြားစက်၊ အရက်ပြန်နှင့် ပုလင်းသွင်းစက်ရုံ၊ ပြည်သူ့ စီးကရက်စက်ရုံ(ပခုက္ကူ) ချည်မျှင်နှင့် အထည်စက်(မိတ္ထီလာ)၊ ချည်မျှင်နှင့် အထည်စက် (စစ်ကိုင်း)၊ ချည်မျှင်အထည် နှင့်အခြောက်ကိုင်စက်ရုံ (ပလိပ်)၊ အမှတ်(၂) တိုးချဲ့ဘီလပ်မြေစက် (သရက်)၊ ဘီလပ်မြေ စက်ရုံ(ကြံခင်း)၊ ဖန်ချက်စက်ရုံ (သန်လျင်)၊ ပန်းကန်စက်ရုံ (မော်လမြိုင်)၊ ဓာတ်မြေဩဇာ စက်ရုံ(စလေ)၊ ဓာတ်မြေဩဇာ စက်ရုံ (ကျန်းချောင်း)၊ စစ်တောင်း စက္ကူစက်ရုံ၊ စစ်တောင်း ကော့စတစ်ဆိုဒါနှင့် ကလိုရင်း စက်ရုံ အစရှိသည်တို့နှင့် စက်နှင့်စက် ဖွဲ့စည်းအမျိုးမျိုး ထုတ်လုပ်ပေးမည့် အကြိုးစား စက်မှုစက်ရုံ ၄ ရုံတို့ဖြစ်သည်။ တော်လှန်ရေး ကောင်စီလက်ထက်တွင် ပြည်သူပိုင် စက်ရုံပေါင်း ၁၄၅၈ ရုံရှိသည်။ ၁၉၇၂ ခုနှစ်တွင် စီမံကိန်း သစ် စက်ရုံ ၁၉ ရုံမှာ တည်ဆောက်ဆဲ ဖြစ်သည်။ ယင်းတည်ဆောက်ဆဲ စက်ရုံများပြီးစီး၍ ကုန်ပစ္စည်းများ စတင်ထုတ်လုပ်နိုင်သည့် အခါတွင် စက်မှုကဏ္ဍ ကုန်ပစ္စည်းထုတ်လုပ်မှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမို တိုးတက်လာမည်ဖြစ်သည်။

ထို့ပြင် စက်မှုကဏ္ဍ၏ ပံ့ပိုးမှုအပိုင်းတွင် အဓိကနေရာယူသည့် လျှပ်စစ်ဓာတ်အားကဏ္ဍ အနေဖြင့်လည်း ပြည်သူလူထုသုံးစွဲရန်နှင့် စက်မှုလက်မှု လုပ်ငန်းများမှ လိုအပ်သည့် လျှပ်စစ် ဓာတ်အား လိုအပ်ချက်များကို အဆက်မပြတ် ဖြည့်စွမ်းပေးနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အား ကဏ္ဍအနေဖြင့် တိုးချဲ့လုပ်ကိုင် ဆောင်ရွက်သည်။ တစ်နိုင်ငံလုံး တပ်ဆင်ထားသော လျှပ်စစ် ဓာတ်အား ထုတ်လုပ်ပေးနိုင်သည့် လက်ရှိ စက်အင်အား ကီလိုဝပ် ၂.၆ သိန်းမှ ကီလိုဝပ် ၄.၆ သိန်းထိ တိုးချဲ့လုပ်ကိုင် ဆောင်ရွက်သည်။ ဆယ်နှစ်တာ အချိန်ကာလအတွင်း လျှပ်စစ်ဓာတ် အားကဏ္ဍအတွက် စုစုပေါင်း ရင်းနှီးမြှုပ်နှံခဲ့သည့် ငွေမှာ ကျပ် ၂၅ ကုဋေ ခန့်ဖြစ်သည်။

တော်လှန်ရေး ကောင်စီကာလအတွင်း စက်မှုကဏ္ဍကို ပြည်သူပိုင်အဖြစ် တိုးချဲ့တည် ဆောက်ရာ၌ စက်ရုံ စီမံကိန်းများ ရေးဆွဲရန် Design ရေးဆွဲရန်၊စက်များ၊ စက်ပစ္စည်းကိရိယာ များဝယ်ယူ တပ်ဆင်ရန် စသည့်တို့အတွက် နိုင်ငံခြား ကုမ္ပဏီများ၊ ကျွမ်းကျင်သူများ၊ပညာရှင် များ၏ အကူအညီကို ရယူခဲ့ရသည်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များကို လည်းကောင်း၊ ချေးငွေများကို လည်းကောင်း အားထားခဲ့ရသည်။ ဤသို့ ပြည်ပအကူအညီ ပေါ်တွင် အားကိုးအားထားပြုရသဖြင့် ရံဖန်ရံခါ အဆင်မပြေမှုများ အခက်အခဲများ နစ်နာမှု များနှင့် ကြုံရသည်။ နိုင်ငံခြား ကုမ္ပဏီအချို့သည် စာချုပ်ပါ သတ်မှတ်ချက်အတိုင်းစက်များ စက်ပစ္စည်းများ ပေးသွင်းရာ၌ မမှန်ကန်မှု အချိန်ကြန့်ကြာမှုများရှိသည်။ စက်များ စက်ပစ္စည်း များကို သတ်မှတ်အချိန်အတွင်း မပေးသွင်းသဖြင့် စက်ရုံ တည်ဆောက်ပြီး သော်လည်း

စက်များ တပ်ဆင်နိုင်ခြင်း မရှိဘဲ အချိန်နှောင့်နှေးခဲ့ရမှုများရှိသည်။ ပေးသွင်းသောစက်များ စက်ပစ္စည်းများသည် စာချုပ်ပါ သတ်မှတ် စွမ်းအားအတိုင်း မပြည့်ဝသဖြင့် ကုန်ထုတ်လုပ်မှုဌာနက်အခဲ တွေ့ရသည်။ ပြန်လည် ပြင်ဆင် လုပ်ဆောင်ကြရသဖြင့် အချိန်ပို ငွေပိုကုန်ကျရသည်များနှင့်လည်း မကင်းခဲ့ပေ။ ထိုသို့သော မလိုလားအပ်သော အခက်အခဲအမျိုးမျိုးကို ရင်ဆိုင် ဖြေရှင်းလျက် တော်လှန်ရေး ကောင်စီအစိုးရသည် ပြည်သူတို့၏ စားဝတ်နေရေး ပြဿနာ အရပ်ရပ် ပြေလည်စေရန် ကြိုးပမ်းခဲ့ပေသည်။ ထို့အပြင် ပထမအကြိမ် ပါတီညီလာခံမှ ပြဋ္ဌာန်းသော ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးလမ်းညွှန်မှုများအရ ချမှတ်သောပထမ လေးနှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၇၁-၇၂ ခုနှစ်သည် တော်လှန်ရေး ကောင်စီကာလ အတွင်းဖြစ်သဖြင့် ပထမ နှစ်ဆိုင်ရာ စီမံကိန်းများကိုလည်း ဦးလည်မသုန် စတင် အကောင်အထည်ဖော် ခဲ့ရပေသည်။

မြန်မာနိုင်ငံအထူး အမိန့်ပြန်တမ်း

(THE BURMA GAZETTE EXTRAORDINARY)

ရန်ကုန်မြို့၊ ၁၃၃၀ ပြည့်နှစ်၊ နတ်တော်လပြည့်ဒကျော် ၁၂ ရက် (၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှုန်ရေးအဖိုးရ စက်မှုလက်မှုဌာန

ရန်ကုန်မြို့၊ ၁၃၃၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက် (၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

အမိန့်ကြော်ငြာစာ အမှတ် ၁၁၅

အပိုင်း ၁

၁။ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွားရေး စနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ အခန်း ၂၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) အရ၊ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို အသုံးပြု၍ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှုန်ရေး အဖိုးရသည်၊ အောက်၌ ဖော်ပြထားသည့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများကို ၁၃၃၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက် (၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)နေ့မှစ၍ပြည်သူပိုင် ပြုလုပ်လိုက်ကြောင်းကျေညာလိုက်သည်။

ပြည်သူပိုင် ပြုလုပ်ခြင်းနှင့် စတင်အာဏာတည်သည့် နေ့ရက်။

(က) **အထည်အလိပ်လုပ်ငန်းများ**

(၁) ဗွစ်ထခိုအထည်စက်၊
ရွှေကျီးလမ်း၊ စဉ်၄၊ အင်းစိန်။

(၂) စတားအထည်စက်၊
ကုန်းမြင့်ရိပ်သာ၊ ၇ မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

(၃) စတားစောင်စက်၊
လွတ်လပ်ရေးလမ်း၊ သစ်နှံးကျွန်း၊ ရန်ကုန်မြို့။

(၄) ပတေးကြိုးစက်၊
၅၌ မိုင်၊ ကုက္ကိုင်း၊ ကံဘဲ့၊ ရန်ကုန်မြို့။

(၅) အင်ဒိုဘားမားကြိုးစက်၊
အဘူဘေကာလမ်း၊ သစ်နှံးကျွန်း၊ ရန်ကုန်မြို့။

(၆) နေရှင်နယ်ဝီးဗင်း (အမျိုးသား အထည်စက်)၊
လေးဒေါင့်ကန်လမ်း၊ သစ်နှံးကျွန်း၊ ရန်ကုန်မြို့။

(၇) ဒဂုန်ပိုဒါ အထည်စက်၊
၂၂၊ လင့်(ခ်)လမ်း၊ သမိုင်း၊ ရန်ကုန်မြို့။

(၈) ချစ်စရာရေယွန်စက်၊
ဘူတာရုံလမ်း၊ အုတ်ကျင်း၊ ရန်ကုန်မြို့။

(၉) ကြယ်တာရာဖဲပြားစက်၊
လွတ်လပ်ရေးလမ်း၊ သစ်နှံးကျွန်း၊ ရန်ကုန်မြို့။

(၁၀) အာမက် တရော စွပ်ကျယ်စက်၊
မင်္ဂလာဒုံလမ်း၊ စဉ်ငူ၊ အင်းစိန်။

(၁၁) ညွှန့်အထည်စက်၊
မင်္ဂလာဒုံလမ်း၊ စဉ်ငူ၊ အင်းစိန်။

(၁၂) ဒဂုံ အထည်စက်၊ လီမိတက်၊
၂၂၊ လင့်(ခ်)လမ်း၊ သမိုင်း၊ ရန်ကုန်မြို့။

(၁၃) ဂိုလီယံဘရားသား၊
၈၅၊ ၅ မိုင်၊ ၅ ဖာလုံ၊ ကမ္ဘာအေး ဘုရားလမ်း၊ ရန်ကုန်မြို့။

(၁၄) အောဝမ်းအထည်စက်၊
၂၁၊ ဦးဘဟန်လမ်း၊ သစ်နှံးကျွန်း၊ ရန်ကုန်မြို့။

(၁၅) ဝင်းမာ အဆည်စက်နှင့် အထွေထွေ စက်မှုကုမ္ပဏီ၊
၁၆-ဘီ၊ ဆူနီရမ်းပတ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။

(၁၆) ရွှေပျားစောင်စက်၊
အမရဋ္ဌာနီ၊ သူရဲစွေးဘုတာအနီး၊ ခွမ်းဝိုင်း၊ မန္တလေးမြို့။

(၁၇) အောင်သစ္စာ၊
အမှတ် ၉၊ စူနီခမ်းလေးအောက်၊ ကမ္ဘာအေး ဘုရားလမ်း၊ ရန်ကုန်မြို့။

(၁၈) ခေတ်ဆန်းစက်မှုလက်မှု၊
၂၊ ဦးဘဟန်လမ်း၊ ချော်တွင်းကုန်း၊ ရန်ကုန်မြို့။

(၁၉) အိုလံပီယာ စက်မှုလက်မှု၊
အမှတ် ၅၀၊ ကင်မွမ်းခြံ၊ တံတားဖြူကလေးလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၂၀) ရွှေပြည်တော် စောင်ဖက်၊
ငွေသော်ဒါ စီနီမာရုံအနီး၊ သမိုင်း၊ ရန်ကုန်မြို့။

(၂၁) မြန်မာပြည် ချည်မျှင်နှင့် ရက်ကန်းစက်ရုံများ၊
ဖောင်ကန်၊ အင်းစိန်။

(၂၂) စိန်ရုတနာ ပိုးထည်စက်၊
စဉ်ငှဲ့၊ အင်းစိန်။

(၂၃) ဒါဒါပိုးထည်စက်၊
မင်္ဂလာဒုံလမ်း၊ စဉ်ငှဲ့၊ အင်းစိန်။

(၂၄) ဒါဝတ်ပိုးထည်စက်၊
၁၀-အေ၊ ရွာမ၊ စဉ်ငှဲ့၊ အင်းစိန်။

(၂၅) ဆင်ပို့ စောင်စက်၊
မင်္ဂလာဒုံလမ်း၊ စဉ်ငှဲ့၊ အင်းစိန်။

(၂၆) သမိုင်း ရေယှဉ်စက် လီမိတက်၊
၁၁၄၊ ရန်ကုန်-အင်းစိန်လမ်း၊ ရန်ကုန်မြို့။

(၂၇) အာမက် ဆေးဆိုး ပန်းရိုက် နှင့် ပိုးထည်စက်၊
၁၆၊ လင့်(ခ်)လမ်း၊ သမိုင်း၊ ရန်ကုန်မြို့။

(၂၈) ရွှေနန်းတော် ချည်မျှင်နှင့်ရေယွန်စက်၊
၁၆၊ လင့်(ခ်)လမ်း၊ သမိုင်း၊ ရန်ကုန်မြို့။

(၂၉) မြို့မအထည်စက်၊
၁၆၊ လင့်(ခ်)လမ်း၊ သမိုင်း၊ ရန်ကုန်မြို့။

(၃၀) သင်းကြူကြူ နိုင်လွန်စက်၊
၁၆၊ လင့်(ခ်)လမ်း၊ သမိုင်း၊ ရန်ကုန်မြို့။

(၃၁) စံပြ စက်မှုလက်မှု၊
၁၉၊ ဦးဘဟန်လမ်း၊ သဃ်နိုးကျွန်း၊ ရန်ကုန်မြို့။

(၃၂) ဝင်းဝင်း စက်မှုလက်မှု၊
၃၊ ဂန္ဓာရုံလမ်း၊ သဃ်နိုးကျွန်း၊ ရန်ကုန်မြို့။

(၃၃) နေရှင်နယ် ရေယွန်စက် လီမိတက်၊
မင်္ဂလာဒုံလမ်း၊ စဉ်ငူ၊ အင်းစိန်။

(၃၄) မြန်မာပြည် အလယ်ပိုင်း စက်မှုလက်မှုနှင့် ကုန်သွယ်ရေး လီမိတက်၊
လှော်ကားလမ်း၊ ဒညင်းကုန်း၊ အင်းစိန်။

(၃၅) ခေတ္တရာ စောင်စက်၊
၁၃/၁၅၊ မင်္ဂလာဒုံလမ်း၊ အင်းစိန်။

(၃၆) ဗမာ့စွပ်ကျယ် ချည်မျှင်နှင့် အထည်စက်၊
၆ မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

(၃၇) ဇံဘင်စိန့်ကုမ္ပဏီ (ရွှေကျီး စွပ်ကျယ်စက်နှင့် ရွှေကျီးကုမ္ပဏီ)၊
၇ မိုင်၊ ၇ ဖာလုံ၊ အင်းစိန်လမ်း၊ ရန်ကုန်မြို့။

(၃၈) ပိုလိုစက်မှုလက်မှု၊
၅၊ စူနီရမ်လေးအောက်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။

(၃၉) ရွှေပြည်တန်အထည်စက်၊
၃၃-က၊ ၈ မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

(၄၀) ညွှန့်ကြည်အေးကုမ္ပဏီ၊
၆၂-ဘီ၊ ဦးထွန်းငြိမ်းလမ်း၊ စူနီရမ်လေးအောက်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။

(၄၁) ဇာတိသွေး စက်မှုလက်မှု၊
၆၂-ဘီ၊ ဦးထွန်းငြိမ်းလမ်း၊ စူနီရမ်လေးအောက်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။

(၄၂) ဇာတိသွေး ဆေးဆိုးလုပ်ငန်း၊
မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

(၄၃) သီရိရွှေဟင်္သာ ပိုးထည်စက်၊
၈၂-အေ၊ လင့်(ခ်)လမ်း၊ သမိုင်း၊ ရန်ကုန်မြို့။

(၄၄) ဗမာ့ခေတ် အထည်စက်လီမိတက်၊
၂၁၊ ၆၅ မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

(၄၅) အရှေ့တိုင်း အထည်စက်၊
လူဆု စက်မှုလက်မှုနှင့် အေဂျင်စီ၊ ၂၁၊ ၆၅ မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

(၄၆) ရန်ကုန်အထည်စက်လီမိတက်၊
၇၅ မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

(၄၇) မျိုးချစ် စွပ်ကျယ်နှင့် နိုင်လွန်စက်၊
၇၉၊ တံတားလေးဘူတာလမ်း၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။

(၄၈) ရွှေကျီး ကုမ္ပဏီလီမိတက်၊
၇ မိုင်၊ ၇ ဖာလုံ၊ အင်းစိန်လမ်း၊ သမိုင်း၊ ရန်ကုန်မြို့။

(၄၉) ဒေါ်သိန်း စစ်သူကြီး စောင်စက်၊
၂၃၊ လင့်(ခ်)လမ်း၊ သမိုင်း၊ ရန်ကုန်မြို့။

(၅၀) မြန်မာညွှန့်ကုမ္ပဏီလီမိတက်၊
ဘူတာရုံလမ်း၊ ကံဘဲ့၊ ရန်ကုန်မြို့။

(၅၁) ကြံတိုင်းညွှန့်လီမိတက်၊
၇၂၊ လူအိုရုံလမ်း၊ သင်္ဆန်းကျွန်း၊ ရန်ကုန်မြို့။

(၅၂) သဘာဝ ကြက်ပေါင်စေး လီမိတက်၊
၂၀၊ ဦးဘဟန်လမ်း၊ သင်္ဆန်းကျွန်း၊ ရန်ကုန်မြို့။

(၅၃) ဗန္ဓုလ စောင်စက်၊
အဝေယာလမ်း၊ သင်္ဆန်းကျွန်း၊ ရန်ကုန်မြို့။

(၅၄) ဟံသာအေး လီမိတက်၊
၆၇၈၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊ ရန်ကုန်မြို့။

(၅၅) မြနိုင်လွန်အထည်စက်၊
၆၀၇-ဘီ၊ အထက်ပုဇွန်တောင်လမ်း၊ ရန်ကုန်မြို့။

(၅၆) ဗမာ့နိုင်လွန်ဇာနှင့် အထည်စက်၊
၆၇၈၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊ ရန်ကုန်မြို့။

(၅၇) မြန်မာပြည် နိုင်လွန် အထည်စက်၊
၆၀၇-အေ၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊ ရန်ကုန်မြို့။

(၅၈) ဌေးဂုံပိတ်ဖောက်ဇာ၊
၆၇၈၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊ ရန်ကုန်မြို့။

(၅၉) ဘုရင်မ နိုင်လွန်ဇာနှင့် အထည်စက်၊
၈၄၀၊ ဝင်ဒါမီယာလမ်း၊ ရန်ကုန်မြို့။

(၆၀) စိန်အောင် စောင်လုပ်ငန်း၊
၇၆ လမ်းနှင့် ၃၃/၃၄လမ်းကြား၊ ရွှေချိတိုးရပ်၊ မန္တလေးမြို့။

(ခ) စားကုန် သောက်ကုန် လုပ်ငန်းများ

(၆၁) အိဟောင်း ပဲငံပြာရည် ကုမ္ပဏီ၊
၁၂၄၊ အင်းစိန်လမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၆၂) ခေတ်သစ် စက်မှုလက်မှု ကော်ပိုရေးရှင်း၊
သရက်တောလမ်း၊ သဃ်ိန်းကျွန်း၊ ရန်ကုန်မြို့။

(၆၃) ဘားမားအင်ဒတ်စကြီး လီမိတက်၊
၁၀၄၊ စမ်းချောင်းလမ်း၊ ရန်ကုန်မြို့။

(၆၄) ဒဂုံဘီလပ်ရည်နှင့် ကျန်းမာရေး ရေခဲစက်၊
၃၃၅-၃၄၉၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

(၆၅) မြန်မာ့ဟင်းသီးဟင်းရွက် ထောပတ်ဆီ လုပ်ငန်း၊
၁၆၊ လင့်(ခ်)လမ်း၊ သမိုင်း၊ ရန်ကုန်မြို့။

(၆၆) အမျိုးသား ဘီစကွတ်နှင့် စက်မှုလက်မှု လီမိတက်၊
ရုံး/၈၁၆၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့။
စက်ရုံ/၁၅၂-ဘီ၊ ယောဂီကျောင်းလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၆၇) ပဒေသာ စက်မှုလက်မှု (သံဖြူပုံး လုပ်ငန်း အပါအဝင်)၊
၁၄၈၊ ရန်ကုန်-အင်းစိန်လမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၆၈) ကြည်ကြည် ဘီစကွတ်ကုမ္ပဏီ(သံဖြူပုံး လုပ်ငန်း အပါအဝင်)၊
ရုံး/၁၃၅၊ ၂၈ လမ်း၊ ရန်ကုန်မြို့။
စက်ရုံ/မေတ္တာလမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

(၆၉) ဘားမား ဘီစကွတ် ထုတ်လုပ်ရေး လီမိတက် (သံဖြူပုံး လုပ်ငန်း အပါ
အဝင်)၊ ၁၀၈၊ ရန်ကုန်-အင်းစိန်လမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၇၀) ရှိန် စက်မှုလက်မှု လုပ်ငန်း (သံဖြူပုံးလုပ်ငန်း အပါအဝင်)၊
ရုံး/၁၈၀၊ ၃၄ လမ်း၊ ရန်ကုန်မြို့။
စက်ရုံ/ထူပါရုံလမ်း၊ သာကေတ၊ ရန်ကုန်မြို့။

(၇၁) ဘီတီဘရားသခင်း (အောက်မြန်မာပြည်)၊
၂၉၊ ပြည်လမ်း၊ ၇ မိုင်၊ ရန်ကုန်မြို့။

(၇၂) ဘီတီဘရားသား (အထက်မြန်မာပြည် လီမိတက်) စက်ရုံ၊
(ခြံအပါအဝင်) မေမြို့။

(၇၃) ပြည်သူ့ စက်မှုလက်မှု ကော်ပိုရေးရှင်း၊
အုတ်ကျင်းလမ်း၊ သမိုင်း၊ ရန်ကုန်မြို့။

(၇၄) ဒိုင်းမွန် ဘိလပ်ရည် စက်ရုံ၊
၁၁၇၊ ကီလီလမ်း၊ ရန်ကုန်မြို့။

(၇၅) ဗမာ့ကာဗွန်ဒိုင် အောက်ဆိုက် ကုမ္ပဏီ၊
၁၂၃/၁၂၇၊ ကီလီလမ်း၊ ရန်ကုန်မြို့။

(၇၆) မြန်မာ့ ရေခဲနှင့် ဘိလပ်ရည် စက်ရုံ၊
၈၁၃၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

(၇၇) သူဇာ ရေခဲစက်၊
၁၂၆၊ အင်းစိန်လမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၇၈) ဌာန ရေခဲနှင့် ဘီလပ်ရည်စက်၊
၁၂၅/၁၂၇၊ ဂွတ္တလစ်လမ်း၊ ရန်ကုန်မြို့။

(၇၉) မင်္ဂလာ ဘီလပ်ရည် စက်ရုံ၊ ဟောင်မင်္ဂလာ ရေခဲစက်၊
၂၁၅/၂၁၇၊ အလုံကမ်းနားလမ်း၊ ရန်ကုန်မြို့။

(၈၀) ဒါးတန်း ရေခဲနှင့် ဘီလပ်ရည်စက်၊
၈၄ လမ်း၊ မန္တလေးမြို့။

(၈၁) တောင်ပန်ကား ရေခဲနှင့် ဘီလပ်ရည်စက်၊
၈၁ လမ်း၊ မေဆလီရိရပ်၊ မန္တလေးမြို့။

(၈၂) ပြည်ထောင်စု ခေါက်ဆွဲ မြှုပ်လုပ်ငန်း၊
၇၃၊ ပဏ္ဍိတလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၈၃) လင်ကွန်း ဆေးတံ သောက်ဆေး၊
၆ မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

(၈၄) ဟိုင်ဖုံ ကုမ္ပဏီ၊
၁၄၃၊ မောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

(၈၅) ကမာရွတ်(ဒီ-၁) မြန်မာ အရက်ချက်ရုံ၊
ကမာရွတ်၊ ရန်ကုန်မြို့။

(၈၆) မြန်မာ-တရုတ် ခေါက်ဆွဲလုပ်ငန်း၊
၄၈၊ သမာဓိလမ်း၊ တာမွေလေး၊ ရန်ကုန်မြို့။

(၈၇) ဂရင်း ဟော်တယ်နှင့် ဟော်တယ် လုပ်ငန်းများ၊
၁၈၁/၁၈၇၊ ပန်းဆိုးတန်း၊ ရန်ကုန်မြို့။

(၈၈) ၁၀၁၊ ရေခဲနှင့် ဘီလပ်ရည် ကုမ္ပဏီ၊
၂၀၅၊ အလုံ၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့။

(၈) **ဓာတုဗေဒလုပ်ငန်းများ**

(၈၉) ဘားမား အောက်စီဂျင် လီမိတက် (Burma Oxygen Ltd.)
၅၊ သံလျက်စွန်းလမ်း၊ ရန်ကုန်မြို့။

(၉၀) အဒမ်ဂျီဟာဂျီဒါဝတ် အင်ကုပ္ပဏီ လီမိတက်၊
ရုံး/၁၇၊ ကုန်ဈေးတန်း၊ ရန်ကုန်မြို့။
စက်ရုံ/အောက်ပုဇွန်တောင်လမ်း၊ စက်ဆန်းရပ်၊ ရန်ကုန်မြို့။

(၉၁) မြန်မာပြည်မီးခြစ်ကုမ္ပဏီလီမိဘက်
(The Burma Match Co.,Ltd.)
ရုံးရုံ/၂၃-၂၅၊ ကမ္ဘာအေး ဘုရားလမ်း၊ ရန်ကုန်မြို့။
စက်/(စီ)လမ်း၊ မန္တလေးမြို့။

(၉၂) အီးစီမဒါး ဘရားသား လီမိတက်၊
၁၁၃၊ အင်းစိန်လမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၉၃) သင်းကြူကြူ ကုမ္ပဏီ၊
၂၃၁၊ အီဇင်လမ်း၊ ရန်ကုန်မြို့။

(၉၄) ဗန္ဓုလ ပလာစတစ် လီမိတက် စက်ရုံ၊
အဝေယာလမ်း၊ သဃိန်းကျွန်း၊ ရန်ကုန်မြို့။

(၉၅) အက်(စ်)ဟွီး အင်ကုပ္ပဏီ၊
၁၃၁(အေ)၊ ကင်းဘဲလမ်း၊ ရန်ကုန်မြို့။

(၉၆) ယူနီဗာဆယ်သုတ်ဆေးနှင့် ချိတ်ဆေး ထုတ်လုပ်ရေး ကုမ္ပဏီ လီမိတက်၊
ရုံး/၇၄၊ မောင်ခိုင်လမ်း၊ ရန်ကုန်မြို့။
စက်ရုံ/မြောရုံလမ်း၊ ကံဘဲ၊ ရန်ကုန်မြို့။

(၉၇) ရုတနာ သုက်ဆေးကုမ္ပဏီ၊
၁၃၅(အေ)၊ ကင်းဘဲလမ်း၊ ရန်ကုန်မြို့။

(၉၈) ဌေထီး ဆပ်ပြာစက် (ရင်ရင်နှင့် သားမျိုးကုမ္ပဏီ)၊
အမှတ်(၇)၊ ပဏ္ဍိတလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၉၉) မောင်စိန်ဘရားသား၊
၂၀၄၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

(၁၀၀) ဘိတ်လိုက် စက်မှုလက်မှု ကော်ပိုရေးရှင်း၊
၁၄၃၊ ဘိုကလေးဈေးလမ်း၊ ရန်ကုန်မြို့။

(၁၀၁) မြန်မာလျှပ်စစ်စက်မှုလက်မှုလုပ်ငန်းလီမိတက်၊
ရုံး/၉၁၊ ဗွေတိုက်ဘုရားလမ်း၊ ရန်ကုန်မြို့။
စက်ရုံ/ပေါ်တော်မူဘုရားလမ်း၊ သမိုင်း၊ ရန်ကုန်မြို့။

(၁၀၂) ပလတ်စတစ်စက်မှုလက်ခုကော်ပိုရေးရှင်း၊
ရုံး/၆၇၊ ဗွေတိုက်ဘုရားလမ်း၊ ရန်ကုန်မြို့။
စက်ရုံ/၂၆၆၊ ရန်ကုန်-အင်းစိန်လမ်း၊ သမိုင်း၊ ရန်ကုန်မြို့။

(၁၀၃) အောင်-ပလတ်စတစ်လုပ်ငန်း၊
၂၄ (အေ)၊ လင့် (ခ်) လမ်း၊ သမိုင်း၊ ရန်ကုန်မြို့။

(၁၀၄) သန်းစက်မှုလက်မှုလုပ်ငန်းဌာန၊
ရုံး/၅၆၊ ဘားလမ်း၊ ရန်ကုန်မြို့။
စက်ရုံ/၅၈ လမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၁၀၅) ညွှန်မြင့် စက်မှုလက်မှုလုပ်ငန်းလီမိတက် (ပလတ်စတစ်လုပ်ငန်း)၊
ရုံး/ဗွေတိုက်ဘုရားလမ်း၊ ရန်ကုန်မြို့။
စက်ရုံ/၂၉၊ ရန်ကုန်-အင်းစိန်လမ်း၊ ကမာရွတ် ဂါတ်ဘဲအနီး၊ ရန်ကုန်မြို့။

(၁၀၆) ညွှန်မြင့် စက်မှုလက်မှုကုမ္ပဏီ (စက္ကူလိပ်လုပ်ငန်း)၊
၉၃၊ ဗွေတိုက်ဘုရားလမ်း၊ ရန်ကုန်မြို့။

(၁၀၇) ဘားမားမော်ရီရှီတာဂျင်တန်ကုမ္ပဏီလီမိတက်၊
အမှတ် ၅/၇၊ စက်မှုလက်မှုရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

(၁၀၈) မဘတုဗေဒလုပ်ငန်းလီမိတက်၊
ရုံး/၃၁-၃၆၊ ဗွေတိုက်ဘုရားလမ်း၊ ရန်ကုန်မြို့။
စက်ရုံ/၂ လမ်း၊ အနောက်ကမာရွတ်၊ ဆင်မလိုက်၊ ရန်ကုန်မြို့။

(၁၀၉) ဘီဝိုင်စီဆပ်ပြာစက်၊
ကျောက်လမ်း၊ ဒေးဝန်ရပ်၊ မန္တလေးမြို့။

(၁၁၀) ရတနာပုံဆပ်ပြာစက်၊
တရုတ်တန်းလမ်း၊ မန္တလေးမြို့။
(၁၁၁) ဘီအိုင်စီဆပ်ပြာစက်၊
မြို့ဟောင်းဘူတာအနောက်၊ မန္တလေးမြို့။

(ဃ) **သတ္တုပစ္စည်း လုပ်ငန်းများ** ၊

(၁၁၂) အေအိပ်(ချ်) အချား အင်ကုမ္ပဏီ၊
ရုံး/၅၉၊ ၂၈ လမ်း၊ ရန်ကုန်မြို့။
စက်ရုံ-၈၉/၉၇၊ မန္တလေးလမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့။
(၁၁၃) မြန်မာပြည် သတ္တုနှင့် ကုန်သွယ်ရေး လီမိတက်၊
၂၀၊ ရန်ကုန်-အင်းစိန်လမ်း၊ သမိုင်း၊ ရန်ကုန်မြို့။
(၁၁၄) ဘားမားအိန္ဒမဲ(လ်) အင်အလိုက် အင်ဒတ်ဘြီး လီမိတက်၊
ဘူတာရုံလမ်း၊ အုတ်ကျင်း၊ ရန်ကုန်မြို့။
(၁၁၅) ရွှေသိန်း ကြွေရည်သုတ် ပန်းကန်စက် လီမိတက်၊
လင့်(ခ်)လမ်း၊ သမိုင်း၊ ရန်ကုန်မြို့။
(၁၁၆) မြန်မာသံကြွေရည်သုတ် ပစ္စည်းထုတ်လုပ်ရေး လီမိတက်၊
ဘူတာရုံလမ်း၊ အုတ်ကျင်း၊ ရန်ကုန်မြို့။
(၁၁၇) ဧတ္တရာ ဒန် သတ္တုနှင့် သံပစ္စည်း လုပ်ငန်းဌာန၊
၁၃/၁၅၊ မင်္ဂလာဒုံလမ်း၊ ရွာမ၊ အင်းစိန်မြို့။
(၁၁၈) ထင်ပေါ်ကုမ္ပဏီ၊
ဘူတာဒုံလမ်း၊ အုတ်ကျင်း၊ ရန်ကုန်မြို့။
(၁၁၉) ဗမာ့စက်မှုနှင့် ကုန်သွယ်ရေး ကုမ္ပဏီ၊
၉၀၊ ရန်ကုန်-အင်းစိန်လမ်း၊ သမိုင်း၊ ရန်ကုန်မြို့။
(၁၂၀) ဗမာ့ခေတ် စက်မှုလက်မှု လုပ်ငန်း၊
စူဠာမဏိလမ်း၊ အောင်ဆန်းမြို့၊ အင်းစိန်။
(၁၂၁) နယူးဘားမား နိုပ်ကြေးသီးနှင့် တွယ်ချိတ် စက်ရုံ၊
မယ်ဇီကုန်းလမ်းနှင့် ၆၀ လမ်းထောင့်၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၁၂၂) ပြည်ထောင်စု ဒန်သတ္တုလုပ်ငန်း၊
၅၉၊ ဟုမ်းလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

(၁၂၃) ဦးကျော်ရှိန် ကုမ္ပဏီ၊
၃၅၄၊ ပြည်လမ်း၊ ရန်ကုန်မြို့။

(၁၂၄) အီးဗိုင် အချေး ဘရားသား၊
ဘူတာရုံလမ်း၊ အုတ်ကျင်း၊ ရန်ကုန်မြို့။

(၁၂၅) ယူနိုက်တက် သံဖြူပုံး ထုတ်လုပ်ရေးနှင့် သံပြားရောင်စုံဆေးရိုက်လုပ်ငန်း၊
အမှတ် ၁၆၊ လင့်(ခ်)လမ်း၊ သမိုင်း၊ ရန်ကုန်မြို့။

(၁၂၆) ဗမာပြည် ဆောက်လုပ်ရေးနှင့် စက်မှုကုမ္ပဏီ၊
၁၃၅၊ ပြည်လမ်း၊ ၈ မိုင်၊ ရန်ကုန်မြို့။ (ခဲပိုက်လုပ်ငန်း)။

(၁၂၇) ဗမာ့လက်ရာ ဒန်သတ္တု လုပ်ငန်း၊
ဘူတာရုံလမ်း၊ အုတ်ကျင်း၊ ရန်ကုန်မြို့။

(c) စက်မှု ပစ္စည်း ထုလုပ်ငန်းများ

(၁၂၈) ဗိုလ်အုန်းသီး ဘရားသား၊
အမှတ် ၄၄/၄၈၊ ဝေဇယန္တာလမ်း၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

(၁၂၉) ကြက်တံဆိပ် အင်းစိန် ဒယ်အိုးစက်၊
အင်းစိန်-မင်္ဂလာဒုံလမ်း၊ စဉ့်၄၊ အင်းစိန်မြို့။

(၁၃၀) မောင်ဆိုင်နှင့် ညီများ၊
၇၆၊ ပြည်လမ်း၊ ကမ္ဘာအေးစာတိုက်၊ ၈ မိုင်၊ ရန်ကုန်မြို့။

(၁၃၁) ကလယ်အင်ဂဒို(စ်) (၁၉၄၉) လီမိတက်၊
၃၄၆၊ ပြည်လမ်း၊ ရန်ကုန်မြို့။

(၁၃၂) ရွှေငုံရယ် စတီးအင်ဒတ်စထြီး ကုမ္ပဏီ၊
၁၆၊ ဂဖုံးလမ်း၊ သဃ်ိန်းကျွန်း၊ ရန်ကုန်မြို့။

(၁၃၃) အေရှင်ဘားမား ကော်မာရှယ် စက်မှုလက်မှု၊
၎း/၆၁၇၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့။
စက်ရုံ/၁၉၇၊ အော်မာ(စ်)တန်လမ်း၊ သဃ်ိန်းကျွန်း၊ ရန်ကုန်မြို့။

(၁၃၄) ဂျေဂျော်နီနှင့်သားများ သံရည်ကျိုး အလုပ်ရုံ၊
၁၊ ဘူတာရုံလမ်း၊ အုတ်ကျင်း၊ သမိုင်း၊ ရန်ကုန်မြို့။

(၁၃၅) ဟိုတိတ်ဒယ်အိုးစက်၊
၁၂၄၊ ၅၈ လမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၁၃၆) ပြည်ထောင်စု သံပုံသွင်း စက်ရုံ၊
၅၊ ပဏ္ဍိဘလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(စ) **ကြွေထည် မြေထည်လုပ်ငန်းများနှင့် သင်္ဘောကျင်းလုပ်ငန်း**

(၁၃၇) ဘုံဘေဘားမား ထရိတ်ဒင်း ကော်ပိုရေးရှင်း လီမိတက်၊
(The Bombay Burma Trading Corporation Ltd.)

(က) ရုံး/၁၀၄၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့။

(ခ) မီးခံ ဘိလပ်မြေပြားစက်ရုံ၊
၇ (၂၁)၊ ကမ်းနားလမ်း၊ အလုံ၊ ရန်ကုန်မြို့။

(ဂ) အင်္ဂတေပစ္စည်းစက်ရုံ၊
အင်းစိန်၊ ရွာမ။

(ဃ) ဒလသင်္ဘောကျင်း။

(၁၃၈) အင်းစိန် မီးခံအုတ်နှင့် မြေထည် လုပ်ငန်း၊
စော်ဘွားကြီးကုန်း၊ အင်းစိန်။

(ဆ) **အထွေထွေ စက်မှုလက်မှုလုပ်ငန်းများ**

(၁၃၉) ဘရှီးဘရားသား အင်ကုမ္ပဏီ လီမိတက်၊
၁၀၀၊ ရန်ကုန်-အင်းစိန်လမ်း၊ သမိုင်း၊ ရန်ကုန်မြို့။

(၁၄၀) ယူနိုက်တက် ဘားမား ရော်ဘာ အင်ဒတ်စတြီး၊
ရုံး/၆၄၀၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။
စက်ရုံ/၃၊ ကရိလမ်း၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။

(၁၄၁) ဗမာ့ရော်ဘာလုပ်ငန်း၊
၂၃ ဘီ၊ လွှတ်လပ်ရေးလမ်း၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။

(၁၄၂) မီဇမ်းကုမ္ပဏီ၊
ရုံး/၂၄၁-၄၃၊ လမ်း ၃၀၊ ရန်ကုန်မြို့။
စက်ရုံ/၁၉၆၊ အင်းစိန်၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၁၄၃) ဒဂုံ ဖိနပ် စက်မှုလက်မှု လီမိတက်၊
၄၂/၄၃၊ အင်းစိန်-မင်္ဂလာဒုံလမ်း၊ အင်းစိန် (ရွာမ)။

(၁၄၄) ယွန်ိုက်တက် ကရုံး သားရေကုမ္ပဏီ၊
၁၁၀၊ ၅၈ လမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၁၄၅) ဟွာချူးကုမ္ပဏီ၊
ရုံး/၃၀၊ ဌေတောင်တန်း၊ ရန်ကုန်မြို့။
စက်ရုံ/ဓမ္မသုခကျောင်းလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၁၄၆) မြို့မ ရော်ဘာ ထုတ်လုပ်ရေးကုမ္ပဏီ၊
ရုံး/၁၀၇၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။
စက်ရုံ/၁၁၆၊ သမိုင်းဘူတာရုံလမ်း၊ သမိုင်း၊ ရန်ကုန်မြို့။

(၁၄၇) ပိုင်းလေဘင် ကုမ္ပဏီ (မြန်မာပြည်)၊ ၁၉၅၉ လီမိတက်၊
၉-ခ၊ ဂျမားအဲဗေးနယူး၊ ဗဟန်း၊ ရန်ကုန်မြို့။

(၁၄၈) မြန်မာ ကရုံး သားရေ ကုမ္ပဏီ လီမိတက်၊
ရုံး/၃၀၇/ ၃၁၁၊ မောင်ထော်လေးလမ်း၊ ရန်ကုန်မြို့။
စက်ရုံ/ ၃၊ ရန်ကုန်-အင်းစိန်လမ်း၊ သမိုင်း၊ ရန်ကုန်မြို့။

(၁၄၉) စင်တန်ဘီ သားရေနယ် လုပ်ငန်း၊
ဟာဒွင်လမ်း၊ သမိုင်းဘူတာရုံလမ်း၊ ရန်ကုန်မြို့။

(၁၅၀) အဆွေတော် ရော်ဘာလုပ်ငန်း၊
၁၉၇၊ ဟောဆွေလမ်း၊ အုတ်ကျင်း၊ ရန်ကုန်မြို့။

(၁၅၁) ဒဂုံကြက်ပေါင်စေး စက်မှုလက်မှု လီမိတက်၊
၁၄၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့။

(၁၅၂) ကမ်းရိုးတန်း ကုန်သည်များ စုပေါင်း ဆောင်းဝယ်ရေး ကုမ္ပဏီ လီမိတက်၊
၂၀၊ သေနတ်ပစ်ကွင်းလမ်း၊ အနောက်အုတ်ကျင်း၊ ရန်ကုန်မြို့။

(၁၅၃) နေရှင်နယ် ရော်ဘာ အလုပ်ရုံ၊
၃၁၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။

(၁၅၄) ပြည်ထောင်စု ရော်ဘာစက်၊
၂၈၆၊ နတ်စင်၊ ပြွန်လမ်း၊ သဃ်ိန်းကျွန်း၊ ရန်ကုန်မြို့။

(၁၅၅) မြန်မာပြည် ရော်ဘာနှင့် အထွေထွေ စက်မှုလက်မှု လီမိတက်၊
၂၀၇၊ ရွှေဟင်္သာလမ်း၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့။

(၁၅၆) ဦးမောင်ကိုနှင့် ညီမျာ (မန္တလေး)၊ နေရှင်နယ် ကရုံးသားရေလုပ်ငန်း၊
၄၁ လမ်း၊ မန္တလေးမြို့။

(၁၅၇) အက်(စ်)မဒါး ရွှေသမင် ကရုံးသားရေစက်ရုံ၊
၄၁ လမ်း၊ မန္တလေးမြို့။

(၁၅၈) ဦးလှရှင် သရဖူ တံဆိပ် ကရုံးသားရေ လုပ်ငန်း၊
၄၁ လမ်း၊ ဒေးဝန်အရှေ့၊ မန္တလေးမြို့။

(၁၅၉) ပန်းခြံသားရေနယ်ရုံ၊
၄၁ လမ်း၊ သံလျက်မော်ရပ်၊ မန္တလေးမြို့။

(၁၆၀) ဘားမားထရိတ်ဖယ်ဒရေးရှင်း လီမိတက်၊
၅၇၃၊ ပြည်လမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၁၆၁) အီးစီမဒါး ထီးစက်ရုံ၊
၁၁၃၊ ရန်ကုန်-အင်းစိန်လမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၁၆၂) ကြည်စိန် အင်ကုမ္ပဏီ၊
၂၁/၂၂၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

(၁၆၃) အက်(စ်)ဟွီးအင်ကုမ္ပဏီ (ဇစ်ပြားနှင့် ဆံညှပ်လုပ်ငန်း)
၁၃၀-အေ၊ ကင်းဘဲလမ်း၊ ရန်ကုန်မြို့။

(၁၆၄) ဦးကျော်ဝိုန် ကုမ္ပဏီ (ကြက်တောင်လုပ်ငန်း)၊
၃၅၄၊ ပြည်လမ်း၊ ရန်ကုန်မြို့။

(၁၆၅) ဦးမြနှင့် သားများ လီမိတက်၊
၆ မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

(၁၆၆) ကိုကိုလေး ဘရားသား၊
ရုံး/၄၈၈၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့။
စက်ရုံ/၂၁၅၊ ဘောင်ဒရီလမ်း၊ ရန်ကုန်မြို့။

(၁၆၇) အမ်အိပ်(ချို) ဘဂျတ်နှင့် သားများ၊
အမှတ် ၁၇၉/၁၈၅၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

(၁၆၈) သိန်းရီအင်ကမ္ပကီ၊
၁၂၅၊ အနော်ရထာလမ်း၊ ရန်ကုန်မြို့။

၂။ သတ်မှတ်သည့် ရက်မှစ၍ ပြည်ထောင်စု မြန်မာနိုင်ငံ အဘွင်းခို အပိုင်း ၁၊ အပိုဒ် ၁ တွင် ဖော်ပြပါ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများကို ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရအား လွှဲပြောင်းပေးရမည်၊ သို့မဟုတ် လက်ဝယ် ရောက်ရှိစေရမည်။

အစိုးရအား လွှဲပြောင်းပေးခြင်း။

၃။ ဖော်ပြပါစက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများနှင့် သက်ဆိုင်သော ရပိုင်ခွင့် အားလုံးကို ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ၏ လက်ဝယ်သို့ ရောက်ရှိစေရမည်။ ဆိုလိုသည်မှာ လုပ်ငန်းနှင့် သက်ဆိုင်သည်—

အပိုင်ပစ္စည်းများ

(က) မြေများ၊
(ခ) အဆောက်အအုံများ၊
(ဂ) စက်ကိရိယာများနှင့် အခြားစက်ပစ္စည်းများ၊
(ဃ) ယာဉ်များ၊
(င) ကုန်ပစ္စည်းများနှင့် ပရိဘောဂများ၊
(စ) ငွေ၊ ငွေ့၊ ကျောက်သံပတ္တမြားနှင့် အခြားရတနာများ၊
(ဆ) ကုန်ကြမ်းများနှင့် ထုတ်လုပ်ဆဲ၊ ထုတ်လုပ်ပြီး ကုန်ပစ္စည်းများ၊
(ဇ) အလုပ်သမားများအားပေးရန် လျာထားသောရန်ပုံငွေများအားလုံး၊
(ဈ) ရရန်ရှိသည့် အကြွေးများနှင့် အခွင့်အရေးများ အပါအဝင် ရှေ့ပြောင်းနိုင်သည့် သို့မဟုတ် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်း အားလုံးပါဝင်သည့် ရပိုင်ခွင့်အားလုံး သည်

ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ လက်ဝယ်သို့ ရောက်ရှိစေရမည်။

၄။ ဖော်ပြပါ လုပ်ငန်းများက ပေးရန်ရှိသော ကြွေးမြီများကို ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရက လုံးဝ တာဝန်မယူ။
ကြွေးမြီ တာဝန်များ။

၅။ ယင်းလုပ်ငန်းများအား မှတ်ပုံတင်ခြင်းကို ဖော်ပြပါ နေ့ရက်မှစ၍ ဖျက်သိမ်းလိုက်သည်။

အပိုင်း ၂

ပြည်သူပိုင်ပြုလုပ်လိုက်သော စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွားရေး စနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အမ်နှင်းသည့် ဥပဒေ ပုဒ်မ ၁၇ အရ၊ သီးခြား အမိန့်ကြော်ညာစာ ထုတ်ပြန်၍ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ခွဲဝေ လွှဲအပ်ပေးနိုင်သည်။

အမိန့်အရ၊

ပုံ ×××××××××

ဗိုလ်မှူးကြီးမောင်မောင်ခ

အတွင်းဝန်၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး **အစိုးရ၊**

စက်မှုလက်မှုဌာန။

နောက်ဆက်တွဲ ၂

မြန်မာနိုင်ငံ အထူး အမိန့်ပြန်တမ်း

(THE BURMA GAZETTE EXTRAORDINARY)

ရန်ကုန်မြို့၊ ၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်(၁၉၇၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ

စက်မှုလက်မှုဝန်ကြီးဌာန

ရန်ကုန်မြို့၊ ၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

(၁၉၇၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်)

အမိန့်ကြော်ငြာစာ အမှတ် ၁/၇၂

အပိုင်း ၁

၁။ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွားရေး စနစ် တည်ဆောက်မှု အတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)အရ၊ အပ်နှင်းထား သော လုပ်ပိုင်ခွင့် များကို အသုံးပြု၍ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရသည် အောက်၌ ဖော်ပြထားသည့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများကို ၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

ပြည်သူပိုင် ပြုလုပ်ခြင်းနှင့် စတင် အာဏာတည်သည့် နေ့ရက်

(၁၉၇၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်) နေ့မှ စ၍ ပြည်သူပိုင် ပြုလုပ်လိုက်ကြောင်း ကြေညာလိုက်သည်။

(က) **အထည်အလိပ်လုပ်ငန်းများ**

(၁) ဂနီ ပိုးထည်စက်၊
မဒါးလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၂) မာဆ ဓောင်စက်၊
အမှတ် ၇၄၊ သဃ်ိန်းကျွန်းလမ်း၊ တာမွေ၊ ရန်ကုန်မြို့။

(၃) ဦးကျင်အောင် ရက်ကန်းရုံ၊
အမှတ် ၂၀၊ နတ်စင်လမ်း၊ ဘောက်ထော်၊ ရန်ကုန်မြို့။

(၄) မြန်မာ့ စက်မှုလက်မှု ပါတနာရှစ် စက်ရုံ၊
အမှတ် ၃၅၊ မြန်နွာဉယျာဉ်လမ်း၊ ကံတဲ့၊ ကျောက်ကုန်း၊ ရန်ကုန်မြို့။

(၅) သမိုင်းကြိုးစက်ရုံ၊
အမှတ် ၂၅၇၊ အင်းစိန်လမ်း၊ ရန်ကုန်မြို့။

(၆) အိပ်(ခ)၊ အေ၊ အစေ့ ကြိုးစက်ရုံ၊
အမှတ် ၂၉၃၊ အင်းစိန်လမ်း၊ ရန်ကုန်မြို့။

(၇) ဟာကင်ဆပ် ကြိုးစက်ရုံ၊
အမှတ် ၂၅၉၊ အင်းစိန်လမ်း၊ ရန်ကုန်မြို့။

(ခ) **စားကုန် သောက်ကုန် လုပ်ငန်းများ**

(၁) ဦးစစ်ကိုင်းနှင့် သားများ ဘီစကွတ် စက်ရုံ၊
လေးထောင့်ကန်လမ်း၊ သဃ်ိန်းကျွန်း၊ ရန်ကုန်မြို့။

(၂) ဦးပု ဘီစကွတ် စက်ရုံ၊
အမှတ် ၅၊ ယာဇ်လမ်း၊ ၇ မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

(၃) ကမာရွတ် ရေခဲစက်၊
အမှတ် ၅၊ ရွာမကျောင်းလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၄) သန်းဝင်း ရေခဲစက်၊
အမှတ် ၁၇၉/၁၈၁၊ အလုံ၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့။

(၅) မြသုခ ရေခဲစက်၊
၂၄/၂၆၊ မြင်းပြိုင်ကွင်းတောင်လမ်း၊ တာမွေ၊ ရန်ကုန်မြို့။

(၆) ယူနိုက်တက် ဘီလပ်ရည်စက်၊
၂၉၈၊ ကျုံးကြီးလမ်း၊ ရန်ကုန်မြို့ ။

(၇) မီးပြ ရေခဲနှင့် ဘီလပ်ရည်စက်၊
အမှတ် ၁၆၀၊ တောင်ဗိုလ်ချုပ်လမ်းမတော်၊ မော်လမြိုင်မြို့။

(၈) နယူးဘားမား ရေခဲနှင့် ဘီလပ်ရည်စက်၊
အမှတ် ၇၁၊ အထက်လမ်းမကြီး၊ မော်လမြိုင်မြို့။

(၉) စိန် ရေခဲစက်၊
အမှတ် ၁၇၅၊ အောက်လမ်းမကြီး၊ မော်လမြိုင်မြို့။

(၁၀) အသစ် ရေခဲစက်၊
အမှတ် ၃၀၃၊ စစ်ကဲကုန်းရပ်၊ အောက်လမ်းမကြီး၊ မော်လမြိုင်မြို့။

(၁၁) ထားဝယ် ရေခဲစက်၊
ဇရစ်ရပ်၊ ဗိုလ်ချုပ်လမ်း၊ ထားဝယ်မြို့။

(၁၂) လုပ်သား သတ္တုစက်ရုံနှင့် ရေခဲစက်၊
ကြက်စာပြင်ရပ်၊ ထားဝယ်မြို့။

(၁၃) မြိတ်ကြက်ပေါင်စေး လုပ်ငန်းနှင့် ရေခဲစက်၊
ကံဖျားရပ်၊ မြိတ်မြို့။

(၁၄) နယူးအိုက်(စ်) ရေခဲစက်၊
ဆိတ်ငယ်ရပ်၊ မြိတ်မြို့။

(၁၅) ရွှေငါး ရေခဲစက်၊
နောက်လယ်ရပ်၊ မြိတ်မြို့။

(၁၆) မြသန်းနှင်းသားမျှား ရေခဲစက်၊
မြစ်ငယ်ရပ်၊ မြိတ်မြို့။

(၁၇) ဘုရားကိုင် ရေခဲစက်၊
ဘုရားကိုင်လမ်း၊ မြောင်ငယ်ရပ်၊ မြိတ်မြို့။

(၁၈) ဦးဟန် ရေခဲစက်၊
ပလုံးတုံးတုံး ကျေးရွာ၊ ကော့သောင်ခရိုင်။

(၁၉) တိုးတက်ရေး ရေခဲစက်၊
ပလုံးတုံးတုံး ကျေးရွာ၊ ကော့သောင်ခရိုင်။

(၂၀) မြက်တို ရေခဲစက်၊
ဖာမှတ် ၃၀၊ ကမ်းနားလမ်း၊ ပုသိမ်မြို့။

(၂၁) ပုသိမ် ရေခဲစက်၊
အမှတ် ၃၈၊ ပလီလမ်း၊ ပုသိမ်မြို့။

(၂၂) ဖီးနစ်အရက်ချက် စက်ရုံ၊
မုပွန်ရုံ၊ မော်လမြိုင်မြို့။

(၂၃) ရွှေမြသာ ဘီစကွတ် စက်ရုံ၊
အမှတ် ၇၂၊ သာစံန်းကျွန်းလမ်း၊ တာမွေလေး၊ ရန်ကုန်မြို့။

(၂၄) စံကီး ခေါက်ဆွဲခြောက် လုပ်ငန်း၊
တံတားဖြူ၊ ကန်လမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၂၅) ရန်ကုန် စက်မှုလက်မှု လုပ်ငန်း၊
၁၆၉၊ အင်းစိန်လမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(ဂ) စားကုန် သောက်ကုန် လုပ်ငန်းများ

(၂၆) စိန်ဘီ စက်မှုလက်မှု မာဂရိုနီ လုပ်ငန်း၊
အမှတ် ၂၊ ဆူနီယံအောက်လမ်း၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။

(၂၇) စိန်ဘီ စက်မှုလက်မှုလက်ဖက်ခြောက် လုပ်ငန်း၊
အမှတ် ၂၊ ဆူနီယံအောက်လမ်း၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။

(၂၈) ဘောဘီ ဘီစကွတ် စက်ရုံ၊
ဘူတာရုံလမ်း၊ အုတ်ကျင်း၊ သမိုင်း၊ ရန်ကုန်မြို့။

(၂၉) နယူးဘားမား ဘီစကွတ် စက်ရုံ၊
ဘူတာခွဲလမ်း၊ ဆုတ်ကျင်း၊ သမိုင်း၊ ရန်ကုန်မြို့။

(၃၀) လီဂျင်း ဘီစကွတ် စက်ရုံ၊
ဓမ္မသုခကျောင်းလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၃၁) ရေခဲတောင် ဘိလပ်ဂျည်စက်၊
ဂဂ လမ်း၊ ကွမ်းခြံရပ်၊ မန္တလေးမြို့။

(၃၂) ထိပ်တန်း ဘီစကွတ် စက်ရုံ၊
၁၅၆၊ လေးတောင့်ကန့်လမ်း၊ ဘောက်ထော်၊ သဃ်နှုန်းကျန်း၊ ရန်ကုန်မြို့။

(၃၃) အီဝမ်း ဘီစကွတ် စက်ရုံ၊
အမှတ် ၅၊ ဗျိုင်းရေအိုးစင်လမ်း၊ ဟာမေ့၊ ရန်ကုန်မြို့။

(၃၄) ဂွမ်ဘီ လက်ဖက်ခြောက် လုပ်ငန်း၊
ရန်ကုန်-အင်းစိန်လမ်း၊ ရန်ကုန်မြို့။

(၃၅) အောင် ရေခဲစက်၊
၅၊ စက်မှုလက်မှုရပ်ကွက်၊ ပဒုမ္မာလမ်း၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

(၃၆) ဝင်းသုခ ရေခဲစက်၊
(၂၁) ရပ်ကွက်၊ အဝေယျာလမ်း၊ သဃ်နှုန်းကျန်း၊ ရန်ကုန်မြို့။

(၃၇) ဒေါ်ကျင်အေး ရေခဲစက်၊
အာဇာနည်လမ်း၊ ညောင်လေးပင်မြို့။

(၃၈) အောင်မင်္ဂလာ ရေခဲစက်၊
မန္တလေးလမ်း၊ညောင်လေးပင်မြို့။

(၃၉) ကြီးကြပ်ညှိနှိုင်းရေး ကော်မတီ၊
ရန်အောင်မင်း ရေခဲစက်၊ ကျောက်တိုင်ကန့်ရပ်၊ ပဲခူးမြို့။

(၄၀) ကြီးကြပ်ညှိနှိုင်းရေး ကော်မတီ၊
ကေဘုမတီ ရေခဲစက်၊ အုတ်ကျွတ်တန်း၊ တောင်ငူမြို့။

(၄၁) ကြီးကြပ်ညှိနှိုင်းရေး ကော်မတီ၊
ဘားမေးနီယား ရေခဲစက်၊ စစ်ကဲလမ်း၊ ပြည်မြို့။

(၄၂) ကြီးကြပ်ညှိနှိုင်းရေး ကော်မတီ၊
ယူနီဗာဆယ် ရေခဲစက်၊
သံတချောင်းလမ်း၊ ပြည်မြို့။

(၄၃) ကြီးကြပ်ညှိနှိုင်းရေး ကော်မတီ၊
ဓနသဟာရ ရေခဲစက်၊
၁၆၊ ကျော်ဇေယျ ရပ်ကွက်၊ မြင်းခြံမြို့။

(၄၄) ကြီးကြပ်ညှိနှိုင်းရေး ကော်မတီ
ရွှေခြံ ရေခဲစက်၊ (၁၅) ရပ်ကွက်၊ မိတ္ထီလာလမ်း၊ မြင်းခြံမြို့။

(၄၅) ကြီးကြပ်ညှိနှိုင်းရေး ကော်မတီ၊
မြန်မာပြည် အလယ်ပိုင်း ရေခဲစက်၊
တောင်တန်းကုန်း ကျေးရွာအနီး၊ ရန်ကုန်-မန္တလေးလမ်း၊ မိတ္ထီလာမြို့။

(ဃ) **ဓာတုဗေဒ လုပ်ငန်းများ**

(၁) ဘန်လီဆပ်ပြာစက်၊
အမှတ် ၁၆၊ ဓမ္မသုခလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၂) ခင်မြိုင် ဆပ်ပြာစက်၊
အမှတ် ၂၀-ဘီ၊ ပြွန်လမ်း၊ သဆန်းကျွန်း၊ ရန်ကုန်မြို့။

(၃) ကျန်ဟင်း ဆပ်ပြာစက်၊
အမှတ် ၁၁၅၊ လွတ်လပ်ရေးလမ်း၊ သဆန်းကျွန်း၊ ရန်ကုန်မြို့။

(၄) တိုင်ချမ်း ဆပ်ပြာစက်၊
အမှတ် ၂၇၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကုက္ကိုင်း၊ ရန်ကုန်မြို့။

(၅) တိုင်လီ ဆပ်ပြာစက်၊
အမှတ် ၁၂၄၊ ၅၈ လမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၆) တင်ဟုန်း ဆပ်ပြာစက်၊
အမှတ် ၆၆၊ အင်းစိန်လမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၇) ဘာမင်းနီးယား ဆပ်ပြာစက်၊
အမှတ် ၂၀၊ လေးထောင့်ကန်လမ်း၊ သဃ်ိန်းကျွန်း၊ ရန်ကုန်မြို့။

(၈) စိန်ဟွာ ဆပ်ပြာစက်၊
အမှတ် ၂၁၊ ပတ်ကလိန်းလမ်း၊ ကုက္ကိုင်း၊ ရန်ကုန်မြို့။

(ဃ) သတ္ထုပစ္စည်းလုပ်ငန်းများ

(၁) အထွေထွေ စက်မှုလက်မှု လုပ်ငန်းဌာန၊
အမှတ် ၄၊ (၈) ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

(၂) ဦးသိန်း ဒန်သတ္တု အလုပ်ရုံ၊
အမှတ် ၃၂၉၊ အထက် ပုဇွန်တောင်လမ်း၊ ရန်ကုန်မြို့။

(၃) ဦးစံဝင်း ဒန်အိုးစက်၊
အမှတ် ၁၆၂၊ ပဒုမ္မာလမ်း၊ စက်မှုလက်မှု ရပ်ကွက်၊ မြောက်ဥက္ကလာပ၊
ရန်ကုန်မြို့။

(င) စက်မှု ပစ္စည်း လုပ်ငန်း

(၁) ခေတ်လိုက် စက်မှုကုမ္ပဏီ၊
အမှတ် ၄၅၉/၄၆၈၊ အောက်ပုဇွန်တောင်လမ်း၊ ရန်ကုန်မြို့။

(စ) အထွေထွေ စက်မှုလက်မှု လုပ်ငန်းများ

(၁) နေပြည်တော် ကရုံးသားရေလုပ်ငန်း၊
၄၁ လမ်း၊ မန္တလေးမြို့။

(၂) ဗန္ဓုလ သားရေနယ် လုပ်ငန်း၊
၃၄၊ လှည်းစုရပ်၊ ပုသိမ်မြို့။

(၃) မြန်မာပြည် ရော်ဘာနှင့် အထွေထွေ ဆောင်းဝယ်ရေး ကုမ္ပဏီ လီမိတက်၊
ရွှေဟင်္သာလမ်း၊ ၆၁၂ မိုင်၊ ရန်ကုန်မြို့။

(၄) အောင်သပြေ ပလတ်စတစ် လုပ်ငန်း၊
၁၂၊ မဒါးလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

(၅) အထွေထွေ ဓာတ်သတ္တုလုပ်ငန်း၊
အီဒင်လမ်း၊ ရန်ကုန်မြို့။

၂။ သတ်မှတ်သည့် ရက်မှစ၍ ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်းရှိ ဤအမိန့်ကြော်ငြာစာ အပိုင်း ၁၊ အပိုဒ်(၁)တွင် ဖော်ပြပါ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများကို၊ ပြည်ထောင်စု မြန်မာ နိုင်ငံ အစိုးရအား လွှဲပြောင်းပေးရမည်၊ သို့မဟုတ် လက်ဝယ် ရောက်ရှိ စေရမည်။

အစိုးရအား လွှဲပြောင်းပေးခြင်း။

၃။ ဖော်ပြပါစက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများနှင့် သက်ဆိုင်သော ရပိုင်ခွင့် အားလုံးကို ပြည်ထောင်စု မြန်မာ နိုင်ငံ အစိုးရ၏ လက်ဝယ်သို့ ရောက်ရှိ စေရမည်၊ ဆိုလိုသည်မှာ လုပ်ငန်းနှင့် သက်ဆိုင်သည့်

အပိုင်ပစ္စည်းများ

(က) မြေများ
(ခ) အဆောက်အအုံများ
(ဂ) စက်ကိရိယာများနှင့် အာရုံစက်ပစ္စည်းများ၊
(ဃ) ယာဉ်များ၊
(င) ကုန်ပစ္စည်းများနှင့် ပရိဘောဂများ၊
(စ) ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားနှင့် အခြားရတနာများ၊
(ဆ) ကုန်ကြမ်းများနှင့် ထုတ်လုပ်ဆဲ၊ ထုတ်လုပ်ပြီး ကုန်ပစ္စည်းများ၊
(ဇ) အလုပ်သမားများအား ပေးရန် လျာထားသော ရန်ပုံငွေများ အားလုံး၊
(စျ) ရရန်ရှိသည့် အကြွေးများနှင့် အခွင့်အရေးများ အပါအဝင် ရွှေပြောင်းနိုင်သည့် သို့မဟုတ် မရွှေပြောင်းနိုင်သည့် ပစ္စည်းအားလုံး ပါဝင်သည့် ရပိုင်ခွင့် အားလုံး သည်

ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ လက်ဝယ်သို့ ရောက်ရှိစေရမည်။

၄။ ဖော်ပြပါ လုပ်ငန်းများက ပေးရန်ရှိသော ကြွေးမြီများကို ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရက လုံးဝ တာဝန်မယူ။

ကြွေးမြီတာဝန်များ

၅။ ယင်းလုပ်ငန်းများအား မှတ်ပုံတင်ခြင်းကို ဖော်ပြပါ နေ့ရက်မှစ၍ ဖျက်သိမ်းလိုက်သည်။

အပိုင်း ၂

ပြည်သူပိုင်ပြုလုပ်လိုက်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းမျှားနှင့်စပ်လျဉ်း၍ ၁၉၆၅ ခုနှစ် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်မျှား အပ်နှင်းသည့် ဥပဒေ ပုဒ်မ ၁၇ အရ၊ သီးခြား အမိန့်ကြော်ငြာစာထုတ်ပြန်၍ တာဝန်နှင့် လုပ်ပိုင်ခွင့်မျှားကို ခွဲဝေ လွှဲအပ်ပေးနိုင်သည်။

အမိန့်အရ၊

ပုံ ×××××××××

ဗိုလ်မှူးကြီးမောင်မောင်ဝ

ဒုတိယဝန်ကြီး၊ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ စက်မှုလက်မှု ဝန်ကြီးဌာန

ကျမ်းကိုးစာရင်း

အစိုးရမှတ်တမ်းမှတ်ရာများ

ကုန်ထုပ်စက္ကူစက်-ကံဘဲ့၊ သမိုင်းအကျဉ်းချုပ်၊ စက္ကူနှင့် ဓာတုပေဒ လုပ်ငန်း ကော်ပိုရေးရှင်း၊ ရန်ကုန်၊ ၁၉၈၇

ကြွေထည် မြေထည် လုပ်ငန်းကော်ပိုရေးရှင်း စက်မှု လုပ်ငန်းသမိုင်း၊ ရန်ကုန်၊ ဇန်နဝါရီ ၁၉၈၇

ကျောက်ပြားစက်ရုံ စက်မှုလုပ်ငန်း သမိုင်း၊ ကြွေထည် မြေထည် လုပ်ငန်း ကော်ပိုရေးရှင်း၊ ရန်ကုန်မြို့ ၁၉၈၆

ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ)

စီးကရက်လုပ်ငန်း ပြည်သူပိုင်ပြုလုပ်ရေး ကော်မတီ၏ ၁၁-၁-၆၄ ရက် နေ့စဉ်ပါ အမိန့် ကြော်ငြာစာ အမှတ် ၁၊ မြန်မာနိုင်ငံ အထူး အမိန့်ပြန်တမ်း ၁၁-၁-၆၄

စီးကရက်လုပ်ငန်း ပြည်သူပိုင်ပြုလုပ်ရေး ကော်မတီ၏ ၂၀-၁၀-၆၃ နေ့စဉ်ပါ အမိန့်ကြော်ငြာစာ အမှတ် ၁၂၇

စက္ကူနှင့် ဓာတုပေဒလုပ်ငန်း ကော်ပိုရေးရှင်း စက်မှုသမိုင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ ရန်ကုန် ၁၉၈၇

စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း၊ စက်ရုံများ အကြောင်းအရာ အကျဉ်းချုပ်နှင့် ကုန်ထုတ်လုပ်မှု စစ်တမ်းများ၊ စာလက ၎င်းချုပ်၊ စီမံကိန်းဌာန၊ ရန်ကုန်မြို့၊ ၁၉၆၃

စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာန/ကော်ပိုရေးရှင်းများ၏ တော်လှန်ရေး ကောင်စီက နိုင်ငံတော်၏ အခြေအနေကို ထိန်းသိမ်းခဲ့ရသည့် အချိန်ပုစ္ဆိ နိုင်ငံတော်အာဏာကို ပြည်သူ့လွှတ်တော်သို့ လွှဲအပ်ပေးသည့် အချိန်အထိ လုပ်ဆောင်ခဲ့သည့် သမိုင်း အကျဉ်းချုပ်

စက်မှုဝန်ကြီးဌာနနှင့် လက်အောက်ရှိ ဦးစီးဌာန/ကော်ပိုရေးရှင်းများ၏ တော်လှန်ရေးကောင်စီက နိုင်ငံတော်၏ အခြေအနေကို ထိန်းသိမ်းခဲ့ရသည့် အချိန်မှစ၍ နိုင်ငံတော် အာဏာကို ပြည်သူ့လွှတ်တော်သို့ လွှဲအပ်ပေးရသည့် အချိန်အထိ လုပ်ဆောင်ခဲ့သည့် သမိုင်း အကျဉ်းချုပ်၊ အတွဲ ၁၊ စက်မှုဝန်ကြီးဌာန၊ ရန်ကုန်မြို့

စက်မှု ဝန်ကြီးဌာနနှင့် လက်အောက်ရှိ ဦးစီးဌာန/ကော်ပိုရေးရှင်းများ၏ တော်လှန်ရေး ကောင်စီက နိုင်ငံတော်၏ အခြေအနေကို ထိန်းသိမ်းခဲ့ရသည့် အချိန်မှစ၍ နိုင်ငံတော် အာဏာကို ပြည်သူ့လွှတ်တော်သို့ လွှဲအပ်ပေးသည့် အချိန်အထိ လုပ်ဆောင်ခဲ့သည့် သမိုင်း အကျဉ်းချုပ်၊ အတွဲ ၂ စက်မှုဝန်ကြီးဌာန၊ ရန်ကုန်မြို့

စက်မှုဝန်ကြီးဌာနနှင့် လက်အောက်ရှိ ဦးစီးဌာန/ကော်ပိုရေးရှင်းများ၏ တော်လှန်ရေးကောင်စီက နိုင်ငံတော်၏ အခြေအနေကို ထိန်းသိမ်းခဲ့ရသည့် အချိန်မှစ၍ နိုင်ငံတော် အာဏာကို ပြည်သူ့လွှတ်တော်သို့ လွှဲအပ်ပေးသည့် အချိန်အထိ လုပ်ဆောင်ခဲ့သည့် သမိုင်း အကျဉ်းချုပ်၊ အတွဲ ၃၊ စက်မှုဝန်ကြီးဌာန၊ ရန်ကုန်မြို့

စက်မှု ဝန်ကြီးဌာနနှင့် လက်အောက်ရှိ ဦးစီးဌာန/ကော်ပိုရေးရှင်းများ၏ တော်လှန်ရေး ကောင်စီက နိုင်ငံတော်၏ အခြေအနေကို ထိန်းသိမ်းခဲ့ရသည့် အချိန်မှစ၍ နိုင်ငံတော် အာဏာကို ပြည်သူ့လွှတ်တော်သို့ လွှဲအပ်ပေးသည့် အချိန်အထိ လုပ်ဆောင်ခဲ့သည့် သမိုင်း အကျဉ်းချုပ်၊ အတွဲ ၄၊ စက်မှုဝန်ကြီးဌာန၊ ရန်ကုန်မြို့

စက်မှု ဝန်ကြီးဌာနနှင့် လက်အောက်ရှိ ဦးစီးဌာန/ကော်ပိုရေးရှင်းများ၏ တော်လှန်ရေး ကောင်စီက နိုင်ငံတော်၏အခြေအနေကို ထိန်းသိမ်းခဲ့ရသည့် အချိန်မှစ၍ နိုင်ငံတော်၏အာဏာကို ပြည်သူ့လွှတ်တော်သို့ လွှဲအပ်ပေးသည့် အချိန်အထိ လုပ်ဆောင်ခဲ့သည့် သမိုင်း အကျဉ်းချုပ်၊ အတွဲ ၅၊ စက်မှု ဝန်ကြီးဌာန၊ရန်ကုန်မြို့

စက်မှု ဝန်ကြီးဌာနနှင့် လက်အောက်ရှိ ဦးစီးဌာန/ကော်ပိုရေးရှင်းများ၏ တော်လှန်ရေး ကောင်စီက နိုင်ငံတော်၏ အခြေအနေကို ထိန်းသိမ်းခဲ့ရသည့် အချိန်မှစ၍ နိုင်ငံတော် အာဏာကို ပြည်သူ့လွှတ်တော်သို့ လွှဲအပ်ပေးသည့် အချိန်အထိ လုပ်ဆောင်ခဲ့သည့် သမိုင်း အကျဉ်းချုပ်၊ အတွဲ ၆၊ စက်မှုဝန်ကြီးဌာန၊ရန်ကုန်မြို့

စက်မှု ဝန်ကြီးဌာနနှင့် လက်အောက်ရှိ ဦးစီးဌာန/ကော်ပိုရေးရှင်းများ၏ တော်လှန်ရေးကောင်စီက နိုင်ငံတော်၏ အခြေအနေကို ထိန်းသိမ်းခဲ့ရသည့် အချိန်မှစ၍ နိုင်ငံတော် အာဏာကို ပြည်သူ့လွှတ်တော်သို့ လွှဲအပ်ပေးသည့် အချိန်အထိ လုပ်ဆောင်ခဲ့သည့် သမိုင်း အကျဉ်းချုပ်၊ အတွဲ ၇၊ စက်မှုဝန်ကြီးဌာန၊ရန်ကုန်မြို့

စက်မှုလက်မှု ဝန်ကြီးဌာန၊ အမိန့် ကြော်ငြာစာ အမှတ် ၁၁၅၊ နေ့စွဲ ၁၆-၁၂-၆၈ မြန်မာနိုင်ငံ အထူးအမိန့်ပြန်တမ်း၊ ၁၆-၁၂-၆၈

စက်မှုလက်မှု ဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာ အမှတ် ၁/၇၂၊ မြန်မာနိုင်ငံ အထူး အမိန့်ပြန်တမ်း၊ ၁-၁-၇၂

စက်မှုသုံးဆီစက်ရုံ စက်မှုလုပ်ငန်းသမိုင်း၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်း ရန်ကုန်၊ ၁၉၈၇

စက် ရေနွေးအိုး အက်ဥပဒေအရ ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်တာ နှစ်ချုပ် အစီရင်ခံစာ၊ ၁၉၆၅-၆၆ ခုနှစ်

ဆေးဝါးကုန်ကြမ်းစက်ရုံ မေ့ဘီ၏ စက်မှုလုပ်ငန်းသမိုင်း၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်း၊ ရန်ကုန်၊ ၁၉၈၇

ဆိုရှယ်လစ်-ဆယ်နှစ်တာခရီး ၁၉၆၂ မှ ၁၉၇၂၊ စက်မှုလက်မှုဌာန၊ရန်ကုန်မြို့၊ ၁၉၇၂

ဒေယျတော် အချက်ပြန်စက်ရုံသစ် တည်ဆောက်ရေးအတွက် စီမံကိန်း ရေးရာသုံးသပ်ချက်များနှင့် စီမံကိန်းအကောင်အထည် ဖော်ရေးနှင့် ပတ်သက်၍ စီမံဆောင်ရွက်ချက်များ စီမံကိန်းဌာနခွဲ၊ စက်မှုစီမံကိန်းကော်ပိုရေးရှင်း၊ အမှတ် (၁) စက်မှု ဝန်ကြီးဌာန၊ ရန်ကုန်

တော်လှန်ရေး ကောင်စီလုပ်ဆောင်ချက် သမိုင်း အကျဉ်းချုပ်၊ ပြည်ဒေသာင်စု မြန်မာနိုင်ငံတော်လှန် ရေးကောင်စီ၊ ရန်ကုန်မြို့၊ ၁၉၇၄

ဒေတ်မြေဩဇာစက်ခွဲ (ကျွန်းချောင်း) သမိုင်း၊ ရေနံဓာတုဗေဒ ပစ္စည်းများ လုပ်ငန်းကော်ပိုရေးရှင်း

ဒေတ်မြေဩဇာစက်ခွဲ (စလေ) သမိုင်း၊ ရေနံဓာတုဗေဒ ပစ္စည်းများလုပ်ငန်း ကော်ပိုရေးရှင်း

နယူးဘားမား ဆောင်းဝယ်ရေး လီမိတက် (ကော်စက်)နှင့် ပတ်သက်သော အစီရင်ခံစာ

နိုင်ငံခြား ချေးငွေများဖြင့် စီစဉ်ထားဆဲ ဖြစ်သော အစိုးရ စက်မှုလက်မှုလုပ်ငန်းရပ်များ၊ ဒေါက်တာ ကျော်ထင် မှတ်စုများ

နိုင်ငံတော်၊ တော်လှန်ရေး ကောင်စီ၏ ဝါဒ သဘောထား ကြေညာချက်

ပခုက္ကူ စီးကရက် စက်ခွဲ တည်ဆောက်ရေးအတွက် စီမံကိန်းရေးရာ သုံးသပ်ချက်များနှင့် စီမံကိန်း အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ စီမံဆောင်ရွက်ချက်များ၊ စီမံကိန်းဌာနခွဲ၊ စက်မှု စီမံကိန်းဦးစီးဌာန၊ ရန်ကုန်မြို့၊ ၁၉၇၀

ပလတ်စတစ် စက်ရုံအမှတ်(၁)မြောက်ဥက္ကလာပ၊ စက်မှုလုပ်ငန်းသမိုင်း၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်း လုပ်ငန်း ကော်ပိုရေးရှင်း၊ ရန်ကုန် ၁၉၈၇

ပလတ်စတစ် စက်ရုံအမှတ်(၂) စက်မှုလုပ်ငန်းသမိုင်း၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကော်ပို ရေးရှင်း၊ ရန်ကုန်၊ ၁၉၈၇

ပန်းကန်စက်ရုံအမှတ်(၁) မော်လမြိုင် စက်မှုလုပ်ငန်းသမိုင်း၊ ကြွေထည် မြေထည်လုပ်ငန်းကော်ပို ရေးရှင်း၊ ရန်ကုန်၊ ၁၉၈၆

ပန်းကန်စက်ရုံအမှတ်(၂) သာယာဝတီ စက်မှုလုပ်ငန်းသမိုင်း၊ ကြွေထည်မြေထည်လုပ်ငန်းကော်ပို ရေးရှင်း၊ ရန်ကုန် ၁၉၈၆

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ၁၉၆၃-၆၄ ခုနှစ်အတွက် တော်လှန်ရေးအစိုးရ၏ ရသုံးမှန်းခြေ ငွေစာရင်းနှင့် ပတ်သက်၍ ပြည်သူသို့ အစီရင်ခံစာ၊ အစိုးရ ပုံနှိပ်ရေးနှင့် စာရေး ကိရိယာဌာနခွဲ၊ ရန်ကုန်မြို့၊ ၁၉၆၃

ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ၁၉၆၄-၆၅ ခုနှစ်အတွက် တော်လှန်ရေး အစိုးရ၏ ရသုံးမှန်းခြေ ငွေစာရင်းနှင့် ပတ်သက်၍ပြည်သူသို့အစီရင်ခံစာ၊ ဗဟိုပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၄

ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ၁၉၆၅-၆၆ ခုနှစ်အတွက် တော်လှန်ရေးအစိုးရ၏ ရသုံးမှန်းခြေ ငွေစာရင်းနှင့် ပတ်သက်၍ ပြည်သူသို့ အစီရင်ခံစာ၊ ဘဏ္ဍာရေးနှင့် အခွန်ဌာန၊ ရန်ကုန်မြို့၊၁၉၆၅။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ၁၉၆၆-၆၇ ခုနှစ်အတွက် တော်လှန်ရေးအစိုးရ၏ ရသုံးမှန်းခြေ ငွေစာရင်းနှင့် ပတ်သက်၍ ပြည်သူသို့အစီရင်ခံစာ၊ ဗဟိုပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၆

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ၁၉၆၇-၆၈ ခုနှစ်အတွက် တော်လှန်ရေးအစိုးရ၏ ရသုံးမှန်းခြေ ငွေစာရင်းနှင့် ပတ်သက်၍ ပြည်သူသို့ အစီရင်ခံစာ၊ စာအုပ် ၁၊ ဗဟိုပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊၁၉၆၇

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ၁၉၆၉-၇၀ ခုနှစ်အတွက်၊ တော်လှန်ရေးအစိုးရ၏ ရသုံးမှန်းခြေ ငွေစာရင်းနှင့် ပတ်သက်၍ပြည်သူသို့အစီရင်ခံစာ၊ ဗဟိုပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၉

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ၁၉၇၀-၇၁ ခုနှစ်အတွက် တော်လှန်ရေးအစိုးရ၏ ရ သုံးမှန်းခြေ ငွေစာရင်းနှင့် ပတ်သက်၍ပြည်သူသို့အစီရင်ခံစာ၊ ဗဟိုပုံနှိပ်တိုက်၊ရန်ကုန်မြို့၊ ၁၉၇၀

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ စက်မှုလက်မှုဌာန၏ သင်တန်းစာ အကျဉ်းချုပ် (၁၉၆၃) (ကုလသမဂ္ဂ စက်မှုလက်မှု လေ့လာရေးမစ်ရှင်)။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၊ တော်လှန်ရေး အစိုးရအဖွဲ့ ဥက္ကဋ္ဌရုံး၏ ၂၀-၁၀-၆၃ နေ့စွဲပါ အမိန့် ကြော်ငြာစာအမှတ် ၁၂၈

ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ သုတေသန လုပ်ငန်းအဖွဲ့၏ လစဉ်တိုးတက်မှုနှင့် နှစ်ချုပ် အစီရင်ခံစာ

ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ သုတေသနလုပ်ငန်းအဖွဲ့ ၁၉၅၅-၇၀ အထိ လုပ်ငန်းများပြန်လည် ဆန်းစစ်ချက်

ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့ သုတေသနလုပ်ငန်းအဖွဲ့ အစီရင်ခံစာ၊ ၁၉၆၅-၆၆ Union of Burma Applied Research Institute Rangoon,. 1966.

ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့ သုတေသနအဖွဲ့ နှစ်ချုပ် အစီရင်ခံစာ၊ ၁၉၆၆-၆၇ Union of Burma Applied Research Institute Rangoon, 1967.

ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့ သုတေသနလုပ်ငန်းအဖွဲ့ အစီရင်ခံစာ၊ ၁၉၆၈-၆၉ Union of Burma Applied Research Institute Rangoon, 1969.

ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့ သုတေသနလုပ်ငန်းအဖွဲ့ အစီရင်ခံစာ၊ ၁၉၆၉-၇၀ Union of Burma Applied Research Institute, Rangoon, 1970.

ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့ သုတေသနလုပ်ငန်းအဖွဲ့ အစီရင်ခံစာ၊ ၁၉၇၀-၇၁ Union of Burma Applied Research Institute, Rangoon, 1971.

ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေနှင့် ပတ်သက်၍ ပြည်သူ့သို့ အစီရင်ခံစာ၊ ၁၉၇၂-၇၃ ခုနှစ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့၊ ၁၉၇၂

ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေး၊ အခြေအနေနှင့်ပတ်သက်၍ ပြည်သူ့သို့ အစီရင်ခံစာ၊ ၁၉၇၃-၇၄ ခုနှစ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ရန်ကုန်မြို့၊ ၁၉၇၃

ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးစစ်တမ်း၊ ၁၉၆၄၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၊ အမျိုးသား စီမံကိန်းဌာန၊ ရန်ကုန်မြို့၊ ၁၉၆၄

ပြည်သူ့ ဘီဗီအိုင်၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်း၊ အထွေထွေ စီမံခန့်ခွဲရေးဌာန

ပြည်သူ့ရေနံလုပ်ငန်း ပြည်သူ့ ရေနံချက်စက်ခွဲ၊ သန်လျင်မြို့

ဖန်ချက်စက်ရုံ (သန်လျင်) စက်မှုလုပ်ငန်းသမိုင်း၊ ကြွေထည်မြေထည်လုပ်ငန်းကော်ပိုရေးရှင်း၊ရန်ကုန် ၁၉၇၆

ဖွဲ့နုဆီစက်ဌာနနှင့် ဆောင်ရွက်နေသော လုပ်ငန်းများ၊ ကုန်သွယ်ရေးဝန်ကြီးဌာန၊ လယ်ယာကိုင်း ကျွန်းနှင့် ဥယျာဉ်ခြံမြေထွက် ကုန်ပစ္စည်းကုန်သွယ်ရေး ကော်ပိုရေးရှင်း၊ ရန်ကုန်၊ ၁၉၇၄

ဖွဲ့နုဆီစက်ဌာန၏ အစီရင်ခံစာ၊ ကုန်သွယ်ရေးဝန်ကြီးဌာန၊ လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေ ထွက်ကုန်ပစ္စည်း ကုန်သွယ်ရေး ကော်ပိုရေးရှင်း၊ ရန်ကုန်၊ ၁၉၇၄

ဗမာ့သဘော်ဆေးစက်ရုံ (သာကေတမြို့) စက်ရုံသမိုင်း အကျဉ်းချုပ်၊ ရန်ကုန်၊ ၁၉၆၇

ဘိလပ်မြေ စက်ရုံအမှတ်(၁) သရက် စက်မှုလုပ်ငန်းသမိုင်း၊ ကြွေထည်မြေထည်လုပ်ငန်းကော်ပိုရေးရှင်း ရန်ကုန်မြို့၊ ၁၉၇၆

ဘိလပ်မြေ စက်ရုံအမှတ်(၂) ကြံခင်း စက်မှုလုပ်ငန်းသမိုင်း၊ ကြွေထည်မြေထည်လုပ်ငန်း ကော်ပို ရေးရှင်း၊ ရန်ကုန်၊ ဇန်နဝါရီလ ၁၉၈၇

ဘီးလင်းသကြားစက်ရုံသမိုင်း အကျဉ်းချုပ်၊ စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်း၊ မိုးရေကာဖျင် စက်ရုံ၏ စက်မှုမှတ်တမ်း

မြန်မာနိုင်ငံ စပါးစိုက်ပျိုးထုတ်လုပ်ရောင်းချမှု၊ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ဗဟိုကော်မတီ ဌာနချုပ်၊ ရန်ကုန်မြို့၊ ၁၉၈၇

မြန်မာနိုင်ငံ၌ နိုင်ငံပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ ဖွဲ့စည်းဆောင်ရွက်မှု အခြေအနေ လေ့လာ တင်ပြချက် စာတမ်း၊ လူအင်အား စီမံရေး၊ စက်မှု စီမံကိန်း ဦးစီးဌာန၊ ရန်ကုန်

မြန်မာ့ ဂုန်လျှော်သမိုင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ ဂုန်လျှော်ပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်း၊ ရန်ကုန်မြို့၊ ၁၉၈၅

မြန်မာ့ စီးပွားရေး (၁၉၆၃-၆၄) ပြန်ကြားရေးဌာန၊ ညွှန်ကြားရေးဝန်ဌာန၊ ရန်ကုန်မြို့၊ ၁၉၆၇

ရန်ကုန် အထည်စက်နှင့် ပတ်သက်သော အစီရင်ခံစာ

လူသုံးကုန် ပစ္စည်းစက်ရုံ (သုဝဏ္ဏ) စက်မှုလုပ်ငန်းသမိုင်း၊ ဆေးဝါးနှင့် အိမ်သုံး ပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်း၊ ရန်ကုန်၊ ၁၉၈၇

သတ္တုပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်း၊ စက်မှုလုပ်ငန်းသမိုင်း၊အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ရန်ကုန်မြို့၊ ၁၉၈၇

အထည်အလိပ် လုပ်ငန်းသမိုင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ အထည်အလိပ် လုပ်ငန်းကော်ပို ရေးရှင်း၊ ရန်ကုန်မြို့၊ ၁၉၈၇

အမိန့်ကြော်ငြာစာ အမှတ် ၁၊ နေ့စွဲ ၁၁-၁-၆၄၊ မြန်မာနိုင်ငံ အထူးအမိန့်ပြန်တမ်း၊ ၁၁-၁-၆၄

အမိန့်ကြော်ငြာစာ အမှတ် ၁၁၆၊ နေ့စွဲ ၁၆-၁၂-၆၈၊ မြန်မာနိုင်ငံ အထူးအမိန့်ပြန်တမ်း၊ ၁၆-၁၂-၆၈

အမိန့်ကြော်ငြာစာအမှတ် ၂/၇၂၊ နေ့စွဲ ၁-၁-၇၂၊ မြန်မာနိုင်ငံ အထူးအမိန့်ပြန်တမ်း၊ ၁-၁-၇၂

အမှတ်(၁) စက္ကူစက် (စစ်တောင်း)သမိုင်းအကျဉ်း၊ စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်း၊ ရန်ကုန်၊ ၁၉၈၇

အမှတ်(၂) စက္ကူစက်-ရေနီ၊ စက္ကူနှင့် ဓာတုဗေဒ လုပ်ငန်း ကော်ပိုရေးရှင်း၊ ရန်ကုန်၊ ၁၉၈၇

အုတ်စက်ခွဲ အမှတ်(၁) ဒညင်းကုန်း စက်မှုလုပ်ငန်းသမိုင်း၊ ကြွေထည်မြေထည်လုပ်ငန်း ကော်ပို ရေးရှင်း၊ ရန်ကုန်မြို့၊ ၁၉၈၆

အုတ်စက်ခံအမှတ် (၂) မှော်ဘီ စက်မှုလုပ်ငန်းသမိုင်း၊ ကြေထည်မြေထည်လုပ်ငန်း ကော်ပိုရေးရှင်း ရန်ကုန်၊ ၁၉၇၆

Economic Survey of Burma, 1961, Supdt. Govt. Printing, Rangoon 1961.

Economic Survey of Burma, 1962, Ministry of National Planning, Rangoon, 1962.

Economic Survey of Burma, 1963, Ministry of National Planning, Rangoon, 1963.

Economic Survey of Burma, 1964. Ministry of National Planning, Rangoon, 1964.

စာအုပ်များ

(ဒေါက်တာ) ကျော်ထင် မှတ်စု (လက်ရေးမူ)

(ဦး) ကျော်မောင်၊ ကိုယ်ရေးဖိုင်တွဲ-၁၀၊ သတ္တုပစ္စည်း လုပ်ငန်းကော်ပိုရေးရှင်း၊ရန်ကုန်မြို့

(ဦး) ကျော်မြင့်၊ မြန်မာနိုင်ငံ သကြားလုပ်ငန်း၊ အမျိုးသား စီမံကိန်းဌာန၊ ရန်ကုန်၊ ၁၉၆၉

မြန်မာ့အလင်း သတင်းစာ၊ ၆-၁၁-၇၀

ပ၊ စ၊ လ/၄၃/စက်မှုစီမံကိန်း/၉၀/၁၁၁ + ၅၀၀ အုပ်/၇။

အမှားပြင်ဆင်ချက်

စာမျက်နှာ	စာကြောင်းရေ	အမှား	အမှန်
၁၉	၂၃	ရက်ပေါင်း ၁၄၀	ရက်ပေါင်း ၂၄၀
၂၀	၁၉၊ ၂၀	အလုပ်သမားပေါင်း ၁၆၀၉	အလုပ်သမားပေါင်း ၁၃၄၈
		ဥာဏ ၂၅၄ ဦး၊ ကာယ ၁၄၅၅ ဦး	ဥာဏ ၃၁၈ ဦး၊ ကာယ ၁၀၃၀ ဦး
၂၂	၂	ကြီတန်ချိန် ၁၅၀၀၀	ကြီတန်ချိန် ၁၅၀၀၀၀
၃၇	၁၇	ကျပ် ၈၉.၆၃ သိန်း	ကျပ် ၆၉၈.၁၀ သိန်း
၄၁.၅၄			စာမျက်နှာ ၄၁ မှ ၅၄ ထိ ပါရှိသော ထုတ်လုပ်မှုတန်ဘိုးများမှာ ရောင်းချမှု တန်ဘိုးများ ဖြစ်သည်။
၄၅	၁၂	၁၉၆၂–၆၃ ခုနှစ် ပထမ ကိုးလ	၁၉၆၃–၆၄ ခုနှစ် ပထမ ကိုးလ
၄၈	၆	ဂါလန်ပေါင်း ၁၅၂၀၇၃	ဂါလန်ပေါင်း ၁၅၂၀၀၇၃
၅၁	၂၃–၂၄	ရေပုံးဒါဇင် ၈၄၇၂၈ နှင့် ၃၀၆၇၇	ရေပုံးဒါဇင် ၃၀၆၇၇ နှင့် ၈၄၇၂၈
	၂၄	ကျပ် ၆.၃၈ သိန်းနှင့် ကျပ် ၀.၈၇ သိန်း	ကျပ် ၀.၈၇ သိန်း နှင့် ကျပ် ၆.၃၈ သိန်း
၅၅	၂	၁၉၆၃–၆၄ ခုနှစ် ပထမ နှစ်ဝက်	၁၉၆၂–၆၃ ခုနှစ် ပထမ နှစ်ဝက်
၆၄	၁၄	၆ ကုဋေကျော်တိုး	၁၀ ကုဋေ ကျော်တိုး
၇၃	၅	ဆေးရည် ၄၄၆၂၇ လီတာ	ဆေးရည် ၅၄၄၆၂၇ လီတာ
၁၀၁	၂၁	ကျပ်ငွေ ၂၁.၁၀ ကုဋေ	ကျပ်ငွေ ၂.၉ ကုဋေ
၁၀၂	၅	၇.၈၄ ကီလိုဝပ်နာရီ	၇၂.၈၄ ကီလိုဝပ် နာရီ
၁၀၅	၆	ကျပ်ငွေထောင်ပေါင်း ၃၉၆၉၃	ကျပ်ငွေထောင်ပေါင်း ၂၇၉၂၈
၁၀၆	၁၅	၃၁၅ စက်	၃၀၅ စက်
	၁၆	လျှော့နည်းသွား၍ ၃၁၁ စက်သာရှိသည်	၃၁၁ စက်ရှိသည်
၁၁၆	၆	ကျွမ်းကျင်သူ ၁၆၄၉	ကျွမ်းကျင်သူ ၁၆၄၉၇
	၂၂	၅၁ ကုဋေဖိုး	၅၁၃ ကုဋေဖိုး
၁၂၃	၉	ကြီတန်ချိန် ၁၀၀၀၀	ကြီတန်ချိန် ၁၀၀၀
၁၂၄	၁၆	ဓာတ်မြေသြဇာ ၂ တန်ကျ	ဓာတ်မြေသြဇာ ၂၀၇ တန်ကျ
၁၃၂	၇	ငွေကျပ် ၇၀၀ သန်း	ငွေကျပ် ၇၀ သန်း
၁၃၃	၂	၁၉၆၈ ခု အောက်တိုဘာ ၃၁ ရက်	၁၉၆၈ အောက်တိုဘာ ၁၆ ရက်
၁၅၂	ဇယား	အင်းစိန် ၁၉–၁–၆၄	အင်းစိန် ၁၉–၁၀–၆၄
၁၇၃	၁၃	၁၉၆၃ ဒီဇင်ဘာ	၁၉၆၄ ဒီဇင်ဘာ
၁၈၂	၁၀	၁၉၆၈–၆၉ ခုနှစ်	၁၉၆၉–၇၀ ခုနှစ်
၁၈၃	၂၄	တန် ၁၇၀၀၀၀	တန် ၁၈၀၀၀၀
၂၂၅	၁၆	၁၉၆၇ ခုနှစ်မှ ၁၉၇၂ ခုနှစ်အတွင်း	၁၉၆၂ မှ ၁၉၇၂ အတွင်း
၂၄၀	ဇယား	၁၉၆၇–၆၈ ကန့်ကူဆန် ၁၅၀၀	၁၉၆၇–၆၈ ခုနှစ် ကန့်ကူဆန် ၁၇၀
	၁၆	၁၉၆၇–၆၈ ဘရိုက်တီးကျောက် ၂၁၀၀	၁၉၆၇–၆၈ ဘရိုက်တီးကျောက် ၉၆၄၄
၂၅၇	ဇယား	၁၉၆၉–၇၀ အခြားရေနံမြေတွင်း–	၁၉၆၉–၇၀ အခြားရေနံတွင်း ၄
	ဇယား	၁၉၆၉–၇၀ စုစုပေါင်းတွင်း ၆၅၀	၁၉၆၉–၇၀ စုစုပေါင်းတွင်း ၆၅၄
	ဇယား	၁၉၇၁–၇၂ စုစုပေါင်းတွင်း ၆၈၂	၁၉၇၁–၇၂ စုစုပေါင်းတွင်း ၅၈၃
	ဇယား	၁၉၇၁-၇၂ စုစုပေါင်းအထွက် ၂၀၃၀၀.၅	၁၉၇၁-၇၂ စုစုပေါင်းအထွက် ၁၉၇၇၅.၅



စက်မှုဝန်

မျိုးတူစုအမှ

စာကြည့်တိုက